ရန်ကုန်မြို့ တက္ကသိုလ်များမှော်ရုံကြီးတွင် ဟောကြားပို့ချတော်မူခဲ့သော

# ဗုဒ္ဓဝါဒ

## အခြေခံသဘောတရားများ


သဲကုန်း အရှင်ဉာဏိဿရ

( သပိတ်အိုင် )

၁၈၄၂၁

သီတဂူ စာစဉ် အမှတ် (၃၀)

သဲကုန်း အရှင် ဉာဏိဿရ
(သပိတ်အိုင်)
၏

# ပဋ္ဌာန
## အခြေခံသဘောတရားများ

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်(၅၄၄/၈၈/၃)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၆၆/၈၉/၂)

၁၈၄၂၁

ပုံနှိပ်ခြင်း
၁၉၈၉၊ မတ်လ (ဒုတိယအကြိမ်)

※

အုပ်ရေ – ၅၀၀၀

※

ပန်းချီ
ကိုမိုးဝင်းလွန်း

※

# REGISTER


※

မျက်နှာဖုံး
ကျား ပုံနှိပ်တိုက်

※

ပုံနှိပ်ထုတ်ဝေ

ဒေါ်သန်းကြည်(၀၁၄၁၇)ကျားပုံနှိပ်တိုက်၊ အမှတ် ၁၉၂၊ ၈၄ လမ်း၊ လက်ဆည်ကန် မန္တလေးမြို့မှ ပုံနှိပ်၍ ဦးခင်မောင်သန်း(၀၁၄၁၀) ကျားစာပေ ထုတ်ဝေရေး အမှတ် ၁၉၂၊ ၈၄ လမ်း၊ လက်ဆည်ကန် မန္တလေးမြို့မှ ထုတ်ဝေသည်။



# သဲကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်)

သဒ္ဓမ္မသီတဂူချောင် ၊ စစ်ကိုင်းတောင်ရိုး

## သဲကုန်းဆရာတော်အရှင်ဥာဏိဿရ (သပိတ်အိုင်) ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

၁။ ၁၂၉၈ခု၊ တပေါင်းလပြည့်နေ့ ပဲခူးတိုင်း၊ ပုတီးကုန်းမြို့တွင် ဖွားမြင်သည်။

၂။ ၁၃၁၈ခု၊ နယုန်လဆန်း ၄ရက်နေ့တွင် ရဟန်းဘောင် တက်ရောက်သည်။

၃။ သဲကုန်းမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့၌ ဗုဒ္ဓစာပေကို လေ့လာသင်ကြားခဲ့သည်။

၄။ ၁၃၂၃ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

၅။ ၁၃၂၄-၂၅-၂၆ ခုနှစ်များ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သံဃတက္ကသိုလ်၌ သာသနာပြုနည်းနှင့် ဘာသန္တရပညာရပ်များကို လေ့လာသင်ကြားခဲ့သည်။

၆။ ၁၃၂၇-၂၈ခုနှစ်များတွင် မြန်မာပြည်အစွန်အဖျား ကျေးလက် တောရွာများသို့ သွားရောက်၍ ပရဟိတလုပ်ငန်း သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၇။ ၁၃၂၉ခုနှစ်မှစ၍ ၁၃၃၃ ခုနှစ် အထိ ငါးနှစ် တိုင်တိုင် စစ်ကိုင်းတောင်ရိုးအနီးစခန်းဆရာတော်ထံတွင် ဗုဒ္ဓစာပေကို ဘာသန္တရပညာရပ်များနှင့်တွဲဖက်၍ သင်ကြားခဲ့သည်။

၈။ ၁၃၃၄-၃၅-၃၆-၃၇ခုနှစ်အထိ ၄နှစ်တိုင်တိုင်မွန်ပြည်နယ် ကျုံ့ကကျေးရွာ၊ "သပိတ်အိုင်တောရ" ကျောင်းတွင် ပဋိပတ္တိလုပ်ငန်းကို လေ့လာကျင့်သုံးခဲ့သည်။

၉။ ၁၃၃၈ခုနှစ်တွင်စစ်ကိုင်းတောင်ရိုး၌ 'သဒ္ဓမ္မသီတဂူချောင်' ကို တည်ထောင်ပြီး မလွန်ဆန်လှူတရားပွဲများမှ စတင်၍ တရားဟောသည်။

၁၀။ ၁၃၄၂ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်သီတဂူရေအလှူတော် စီမံကိန်းကို စတင်ချမှတ် ဆောင်ရွက်သည်။

၁၁။ ၁၃၄၃ခုနှစ်၌ အာရှ(၆)နိုင်ငံသို့သာသနာပြုခရီးထွက်ခဲ့၏။

၁၂။ ၁၃၄၄ခုနှစ်တွင် ကမ္ဘာတစ်ပတ် (၁၂)နိုင်ငံ သာသနာပြု ခရီး ထွက်ခဲ့သည်။

၁၃။ ၁၃၄၇ခုနှစ်တွင် ကမ္ဘာတစ်ပတ် (၁၇)နိုင်ငံ သာသနာပြု ခရီး ထွက်ခဲ့သည်။

၁၄။ ၁၃၄၆ခုနှစ် နတ်တော်လမှစ၍ သီတဂူ သံဃဆေးရုံ စီမံကိန်းကို စတင် အကောင်အထည်ဖော်သည်။

၁၅။ ၁၃၄၇ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင်သီတဂူရေအလှူတော် စီမံကိန်း ပြီးစီးအောင်မြင်သည်။

၁၆။ ၁၃၄၇ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် သီတဂူအာယုဒါန ဆေးရုံစီမံကိန်းကို စတင်ချမှတ်ဆောင်ရွက်သည်။

# မာတိကာ


ပဏာမအပိုင်း

ဘုရားရှိခိုးဖြင့် အခမ်းအနားဖွင့် ၂၁
ဗုဒ္ဓသည် ဝိဘဇ္ဇဝါဒီ ပုဂ္ဂိုလ်ထူး ၂၂
ဗုဒ္ဓရဲ့ဝါဒသည် ဝိဘဇ္ဇဝါဒ ၂၃
(အသောကမင်းကြီး သာသနာသန့်စင်ခဲ့ပုံ)
ဗုဒ္ဓနဲ့တွေ့ဆုံရတဲ့ အောင်မြင်သူ ဥပက ၂၅
ဥပကအမေး ဗုဒ္ဓအဖြေ ၂၆
အမှန်တရား ပြန့်ပွားရေး ဆောင်ရွက်နိုင်ကြပါစေလို့ ၂၀
ဗုဒ္ဓရဲ့အဘိဓမ္မာကို စိတ်ဝင်စားစွာ လေ့လာ
လိုက်စားနေကြတယ် ၂၉
ဘန္တေပြည့်ဝဖို့ရန် စတင်ခြေလှမ်းခြင်းပါ ၃၀

(၁) ကိုးကွယ်ခြင်းနှင့် ဘာသာတရား

ရီလေးဂျင်း (Religion) ဆိုတဲ့ ဘာသာရေး ၃၃
ဗုဒ္ဓဘာသာသည် ရီလေးဂျင်း (Religion) လား ၃၄
စေတီ ဘယ်နှစ်မျိုးရှိပါသလဲ ၃၅
နတ်ကွန်းကြီးတွေကို စေတီဆိုပြီး ကိုးကွယ်ကြတယ် ၃၇
ဗုဒ္ဓမပွင့်ခင်ကတည်းက ရှိနေခဲ့ကြတာ ၃၀
ဘာသာကိုထူထောင်ခဲ့သူများ ၃၉
အစောဆုံး ပေါ်ပေါက်လာတဲ့ဘာသာ ၄၁
ဘာ့ကြောင့် ကိုးကွယ်နေကြသလဲ ၄၃

## မာတိကာ

### (၂) ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်း


စတင်သည့် သက္ကရာဇ် ရှာလို့မတွေ့ ၄၇
စိစစ်၍တင်ပြရခြင်းပါ ၄၈
ဒီလိုပဲတင်ပြပါရစေ ၅၀
ဟိန္ဒူဝါဒ ဖြစ်ပေါ်လာမှု ၅၁
တြိမုနိအာဒိဒေဝတာခေါ်တဲ့ သူတို့ရဲ့ ရတနာသုံးပါး ၅၂
အိန္ဒုမြစ်ဝှမ်းက လူသားတွေရဲ့ ယုံကြည်မှု ၅၃
ဖန်ဆင်းသူ စောင့်ရှောက်သူ အဖျက်သမား ၅၄
စတင်ဖော်ထုတ်ခဲ့သူ ရှာမတွေ့ ၅၅
ကြောက်စိတ်နဲ့ ကိုးကွယ်ကြတယ် ၅၆
အသက်သခင် ကျေးဇူးရှင် ၅၇
ကယ်တင်ပျှင်လို့ သတ်မှတ် ၅၈
ကမ္ဘာဦး ကိုးကွယ်မှုစနစ် ၅၉
အမြတ်တနိုးထားရာက ကိုးကွယ်ရာ ဖြစ်လာတယ် ၆၀
အသိဉာဏ် မဖွံ့ဖြိုးသေးတဲ့ ကမ္ဘာဦး အချိန်က အခြေအနေ ၆၁
ကိုးကွယ်ရာ အမှန်မပေါ်ပေါက်သေးတဲ့ကာလ ၆၂
အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရချိန် ၆၂
ကောင်းကင်က ဘုရားပေးတဲ့ အလင်းရောင်တဲ့ ၆၃
ဘုရားပဲလို့ မှန်းဆရည်ရော် ၆၄
ကိုးကွယ်မှု စတင်လာခဲ့သည်မှာ ၆၅
ကိုးကွယ်မှု မညစ်နွမ်းရလေအောင် ၆၆
ဆရာတော် ဦးသေဋ္ဌိလ အမိန့်ရှိလိုက်တာက ၆၈
ပန်းရံဆရာ ပန်းချီဆရာတို့ရဲ့ လက်ရာ ၆၉
သမိုင်းရေးဆရာတို့က မှတ်တမ်းပြုလိုက်လျှင် ၆၉
ကိုးကွယ်မှုမှားယင် ဘေးဖြစ်တတ်တယ် ၇၀
မြတ်ဗုဒ္ဓရဲ့ သစ္စာတရားဆိုတာ ဘာလဲ ၇၂
ဗုဒ္ဓဆိုတာ ဘယ်လိုပုဂ္ဂိုလ် ဓမ္မဆိုတာ ဘယ်လိုသဘော ၇၄
ဓမ္မက ခေါ်သွားမယ့် ပုဂ္ဂိုလ်အမျိုးအစား ၇၅
တရားကျင့်သူကို တရားကစောင့်နေတယ် ၇၆
ကိုးကွယ်မှု ကွာခြား လေးနက်လာတယ် ၇၈

## မာတိကာ

ဗုဒ္ဓကို ဘာ့ကြောင့် ကိုးကွယ်ရသလဲ ၇၉
(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)
နှုတ်ဆင့်ကမ်းပြီးတော့ ဆောင်ခဲ့ကြတယ် ၈၀
သံဃာတော်တို့ရဲ့ ဂုဏ်ကျေးဇူး ၈၀
(သံဃံ သရဏံ ဂစ္ဆာမိ)
ဒီလိုကိုးကွယ်ကြတာပါ ၈၁
ဗုဒ္ဓကို မကိုးကွယ်လို့ ဗုဒ္ဓက ပြစ်ဒဏ်မခတ် ၈၂

## (၃) ကံ, ဉာဏ်, ဝီရိယ

ကိုးကွယ်မှု သန့်ရှင်းရအောင် ၈၇
စိတ်ကူးနှင့် ကိုးကွယ်လိုက်မိတယ် ၈၈
ဘုရားကို မြင်တဲ့သူဆိုတာ ၈၉
ယုံကြည်မှုဆိုတဲ့ သဒ္ဓါရဲ့လက္ခဏာ ၉၀
ယုံကြည်မှုက ကွဲခြားနေတယ် ၉၂
အစွမ်းထက်တဲ့ ပတ္တမြားသတ္တိ ၉၃
သဒ္ဓါရဲ့ အစွမ်းသတ္တိ ၉၄
ဗုဒ္ဓဘာသာကြောင့် စစ်မက်ရေးရာ ဖြစ်ခဲ့ဖူးလား ၉၅
တစ်စိတ်တစ်ဒေသမြင်ရုံနဲ့ သဘောပေါက် နိုင်တယ် ၉၆
ပြုပြင်ရတဲ့ သင်္ခတပရမတ် ၉၇
ယုံကြည်မှုကိုလဲ ပြုပြင်ကြရမယ် ၉၈
ကိုယ့်အား ကိုယ်ကိုးပါ ၁၀၀
ယုံကြည်ချက်ရှိသူတိုင်း အခက်အခဲကို
ကျော်လွှားနိုင်တယ် ၁၀၁
ယုံကြည်ချက်ရှိလျှင် ရင်ဆိုင်ရဲတယ် ၁၀၂
စိတ်မညစ်ဘူး၊ ယုံကြည်ချက်ခိုင်မာတယ် ၁၀၃
အားကိုးလောက်တဲ့ ဝတ္ထုများ (သဒ္ဓေယျဝတ္ထုသုံးပါး) ၁၀၄
ပြည့်စုံတဲ့ အားကိုးရာ နှစ်မျိုး ၁၀၅
ကွာချင်တိုင်း ကွာသွားပြီ ၁၀၆
ဘုရားမြင်မှ တရားမြင်တယ်လို့ ဗုဒ္ဓမဟော ၁၀၇
ထိုင်ပြီးဆုတောင်းနေရုံနဲ့ ဟိုဘက်ကမ်းမရောက် ၁၀၉

မာတိကာ


ခြေ,လက်နဲ့ လျှော့ပါ ကောင်းဖို့ လိုတယ် ၁၁၀
တက်ရောပွဲပါ ကောင်းဖို့ လိုသေးတယ် ၁၁၁
ခြေထောက်,လက်,လျှော်တက်ဆိုတာတွေက ၁၁၂
ဗုဒ္ဓပြောတဲ့ ဗိုလ်မှူးကြီး ၅ ယောက် ၁၁၃
သီလကို တရားကိုယ်ထောက်တော့ ဘာရ ၁၁၄
လျှော့ကောင်းကောင်း စီးကြပါ ၁၁၆
လူတိုင်း ကိုယ်စီရှိတဲ့ စေဒနာ ၁၁၇
တကယ်ရှိပြီး တကယ်မှန်တဲ့တရား (ပရမတ္ထသစ္စာ) ၁၁၈
တကယ့် အားကိုးရာအစစ် တရားသုံးပါး ၁၁၉
ဗုဒ္ဓဝါဒသည် အတ္တဝါဒလား ၁၂၀
အတ္တကို ဘယ်လိုကိုးကွယ်ရမလဲ ၁၂၂
ပဓာနအကျဆုံးက ဘာလဲ ၁၂၃


## (၄) အဘိဓမ္မာ ဟူသည်


မနေ့က ပြောခဲ့တာ ၁၂၇
နိယာမတွေကို ပြောင်းပြန် မလုပ်ခဲ့တဲ့ မြတ်ဗုဒ္ဓ ၁၂၈
ပွဲပြင်လိုက်ကြတာ ၁၂၉
ထေရဝါဒနဲ့ မဟာယာန ခြားနားမှု ၁၃၀
အသင်လူသား အိပ်မောကျနေသလား ၁၃၁
စေတနာသာ ပဓာနပါ ၁၃၃
စေတနာဆိုတာ ဘာလဲ ၁၃၄
စေတသိက်ဆိုတာက ဘာလဲ ၁၃၅
(၁) စေ့စော်ခြင်းသဘော ၁၃၆
(၂) အားစိုက်ခြင်းသဘော ၁၃၈
(၃) စီမံခန့်ခွဲခြင်းသဘော ၁၃၉
ပြင်ပအကူအညီ တောင်းနေဖို့မလို ၁၄၀
စေတနာကိုပယ်လိုက်ယင် ဘယ်လိုဖြစ်လာမလဲ ၁၄၁
စေတနာသဘောကြီး ဝမ်းဗိုက်မပေါက်စေနှင့် ၁၄၂
ကံဆိုး ကံကောင်း သိဖို့အတွက် ၁၄၄
ပွဲလုပ်သူနှင့် ခံစားသူ ၁၄၅

## မာတိကာ


ရွှေကို မာတ်ခွဲကြည့်တော့ ၁၄၆
အဘိဓမ္မာဆိုတာ ၁၄၈
ပြုလုပ်ပေးမည့်တန်ခိုးရှင် ရှာလို့မရ ၁၄၉
သမ္မာဒဿနဆိုတာ ဘာလဲ ၁၅၀
ဓမ္မနိယာမသဘော ၁၅၂
အမြဲတမ်း မှန်ကန်နေတယ် (ယူနီဗာဆယ်ထရုသ်) ၁၅၃
စောင့်ကြည့်ဖို့ လိုတယ် ၁၅၄
ဘယ်လို လမ်းညွှန်တာလဲ ၁၅၆
လဆုတ် (၃) ရက်ထဲ ရောက်နေတဲ့ သာသနာ ၁၅၇
ဗုဒ္ဓပေးခဲ့တဲ့ ကျင့်စဉ် (၃) ရပ် ၁၅၉

(၅) သစ္စာတရားဖော်

တွန့်တိုမှုသဘော ထင်ရှားတယ် ၁၆၃
မဇ္ဈိမရဲ့ သိုဝှက်တဲ့ သဘောလက္ခဏာ ၁၆၄
ကိုယ်ကျင့်တရားသည် အထွက်အထိပ် မဟုတ် ၁၆၅
ကောင်းခြင်းသုံးဖြာ ပြည့်စုံတဲ့ ဒေသနာ ၁၆၆
သာသနာတော်ရဲ့အစသည် ဘာလဲ ၁၆၇
ကုန်မှာကြောက်တဲ့ မဇ္ဈိမသုမား ၁၆၈
သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ၁၆၉
ဿာနဲ့ မဇ္ဈိမကို ပယ်ကြပါစို့ ၁၇၀
ဒီစာအုပ်က အကျိုးအမြတ်ကို ဓမ္မာရုံမှာယူမယ် ၁၇၂
မဇ္ဈိမရဲ့ သဘောလက္ခဏာ ၁၇၃
မဇ္ဈိမသည် ဒေါသနဲ့ ယှဉ်နေတယ် ၁၇၄
တကယ်ပဲ တကယ်မှန်တဲ့ ပရမတ္ထသစ္စာ ၁၇၅
မသိတာရယ် မသိချင်တာရယ်တာ အခက် ၁၇၆
ဿာနဲ့ မဇ္ဈိမ ဖြစ်ပေါ်လာပုံ ၁၇၈
သစ္စာနယ်က မလွတ်ပါ ၁၇၉
သစ္စာနယ်ထဲ ငင်ရောက်ပုံ ၁၈၀
သစ္စာလေးပါး ဖြစ်လာတယ် ၁၈၂

ပရမတ္ထသစ္စာနဲ့ အရိယသစ္စာ ၁၀၃
မုဒိတာနှင့် မေတ္တာ မပွားနိုင်ယင် ၁၀၅
လူထဲကလူဖြစ်တဲ့ လူနည်းစုများ ၁၀၆
ပရမတ္ထသစ္စာနဲ့ အရိယသစ္စာဆိုတာ ၁၀၇
တမ္ဘာမှာ အုပ်စုကြီးနှစ်စုရှိတယ် ၁၀၈
တစ်ခုတည်းသော လမ်းစဉ် ၁၉၀
စိတ်ရဲ့အညစ်အကြေးတွေ ဖြူစင်သန့်ရှင်းသွားဖို့ ၁၉၁
တစ်ဖက်စွန်းမရောက်တဲ့ ဗုဒ္ဓဝါဒ ၁၉၃
အရိယသစ္စာဆိုတာ ဘာလဲ ၁၉၄

## (၆) ဗုဒ္ဓလမ်းစဉ်

ဗုဒ္ဓလမ်းစဉ်ဆိုတာ ဘာလဲ ၁၉၉
သစ်ပင်ဘယ်ကပေါက် ၂၀၀
သစ်ပင်ကို ဘယ်သူ ဖန်ဆင်းလိုက်သလဲ ၂၀၁
အကြောင်းမှန်နားလည်၍ အကျိုးလက်ခံယင် ၂၀၂
ရှာကြည့်ကြစမ်းပါ ၂၀၃
ဖန်ဆင်းရှင်ကို ဘယ်မှာရှာမလဲ ၂၀၄
လှုပ်ရှားမှုရဲ့ အခြေခံက ဘာလဲ ၂၀၆
လူသားတို့ရဲ့ မှီခိုတွယ်တာရာ ၂၀၇
ခန္ဓာသစ်ပင်ကြီးမှ အကိုင်းကြီးခြောက်ကိုင်း ၂၀၈
အဝိဇ္ဇာ တဏှာ စေတနာ ၂၀၉
ခန္ဓာပျက်သွားယင် နောက်ခန္ဓာ ဘယ်လိုပြန်ဖြစ်ပါသလဲတဲ့ ၂၁၀
စေတနာသည် အဝိဇ္ဇာနဲ့ ပေါင်းမိတဲ့အခါ ၂၁၁
ဘဝသစ်ကူးသွားတယ်တဲ့ ၂၁၃
အဝိဇ္ဇာ တဏှာ စေတနာတို့ရဲ့ အရှိန်အဟုန်ကို
မြင်တတ်အောင်ကြည့် ၂၁၄
မြင်တွေ့နိုင်တဲ့ လမ်းစဉ် ၂၁၅
တည်ဆောက်တာနဲ့ ထိန်းသိမ်းတာ ၂၁၅
ထိန်းသိမ်းစောင့်ရှောက်တဲ့ တန်ခိုးရှင် ဘယ်မှာရှာရမလဲ ၂၁၆
လောကကို ဘယ်သူဖျက်ဆီးနေတယ် ၂၁၇

မာတိကာ


အယူအဆနဲ့ အကြံအစည် မှန်ကန်နေယင် ၂၁၉
ဆင်းရဲဒုက္ခကို ပယ်ရှားနိုင်တဲ့ ဗုဒ္ဓဘာသာသနာ ၂၂၀
သတိဆိုတဲ့ အထိန်းလိုတယ် ၂၂၁
သမာဓိဖြစ်ဖို့ရန် ပထမဆင့် ၂၂၂
ဒုတိယအဆင့် အလယ်ကျင့်စဉ် ၂၂၃
ကောင်းကင်မှာ ခြေရာမထင်သလို ၂၂၅
သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပအစ ၂၂၆
အဆင့်မြင့်လမ်းစဉ်ကြီး (၃)ရပ် ၂၂၇
ဗုဒ္ဓ ဘာသာသည် ဖီလိုဆိုဖီ (Philosophy) လား ၂၂၈
ဓမ္မဆိုတာဘာလဲ ၂၂၉
မြတ်ဗုဒ္ဓ၏ ဓမ္မတို့သည် ဘဝရဲ့လမ်းညွှန် ၂၃၁
ပုံပြင်လေးတစ်ခုပြောမယ် ၂၃၂
မစားရသူတွေက မကျေနပ် ၂၃၃
ရစရာမရှိတော့ဖြန့်တယ် ရတော့ ဆုပ်ထားတယ် ၂၃၄
နေရာတကာကြိုက်တာ တဏှာ ၂၃၆
သိပ်မနိုက်နဲ့ မုဆိုးချောင်းနေတယ် ၂၃၇
မျောက်ပြေးပုံ တွေးသာကြည့် ၂၃၈
သမုဒယနဲ့ ဒုက္ခသစ္စာကို မြင်ယင် ၂၄၀


(၇) ချမ်းသာအစစ်


ဗုဒ္ဓဝါဒအရ ကိုးကွယ်မှု ၂၄၅
သရဏဂုံ ပျက်စီးခြင်း အကြောင်းရင်း ၂၄၆
နပိုလီယံတို့အကြောင်းတော့ သိထားကြတယ် ၂၄၇
ဗုဒ္ဓသည် ဖီလိုဆိုဖီသမားလား ၂၄၉
ဗုဒ္ဓသည် အတွေးအခေါ် သမားလား ၂၅၀
ယုံကြည်ချက် အားနည်းလာယင် ၂၅၁
အခက်အခဲကို ကျော်လွှားနိုင်ရန် အရေးကြီးတဲ့အချက် ၂၅၂
ဗုဒ္ဓဝါဒသည် လက်မြှောက်အရှုံးပေးသူတို့ ကျင့်သုံးတဲ့ ဝါဒလား ၂၅၄
သံဃာများက ဆက်သွယ်ရေးကိုယ်စားလှယ်တွေလား ၂၅၅

## မာတိကာ


ဗုဒ္ဓဝါဒသည် ဇိမ်ခံတဲ့ ဝါဒလား
ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲတဲ့ ဝါဒလား ၂၅၆
ဥပမာလေးတွေနဲ့ စဉ်းစားကြည့်ရအောင် ၂၅၇
အမှန်တရားကို မပြောနိုင်ကြဘူး ၂၅၈
ရုပ်နဲ့နာမ် ဘယ်သူက ဦးဆောင်သလဲ ၂၅၉
အကျင့် (စရဏ)နဲ့ အသိဉာဏ် (ဝိဇ္ဇာ)
အပေါ်မှာ ယုံကြည်မှု (သဒ္ဓါ) ကို အခြေခံပါ ၂၆၀
အဏ္ဏဝါခရီး သင်္ဘောစီးသွားတယ် ၂၆၁
အဏ္ဏဝါဗေဒမတတ်တဲ့ သင်္ဘောကပ္ပတိန် ၂၆၃
စာတွေ့သမား၊ လက်တွေ့သမား ၂၆၄
အန္တရာယ်ပြွမ်းတဲ့ ခရီးကြမ်း အဆုံးမှာ ၂၆၅
ရေကူးပညာမတတ်တဲ့ ပရော်ဖက်ဆာကြီး ၂၆၆
အရေးကြီးဆုံးက ဘာလဲ ၂၆၇
အားကိုးရာ အပြည့်အစုံ အလုံအလောက်ရဖို့ ဘာလိုလဲ ၂၆၉
ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုက ချမ်းသာတယ် ၂၇၀
ဗုဒ္ဓနဲ့ စတင်တွေ့ဆုံရတဲ့ အနာထပိဏ် ၂၇၁
ချမ်းသာစွာ အိပ်စက်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ ၂၇၂
မိုးကြိုးပစ်တာ မကြားလိုက်ဘူး ၂၇၄
လောကထဲကလောကနဲ့ တခြားဖြစ်နေတဲ့ ပုဂ္ဂိုလ် ၂၇၅
လှည်းငါးရာဖြတ်သွားတာ မသိတဲ့ ဗုဒ္ဓ ၂၇၆
မြတ်ဗုဒ္ဓသိနေတာက ဘာလဲ ၂၇၇
အနာမန်းပျောက်တဲ့ ဆရာကြီး ၂၇၈
ပြင်တော့ ပျက်ကရော ၂၇၉
နိဗ္ဗာန်ကို ဘာကြောင့် မမြင်ရတာလဲ ၂၈၀
ငြိမ်းချမ်းမှု အပြည့်အဝရှိတဲ့ ဗုဒ္ဓလမ်းစဉ် ၂၈၁
အချိုတောင့်လေးတစ်တောင့် ရမလားလို့ ၂၈၂
အဝိဇ္ဇာနဲ့တဏှာ အကြောင်းရင်းကြောင့် ၂၈၃
ဗုဒ္ဓရဲ့ သီတာရေစင် ၂၈၅
ကူးမြောက်နိုင်ကြပါစေလို့ ၂၈၇
ကြိုးစားကြပါ ၂၈၈
ပြုပြင်မွမ်းမံကြပါ ၂၈၉

# ''စာဖတ်သူများသို့''

တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး၏ ပင့်လျှောက်ထားချက်အရ သဲကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်) သည် တက္ကသိုလ်များ မွေ့ရုံကြီးတွင် ဆရာ, ဆရာမများ၊ ကျောင်းသူ, ကျောင်းသားများ၊ အမှုထမ်းများကို အဓိကထား၍ ၂၀-၆-၀၄ နေ့မှ ၄-၇-၀၄ နေ့အထိ(၇) ရက်တိုင်တိုင် အောက်ပါ အစီအစဉ်အတိုင်း သင်တန်းသဘောဖြင့် ဟောပြောခဲ့ပါသည်။

(၁) ကိုးကွယ်ခြင်းနှင့် ဘာသာတရား၊
(၂) ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်း၊
(၃) ကံ, ဉာဏ်နှင့် ဝီရိယ၊
(၄) အဘိဓမ္မာဟူသည်၊
(၅) သစ္စာတရား၊
(၆) ဗုဒ္ဓလမ်းစဉ်၊
(၇) ချမ်းသာအစစ်၊

တို့ဖြစ်ပါသည်။

ထို ဟောပြောချက်များကို စုပေါင်း၍ ''ဗုဒ္ဓဝါဒ အခြေခံ သဘောတရားများ'' ဟူသော အမည်ဖြင့် စာအုပ်ထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်တွင် လေ့လာ ဖတ်ရှုသူတို့ လိုရာလိုရာ ကြည့်ရှုလွယ်ကူစေရန် ဟောပြောချက်များ အတိုင်း ပုဒ်မ အပိုင်းနှင့် တကွ အပိုင်းရှစ်ပိုင်း ခွဲခြား ဖော်ပြထားပါသည်။ ထို့ပြင် မှတ်တမ်းတင် ဓာတ်ပုံများကိုလည်း ထည့်သွင်း ပေးထားပါသည်။

ဤစာအုပ်သည် ဆရာ, ဆရာမများ၊ ကျောင်းသူ, ကျောင်းသားများ၊ ဘာသာရေး လေ့လာလိုက်စားသူများ၊ လူကြီး, လူရွယ်, လူငယ် မရွေး မလွတ်တန်း ဆောင်ထားသင့်, ဖတ်သင့်, လေ့လာသင့်သောစာအုပ်ဖြစ်ပါသည်ဟုသာ ညွှန်းလိုပါသည်။

# စာဖတ်သူများသို့

ဝိပဿနာ အလုပ်ပေးသဘောကို ဦးတည်ချက် မထားဘဲ တွေးခေါ်မျှော်မြင်ရေး ကိုယ်ပိုင်ဉာဏ်ဖြင့် ရှုမြင် ဆင်ခြင်တတ်ရေးကို အဓိက အလေးပေးထားသဖြင့် ဘာသာရေး အမြင်မရှင်းသူများ သံသယဖြင့် ချီတုံချတုံ စဉ်းစား နေကြသူများ ခေတ်ရေစီးကြောင်းတွင် မျောပါနေကြသော လူငယ်, လူရွယ်များအတွက် ထောက်တည်ရာ မှီရာတစ်ခု ဖြစ်မည်ဟု ယုံကြည်မိပါသည်။

အနာဂတ် သာသနာ့ဒါယကာ တာဝန်ကို ယူဆောင် ကြရမည့် ယနေ့ခေတ် လူငယ် လူရွယ်များနှင့် ဘာသာရေး အားနည်းနေကြသူများအား သွေးသစ်အားသစ် လောင်းလိုက်ခြင်း ဖြစ်သည်ဟုလည်း ယူဆမိပါသည်။

ဤစာအုပ် မထွက်ခင် ကတည်းကကိုက စာဖြင့်တစ်မျိုး၊ လူကိုယ်တိုင်ဖြင့် တစ်ဖုံ မေးမြန်း တောင်းဆိုနေကြသဖြင့် မိမိမှာ အခြား အခြားသော စာအုပ်စာမူများအတွက် လုံးပန်းနေသည့်ကြားမှ ကြိုးစား၍ အားသွန်ကာ ဆောင်ရွက်လိုက်ရပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာ၌ အမှားအယွင်း ချွတ်ယွင်းမှုများ ရှိခဲ့ပါသော် သည်းခံခွင့်လွှတ် စေချင်ပါသည်။

ဤစာအုပ်သည် သံကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်)၏ သီတဂူ စာအုပ်အမှတ်စဉ် (၃၀) ဖြစ်ပါသည်။ ထုတ်ဝေခဲ့ပြီးသော စာအုပ်များ၏ အကျိုးအမြတ် အားလုံးကို သံကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်) သည် အောက်ပါအတိုင်း လှူဒါန်းခဲ့ပါသည်။ အချို့ကို လှူဒါန်းရန် စီစဉ်နေဆဲ ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ အနှစ်ကိုးပါး | ရန်ကုန် မင်္ဂလာဒုံတပ်မတော် နာလန်ထ စခန်း | ၁၀၀၀၀ိ |
| ၂။ အာနာပါနသတိ ပဋ္ဌာန် | ရန်ကုန် မျက်မမြင်ကျောင်း | ၁၀၀၀၀ိ |
| ၃။ အဘိဏှ ပစ္စဝေက္ခိ တဗ္ဗသုတ္တန် | သံကုန်း သံဃဆေးရုံ | ၁၅၀၀၀ိ |
| ၄။ ဝေဒနာနုပဿနာ | ထောက်ကြံ့ အနာကြီးရောဂါ ဆေးရုံ | ၁၀၀၀၀ိ |
| ၅။ သက္ကပဥှသုတ္တန် | ရန်ကုန် ဆွံ့အ, နားမကြားကျောင်း | ၁၀၀၀၀ိ |

# စာဖတ်သူများသို့

၆။ ဖေဏပိဏ္ဍုပမာသုတ္တန် မန္တလေး မလွန်ဆန်လှ။ အသင်းကြီး — ၂၀၀၀ဝိ

၇။ ခာတုဝိဘင်္ဂနသုတ္တန် ရန်ကုန် မဟာဝိဇယစေတီ — ၁၅၀၀ဝိ

၈။ ဒါရုက္ခန္ဓော ပမာသုတ္တန် စစ်ကိုင်း မြန်အောင်ချောင်
(ဒုတိယအကြိမ်ထုတ်) ရေစကြ် — ၁၀၀၀ဝိ
(တတိယအကြိမ်ထုတ်) သီတဂူ သံဃဆေးရုံ — (လက်ကျန်ကုန်ပြီးဖြစ်သည်)

၉။ ဝိဇယသုတ္တန် သီတဂူ ရေစိမ်ကိန်း — ၁၀၀၀ဝိ

၁၀။ စူဠဝေဒလ္လသုတ္တန် ။ — ၁၀၀၀ဝိ

၁၁။ မေတ္တာသုတ္တန် ။ — ၁၀၀၀ဝိ

၁၂။ ဗောဇ္ဈင်္ဂသုတ္တန် ။ — ၅၃၀ဝိ

၁၃။ နိယာမငါးပါးနှင့် အနတ္တဒေသနာ ။ — ၁၀၀၀ဝိ

၁၄။ သိင်္ဂါလသုတ္တန် ။ — ၁၀၀၀ဝိ

၁၅။ ဘဝတန်ခိုး ။ — ၁၀၀၀ဝိ

၁၆။ တိရိယပဗ္ဗတထေရအပါဒါန် ။ — ၅၀၀ဝိ

၁၇။ သာသနာကွယ်ကြောင်း တရားအပေါင်း ။ — ၅၀၀ဝိ

၁၈။ သခ်ာ အသခ်တသုတ္တန် ။ — ၄၀၀ဝိ

၁၉။ အပ္ပမာဒ ။ — ၃၀၀ဝိ

၂၀။ ဗုဒ္ဓါဘိသေက မင်္ဂလာ ။ — ၁၀၀၀ဝိ

၂၁။ ဗုဒ္ဓဘာသာ၏ အနှစ်သာရ ။ — ၅၀၀ဝိ

၂၂။ သစ္စာတရားတော် သီတဂူ သံဃဆေးရုံ — ၆၀၀ဝိ

၂၃။ သာသနာပြု တရားတော် ။ — (လက်ကျန်ကုန်ပြီးဖြစ်သည်)

၂၄။ နိဗ္ဗာ ကောင်းမှု ။ — ၁၅၀၀ဝိ

၂၅။ သံဝေဇနီယသုတ္တန် စစ်ကိုင်းတောင် သယမ္ဘူစေအာ တည်ဆောက်ရေး — ၁၅၀၀ဝိ

၂၆။ သရဏဂုံ တရားတော် သီတဂူ သံဃဆေးရုံ — (လက်ကျန်ကုန်ပြီးဖြစ်သည်)

၂၇။ ဗဟုပုတ္တိကာသောဏထေရ် အမျိုးသမီးများကာကွယ်
စောင့်ရှောက်ရေးအဖွဲ့၊ ဝက်ဘာလမ်း၊
ဗဟန်းရန်ကုန်မြို့။ — (လက်ကျန်ကုန်ပြီးဖြစ်သည်)

၂၈။ ညီတော်အာနန္ဒာ မသန်မစွမ်း အထူးကုဆေးရုံ၊
သမိုင်း ရန်ကုန်မြို့။ — (လက်ကျန်ကုန်ပြီးဖြစ်သည်)

## စာဖတ်သူများသို့

စုစုပေါင်း နှစ်သိန်းကျော် (၂၃၉၀၀၂)မျှ လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက် လှူဒါန်းမည့် အစီအစဉ်များ ချမှတ်ထားပြီး ဖြစ်ပါသည်။

ဤ "ဗုဒ္ဓဝါဒ အခြေခံ သဘောတရားများ" စာအုပ်ကိုလည်း တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးမှ စိုက်ထုတ်ရိုက်နှိပ်ပြီး ဖြစ်ပေါ်လာမည့် အကျိုးအမြတ်များကို ထိုတက္ကသိုလ်များ ဓမ္မာရုံ ပြန်လည် ပြင်ဆင်မွမ်းမံရေးအတွက် လှူဒါန်းမည် ဖြစ်ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေး အတွက် အားပေးတိုက်တွန်း တောင်းဆိုကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်များနှင့်တကွ အထူးသဖြင့် –

၁။ ကျေးဇူးတင် စကား၊ ဝမ်းမြောက် စကား ရေးသား ပေးပို့ကြသော -

(က) ဒေါက်တာ ကျော်စိန် (ပါမောက္ခချုပ်) ရန်ကုန် တက္ကသိုလ်အား လည်းကောင်း၊

(ခ) ဒေါ်စိန်စိန် (မော်ကွန်းထိန်း) ရန်ကုန် တက္ကသိုလ် အား လည်းကောင်း၊

(ဂ) ဦးကျော်မြသိန်း (ဥက္ကဋ္ဌ) တက္ကသိုလ် များ ဗုဒ္ဓဘာသာအသင်းအား လည်းကောင်း၊

စာအုပ် ဖြစ်မြောက်ရေး တွင်လည်း အားတက်သရော ကူညီဆောင်ရွက်ပေးကြသော–

(ဃ) ဦးစိုးညွန့် ဒု–ဥက္ကဋ္ဌ၊ တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းအား လည်းကောင်း၊

(င) ဒေါက်တာ မင်းတင်မွန်၊ အတွင်းရေးမှူး၊ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းအား လည်းကောင်း၊

၂။ လက်ရေးစာမူကို လက်နှိပ်စက်ရိုက်ပေးသော–

(က) မောင်စိုးဝင်း (ဘီအက်စ်စီ)၊ သဒ္ဓမ္မ သီတဂူချောင်၊ စစ်ကိုင်းတောင်ရိုးအား လည်းကောင်း၊

၃။ စာမူပြုလုပ်ရာတွင် ပါဝင်ကူညီသော ကိုကျော်ဇော B.A(W.P.D) အား လည်းကောင်း၊

# စာဖတ်သူများသို့

၄။ တရားတိတ်ခွေများပေးပို့ပြီး သီတဂူစာအုပ်ကိစ္စများ ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ဖြင့် ပို့ဆောင် ကူညီကြသော ဦးကျော်ခင်မြင့် (BSc,H.G.P.,R.L)+ဒေါ်ခင်ခင်စိန်နှင့် သားများ အမှတ် ၁၃၄၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့အား လည်းကောင်း၊

သံကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်) ကိုယ်စား ကျေးဇူး ဥပကာရ အထူးတင်ရှိပါကြောင်း။

အရှင်သစ္စာဝံသ(ဓမ္မာစရိယ)၊ ဘီအက်စ်စီ
မိုးညှင်းစံကျောင်း
အရှေ့ပိန္နဲကုန်းတိုက်၊ မန္တလေးလမ်း
ကန်တော်ကလေး၊ ရန်ကုန်မြို့။
၂၅-၁-၈၅

## သီတဂူ မေတ္တာ


၁။ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊
ချမ်းသာကြပါစေ။

၂။ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊
ရွှင်ပြုံးကြပါစေ။

၃။ မေတ္တာရေချမ်း၊ ဆွတ်ကာဖျန်း၊
ငြိမ်းချမ်းကြပါစေ။

၄။ မေတ္တာမဥ္ဇူ၊ မွှေးပျံ့ကြူ၊
ကြည်ဖြူကြပါလေ။

၅။ ခပ်သိမ်းသောလူ၊ တရားယူ၊
သီတဂူသို့ အေးပါစေ။



# တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၏
# တရားနှိုးဆော်သံ

**ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား**

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး ဗုဒ္ဓမြေပြန့်ပွားရေး ဆပ်ကော်မတီ၏ တောင်းပန် လျှောက်ထားချက်အရ—

သံကုန်းဆရာတော် အရှင်ဉာဏိဿရသည် ဗုဒ္ဓဘာသာတရားတော်မှ အခြေခံသဘောတရားများကိုအောက်ဖော်ပြပါအစီအစဉ်အတိုင်း ဟောပြောဆုံးမမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓဝါဒအခြေခံသင်တန်း

| နေ့ | အကြောင်းအရာ | အချိန်နာရီ |
|---|---|---|
| ၂၇-၆-၇၄ | ကိုးကွယ်ခြင်းနှင့်ဘာသာတရား | ညနေ ၃း၃၀ မှ ၅း၃၀ ထိ |
| ၂၉-၆-၇၄ | ဗုဒ္ဓဝါဒကိုးကွယ်ခြင်း | ။ ။ |
| ၃၀-၆-၇၄ | ကံ၊ ဉာဏ်နှင့် ဝီရိယ | ညနေ ၃း၀၀ မှ ၄း၀၀ ထိ |
| ၁-၇-၇၄ | အဘိဓမ္မာဟူသည် | ။ ။ |
| ၂-၇-၇၄ | သစ္စာတရား | ညနေ ၄း၃၀ မှ ၅း၃၀ ထိ |
| ၃-၇-၇၄ | ဗုဒ္ဓလမ်းစဉ် | ။ ။ |
| ၄-၇-၇၄ | ချမ်းသာအစစ် | ။ ။ |

ဗုဒ္ဓမြေပြန့်ပွားရေးကော်မတီ

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၊ ရန်ကုန်။


## တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး နာယကအဖွဲ့ဝင်
## ဒေါက်တာ ကျော်စိန် ၏

# ဥယျောဇဉ်

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၏ တောင်းပန်လျှောက်ထားချက်အရ သဲကုန်းဆရာတော်သည် အလှူဘာကာတွင် အမြတ်ဆုံး ဖြစ်သောတရားအလှူကို တက္ကသိုလ်များဓမ္မာရုံကြီးတွင်ပြုလုပ်ခဲ့ပါသည်။ ဆရာတော်၏ ဗုဒ္ဓဝါဒ အခြေခံသင်တန်း ပို့ချချက်တို့မှာ လွန်စွာ အဖိုးတန်လှသဖြင့် လေထဲတွင် ပျောက်ကွယ်မသွားသင့်ပဲ စာအုပ်စာတန်းအဖြစ် ကျန်ရှိခဲ့သော် ကောင်းလေစွဟု အများကပင် မျှော်လင့်တောင့်တကြပါသည်။

ယခုအခါတွင် ယင်းတောင်းတချက်သည် အကောင်အထည်ပေါ်လာပေပြီ။ ဆရာတော် ဟောစဉ်က နာကြားရန် အခွင့်မသာခဲ့သူ မွေမိတ်ဆွေတို့အဖို့သည်း ဟောကြားချက်များကို ဖတ်ရှုရန် အခွင့်သာခဲ့ပေပြီ၊ ဘာသာတရားအကြောင်း၊ ကိုးကွယ်ခြင်းအကြောင်း၊ ကံ,ဉာဏ်,ဝီရိယအကြောင်း၊ အဘိဓမ္မာအကြောင်း၊ သစ္စာတရားအကြောင်း၊ ဗုဒ္ဓလမ်းစဉ်အကြောင်း၊ ချမ်းသာရာသုခ အစစ်တို့အကြောင်းကို စုပေါင်းတင်ပြထားသော ဤကျမ်းစာသည် တစ်ခါဖတ်ရှုရန်မဟုတ်၊ အထပ်ထပ်အခါခါ ဖတ်ရှုရန် ဖြစ်ပါသည်။ ဖတ်ပြီး ပစ်ထားရမည့် စာအုပ်မဟုတ်။ ဖတ်ပြီး တွေးတော, ကြံဆ, လက်တွေ့ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ပါဝင်သော ကျမ်းစာဖြစ်ပါသည်။

ဆရာတော်၏ တရားအလှူကို လှိုက်လှဲစွာ သာဓုခေါ်ပါ၏။ ဆရာတော် သက်တော်ရာကျော်ရှည်၍ ယခုကဲ့သို့ ခေတ်မီပြီး ရှင်းလင်းပြတ်သားသော တရားတော်များ ဟောကြားနိုင်ပါစေကြောင်း အလေးအနက် ဆုမွန်ကောင်း တောင်းအပ်ပါသတည်း။



ဒေါက်တာ ကျော်စိန်
ပါမောက္ခချုပ်
ရန်ကုန်တက္ကသိုလ်

(၃၀-၁၀-၈၄)

တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး
ဥက္ကဋ္ဌ ဦးကျော်မြသိန်း ၏

## မိတ်ဆက်လွှာ

တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး၏ ပန်ကြား လျှောက်ထားချက်အရ နိုင်ငံကျော် ဓမ္မကထိက သဲကုန်းဆရာတော် အရှင်ဉာဏိဿရသည် တက္ကသိုလ်များဓမ္မာရုံ၌ ၂၈-၆-၈၄ နေ့အထိ ခုနစ်ရက်တိုင်တိုင် ဝါဆိုဦးတရားပွဲကို ဟောကြား ချီးမြှင့်သွားခဲ့ပါသည်။

ထိုသို့ ဟောကြားရာ၌ ရိုးရာတရားပွဲများကဲ့သို့ ပလ္လင်ထက်တွင် ငြိမ်သက်စွာ သီတင်းသုံးကာဟောကြားချီးမြှင့်ခြင်း မဟုတ်ပဲ၊ ဆရာတော်သည် ကျောက်သင်ပုန်းပေါ်တွင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် ရေးပြသင့်သည်တို့ကို ရေးပြလျက် ရှင်းပြသင့်သည်တို့ကို ရှင်းပြကာ၊ ကျမ်းစာအစောင်စောင်တို့မှ ကောက်နုတ်လျက် တက္ကသိုလ်ပရိသတ်နှင့် လျော်ညီအောင် ခေတ်မီတက္ကသိုလ်များတွင် ဟောကြားပို့ချသော နည်းအတိုင်း ဟောကြား တင်ပြသွားခြင်း ဖြစ်ပါသည်။


ဆရာတော်ဘုရား၏ ခေတ်မီဆန်းသစ်စွာ ဟောကြား ပို့ချမှုကို သဘောကျနှစ်သက်ကြသဖြင့် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများနှင့် တရားချစ်ခင်ကြသော သူတော်စင်အပေါင်းတို့သည် မိုးကြီးလေကြီး;ထဲဘွင်ပင် တက္ကသိုလ်များ ဓမ္မာရုံကြီး လျှံထွက်သွားအောင် ခုနစ်ရက်ပတ်လုံး သောင်းသောင်းဖြဖြ စုပေါင်းလာရောက်ကြလျက် တရားနာကြားခဲ့ကြပါသည်။

ဆရာတော်ချီးမြှင့်သွားသည့် တရားသားများမှလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိသင့် နှလုံးသွင်းသင့်သည့် ဗုဒ္ဓဝါဒ၏ အနှစ်သာရများဖြစ်၍ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတိုင်း၊ ဆရာ ဆရာမတိုင်း၊ သူတော်

## ဦးကျော်မြသိန်း၏ မိတ်ဆက်လွှာ

စင်တိုင်း လက်ကိုင်ထားကာ အကြိမ်ကြိမ်ဖတ်ရှုလေ့လာနိုင်ကြရန်အတွက် ဆရာတော်အား ပန်ကြား၍ တရားတော်များကို ပေါင်းစုကာ ထူးခြားသော တရားစာအုပ်တစ်အုပ်အဖြစ် ပုံနှိပ်ဖြန့်ချိလိုက်ပါသည်။

ပြည်မြန်မာတလွှား အမှန်တရား ထွန်းကားပွင့်လန်းနိုင်ပါစေ။



ဦးကျော်မြသိန်း
ကျောင်းအုပ်ကြီး
လုပ်သားများကောလိပ်
ရန်ကုန်မြို့။

## တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး ဒုတိယဥက္ကဋ္ဌ (ဗုဒ္ဓဓမ္မပြန့်ပွားရေးအဖွဲ့) ဦးစိုးညွန့် ၏

## ကျေးဇူးတင်လွှာ

ဆရာတော်၏ တရားပွဲများ မှန်သမျှအား မလွတ်တမ်း နာကြားလိုသော ကျွန်တော်၏မိခင်နှင့် အဒေါ်တို့၏ဆန္ဒကို ဖြည့်စွမ်းယင်း ကျွန်တော်သည် ဆရာတော်၏ တရားပွဲတင်ပွဲသို့ ရောက်ခဲ့ပါသည်။ ဆရာတော်၏ တရားကို တစ်ကြိမ်တစ်ခါ ကြားနာဖူးရုံမျှဖြင့် ထပ်တလဲလဲ နာယူလိုစိတ်များ ဖြစ်ပေါ်ခဲ့ရပါသည်။ ကျွန်တော်၏ပတ်ဝန်းကျင်ဖြစ်သော ရန်ကုန်တက္ကသိုလ်နယ်မြေတွင်လည်း ဆရာတော်၏ တရားသံ ပျံ့လွှမ်းလိုခဲ့သည်နှင့် အညီ ယင်းဆန္ဒကိုလည်း အကောင်အထည်ဖော်ရန် ကြံဆပါတော့သည်။

၁၉၇၉ ခုနှစ် တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် တက္ကသိုလ်နယ်မြေတွင် ဆရာတော်၏ တရားပွဲများ ကျင်းပရေး ဆောင်ရွက်နိုင်ရန် အခွင့်ကြုံလာပါတော့သည်။ ဆရာတော်၏ ကပ္ပိယ တစ်ဦးဖြစ်သူ ကိုမြင့်ဦးမှာလည်း ကျွန်တော် လုပ်သားများ ကောလိပ်တွင် သင်ကြားပို့ချစဉ် ကျွန်တော်၏ အတန်းသားအဖြစ် တွေ့ခဲ့ဖူးသူ ဖြစ်သဖြင့် ကိုမြင့်ဦးမှ တစ်ဆင့် ဆရာတော်ထံသို့ ချဉ်းကပ်ခွင့် ရခဲ့ပါသည်။

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းအနေဖြင့် ဆရာတော်ထံ တရားပွဲများ ချီးမြှင့်ပါရန် လျှောက်ထားခဲ့ရာ ဆရာတော်သည် ၁၉၇၉ ခုနှစ် မေလတွင် နိယာမတရားငါးပါး ကို တက္ကသိုလ်များ ဓမ္မာရုံကြီး၌ ဟောကြားတော်မူခဲ့ပါသည်။ ဆရာတော်၏ စိတ်အားထက်သန်မှု၊ တရားနာ ပရိသတ်တို့၏ သဒ္ဓါပွားမှုတို့ကို တွေ့ရပြီး ပီတိများစွာ ဖြစ်ရပါသည်။

၁၉၈၄ ခုနှစ် တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး ပြန်လည်ဖွဲ့စည်းရာတွင်ကျွန်တော်သည် ဗုဒ္ဓဓမ္မပြန့်ပွားရေးဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြန်ပါသည်။ အသင်းကြီး၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်၏ တရားပွဲ ဖြစ်မြောက်ရေးအတွက် တာဝန်ပေးပါသည်။

အသင်းကြီး၏ အထွေထွေ အတွင်းရေးမှူး ဒေါက်တာမင်းတင်မွန်၊ ပြန်ကြားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်စိန်စိန် တို့နှင့်အတူ


# ဦးစိုးညွန့်၏ ကျေးဇူးတင်လွှာ

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးအနေဖြင့် ဆရာတော်ထံ တရားပွဲ ချီးမြှင့်ပါရန် လျှောက်ထားခဲ့ရာ ဆရာတော်သည် ဗုဒ္ဓဘာသာ အခြေခံ တရားတော်ကို ခုနစ်ရက်ခုနစ်လီ တက္ကသိုလ်များဓမ္မာရုံတွင် ဟောကြားပေးခြင်းဖြင့် တက္ကသိုလ် ပရိသတ်အပေါင်းအား တရားရေအေး တိုက်ကျွေးချီးမြှင့်ခဲ့ပါသည်။

ယင်း ဟောကြားခဲ့သော တရားများကို အဓွန့်ရှည်စွာ ထိန်းသိမ်းမှတ်တမ်းတင်ထားလိုသည်သာမက တရားချစ်ခင် သူတော်စင် အပေါင်းတို့ အဖန်တလဲလဲ ကုသိုလ်ပွားနိုင်ရန်ပါ ရည်ရွယ်လျက် ဗုဒ္ဓဘာသာ အသင်းကြီးမှ စာအုပ် ရိုက်နှိပ်ထုတ်ဝေရန် ဆရာတော်၏ခွင့်ပြုချက်ဖြင့် ဆုံးဖြတ်ခဲ့ပါသည်။

ယခုကဲ့သို့ စာအုပ်အနေဖြင့် ထွက်ပေါ်လာရခြင်းမှာ ဆရာတော် ဟောကြားသည့် တရားများအား စာအုပ်အဖြစ် ထွက်ပေါ်ရေးကို တာဝန်ယူ ဆောင်ရွက်နေသော အရှင်သစ္စာဝံလ ကြိုးစားမှုကြောင့်သာ ဖြစ်ကြောင်း လေးစားစွာ မှတ်တမ်းတင်အပ်ပါသည်။

တက္ကသိုလ်များဓမ္မာရုံဘွင် ဆရာတော်ဆက်လက်ဟောကြားချီးမြှင့်သွားမည့် တရားတော်များကိုလည်း ဤနည်းတူစွာ မှတ်တမ်းတင် ထုတ်ဝေနိုင်ရန် ဗုဒ္ဓဓမ္မပြန့်ပွားရေး ဆပ်ကော်မတီ အနေဖြင့် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။



စိုးညွန့်
ကထိက
သင်္ချာဌာန
ရန်ကုန်တက္ကသိုလ်

## တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး ဒုတိယဥက္ကဋ္ဌ
## (ပြန်ကြားရေး) ဒေါ်စိန်စိန် ၏

# ကျေးဇူးတင်လွှာ

၁၉၈၄ ခုနှစ်သည် တက္ကသိုလ်များ ဓမ္မာရုံကြီးအတွက် ထူးခြားသောနှစ်ဖြစ်သည်။ တက္ကသိုလ်များဓမ္မာရုံကြီးကို ၁၉၄၃ ခုနှစ်ဖေဖော်ဝါရီ ၂၅ ရက် (၁၂၉၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်) တနင်္ဂနွေနေ့တွင် "အလယ်တောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကောသလ္လာဘိဝံသ" အုတ်မြစ် ချတော်မူခဲ့သည်။

ထို့ကြောင့် တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီးက ဓမ္မာရုံကြီး၏ နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်ကို ၁၉၈၄ ခုနှစ် မတ်လ ၁၄ ရက်မှ ၁၈ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ဓမ္မာရုံကြီး၏ နှစ်ငါးဆယ်ပြည့် ရွှေရတုနှစ်ကို ထပ်ဆင့် ဝိသေသ ထူးစေသည်မှာကား သဲကုန်းဆရာတော် အရှင်ဉာဏိဿရ ၏ ဗုဒ္ဓဝါဒ အခြေခံသင်တန်း တရားပွဲတော်ကြီးပင် ဖြစ်ပါသည်။ ဆရာတော်သည် စစ်မှန်သော ဗုဒ္ဓဝါဒကို တက္ကသိုလ် ကျောင်းသူ ကျောင်းသားများနှင့် တက္ကသိုလ် ဝန်ထမ်းတို့အား သိရှိနားလည်စေလိုသော ဆန္ဒအာသီသ အထူး ရှိပါသည်။

တစ်နိုင်ငံလုံး တရားပွဲများ အဆက်မပြတ် ဟောကြားနေသော ဆရာတော်ဖြစ်ခြင်းကြောင့် ဓမ္မာရုံတွင် တရားပွဲတစ်ပွဲ ချီးမြှင့်ရန် ကျွန်မသည် မရှုံ့မရဲ လျှောက်ထားမိပါသည်။ ထိုအခါ ဆရာတော်က တစ်ပွဲမဟုတ်၊ ရက်ရှည်သင်တန်းသန်သော တရားပွဲများ ဖြစ်လိုကြောင်း အမိန့်ရှိသဖြင့် အမှုဆောင်အဖွဲ့သို့ တင်ပြပြီးနောက် ထိုတရားပွဲများ ဖြစ်မြောက်အောင် ကြိုးပမ်းခဲ့ပါသည်။

ဆရာတော်၏ သင်တန်းသန်သော တရားပွဲများ ကျင်းပသည့် ခုနှစ်ရက်အတွင်း တရားနာပရိသတ်မှာ စိုးရိမ်တတ်သော ရာသီဥတုကို ဂရုမပြုကြပါ၊ နေရာရရန် တရားပွဲစချိန်ထက် နာရီစော၍ပင် လာရောက်ကြ

သည်မှာ အားရဖွယ် ဖြစ်ပါသည်။ တရားနာပရိသတ် တစ်နေ့ထက်တစ်နေ့ တိုးတက် များပြားခြင်းကိုထောက်၍ အထူးအောင်မြင်သော တရားပွဲများ ဖြစ်သည်ဟု ဆိုရပါမည်။ ကျေးဇူးတရားလည်း များလှပါပေသည်။

"တက္ကသိုလ်"အပေါ်ထားရှိသော ဆရာတော်ဘုရား၏ ကြီးမားလှစွာသော မေတ္တာ စေတနာကို ကျေးဇူးတော် အနန္တဖြင့် ဦးခိုက်၍ ဂုဏ်ယူ မှတ်တမ်း တင်အပ်ပါသည်။

နေရာတိုင်း အမှန်တရား ထွန်းတောက်ပါစေ။

မစိန်စိန်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး အတွင်းရေးမှူး
ဒေါက်တာ မင်းတင်မွန် ၏

## အစီရင်ခံစာ

လောကတွင် သမ္မုတိသစ္စာ (relative truth) နှင့် ပရမတ္ထ သစ္စာ (absolute truth) ဟူ၍ သစ္စာ အမှန်တရား နှစ်မျိုးရှိရာ အနောက်တိုင်း ဒဿန ပညာရှင်များနှင့် အရှေ့တိုင်းဒဿန ပညာရှင်များ သည် နှစ်ပေါင်း ၂၅၀၀ ကျော်မျှ ကာလပတ်လုံး အမှန်တရားကို ရှာခဲ့ ကြပါသော်လည်း သမ္မုတိသစ္စာနယ် အတွင်း၌သာ တစ်ဝဲလည်လည် မျက်စိ လည်ခဲ့ကြရသည်။ ပရမတ္ထသစ္စာကို သိမြင်နိုင်ရန် မဆိုထားဘိ၊ အမှားနှင့် အမှန်၊ အဆိုးနှင့် အကောင်းတို့ကိုပင်လျှင် ပိုင်းပိုင်းခြားခြား မခွဲခြား နိုင်ကြသေးချေ။

ဤသို့ "လောက" ဟူသော တောကြီး မျက်မည်းအတွင်း၌ မျက်စိ လည် လမ်းမှားနေကြရသည့် အကြောင်းမှာ လူတို့၏ မံသစက္ခု၊ သိပ္ပံ စက္ခုဖြင့် ဆင်ခြင်သုံးသပ်ခြင်းဟူသည့် စိန္တာမယဉာဏ်မျှဖြင့် ပညတ်နယ် ကို ထွင်းဖောက်ကာ ပရမတ်နယ်ကို ပြတ်ပြတ်သားသား မမြင်နိုင်သော ကြောင့် ဖြစ်ပေ၏။

ဗုဒ္ဓမြတ်စွာသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ပညတ်သဘောနှင့် ပရမတ်သဘောတို့ကို ခွဲခြားပြပြီးကာ ပရမတ္ထသစ္စာ ဟူသည့် အဆုံးစွန်သော အမှန်တရားကို သိမြင် ခံစားနိုင်အောင် လက် တွေ့ ကျင့်စဉ်များနှင့်တကွ ညွှန်ကြားပြသ ပေးတော်မူခဲ့၏။ ထိုကျင့်စဉ်ကို လက်တွေ့ လိုက်နာ ကျင့်သုံးကြသဖြင့် ပရမတ္ထသစ္စာနှင့် ချမ်းသာအစစ်ကို သိမြင် ခံစားခဲ့ကြရသော ဝေနေယျ ပရိသတ် အပေါင်းကား မရေမတွက် နိုင်အောင် မြားမြောင်ခဲ့လေပြီ။

ဗုဒ္ဓ တရားတော်သည် မျက်စိလည် လမ်းမှားနေသူအား လမ်းမှန်ကို ညွှန်ပြ ပေးနိုင်၏၊ တွေဝေ လေလွင့်၍ ဆောက်တည်ရာမရ ဖြစ်နေသူတို့ အား ဘဝအမြင်မှန်နှင့် ဘဝ ဆောက်တည်ချက်ကို ပေးဆောင်နိုင်၏။ ဘဝ ဦးတည်ချက် ပျောက်၍ ရှုံကြောက် ထိတ်လန့်နေသူတို့ အားလည်း ဘဝ ဦးတည်ချက် အမှန်ကို သိမြင်စေကာ ရဲရင့် ရွှင်လန်းစေနိုင်၏၊

## ဒေါက်တာမင်းတင်မွန်၏ အစီရင်ခံစာ

သဲကုန်း ဆရာတော် အရှင်ဉာဏိဿရ၏ တက္ကသိုလ် တရားပွဲစဉ်များသည်ကား ထိုဗုဒ္ဓ တရားတော်ကို မီးမောင်း ထိုးပြလိုက်သည့် တရား အနှစ်များသာတည်း။ မကြုံစဖူး ထူးခြားများပြားလှသော တရားနာ ပရိသတ်အပေါင်းတို့သည် အလွန်ရွှင်လန်းအားရကြသည်ဖြစ်စေ၍တရားပွဲ ခုနစ်ရက်အတွင်း၌ ဆရာတော် ဦးစီးသည့် သီတဂူ ရေအလှူတွင် ငွေ ၁၂၈၆၈ ကျပ်၊ တက္ကသိုလ်များဓမ္မာရုံ မွမ်းမံရေးတွင် ငွေ ၇၀၅၀ ကျပ် ပြား ၄၀ နှင့် မျက်နှာကြက်ပန်ကာ ရှစ်လုံးတို့ကို လှူဒါန်းခဲ့ကြပါသည်။

အသိဉာဏ်ရှိလူတိုင်း အမှန်အတိုင်း သိမြင်ကာ တုန်ရှိုင်းကင်းသည် ချမ်းသာအစစ်ကို ခံစားနိုင်ကြပါစေ။

ဒေါက်တာ မင်းတင်မွန်

ကထိက

ဓာတုဗေဒဌာန

ရန်ကုန်တက္ကသိုလ်

# ပဏာမအပိုင်း

## ဘုရားရှိခိုးဖြင့် အခမ်းအနားဖွင့်

တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး၏ ဗုဒ္ဓဓမ္မ ပြန့်ပွားရေး ဆပ်ကော်မတီမှ လျှောက်ထားချက်အရ ဒီကနေ့ ၁၃၄၆ ခု ဝါဆိုလဆန်း ၁ ရက်နေ့ကစပြီး ခုနစ်ရက်တိုင်တိုင် "ဗုဒ္ဓဝါဒအခြေခံသင်တန်း" ဟောပြောပွဲကို ဘုန်းကြီးတို့ ဟောပြောပါမယ်။ ဘုန်းကြီးတို့အနေနဲ့ ဒီဟောပြောပွဲ အစီအစဉ်မှာ ခေါင်းစီးငယ် ခုနစ်ခုခွဲခြားထားပြီး ဒါတွေအကျုံးဝင်အောင် ဟောပြောသွားမှာ ဖြစ်ပါတယ်။

(၁) ကိုးကွယ်ခြင်းနှင့် ဘာသာတရား
(၂) ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်း
(၃) ကံ ဉာဏ် ဝီရိယ
(၄) အဘိဓမ္မာဟူသည်
(၅) သစ္စာတရား
(၆) ဗုဒ္ဓလမ်းစဉ်
(၇) ချမ်းသာအစစ်တို့ ဖြစ်ပါတယ်။

တစ်နေ့တစ်နေ့လျှင် တစ်နာရီတစ်နာရီ ဟောပြောဖို့ ဘုန်းကြီးတို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အားလုံးသော ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ သူတော်စင်တို့မှာ သရဏဂုံသီလ ပြီးပြည့်စုံပြီးသားဖြစ်ပါတယ်လို့ ဘုန်းကြီးတို့ ယူဆပါတယ်။ သို့ဖြစ်၍ အလှန်တစ်ရာ တိုတောင်းလှတဲ့ အချိန်အတွင်းမှာ သရဏဂုံသီလ ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ်တို့အနေနဲ့ ထပ်မံပြီးတော့ သရဏဂုံသီလခံယူခြင်း မပြုကြပဲ၊ မြတ်ဗုဒ္ဓကို ရှိခိုးခြင်းဖြင့် ဘုန်းကြီးတို့ အခမ်းအနားကို စတင်ကြရအောင်။

ဘုရားရှိခိုးနဲ့ စတင်တဲ့ အခါမှာ ဒီဟောပြောပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ ပရိသတ်ထဲမှာ ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်များ ပါလာခဲ့ယင် ထိုဘုရားရှိခိုးကို လိုက်မဆိုကြပဲ လွတ်လပ်စွာ နေထိုင်ကြပါ တယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ သူတော်စင်တို့အတွက် ဒီဘုရားရှိခိုးကို လိုက်လိုက်လဲ့လဲ့ ဆိုကြရအောင်ပါ။ ဘုရားရှိခိုးကတော့ ပါဠိစာပိုဒ်သုံးပိုဒ် တည်း ဖြစ်ပါတယ်။ အဲဒီစာပိုဒ်ကို ကြည့်ပြီးတော့ ဘုန်းကြီးက ရှေးဦးစွာ သုံးခေါက်တိုင်ပေးမယ်။ ပရိသတ်ကြီးက နောက်ကနေ တစ်ညီတစ်ညွတ် တည်း လိုက်ဆိုကြဖို့ပါ။

နမော ဝိဘဇ္ဇဝါဒိနော အနန္တဇိနဿ။

သုံးခေါက် ဆိုလိုက်ကြပါ။

အဓိပ္ပာယ်ကို လိုက်ဆိုကြပါ။

ဝိဘဇ္ဇဝါဒိနော၊ အရာရာ၌ ခွဲခြမ်းစိတ်ဖြာဝေဖန်လေ့ ရှိပေသော။ အနန္တဇိနဿ၊ အတိုင်းမသိ ယုတ်မာသော တရားတို့ကို အောင်မြင်တော် မူသော မြတ်ဗုဒ္ဓအား။ နမော၊ ကာယဝစီ မနောချီလျက် အဉ္ဇလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

လုံလောက်ပါပြီ။

## ဗုဒ္ဓသည် ဝိဘဇ္ဇဝါဒီ ပုဂ္ဂိုလ်ထူး

အဲဒီ ဘုရားရှိခိုး စာပိုဒ်ကလေးကို နည်းနည်းကလေး ဘုန်းကြီးတို့ ရှေးဦးစွာ ရှင်းပြပါရစေ။

(၁) ဝိဘဇ္ဇဝါဒိနော

(၂) အနန္တဇိနဿ

ဒါ ဗုဒ္ဓရဲ့ ဂုဏ်ပုဒ်နှစ်ပုဒ် ဖြစ်ပါတယ်။

ဝိဘဇ္ဇဝါဒီ=အရာရာမှာ ဝေဖန်လေ့ရှိတယ်၊ စိစစ်လေ့ ရှိတယ်။

မြတ်ဗုဒ္ဓရဲ့ တရားတော်ဟာ ဝေဖန်စိစစ်ထိုက်တဲ့တရား၊ အရာရာမှာ ဝေဖန် စိစစ်တဲ့ ဉာဏ်ရှိသူတို့ရဲ့တရား ဖြစ်ပါတယ်။

ဗုဒ္ဓဝါဒမှာ ဝေဖန်ခွင့်ရှိပါတယ်၊ စိစစ်ခွင့်ရှိပါတယ်၊ "ဗုဒ္ဓဘာသာတရားတော်သည် ဘယ်လို ဘာသာတရားလဲ" ဆိုရင် ဒီအပိုဒ်က ဖော်ပြနေပါတယ်၊ ဝေဖန်စိစစ်ခွင့်ရှိတဲ့ဘာသာတရားမျိုးပါ၊ ဝေဖန်စိစစ်ခွင့်မရှိတဲ့ ဘာသာတရားမျိုး မဟုတ်ပါဘူး။ ဒီအကြောင်းအရာကို နောက်ဆက်လက်ပြီးတော့ ဘုန်းကြီးတို့ ပြောသွားမယ့် ဟောပြောချက်တွေထဲမှာ အကျယ်အပြန့် ပါသွားပါလိမ့်မယ်။

ဒါ့ကြောင့် "ဝိဘဇ္ဇဝါဒီ" တဲ့၊ မြတ်စွာဘုရားဟာ ဘယ်လိုပုဂ္ဂိုလ်လဲ ဆိုရင် "ဝိဘဇ္ဇဝါဒီ=အရာရာမှာ ဝေဖန်စိစစ်လေ့ရှိတဲ့ ပုဂ္ဂိုလ်ထူးတစ်ဆူ" ဖြစ်ပါတယ်။

ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့လဲပဲ ဝေဖန်စိစစ်တဲ့ဉာဏ်တော့ ရှိရမှာပဲ၊ ဝေဖန်စိစစ်ဉာဏ်ရှိမှ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ကိုးကွယ်ရာဟာ မှန်မြတ်တဲ့ကိုးကွယ်ရာမျိုး ဖြစ်နိုင်ပါတယ်။ ဝေဖန်စိစစ်တဲ့ဉာဏ် မရှိတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ကိုးကွယ်ရာမျိုး မဖြစ်နိုင်ပါဘူး။

ဒါ့ကြောင့် "ဝိဘဇ္ဇဝါဒီနော" ဆိုတာဟာ ကိုးကွယ်ခံတဲ့ ဗုဒ္ဓရဲ့ဂုဏ်ကို အာရုံပြုပြီး ပြီးတော့ ကိုးကွယ်ကြတဲ့ သူတော်စင်တို့မှာ စစ်မှန်တဲ့ ကိုးကွယ်ရာကို ရကြပါစေဆိုတဲ့ ရည်ရွယ်ချက်ဖြင့်၊ ဝေဖန်ဉာဏ်ရှိကြပါစေ ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် "ဝိဘဇ္ဇဝါဒီနော"ဆိုတဲ့ ဗုဒ္ဓရဲ့ဂုဏ်ပုဒ်ကို ဘုန်းကြီးတို့ တုက်ပြီးတော့ ဒီကနေ့ ရှိခိုးသမှု ပြုကြရပါတယ်။

## ဗုဒ္ဓရဲ့ဝါဒသည် ဝိဘဇ္ဇဝါဒ
## (အသောကမင်းကြီး သာသနာသန့်စင်ခဲ့ပုံ)

သီရိဓမ္မာအသောက မင်းတရားကြီး ထီးနန်းစံစဉ်ကာလ ဗုဒ္ဓသာသနာတော်ထဲမှာ ရဟန်းအယောင်ဆောင်ပြီးတော့ တိတ္ထိများစွာတို့ ရဟန်းဝတ်၍ နေကြတဲ့၊ ထိုတိတ္ထိရဟန်းအတုတွေကို ရဟန်းအစစ်နဲ့ ခွဲဖို့ရာ အသောကမင်းတရားက စစ်ဆေး မေးမြန်းသောအခါ ရဟန်းတွေကို တစ်ပါးချင်း တစ်ပါးချင်း "အရှင်ဘုရားတို့ ဗုဒ္ဓရဲ့ဝါဒသည် ဘယ်လိုဝါဒပါလဲ"လို့ မေးတယ်။

ဒီတော့ ရဟန်းတချို့က "ဗုဒ္ဓရဲ့ဝါဒသည် သဿတဝါဒ=ဂျပ်နာမ်တို့ မြဲတယ်ဆိုတဲ့ ဝါဒပါ"လို့ ဖြေဆိုပါတယ်။ အဲဒီရဟန်း လူထွက်စေ။

အချို့ရဟန်းကတော့ "ဗုဒ္ဓရဲ့ဝါဒသည် ဥစ္ဆေဒကဝါဒ=သေသည်နောက် ဘာမှမဖြစ်ဘူးဆိုတဲ့ ဝါဒမျိုးပါ"လို့ ဒီလိုဖြေတယ်။ အဲဒီရဟန်းလူထွက်စေ။

တချို့ရဟန်းကျတော့ "ဗုဒ္ဓရဲ့ဝါဒသည် ဘယ်လိုဝါဒပါလဲ" ဆိုတာ မေးလိုက်တော့ "ကောင်းမှု မကောင်းမှု ပြုဖို့မလိုဘူးဆိုတဲ့ အကိရိယဝါဒ"လို့ ဖြေတယ်။ ကိုင်း အဲဒီရဟန်းလဲ လူထွက်စေ။

အဲဒီလို အဲဒီလို စစ်ဆေးစစ်ဆေးသွားခဲ့ရာ ဗုဒ္ဓကို တကယ်ကြည်ညိုတဲ့ ဗုဒ္ဓဘာသာစစ်စစ် ရဟန်းတော်များကို မေးတဲ့အခါကျတော့ "အရှင်ဘုရား၊ ဗုဒ္ဓရဲ့ဝါဒဟာ ဘာဝါဒပါလဲ"လို့ မေးတဲ့အခါ "ဝိဘဇ္ဇဝါဒပါ" လို့ ဖြေတယ်။ အဲဒီရဟန်း ဗုဒ္ဓရဲ့ဝါဒကို တကယ်နားလည်ပြီး ဗုဒ္ဓကို အမှန်တကယ် ကြည်ညိုတဲ့ ရဟန်းပဲဆိုပြီးတော့ အသောကမင်းတရားကကိုးကွယ်တော်မူခဲ့ပါတယ်။

ဒါ့ကြောင့် ဗုဒ္ဓရဲ့ဝါဒသည် ဘာဝါဒပါလဲဆိုရင် ဘုန်းကြီးတို့ ပရိသတ်များ ဒီဘုရားရှိခိုးအပိုဒ်နဲ့ပဲ အဖြေကတော့ ပေါ်လွင်နေပါပြီ။

"ဗုဒ္ဓရဲ့ဝါဒသည် ဘယ့်နှယ် ဝါဒပါလဲ"
"ဝိဘဇ္ဇဝါဒပါ ဘုရား"

ဝိဘဇ္ဇဝါဒ=ဝေဖန်ခွင့် ရှိတယ်၊ စိစစ်ခွင့်ရှိတယ်။ ကိုးကွယ်မိပြီဆိုရင် အဲဒီ ကိုးကွယ်ခံတဲ့ဘုရားကိုဖြစ်စေ၊ ရဟန်းကိုပဲဖြစ်စေ ဘာမှဝေဖန်ခွင့် မရှိဘူးဆိုတဲ့ ဘာသာတရားမျိုး မဟုတ်ဘူးတဲ့။ ဘုန်းကြီးတို့ ဗုဒ္ဓဝါဒဟာ အလွန်တရာ လွတ်လပ်တယ်။ နောက်တစ်ပိုဒ်က—

## (၂) အနန္တဇိနဿ

ဒီစကားကတော့ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က ကြွေးကြော်ခဲ့တဲ့ စကားကို ဘုန်းကြီးတို့ သုံးထားတာပါ။

ဘုန်းကြီးတို့ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ ရောက်ပြီးသောအခါ ဗောဓိပင်တစ်ပတ်လည်မှာ ၄၉ ရက် သီတင်းသုံးပြီးတော့ ဗုဒ္ဓဂယာ ဗောဓိပင်ကနေပြီး ဗာရာဏသီဘက်ကို တစ်ပါးတည်း ခရီးရှည် ထွက်တော်မူတယ်။ "ဘာအလို့ငှာလဲ"လို့ မေးရင် "သစ္စာတွေပြဖို့"။

"ဘာအလို့ငှာလဲ"
"သစ္စာတရားတွေ ပြဖို့ပါဘုရား"

## ဗုဒ္ဓနဲ့တွေ့ဆုံရတဲ့ အောင်မြင်သူ ဥပက

ဗာရာဏသီဘက်ကို ခရီးထွက်တယ်။ အဲဒီလို ခရီးထွက်တဲ့အခါ ဗုဒ္ဓဂယာနဲ့ ဗာရာဏသီရဲ့အကြား ဂယာမြို့ဦးက တောအုပ်ကြီးကို "ဂယာသီသ"သို့ ခေါ်တယ်။ အဲဒီတောအုပ်ကြီးထဲမှာ အဝတ်လုံးလုံး မဝတ်တဲ့ တိတ္ထိတက္ကတွန်းကြီး ဥပကနဲ့ မြတ်ဗုဒ္ဓတို့ ဆုံကြတယ်။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓ ကျက်သရေရှိရှိ သင်္ကန်းကို သပ္ပါယ်စွာဝတ်ရုံလို့ ဥပကကတော့ လုံးလုံး အဝတ်မရှိဘူး။

ဘုန်းကြီးတို့ ဟိရီ+ဩတ္တပ္ပ ထိန်းသိမ်းတဲ့ လောကကြီးကို ကြည့်လိုက်ရင် အဝတ်မရှိတဲ့ လူတွေဟာ နိဿီရိက ပုဂ္ဂိုလ်တွေလို့ ထိုခေတ်က ဒီလိုဆိုကြတယ်။ နိဿီရိက=ကျက်သရေမရှိတဲ့ ပုဂ္ဂိုလ်တွေပေါ့။ ဒီလိုဆိုကြတယ်။ ဒါပေမယ့် သူတို့က သူတို့အယူနဲ့သူတို့ ဘာပြောသလဲ၊ အဝတ်မဝတ်တာမှ ကျက်သရေရှိတယ်တဲ့။ အဝတ်ကလေး တစ်ထည်အတွက် သံယောဇဉ်တွယ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာတွေ ဘယ်လိုအောင်ပါ့မလဲ ပေါ့လေ၊ သူတို့လဲ သူတို့အကြောင်းနဲ့ သူတို့ ဒီလိုလာတယ်။

အဲဒါကြောင့် အဝတ်အထည်တွေကို တွယ်တာမနေနဲ့တော့၊ အကုန်စွန့် ဆိုပြီးတော့ သားစွန့်၊ မယားစွန့်၊ ထီးစွန့်၊ နန်းစွန့်၊ အိုးစွန့်၊ အိမ်စွန့်၊ ဒီလောက်စွန့်ရုံနဲ့ အားမရ။ သံယောဇဉ်ကို အကြွင်းမရှိ ဖြတ်တယ်ဆိုပြီးတော့ အဝတ်ကိုပါ အကုန်စွန့်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓမပွင့်ပေါ်မီရော ဗုဒ္ဓနဲ့ ခေတ်ပြိုင်မှာပါ အများကြီးရှိပါတယ်။

သူတို့က ပြောတယ်၊ သူတို့ကိုယ် သူတို့ "အောင်မြင်သူတွေ" တဲ့။ "ဘာအောင်တာလဲ"ဆိုတော့"ကိလေသာကိုအောင်တာ"။အဝတ်ကလေးမှာ စွဲနေတဲ့ အစွဲဆိုတဲ့ သံယောဇဉ် ကိလေသာကိုတောင် အောင်ပြီးတဲ့ အတွက်ကြောင့်မို့လို့ သူတို့က အောင်မြင်သူတွေလို့ ပြောပါတယ်။

"အောင်မြင်သူ" ဆိုတဲ့ စကားဟာ "ဇိန" ပါပဲ။

အဲဒီ "ဇိန" ဆိုတဲ့စကားကို အိန္ဒိယအသံထွက်တော့ "ဂျိန" လို့ အသံထွက်ပါတယ်။ "ဂျိန"ကနေ နောက်တော့ "ဂျိန်း" ဖြစ်လာတာပါပဲ။ "ဂျိန်း(JAIN)" ဆိုတဲ့ ပုဂ္ဂိုလ်ကြီး။ အဲဒီ "ဂျိန်း" လို့ အမည်ခံတဲ့ ပုဂ္ဂိုလ်ကြီးဟောတဲ့ တရားတွေဟာ "ဂျိန်းနစ်စင်(Jainism)"ဖြစ်လာတာပါပဲ။

အဲဒီ ဂျိန်းဆရာကြီးရဲ့ဂိုဏ်းထဲမှာ ဝင်နေတဲ့ ဥပက ဆရာကြီးနဲ့ မြတ်ဗုဒ္ဓတို့ လမ်းမှာဆုံကြတယ်။ ဆုံတော့ ဥပကက မြတ်ဗုဒ္ဓကို တွေ့လျှင်တွေ့ချင်း လမ်းမတတ် ရင်ဆိုင်တွေ့လိုက်တော့ မေးလိုက်တဲ့ မေးခွန်းတွေ များစွာထဲက လိုရင်းကလေး ပြောပါမယ်။

## ဥပကအမေး ဗုဒ္ဓအဖြေ

''ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ
ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော ပရိယောဒါတော
ကံ သိ တွံ အာဝုသော ဥဒ္ဒိဿ ပဗ္ဗဇိတော
ကော ဝါ တေ သတ္ထာ ကဿ ဝါ တွံ ဓမ္မံ ရောစေသိ'' တဲ့။

(ဝိ-၃၊ ပါ-၁၁)

ဒီလို ရွတ်မပြရင်လဲ ကိုယ်တော် လက်တန်းတွေ လျှောက်ပြောတယ်လို့ ထင်မှာစိုးရတယ်။ ဒါ့ကြောင့် ဘုန်းကြီးကို နည်းနည်းပါးပါး ရွတ်ခွင့်ပေးပါ။

''အို အရှင်၊ အရှင့်မျက်နှာကြည့်ရတာ ဣန္ဒြေက ကြည်လိုက်တာ (မျက်နှာက ကြည်နေတယ်)။ အရေအဆင်းကလဲ ရွှေလိုဝင်းပြီးတော့ နေတယ်။ ဘယ်သူ့ကို ဆရာတင်ပြီးတော့ ရဟန်းပြုခဲ့ပါသလဲ၊ အသင့်ဆရာ ဘယ်သူများပါလဲ၊ မည်သူ၏တရားကို နှစ်သက်ပါသလဲ''။ မေးခွန်းတွေ ထပ်ပြောဖို့ မလိုတော့ပါဘူး။

ဒီတော့ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက—

မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာ ဟ မုပက ဇိနော သို့။

လို့ ဖြေတယ်။ ဗုဒ္ဓရဲ့ စကားစစ်စစ်ကို ဘုန်းကြီးတို့ နှုတ်ထဲထည့်ပြီး ဆိုလိုက်ရတဲ့ အတွက်ကြောင့် ပါဠိနားလည်ကြတဲ့ ပုဂ္ဂိုလ်များနဲ့တကွ ဘုန်းကြီးတို့ပါ အလွန်ပဲ ဓမ္မရသ=တရားအရသာ သိပ်ရှိပါတယ်။ ပါဠိ မလိုက်စားမိတဲ့ ပုဂ္ဂိုလ်များအတွက်တော့ အရသာပေါ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် နည်းနည်းလေး အရသာဖော်ကြည့်ရအောင်။

"ဇိတာ ဝေ ပါပကာ ဓမ္မာ" တဲ့။

အဲဒါ ရေးလိုက်ကြပါ။
ဝေ၊ တကယ့်ကိုပဲ။
ဘုန်းကြီးက ဒီလို ဘာသာပြန်ပါတယ်။

ပါပကာ ဓမ္မာ၊ ယုတ်မာတဲ့တရားတွေကို။ ဇိတာ၊ အောင်မြင်ပြီး ပြီတဲ့။

ငါသည် တကယ့်ကိုပဲ ယုတ်မာတဲ့တရားတွေကို အောင်ပြီးပါပြီ။
"ဇိတာ ဝေ ပါပကာ ဓမ္မာ" ဒီအပိုဒ်ကို ဒီလို ဘာသာပြန်တယ်၊ ငါသည် ယုတ်မာသော တရားတို့ကို အောင်ပြီ ပြီ။

တသ္မာ ဟ မုပက ဇိနောသ္မိ=ဟဲ့ ဥပက ဒါ့ကြောင့် ငါသည် ဇိန မည်၏ တဲ့။

ဟဲ့ ဥပက ဒါ့ကြောင့် ငါသည် ဇိနမည်၏။
ရှေ့က အကြောင်းပြစကား။
ဇိတာ ဝေ ပါပကာ ဓမ္မာ=ယုတ်မာသော တရားတို့ကို အောင် ပြီးပြီ၊
ဒါ့ကြောင့် ငါသည် ဇိန မည်၏၊ ဒါ လိုရင်း ဘာသာပြန်ချက်ပဲ။

အဲဒါကြောင့်–

"အနန္တဇိနော ဟ မသ္မိ"
ဥပက၊ ဟဲ့ ဥပက၊ အဟံ၊ ငါသည်။ အနန္တဇိနော၊ အနန္တဇိန မည်သည်။ အသ္မိ၊ ဖြစ်တယ်။

ဒီလိုပြောလိုက်တယ်။ ယုတ်မာတဲ့တရားတွေကို အောင်ပြီးပြီဆိုတာ ယုတ်မာတဲ့တရား တစ်စိတ်တစ်ဒေသကလေးကို အောင်ပြီးတော့ မအောင် တာတွေ ကျန်သေးသလားလို့ မေးခဲ့ရင် "အနန္တဇိနော" ဆိုတဲ့ပုဒ်က ပြောနေတယ်။ အဝိုင်းမသိ အကြွင်းမရှိ အကုန်လုံးအောင်ပြီးပြီတဲ့။ ယုတ် မာတဲ့ တရားတွေကို အကြွင်းမရှိ အကုန်လုံးအောင်ပြီးတဲ့ အတွက်ကြောင့် ဘုန်းကြီးတို့ ဗုဒ္ဓသည် "အနန္တဇိန" မည်ပါတယ်။
ဒါ ဘုန်းကြီးတို့ ဘုရားရှိခိုး ရှင်းလင်းချက်ပါ။

"နမော ဝိဘင်္ဂပါဒိနော အနန္တဇိနဿ"။

ဝိဘဇ္ဇဝါဒီနော၊ အကြောင်းအကျိုး အကောင်းအဆိုးမှန်သမျှကို ခွဲခြမ်းဝေဖန်လေ့ ရှိပေသော။ အနန္တဇိနဿ၊ ယုတ်မာတဲ့ တရားတွေကို အကြွင်းမရှိ အောင်မြင်တော်မူပြီးသော မြတ်ဗုဒ္ဓအား။ နမော-နမက္ကာ-ရော၊ ကာယ ဝစီ မနောချီလျက် အဋ္ဌည္တတ်လျှိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ အတ္တ-ဘဝ'တု၊ ကောင်းစွာမသွေ ဖြစ်ပါစေတော့သတည်း။

(သာဓု သာဓု သာဓုပါဘုရား။)

## အမှန်တရားပြန့်ပွားရေး ဆောင်ရွက်နိုင်ကြပါစေလို့

ဘုန်းကြီးတို့ ဘုရားရှိခိုး ရှင်းလင်းချက်ပြီးတော့ ဟောပြောချက်ကို စ,ကြရအောင်။

ဘုန်းကြီးတို့ ယခုလို ဟောပြောခွင့်ရအောင် တက်ရောက်နာကြားကြတဲ့ ပုဂ္ဂိုလ်တွေ နာကြားခွင့်ရအောင် အဖက်ဖက်ကနေပြီးတော့ စီမံဆောင်ရွက်ပေးကြသော တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးရဲ့ အမှုဆောင် လူကြီးများ၊ အသင်းသူ အသင်းသားများအား ကြွရောက်လာကြတဲ့ ပရိသတ်များရဲ့ ကိုယ်စားပေါ့၊ ဘုန်းကြီးတို့က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ကျေးဇူးတင်စကားကို ဘုန်းကြီးတို့ ရှေးဦးစွာ ပြောကြားပါတယ်။

ဘုန်းကြီးတို့ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး ဆိုပြီးတော့ ထည်ထည်ဝါဝါ ခန့်ခန့်ညားညား နှစ်ပေါင်းများစွာက ဖွဲ့စည်းထားတဲ့ အသင်းက–

(၁) ဗုဒ္ဓဘာသာတရားတော်များ ပြန့်ပွားရေး၊
တစ်နည်းဆိုရင်–

(၂) သစ္စာတရားများ ပြန့်ပွားရေး၊
တစ်နည်းဆိုရင်–

(၃) အဘိဓမ္မာတရားများ ပြန့်ပွားရေး၊
နောက်တစ်မျိုး ရိုးရိုးပြောရရင်တော့–

(၄) အမှန်တရား ပြန့်ပွားရေး

တို့ကို အခုလို အမြဲမပြတ် ဆောင်ရွက်နေကြတဲ့ အတွက်ကြောင့် ဘုန်းကြီးတို့ အလွန်ပဲ ဝမ်းသာပါတယ်။ ဒါထက်ဒါထက် တိုးပြီးတော့လဲပဲ အမြဲမပြတ် ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ဆောင်ရွက်နိုင်ကြပါစေလို့လဲ ဘုန်းကြီးတို့ ပတ္ထနာပြုပါတယ်။

## ဗုဒ္ဓရဲ့အဘိဓမ္မာကို စိတ်ဝင်စားစွာ လေ့လာလိုက်စားနေကြတယ်

ဗုဒ္ဓရဲ့တရားတော်သည် "သစ္စာတရား" ဆိုတာကိုတော့ ဘုန်းကြီးတို့ ပရိသတ် စွဲမြဲစွာ မှတ်သားထားရမှာပါ။

မြန်မာပြည်ရဲ့ အပြင်ဘက် နိုင်ငံခပ်များများက တက္ကသိုလ် အသီးသီးမှာ ဗုဒ္ဓဘာသာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဆရာ, ဆရာမ တွေရော၊ ကျောင်းသူ, ကျောင်းသားတွေရော-

(က) ဗုဒ္ဓဘာသာအသင်း

(ခ) အဘိဓမ္မာ လေ့လာရေးအသင်း

ဆိုပြီးတော့ အသင်း ဖွဲ့စည်းထားတာ ကမ္ဘာအရပ်ရပ်က တက္ကသိုလ် ခပ်များများမှာ ရှိနေပါတယ်။

အဲဒီအထဲ ဗုဒ္ဓဘာသာမဟုတ်တဲ့ အမျိုးသား အမျိုးသမီးတွေကလဲ တက်တက်ကြွကြွ ပါဝင်နေကြတာဟာ ဘုန်းကြီးတို့ မြန်မာပြည်ထက်

## ဆန္ဒပြည့်ဝဖို့ရန် စတင် ခြေလှမ်းခြင်းပါ

အဲဒီ နှီးနှောဖလှယ်ပွဲတွေမှာ ဖတ်တဲ့ ကျောင်းသူ ကျောင်းသားတွေ ပြုစုတဲ့စာတမ်းတွေ၊ ဆရာ, ဆရာမတွေ ပြုစုတဲ့စာတမ်းတွေကိုအကုန်လုံး ပေါင်းစုပြီးတော့ မန်ချက်စတာ တက္ကသိုလ်က အဲဒီမှာ "အဘိဓမ္မာစာအုပ်" တွေတောင် ထုတ်ထားပြီ၊ ထွက်လဲ ထွက်နေပါပြီ။ အဲ့ဒီစာအုပ်တွေ ဘုန်းကြီး ဟို အင်္ဂလန်မှာ သွားပြီးတော့ နေခဲ့စဉ်ကတည်းကိုက ဘုန်းကြီး ရခဲ့ဖူးပါတယ်။ အခုလဲ အဲဒီစာအုပ်မျိုးတွေ ဘုန်းကြီးတို့လက်ထဲမှာ ရှိတယ်။

အဲဒီတော့ ဘုန်းကြီးတို့က သိပ်အံ့သြတယ်။ ဘာအံ့သြတာလဲလို့ဆိုတော့ ဪ ဗုဒ္ဓရဲ့ အဘိဓမ္မာတရားကို သူတို့ ဒီလောက်တောင် လိုလားတောင့်တနေကြတယ်။ အဲဒီလို လိုလားတောင့်တနေကြတဲ့အထဲ ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေက ပိုပြီးတော့ စိတ်ဝင်စားနေကြတယ်ဆိုတာကို ဒါကို ဘုန်းကြီးအံ့သြတာ။

အဲဒီတော့ သူတို့များ ဒီလိုလုပ်နေကြတယ်ဆိုတာကို သိရတဲ့အချိန်က စ,ပြီးတော့ တို့တိုင်းပြည်၊ တို့အမျိုးသား အမျိုးသမီး၊ညီအစ်ကို မောင်နှမတွေလဲ ဒီလိုဖြစ်ရင်ကောင်းမှာပဲလို့ ဘုန်းကြီးတို့ စိတ်ဆန္ဒ များများကြီး ထိုစဉ်ကတည်းက ဖြစ်ခဲ့ပါတယ်။

ဒီကနေ့ ဘုန်းကြီးတို့ ဒီအခွင့်အရေးကို ရခဲ့တဲ့အတွက်ကြောင့် သိပ်ပြီးတော့ ဝမ်းသာတယ်၊ တစ်နည်းတော့ ဘုန်းကြီးတို့ဆန္ဒပြည့်ဝသွားတယ်လို့တော့ မဆိုသေးဘူးနော်။ တော်တော်ကြာ ဒါနဲ့ရပ်နေမှာ စိုးရတယ်၊ ဟုတ်လား။ ဘုန်းကြီးတို့ဆန္ဒပြည့်ဝဖို့ရန် ဒီကနေ့ စတင် ခြေလှမ်း လှမ်းခြင်းပါပဲ၊ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့။

# (၁) ကိုးကွယ်ခြင်းနှင့် ဘာသာတရား

(PRIMITIVE RELIGION ကမ္ဘာဦးက ကိုးကွယ်ခြင်း)

၁၃၄၆–ခု၊ ဝါဆိုလဆန်း ၁ ရက် (ပထမနေ့)

(၂၈–၆–၈၄)

## ရီလေးဂျင်း (RELIGION) ဆိုတဲ့ ဘာသာရေး

ဒီခေါ့ ဒီကနေ့ ဘုန်းကြီးတို့ ဟောစဉ် ဘယ့်နှယ်ပေးထားသလဲ၊ "ကိုးကွယ်ခြင်းနှင့် ဘာသာတရား" လို့ ပေးထားပါတယ်။

"ကိုးကွယ်ခြင်းနှင့် ဘာသာတရား" ဆိုတာကို ပေးထားတော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ကို ဘုန်းကြီးတို့ ဖြန့်ချိခဲ့ဖူးတဲ့ စာအုပ်တစ်အုပ် ရှိပါတယ်။ "ဗုဒ္ဓဘာသာသည် ရီလေးဂျင်း (Religion) ဆိုတဲ့ ဘာသာရေးမျိုးမဟုတ်" ဆိုပြီးတော့ ဘုန်းကြီးတို့ အိန္ဒိယပြည် နယူးဒေလီမြို့ ရောက်တုန်းက အောလ်အင်ဒီးယား ရေဒီယို (All India Radio) ကနေ အသံလွှင့်ဟောခဲ့တဲ့ စာတန်းကလေးကို ဘုန်းကြီးတို့ ပရိသတ်အား ဖြန့်ချိပေးထားဖူးပါတယ်။

ရီလေးဂျင်း (Religion) ဆိုတဲ့ ဘာသာရေးမျိုးမဟုတ်ကြောင်းကို ဘုန်းကြီးတို့ ဘာကြောင့်ပြောသလဲဆိုတော့ အများကြီး မပြောပါရစေနဲ့၊ တစ်လုံးနှစ်လုံးပဲ နည်းနည်းပါးပါး ပြောပါရစေ။ "ရီလေးဂျင်း (Religion)" ဆိုတဲ့ မြန်မာလို "ဘာသာ" လို့ ခေါ်နေတဲ့ စကားလုံးကို ဘုန်းကြီးတို့စွယ်စုံကျမ်း (Encyclo Pedia) တွေ၊ အဘိဓာန် (Dictionary) တွေ တော်တော်များများ ဘုန်းကြီးမှာ ရှိသလောက်ပေါ့၊ ဘုန်းကြီး လျှောက်ပြီးတော့ ဖွင့်ကြည့်တယ်။ ကြည့်တော့ အောက်စဖို့အဘိဓာန် (OXFORD Dictionary) တစ်အုပ်က ဆိုတာကိုပဲ ဘုန်းကြီး ပြောပါမယ်။

"ရီလေးဂျင်း" ဆိုတဲ့ ဥစ္စာဟာ–

**Belief in worship of a GOD.**

ဘုရားသခင်ထံ ဆုတောင်းမှု၌ ယုံကြည်ခြင်း–တဲ့။

ဒီကတည်းကိုက ဗုဒ္ဓဘာသာနဲ့ ဝေးသွားပြီဆိုတာ ပရိသတ် သဘောပေါက်ပါပြီ။

(၁) Belief in worship of a GOD. ပြီးတော့ OR

(၂) Super natural ruling power.

GODသို့မဟုတ် Super natural ruling power ကို ကိုးကွယ် ယုံကြည်တဲ့ သဘောကို "ရီလေးဂျင်း(Religion)"လို့ ခေါ်တာ။

GODသို့မဟုတ် Super natural ruling power- သဘာဝတရားတွေထက် လွန်ကဲနေတဲ့ တန်ခိုး၊ အဲဒီ တန်ခိုးက ဘာလဲဆိုတော့ ဒီလောကကြီးကို လွှမ်းမိုးပြီးတော့ အုပ်ချုပ်တယ်။ Super natural ruling power- သဘာဝတရားတွေထက် လွန်ကဲနေတဲ့ ကမ္ဘာကြီးကို လွှမ်းမိုးအုပ်ချုပ်တဲ့တန်ခိုး၊ အဲဒီတန်ခိုးကို ယုံကြည်ကိုးကွယ်တာကို ဘာခေါ်လဲ၊ "ရီလေးဂျင်း (Religion)" ခေါ်တယ်။

## ဗုဒ္ဓဘာသာသည် ရီလေးဂျင်း (Religion)လား

ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓတရားတော်အရ ကိုးကွယ်ခြင်းမျိုးက အဲဒါမျိုးမဟုတ်ဘူး။ ဗုဒ္ဓဘာသာကို Religion ဆိုတဲ့ ဝေါဟာရမှတစ်ပါးအခြားဝေါဟာရ သုံးစရာမရှိတော့ Religion လို့ သုံးချင်ရင်တော့ သုံးပိုင်ခွင့်တော့ ရှိပါတယ်။ ဗုဒ္ဓဘာသာသည် အဲဒီရီလေးဂျင်း Religion ဆိုတဲ့ ဘာသာမျိုးထဲမှာ မပါဘူး။

အခု ဘုန်းကြီးတို့ ပြောပြထားတယ်၊ ဒီပြင်ကျမ်းတွေ ပြောပြရရင် ဒီတစ်လုံးတည်းနဲ့ ဘုန်းကြီးတို့ သိပ် အချိန်ကုန်သွားမှာ စိုးလို့ တက္ကသိုလ်က အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ၊ ဆရာဆရာမတွေဆိုတော့ ဒီလိုစာပေမှာ ဘုန်းကြီးတို့ထက် ပိုပြီးတော့ အလှမ်းကျယ်ပါတယ်၊ အမြင်ကျယ်ပါတယ်။ ဒါ့ကြောင့် ဘုန်းကြီး ဒီတစ်လုံးတည်းပဲ ပြောပါရစေ။

Religion ဆိုတာဟာ–

(၁) Belief in worship of a God. OR,

(၂) Super natural ruling power.

အဲဒါဟာ ရီလေးဂျင်း Religion ။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဆိုတာက ဒီအမျိုးအစားကို မဟုတ်ဘူး။ Godကို ယုံကြည်ကိုးကွယ်ခြင်း၊ သို့မဟုတ် ကမ္ဘာကြီးကို လွှမ်းမိုးအုပ်ချုပ်တဲ့ တန်ခိုးတစ်မျိုးမျိုးကို ယုံကြည်ကိုးကွယ်ခြင်း၊ အဲဒါမျိုးကို ရီလေးဂျင်း Religion လို့ ခေါ်ပါတယ်။

အဲဒီအဘိဓာန်ထဲမှာပဲ–

The system of faith or worship based on such belief. နဲ့ ခုနက Super natural power ကို ယုံကြည်ပြီးတော့ ကိုးကွယ်နေတဲ့ စနစ်တမျိုးပေါ့ပဲတဲ့။

အဲဒီလိုပြောထားတယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတရားတော်သည် ဒီအမျိုးအစားထဲမှာ မပါဝင်တဲ့အကြောင်း ဘုန်းကြီးတို့ရိတ်သတ် ဒီလောက်ဆိုသဘောပေါက်ပါပြီ။ ရှေ့ဒီထက်ပိုပြီး ရှင်းသွားမယ်။

ဒီတော့ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓကိုယ်ဘိုင် မိန့်တော်မူခဲ့တဲ့ ပါဠိတော်ပေါင်းများစွာထဲက အကိုးအကားတွေများစွာပြ ရာရှိပါတယ်။ ဘုန်းကြီး ပါဠိတစ်ပုဒ် အကိုးအကားအဖြစ် ရွတ်ပြပါရစေ။

## ဧစတိ ဘယ်နှစ်မျိုး ရှိပါသလဲ

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။
(ဓမ္မပဒ=ဋ္ဌ ဒု ၁၅၉)

ဘေးအမျိုးမျိုးတို့ဖြင့် ခြောက်လှန့်ခံကြရကုန်သော သတ္တဝါများစွာတို့သည် အမျိုးမျိုး ကိုးကွယ်ရာ ရှာကြတယ် တဲ့၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ဖြင့် ခြိမ်းခြောက်ခံရတဲ့ သတ္တဝါတို့သည် ကိုးကွယ်ရာအမျိုးမျိုးရှာကြတယ်။

ဘာတွေများ ကိုးကွယ်ကြသလဲ။

ပဗ္ဗတာနိစ တချို့ တောင်ကြီးတွေကို ကိုးကွယ်ကြတယ်။
ဝနာနိစ–တချို့ တောကို ကိုးကွယ်ကြတယ်။
အာရာမ–တချို့ ဥယျာဉ်ကြီးတွေကို ကိုးကွယ်ကြတယ်။

တချို့ကျတော့–

ရုက္ခ–သစ်ပင်ကြီးတွေကို ကိုးကွယ်ကြတယ်။
စေတျာနိစ–စေတီကြီးတွေကို ကိုးကွယ်ကြတယ်။

ဘေးဒုက္ခအမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ဖြင့် ခြိမ်းခြောက်ခံကြရတဲ့ လူသားတို့သည် ကိုးကွယ်ရာအမျိုးမျိုးရှာကြတယ်။ ကိုးကွယ်ရာတွေက ဘာတွေလဲ၊ တော, တောင်, ရေ, မြေ, နေ, လ, နက္ခ, တာရာ, သစ်ပင်, ဥယျာဉ်, စေတီ–တဲ့၊ အဲဒါတွေကို ကိုးကွယ်ကြတယ်။ ဒီအထဲမှာ ဘုန်းကြီးတို့ပရိသတ် ထူးဆန်းသွားမလား။

"စေတီ"ဆိုတဲ့စကားလုံး ဘုန်းကြီး ထည့်ပြောလိုက်တယ်။

ဒီတော့ ဒီဗုဒ္ဓရဲ့ မိန့်ခွန်းတော် ပါဠိတော်ပိုဒ်ကို မရှင်းလင်းသေးမီ "စေတီ"ဆိုတဲ့စကားလုံး ထည့်သုံးထားတာကို ဘုန်းကြီးတို့ နည်းနည်း ရှင်းလင်းတင်ပြပါရစေ။

အိန္ဒိယပြည် ဝေသာလီမြို့ရဲ့ ပတ်ဝန်းကျင်မှာ သာရန္ဒဒစေတီ၊ ဂေါတမကစေတီ၊ ဗဟုပုတ္တစေတီ၊ စာပါလစေတီ၊ ဥဒေနစေတီ၊ သတ္တမ္ဗစေတီ၊

"ကျောင်းသူ ကျောင်းသားတွေ စေတီ-စေတီလို့ ဘယ်နှစ်ခွန်း ပြောလိုက်လဲ"

"...............

"နောက်တစ်ခေါက် ပြန်လိုက်ဦးမယ်=သာရန္ဒဒစေတီ၊ ဂေါတမကစေတီ၊ ဗဟုပုတ္တစေတီ၊ စာပါလစေတီ၊ ဥဒေနစေတီ၊ သတ္တမ္ဗစေတီ၊– စေတီဘယ်နှစ်ခုပြောလိုက်လဲ"

"ခြောက်ခုပါဘုရား"

"အဲ=ဟုတ်လာပြီ"

ဝေသာလီမှာ၊ ဝေသာလီဆိုတာ ရခိုင်ပြည်က ဝေသာလီပြောတာ မဟုတ်ပါဘူး၊ အိန္ဒိယပြည်က ဝေသာလီမြို့ကိုပြောတာ။ အိန္ဒိယမှာ ဗုဒ္ဓမပေါ်မီကတည်းက "စေတီ=စေတီ"ဆိုတာ ရှိနေပါပြီ၊ အံ့သြစရာ မကောင်းဘူးလား။ တကယ်ဆိုတော့ စေတီ -ဆိုတာ မြတ်ဗုဒ္ဓပေါ်မှ သာလျှင် ပေါ်ရတာမျိုးဖြစ်ပါတယ်။

ပရိသတ်အများကြီး သိထားတဲ့–

(၁) ဓာတုစေတီ၊
(၂) ဓမ္မစေတီ၊
(၃) ပရိဘောဂစေတီ၊
(၄) ဥဒ္ဒိဿကစေတီ၊

ဒါကို အများကြီး သိထားတယ်။

ဘုန်းကြီးတို့ ဒါကိုထပ်ပြီးတော့ သိပ်မရှင်းတော့ပါဘူး။

ဘုရားရဲ့ရုပ်ပိုင်းက ဖြစ်တဲ့ဓာတ်တော်၊ အသွေး, အသား, ဆံပင်, မွေးညှင်း၊ ဒါတွေကဖြစ်တာကို "ဓာတုစေတီ" လို့ ခေါ်တယ်။

ဉာဏ်တော်ကဖြစ်တဲ့ ဓမ္မက္ခန္ဓာ, ပိဋကတ်သုံးပုံ စသည်တို့သည် "ဓမ္မစေတီ"

ဘုရားသုံးဆောင်တဲ့ ဗောဓိပင်, ဇေတဝန်ကျောင်း, သပိတ်, သင်္ကန်း စတဲ့ ပစ္စည်းတွေ၊ ဒါက "ပရိဘောဂစေတီ"

ဗုဒ္ဓကို ပုံတူပြု ရည်ညွှန်းပြီး ထုလုပ်ထားတဲ့ပုံတူတွေက "ဥဒ္ဒိဿက စေတီ"

အဲဒီ စေတီတွေဟာ ဗုဒ္ဓပေါ်မှ ပေါ်တယ်၊ဗုဒ္ဓ မပေါ်ခင် စေတီ မရှိနိုင်ဘူး၊ သေချာရဲ့လား။

## နတ်ကွန်းကြီးတွေကို စေတီဆိုပြီး ကိုးကွယ်ကြတယ်

ဘုရားမှ ပရိနိဗ္ဗာန် မစံသေးပဲနဲ့ ဓာတုစေတီ မရှိနိုင်ဘူး၊ ဗုဒ္ဓက တရားမှမဟောသေးပဲနဲ့ ဓမ္မစေတီမရှိနိုင်ဘူး၊ ဗုဒ္ဓရဲ့ဗောဓိပင် မပေါက်သေး သမျှ ကာလပတ်လုံး ပရိဘောဂစေတီ မပေါ်နိုင်ဘူး၊ ရုပ်တုဆင်းတု မထု သေး မပေါ်ပေါက်သေးသမျှ ကာလပတ်လုံး ဥဒ္ဒိဿကစေတီ မရှိနိုင်ဘူး၊ ဟုတ်တယ်နော်။ ဆင်းတုတွေ ဘာတွေပေါ်တဲ့ သမိုင်းတွေ စစ်ဆေးနေရင် သိပ်ကြာသွားမယ်။ ဒါလောက်ပဲ မှတ်ထား။

ဓာတုစေတီ, ဓမ္မစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿကစေတီ ဗုဒ္ဓ ပွင့်ပြီးမှ ပေါ်ရတဲ့ စေတီတွေဖြစ်တယ်။သို့သော် ဗုဒ္ဓမပွင့်ခင်ကတည်းကိုက ဝေသာလီမှာ သာရန္ဒဒစေတီ၊ ဂေါတမကစေတီ၊ ဗဟုပုတ္တစေတီ၊ သတ္တမ္ဗ စေတီ၊ ဥဒေနစေတီ၊ စာပါလစေတီလို့ စေတီတွေ စေတီတွေ ရှိနေ ခဲ့ပြီ။

ဝေသာလီပြည်ကြီး တစ်ပြည်လုံးရဲ့ ပတ်ဝန်းကျင်မှာ အဲဒါဘာတွေ လဲ ဆိုတော့–

(၁) သာရန္ဒဒစေတီ ဆိုတာ သာရန္ဒဒနတ်ဘီလူးကြီးရဲ့ နတ်ကွန်း ကြီး ဖြစ်တယ်။

(၂) ဥဒေနစေတီဆိုတာ ဥဒေနနတ်ဘီလူးကြီးရဲ့ နတ်ကွန်းကြီး ဖြစ်တယ်။

(၃) ဂေါတမကစေတီတဲ့၊ ဂေါတမက နတ်ဘီလူးကြီးရဲ့ နတ်ကွန်းကြီး ဖြစ်တယ်။

(၄) စာပါလစေတီဆိုတာ စာပါလနတ်ဘီလူးကြီးရဲ့ နတ်ကွန်းကြီး ဖြစ်တယ်။

(၅) သတ္တမ္ဗစေတီတဲ့၊ အဲဒါကတော့ နည်းနည်းထူးတယ်၊ ဥယျာဉ်ကြီး၊ အဲဒီဥယျာဉ်ကြီးထဲမှာ သရက်ပင်ကြီး ခုနစ်ပင် တန်းပြီးတော့ပေါက်နေတယ်။ သရက်ခုနစ်ပင် စီတန်းပြီးတော့ ပေါက်နေတဲ့ ဥယျာဉ်မှာ နတ်မင်းကြီးများ အုပ်ချုပ်နေတယ် ဆိုပြီးတော့ ဒီသရက်ပင် အကိုင်းမချိုးနဲ့၊ အရွက်မခူးနဲ့၊ အသီးမစားနဲ့၊ နတ်ဖမ်းလိမ့်မယ်။ ကြောက်လန့်လို့ ဆိုပြီးတော့ သရက်ခုနစ်ပင် ရှိခိုးရာကအစ အဲဒါသတ္တမ္ဗစေတီလို့ ဖြစ်သွားခဲ့တယ်၊ သရက် ခုနစ်ပင် နတ်ကွန်းပဲ။

(၆) ဗဟုပုတ္တစေတီ၊ ဒါလဲ နည်းနည်းစိတ်ဝင်စားစရာကောင်းတယ်၊ နတ်သမီးနဲ့နတ်သား ဇနီးခင်ပွန်း နှစ်ယောက်တို့ နေကြတယ်၊ နည်းနည်း အရုပ်ပြော ပြောရရင် နတ်လင်မယားနှစ်ယောက် နေကြတယ်။ သားသမီးတွေ အများကြီးပဲတဲ့၊ နတ်လဲ သားတွေ သမီးတွေ မွေးသေးတာပဲ၊ သားသမီး အလွန်များတဲ့ အဲဒီနတ်ဇနီးခင်ပွန်းနေတဲ့ ဥယျာဉ်ကြီးကို ဗဟုပုတ္တစေတီလို့ဆိုပြီးတော့ ဝေသာလီက ကိုးကွယ်ကြတယ်။

ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ကိုးကွယ်မယ်ဆိုတာ စဉ်းစားကြည့်ရင် သိလောက်တယ်။ သားသမီး သိပ်များတဲ့ နတ်သား နတ်သမီးကို ကိုးကွယ်တယ် ဆိုတော့ အဲဒါ တစ်ခုခုဖြစ်ရမယ်ပေါ့၊ သူ့အကြောင်းတွေနဲ့သူ ဒီလို ကိုးကွယ်လာကြတာ။

## ဗုဒ္ဓမပွင့်ခင်ကတည်းက ရှိနေခဲ့ကြတာ

ဒီတော့ အခု ဘုန်းကြီးပြောတဲ့ အဓိပ္ပာယ်ကို နားလည်လောက်ကြပါပြီ၊ ဝေသာလီ တစ်ပတ်လည်က စေတီ စေတီဆိုတာတွေ အကုန်လုံးဟာ ဘာတွေပါလဲ၊ နတ်ကွန်းတွေချည်းပဲ။ နတ်ကွန်းတွေ အိန္ဒိယမှာ ဗုဒ္ဓမပွင့်မီက ဘယ်လိုခေါ်သလဲ၊ စေတီလို့ ခေါ်ခဲ့ကြတာပဲ။

"စေတယိတဗ္ဗံ အပစိတိတဗ္ဗံ ပူဇိတဗ္ဗံ ဣတိ စေတိယံ"

ရှိခိုးအပ်သောအရာဌာန၊ အရိုအသေပြုအပ်သောအရာဌာန၊ ပူဇော်အပ်သောအရာဌာန၊ ဒါတွေအားလုံးကို ဘာခေါ်သလဲ၊ စေတီတဲ့။ အဲဒါ

အိန္ဒိယမှာ ရှေးကခေါ်တဲ့ ခေါ်ရိုးခေါ်စဉ် ဖြစ်ပါတယ်။ ရှိခိုးရတဲ့နေရာ၊ အရိုအသေပြုရတဲ့နေရာ အကုန်လုံးကို အိန္ဒိယကစေတီလို့ ခေါ်ပစ်လိုက်ကြတယ်။ ရှိခိုးသင့်ရှိခိုးထိုက်၊ ပူဇော်သင့် ပူဇော်ထိုက်တယ် မထိုက်တယ် မတွေးဘူး၊ သူတို့ရှိခိုးရင် အဲဒါအကုန်လုံးကို သူတို့ကတော့ စေတီပဲ ခေါ်တော့တာပါပဲ။

အဲဒါနဲ့ မြတ်ဗုဒ္ဓပွင့်တော်မူလာတဲ့ အချိန်ရောက်တော့ အဲဒီစေတီလို့ ခေါ်တဲ့ နတ်ကွန်းကြီးတွေနဲ့ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့စေတီလေးပါးနဲ့ခွဲထားပြီးတော့ မြတ်စွာဘုရားက စေတီဆိုတာဟာ ဒါတွေ ဒါတွေ ဆိုတာကို ခွဲပြီးတော့ နောက်တော့ ပြန်ပြောပြရတယ်။

ဒီတော့ယင် ခု ဝေသာလီပြည်သူပြည်သားတွေဟာ နတ်စင်တွေ နတ်ကွန်းတွေ အကုန်လုံးကို စေတီသမုတ်ပြီးတော့ ရှိခိုးနေကြကြောင်း၊ ဗုဒ္ဓမပွင့်ခင်ကတည်းက ရှိနေခဲ့ပြီဆိုတဲ့ အကြောင်းကို ဘုန်းကြီးတို့ ပရိသတ်သိကြရပါပြီ။

## ဘာသာကို ထူထောင်ခဲ့သူများ

ဒီကနေ့ ကမ္ဘာမှာအလွန်ထင်ရှားတဲ့ကိုးကွယ်ရာဘာသာကြီးလေးခုရှိတယ်။ အဲဒီလေးခုမှာ Religion လို့ ခေါ်တဲ့ ဘာသာကို စတင် ထူထောင်တဲ့ ပုဂ္ဂိုလ်နဲ့ ဒီဘာသာတရား စ,ပေါ်တဲ့ သက္ကရာဇ်ကို ရှာမရတာကတော့ ဟိန္ဒူဝါဒပါပဲ။

Hinduism ဟိန္ဒူဘာသာကို ထူထောင်တဲ့ပုဂ္ဂိုလ် ဘယ်သူလဲဆိုတာ မယ်မယ်ရရ ရှာမရဘူး။

အဲဒီဘာသာတရား ဘယ်အခါက စ,ခဲ့တယ်ဆိုတဲ့ သက္ကရာဇ်ကိုလဲပဲ ဘုန်းကြီးတို့ ရှာလို့မရဘူး။

ပီပီပြင်ပြင် ဘာသာတရားကို ဖော်ထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်များနဲ့ ထိုဘာသာတရားတွေ ပေါ်ပေါက်လာတဲ့ သက္ကရာဇ်တွေကို ရှာလို့ရတာကတော့—

(၁) ဗုဒ္ဓဘာသာ။
(၂) ခရစ်ယာန်ဘာသာ။
(၃) အစ္စလာမ်ဘာသာ၊

ဒီဘာသာ သုံးခုကတော့ တည်ထောင်သူကလဲ ပီပီသသ ထင်ထင်ရှားရှား ရှိပါတယ်။ သက္ကရာဇ်တွေကလဲ ပီပီသသ ထင်ထင်ရှားရှား ရှိပါတယ်။

ဒီတော့ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓသည် –

(၁) ဘီစီ (B.C 623) ၆၂၃ မှာ ဖွားမြင်ပါတယ်။

ဒါကို ဘုန်းကြီးတို့ ပရိသတ် မှတ်သားထားဖို့ လိုလိမ့်မယ်၊ ခရစ်မပေါ်မီ ၆၂၃ မှာ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဖွားမြင်ပါတယ်။

(၂) ဘီစီ (B.C 588) ၅၈၈ မှာ ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ပါတယ်။

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓသည် ခရစ်တော်ထက် နှစ်ဘယ်လောက် စောသလဲ ဆိုတာကို ဘုန်းကြီးတို့ပရိသတ်ပြောနိုင်ကြပါပြီ။ ဖွားတာနဲ့ပဲ ပြောပြော၊ ဗုဒ္ဓအဖြစ်ရောက်တာနဲ့ပဲ ပြောပြော ပြောလို့ရတယ်။အဲဒီလိုဆိုလို့ရှိရင် ခရစ်တော်သည် ဗုဒ္ဓရဲ့နောက် နှစ်ဘယ်လောက် နောက်ကျတယ် ဆိုတာလဲ အလိုလို အဓိပ္ပာယ်ပါသွားပါပြီ။

ခရစ်တော်သည် ဗုဒ္ဓ၏နောက် ၆၂၃ နှစ် နောက်ကျပြီးမှ ဖွားပါတယ်။

နောက် ဘုန်းကြီးတို့ပရိသတ် သက္ကရာဇ်တစ်ခုမှတ်ဖို့က အစ္စလာမ် ဘာသာကို ထူထောင်ခဲ့တဲ့ မိုဟာမက်။ မိုဟာမက်ကတော့ အေဒီ (A,D 571) ၅၇၁ မှာ ဖွားတယ်၊ အေဒီ (A.D) ဆိုတော့ သူက ခရစ်တော်နောက် ဘယ်လောက် နောက်ကျတယ်ဆိုတာ သိသာကြပါပြီ။

အဲဒီ မိုဟာမက် စတင်တရားဟောတဲ့အချိန်ကို ဘုန်းကြီးတို့ကြိုးစားပြီးတော့ ဖွေရှာတော့ အေဒီ (A.D 610) ၆၁၀၊ သက်တော်လေးဆယ် ခန့်မှာ မိုဟာမက်သည် စတင်၍တရားတော်များဟောတယ်လို့ ဘုန်းကြီးတို့ ဒီလိုရှာလို့ ရပါတယ်။အနည်းငယ် လွဲချင်လွဲပါလိမ့်မယ်။ နှစ်နှစ် သုံးနှစ် အကွာအဟ ရှိကောင်းရှိပါလိမ့်မယ်။ ဒါကိုတော့ ခွင့်ပြုကြပါ၊ ဖွားတဲ့ သက္ကရာဇ်ကတော့ သေချာတယ်၊ ၅၇၁ အေဒီ။

ဒီတော့ ဒီဘာသာကြီး သုံးခုမှာ ဘယ်ဘာသာ အစောဆုံးဆိုတာ ဘုန်းကြီးတို့ပရိသတ် သိကြတယ်။

"ဘယ်ဘာသာ အစောဆုံးပါလဲ"
"ဗုဒ္ဓဘာသာပါ ဘုရား"
"ဗုဒ္ဓဘာသာသည် အစောဆုံးပဲ"

## အစောဆုံး ပေါ်ပေါက်လာတဲ့ ဘာသာ

မြတ်ဗုဒ္ဓသည် ခရစ်တော်ထက်နှစ်ပေါင်း ၆၂၃ နှစ်စောပါတယ်။ မိုဟာမက်ထက် ဘယ်လောက်စောမယ်ဆိုတာကို ဘုန်းကြီးတို့ရသိတ် ၆၂၃ နဲ့ ၅၇၁ ကို ပေါင်းကြည့်ယင်သိမယ်၊ ဘယ်လောက်ဖြစ်မလဲ၊ မြတ်ဗုဒ္ဓသည် အစ္စလာမ်ဘာသာကို တည်ထောင်တဲ့ မိုဟာမက်ထက် နှစ်ပေါင်း ၁၁၉၄ နှစ်စောပါတယ်။ ဒီတော့ သက္ကရာဇ်ရှာရာတွင် တည်ထောင်သူကို ရှာလို့ရတဲ့ ဘာသာကြီးသုံးခုထဲမှာ—

(၁) ဗုဒ္ဓဘာသာသည် အစောဆုံး၊ (၂) ဒုတိယ ခရစ်ယာန်ဘာသာ၊ (၃) တတိယ အစ္စလာမ်ဘာသာ ဒီလိုဖြစ်ပါတယ်။

ကမ္ဘာ့ ဘာသာကြီးလေးခုထဲမှာ ဟိန္ဒူဘာသာ ဘယ်တုန်းက စပေါ်တယ်ဆိုတဲ့ သက္ကရာဇ်ရှာလို့မရပါဘူး။

အဲဒီဟိန္ဒူဘာသာကို စထူထောင်သူ Founder ကို ရှာလို့မရပါဘူး။

ဗုဒ္ဓဝါဒ Buddhism ကို စတင်ထူထောင်တာကတော့ "သိဒ္ဓတ္ထ ဂေါတမ"

ခရစ်ယာန်ဘာသာကို စတင်ထူထောင်သူကို အားလုံးသိပါတယ် JESUS CHRIST၊

အစ္စလာမ်ဘာသာကို စတင်ထူထောင်တဲ့ ပုဂ္ဂိုလ်ကတော့ မိုဟာမက် MUHAMMAD ဖြစ်ပါတယ်။

ဒီတော့ယင် မြတ်ဗုဒ္ဓမပွင့်မီက ဝေဒေသလီမှာ ခုနက ဘာတွေရှိလဲ၊ စေတီတွေရှိတယ်။ အဲဒီ စေတီ-စေတီဆိုတာတွေ ဘယ်ဘာသာက ခွဲထွက်တယ်ဆိုတာ ဘုန်းကြီးတို့ ရသိတ် သိလောက်ပြီ၊ ဟိန္ဒူဘာသာက ခွဲထွက်လာတာတွေ၊ ဟုတ်လား။ ဗုဒ္ဓမပေါ်ခင်ကတည်းက ဟိန္ဒူဘာသာ ရှိနေပါတယ်၊ သို့သော် သက္ကရာဇ်နဲ့တည်ထောင်သူ Founder ကိုသာ ရှာမရတာ၊ ဟိန္ဒူဘာသာသည် ဗုဒ္ဓဘာသာထက်အများကြီးစောပါတယ်။

အဲဒီရဲ့ အခွံလေးတွေထဲမှာ အခုဘာတွေနေသလဲ၊ နတ်ကွန်းတွေကို စေတီဆိုပြီးတော့ ရှိခိုးတာ ဝေသာလီမှာ အထင်အရှား တွေ့ရပါတယ်။ ဒီနတ်ကွန်းစင်တွေကို ဘာကြောင့် ရှိခိုးရသလဲဆိုတဲ့ အကြောင်းကို ရှာယင် ဘုန်းကြီးတို့မြတ်ဗုဒ္ဓဟောတဲ့ သုတ္တန်များစွာထဲက ခုနက ဘုန်းကြီး ရွတ်ပြထားတဲ့ -

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။ ။

(ဓမ္မပဒ-ဋ္ဌ-ဒု-၁၅၉)

ဘေးအန္တရာယ်အမျိုးမျိုးနဲ့ခြိမ်းခြောက်ခံကြရတဲ့ သတ္တဝါများစွာတို့သည် ကိုးကွယ်ရာအမျိုးမျိုးကို ရှာကြတယ်။

တိုက်ရိုက်ဘာသာပြန်ခြင်းပါပဲ။

## ဘာ့ကြောင့် ကိုးကွယ်နေကြရသလဲ

ဘာတွေကို ကိုးကွယ်သလဲ။ တောတွေ ကိုးကွယ်တယ်။ တောင်တွေကိုးကွယ်တယ်၊ သစ်ပင်တွေကို ကိုးကွယ်တယ်၊ ဥယျာဉ်တွေကို ကိုးကွယ်တယ်၊ စေတျာနိတဲ့ စေတီတွေကို ကိုးကွယ်တယ်၊ ပြောထားပြီးပြီ။ စေတီဆိုတာ နတ်ကွန်းတွေ၊ ဟုတ်လား။ ဓာတု, ဓမ္မ, ဥဒ္ဒိဿ, ပရိဘောဂ ဆိုတဲ့ စေတီတွေကို ဒီသုတ္တန်က မဆိုလိုပါဘူး။ အာရာမရုက္ခစေတျာနိ - ဥယျာဉ်တွေ, သစ်ပင်တွေ, နတ်စင်တွေ, နတ်ကွန်းတွေကို ရှိခိုးတယ်။

အဲဒီဥယျာဉ်တွေ, သစ်ပင်တွေ, နတ်စင်တွေ, နတ်ကွန်းတွေ, တောတွေ တောင်တွေ အကုန်လုံးကို သူတို့က ဘယ်လိုသမုတ်ပြီးတော့ ရှိခိုးလိုက်ကြသလဲ၊ "စေတီ" လို့ သမုတ်ပြီးတော့ ရှိခိုးလိုက်ကြတယ်။ ဟော-ဘာသာရေးတိုးတက်သွားတာ။

စောစောကတော့ သစ်ပင်ကြီးကို သစ်ပင်အတိုင်း ရှိခိုးနေတယ်၊ ဥယျာဉ်ကြီးကို ဥယျာဉ်အတိုင်း ရှိခိုးနေတယ်၊ ကျောက်ဆောင်ကြီးကို ကျောက်ဆောင်ကြီးအတိုင်း ရှိခိုးနေတယ်။ အဲဒါကိုနည်းနည်းအသိဉာဏ် ရင့်ကျက်တဲ့ ခေတ်ရောက်လို့ တဖြည်းဖြည်း တိုးတက်လာတော့ သူတို့ ဘယ်နှယ် သမုတ်လိုက်သလဲ၊ စေတီ။ "စေတီ" လို့ သမုတ်ပေးလိုက်တော့ လူ့ရဲ့ကိုးကွယ်တဲ့စိတ်ဟာ နည်းနည်းပြောင်းသွားတယ်။

ဒီသစ်ပင်ကို ဘာကြောင့် ရှိခိုးသလဲ၊ ဒီတော ဒီတောင်တွေကို ဘာကြောင့် ရှိခိုးသလဲ၊ အကြောင်းရှာကြည့်။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ပြောထားတယ်။

"ဘယတဇ္ဇိတာ" - တဲ့။

ဘယတဇ္ဇိတာ - ဘေးရန်အန္တရာယ် အမျိုးမျိုးတို့ဖြင့် ခြိမ်း ခြောက်ခံကြရကုန်သော။

ဘာကြောင့် ကိုးကွယ်သလဲ ဆိုယင် အဖြေက ဘေးအန္တရာယ်တွေ ခြိမ်းခြောက်ခံရလို့ ကိုး ကွယ် တာ ဖြစ် ပါ တယ်။ အဲဒါကို ပါဠိတော်ဝေါဟာရမှာ "ဘယတဇ္ဇိတာ"၊ ဘေးအန္တရာယ်အမျိုးမျိုးရဲ့ ခြိမ်းခြောက်ခံရလို့ ကိုးကွယ်ရာအမျိုးမျိုးကို ရှာကြပါတယ် - တဲ့၊ ဟုတ်လား။

ဘေးအန္တရာယ်အမျိုးမျိုးနဲ့ ခြိမ်းခြောက်ခံရပြီဆိုယင် ခြိမ်းခြောက်ခံရတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ ဘာဖြစ်လဲ၊ ဘုန်းကြီးတို့ ပရိတ်သတ် မှတ်လိုက်ကြပါ၊ ကြောက်စိတ်ဝင်လာတယ်။ အဲဒီ Awe ဆိုတဲ့ ဥစ္စာဟာ ကြောက်စိတ်၊ ပါဠိက "ဘယတဇ္ဇိတ" ခေါ်ပါတယ်။

ဘယတဇ္ဇိတာ = ဘေးရန် အမျိုးမျိုးတို့ဖြင့် ခြိမ်းခြောက်ခံကြရကုန်သည်ဖြစ်၍။

ဒီတောတောင်တွေ၊ သစ်ပင်တွေ၊ နေတွေ၊ လတွေ၊ နက္ခတ်တွေ၊ ဂြိုဟ်တွေ၊ ဥယျာဉ်တွေ၊ နတ်စင်တွေ၊ နတ်ကွန်းတွေကို ဘာကြောင့် ရှိခိုးသလဲ၊ ဘာကြောင့် ကိုးကွယ်ကြသလဲ။ ဘုန်းကြီးတို့ ပရိသတ်များ တလုံးတည်း မှတ်ပါ၊ "ကြောက်စိတ်နဲ့ ကိုးကွယ်တာ"။ ဘာနဲ့ ကိုးကွယ်တယ်၊ ကြောက်စိတ် — တဲ့၊ ကြောက်လို့ ကိုးကွယ်တာ ဖြစ်တယ်နော်။

သစ်ပင်ကြီးကို ဘာကြောင့် ရှိခိုးသလဲ၊ ကြောက်လို့။

တော တောင် နေ လ နက္ခတ်တွေကို ဘာ ကြောင့် ရှိခိုးသလဲ၊ ကြောက်လို့။

(နမော ဝိဘင်္ဂဝါဒိနော ဖြင့် ပထမနေ့ အခမ်းအနား ရုပ်သိမ်းသည်။)

❀

# (၂) ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်း

## (BUDDHIST DEVOTION)

၁၃၄၆–ခု၊ ဝါဆိုလဆန်း ၂ ရက် (ဒုတိယနေ့)
(၂၉–၆–၈၄)

## တောင်သည့်သင်္ကရာဇ် ရှာလို့မတွေ့

ယမန်နေ့က ဟောပြောခဲ့တဲ့ "ကိုးကွယ်ခြင်းနှင့် ဘာသာတရား" များ ပေါ်ပေါက်လာပုံအကြောင်း အဆုံးမသတ်ခဲ့ရသည့် အတွက်ကြောင့် ဒီကနေ့ ထိုအကြောင်းအရာနဲ့ ဤယနေ့ဟောပြောမယ့်"ဗုဒ္ဓဝါဒအရ ကိုး ကွယ်ခြင်း" အကြောင်းအရာကို ဆက်စပ်ပြီးတော့ ဘုန်းကြီးတို့ ဟော ပြောပါ့မယ်။ ဟောပြောပွဲစတင်တဲ့ အခါ ဘုန်းကြီးတို့ ပရိသတ်အား လက်ဆောင် ပေးထားပြီး ဖြစ်တဲ့ ဘုရားရှိခိုးဖြင့် အခမ်းအနားကို စတင် ဖွင့်လှစ်ကြရအောင်–

(နမောဝိဘဇ္ဇဝါဒိနောဖြင့် အခမ်းအနားဖွင့်သည်။)

ဤယနေ့ကမ္ဘာမှာ ထင်ရှားတဲ့ ကိုးကွယ်ရာ ဘာသာကြီး လေး ခု တို့တွင်–

(၁) ဟိန္ဒူဝါဒ။

တည်ထောင်သူနှင့် တည်ထောင်သည့်သင်္ကရာဇ် ဖွေရှာလို့ မရဘူး။

(၂) ဗုဒ္ဓဝါဒ။

ခရစ်တော်၏ ရှေ့ ၆၂၃ နှစ် စော၍ ပေါ်ပေါက်ခဲ့ပါတယ်။

(၃) ခရစ်ယာန်ဝါဒ။

ဗုဒ္ဓဝါဒ၏နောက် ၆၂၃ နှစ် နောက်ကျပြီးတော့ ပေါ်ပေါက်ခဲ့ ပါတယ်၊ စောတာနဲ့ နောက်ကျတာ။

(၄) အစ္စလာမ်ဝါဒ။

ဗုဒ္ဓ၏နောက် ဘုန်းကြီး တွက်ပြီးသား တစ်ခါတည်း တန်းပြော လိုက်ပါ့မယ်၊ ၁၁၉၄ နှစ် နောက်ကျ၍ ပေါ်ပေါက်ပါတယ်။

ကမ္ဘာ့ဘာသာကြီး လေးခုတွင် ဟိန္ဒူဝါဒကို တည်ထောင်သူနဲ့ တည်ထောင်တဲ့ သင်္ကရာဇ်ကို ရှာလို့မရဘူး၊ စောလွန်းလို့ ဖြစ်ပါတယ်။ တနည်းအားဖြင့် ထိုဝါဒကို တည်ထောင်တဲ့ ဖောင်းဒါး Founder တည် ထောင်သူရယ်လို့ သီးသီး သန့်သန့် မရှိတဲ့ အတွက်ကြောင့် သင်္ကရာဇ်ကို မဖော်ထုတ်နိုင်ခြင်း ဖြစ်ပါတယ်။

ဟိန္ဒူဝါဒ စတင်ပေါ်ပေါက်တဲ့ သက္ကရာဇ် ဘာကြောင့် မပြောနိုင်သလဲဆိုရင် အဖြေကတော့ ထိုဝါဒကို တည်ထောင်တဲ့ ပုဂ္ဂိုလ်ကို မရှိတဲ့အတွက်ကြောင့် ထိုဟိန္ဒူဝါဒ တည်ထောင်တဲ့ သက္ကရာဇ်ကို ပြောမပြနိုင်ပါဘူး။ တည်ထောင်တဲ့ပုဂ္ဂိုလ်ရှိယင် တည်ထောင်သူရဲ့သက္ကရာဇ်ကို ကြိုးစား၍ ရှာယင်ရနိုင်စရာ အကြောင်း ရှိပါတယ်။

ဗုဒ္ဓဝါဒက ဟိန္ဒူဝါဒရဲ့နောက် ဘယ်လောက် ကျတယ်ဆိုတာကို ပြောလို့ မဖြစ်တော့ဘူး။ ဘာကြောင့်လဲ၊ ဟိန္ဒူဝါဒရဲ့ သက္ကရာဇ် မရှိတဲ့အတွက်ကြောင့် ဗုဒ္ဓဝါဒသည် ဟိန္ဒူဝါဒရဲ့ နောက်မှာ ဘယ်လောက်နောက်ကျတယ်ဆိုတာ ပြောလို့ မဖြစ်တော့ဘူး။ ခရစ်တော်ထက် ဘယ်လောက် စောတယ်ဆိုတာ တိတိ ကျကျ ပြောလို့ရပါတယ်။ ၆၂၃ နှစ် စောပါတယ်၊ ဘီစီ ၆၂၃(B.C 623)။

သိဒ္ဓတ္ထမင်းသားကို လုမ္ဗိနီမှာ ဖွားပါတယ်၊ ဘီစီ ၆၂၃။ လုမ္ဗိနီမှာ သိဒ္ဓတ္ထမင်းသားကိုဖွားတော့ ဖွားလျှင်ဖွားချင်း ဗုဒ္ဓဝါဒသည် ပေါ်ပေါက်ပြီသားလို့ ဆိုယင် ဘုန်းကြီးတို့ ပရိသတ် ဒီလောက်တော့ ဘုန်းကြီးတို့ မပြောပဲနဲ့ သိပါတယ်။ မင်းသိဒ္ဓတ်ဖွားတာနဲ့ တပြိုင်နက်တည်း ဗုဒ္ဓဝါဒပေါ်လာတာ မဟုတ်သေးပါဘူး၊ ဖွားတဲ့သက္ကရာဇ်ကိုသာ ဘုန်းကြီးတို့ အခုပြောပြထားတာ။

ဗုဒ္ဓဝါဒ ဘယ်တော့မှပေါ်မလဲ၊ ဗုဒ္ဓအဖြစ်သို့ရောက်မှပဲ ဗုဒ္ဓဝါဒက ပေါ်ရမယ်။

ဒီတော့ ဖွားတော်မူသည်က စပြီးတော့ ဗုဒ္ဓဖြစ်တော်မူသည့် အထိ ကြားထဲမှာ နှစ်ပေါင်း ဘယ်လောက် ကြာမလဲ၊ ဒါဆိုယင်တော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ, ကျောင်းသူကျောင်းသားတွေ "လယ်တီဆရာတော်ဘုရားကြီးရဲ့ ခုနစ်နေ့ဘုရားရှိခိုး"ကို ကြေကြေ ညက်ညက် လေ့လာထားယင် ဒါ သိနိုင်တယ်။ ဒီတော့ ဘုန်းကြီးတို့ ရွတ်ပြနေဦးမယ်ဆိုယင် အချိန် တွေ အများကြီး ကုန်သွားမှာ စိုးရပါတယ်။

## စိစစ်၍ တင်ပြရခြင်းပါ

ဘုန်းကြီးတို့ သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ် တော့ သက်တော် ဘယ် လောက် ပါလဲ၊ သက်တော် ၃၅ နှစ် ဟုတ် လား၊ အဲဒါကြောင့် ဘီစီ ၆၂၃ ထဲက ၃၅ နှစ်ကို နုတ်လိုက်ယင် ၅၈၈ ဖြစ်ပါတယ်။ ဗုဒ္ဓ

အဖြစ် ဘယ်နှစ်ရောက်သလဲဆိုရင် ဘီစီ ၅၀၀ မှာ ရောက်ပါတယ်။ ဗုဒ္ဓဝါဒ အဲဒီအချိန် စတင်ပေါ်ပေါက်ပြီလို့ ဆိုနိုင်ပါပြီ။

အဲဒီအကြောင်းအရာတို့ကို ဘုန်းကြီးတို့ ရေးထုတ်ပြီးတော့ ဖြန့်ချိထားတဲ့ "ဗုဒ္ဓ"လို့ဆိုတဲ့ ကမ္ဘာ့သိတဂူခရီးစဉ် မှတ်တမ်း(၁) စာအုပ်ငယ်ကလေးထဲမှာ ဘုန်းကြီးတို့ပရိသတ် ဖတ်ရှုနိုင်ပါတယ်။

ဗုဒ္ဓရဲ့နောက် နှစ်ပေါင်း ၆၂၃ နှစ် နောက်ကျပြီးမှ ဘယ်သူပေါ်လာသလဲ။

ဂျီးဆက်စ်ခရိုက် Jesus christ ကို ဂျေရုစလင်မှာ ဖွားပါတယ်။ ဒီတော့ ဗုဒ္ဓနောက် ခရစ်တော်သည် နှစ်ပေါင်း ၆၂၃ နှစ် နောက်ကျပါတယ်။ ဂျီးဆက်စ်ခရိုက် Jesus christ ဖွားလျှင်ဖွားချင်း ခရစ်ယာန်ဝါဒပေါ်လာတာမဟုတ်သေးဘူးဆိုတာလဲ ဘုန်းကြီးတို့ပရိသတ်သိကြမှာပါပဲ။ ခရစ်ယာန်ဝါဒ ဘယ်လောက်ကြာမှ ပေါ်လာသလဲ၊ ဂျီးဆက်စ်ခရိုက် Jesus christ တရားစဟောတဲ့အချိန်မှာ ခရစ်ယာန်ဝါဒပေါ်မှာဖြစ်မှာပေါ့၊ ဂျီးဆက်စ်ခရိုက် Jesus christ တရား စဟောတဲ့အချိန်ကို ရှာဖွေကြည့်တဲ့အခါမှာ အသက် ၃၀ ကျော်ကျော်မှာ တရားစဟောတယ်လို့ ဘုန်းကြီးတို့ မှတ်တမ်းများမှာ ဒီလို တွေ့ရပါတယ်။

ဒါ့ကြောင့် ၆၂၃ ထဲမှာ နှစ် ၃၀ နုတ်ကြည့်လိုက်ပြီးတော့ ခရစ်ယာန်ဝါဒ ဘယ်အချိန် စပေါ်တယ်ဆိုတာ ဘုန်းကြီးတို့ပရိသတ် တွက်လို့ရပြီ။ ၆၂၃ ထဲမှ နှစ် ၃၀ နုတ်ကြည့်လိုက်ရင် ၅၉၃၊ အဲဒီလို တွက်ကြည့်လို့ ရပါတယ်။

အစ္စလာမ်ဝါဒကတော့ မိုဟာမက်ကိုဖွားတာ မနေ့က ဘုန်းကြီးတို့ ပြောထားခဲ့တယ်။ မိုဟာမက်ကိုဖွားတာ အေဒီ ၅၇၁ (A.D 571)၊ ခရစ်တော်ကွယ်ပြီးနောက် ၅၇၁ ကျမှ ဖွားတာဖြစ်ပါတယ်။

ဒီတော့ ခရစ်တော်ရဲ့နောက်မှာ ၅၇၁ နှစ် နောက်ကျပြီးတော့မှ မိုဟာမက်ကို ဖွားလာတယ်။

ဗုဒ္ဓက ခရစ်တော်ရဲ့ရှေ့မှာ နှစ်ပေါင်း ဘယ်လောက်စောနေသလဲ၊ ၆၂၃ နှစ် စောနေတယ်။

အဲဒီ ခရစ်တော်ရဲ့ရှေ့ ၆၂၃ နဲ့ ခရစ်တော်ရဲ့နောက် ၅၇၁၊ အဲဒီနှစ်ပေါင်းကို ပေါင်းလိုက်ရင် ၁၁၉၄ ကို ရပါတယ်။

မိုဟာဒမက်သည် ဗုဒ္ဓရှဲနောက်မှာ နှစ် ၁၁၉၄ နှစ် နောက်ကျ၍ပေါ်တယ်လို့ ဘုန်းကြီးတို့ ဒီလို ပြောနိုင်ပါတယ်။

ကမ္ဘာ့ ဘာသာကြီးလေးခုမှာ နောက်အကျဆုံး ဘာသာသည် အစ္စလာမ်ဘာသာဖြစ်ကြောင်း၊ အလယ်လောက်မှာပေါ်တဲ့ ဘာသာက ခရစ်ယာန်ဘာသာဖြစ်ကြောင်း၊ အဲဒီနှစ်ခုထက် ရှေးကျပြီးတော့ ပေါ်တဲ့ ဘာသာက ဗုဒ္ဓဘာသာဖြစ်ကြောင်း၊ သက္ကရာဇ်ကို ရှာမရ၊ တည်ထောင်သူကို ရှာမရအောင် စောပြီးတော့ ပေါ်တဲ့ဘာသာက ဟိန္ဒူဘာသာ ဖြစ်ကြောင်း ဘုန်းကြီးတို့ပရိသတ်အား ဒါ စိစစ်၍ တင်ပြခြင်းပါ။

## ဒီလိုပဲ တင်ပြပါရစေ

အိန္ဒိယပြည်ကြီးရဲ့ သမိုင်းကို ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ငယ်များများ လေ့လာကြည့်လိုက်ရင် အိန္ဒုမြစ် ဆိုတာ တွေ့ရမယ်။ အိန္ဒုမြစ်ဝှမ်းကနေ အိန္ဒိယယဉ်ကျေးမှု စတင်တယ် ဆိုတာတွေ ဘုန်းကြီးတို့ပရိသတ် တွေ့ကြရမယ်။ တစ်ဆက်တည်း အိန္ဒုမြစ်ဝှမ်းက အာရိယန်လူမျိုးတွေအကြောင်းကို သမိုင်းမှာရှာရင် တွေ့ကြမယ်။ အာရိယန်ကနေ အရိယာ၊ အာရိယန်ဆိုတဲ့ ဥစ္စာဟာ ဘုန်းကြီးတို့ မြန်မာအသံနဲ့ ပီပီသသ ပါဠိကို အသံထွက်ရင် "အရိယာ" ဆိုတဲ့ ပုဒ်ကနေ "အာရိယန်" ဖြစ်ပါတယ်။ အဲဒီ အာရိယန်ကို နောက်ကျတော့ အသံတွေ တဖြည်းဖြည်း ပြောင်းလဲ ဖလှယ်သွားတော့ အာရိယန်ကနေ "အေရှန်" ဖြစ်သွားတဲ့ လက္ခဏာ ရှိပါတယ်။

ဒီတော့ အေရှတိုက်ကြီးတစ်တိုက်လုံးကလူမျိုးတွေဟာ အာရိယန်လူမျိုးတွေရဲ့ အဆက်အနွယ်ဖြစ်နိုင်တယ်လို့ ဘုန်းကြီးတို့ ဒီလို တွေးခေါ်ပါတယ်။ အာရိယန်ကနေ အရိယန်၊ အရိယန်ကနေပြီးတော့ တဖြည်းဖြည်း အသံစာလုံးပြောင်းလဲပြီးတော့ အေရှန်၊ ဒီကနေ အေရှတိုက်ကြီး တစ်ခုလုံးက လူမျိုးတွေဟာ အာရိယန်အဆက်အနွယ်တွေ ဖြစ်နိုင်တယ်။

"အရိယာ"ဆိုတဲ့ စကားလုံးသည် "လူမြတ်" ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ မြတ်သောလူမျိုးတို့ရဲ့ အဆက်အနွယ်တွေဟာ အေရှတိုက်သားတွေပဲလို့ ဒီလို ဘုန်းကြီးတို့ တွေးခေါ်ယူဆနိုင်ပါတယ်။ ဘုန်းကြီးတော့ ဒီအတိုင်းပဲ ယူဆပါတယ်။ ဒီအယူအဆကို မကြိုက်လို့ ငြင်းမယ်ဆိုရင်လဲ ငြင်းပိုင်ခွင့်ရှိပါတယ်၊ ပယ်မယ်ဆိုရင်လဲ ပယ်ပိုင်ခွင့်ရှိပါတယ်။ ဘုန်းကြီးတို့ ကြိုက်တဲ့ အယူအဆကိုတော့ ဒီလိုပဲ တင်ပြပါရစေ။

## ဟိန္ဒူဝါဒ ဖြစ်ပေါ်လာမှု

ဟိန္ဒူဆိုတဲ့နေရာမှာ"ဟ"ရယ်၊"အိ(ဣ)"ရယ်ပေါင်းထားတယ်။ မူရင်းခုနက ဘုန်းကြီးတို့ပြောလိုက်တဲ့ မြစ်ကလေးတစ်ခုဟာ "အိန္ဒု" မြစ်၊ အဲဒီ"အိန္ဒု"ဆိုတဲ့ စာလုံးကို ဆိုယင်းဆိုယင်းနဲ့ ပါးစပ်ထဲ ဘယ်လို လေသံပေါက်သွားသလဲ မသိဘူး။ အောက်က "ဟ"တစ်လုံးရောက်သွား ပြီးတော့ "အိန္ဒု"ကနေ "ဟိန္ဒု" ဆိုပြီးတော့ ဒီလိုဖလှယ်သွားတာပဲ၊ "အိန္ဒု" မှာ "အိ(ဣ)"သရရဲ့အောက်မှာ "ဟ" အက္ခရာတစ်လုံး ထည့် လိုက်ယင် "ဟိန္ဒု"လို့ ဒီလိုလာဖြစ်တယ်။

ဒီတော့ ဟိန္ဒူသည် ဘယ်ကလာသလဲဆိုယင် "အိန္ဒု"ကလာတာ၊ "အိန္ဒု"ဆိုတဲ့ ပါဠိကိုမြန်မာပြန်ယင် "လပြည့်ဝန်း" ဆိုတဲ့ အနက် အဓိပ္ပာယ်ထွက်လာတယ်။ "အိန္ဒု"ဆိုတာ "လပြည့်ဝန်း"။

အိန္ဒုမြစ်ဆိုတာ ဘုန်းကြီးတို့ မရောက်ဖူးဘူး။ ဘယ်လိုမြစ်များ ပါလိမ့်မလဲဆိုတာ တွေးကြည့်မိပါတယ်။ အိန္ဒုဆိုတာ လပြည့်ဝန်း၊ အိန္ဒုမြစ်ဆိုတာ လပြည့်ဝန်းကြီးကဲ့သို့ ဝန်းဝိုင်းပြီးတော့ ကွေ့ကောက် နေတဲ့မြစ်များ ဖြစ်လေရော့သလား၊ သို့မဟုတ် လပြည့်ဝန်းရဲ့ အရောင် သည် အမြဲတမ်း အအေးဓာတ်ကိုပေးသလို ထိုအိန္ဒုမြစ်ကရေသည် အစဉ် မပြတ် အေးချမ်းတဲ့ဓာတ်များ ရှိလေရော့သလား၊ သို့မဟုတ် အိန္ဒုနတ် သား (လ နတ်သား)အစိုးရတဲ့ မြစ်များဖြစ်လေရော့သလားလို့ ဘုန်းကြီး တို့ ဒီလို စဉ်းစားမိပါတယ်။

အိန္ဒုဆိုတဲ့ ပုဒ်ကတော့ လပြည့်ဝန်းလို့ အဓိပ္ပာယ် ရပါတယ်။ လပြည့်ဝန်း အဓိပ္ပာယ်ရတဲ့ မြစ်ကမ်းပါးက လူမျိုးတွေရဲ့ဝါဒဟာ"ဟိန္ဒူ ဝါဒ"ပါပဲ။ "ဟ"တစ်လုံးကို ရှေ့ကဖြည့်စွက်ပြီးဆိုလိုက်တော့ "ဟိန္ဒူ" ရယ်လို့ ဖြစ်လာတယ်။ "ဟိန္ဒူ"ဆိုတာ "ဟ"ရယ်"ဣ(အိ)"သရ ရယ် ဒီလိုပေါင်းပြီးတော့ ဟိုဘက်က "ဒု"နဲ့ တွဲစပ်တဲ့အခါကျတော့ "ဟိန္ဒူ" "ဟ"ကို ထည့်မဖတ်ပဲနဲ့ "ဣ(အိ)" သရနဲ့ဟိုဘက်က "ဒု" နဲ့ ဖတ်ယင် "အိန္ဒု"လို့ရပါတယ်၊"ဟ"ဆိုတဲ့ဗျည်းတစ်လုံးဒီဘက်ကထည့်လိုက်တော့ "ဟိန္ဒု"လို့ ဖြစ်ပါတယ်။

ပါဠိသဒ္ဒါသင်ထားတဲ့ ပုဂ္ဂိုလ်များဆိုယင် ဒီ "ပုဒ်စပ်" "ပုဒ် ဖြတ်" အဓိပ္ပာယ်ကို ဘုန်းကြီးတို့ အခုပြောပြယင် လွယ်လွယ်နဲ့နားလည် ကြမှာပါ။ ဒီတော့–

ဟိန္ဒူဝါဒဆိုတာ ဘာလဲ၊

အိန္ဒိယမြစ်ဝှမ်းကလူမျိုးတွေရဲ့ ဝါဒပဲလို့ ဘုန်းကြီးတို့ ဒါကိုဆိုလိုရင်း ဖြစ်ပါတယ်။

**တြိမုနိအာဒိဒေဝတာခေါ်တဲ့ သူတို့ရဲ့ရတနာသုံးပါး**

ဒီတော့ သူတို့ရဲ့ဝါဒထဲမှာ ဘာရှိလဲဆိုလို့ရှိယင် "တြိမုနိအာဒိ – ဒေဝတာ"တဲ့။

တြိမုနိ = အမြတ်သုံးပါး။
အာဒိ = အစ။
ဒေဝတာ =

ဒေဝတာကိုတော့ ဘုန်းကြီးတို့ပရိသတ် ဘာသာမပြန်ပဲ သိကြတယ်။ ဒေဝတာဆိုတာ နတ်ဗြဟ္မာပဲ။

"တြိမုနိအာဒိဒေဝတာ = ကမ္ဘာဦးအစ အမြတ်ဆုံးဖြစ်သောနတ်မင်းကြီးသုံးယောက်တဲ့"။

ကမ္ဘာဦးအစ အမြတ်ဆုံးဖြစ်တဲ့ နတ်မင်းကြီးသုံးယောက်။ ဘယ်သူတွေလဲဆိုယင်–

(၁) ဗြဟ္မာ၊
(၂) ဝိဿနိုး၊
(၃) သျှီးဗား။

ဘုန်းကြီးတို့က "ဗြဟ္မာ, ဗိဿနိုး, ရှိဝ"လို့ ပီပီသသဆိုကြတယ်။ သူတို့မှာတော့ "ဗရဟ္မာ, ဝိဿနိုး, သျှီးဗား"။ အဲဒါ တြိမုနိအာဒိဒေ – ဝတာ = ကမ္ဘာဦးအစ အမြတ်ဆုံးသော နတ်မင်းကြီး သုံးယောက်။ အဲဒါဟာ သူတို့ရဲ့ Triple Gems ပဲ၊ သူတို့ရဲ့ရတနာသုံးပါးပဲ။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာ "ဗုဒ္ဓ+ဓမ္မ+သံဃ" ရတနာသုံးပါး ဆိုပြီးတော့ အမြတ်ထားတယ်၊ သူတို့ကလည်း အခုနကသုံးပါးကို "ရတနာသုံးပါး"လို့ ခေါ်ကြတယ်။

ဘယ့်နှယ်ကြောင့် သူတို့က "ရတနာသုံးပါး" ခေါ်ကြသလဲ။ ဗြဟ္မာကို "ဖန်ဆင်းရှင်" လို့ မှတ်ပါတယ်။ ဗြဟ္မာကို "ဖန်ဆင်းသူ" Creator ဘုန်းကြီးတို့ ပါဠိတော်မှာကတော့ အဲဒီ ဗြဟ္မာကြီးကို "ဣဿရ"ဒီလိုလဲခေါ်တယ်။ "ကတ္တာ"လို့လဲခေါ်တယ်၊ "နိမ္မာတာ"လို့ ဒီလိုလဲ ခေါ်ပါတယ်။ ဗြဟ္မာကို အမျိုးမျိုးပြောကြတယ်။

"ဣဿရော ကတ္တာ နိမ္မာတာ သေဋ္ဌော သဇိတာ ဝသီပိတာ ဘူတဘဗျာနံ"။

ဘုန်းကြီးတို့ ပါဠိတော်တွေမှာကို စာလုံးတွေ အများကြီးရှိတယ်။ ဒီသုံးလုံး မှတ်ထား။ မနေ့က ပြောပြခဲ့တဲ့ "ရီလေးဂျင်း Religion" ပုဒ်ရဲ့ အဓိပ္ပာယ်နဲ့စပ်ယှဉ်ဖို့ ဘုန်းကြီးတို့ ဒါ ပြောနေတာပါ။

(၁) ဣဿရော
(၂) ကတ္တာ
(၃) နိမ္မာတာ

"ဣဿရ"ဆိုတာ ဘာလဲ၊ "အစိုးရသူ"။
"ကတ္တာ"ဆိုတာ "ပြုလုပ်သူ"။
"နိမ္မာတာ"ကိုတော့ "ဖန်ဆင်းသူ"တဲ့။

တခြားစာလုံးတွေရဲ့ အဓိပ္ပာယ်ကို ထားပါတော့။ "ဣဿရ"က ဘာတဲ့၊ "အစိုးရသူ"။ "ကတ္တာ"က "ပြုလုပ်သူ"။ "နိမ္မာတာ"ဆိုတာ "ဖန်ဆင်းသူ"။

## အိန္ဒိယမြစ်ဝှမ်းက လူသားတွေရဲ့ ယုံကြည်မှု

ဗြဟ္မာကို အိန္ဒိယမြစ်ဝှမ်းက လူတွေ ဘယ်လို ယုံကြည် ကြသလဲ။ ဒီလောကကြီးကို အစိုးရတယ်၊ ဒီလောကကြီးကို ပြုလုပ်တယ်၊ ဒီလောကကြီးကို ဖန်ဆင်းတယ်လို့ သူတို့ ဒီလိုယုံကြည်ကြပါတယ်။ သတ္တ+သင်္ခါရ÷ဩကာသ လောကမှန်သမျှ အစိုးရတာ ဗြဟ္မာ၊ လောကကြီးကို ပြုလုပ်တာ ဗြဟ္မာ၊ လောကကြီးကို ဖန်ဆင်းတာ ဗြဟ္မာရယ်လို့ သူတို့ ယုံကြည်ကြတယ်။

"အစိုးရခြင်း"ဆိုတဲ့ အဓိပ္ပာယ်ကို"ဣဿရ"၊
"ပြုလုပ်သူ"ဆိုတဲ့ အဓိပ္ပာယ်ကို"ကတ္တာ"၊
"ဖန်ဆင်းသူ"ဆိုတဲ့ အဓိပ္ပာယ်ကို"နိမ္မာတာ"၊

ဒါတွေကို ဘုန်းကြီးတို့ပရိသတ် အင်္ဂလိပ်စာလုံးနဲ့ ဖလှယ်လိုက်ကြပေါ့၊ မနေ့က ရေးပြတဲ့အထဲမှာ ပါသွားပါပြီ။ Religion ဆိုတာ-

Belief in Super natural ruling Power.

"သဘာဝတရားတို့ထက် လွန်ကဲပြီးတော့ ကမ္ဘာကြီးကို အုပ်စိုးတဲ့ တန်ခိုးကို ယုံကြည်တာဟာ ရီလေးဂျင်း"။

သဘာဝတရားတို့ထက် လွန်ကဲပြီးတော့ ကမ္ဘာကို အုပ်စိုးတဲ့ဝါဒ၊ လွှမ်းမိုးတဲ့ဝါဒ၊ အဲဒီဝါဒကို မှတ်ရမယ်။

အခုနက ဖော်ပြခဲ့တဲ့ စာလုံးသုံးလုံးရဲ့ထိပ်ဆုံးက ဘာတဲ့လဲ၊ ဣဿရ၊ နောက်က "ဝါဒ" ထည့်လိုက်၊ "ဣဿရဝါဒ"။ ကမ္ဘာကြီးကို လွှမ်းမိုးတယ် အုပ်စိုးတယ်ဆိုတဲ့ ဝါဒမျိုးကို ယုံကြည်တာကို Religion ခေါ်တာပဲ။

ကတ္တာ=ပြုလုပ်တယ်၊ ကတ္တာနဲ့ နိမ္မာတာ အဓိပ္ပာယ် မထူးလှဘူး၊ ပြုလုပ်သူနဲ့ ဖန်ဆင်းသူကို ထပ်တူယူပြီးတော့ အဲဒါ အင်္ဂလိပ်စာလုံးနဲ့ ဖလှယ်ကြည့်ယင် သူဟာ Creator ဖြစ်လာတယ်။

အိန္ဒိယမြစ်ဝှမ်းက လူတွေက ဗြဟ္မာကြီးကို ဘယ်နှယ် ယုံကြည်ကြသလဲ။ ကမ္ဘာကြီးကို လွှမ်းမိုးအုပ်စိုးသူ၊ ကမ္ဘာကြီးကို ပြုလုပ်ဖန်ဆင်းသူ အဖြစ်နဲ့ ယုံကြည်ကြတယ်တဲ့။ "ကမ္ဘာကြီးရဲ့အစ ဗြဟ္မာက" ဆိုတာ အဲဒါ ဟိန္ဒူလူမျိုးတို့ရဲ့ ဝါဒပဲ၊ အဲဒါကို Brahmanism လို့ ဒီလိုခေါ်တာ ဗြာဟ္မဏဝါဒ။ ဗြဟ္မာကြီးက မွေးလာတဲ့လူမျိုးတွေဟာ ဗြဟ္မာ့သားဆိုပြီးတော့ အဲဒီလူမျိုးကို "ဗြာဟ္မဏလူမျိုး" ဆိုပြီးတော့ သူတို့ဒီလိုဆက်ပြီးတော့ ယူဆသွားကြတယ်။ ဗြဟ္မာကြီးက မွေးတဲ့ လူမျိုးကို "ဗြာဟ္မဏလူမျိုး" ဒီလိုခေါ်ကြတယ်။

## ဖန်ဆင်းသူ စောင့်ရှောက်သူ အဖျက်သမား

ဒီတော့ ဣဿရ, ကတ္တာ, နိမ္မာတာ၊ ဘုန်းကြီးတို့ ပရိသတ်အားလုံး နားလည်ကြပါပြီ။ ဗြဟ္မာက ကမ္ဘာကြီးကို ဘာလုပ်သလဲ၊ အစိုးရတယ်၊ တည်ထောင် ဖန်ဆင်းကြတယ်။ ကမ္ဘာကြီးကို စတင် တည်ထောင် ဖန်ဆင်းတာ ဘယ်သူလဲ၊ ဗြဟ္မာ။ ဖန်ဆင်းတဲ့သူက ဖန်ဆင်းပြီးတော့ အဲဒီ ကမ္ဘာကြီးကို ဘယ်သူ စောင့်ရှောက် မလဲတဲ့၊ စောင့်ရှောက်မယ့် ပုဂ္ဂိုလ် လိုသေး တယ်၊ ဖန်ဆင်းသူ Creator ကို ရပြီ၊ စောင့် ရှောက် သူ Maintainer လိုသေးတယ်၊ စောင့်ရှောက်မယ့် ပုဂ္ဂိုလ် လိုသေးတယ်။

ဒီတော့ သူတို့ရှာကြတယ်၊ အဲဒီမှာ ဘယ်သူ့ သွားတွေ့သလဲဆိုတော့ ဗိဿနိုးနတ်မင်းကြီးကို သွားတွေ့တယ် ဗိဿနိုး Vishnu နတ်မင်းကြီးက ကမ္ဘာကြီးကို စောင့်ရှောက်တယ်တဲ့၊ ဗြဟ္မာကြီးက တာဝန်ပေးလို့။ ဗြဟ္မာ

ကြီးက "ငါဖန်ဆင်းပြီးပြီ၊မင်း စောင့်ရှောက်ပေတော့"ဆိုတော့ ဗိဿနိုး Vishnu က ကမ္ဘာကြီးကို စောင့်ရှောက်တာ၊ သူက စောင့်ရှောက်သူ Maintainer ဖြစ်ပါတယ်။

တစ်ခါဖြင့် ကမ္ဘာ့လူသားတွေ ဗြဟ္မာကြီးရဲ့ ကျင့်စဉ်တွေကို မကျင့်ကြတော့ဘူး၊ ဗြဟ္မာကြီးကို မရိုသေကြတော့ဘူး၊ ကမ္ဘာကိုဖန်ဆင်းတဲ့ ဗြဟ္မာကိုမရိုသေကြတော့ဘူး၊ မလေးစားကြတော့ဘူး။ အဲဒီလို ကမ္ဘာကို ဖန်ဆင်းတဲ့ ဗြဟ္မာ Creator ကို မယုံကြည်တော့တဲ့ ဟစ်နေ့ကျတော့ ကမ္ဘာကြီး ဘယ်အခြေအနေရောက်မလဲ၊ ပျက်စီးမည့် အခြေအနေကိုရောက်မယ်။ အဲဒီတော့ အလိုလိုပျက်မလားလို့ဆိုတော့ မဟုတ်ဘူးတဲ့၊ ဖျက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှာရဦးမယ်။ ဖျက်တဲ့ပုဂ္ဂိုလ်က နောက်ဆုံးက နံပါတ် (၃) သျှီဗား Sivs၊ သူက အဖျက်သမား၊ သူကဖျက်သူ။

ဒီတော့ ဖျက်မှာကြောက်လို့ သျှီဗား(ရှိဝ) Sivs ကို ကိုးကွယ်ရမယ်၊ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုတဲ့အတွက်ကြောင့် ဗိဿနိုး Vishnu ကို ကိုးကွယ်ရမယ်၊ ဖန်ဆင်းဖို့ရန် အတွက်ကျတော့ ဗြဟ္မာကို ကိုးကွယ်ရမယ်။ ဟုတ်တာ မဟုတ်တာ အကောင်းအဆိုးကို ဘုန်းကြီးတို့ ဘာမှ ဝေဖန်ခြင်း မပြုပါဘူး။ သဘာဝအတိုင်း သူတို့ရဲ့အဆိုအတိုင်း ဘုန်းကြီး တို့ တင်ပြနေတာပါ။

## စတင်ပေါ်ထွက်ခဲ့သူ ရှာမတွေ့

ဟိန္ဒူဝါဒရဲ့ မူရင်းဘာသာဟာ အဲဒါပဲ။ ဘယ်ကစသလဲ၊ အိန္ဒူမြစ်ဝှမ်းကစတယ်။ အိန္ဒုမြစ်ဝှမ်းက အိန္ဒုလူမျိုးဆိုရာမှာ ရှေက "အ" နေရာမှာ "ဟ" တစ်လုံးထပ်တည့်တော့ ဘယ်လို၊ "ဟိန္ဒူလူမျိုး" သူတို့ တည်ထောင်တဲ့ဝါဒကို "ဟိန္ဒူဝါဒ"၊ ဘာလဲမေးရင်—

(၁) ဖန်ဆင်းသူကို ဗြဟ္မာထားတယ်။
(၂) စောင့်ရှောက်သူကို ဗိဿနိုးထားတယ်။
(၃) ဖျက်ဆီးသူ ကမ္ဘာဖျက်တဲ့ပုဂ္ဂိုလ်ကို သျှီဗား(ရှိဝ) ထားလိုက်တယ်။

ဒီပုဂ္ဂိုလ်ကြီးသုံးယောက်ကို ဘယ်လိုမှ မကိုးကွယ်လို့တော့ မဖြစ်ဘူးတဲ့။ အဲဒါ ရတနာသုံးပါး ဆိုပြီးတော့ သူတို့ ကိုးကွယ်ကြတာ။ ဒါကို "တြိမုနိအာဒိဒေဝတာ" ဟိန္ဒူဝါဒက ဒီလိုလာတယ်။

အဲဒီမှာ ဘယ်သူစခဲ့သလဲ၊ စတဲ့လူကိုရှာမရဘူး။ အဲဒီဝါဒအတိုင်း ရှိနေတာတော့ ထင်ရှားတယ်။ ဘယ်သက္ကရာဇ်က စခဲ့သလဲ၊ သက္ကရာဇ် ရှာလို့မရဘူး၊ ဒီဝါဒ ဒီကနေ့ရှိတာကတော့ အမှန်ပါပဲ။

အဲဒီဝါဒရဲ့နောက်မှာ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ ဝါဒပေါ်ပါတယ်။ နောက်ပိုင်းပေါ်လာတဲ့ဝါဒတွေ အသာကလေးထား။ အခုအစောဆုံးဖြစ်တဲ့ ဟိန္ဒူဝါဒရဲ့သဘောကို ဘုန်းကြီးတို့ပရိသတ် ရကြပြီနော်၊ နားလည်ကြပါပြီ။ ဒါထက်တိုးချဲ့ချင်းပြဖို့ မလိုဘဲနဲ့ နားလည်ကြပါပြီ။ အဲဒီရှေ့နားက ဒီပြဿနာ+ဗိဿနိုး+သျှီဗား(ရှိဝ) မပေါ်ခင်က ဘာတွေကို ကိုးကွယ်ခဲ့သလဲ လို့ဆိုပြီးတော့ ဘုန်းကြီးတို့ပရိသတ် စဉ်းစားခွင့်ရှိပါတယ်။ စဉ်းစားခွင့် ရှိတော့ ရှေ့နားမှာ ဘုန်းကြီးတို့ ပြောထားခဲ့တယ်။

## ကြောက်စိတ်နဲ့ ကိုးကွယ်ကြတယ်

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမ ရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

အဂ္ဂိဒတ္တသုတ္တန်မှာ မြတ်ဗုဒ္ဓက အဂ္ဂိဒတ္တပုရောဟိတ်ကြီးအား မိန့်တော်မူတဲ့စကား ဖြစ်ပါတယ်။

> "ဘေးအန္တရာယ် အမျိုးမျိုးတို့ဖြင့် ခြိမ်းခြောက်ခံကြရကုန်သော သတ္တဝါများစွာတို့သည် ကိုးကွယ်ရာ အမျိုးမျိုး ရှာကြတယ်"

ဒါ မနေ့ကပြောခဲ့တဲ့ စကားနဲ့ထပ်တယ်။ ဘာတွေကိုးကွယ်သလဲ၊ တော, တောင်, သစ်ပင်, နေ, လ, နက္ခတ်, ဥယျာဉ်၊ ပြီးတော့ စေတီ။ စေတီအကြောင်း မနေ့က ရှင်းပြပြီးပြီနော်၊ ဗုဒ္ဓမပေါ်မီက စေတီဆိုတာ ဘာတွေ ဘာတွေပါလဲ၊ နတ်ကွန်းတွေ။

နတ်ကွန်းကိုနတ်ကွန်းအတိုင်း ကိုးကွယ်ရင် အသိဉာဏ်ကြီးကျယ်တဲ့ လူသားတွေ လက်ခံချင်မှလက်ခံလိမ့်မယ်။ အဲဒီတော့ နတ်ကွန်းကို ဘယ်လို လုပ်ရသလဲ။ "စေတီ"လို့ သမုတ်ပြီးတော့ကိုးကွယ်ကြစို့။ ဒါ ဘာသာရေး နည်းနည်းရင့်ကျက်လာတဲ့ အပိုင်း။ သစ်ပင်ကြီးကို ဒီအတိုင်းရှိခိုးနေတော့ ဉာဏ်ကြီးကျယ်တဲ့လူက ဒီအတိုင်း သိပ်ရှိမခိုးချင်ဘူး။ ဒါ့ကြောင့် ဒီသစ်ပင်ကြီးကို စေတီလို့ သမုတ်လိုက်ပြီးတော့ ရှိခိုးကြစို့၊ "စေတီ" ဆိုပြီး ရှိခိုးလိုက်တာ တကယ်ဆိုတော့ သစ်ပင်ပါပဲ။

အဲဒီသစ်ပင်ရဲ့ နောက်ကွယ်မှာ ဘာရှိသလဲ။ "ဘယတဇ္ဇိတာ" ဆိုတဲ့ ပုဒ်ကို မမေ့ရဘူး၊ မနေ့က ပြောပြထားတယ်၊ ဘေးရန်ရှိတယ်၊ ခြိမ်းခြောက်မှုရှိတယ်။ ဘေးအန္တရာယ်တို့ဖြင့် ခြိမ်းခြောက်ခံရတဲ့အခါ "ကြောက်စိတ်" ပေါ်လာတယ်။ ဒီတော့ ဒီသစ်ပင်ကြီးတွေကို ရှိခိုးကြရတယ်။ အန္တရာယ်တစ်ခုခုနဲ့ ခြိမ်းခြောက်ခံရလို့ "ကြောက်စိတ်" နဲ့ ကိုးကွယ်ကြတာ။

"ဘုန်းကြီးတို့ပရိသတ် ဘာနဲ့ကိုးကွယ်သလဲ"

"ကြောက်စိတ်နဲ့ ကိုးကွယ်ကြပါတယ်ဘုရား"

## အသက်သခင် ကျေးဇူးရှင်

ဆိုကြပါစို့။ မနေ့ကပြောခဲ့တဲ့ Primitive Religion ဆိုတဲ့ အပိုင်းကို နည်းနည်းပြောရအောင်။

လူတစ်ယောက် ခါးမလေးထမ်းပြီးတော့ သစ်ခုတ်ဖို့ တောထဲကို သွားတယ်၊ ဟိန္ဒူဝါဒတောင် မရှိသေးတဲ့အချိန်ပေါ့၊ ဗုဒ္ဓဝါဒပေါ်ဖို့ အဝေးကြီး၊ ဟိန္ဒူဝါဒတောင် မရှိသေးတဲ့အချိန်၊ ဘာမှကိုးကွယ်ရာ မယ်မယ်ရရ မရှိသေးတဲ့အချိန်၊ လူတစ်ယောက် ခါးမထမ်းပြီးတော့ တောတန်းကို သွားတယ်လို့ ဆိုကြပါစို့။

တောထဲအသွားလမ်း ကျဉ်းကျဉ်းလေးမှာ သူသည် ဘာကိုတွေ့သလဲဆိုရင် ဖြုန်းခနဲဆို မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းထောင်နေတာ တွေ့တယ်။ ဖြုန်းခနဲဆိုတော့ ခါးနဲ့ပဲ ခုတ်ရကောင်းမလား၊ နောက်ဆုတ်ပြေးရမလား၊ ခါးကလဲ တိုနေတော့ ခုတ်ဖို့ကအခက်၊ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်၊ ကြောက်ကလဲကြောက် ချွေးဒီးဒီး ကျနေတဲ့အခိုက် ဟိုသစ်ပင်ပေါ်က ငှက်တစ်ကောင် စွန်ပဲဖြစ်မလား၊ လင်းယုန်ပဲ ဖြစ်မလား တစ်ကောင်ကောင်ပေါ့၊ လင်းယုန်ပဲဆိုကြပါစို့၊ လင်းယုန်ကြီးက ဖြုန်းခနဲဆို ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီးကိုသုတ်ချီသွားတယ်။

အဲဒီလူရဲ့စိတ်ထဲ ဝင်စားကြည့်လိုက်ပါ၊ ဘယ်လောက်ချမ်းသာသွားမလဲလို့၊ ဘယ်လောက်သက်သာရာ ရသွားမယ်ဆိုတာ၊ ကောင်းကင်က ပျံလာပြီးတော့ ဖုန်းခနဲ ဒီပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကို သုတ်ချီသွားတဲ့ လင်းယုန်ကို အဲဒီလူဟာ လက်အုပ်ချီပြီးတော့ ရှိခိုးချင်ခိုးလိုက်မိမယ်၊ အဲဒီအချိန်ပျိုးမှာ။

ကိုးကွယ်ရာကလဲ မရှိသေး၊ သေရမည့်အချိန်ဟာ တစ်ခါတည်း စက္ကန့်ပိုင်းလား၊ မိနစ်ပိုင်းလား၊ သေဘေးက ရင်ဆိုင်ကြီး ဖြစ်နေတဲ့အချိန် ဘုန်းကြီးတို့ပရိသတ်ဆိုရင်လဲ ဒီအတိုင်း ဖြစ်မှာပဲ။

## ကယ်တင်ရှင်လို့ သတ်မှတ်

မုန်တိုင်းတွေကျ မိုးကြိုးတွေပစ်ရင် ဒကာမကြီးတွေ ဘာလုပ်ကြလဲ၊ ဝုန်းဒိုင်းနဲ့ လျှပ်စီးတွေလက်ရင် ဒကာမကြီးတွေ ဘာလုပ်ကြလဲ၊ လက်အုပ်ချီပြီးတော့ ဘယ်သူကယ်ပါ၊ ဘယ်ဝါကယ်ပါ ဆိုတာတွေဟာ အများကြီး လာတယ်မဟုတ်လား၊ ဦးတည့်ရာ ဦးတည့်ရာ ဘာပဲဖြစ်ဖြစ်ပေါ့။ ကြောက်စရာလေး တစ်ခုခုနဲ့ကြုံရင် လူ့ထုံးစံ ဘာဖြစ်တတ်သလဲ ကိုးကွယ်ရာ တစ်ခုခုကို ဖမ်းဆုပ်ကြတယ်၊ ပင်လယ်ထဲ သင်္ဘောပျက်ရင် အနည်းဆုံး သစ်သားလေးတစ်ချောင်းရရင်ပဲ အသက်သခင် ကျေးဇူးရှင် ဖြစ်တော့တာပဲ။

ခုလဲပဲ ကောင်းကင်က ငှက်ကြီးတစ်ကောင် ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီးကို သုတ်သွားတယ်ဆိုတော့ ထိုလူ့စိတ်ထဲ ဘယ်လောက် ချမ်းသာသွားမလဲ၊ ဝမ်းသာသွားမှာပဲ။ အဲဒီတော့ ဒီလူက စဉ်းစားတယ်၊ ဩော် ငါ့အသက်သခင် ကျေးဇူးရှင်ဟာ ဒီလင်းယုန်ကြီးပဲ၊ ဒီလင်းယုန်ကြီးဟာ ငါ့ရဲ့ ကယ်တင်ရှင် Saviour ၊ ကယ်တင်ရှင်ဟာ သူပဲ။ သူက သူ့ဘာသာသူ စဉ်းစားတာ၊ ဘယ်သူကမှ လုပ်ပေးတာ မဟုတ်ဘူး။

အဲဒီစဉ်းစားခန်းက ဘယ်ကပေါ်သလဲ၊ ကြောက်စိတ်ကနေပေါ်တာ။ မြွေကိုက်မယ့်ဘေး တွေးကြောက်တဲ့ စိတ်ကနေပြီးတော့ ထိုလင်းယုန်ဟာ သူ့ရဲ့ဘာဖြစ်သွားသလဲ၊ ကယ်တင်ရှင် ဖြစ်သွားတယ်။

မမေ့နိုင်ဘူးတဲ့၊ ငါ့အသက်ကယ်တာ သူပဲဟဲ့ ဆိုပြီး အိမ်ပြန်ရောက်တော့ ဒီလူ အလကားမနေဘူး၊ လင်းယုန်တစ်ကောင် မရ ရအောင်ရှာ၊ အရှင်လတ်လတ်ရရင်လဲပဲ အရှင်လတ်လတ်အိမ်ဦးခန်းမှာထား၊ လှောင်အိမ်ကလေးနဲ့ ထည့်ပြီးတော့ အစာကောင်းကောင်းကျွေး၊ ရေကောင်းကောင်းတိုက်၊ နေ့စဉ် အဲဒီ အကောင်လေးကို ကျေးဇူးဆပ်ပြီးတော့ တောများသွားမယ်ကြုံရင် လက်အုပ်ချီ ရှိခိုးပြီးတော့မှ ငါ့အသက်ကို အမြဲစောင့်ရှောက်ပါ ဆိုပြီးတော့ ပရေး Pray လုပ်ပြီးတော့မှ တောထဲ သွားတယ်။

## ကမ္မာဦး ကိုးကွယ်မှုစနစ်

အဲဒီလိုနဲ့ တဖြည်းဖြည်း ဘာဖြစ်လာလဲ၊ ရပ်ထဲရွာထဲက လူတွေက ဒီကောင်ကွာ လင်းယုန်ကြီး အိမ်ထဲထည့်ပြီးတော့ ဘာများလုပ်ပါလိမ့်မလဲ၊ မင်း ဘယ့်နှယ်ကြောင့် ဒီအကောင် ဒီလောက် မြတ်နိုးရသလဲဆိုတော့ အတ္ထုပ္ပတ္တိကို သူ ပြန်ပြောတယ်။ ငါ့အသက် ကယ်တာ ဒီအကောင်ဆိုတော့ တစ်ရွာလုံး ဘာလုပ်ကြမလဲ၊ ဟေး - မြွေဘေးက လွတ်ချင်ရင်၊ မြွေကိုက်ခံရမယ့်ဘေးက လွတ်ချင်တဲ့လူအပေါင်း လင်းယုန်ကို ကိုးကွယ်ကြရမယ်၊ ဘာညာဆိုပြီးတော့ ဝါဒဖြန့်ချိတဲ့လူကလဲ တော်တော်ကောင်းတော့ အဲဒီမှာ တစ်ရွာလုံး လင်းယုန်ကို ရှိခိုးကုန်ကြတော့တာပဲ။

ကောလာဟလဆိုတာ ကြောက်စရာကောင်းတယ်ဆိုတာ မပြောပဲနဲ့ ဘုန်းကြီးတို့ ပရိသတ် ခုသိနေပြီနော်။ သိတယ်မဟုတ်လား။ တစ်ယောက်က လွှင့်ထုတ်ရင် ဒီအတိုင်းပဲ ဟုတ်ဟုတ် မဟုတ်ဟုတ် နောက်ကလိုက်ကြတာပဲ။ တောထဲသွားမယ်ဆိုရင် လင်းယုန်ကို ရှိခိုး၊ မရှိခိုးရင် မင်း မြွေကိုက်သေလိမ့်မယ် စသည်ဖြင့် အဲဒီလိုခြောက်လှန့်တာကလေးက ပါလာသေးတယ်။ အဲဒီကျတော့ တစ်ရွာလုံး ဘာကိုးကွယ်စရာ ရသွားသလဲ၊ လင်းယုန်တစ်ကောင်ဟာ တစ်ရွာလုံးရဲ့ ကိုးကွယ်ရာ ဖြစ်လာတယ်။

ဟိုလူက အိမ်ဦးခန်းမှာ ကိုးကွယ်ထားတဲ့ လင်းယုန်ကလေး သေသွားရော။ သေသွားတော့ လွမ်းလို့ဆွေးလို့ဆိုပြီး အရုပ်ကလေး ပုံတူလေး ထုပြီးတော့ သူက လုပ်ပြန်ရော။ အဲဒီကနေပြီးတော့ လင်းယုန် အရှင်လတ်လတ် ရှိခိုးရာကနေ အရုပ်ကို ရှိခိုးတဲ့အဆင့်ကို ရောက်တယ်။ အဲဒီအရုပ်ကို ဟိုတံဆိပ်ထဲထည့်၊ ဒီတံဆိပ်ထဲထည့်၊ နိုင်ငံတော်အလံတော်တို့၊ နိုင်ငံတော်တံဆိပ်တို့ အကုန်လုံးရောက်သွားရော။ ဟုတ်လား။ ဒီလိုသွားတာနော်။

ဟိုကမ္မာဦးက ကိုးကွယ်တဲ့အဆင့်ဟာ ဒီကနေ့ထိ မကုန်သေးဘူး။ ဘုန်းကြီးတို့ ပရိသတ်။ ဟုတ်လား။ ကမ္ဘာဦးက ကိုးကွယ်တဲ့စနစ်သည် ဒီကနေ့အထိ မကုန်သေးပါဘူး။ နောင်လဲပဲ ကုန်ဖို့မလွယ်ပါဘူး။ အဲဒီ ကမ္မာဦး အဆင့်ကို ပြန်ရောက်သွားဦးမှာပဲလို့ ဘုန်းကြီးတို့ ဒီအတိုင်းပဲ မြင်ပါတယ်။

မြတ်ဗုဒ္ဓဟောကြားထားတဲ့ သစ္စာတရား ကွယ်ပြီဆိုတဲ့ တစ်နေ့ကျ ရင် အဲဒီကမ္ဘာဦးကလူတွေ ကိုးကွယ်သလို အဲဒီလိုပြန်ပြီးတော့ မိရာဖမ်း ကိုးကွယ်တဲ့အဆင့်ကို ပြန်သွားကြမှာပဲ။

## အမြတ်တနိုးထားရာက ကိုးကွယ်ရာ ဖြစ်လာတယ်

နိုင်ငံတော်တစ်ခုခုရဲ့အထွတ်အထိပ်အမှတ်တံဆိပ်မှာ တချို့ကခြင်္သေ့၊ တချို့က ဆင်၊ တချို့တိုင်းပြည်က လင်းယုန်၊ တချို့တိုင်းပြည်က နဂါး၊ တချို့တိုင်းပြည်က ဂဠုန်၊ သူ့တိုင်းပြည်နဲ့သူ၊ သူ့ဟာနဲ့သူ အသီးသီး အသီးသီး အဲဒီလို အထွတ်အမြတ်ထားတဲ့ တိရစ္ဆာန်များစွာ ရှိပါတယ်။

ဗုဒ္ဓဘာသာ သူတော်စင်တို့ကလဲပဲ တိရစ္ဆာန် သတ္တဝါ အတော် များများကို အမွန်အမြတ်ထားတာရှိတယ်။ သူတို့အမွန်အမြတ်ထားပုံနဲ့ လုံးလုံးကြီး မတူကြောင်းကို ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ပါ လိမ့်မယ်၊

ဘုန်းကြီးတို့က ဆင်ကို ဘာဖြစ်လို့ အမွန်အမြတ်ထားလဲ၊ ဆဒ္ဒန် ဆင်မင်းတို့၊ ပါလိလေယျကဆင်မင်းတို့ ဇာတ်တော်တွေထဲမှာ ဘုရား အလောင်းတော်တွေနဲ့ ပတ်သတ်ပြီးတော့ ဘုန်းကြီးတို့ကတော့ ဒီလို အထွတ်အမြတ်ထားကြတယ်။

ဟင်္သာကို ဘာကြောင့် အမွန်အမြတ်ထားသလဲ၊ မဟာဟံသဇာတ် တို့၊ စူဠဟံသဇာတ်တို့ကိုကြည့်ပြီးတော့ ဘုရားအလောင်းတော် ဟင်္သာ မင်းရဲ့ တူးကဲမွန်မြတ်တဲ့ ဂုဏ်ရည်တွေကို အာရုံပြုပြီး အမွန်အမြတ်ထား ကြတယ်။

ယုန်ကို ဘာပြုလို့ အမွန်အမြတ် ထားသလဲ။ ဘုရားအလောင်း ယုန်မင်းရဲ့ ပရမတ္ထဒါနအရာမှာ ရဲရင့်တဲ့ဂုဏ်ကို ပူဇော်တဲ့အနေနဲ့ ယုန်ကို အမွန်အမြတ်ထားကြတယ်။ ဘုန်းကြီးတို့ကျတော့ ဒီလိုလာတယ်။

သူတို့တတွေ အဲဒီလိုတိရစ္ဆာန်တွေကို အမွန်အမြတ်ထားပုံနဲ့ တူကြ ရဲ့လား၊ မတူဘူး။ သူတို့က ဒီလိုတိရစ္ဆာန်တွေကို အမွန်အမြတ် ထားကြ တာဟာ အကြောင်းက ဘာလဲ၊ ကြောက်စိတ်-ဘယတဇ္ဇိတ၊ Awe- ကြောက်စိတ်။ ကြောက်စိတ်လေးတစ်ခုနဲ့ တိရစ္ဆာန် တစ်ကောင်ကောင်ကို အမွန်အမြတ်ထားတာကအစ နောက်ဆုံး အဲဒီတိရစ္ဆာန်ဟာ ကိုးကွယ်ရာ ဖြစ်သွားတယ်။

## အသိဉာဏ် မဖွံ့ဖြိုးသေးတဲ့ ကမ္ဘာဦးအချိန်က အခြေအနေ

တစ်ခုနှစ်ခုလောက် ဥပမာလေး ဆက်ပြောပါရစေဦး။

လူတစ်ယောက်က ဒီလိုပဲ တောထဲ သစ်ခုတ် ဝါးခုတ်သွားတယ် ပေါ့။ တောထဲသွားတော့ သူက ဘာနဲ့သွားသလဲ၊ ကျွဲကျောင်းသား ကလေး ဆိုကြပါစို့၊ ကျွဲလေးနဲ့သွားတယ်။ ကျွဲကျောင်းသားကလေး ကျွဲ စီးပြီးတော့ သွားတယ်။

အဲဒီတောထဲမှာ ကျားရှိတယ်။ ကျားနဲ့ ဖြုန်းဆို ရင်ဆိုင်တွေ့တယ်။ ကျွဲကျောင်းသားဟာ ကျွဲကျောကုန်းပေါ်ကနေ ကျားကို ဘယ်လောက် ကြောက်နေမလဲ။ ကျားကလဲပဲ ကျွဲကို အုပ်ရမလား၊ ကျွဲပေါ်က လူကိုပဲ စားရမလားနဲ့ပေါ့။ ကျားက ဟိုက လှည့်ချောင်း၊ ဒီက လှည့်ချောင်း၊ ကျွဲကလဲပဲ ကျားလှည့်တဲ့ဘက်ကို ခေါင်းလှည့် ခေါင်းလှည့်ပြီးတော့ သူ့ချိန်နဲ့ ချိန်ချိန်ထားတယ်။

အဲဒီလိုဖြစ်နေတုန်း ဖြုန်းခနဲဆို ကြောက်အားကြီးလို့ ကျွဲပေါ်က လူက လျှောချပြီး ကျွဲဗိုက်အောက်ကို ဝင်ပြီးတော့ ပုန်းတယ်။ လျှော ခနဲ ခုန်ဆင်းလိုက်တဲ့အချိန်မှာ ကျားက ဖြုန်းခနဲ ခုန်အုပ်တယ်။ ကျွဲက အသာလေး ချိန်နဲ့ခံလိုက်တော့ ကျွဲရဲ့ချိုဖျားမှာ ကျားအသက်ထွက်တယ်။

ကျွဲဗိုက်အောက်က ကျွဲကျောင်းသားကလေးကို ကိုယ်ချင်းစာ ကြည့်ပေါ့။ ဘယ်လောက် ကျေးဇူးတင်လိုက်မလဲ။ ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင်ဟာ ဒီကျွဲပဲ။ ဘာမှ ကိုးကွယ်ရာမရှိသေးတဲ့အချိန်၊ အသိဉာဏ် ကလဲ အလွန်နည်းသေးတဲ့ ဟိုရှေးခေတ် ကမ္ဘာဦး ခေတ်လောက်က ဒီလိုပဲ။

ပြီးတော့ ဒီလူက ဘယ့်နှယ်လုပ်မလဲ။ အိမ်ပြန်၊ ပြီးတော့ ဒီကျွဲကို ဘယ်လိုလုပ်ထားမလဲ။ အမိုးအကာမရှိ မြက်ခင်းထဲမှာ အိပ်ချင်တဲ့နေရာ မှာ အိပ်ခွင့်မပေးဘူး။ ခြံလေးဘာလေး ခတ်၊ အမိုးလေး မိုး၊ အကာလေး ကာ၊ ဖြစ်နိုင်ရင် ငါ့ကျွဲလေးကို ဖြုတ်မကိုက်ရအောင် ခြင်မကိုက်ရအောင် ဟဲ့ ဆိုပြီး ခြင်ထောင်ထောင်ပေးချင် ထောင်ပေးလိမ့်ဦးမယ်။ ကျေးဇူးရှင် ဖြစ်သွားပြီကိုး။

## ကိုးကွယ်ရာ အမှန်မပေါ်ပေါက်သေးတဲ့ကာလ

အဲဒီတော့ ဒီလူက တောသွားမယ်ကြံတိုင်း ဘာလုပ်မလဲ။ ကျွဲ ကလေးကို အရိုအသေပြုတယ်။ ဒီတော့ တစ်ရွာလုံးကမေးတယ်။ ဟေ့ကောင် မင်းမင်းကျွဲကို ဒီလောက်တောင် အရိုအသေပေးနေရတာဟာ ဘာလုပ် တာလဲဆိုတော့ သူ့အတ္တုပ္ပတ္တိကို သူ ပြန်ပြောပြတယ်။ ငါ့အသက်ကယ် တာ ဒီကျွဲကွ၊ ကျားစားတော့မယ့်ဆဲဆဲ ဖြစ်နေတဲ့အချိန် ဒီကျွဲကယ်လို့ ငါ အသက်ရှင်နေတာ။ ဒီလိုဆိုတော့ တစ်ရွာလုံးက ဟာ–ကျားအန္တရာယ် ကို ကာကွယ်ဖို့ ကျွဲကို ရှိခိုးရမယ်။ ဒီလိုဖြစ်လာကြတယ်၊ ဟုတ်လား။

နံကရိုင်းကျွဲတို့ ဘာတို့ဆိုတာ ဘုန်းကြီးတို့ မသိဘူးနော်၊ ဟုတ် လား။ ကမ္ဘာဦးက ပရိမစ်တစ်ရိလေးဂျင်း Primitive Religion ကို ဘုန်းကြီးတို့ ပြောပါတယ်။ ဒီကနေ့ခေတ် နံကရိုင်းကျွဲမကို ကိုးကွယ်တာ တွေ ဘာတွေ ဘုန်းကြီးတို့ သိကိုမသိဘူး။

ဘာမှ ကိုးကွယ်ရာမရှိသေးတဲ့အချိန်မှာ ဒီလိုလုပ်ကြတာ။ ဟိန္ဒူ မရှိသေးဘူး။ ဗြဟ္မာ+ဗိသျနိုး (ဗိဿနိုး)+သျှီဗား (ရှိဝ) ကိုးကွယ်ရမှန်း မသိသေးဘူး။ ဗုဒ္ဓတို့၊ ခရစ်တို့၊ မိုဟာမက်တို့ ဘယ်နေမှန်းကို မသိသေးတဲ့ အချိန်၊ ဒီလိုဒီလို ကိုးကွယ်ကြတယ်။

အဲဒါ တစ်ရွာလုံးက ဒီကောင်တော့ ကျားအန္တရာယ်လွတ်ဖို့ ကျွဲကိုး ကွယ်ရင် တို့လဲ ကိုးကွယ်မှ။ တို့လဲကိုးကွယ်မှရယ်လို့ တစ်ခါတည်း ကျွဲဟာ တစ်ရွာလုံးရဲ့ကိုးကွယ်ရာဖြစ်လာတယ်။ ဒီလိုနဲ့ပဲ ပြောရရင် ဘုန်းကြီးတို့ ပရိသတ်များ စကားနုတ်သလိုတော့ ရှိတယ်။ ဒါပေမယ့် ပြောပါရစေ။ "တိရစ္ဆာန်ကိုးကွယ်တဲ့ ဝါဒ" လို့ ဆိုတော့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် အဓိပ္ပာယ်ကတော့ အဲဒီရောက်တာပဲ၊ ဆိုတော့ မဆိုနိုင်ဘူး။ အဓိပ္ပာယ်က တော့ အဲဒီရောက်တာပဲ။

### အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရချိန်

Animism ဆိုတာလဲရှိသေးတယ်၊ Animism ဆိုတာကသစ်ပင် ကျောက်ဆောင်, ကျောက်တုံး, လေ, ရေ, မီးတို့မှာ အသက်တန်ခိုး ဝိညာဉ်ရှိတယ်ဆိုတဲ့ ဝါဒပါပဲ။

တခု ပြောပါရစေတော့။ လူတစ်ယောက်ဟာ ပင်လယ်ထဲ လှေတစ်စင်းနဲ့ ငါးဖမ်းထွက်တယ်။ ငါးဖမ်းထွက်တော့ ခုလို မိုးဦးကျ မုတ်သုံကလို့ သိပ်အားကောင်းတဲ့အချိန်၊ ပင်လယ်ထဲ လှေကလေးနဲ့ ထွက်လဲ သွားရော ညနေစောင်းလေးပေါ့၊ လေကြီးမိုးကြီးက ဝုန်းဒိုင်းနဲ့ ကျလာပြီး လှိုင်းကလဲ ကြမ်းလာတော့ ပင်လယ်ထဲ လှေမှောက်တယ်။ လှိုင်းတွေက တအားကြီးတော့ သူ့လှေကလေး ဘယ်ရောက်မှန်းမသိတော့ဘူး၊ အဲဒီလူ ရေထဲ မြုပ်ချီ ပေါ်ချီဖြစ်နေတယ်။

အဲဒီအချိန် နေစုပ်စုပ်ဝင်ပြီးတော့ မှောင်ကြီး ကျသွားတယ်၊ နေလုံးကြီး လုံးလုံးပျောက် မှောင်ကြီး ကျသွားတယ်။ အဲဒီလူ့ရဲ့ နှလုံးသားထဲမှာ ဘာစိတ်တွေ ဖြစ်နေမလဲ၊ အော Awe လို့ ခေါ်တဲ့ ကြောက် စိတ်တွေ ခြိမ်းခြောက်နေတယ်၊ ဟုတ်လား။ ဘယတဗ္ဗိတာ–ဘေးအန္တရာယ်တွေ သူ့ကို ခြိမ်းခြောက်နေတယ်။

ခုနက လူတစ်ယောက် ကျားအန္တရာယ် ခြိမ်းခြောက်တော့ ကျွဲအားကိုးလိုက်ရတယ်။ နောက်လူ တစ်ယောက်က မြွေအန္တရာယ် ခြိမ်းခြောက်တော့ လင်းယုန်ကို ကိုးကွယ်လိုက်ရတယ်။ ခု ဒီလူတစ်ယောက်က ဘာလဲ၊ လေ ရေ အန္တရာယ် ခြိမ်းခြောက်နေတယ်၊ ကိုးကွယ်စရာ ရှာလို့ မရဘူး။ မိုးမှောင်ကြီးကျ၊ အဲဒီအချိန်မျိုးမှာ ဝင်းကနဲဆို လျှပ်စီးတစ်ချက် လက်လိုက်တယ်။ ဘာဖြစ်လဲ၊ လျှပ်စီးတစ်ချက်ဟာ ဘယ်လောက် အဖိုးတန်မလဲ၊ အသက်လောက် အဖိုးတန်တယ်။

လျှပ်စီးကလေးတစ်ချက် ဝင်းကနဲ လက်လိုက်တဲ့အချိန် သူ့ရဲ့လက် တကမ်းနားမှာ ကျောက်ဆောင်လေး တစ်ခုကို သူသည် ဘွားကနဲ တွေ့လိုက်ပြီး မှောင်ကြီးကျနေတုန်းက ကျောက်ဆောင်ကို မြင်ပါ့မလား၊ လျှပ်စီးလက်လိုက်တော့မှ ကျောက်ဆောင်ကလေးကို တွေ့လိုက်ပြီး ဒီလျှပ်စီး ဘယ်လောက် အဖိုးတန်သွားသလဲ၊ အသက်နဲ့ ထပ်တူ အဖိုးတန်သွားတယ်။

## ကောင်းကင်က ဘုရားပေးတဲ့ အလင်းရောင်တဲ့

အဲဒီတော့မှ လက်တကမ်းနားမှာ ရှိနေတဲ့ ကျောက်ဆောင်ကို ငါ မမြင်ရလေခြင်း၊ အံမယ်လေး ခုမှ လက်တကမ်းနား ရှိနေတဲ့ ကျောက်ဆောင်ကို တွေ့ရတယ်ဟဲ့ ဆိုပြီးတော့ ကျောက်ဆောင်ကို ပြေးဖက်လိုက်တယ်။ သူ ဘယ်လို ဖြစ်မလဲ၊ အသက်ချမ်းသာရာ ရတယ်။

ဒီတော့ သူက ဘယ်သူ့ကို ကျေးဇူးတင်မလဲ၊ ကျောက် ဆောင် ပဲ ကျေးဇူးတင်ရမလား၊ လျှပ်စစ် (လျှပ်စီး) လက်တာကိုပဲ ကျေးဇူးတင်ရမလား၊ ဘုန်းကြီးတို့ပရိသတ် စဉ်းစားပေါ့။ ကျောက်ဆောင်ကို အသက်သခင် ကျေးဇူးရှင် လုပ်မလား၊ လျှပ်စီးလက်တာကို အသက်သခင် ကျေးဇူးရှင်လုပ်မလား။ ဘုန်းကြီး ပြောချင်တာကတော့ လျှပ်စီး လက်တာဟာ သူ့ရဲ့ အသက် သခင် ကျေးဇူးရှင်ပဲ၊ လျှပ်စီးသာ မလက်ယင် ဒီကျောက်ဆောင်ကို သူ ဘယ်မှာ ရှာလို့ ရမလဲနော်။

အဲဒီတော့မှ သူက အာ တွေး အာ ခေါ် က တော်တော် ရင့်ကျက်တဲ့သူ။ ဒီခေတ်ဟာ အတော် ရင့်ကျက်တဲ့ခေတ် ဖြစ်ပြီလို့ ထင်ရ တယ်။ ဩော်....ကောင်းကင်က ဘုရား ငါ့ကို အလင်းရောင်ပေးတယ် တဲ့၊ သူက ဒီလို တွေးတယ်။ Super natural ruling Power ကို သူက ဒီလိုရှာတာ၊ ဟုတ်လား။ ဒါ ဘယ်က လာသလဲ၊ ကြောက်စိတ်ကနေ လာတာ။ Super natural ruling Power သို့မဟုတ် God တစ်ခုခု၊ တစ်စုံတစ်ယောက်ဟာ တနေရာရာမှာ ရှိလိမ့်မယ်ပေါ့လေ။

ဒီအလင်းရောင်ဟာ ဘုန်းကြီးတို့ ပရိသတ် ပြောစရာ မလိုဘူး၊ ဒါ သဘာဝ တရားပဲ မဟုတ်လား။ တေဇောဓာတ်နဲ့ ဝါယောဓာတ်တို့ လွန်ကဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ အလင်းရောင်ဓာတ်၊ လျှပ်စီးဆိုတာ ဒါပဲ။ တေဇော၊ ဝါယောဆိုတာ သဘာဝတရား၊ အဲဒီ သဘာဝတရားက ဖြစ်ပေါ်လာတဲ့ ဒီအလင်းရောင်ကို ထိုသဘာဝ တရားထက် လွန်ကဲတဲ့ တန်ခိုး တစ်မျိုးမျိုးလို့ သူ ဒီလိုစဉ်းစားတယ်။

## ဘုရားပဲလို့ မှန်းဆရည်ရော်

ဘုရားပေးတဲ့အလင်းရောင် ဖြစ်မယ်ဆိုပြီးတော့ ဘုရားကို ရှာကြည့်တယ်၊ ဘယ်မှာမှ ရှာလို့မရဘူး။ ရှာလို့မရတော့ ရှိခိုးမယ်ဆိုလို့ရှိယင် ရှိခိုးစရာ တစ်နေရာရာမှာ တစ်ခုခုတော့ရှိရမှာပေါ့၊ အဲဒီတော့ ကျောက်ဆောင်ကလေး အသာဖက်ပြီးတော့ ဘုရားပေးတဲ့ ဒီကျောက်ဆောင် ကလေးကို ဩော်....ဘုရားပဲဟဲ့လို့ဆိုပြီး အဲဒီနေ့က စပြီးတော့ ပင်လယ်ကို ထွက်တိုင်း ထွက်တိုင်း ဒီကျောက်ဆောင်ကို ရှိခိုးပြီးတော့ သူ ထွက် ထွက်သွားတယ်။

ကျောက်ဆောင်ကလေးက ရှိခိုးစရာဖြစ်လာတယ်။ ရှေ့က အခုအခံ တစ်မျိုးပဲ၊ သူ့ကို ရှိခိုးနေတာတော့ မဟုတ်ဘူး၊ ဟို နောက်နားက ဘာကို ရှိခိုးနေတာလဲ၊ Super natural ruling power သူ့ကို ကယ်တင်တဲ့

တန်ခိုးရှင်ကို ရှိခိုးနေတာ။ အဲဒီ တန်ခိုးရှင်ရှိရာ တစ်နေရာရာပေါ့လေ။ Some where၊ ကောင်းကင်ကလား၊ နေထဲကလား၊ နက္ခတ်ကလား၊ ဂြိုဟ်ထဲကလားတော့ မသိဘူး၊ တစ်နေရာရာက ဖြစ်ရမယ်၊ အဲဒါ သူတွေး ပြီးတော့ ရှိခိုးတယ်။

ပင်လယ်ထွက်ပြီဆိုရင် လေမုန်တိုင်းဘေးက လွတ်ဖို့ရန် ကျောက်ဆောင်ကလေးကို ရှိခိုး ရှိခိုး ပြီး ဒီလိုချည်း သွားတယ်။ တံငါသည် မြောက်မြားစွာတို့က ဒီလူကို ကြည့်တယ်။ ဟောဒီလူဟာ ပင်လယ်ထွက်တိုင်း ထွက်တိုင်း ဒီကျောက်ဆောင်ကို ရှိခိုး ရှိခိုးထွက်တယ်။ ဟော့လူ ပြောစမ်းပါ၊ မင်း ဘာပြုလို့ဒီကျောက်ဆောင် ရှိခို ရှိခိုးထွက်သလဲဆိုတော့ သူ့အတွေ့ပြတ္တိ သူက ပြန်ပြောပြတယ်။ အဲဒီတော့ ပင်လယ်ထွက်ကြသူ လူအပေါင်းတို့သည် ဘုန်းကြီးတို့ရိုသတ် ဘာရှိခိုးကြမလဲ၊ ပင်လယ်ထွက်ကြတဲ့ လူအပေါင်းတို့သည် ဘာကိုရှိခိုးကြမလဲ၊ ဒီကျောက်ဆောင်လေးကို တန်ခိုးရှင်အဖြစ်နဲ့ ရှိခိုးကြတယ်။

## ကိုးကွယ်မှု စတင်လာခဲ့သည်မှာ

နည်းနည်း ဉာဏ်ကြီးကျယ်တဲ့ လူတစ်ယောက်က မင်းဉစ္စာကွာ၊ ဘာမှမရှိတာကြီးကို ရှိခိုးနေတာ အလကားပဲ၊ Meaningless ဘာမှ အဓိပ္ပာယ်မရှိဘူး။ တစ်ခုခုရှိမှ ရှိခိုးလို့ကောင်းမှာ။ နည်းနည်း အတွေး အခေါ် ရင့်ကျက်တဲ့လူတစ်ယောက်က ဟာ ဒီလိုဆိုလဲပဲ အရုပ်ကလေး ဘာလေး လုပ်ကြစို့ ဆိုတော့ အဲဒီ ကျောက်ဆောင်ပေါ်မှာဆိုရင် ဘယ်လို အရုပ်ထုရင် ကောင်းမယ်၊ ပင်လယ်နတ်သမီးလေးထုရင် ကောင်းမယ် ထင်တယ်။ မဟုတ်ဘူးလား။

အဲဒါ ထုထားတယ်။ ဟိုလူက ဆေးကလေးခြယ်သွား၊ နောက်တစ်ယောက်ကနားရွက်ကလေးတပ်၊ ဟာ နောက်တစ်ယောက်ကအတောင်ကလေးတပ်နဲ့ တစ်ယောက်နည်းနည်း တစ်ယောက်နည်းနည်း လုပ်လိုက်ကြတာ အရုပ်ကလေး တော်တော်လှသွားတယ်၊ အဲဒီထဲ နည်းနည်း ဉာဏ်ကြီးတဲ့ ဗဟုသုတများတဲ့ လူတစ်ယောက်က စာရေးသွားတယ်၊ "မဏိမေခလာ" တဲ့၊ ဟုတ်လား။

ဒီတော့ ကိုးကွယ်စရာတွေ ပေါ်လာပြီမဟုတ်လား၊ ကိုးကွယ်စရာတွေ အများကြီးဖြစ်ကုန်ကြတယ်။ မြွေကြောက်တဲ့လူက လင်းယုန်ရှိခိုးရ၊

ကျားကြောက်တဲ့လူက ကျွဲရှိခိုးရ၊ လေမုန်တိုင်းဘေးတို့, ရေဘေးတို့ ကြောက်တဲ့လူကတော့ လေကိုမခလား ရှိခိုးရနဲ့ အများကြီး အများကြီး ဒီလိုဖြစ်ကြတယ်။ ဦးတည့်ရာရမ်း ပြီးတော့ ဒီလိုရှိခိုးကြတာ။

အဲဒီလိုနဲ့ ခေတ်တွေ တဖြည်းဖြည်းနဲ့ နှောင်းလာပြီးတော့ နောက်ခေတ် နောက်ခေတ်တွေ ရောက်တဲ့အခါကျတော့ ဗဟုသုတများတဲ့လူတွေက တစ်နည်းအားဖြင့် ကိုးကွယ်ခံတဲ့အပိုင်းက ကိုးကွယ်သူတို့ကို နည်းနည်း လှည့်စားတဲ့အနေနဲ့ အဲဒါတွေကို အကုန်လုံး သိမ်းကျုံးပြီးတော့ ဘာသမုတ်လိုက်ကြသလဲ၊ "စေတီ" လို့ သမုတ်ပစ်လိုက်ကြတာ။

ဗုဒ္ဓမပွင့်ပေါ်မီ၊ ဟိန္ဒူဝါဒမပေါ်မီ ဟိုရှေးရှေးက ဖြစ်နှင့်တဲ့ ခေတ်ဦးအခါက ဘာသာရေးဟာ ဒီလိုစခဲ့ကြတယ်လို့ ဘုန်းကြီးတို့ရသိတ် အပေါင်းသူတော်ကောင်းတို့အား ဘုန်းကြီးတို့ လေ့လာသိရှိသမျှနဲ့ ဗုဒ္ဓပိဋကတ်တော်က စာပေတို့ရဲ့ အဆို၊ ဘုန်းကြီးတို့ရဲ့ အတွေးအခေါ်၊ ဒါတွေကို ပေါင်းစပ်ပြီးတော့ ဘုန်းကြီးတို့က လိုရင်းကို တင်ပြခြင်းပါပဲ။ အဲဒါကို Primitive Religion ကိုးကွယ်ခြင်းသည် ဒီလိုစခဲ့ကြတာ။

အခြေခံတစ်လုံးတည်းနော်၊ "ကြောက်စိတ်"။

## ကိုးကွယ်မှု မညစ်နွမ်းရလေအောင်

ဘယတဇ္ဇိတာ၊ ဘေးအန္တရာယ်အမျိုးမျိုးဖြင့် ခြိမ်းခြောက်ခံရကြကုန်သော။ မနုဿာ၊ လူအပေါင်းတို့သည်။ ဗဟုံ၊ မြောက်မြားစွာ။ သရဏံ ယန္တိ၊ ကိုးကွယ်ကြလေကုန်၏။ ပဗ္ဗတာနိစ၊ တောင်ထွတ်ကြီးတို့ကို လည်းကောင်း။

ရာဇဂြိုဟ်တစ်ပတ်လည်မှာ -

(၁) ဝေဘာရတောင်၊
(၂) ဝေပုလ္လတောင်၊
(၃) ပဏ္ဍဝတောင်၊
(၄) ဣသိဂိလိတောင်၊
(၅) ဂိဇ္ဈကုဋ်တောင်၊

တောင်ကြီးငါးလုံး၊ ရာဇဂြိုဟ်က အဲဒီတောင်ကြီးတွေကို "ရှိဝနတ်မင်းကြီး" ရဲ့ စံပျော်ရာဆိုပြီးတော့ ရာဇဂြိုဟ်သားတွေက တောင်ကြီးငါးလုံးကို "စေတီ" သမုတ်ပြီးတော့ ရှိခိုးလာကြတယ်။

မြန်မာပြည်ကတော့ ဘယ်တောင်ကို ဘယ်လိုလုပ် ရှိခိုးကြလဲ။ ဘုန်းကြီးထင်တာ ပြောရရင်တော့ စစ်ကိုင်းတောင်မှာ သံဃာငါးထောင် ကျော်နေတယ်ဆိုပြီးတော့ ရှိခိုးတယ်လို့ ဒီလိုပဲ ထင်တာပါပဲ။ ဒါဆိုရင် တော်တော်ကောင်းလိမ့်မည် ထင်တယ်၊ ပုပ္ပားတို့ဘာတို့ မပြောဘူးနော်။

ပဗ္ဗတာနိစ၊ တောင်တို့ကို လည်းကောင်း။ ဝနာနိစ၊ တောတို့ကို လည်းကောင်း။ သရဏံ၊ ရှိခိုးတယ်။

ဒါနဲ့ပတ်သက်လို့ ဒီရန်ကုန်ပြည် ကားလမ်းဘေးက ''အင်းမ''အနီး မှာ ''ရွှေကျွန်းတော''ဆိုတဲ့ တောကြီးတစ်တောဟာကြီးကျယ်တယ်၊ ကျွန်း ပင် အကိုင်းကလေးများ မချိုးလိုက်နဲ့ အကုန်လုံး သေမယ်။ ကြီးကျယ် လိုက်တာ ရွှေကျွန်းတော, ရွှေကျွန်းတောနဲ့ ဘယ်သူကစပြီး ဘယ်လို အန္တရာယ် ကြုံခဲ့တယ်တော့ မသိဘူး။ နောက်လူတွေ ဒီကျွန်းတောကို ဖြတ်တဲ့အခါ ရှိခိုးသွားရတာတော့ သေချာတယ်။ ထောက်ကြံ့ဟိုဘက် နားက သစ်ပင်ကြီး မပြောဘူးနော်၊ ဟုတ်လား။ ကိုးကွယ်ရာတွေ ပေါ လွန်းလို့၊ များတယ်၊ ဟုတ်လား။

ဒီတော့ ဘုန်းကြီးတို့က ဒီကနေ့ သာသနာတော် သန့်ရှင်းရေးကို နိုင်ငံတော်အစိုးရနဲ့ ဂိုဏ်းပေါင်းစုံ ဆရာတော် သံဃာတော်များက အား ကြိုး မာန်တက် ဆောင်ရွက်ကြတယ်၊ ဘုန်းကြီးတို့က ဒကာ ဒကာမတွေရဲ့ ကိုးကွယ်ရာသန့်ရှင်းမှုက ဘယ်လောက်လိုသလဲဆိုတာ ဘုန်းကြီးတို့ ပရိ သတ်များကိုယ်တိုင် သိကြမှာပါပဲ။

သရဏဂုံ ညစ်နွမ်းခြင်းရဲ့ အကြောင်းကို နောင် ဘုန်းကြီးတို့ ဟောမယ့်ပြောချက်တွေထဲမှာ ပါမယ်။

ဗုဒ္ဓ+ဓမ္မ+သံဃကို ကိုးကွယ်ခြင်းက ဘယ်လိုအဓိပ္ပာယ်လဲ။

အဲဒီ ဗုဒ္ဓ ဓမ္မ သံဃကို ကိုးကွယ်တဲ့ ကိုးကွယ်မှုဟာ ညစ်နွမ်း ပျက်စီးမှု ဘယ်လိုဖြစ်သလဲ ဆိုတဲ့ အကြောင်းတွေကို ဘုန်းကြီးတို့ ဆက် ပြောမယ့် အစီအစဉ်မှာ ဘုန်းကြီး ထည့်သွင်းပြီး ရှိပါတယ်။ ဒါ့ကြောင့် ဘုန်းကြီးတို့ ဟောပြောပွဲသည် ''ဗုဒ္ဓဝါဒ အခြေခံသင်တန်း'' ပါ၊ အခြေခံ ဟောပြောချက်ပါပဲ။ ဝိပဿနာတရားကို ဟောဖို့ ဘုန်းကြီးတို့ မရည်ရွယ် ပါဘူး။

## ဆရာတော် ဦးသေဋ္ဌိလ အမိန့်ရှိလိုက်တာကတော့

ဝိပဿနာတရားဟာ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ကြီး ဦးသေဋ္ဌိလ မိန့်တော်မူတာက "လူသားတွေရဲ့ ခေါင်းပေါင်းကွ" တဲ့။ ရန်ကုန်မှာ ဘုန်းကြီး တရားတွေဟောနေတော့ ဆရာတော်ကြီးက မေးပါတယ်။ "ဘာတရားတွေ ဟောသတဲ့"လို့ မေးတော့ ဘုန်းကြီးက "မက်ခဲနက်ခဲတဲ့ သုတ္တန်ကြီးများနဲ့ ဝိပဿနာတရားများ ဟောကြောင်းပါ" လို့ လျှောက်လိုက်တယ်။

ဆရာတော်ကြီးက "အေး-ကောင်းတယ်ကွာ၊ အဲဒါဟာ ဒကာကြီးတွေအတွက်ဆိုရင် ခေါင်းပေါင်းပေါ့ကွာ၊ ဒကာမကြီးတွေအတွက်ဆိုရင် ဆံထုံးပေါ့ကွာ။ ဒါပေမယ့်ဟေ့ ဝိပဿနာဆိုတဲ့ လူ့ခေါင်းပေါင်း၊ လူ့ဆံထုံး လှလှပပပေါင်းပေး၊ ထုံးပေးနေတာကို ငါ ဘာမှ မပြောလိုပါဘူး၊ ဒါပေမယ့် ပုဆိုးနဲ့ထဘီ မြဲအောင်တော့ ဝတ်ပေးလိုက်ပါဦး" တဲ့၊ ဆရာတော်ကြီးက ဒီလို မိန့်တော်မူပါတယ်။

"ပုဆိုး+ထဘီက ဘာပါလဲ ဆရာတော်" ဆိုတော့ "ဗုဒ္ဓဝါဒ အခြေခံတွေကို နားလည်ဖို့ သိပ်လိုတယ်ကွ" တဲ့။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆိုပေမယ့် ဟိုဘက်မှာ သရဏံ ဂစ္ဆာမိတွေ အများကြီး ရှိနေတယ်၊ ဟုတ်လားနော်၊ အဲဒါကြောင့် "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဆိုပြီးတော့ ဟိုတစ်ဖက်မှာ သရဏံဂစ္ဆာမိတွေ အများကြီး ရှိနေရင်၊ ပါဏာတိပါတာ ဝေရမဏီ ဆိုပြီးတော့ တကယ့် ဝေရမဏီ မဖြစ်ကြရင်ပေါ့လေ။ အေး-ဝိပဿနာခေါင်းပေါင်းကြီး ကောင်းကောင်းပေါင်းထားပြီးတော့ အောက်ပိုင်းက အခြေခံလူ့ကျင့်ဝတ်တွေ ကင်းမဲ့တော့ ဘာဖြစ်သလဲ၊ ပုဆိုးထဘီ မမြဲသလို ဖြစ်နေတယ်။

"ခေါင်းပေါင်းကြီးနဲ့ လူတစ်ယောက် အခမ်းအနား ချီတက်လာတာ ပုဆိုးက မပါဘူးဆိုတာလို ဖြစ်နေမယ်" တဲ့။

ဒီကနေ့ ဘုန်းကြီးတို့ဘာပြောတယ်ဆိုတာ နားလည်စေချင်လို့ပါ။ ဆရာတော်ကြီး ဦးသေဋ္ဌိလရဲ့ အမိန့်ရှိတော်မူပုံကို ဘုန်းကြီးတို့က ဖြန့်ချိတာပါ။

## ပန်းရံဆရာ ပန်းချီဆရာတို့ရဲ့ လက်ရာ

ဒါနဲ့ တစ်ဆက်တည်းပေါ့လေ။ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ရယ်ရွှင်ဖွယ်လို့တော့ မမှတ်နဲ့၊ ဟို ကမ္ဘာဦးကစခဲ့တဲ့ ကျွဲတွေ၊ ဆင်တွေ၊ လင်းယုန်တွေ၊ ထို ရေထဲ နေထဲ နက္ခတ်ထဲက ဘာမှန်း မသိတာကို မှန်းပြီးတော့ ကိုးကွယ်တာတွေကနေပြီးတော့ တဖြည်းဖြည်းနဲ့ အဲဒီစနစ်တွေဟာ ဒီကနေ့ ပျောက်ကွယ်သလား၊ မပျောက်ကွယ်ဘူးလား ဆိုတာ ဘုန်းကြီးတို့ပရိသတ်မှာ ဝေဖန်နိုင်တဲ့ဉာဏ် ရှိပါတယ်။ မပျောက်ကွယ်ဘူး၊ ဘုန်းကြီးတို့ပရိသတ် ဟုတ်လား။ မပျောက်ကွယ်ဘူး၊ တချို့နေရာတွေမှာ ဒါတွေ ပို၍တောင် အားကောင်းတဲ့လက္ခဏာ ရှိတယ်။

ပန်းရံဆရာတစ်ယောက် ဘုရားတည်တယ်။ ဘုရား တည်ပြီးပြီ၊ စေတီ တည်ပြီးပြီ၊ အင်္ဂတေတွေ ပိုနေတယ်။ ဘာလုပ်မလဲ။ လက်စွမ်းပြ အရုပ်တစ်ခု ဘုရားဘေးမှာ ထုတယ်။ ဘုရားဘက် လက်အုပ်ချီဒူးတုပ်နေတဲ့ အရုပ်ကြီးတစ်ရုပ်ထုလိုက်တယ်၊ ဟာ တစ်ခါတည်း မျက်လုံးပြူးပြူးအစွယ် ပြူးပြူးနဲ့ ဘီလူးရုပ်ကြီး ထုထားတယ်၊ ဘီလူးမကြီး။ ဘီလူးမ ဆိုရင် တော့ ခေါင်းပေါ်မှာ ပန်းကလေးတစ်ခုတင်ဦးမှပဲဆိုပြီးတော့ပန်းကလေး တစ်ခု တင်ထားတယ်။ အဲဒီပန်းကလေးထဲ ဘုရားပန်းကပ်တဲ့လူတွေ ပန်း တင်ဖို့ပေါ့၊ ဆွမ်းကပ်တဲ့လူတွေ ဆွမ်းတင်ဖို့၊ ဘုရားရေလှူတဲ့လူတွေ ရေ တင်ဖို့ပေါ့၊ ပန်းရံဆရာရဲ့ ရည်ရွယ်ချက်က ဒါပဲ။ ဒီပြင် ဘာမှ မရည် ရွယ်ဘူး။

အဲဒီတော့ ဘုရားထုံးသုတ်၊ ဆေးသုတ်၊ အရောင်ခြယ်တဲ့ ဆေး သုတ်သမားကလဲ ပိုတဲ့လျှံတဲ့ဆေးကလေးနဲ့ ဒီဘီလူးရုပ်ကို ဟိုကခြယ်၊ ဒီကခြယ်ဆိုတော့ ကလေးတွေမြင်ရင် ကြောက်လိုက်မယ့် ဖြစ်ခြင်း လုပ် ထားပစ်ခဲ့တာ။ အဲဒီထဲ ဆေးခြယ်တဲ့ လူတစ်ယောက်က ဘာရေးပစ်ခဲ့တုံး ဆိုတော့ ဒီအရုပ်ကြီးကို ''မယ်ကုဝဏ်'' ဆိုပြီးတော့ ရေးပစ်ခဲ့တယ်။ ဒါပဲ မူရင်းဖြစ်ရပ်ဟာ၊ ဒါထက် မပိုဘူးနော်၊ ဒါထက် မပိုဘူး။

## သမိုင်းရေးဆရာတို့က မှတ်တမ်းပြုလိုက်လျှင်

ခုလို မိုးတွင်းရာသီ အဲဒီအရုပ်ကြီး ရှိတဲ့အရပ်ဟာ မိုးကောင်းတဲ့ အရပ်၊ စေတီရင်ပြင်မှာ မြက်တောကြီးက ထူထပ်တယ်။ ကျောင်းဥပုသ် စောင့်လာကြတဲ့ အဘွားကြီးတွေ ညနေ အိမ်ပြန်ခါနီး စေတီတော်

သွားပြီးတော့ ရှိခိုးဦးခိုက်ကြတယ်၊ အဘွားကြီးတွေ ကန်တော့ပြီးတော့ ဘုရားရှေ့ဦးလဲချလိုက်ရော အောက်ကမြက်ပင်က မြက်သီးမြက်ပွင့်ကလေးတွေ မျက်လုံးထဲဝင်သွားတယ်၊ အဲဒီတော့ မျက်လုံးထဲ မြက်သီးဝင်တယ်ဆိုပြီး မျက်လုံးကို ပွတ်တယ်။

မိုးက သည်းထန်စွာ ရွာတယ်မဟုတ်လား၊ အဲဒီတော့ ဘာလုပ်မလဲ၊ မယ်ကုဝဏ်ဗန်းထဲက ရေလေးယူပြီးတော့ မျက်လုံးကို ပွတ်တာ၊ ကံအားလျော်စွာ ဒီမြက်သီးလေးထွက်သွားတော့ သူ့မျက်လုံးကကောင်းသွားတယ်။ အမယ်လေး မယ်ကုဝဏ်ဆေးပေးတယ်၊ မယ်ကုဝဏ်ရဲ့ မျက်စဉ်း တယ်ကောင်းတယ် ဆိုပြီးတော့ အဘွားကြီးတွေ လျှောက်ပြောကြတာ၊ တစ်ရွာလုံး အုတ်အုတ်ကျွက်ကျွက်နဲ့ မျက်စဉ်းယူဖို့ လာလိုက်ကြတာ ပုလင်းပေါင်း မြောက်မြားစွာနဲ့ လူတွေ အဲဒီဘုရားကို ချီတက်ကြတယ်၊ မယ်ကုဝဏ်ဆီ ဆေးသွားယူရအောင်တဲ့၊ ဟုတ်လား။

မယ်ကုဝဏ် တန်ခိုးကြီးပုံကတော့ အဲဒီလိုပဲ။ ဒီလိုလေးတွေ ဖြစ်ဖြစ်သွားကြတာဟာ နောက်ဆုံးကျတော့ သမိုင်းရေးတဲ့ဆရာက အဲဒါကို စာအုပ်တစ်အုပ်ပြုစုပြီး ထည်ထည်ဝါဝါ ခန့်ခန့်ညားညား လျှောက်ရေးပစ်လိုက်ရင် ဒါတွေဟာ မခက်ဘူးလား။ စာရေးတဲ့ လူတစ်ယောက်က ဒါတွေကို မှတ်တမ်းလုပ်ပြီးတော့ ဘာလဲညာလဲဆိုလိုက်တော့ မယ်ကုဝဏ်ကြီး ဘယ်လောက် တန်ခိုးကြီးတယ်၊ မျက်စိနာဆေးပေးတယ်၊ ဗိုက်နာဆေး ပေးတယ်၊ ဘာလဲညာလဲ စသည်ဖြင့် ရေးလွှယ်လိုက်လို့ရှိရင် အဲဒီ စာအုပ်ကြီးဖတ်ပြီးတော့ နောက်ကနေ လူတစ်အုပ်ကြီးက လျှောက်လိုက်ကြရော။

သွားရောတဲ့ ကိုးကွယ်ရာအမှားလမ်းကြောင်းကြီးပေါ်ကို သတ္တလောကကြီးဟာ အများကြီး ဒီလိုလိုက်မိကြပါတယ်၊ ဒီလို ဖြစ်ကြတဲ့ သတ္တဝါတွေက အများကြီးပဲ။

## ကိုးကွယ်မှုမှားရင် ဘေးဖြစ်တတ်တယ်

ဒီတော့ ဘုန်းကြီးတို့မြတ်ဗုဒ္ဓက “ပဒ္ဒကုသလဇာတ်တော်” မှာ မိန့်တော်မူတဲ့ စကားတစ်ရပ်ရှိပါတယ်။ အဲဒီစကားတစ်ရပ်ကို ဘယ့်နှယ် ဖတ်ကြည့်သလဲ။

"ဇာတိ သရဏာတော ဘယံ"

ဘာသာပြန်ရင် "ကိုး ကွယ် ရာ မှ ဘေး ဖြစ် တတ် သည်။" အဲဒီ အဓိပ္ပာယ်ရတယ်။

ကြောက်လို့ ကိုးကွယ်ရာ အမျိုးမျိုး မှားကြတဲ့ ပုဂ္ဂိုလ်တွေကိုး ကွယ်ရာ အမျိုးမျိုးတို့ကို တွေ့ကြရမယ်၊ အဲဒီ ကိုးကွယ်ရာတွေက တစ်ခါ တစ်ခါ ဘာဖြစ်တတ်သလဲ၊ ဘေးဖြစ်တတ်ပါတယ်။

"ဇာတိ သရဏာတော ဘယံ"

သရဏာတော၊ ကိုးကွယ်ရာမှ။ ဘယံ၊ ဘေးသည်။ ဇာတိ၊ ဖြစ် တတ်တယ်။

ကိုးကွယ်ရာက ဘေးဖြစ်တတ်တယ်။

ရေကို ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေ တော်တော်ကြာ ရေကနေ ဘေး အန္တရာယ် ဖြစ်လာတယ်။

မီးကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ တော်တော်ကြာ မီးကနေ ဘေး အန္တရာယ် ဖြစ်လာတယ်။

တောကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ အဲဒီတောက ဒုက္ခပေးတယ်။

တောင်ကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ အဲဒီတောင်က ဒုက္ခပေးတယ်။

သစ်ပင်ကြီးကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ တော်တော်ကြာ အဲဒီသစ် ပင်က ဒုက္ခပေးလာတယ်။

အသက်မဲ့တွေ လျှောက်ပြောတာပဲ ကောင်းပါတယ်နော်၊ ဟုတ် လား။ အေး အဲဒါ အပြစ်ကင်းတယ်။ နေကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေ၊ လကိုး ကွယ်တဲ့ပုဂ္ဂိုလ်တွေ၊ မီးကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေ၊ ရေကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေ အိန္ဒိယမှာ အသွန်ခေတ်စားတယ်။ အဲဒီလို ကိုးကွယ်အမျိုးမျိုးရှာပြီးတော့ ကိုးကွယ်ကြတာ ဘာကြောင့်လဲ၊ ဘယာတဇ္ဇိတ – ကြောက်စိတ်ကြောင့်၊ ကြောက်လို့ ကိုးကွယ်တယ်။ တစ်ခါတစ်ခါကျတော့ ငုံပြီးတော့ ကြောက် စရာတွေ ဖြစ်ဖြစ်လာတယ်၊ အဲဒါကို မြတ်စွာဘုရားက "ဇာတိ သရဏာတော ဘယံ" လို့ ဒီလို မှာထားတယ်။

"သရဏာတော၊ ကိုးကွယ်ရာကြောင့်။ ဘယံ၊ ဘေးသည်။ ဇာတိ၊ ဖြစ်တတ်တယ်။ – တဲ့

ကိုးကွယ်မှုတွေ ဘယ်က စသလဲ၊ "ကြောက်စိတ်က စပါတယ်"။ အဲဒီကြောက်စိတ်နဲ့ စပြီး ကိုးကွယ်ရာတွေဟာ တောတွေ၊ တောင်တွေ၊ သစ်ပင်တွေ၊ ဥယျာဉ်တွေ၊ ရေတွေ၊ မီးတွေ၊ တိရစ္ဆာန် မျိုးစုံတွေ၊ အဲဒီကနေ အဆင့်မြင့်လိုက်တော့ ဘာဖြစ်လာလဲ၊ နတ်အမျိုးမျိုး၊ ဘီလူးအမျိုးမျိုးတွေ၊ ဒါတွေဟာ ကိုးကွယ်ရာထဲ ရောက်လာပါတယ်။

## မြတ်ဗုဒ္ဓရဲ့ သစ္စာတရားဆိုတာ ဘာလဲ

အဲဒီ ကိုးကွယ်ရာ အမျိုးမျိုးဟာ တစ်ဆင့်ထက် တစ်ဆင့် တစ်ဆင့် ရင့်ကျက်လို့ ထွန်းကားလာတဲ့အချိန်၊ အိန္ဒိယပြည်ကြီးမှာ အမြင့်ဆုံးအဆင့်ဟာ ဘာလဲ။ ဟိန္ဒူဝါဒ, ဗြာဟ္မဏဝါဒ အမြင့်ဆုံးအချိန်သို့ ရောက်ပြီဆိုတော့မှ ဘုန်းကြီး တို့မြတ်ဗုဒ္ဓ ပွင့်တော်မူလာခြင်း ဖြစ်ပါတယ်။

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓ ပွင့်တော်မူလာတဲ့ သက္ကရာဇ်ကို ပြောထားပြီးပြီ၊ ဘီစီ ၅ဂဂ။ ဖွားတာကို ဘီစီ ၆၂၃ လို့ မှတ်မိပါပြီ၊ ဘုရားဖြစ်တော့ ဘီစီ ၅ဂဂ။ ဘီစီ ၅ဂဂ ဗုဒ္ဓအဖြစ်သို့ ရောက်ပြီဆိုတော့မှ ဗုဒ္ဓက ဘာတွေကို လျှောက်ပြသွားသလဲလို့ဆိုတော့ "သစ္စာတရား" ကို ပြတယ်လို့ တစ်လုံးတည်း အတိုချုပ်မှတ်ပါ။

အဲဒါ ဒီကနေ့ ချဲ့ထွင်ပြီးတော့ ဘုန်းကြီးတို့ ပြောရမှာ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓ ပွင့်ပေါ်လာတဲ့ အချိန်ကျတော့ ဗုဒ္ဓက ဘာကို ပြသလဲဆိုယင် "သစ္စာတရား"။

သစ္စာဆိုတာ ဘာလဲဆိုယင် –

"တကယ်ရှိသော တကယ်မှန်သော တရား၊ ရှိလဲ ရှိတယ်၊ မှန်လဲ မှန်တယ်"။ အဲဒါကို "သစ္စာတရား" လို့ ခေါ်တယ်။

(၁) ကာလတိုင်းမှာ မှန်တယ်၊
(၂) ဒေသတိုင်းမှာ မှန်တယ်၊
(၃) ပုဂ္ဂိုလ်တိုင်းမှာ မှန်တယ်၊

ဘယ်နှစ်မျိုး မှန်သလဲ။ ကာလ, ဒေသ, ပုဂ္ဂိုလ်မရွေး မှန်တဲ့ တရား။

(က) ဟိုရှေးရှေး ကမ္ဘာ့ ကမ္ဘာတွေ တုန်းကလဲ မှန်ခဲ့ပါတယ်။ ဒီကနေ့ ကမ္ဘာမှာလဲ မှန်နေပါတယ်၊ နောင် အနာဂတ် ကမ္ဘာ့ ကမ္ဘာမှာလဲ မှန်နေဦးမှာပဲ၊ ကာလတိုင်းမှာ မှန်တဲ့ တရား။

(ခ) ဘယ်ပုဂ္ဂိုလ်အတွက်ပဲ ဖြစ်ဖြစ် မှန်တဲ့ တရား၊ ဗုဒ္ဓဘာသာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ။ လူသားဟုတ်သည် ဖြစ်စေ၊ မ ဟုတ် သည် ဖြစ် စေ။ သက်ရှိ သတ္တဝါတိုင်း အတွက်၊ ဘယ်လူမျိုး ဘယ်သတ္တဝါတိုင်း အတွက်ပဲ ဖြစ် ဖြစ် ပုဂ္ဂိုလ်တိုင်းအတွက် မှန်သောတရား။

(ဂ) ဘယ်ဒေသမှာပဲဖြစ်ဖြစ်၊ မြန်မာပြည်ဒေသတွင်မှ မှန်ရမှာ လား၊ အိန္ဒိယမှာသာလျှင် မှန်ရမှာလား၊ နတ်ပြည် မှာ တော့ မမှန်ဘူးလား၊ ဒီလိုမဟုတ်ဘူးတဲ့။ ဘယ်အရပ် ဘယ်ဒေသ၊ ဘယ်ကမ္ဘာမှာပဲ ဖြစ် ဖြစ် ဒေသတိုင်းမှာ မှန် သော တရား။

ကာလ, ဒေသ, ပုဂ္ဂိုလ်မရွေး၊ ဘယ်အခါ, ဘယ်နေရာ, ဘယ် သူ့အတွက် ဖြစ်စေ၊ အချိန်မရွေး, နေရာမရွေး, မည်သူ မည်ဝါ မရွေး မှန်သောတရား။ အဲဒါကို ဘာခေါ်လဲ၊ သစ္စာUniversal Truth လို့ ခေါ်ပါတယ်။

ဘုန်းကြီးတို့ ဗုဒ္ဓရဲ့ သစ္စာတရားဟာ အလွန်ကျယ်ပြန့်ပါတယ်နော်၊ ဗုဒ္ဓကို ယုံသူတို့ အတွက်သာလျှင် မှန် ပြီး တော့ မယုံသူတို့ အတွက် မမှန် ဘူးလို့ ဒီလိုမဟုတ်ဘူး၊ ယုံသူအတွက်ရော မယုံသူအတွက်ရော၊ ဗုဒ္ဓ ကိုး ကွယ်သူအတွက်ရော မကိုးကွယ်သူအတွက်ရော အကုန်လုံးအတွက် မှန်ပါ တယ်။ ဗုဒ္ဓတရား ထွန်းကားနေတဲ့ ခေတ်မှာရော၊ ဗုဒ္ဓတရား ကွယ်နေတဲ့ ခေတ်မှာရော မှန်နေပါတယ်။ ဗုဒ္ဓပွင့်တဲ့အရပ်မှာရော၊ ဗုဒ္ဓမပွင့်တဲ့အရပ်မှာ ရော မှန်နေပါတယ်။

ကာလ ဒေသ ပုဂ္ဂိုလ်မရွေး မှန်သောတရား၊ အဲဒါ ဘာခေါ်တယ်၊ သစ္စာတရား၊ ဟုတ်လား၊ သစ္စာဆိုတဲ့ အဓိပ္ပာယ်ကို ဘုန်းကြီးတို့ ရရှိသတ် ရကြပါပြီ၊

## ဗုဒ္ဓဆိုတာ ဘယ်လိုပုဂ္ဂိုလ်၊ ဓမ္မဆိုတာ ဘယ်လိုသဘော

သစ္စာ၁ရဲ့ နောက်နားမှာ "ဓမ္မ"ဆိုတဲ့ပုဒ် ထည့်လိုက်ယင် "သစ္စာဓမ္မ"။

မြတ်စွာဘုရားက ဘယ်လို ဓမ္မမျိုးကို ဟောသလဲ ဆိုယင် "သစ္စာဓမ္မ"ကို ဟောပြပါတယ်၊ ဒီလို သစ္စာတရားကို သိတဲ့ အတွက်ကြောင့် ဘုန်းကြီးတို့ ဘုရားကို "ဗုဒ္ဓ"လို့ ခေါ်ပါတယ်။ ဗုဒ္ဓဆိုတာ "သစ္စာကို သိသူ" ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ သစ္စာကို သိသူ၊ ကိုယ်သိတဲ့ သစ္စာကို ပြန်၍ ပြောပြသူ၊ ဟုတ်လား။

ဒီတော့ လွယ်လွယ်ကလေး ပြောလိုက်ရအောင် –

> "အမှန်တရားကို ကိုယ်တိုင်သိပြီးတော့ အမှန်တရားကို ပြန်ဟောတဲ့ ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဖြစ်ပါတယ်"

ကိုးကွယ်ခံဆိုတဲ့ ပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာ ထဲမှာ အမှန်တရားကို တကယ်ဟောပြောတာဟာ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓ ဖြစ်ပါတယ်။ သစ္စာတရားကို ဟောပြတဲ့ဘုရားသည် ဘယ်ဘုရားလဲ၊ ဗုဒ္ဓ အမည်ခံသော ဘုရား။ ဘယ်လိုသစ္စာတွေ ဟောသတဲ့ဆိုတာကို ဘုန်းကြီးတို့ နောက်ထပ်ပြီးတော့ ပြောပါမယ်။

ဒီတော့ ဗုဒ္ဓတရားသည် ဘာတရား၊ ဗုဒ္ဓသည် ဘယ်လို ပုဂ္ဂိုလ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် သိရှိနားလည် သွားကြပါပြီ။ "ဓမ္မ"ပုဒ်ရဲ့ အဓိပ္ပာယ်ကို ပြောပြပါရစေဦး။

> "ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စတူသု အပါယေသု အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော"

ဓမ္မဆိုတဲ့ ပုဒ်ရဲ့ အဓိပ္ပာယ်။ ဗုဒ္ဓဆိုတဲ့ ပုဒ်ရဲ့ အဓိပ္ပာယ်ကို ခုနက ဘုန်းကြီးပြောပြီးပြီ။ သစ္စာကိုသိသူ၊ သစ္စာကိုဟောပြောသူ ဗုဒ္ဓ။ ဓမ္မဆိုတာ ဘာလဲ၊ ဘုန်းကြီးတို့ပရိသတ်က ဓမ္မဆိုယင် တရားရယ်လို့ ဒီလိုပဲ ဆိုလိုက်ကြတယ်။

ယထာနုသိဋ္ဌံ = ဆုံးမသည့်အားလျော်စွာ။

ဘယ်သူက ဆုံးမတာလဲဆိုတော့ ဗုဒ္ဓက ဆုံးမတာ။

ယထာနုသိဋ္ဌံ၊ ဗုဒ္ဓရှင်တော် ဆုံးမသည့်အားလျော်စွာ။ ပဋိပဇ္ဇ-မာနေ၊ ကျင့်ကြကုန်သော။ ပဋိပဇ္ဇမာနေ၊ ကျင့်ကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတို့ကို။ စတုသု အပါယေသု၊ အပါယ်လေးပါးတို့၌။ အပတမာနေ၊ မကျရောက်ရလေအောင်။ ဓာရေတီတိ၊ ဆောင်တတ်သည်ဖြစ်ခြင်းကြောင့် ပို့ဆောင်တတ်သည် ဖြစ်ခြင်းကြောင့် သယ်ဆောင်တတ်သည် ဖြစ်ခြင်းကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။

ဗုဒ္ဓဆုံးမသည့်အတိုင်း ကျင့်ကြသူတို့ကို အပါယ်လေးပါးတို့သို့ မကျရောက်ရလေအောင် ရွက်ဆောင်တတ်သောကြောင့် ဘာခေါ်သလဲ၊ ''ဓမ္မ'' ခေါ်တယ်။

ဗုဒ္ဓဆုံးမတဲ့အတိုင်း ကျင့်တဲ့ပုဂ္ဂိုလ်တွေကို မကျဆုံးရအောင် ခေါ်ဆောင်သွားတဲ့ သဘောဟာ ''ဓမ္မ'' ပါပဲ။

ဗုဒ္ဓဆုံးမတဲ့အတိုင်း ကျင့်တဲ့ပုဂ္ဂိုလ်တွေကို ဘယ်တော့မှ ကျဆုံးခြင်း မရှိရလေအောင် ဆုံးရှုံးခြင်း မဖြစ်ရလေအောင်။

စတုသု အပါယေသု၊ အပါယ်လေးပါးတို့၌။ အပတမာနေ၊ မကျရောက်ရလေအောင်, ဘယ်တော့မှ ဆုံးရှုံးခြင်း မဖြစ်ရလေအောင် ကျဆုံးခြင်း မရှိရလေအောင်။ ဓာရေတီတိ၊ သယ်ဆောင်သွားသည် ဖြစ်ခြင်းကြောင့်၊ ဓမ္မော၊ ဓမ္မမည်၏။

## ဓမ္မက ခေါ်ဆောင်သွားမယ့် ပုဂ္ဂိုလ်အမျိုးအစား

ဗုဒ္ဓဆုံးမသည်အတိုင်း ကျင့်သူတို့ကို အပါယ်လေးပါးပုံသို့ မကျရောက်ရလေအောင် သယ်ဆောင်သွားတဲ့ သဘောသည် ''ဓမ္မ'' တဲ့။

ဓမ္မဟာ ဘာသတ္တိရှိသလဲ၊ သယ်ဆောင်တဲ့ သတ္တိရှိတယ်၊ ခေါ်ဆောင်တဲ့ သတ္တိရှိတယ်။ ကျဆုံးမည့် ပုဂ္ဂိုလ်တွေကို မကျဆုံးရအောင်၊ ဆုံးရှုံးမည့်ပုဂ္ဂိုလ်တွေကို မဆုံးရှုံးရလေအောင်၊ အောက်တန်းကျသွားမည့် ပုဂ္ဂိုလ်တွေကို အောက်တန်းကျမသွားရလေအောင် သယ်ဆောင်သွားတာ ခေါ်ဆောင်သွားတာဘာလဲ၊ ဓမ္မပါပဲ။

သို့သော် ရှေ့နားမှာ ခြွင်းချက်လေးတခုကို သတိပြုပါလိမ့်မယ်။

''ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ'' တဲ့။

ဒါက အရေးကြီးတယ်။

ယထာနုသိဋ္ဌံ၊ ဗုဒ္ဓ ဆုံးမသည့်အတိုင်း။ ပဋိပဇ္ဇမာနေ၊ ကျင့်သူတို့ကို။

အဲဒီလူတွေကိုမှ ခေါ်မှာ၊ ဟုတ်လား၊ အဲဒါလေးတော့ မမေ့ရဘူး၊ ဗုဒ္ဓဆုံးမတဲ့အတိုင်း ကျင့်တဲ့ပုဂ္ဂိုလ်တွေကို ဘယ်သူက ခေါ်ဆောင်သွားမှာလဲ။ ဗုဒ္ဓက ခေါ်ဆောင်သွားမှာလား၊ ဓမ္မက ခေါ်ဆောင်သွားမှာလားဆိုတော့ ဓမ္မက ခေါ်ဆောင်သွားမှာ၊

ဒီလိုဆိုတော့ တခြားတရားတွေနဲ့ ကွာသွားပြီး ခုနက ပြောခဲ့တဲ့ ရှေ့ပိုင်းက ဘာသာရေးတွေနဲ့ သိပ်ကွာသွားပြီ၊ ဟုတ်လား။

ဗုဒ္ဓပြောထားတဲ့အတိုင်း သင်ထားတဲ့အတိုင်း ဆုံးမထားတဲ့အတိုင်း ကျင့်တဲ့ ပုဂ္ဂိုလ်တွေကို တခါတည်း အောက်ဘန်းမကျ အထက်တန်း ရောက်အောင် ဘယ်သူက ခေါ်ဆောင်သွားမှာလဲ၊ အဲဒီကျင့်တဲ့တရားက ခေါ်ဆောင်သွားမှာ၊ ဗုဒ္ဓကခေါ်ဆောင်သွားမှာမဟုတ်ဘူး။ ကိုယ်ကျင့်တဲ့ တရားက ကိုယ့်ကို ခေါ်သွားလိမ့်မယ်ဆိုတာကို ယုံကြည်ထားဖို့ပါပဲ။

ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းဟာ အဲဒီအထိ ရောက်ရမယ်နော်၊ ဒါမှ အဆင့်အတန်းမြင့်တာ။ ကိုယ့်ကိုယယ်သွားမယ့် ပုဂ္ဂိုလ်၊ ခေါ်သွားမယ့်ပုဂ္ဂိုလ်၊ ဆောင်သွားမယ့် ပုဂ္ဂိုလ်၊ ကယ်တင်သွားမယ့် ပုဂ္ဂိုလ် သတ္တဝါ အခြားမှာမရှိဘူး။ ကိုယ့်ကို ဘယ်ဆောင်သွားမှာ၊ ခေါ်ဆောင်သွားမှာ၊ အဆင့်အတန်း မြင့်တင်ပေးလိုက်မှာ ဘယ်သူတုံး ဆိုယင် ကိုယ်ကျင့်သုံးထားတဲ့ တရားပါပဲ။

## တရားကျင့်သူကို တရားက စောင့်ရှောက်တယ်

ဒီတော့ နောက်စကားတရပ် ဘုန်းကြီး ထပ်ပြီးတော့ ပရိသတ်အား ဖြန့်ချီပါမယ်၊ ပရိသတ်ခပ်များများ သိပြီးသား ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်။ ထေရဂါထာ ပါဠိတော်မှာလာတဲ့ စကားပါ။

“ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ”

‘စာရိံ’ လို ဒီလိုဖတ်ပါ၊ ‘စာရီ’ လို မဖတ်ပါနဲ့၊

(၁) ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
(၂) ဓမ္မော သုစိဏ္ဏော သုခ မာဟာဝတိ။
(၃) ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
(၄) န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ဒါ အပြည့်အစုံပဲ။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊

ဓမ္မော၊ ဓမ္မသည်။
ဒီလိုပဲ ထားကြပါဦးစို့။ ဓမ္မရဲ့အဓိပ္ပာယ် ပြောပြီးပြီ။ ကျဆုံးမယ့် ပုဂ္ဂိုလ်တွေ မကျဆုံးရအောင်၊ အထက်တန်းရောက်အောင် ဆယ်ဆောင်သွားတာဟာ ဓမ္မ၊

ဓမ္မပုဒ်ရဲ့အဓိပ္ပာယ် နောက်အခုကို ပြောပါမယ်။
ဓမ္မော၊ ဓမ္မသည်၊ ဓမ္မစာရိံ၊ အဲဒီဓမ္မ ကျင့်တဲ့လူကို။

နတ်ပြဟ္မာကို၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ကလေး ကျင့်လဲ တိရစ္ဆာန်ကလေးပေါ့။ ဓမ္မက ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် အတန်း အစား မခွဲဘူး၊ အမျိုးအစားမရွေးဘူး။
ဓမ္မော၊ ဓမ္မသည်။ ဓမ္မစာရိံ၊ ဓမ္မကိုကျင့်တဲ့ ပုဂ္ဂိုလ်တွေကို။ ဟဝေ၊—
ဒီပုဒ်ဟာ သိပ်ကောင်းတယ်၊ သိပ်ကို အဓိပ္ပာယ်လေးနက်တယ်။
ဟဝေ။ တကယ့်ကိုပဲ။ ရက္ခတိ၊ စောင့်ရှောက်ပါတယ်။ တဲ့
ဓမ္မော၊ ဓမ္မသည်။ ဓမ္မစာရိံ၊ ဓမ္မကိုကျင့်နေတဲ့ ပုဂ္ဂိုလ်ကို။ ဟဝေ၊ တကယ့်ကိုပဲ။ ရက္ခတိ၊ စောင့်ပါတယ်။

အဲဒါကို မြန်မာလိုပြန်ယင် ဘယ့်နှယ်ရလဲ-

"တရားသည် တရားကျင့်သူကို တကယ်စောင့်ရှောက်၏" တဲ့

ဘုန်းကြီးတို့ ပရိသတ်ကို စောင့်ရှောက်မယ့်ပုဂ္ဂိုလ် တွေ့ပြီလား၊ ဘယ်သူလဲ၊ တရား။ ခုနက ကျွဲတွေ၊ လင်းယုန်တွေ၊ နေလတွေ၊ နက္ခတ် ဂြိုဟ်တွေ၊ သစ်ပင်တွေ၊ နတ်ရုပ်တွေက စောင့်မှာ မဟုတ်ဘူး၊ ဒါတွေ အကုန်ကျန်ခဲ့ပြီ မဟုတ်လား၊ ကျန်ခဲ့ပြီ၊ အကုန်လုံးကျန်ခဲ့ပြီမဟုတ်လား။ ပြဟ္မာတွေ ဗိဿနိုးတွေ ကာဖြစ်လဲ၊ အကုန်လုံး ကျန်ခဲ့ပြီ။

ဘုန်းကြီးတို့ ဗုဒ္ဓရဲ့ ကိုးကွယ်မှုက အဲဒီ လမ်းကြောင်းထဲက အကုန်လုံး ဖွဲ့ထွက်လာတယ်၊ ဒီလိုဖွဲ့ထွက်လာပြီး တခြားစီဖြစ်သွားတယ်။

## ကိုးကွယ်မှု ကွာခြားလေ နက်လာတယ်

ဘုန်းကြီးတို့ ပရိသတ်ကိုကယ်တင်မှာမမွ၊ ဘုန်းကြီးတို့ ပရိသတ်ကို စောင့်ရှောက်မှာ မမွ၊ ဘုန်းကြီးတို့ ဟောဒီလူသားတွေကို ကယ်တင်မှာ မမွ၊ ဒုက္ခတွင်းကြီးထဲက နေပြီးတော့ သုခအတိပြည့်တဲ့ နေရာတခုခုကို သယ်ဆောင်မှာ မမွ ဖြစ်ပါတယ်။ ဟို ကမ္ဘာဦးက စခဲ့တဲ့ ကိုးကွယ်ရာတွေ ကနေ အမြင့်ဆုံးကိုးကွယ်ရာတို့အထိ အဲဒီနောက်ပိုင်းက ကိုးကွယ်ရာတွေ အကုန်လုံးဟာ ဘာဖြစ်လဲ၊ ကျန်ရစ်ခဲ့ပါပြီ။ ဗုဒ္ဓရဲ့ ကိုးကွယ်မှုက ဒီလို လေးနက်ပါတယ်။

ဒီတော့ မမွကို ဆုံးမတဲ့အတိုင်းသာ မကျင့်ဘူး ဆိုယင်တော့ ထိုသူမှာ စောင့်ရှောက်မည့်ပုဂ္ဂိုလ်တွေ ရှိသေးသလား။ အဲဒါကို သဘော ပေါက်ကြရမယ်၊ ဗုဒ္ဓ၏ မမွ အတိုင်း မကျင့်ကြဘူးသာဆိုယင် ဘာမှ စောင့်ရှောက်မည့်သူ ရှိမှာမဟုတ်ပါဘူး။ ကယ်တင်မည့် နတ်ဗြဟ္မာတွေ တစုံတယောက် မရှိပါဘူး။

ကိုယ်ကျင့်တဲ့ တရားသည် ကိုယ့်ကို စောင့်ရှောက်ပါ လိမ့်မယ်၊ နည်းနည်းကျင့်ယင် နည်းနည်း၊ အစောင့်အရှောက် ရတယ်၊ အလတ် စားလောက် ကျင့်တော့ တော်တော်တန်တန် အစောင့်အရှောက် ရတယ်၊ သိပ်ကျင့်တဲ့ ပုဂ္ဂိုလ်တွေမှာ အများကြီး အစောင့်အရှောက်ရတယ်။

အဲဒါကြောင့် အစောင့်အရှောက်နဲ့ ကယ်တင်မည့် ပုဂ္ဂိုလ် အများ ကြီး လိုလားတဲ့ ဘုန်းကြီးတို့ ပရိသတ် ဘာလုပ်ကြမလဲ၊ မမွကို ကျင့်သုံး ကြရမှာ။ ''မမ္မံ သရဏံ ဂစ္ဆာမိ'' ဆိုတာ ကျင့်သုံးခြင်း ဖြစ်ပါတယ်၊ ဟုတ်လား။

မမ္မံသရဏံဂစ္ဆာမိဆိုတာ ဘာလုပ်တာလဲ၊ တရားကို ကျင့်သုံးတာ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆိုတာလဲ တရားကို ကျင့်သုံးတာနော်၊ ဒါပေ မယ့် ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ ဗုဒ္ဓကို အားကိုးပါတယ်။ ဒီအဓိပ္ပာယ်တော့ သိတယ်မဟုတ်လား။

## ဗုဒ္ဓကို ဘာ့ကြောင့် ကိုးကွယ်ရသလဲ
## (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)

ဘာကြောင့် မြတ်ဗုဒ္ဓကို အားကိုးရသလဲဆိုရင် အဖြေက တစ်လုံး တည်းရယ်၊ "အမှန်တရားကို ပြောပြလို့" ဘုန်းကြီးတို့ အားကိုးနေရတာ၊ ဟုတ်ဘူးလား။ အမှန်တရားတို့အကြောင်း ဘုန်းကြီးတို့ နောက်မှ ဆက်ပါမယ်။

ဗုဒ္ဓကို ဘာ့ကြောင့် ကိုးကွယ်သလဲ၊ "သစ္စာတရားကို ဟောပြလို့" ဆရာအနေနဲ့ ကိုးကွယ်တာ။ ဗုဒ္ဓရဲ့ ဂုဏ်တော်ကိုးပါးထဲမှာ "သတ္ထာ ဒေဝ မနုဿာနံ" ဒီလို ပါတယ်မဟုတ်လား။ သတ္ထာဒေဝ မနုဿာနံ ဆိုတာ—

Buddha in the greatest teach of men and God-လို့ ဘုန်းကြီးတို့ "ဗုဒ္ဓ" စာစောင်လေးထဲမှာ ဒီလို ရေးထားပါတယ်။

သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓသည် သတ္ထာ-ဆရာ၊ ဘယ်သူ့ဆရာလဲ။ ဒေဝနဲ့ မနုဿတို့ရဲ့ ဆရာ။ ဒေဝကို ကမ္ဘာအနေပ်ရပ်က ဂေါ့ God လို့ပဲ ဘာသာပြန်ကြတာပဲ။ မနုဿကိုတော့ ဒါရှင်းပါတယ်။ ပြောစရာ မလိုပါ ဘူး၊ ဒေဝနဲ့ မနုဿတို့ရဲ့ဆရာသည် ဘယ်သူလဲ၊ ဗုဒ္ဓ။

ဗုဒ္ဓေါ၊ ဗုဒ္ဓသည်။ ဒေဝမနုဿာနံ၊ လူနှင့်နတ်တို့၏ (God and men)။ သတ္ထာ၊ ဆရာ။

The greatest teacher.
အကြီးဆုံးသော ဆရာ။

ဘာဖြစ်လို့ အကြီးဆုံးသောဆရာ ဖြစ်ရလဲ။ အဲဒီ ဂေါ့ God တွေ ပြောပြမထားတဲ့ သစ္စာကို ဘုန်းကြီးတို့ဗုဒ္ဓက ပြောပြသွားပါတယ်တဲ့။ အဲဒါကြောင့် ဂေါ့ God တို့ရဲ့ ဆရာလဲ ဖြစ်ပါတယ်။ ဒေဝမနုဿ-နတ် တို့ရဲ့ဆရာ၊ လူတို့ရဲ့ဆရာ၊ ဗြဟ္မာတို့ရဲ့ဆရာ။ အဲဒါကို ဘာပြောလဲ၊ သတ္ထာ ဒေဝမနုဿာနံ နော်။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေနဲ့ ဘုန်းကြီးတို့က ဗုဒ္ဓကို ကိုးကွယ်တာဟာ သက်ရှိသတ္တလောက ကြီး တစ်ခုလုံးရဲ့ ဆရာဖနေနဲ့ ကိုးကွယ်နေကြပါတယ်။

## နှုတ်ဆင့်ကမ်းပြီးတော့ ဆောင်ခဲ့ကြတယ်

သံဃာကိုတော့ ဘယ်လိုလဲ။ ဘုန်းကြီးတို့ရဲ့ဗုဒ္ဓ ပြောပြတဲ့ သစ္စာတရားတို့ကို ဗုဒ္ဓကွယ်ပြီးတဲ့နောက် ဒီကနေ့ နှစ်ပေါင်း ၂၅၂၈ နှစ်သို့ ရောက်သည့်တိုင် ဒီ သစ္စာတရားတွေ မကွယ်ပျောက်ရအောင် ဘယ်လို ပုဂ္ဂိုလ်တွေ ထိန်းခဲ့သလဲ။ ဗုဒ္ဓ ၄၅ နှစ်လုံးလုံး မပြက်ဟောထားတဲ့ တရားတော်တွေကို သံဃာတော်အရှင်မြတ်တို့ဟာ နှုတ်ကနေနှုတ်၊ နှုတ်ကနေနှုတ်၊ နှုတ်ဆင့်ကမ်းပြီးတော့ သယ်ခဲ့တာ။ ဟုတ်လား။

ဒီကနေ့ ကမ္ဘာအရပ်ရပ်က ဘယ်လောက်ပဲတတ်တတ်၊ ဘုန်းကြီးတို့ တက္ကသိုလ်က ဆရာကြီးတွေကို ဘုန်းကြီးတို့ အလွန် လေးစားပါတယ်။ ကမ္ဘာအရပ်ရပ် တက္ကသိုလ်က ဆရာကြီးတွေကို အလွန်လေးစားပါတယ်။ ဒါပေမယ့်လဲပဲ ဟောကြပြောကြစို့ဆိုရင် အားလုံး စာတမ်းကလေးရေးပြီးတော့မှ ဖတ်ကြတာချည်းပါပဲ။ နှုတ်အာဂုံဆောင်ကြစို့ ဆိုသို့ရှိရင် ဒါတွေ ပင်ပန်းတယ်ဆိုပြီးတော့ မဆောင်ကြဘူးနော်။

ဗုဒ္ဓရဲ့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်။ ဘုန်းကြီးတို့ ထုတ်ခဲ့ပြီးတဲ့ "ဗုဒ္ဓ" ဆိုတဲ့ စာအုပ်ကလေးထဲမှာ ရေးထားတယ်။ ပိဋကတ်သုံးပုံဟာ ယခုခေတ် ပုံနှိပ်စာလုံးများနှင့် ရိုက်နှိပ်ထားသော ကျမ်းစာအုပ်ပေါင်း ၅၂ ကျမ်းရှိတယ်။ အဲဒီ ပိဋကတ်သုံးပုံကို သံဃာတော်တွေ ဘယ်လိုဆောင်ခဲ့သလဲ။ စာနဲ့ရေးပြီး ဆောင်ခဲ့တာလား။ နှုတ်နဲ့ဆောင်ခဲ့တာလား ကြည့်ပါ။ နှုတ်နဲ့ချည်း ဆောင်ခဲ့တာ။

ဗုဒ္ဓကွယ်ပြီးတဲ့နောက် ပဌမ သင်္ဂါယနာ၊ ဒုတိယ သင်္ဂါယနာ၊ တတိယ သင်္ဂါယနာ၊ စတုတ္ထ သင်္ဂါယနာ တင်ပြီးတဲ့အထိ နှစ်ပေါင်း တစ်ထောင်ကျော် နှုတ်ကနေနှုတ်၊ နှုတ်ကနေနှုတ်၊ နှုတ်ဆင့်ကမ်း ဆောင်ခဲ့ကြတာ။ သီဟိုဠ်ရောက်တော့မှ ကိုင်း-တို့ ပေပေါ်ရေးကြစို့ ဆိုပြီးတော့ ရေးကြတာ။ ပေပေါ်ရေးပြီးလဲဆိုရော အငြင်းအခုံတွေ ဖြစ်ကုန်ကြတယ်။ နှုတ်ဆင့်ကမ်းခဲ့စဉ်တုန်းကဆိုရင် ဒီလောက် မငြင်းရဘူး။ ဟုတ်လား။ အံ့သြစရာနော်။

## သံဃာတော်တို့ရဲ့ ဂုဏ်ကျေးဇူး
## (သံဃံ သရဏံ ဂစ္ဆာမိ)

ဒီလောက်များတဲ့ ဗုဒ္ဓရဲ့ ဟောပြောချက်တွေကို နှုတ်နဲ့သယ်ဆောင်ပြီးတော့ လာခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေဟာ ဘုန်းကြီးတို့ရသိတ်

ဘယ်လောက် အားကိုးထိုက်တဲ့ လုံ့လ ဝီရိယလဲ ဆိုတာ။ ဇွဲလုံ့လတွေ ဘယ်လောက် ကြီးမားတယ်ဆိုတာကို ကြည့်ပြီးတော့ သံဃာတော် အရှင်မြတ်များကို ဘုန်းကြီးတို့ အားကိုးနေကြရတာ။

ဒီဗုဒ္ဓရဲ့ သစ္စာတရားတွေ ကွယ်သွားမှာ စိုးရိမ်တဲ့အတွက် ဒီသံဃာတော်များ နှုတ်ဆင့်ကမ်း သယ်ခဲ့ကြတာ။

ဒီကနေ့ ကမ္ဘာအရပ်ရပ်မှာ ဘယ်သူပဲ ဘာတရားဟောဟော ဗုဒ္ဓဘာသာ သံဃာတော်တွေကလွဲရင် ကမ္ဘာအရပ်ရပ် တရားဟောကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုးဆယ်ရာခိုင်နှုန်းလောက် အားလုံး စာရေးပြီးတော့ ဖတ်ကြ ဟောကြတာချည်းပါပဲ။ စာမကြည့်ပဲနဲ့ အလွတ်ပြောတယ် ဟောတယ် ဆိုတာဟာ အားလုံး ဗုဒ္ဓဘာသာရဟန်းတော်တွေပဲ ရှိပါတယ်။

အခု ဘုန်းကြီးကတော့ မှတ်စု Note ကလေးတွေ ရေးလာပြီးတော့ ဒီမှာ ဟောရတာကတော့ အစီအစဉ်ကျအောင်၊ အပိုအလိုတွေ သိပ်ဖြစ်မသွားရအောင်လို့ ဘုန်းကြီးက ဒီကနေ့ အစီအစဉ်ချပြီးတော့ ဟောတာပါ။ ဘုန်းကြီးတို့ ပြောနေကျကတော့ ဘာမှမရေးပဲနဲ့ အလွတ်ပြောနေကျပါ။

အဲဒါကြောင့် ဒီ နှုတ်ငုံဆောင်တဲ့ အရှင်မြတ်တို့ရဲ့ ဝီရိယနဲ့ သဒ္ဓါတရားဟာ အံ့ဩစရာကောင်းလွန်းလို့ "သံဃံ သရဏံ ဂစ္ဆာမိ" ရယ်လို့ အားကိုးကြရပါတယ်။ အားကိုးပုံချင်း သိပ်ကွာတယ်နော်။ ကိုးကွယ်ပုံချင်း သိပ်ကွာသွားပြီနော်။

## ဒီလို ကိုးကွယ်ကြတာပါ

(၁) သစ္စာပြုတဲ့ ဆရာတင်ဆူအနေနဲ့ ဗုဒ္ဓကို ကိုးကွယ်တယ်။ ကယ်တင်ဖို့ ဘေးအန္တရာယ်တွေ စောင့်ရှောက်ပေးဖို့ ဆိုတာမျိုးသည် တကယ်လို့ စိတ်ထဲမှာရှိရင်လဲ အဲဒါ နောက်ဆုံးကပဲ ရှိရမယ်။ ဒါ ရှေ့တန်းက မရှိရဘူး။

(၂) မေ့ကို ကိုးကွယ်တာက ဘာလုပ်တာလဲ၊ ကျင့်သုံးနေခြင်း သည်ပင်လျှင် ဓမ္မကို ကိုးကွယ်နေတာပါ။

(၃) သံဃာကို ကိုးကွယ်တာကတော့ ဒီလို သစ္စာဓမ္မတွေကို နှစ်ပေါင်း နှစ်ထောင်ကျော်ကြီး မကွယ်ပေပရအောင်

ထိန်းသိမ်းလာခဲ့တဲ့ ကျေးဇူးဂုဏ်တွေကို ထောက်ထားပြီး တော့ ဆရာတော်သံဃာတော်များကို ကိုးကွယ်ကြရတာပါ။ ဟုတ်လား။

ခုနက စာပိုဒ်ကလေးကို မမေ့လိုက်ကြရဘူး။

"ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စတူသုအပါယေသု အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော"။

ဓမ္မပုဒ်ရဲ့အဓိပ္ပာယ် အနက်ပြန်ပါ။ အဲဒီပုဒ်ရဲ့ အဓိပ္ပာယ်ကို ဘုန်းကြီးတို့ ဆက်ပြောပါမယ်။

ယထာနုသိဋ္ဌံ၊ ဗုဒ္ဓဆုံးမသည့် အားလျော်စွာ။ ပဋိပဇ္ဇမာနေ၊ ကျင့်ကြတဲ့ သတ္တဝါတွေကို။ စတူသုအပါယေသု၊ အပါယ်လေးပါးတို့၌။ အပတမာနေ၊ မကျရောက်လေအောင်။ ဓာရေတီတိ၊ ဆောင်တတ်သည် ဖြစ်ခြင်းကြောင့်။

အဲဒါကို ပို၍လေးနက်သွားအောင် အပေါ်မှာ ဘာပြလဲ၊

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ-ဓမ္မကို ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို အဲဒီဓမ္မက စောင့်ရှောက်တယ်။-တဲ့

ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့မှာ ဘာ အစောင့်အရှောက်ရှိသလဲ။ ဓမ္မ တရားဆိုတဲ့ အစောင့်အရှောက် မရှိလား။ သို့သော် ဘယ်သူ့ကို စောင့်သလဲ၊ ဓမ္မကျင့်သူကိုမှ စောင့်တာ။ အဲဒါလေး တော့ မှတ်ထား။ မကျင့်တဲ့လူကိုတော့ မစောင့်ဘူးပေါ့။

ဒါဖြင့် တရားမကျင့်နိုင်တဲ့လူက အစောင့်အရှောက်ကလေးကို လိုရင် ဘယ်လိုလုပ်မလဲ။ ဉာဏ်ရှိသလို လုပ်ပါ။ တရားမကျင့်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေက အစောင့်အရှောက်ကလေး ဘာလေးလိုလာရင် အဲဒီ အစောင့်အရှောက် ဘယ်မှာရှာကြမလဲ။ ရှာကြ။

## ဗုဒ္ဓကို မကိုးကွယ်လို့ ဗုဒ္ဓက ပြစ်ဒဏ်မခတ်

တောသွားတဲ့ လူတော့ ကျဲလဲ တွေ့ခဲ့ပြီ၊ လင်းယုန်လဲ တွေ့ခဲ့ပြီ၊ အမျိုးမျိုးတွေကုန်ပြီနော်။ အဲဒါတွေကို ဗုဒ္ဓက "ဇာတံ သရဏံတော ဘယံ" တဲ့။ ကိုးကွယ်ရာက ဘာဖြစ်တတ်သလဲ၊ ဘေးဖြစ်တတ်တယ်။ ကိုးကွယ်ရာအမှန် မရသမျှကာလပတ်လုံး ကိုးကွယ်ရာက ဘေးဖြစ်ပါ တယ်။ ဘုန်းကြီးတို့ ပရိသတ် ကိုးကွယ်ရာ အမှန်ကို ရကြပြီလား။

(၁) လူတို့ နတ်တို့ ဂေါ့ God အားလုံးတို့ရဲ့ဆရာဖြစ်တဲ့ ဗုဒ္ဓကို သစ္စာပြတဲ့ ဆရာအနေနဲ့ ဒီကနေ့ ကိုးကွယ်မိကြပြီ။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"။

(၂) ထို ဗုဒ္ဓပြတဲ့ သစ္စာတရားကို တကယ်သိအောင် ကျင့်သုံးနေကြပြီ။ "ဓမ္မံ သရဏံ ဂစ္ဆာမိ"။

(၃) ဒီသစ္စာတွေကို မကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်ကြတဲ့ သံဃာတော်များကိုလဲပဲ ကိုးကွယ်၍ နေကြပြီ။
"သံဃံ သရဏံ ဂစ္ဆာမိ"။
"ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ၊
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ"။

ဧတံသရဏံ၊ ထိုဗုဒ္ဓ ဓမ္မ သံဃာကို ကိုးကွယ်ခြင်းသည်။ ခေမံ၊ ဘေးကင်းလှပါပေ၏။

ဘာမှ ဘေးရန်မရှိဘူးတဲ့၊ အန္တရာယ် အလွန်ကင်းတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓ ဓမ္မ သံဃာကို မကိုးကွယ်လို့ ဗုဒ္ဓက ဖြစ်စေ၊ ဓမ္မက ဖြစ်စေ၊ သံဃာကဖြစ်စေ မကျေနပ်လို့၊ စိတ်ဆိုးလို့ မကယ်တင်ဘူး၊ အနှောင့်အယှက်ပေးမယ်ရယ်လို့ တစ်ခါမှ မရှိပါဘူးနော်၊

ဗုဒ္ဓကို ရှိမခိုးလို့ ဆိုပြီးတော့ ဗုဒ္ဓက ပရိသတ်အပေါင်း သူတော်ကောင်းတို့ကို အနှောင့်အယှက် ဘယ်နှစ်ခါပေးဘူးသလဲ၊ မပေးဖူးပါဘူး။ ဗုဒ္ဓကို ဆွမ်းမကပ်၊ ပန်းမကပ်၊ ရေချမ်းမကပ်လို့ ဆိုပြီးတော့ ပရိသတ်ကို အနှောင့်အယှက် ဘယ်နှစ်ခါပေးဘူးသလဲ၊ ခေါင်းကိုက်အောင် နာစေးအောင် ဘယ်နှစ်ခါလုပ်သလဲ။ အဲဒီလို ပြောလိုက်မှ ရှင်းတယ် ထင်တယ်၊ ကြောက်စရာ ဘာမှမလိုဘူး၊ ဟုတ်လား။

ဧတံသရဏံ၊ ထိုဗုဒ္ဓ ဓမ္မ သံဃာကို ကိုးကွယ်ခြင်းသည်။ ဘာဖြစ်လဲ။

ခေမံ၊ ဘေးရန်ကင်းတယ်။—တဲ့

ငါ့ကို မကိုးကွယ်လို့ ငါမကယ်ဘူးဆိုတာလဲ မရှိပါဘူး။

ဧတံသရဏံ၊ ထို ဗုဒ္ဓ ဓမ္မ သံဃကို ကိုးကွယ်ခြင်းသည်။
ဘာဖြစ်လဲ။

ဥတ္တမံ၊ အထက်တန်းကျတဲ့ ကိုးကွယ်ရာဖြစ်တယ်။

သစ္စာတရားကို သိပြီးတော့ ကိုးကွယ်တာ အဟုတ်ကို အထက်တန်း
ကျတယ်။

ဧတံသရဏံ၊ ထို ဗုဒ္ဓ ဓမ္မ သံဃကို ကိုးကွယ်ခြင်းသည်။ သဗ္ဗဒုက္ခာ၊
ဒုက္ခပေါင်းစုံမှ။ ပမုစ္စရေ ပမုစ္စန္တိ၊ ကောင်းစွာမသွေ လွတ်မြောက်နိုင်ကြ
လေကုန်သတည်း။

"သာဓု သာဓု သာဓုပါဘုရား။"

(နမောဝိဘဇ္ဇဝါဒိနော ဖြင့် အခမ်းအနား ရုပ်သိမ်းသည်။)

❀

# (၃) ကံ ဉာဏ် ဝီရိယ

## VOLITION, ACTION (KARMA) KNOWLEDGE

၁၃၄၆-ခု၊ ဝါဆိုလဆန်း ၂ ရက် (တတိယနေ့)
(၃၀–၆–၈၄)

(နမော ဝိဘဇ္ဇဝါဒီနော ဖြင့် အခမ်းအနား ဖွင့်သည်)။

## ကိုးကွယ်မှု သန့်ရှင်းရအောင်

ယမန်နေ့က ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းဆိုတာကို တခြားတခြား ကိုးကွယ်မှုတို့က ခွဲထွက်လာခဲ့ပုံ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့အား တင်ပြခဲ့ပါတယ်။

တခြား ကိုးကွယ်မှုတို့မှာ အထူးသဖြင့် ကမ္ဘာဦးကစခဲ့တဲ့ ကိုးကွယ်မှုတို့မှာ ဘာပြဋ္ဌာန်းနေသလဲဆိုရင် ကြောက်စိတ်က ပြဋ္ဌာန်းနေတယ်။ ဒါကို ဘုန်းကြီးတို့ အင်္ဂုတ္တိုရ်ကို ကိုးကားပြီးတော့ ပြောပြထားခဲ့တယ်။ ဘယတဇ္ဇိတ - ဘေးအန္တရာယ်အမျိုးမျိုး ခြိမ်းခြောက်ခံရတဲ့ သတ္တဝါ တစ်စုံတစ်ယောက်က ကိုးကွယ်ရာကို ရှာတယ်၊ ဘာကြောင့် ကိုးကွယ်သလဲ၊ အဖြေကတော့ ကြောက်စိတ်ကြောင့်၊ ကြောက်လို့ ကိုးကွယ်တာ။

ကျွဲကြောက်တဲ့လူက ကျွဲကို ကိုးကွယ်တယ်၊ မြွေကြောက်တဲ့လူက လင်းယုန်ကို ကိုးကွယ်တယ်၊ လေမုန်တိုင်း ရေလှိုင်းကြီးတွေကို ကြောက်တဲ့လူကတော့ ကျောက်ဆောင်ကလေးကို ရှေ့မှာထား၊ ကောင်းကင်က လွှတ်လိုက်တဲ့ အလင်းရောင်မှာတ်ဟာ ကယ်တင်ရှင် Saviour လို့ ခေါ်တဲ့ ကောင်းကင်က ဘုရားပေးတာ ဖြစ်ကောင်းရဲ့လို့ ဆိုပြီးတော့ အဲဒါကို ကိုးကွယ်ခဲ့ကြတယ်လို့၊ ဒါဟာ အမြွက်မျှ ဘုန်းကြီးတို့ စဉ်းစားခွင့်ရအောင် စဉ်းစားခန်းကလေး ဖြစ်ပေါ်လာအောင် ဘုန်းကြီးတို့က လမ်းစကလေးလောက်သာ ပြောခြင်းပါပဲ၊ ဘာသာရေးသမိုင်းကို ဘုန်းကြီးတို့ အပြည့်အစုံပြောတာတော့ မဟုတ်ပါဘူး။

ကိုးကွယ်မှုတွေ ဒီလိုစခဲ့တာပဲ။ အဲဒီလို ကိုးကွယ်မှုတွေ ဒီကနေ့တော့ ရှင်းပြီလားလို့မေး၊ ဒီကနေ့ ဗုဒ္ဓဓမ္မသံဃလို့ခေါ်တဲ့ ကိုးကွယ်ရာ အစစ်အမှန် ပေါ်ပေါက်နေတဲ့ ခေတ်ကြီးမှာ အဲဒီလို ကိုးကွယ်မှုတွေဟာ အများကြီး ရောယှက်လျက်ပင် ရှိပါသေးတယ်ဆိုတာကို ဘုန်းကြီးတို့ ပရိသတ် သိရှိစေဖို့။ သာသနာတော် သန့်ရှင်းရေးဆိုတဲ့အပိုင်းကို အဖက်ဖက်က အားကြိုးမာန်တက် ဆောင်ရွက်နေကြရာမှာ၊ နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက ဆောင်ရွက်နေရာမှာ ဘုန်းကြီး

တို့ ဒကာ, ဒကာမများရဲ့ အပိုင်းမှာလဲ ဆောင်ရွက်ရမည့် အပိုင်းတွေမှာ ဘယ်လိုရှိတယ်ဆိုတာကို ဘုန်းကြီး မနေ့က တင်ပြတဲ့အထဲမှာ ပါသွားတဲ့ အချက်အလက်ကို ထောက်ထားပြီးတော့ သိရှိနိုင်လောက်ပါပြီ။

ကိုးကွယ်မှု သန့်ရှင်းအောင် တို့ဘက်က ဘယ်လိုလုပ်ကြမလဲဆိုတဲ့ အပိုင်းကို ဘုန်းကြီးတို့ရသတ် စဉ်းစားခွင့်ရသွားပြီး စဉ်းလဲ စဉ်းစား ကြရင် ဘုန်းကြီးတို့ ဟောပြောရကျိုး နပ်ပါပြီ။

## စိတ်ကူးနှင့် ကိုးကွယ်လိုက်မိတယ်

ဘုန်းကြီးတို့ "ဘာသာ" ဆိုတဲ့ "Religion" ဆိုတဲ့ပုဒ်ကို တင်ပြ ထားခဲ့ရာမှာ ပြောစရာတွေ အများကြီးရှိပေမယ့် အချိန်နဲ့နာရီကို ငဲ့ပြီး တော့ ဘုန်းကြီးတို့ တစ်လုံးနှစ်လုံးမျှပဲ ထုတ်ပြီးတော့ပြောခဲ့တာ။ ရီလေး ဂျင်း Religion ဆိုတဲ့ပုဒ်မှာ ဘာပြောခဲ့သလဲ။

Belief in worship of God.

Or,

Super natural ruling power of God'

ဂေါ့ God ဆိုတဲ့ ဘုရားသခင်ကို ဝါးရှစ်worship ဆိုတဲ့ဘုရား ရှိခိုးနည်းမျိုး လုပ်တာကို ယုံကြည်နေတာမျိုး၊ ဒါကို "ဘာသာ" ဆိုတဲ့ "ရီလေးဂျင်း Religion" လို့ ခေါ်တာ၊ Super natural ruling power ကို အားကိုးနေတာမျိုးဟာ ရီလေးဂျင်း Religion ပဲ။

ဖြုန်းခနဲဆို အလင်းရောင် တစ်ချက်လက်လိုက်တော့ အဲဒါဟာ သဘာဝထက်လွန်ကဲပြီး ကမ္ဘာကို လွှမ်းမိုးတဲ့တန်ခိုး Super natural ruling power ရောက်လာတာပဲ ဆိုပြီးတော့ သူက ဒါရှိခိုးတာ။

ပင်လယ်ထဲ လှေမှောက်တဲ့လူ၊ သင်္ဘောပျက်တဲ့လူဟာ မနေ့က ပြောခဲ့ပြီ၊ မှောင်ကြီးကျနေတော့ ကမ်းရော လမ်းရော ဘာမှမမြင်ရတဲ့ အချိန် ရေပျော်ပြားလေး သစ်သားလေးတစ်ခုကို ကိုင်ပြီးတော့ ကူးခတ် နေဆဲ၊ ခိုကိုးရာလုံးလုံးမရှိတဲ့အချိန် ဝင်းကနဲ အလင်းရောင်လေးတစ်ချက် လက်လိုက်တာ၊ ဟို တကယ့်ကိုပဲ ကမ္ဘာကြီးအုပ်စိုးတဲ့ ပါဝါလို့ပြောရင် ဘာလဲ။ "ဣဿရ"၊ ပြီးတော့ "ကတ္တာ"၊ နောက်တစ်ခုက "နိမ္မာတာ"။

ဣဿရ–အစိုးရတယ၊
ကတ္တာ–ဒီကမ္ဘာကို သူလုပ်ထားတာ၊
နိမ္မာတာ=ဒီကမ္ဘာကြီးကို သူဖန်ဆင်းထားတာ၊

အဲဒါကို စိတ်ကူးနဲ့လှမ်းပြီးတော့ သူဟာ ကိုးကွယ်လိုက်မိပါတယ်၊ အားကိုးလိုက်မိပါတယ်။ တကယ်တော့ ဒီအလင်းရောင်ဟာ သဘာဝ တရား သက်သက်မျှဖြစ်ပါတယ်၊ သဘာဝထက် လွန်ကဲလွှမ်းမိုးတဲ့ တန်ခိုး တော်ဆိုတဲ့ Super naturl ruling power မဟုတ်ပါဘူး။ ထိုသူ့ရဲ့ ကြောက်စိတ်ကြောင့် သူ့ရဲ့ အားကိုးစရာတခု ဖြစ်သွားတဲ့သဘောပဲ။

## ဘုရားကို မြင်တဲ့သူဆိုတာ

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာရဲ့ ကိုးကွယ်ခြင်းက အဲဒါတွေကို အကုန် ကျော်လွန်ပြီး လမ်းခွဲပြီးတော့ ထွက်လာခဲ့တယ်။

ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းက ဘာလဲဆိုယင် တလုံးတည်းရယ်၊ "စရဏ" ပြဌာန်းပါတယ်တဲ့။ ဘုန်းကြီးတို့ပရိသတ် ဘာပြဌာန်းသလဲ၊ စရဏ ပြဌာန်းတယ်နော်။

အေး ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းဟာ ဘာလဲဆိုယင် တလုံး တည်း တိတိကျကျ တိုတိုကလေးပြောနိုင်ဖို့ "စရဏ" ပြဌာန်းတယ်။

"စရဏ" ဆိုတာ ဘာလဲဆိုယင်–
"ကိုယ်တိုင်ကျင့်ခြင်း၊ ကိုယ်တိုင်ကျင့်သုံးခြင်း"၊

အဲဒါကို "စရဏ" လို့ ဒီလိုခေါ်ပါတယ်။

ဒီတော့ ဘုန်းကြီးတို့ ပါဠိတော်မှာ လာရှိတဲ့ စကားရပ်တွေထဲက နုတ် note ကလေးတခု၊ မှတ်ချက်ကလေးတခု ဘုန်းကြီးတို့ ပရိသတ် အတွက် လက်ဆောင်ကမ်းပါရစေဦး။ ဘုန်းကြီးတို့ပရိသတ်အတွက် လက် ဆောင်ပေးလိုက်တဲ့ စာပုဒ်ကလေးဟာ မြတ်ဗုဒ္ဓရဲ့စကားစစ်စစ်ပါပဲ၊ ဒါကို ဘုန်းကြီးတို့ သံဃာတော်များ လောကမှာ "ပါဠိတော်" လို့ ဒီလို သုံးပါ ပယ်၊ မြတ်ဗုဒ္ဓရဲ့ စကားစစ်စစ်ပါ။

"ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

ယော၊ အကြင်သူသည်။ ဓမ္မံ၊ ဓမ္မကို။ ပဿတိ၊ မြင်၏။ သော၊ ဓမ္မကိုမြင်သော ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်ပြီ။ တဲ့

ရှင်းရှင်းပြောရယင် ဓမ္မကိုမြင်မှ ဗုဒ္ဓကို မြင်တယ်။ အရပ်ထဲတော့ ဘယ့်နှယ်ပြောလဲ၊ တရားမြင်သူသည် ဘုရားကို မြင်၏တဲ့။ ဘုန်းကြီးတို့ ပရိတ်သတ် မှတ်ချက်ရပါပြီ။

"တရားမြင်သူ ဘာဖြစ်လဲ"

"ဘုရားကို မြင်ပါတယ်ဘုရား"

"တရား မမြင်သေးယင် ဘုရားကို မမြင်သေးဘူး"

ဘုန်းကြီးတို့ ဗုဒ္ဓဒေသနာတော်မှာ ကိုးကွယ်ခြင်းဟာ ဘယ်အပိုင်းသည် ပဓာနလဲဆိုဘာကို ဗုဒ္ဓရဲ့ဒီစကားရပ်များဖြင့် ဘုန်းကြီးတို့ ပရိသတ် သိပါပြီ၊ ဓမ္မကိုမြင်အောင် ကျင့်သုံးဖို့သည် ပဓာနကျပါတယ်။

"ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ"

ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊ မြင်၏။

သော၊ ထိုဓမ္မကို မြင်တဲ့ ပုဂ္ဂိုလ်သည်။ မံ၊ ငါဘုရားရှင် ကိုယ်တော်မြတ်ကို။ ပဿတိ၊ မြင်ပြီ။

"ချစ်သားတို့ ချစ်သမီးတို့-
ဓမ္မကိုမြင်မှ ငါဘုရားကို မြင်တယ်။"

အရှင် ဝက္ကလိ မထေရ်ကို ဆုံးမတော်မူတဲ့ စကား ဖြစ်ပါတယ်၊ ဝက္ကလိခေါ်တဲ့ ရဟန်းတော်က သဒ္ဓါတရား သိပ်ပြီးလွန်ကဲတယ်။

"ဘာလွန်ကဲတယ်"

"သဒ္ဓါ လွန်ကဲပါတယ် ဘုရား"

## ယုံကြည်မှုဆိုတဲ့ သဒ္ဓါရဲ့လက္ခဏာ

သဒ္ဓါအကြောင်းကို ဘုန်းကြီးတို့ ပြောပါရစေဦး။

အရှင်ဝက္ကလိက သဒ္ဓါ လွန်ကဲတယ်၊ ဘုရားကို သူ သိပ်ပြီးတော့ ကြည်ညိုတယ်။

"သဒ္ဓါ" ဆိုတဲ့ ပါဠိပုဒ်ကို Belief လို့ ဘာသာ ပြန်မယ်။ Faith လို့ ဘာသာပြန်မယ်ဆိုယင် ထိထိမိမိ မရှိဘူး။

အဲဒီတော့ ပါဠိ ဝေါဟာရတွေကို ထိထိမိမိ ဘာသာပြန်ဖို့ရာက မြန်မာလိုပဲပြန်ပြန်၊ အင်္ဂလိပ်လိုပဲပြန်ပြန်၊ နေရာတကာမှာ အခက်အခဲ အမြဲတမ်း ရှိနေပါတယ်၊ အနီးစပ်ဆုံးကိုပဲ ယူပြီးတော့ ဘာသာပြန်နေကြတာပါ တိတိကျကျတော့ ဘယ်မှမရလှဘူး။

အဲဒီတော့ ဘုန်းကြီးတို့ရိုရိသတ်က "သဒ္ဓါ" ဆိုတဲ့ ပုဒ်ကို–

(၁) Belief = ယုံကြည်မှု၊
(၂) Faith = ယုံကြည်မှု၊
(၃) Confidence = ယုံကြည်မှု၊

ဘယ်ပုဒ်နဲ့ ဘယ်လို ပြန်ချင်တယ် ဆိုတာ ဘုန်းကြီးတို့ထက် ပိုပြီးတော့ အင်္ဂလိပ်စာတတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ကြိုက်သလို ဘာသာပြန်ခွင့်ရှိပါတယ်။

"သဒ္ဓါ"ပုဒ်ကို ဘုန်းကြီးတို့ အဘိဓမ္မာကျမ်းထဲက လိုရင်းကျကျ အချက်ကလေးများကို ဘုန်းကြီးတို့ ဒီမှာ ပြောပြပါမယ်။

"သဒ္ဓါ"အဲဒီ သဒ္ဓါမှာ 'ဒ' ဒွေးအောက်၊ 'ဓ' အောက်ချိုက် ရေးရမှာကို 'ဒ' ဒွေး နှစ်လုံးဆင့်နဲ့ သွားရေးမိယင် ယုံကြည်ခြင်း ကနေ 'ဂရမ္မာ' ဆိုတဲ့ အဓိပ္ပာယ် ဖြစ်သွားပါတယ်။ စာလုံးလေး တလုံးမှားတာနဲ့ အဓိပ္ပာယ် ပြောင်းလဲခြင်း ဖြစ်သွားပါတယ်။ 'ဒ' ဒွေးအောက် 'ဓ' အောက်ချိုက်နဲ့ 'သဒ္ဓါ'။

သဒ္ဓါဆိုတာ ဘာလဲ မေးခဲ့ယင် –
"သမ္ပသာဒနလက္ခဏာ"

သဒ္ဓါရဲ့ သတ္တိဟာ ကောင်းစွာ ကြည်လင်ခြင်း လက္ခဏာ ရှိတယ်။

သဒ္ဓါကို ဘုန်းကြီးတို့ပရိသတ် ဘယ်လိုမှတ်မလဲ၊ လက္ခဏာဆိုတာ အမှတ်အသားကလေး၊ သဒ္ဓါကိုမှတ်မိစေဖို့ သဒ္ဓါစေတသိက်ရဲ့လက္ခဏာကို မှတ်မိစေဖို့၊ လက္ခဏာလေးနဲ့မှတ်ယင် မှတ်လို့လွယ်တယ်။ မောင်ဖြူဆိုတာ နဖူးမှာ မှဲ့ကလေးပါတယ်ဟေ့၊ မောင်မဲဆိုတာ ပါးမှာ အမာရွတ်ကလေး ပါတယ်ဟေ့ဆိုယင်၊ မှဲ့လေး အမာရွတ်ကလေးဟာ မောင်ဖြူ မောင်မဲကို ခွဲခြားဖို့ရန် လက္ခဏာများ ဖြစ်ပါတယ်။

ဒီအတိုင်းပဲ သဒ္ဓါဆိုတာကို ရှင်းရှင်းလင်းလင်း နားလည်စေဖို့ ဘာလက္ခဏာရှိသလဲ၊ ဘယ်လိုမှတ်ရမလဲ၊ သမ္ပသာဒနလက္ခဏာ။

'သမ္ပသာဒန' ကို မြန်မာလိုပြန်ယင် ကောင်းစွာကြည်လင်စေခြင်း ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ 'သံ' ဆိုတဲ့ တပုဒ်သည် ကောင်းကောင်း ဆိုတဲ့ အဓိပ္ပာယ်ရတယ်၊ ကြည်တာမှ သာမညမဟုတ်ဘူး၊ တခါတည်း သေသေချာချာ ကောင်းကောင်းမွန်မွန် ကြည်လင်စေခြင်း၊ ထက်ထက်မြက်မြက် စူးစူးရှရှ ဒီလို ကြည်လင်စေခြင်းသဘောရှိတာ 'သဒ္ဓါ'။

"သမ္ပသာဒနလက္ခဏာ သဒ္ဓါ"

သဒ္ဓါ၊ သဒ္ဓါကို။ သမ္ပသာဒနလက္ခဏာ၊ ကြည်လင်စေတတ်သော သဘောလက္ခဏာ ရှိပါပေသည်လို့။ ဒဋ္ဌဗ္ဗံ၊ မှတ်ထိုက်၏။

## ယုံကြည်မှုက ကွာခြားနေတယ်

ကြည်လင်စေတတ်သည်။ သဒ္ဓါက ဘာသတ္တိရှိသလဲ၊ ကြည်လင်စေတတ်တဲ့ သတ္တိရှိတယ်။ ဘာတွေကိုကြည်လင်စေသလဲလို့ မေးယင် စိတ်ရှိတဲ့ လူတိုင်း စေတသိက်ရှိတဲ့သတ္တဝါတိုင်း စိတ်စေတသိက်ရှိတဲ့ သတ္တဝါတိုင်း၏ စိတ် စေတသိက် တို့ကို ကြည်လင်စေပါတယ်။ စိတ် စေတသိက် မရှိတဲ့ အသညသတ် သတ္တဝါကြီးတွေကိုချန်ထား။ စိတ်စေတသိက်ရှိသော သတ္တဝါတို့၏ စိတ်စေတသိက်တို့ကို ကြည်လင်စေတာဟာ သဒ္ဓါ။

အဲဒီတော့ ယုံကြည်မှုဆိုတဲ့အပိုင်း ခုနက Belief တို့ Faith တို့နဲ့ ဒီကစပြီးတော့ ကွာနေပြီဆိုတာ ဘုန်းကြီးတို့ပရိသတ် သိနိုင်လောက်ပြီ။

ဟိုမှာ ကြည့်နေတဲ့ဥစ္စာဟာ စိတ်ထဲကြည်ချင်မှကြည်မယ်၊ ဝင်းကနဲ ကောင်းကင်က အလင်းရောင်ကြီးလာတာကို ကယ်တင်ရှင်ရယ်လို့ ယုံကြည်လိုက်တာဟာ သူ့စိတ်ထဲ ကြည်ကြည်လင်လင် ဖြစ်မဖြစ် ဒါစဉ်းစားဖို့။ ကျားကြောက်တဲ့ လူတယောက်က ကျွဲကလေးဟာ ငါ့ အသက်သခင် ကျေးဇူးရှင်ပဲလို့ ယုံကြည်လိုက်တာဟာ စိတ်ထဲမှာ ကြည်ကြည်လင်လင် ရှိမရှိ စဉ်းစားနိုင်ပြီ၊ မြွေကြောက်တဲ့ လူဟာ လင်းယုန်ကြီး ရှိခိုးနေလို့ စိတ်ထဲမှာ ကြည်ကြည်လင်လင် ရှိမရှိ စဉ်းစားနိုင်ပြီ။

"သဒ္ဓါနဲ့ Belief နဲ့ မကွာဘူးလား"

"ကွာနေပါတယ်ဘုရား"

ဒါ့ကြောင့်–

Belief in worship of GOD,

Belief in Supernatural ruling power.

ဆိုတဲ့ဥစ္စာဟာ သဒ္ဓါမဟုတ်ပါဘူး။ ငါ့ကယ်လိမ့်မယ် ထင်ပြီးတော့ ကယ်တင်ရှင်ရယ်လို့ ယုံကြည်နေတာဟာ သဒ္ဓါမဟုတ်ဘူး၊ ဘုန်းကြီးတို့ ပရိသတ်များ–သဒ္ဓါက စိတ်ထဲမှာ ဘာဖြစ်ရမတုံး၊ ကြည်ပြီးတော့ အေးလာရမယ်။

## အစွမ်းထက်တဲ့ ပတ္တမြားသတ္တိ

ဒီတော့ ဘုန်းကြီး ဥပမာလေးနဲ့ ပြောပါရစေ။

အလွန်တန်ခိုးရှိတဲ့ ပတ္တမြားမျိုးရှိတယ်။ ဒီကနေ့ခေတ်မှာတော့ ပတ္တမြားက သိပ်ရှားသွားတော့ သိပ်တန်ခိုးထက်တဲ့ ပတ္တမြားမျိုးကို ဘုန်းကြီးတို့ ပရိသတ်များ တွေ့ဖူးတဲ့ ပုဂ္ဂိုလ်၊ သုံးဆောင်နေတဲ့ပုဂ္ဂိုလ် ရှိချင်လဲ ရှိမယ်၊ မရှိချင်လဲ နေလိမ့်မယ်။ အလွန့်အလွန် ဘုန်းကံကြီးတဲ့ လူတို့ရဲ့ခေတ်မှာ အလွန်အံ့သြဖွယ်ကောင်းတဲ့ ရတနာတွေဟာ မြေကြီးက သုံးမကုန်အောင် ထွက်ပါတယ်။

အဲဒီထဲမှာ ပတ္တမြားတလုံး ဘယ်လိုသတ္တိရှိသလဲ ဆိုလို့ရှိယင် ပူပြင်းခြောက်သွေ့နေတဲ့ နွေရာသီကြီးမှာ ရေလေးနည်းနည်းပဲရှိတဲ့ရေအိုင်ထဲက ရေတအိုးလောက်ခပ်၊ အဲဒီရေအိုးထဲက ခုနက ပတ္တမြားတလုံးကို ထည့်လိုက်ယင် အဲဒီပတ္တမြားရဲ့ စွမ်းရည်သတ္တိကြောင့် –

(၁) ရေအိုးထဲက အနယ်တွေအားလုံး အောက်ခြေမှာ ထိုင်သွားတယ်၊

(၂) ရေမျက်နှာပြင်ပေါ်မှာ လွှမ်းနေတဲ့ မှုန်မှုန်တွေ ရှင်းသွားတယ်၊

(၃) ပူခန္နေတဲ့ရေဟာ အေးသွားတယ်၊

ပတ္တမြားရဲ့ သတ္တိသုံးပါး။

အဲဒီလို ပတ္တမြားမျိုးကို တကမ္ဘာလုံးကို အုပ်စိုးနိုင်တဲ့ ရှင်ဘုရင်မျိုးသာ ရဖူးတယ်လို့ ဘုန်းကြီးတို့ဒေသနာတော်မှာ ရှိပါတယ်။ ဘုန်းကြီးတို့ စာပေအတိုင်း ပြောယင်တော့ စကြာမင်းကြီးများမှာ ဒီလိုပတ္တမြားရထနာရှိပါတယ်။ စကြာမင်းကြီးတို့ရဲ့ ရတနာခုနစ်ပါးထဲမှာ ပတ္တမြားရတနာ တစ်ပါးပါတယ်။ ထိုပတ္တမြားရတနာသည်–

(၁) ရေအိုးထဲထည့်လိုက်တဲ့အခါ အနယ်တွေကို ထိုင်စေတယ်၊
(၂) မြူမှုန်တွေကို ရှင်းစေတယ်၊
(၃) ပူတဲ့ရေကို အေးစေတယ်၊

သတ္တိသုံးပါး။

သဒ္ဓါရဲ့အစွမ်းသတ္တိ

သဒ္ဓါဆိုတဲ့ စေတသိက်ကလေး တလုံးဟာ အဲဒီပတ္တမြားကဲ့သို့ သတ္တိရှိပါတယ်။

သဒ္ဓါကောင်းစွာရယင် ဘာဖြစ်လဲ–

(၁) ကိလေသာအကြမ်းစားတွေ ထိုင်သွားတယ်၊ လွန်ကြူးမှုတွေ မရှိတော့ဘူး။
(၂) စိတ်ကို ပိတ်ဖုံးထားတဲ့ နီဝရဏတရား၊ ကုသိုလ်တရား စိတ်ကောင်းများကို တားဆီးထားတဲ့ နီဝရဏတရားတွေ ရှင်းလင်းသွားတယ်။
(၃) တောင့်တခြင်း ကြောင့်ကြခြင်းပြင့် ပူလောင်နေသော စိတ်ဟာ အေးချမ်းသွားတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့ ပရိသတ်များ ယုံကြည်မှုတွေကို ပြုပြင်ပါ။ အဲဒီအကျိုးမျိုးရအောင် ယုံကြည်မှုတွေကို ပြုပြင်ယူရမယ်။ ယုံကြည်မှုဆိုတဲ့ သဒ္ဓါမှာ ဒီအကျိုးသုံးပါးရယင် လုံလောက်တယ်၊ ပြီးပြည့်စုံတယ်။

ဒါ့ကြောင့် Beliefတို့ Faithတို့နဲ့ သိပ်ကွာနေပြီနော်၊ သိပ်ကွာသွားပြီ။ သဒ္ဓါကို Beliefနဲ့ ပြန်ယင် မထိဘူး၊ Faith နဲ့ ပြန်ယင် မထိဘူး၊ နည်းနည်းကလေး နီးစပ်တာကတော့ Confidenceနဲ့ နီးစပ်ပါတယ်။

အဲဒီတော့ ကြည်လင်စေသော သဘောလက္ခဏာရှိတာကို သဒ္ဓါလို့ မှတ်ရမယ်။ သဒ္ဓါက ကိလေသာ အကြမ်းစားတွေကို ထိုင်စေတယ်၊ အပေါ်ယံလွှမ်းတဲ့စိတ်ရဲ့ အညစ်အကြေးတွေကို ဖယ်ရှားတယ်၊ အမြဲမပြတ် ပူလောင်နေတဲ့နှလုံးသားကို အေးချမ်းစေတယ်။

ဘုန်းကြီးတို့ ပရိသတ်ရဲ့ စိတ်နှလုံးဟာ အမြဲတမ်းပူနေတာ၊ စားဖို့ ဝတ်ဖို့ နေဖို့ စီးပွားရေး သမီးရေး သားရေး ဇနီးမယားအရေး၊ ရပ်ရေး ရွာရေး တိုင်းရေး ပြည်ရေး နိုင်ငံရေးတွေကိုတွေး တွေးပြီးတော့ ပူနေတဲ့ ဒီနှလုံးသားဆိုတဲ့ ရေအိုးထဲကို သဒ္ဓါတလုံး ကောင်းကောင်း ထည့်လိုက်၊ အဲဒီ စိတ်နှလုံးဟာ အေးလို့ချမ်းသာလာတယ်။

ဟိုပီတိတွေ၊ ပဿဒ္ဓိတွေ၊ ပါမောဇ္ဇတွေ ထားပါဦး၊ သဒ္ဓါ တလုံးရအောင် အားထုတ်နိုင်ယင် လက်တွေ့ချမ်းသာတယ်၊ မက်တီးရီး ယား ဟက်ပီးနက်စ် Material Happiness က ဒီကနေ့ ကမ္ဘာမှာ သိပ်တိုးတက်နေတယ်။ မင်တယ်လ်ဟက်ပီးနက်စ် Mental Happiness ဆိုတဲ့ ချမ်းသာအစစ်ကို ရဖို့ရန် ဘာလုပ်ရမလဲ၊ မင်တယ်လ်ဟက်ပီးနက်စ် Mental Happiness အတွက် ဘုန်းကြီးတို့ ကြိုးပမ်း ကြရမယ်၊ တနည်း မင်တယ်လ်ပိစ် Mental Peace ဖြစ်အောင် သဒ္ဓါတလုံးရယင် ဒါလောက်အကျိုးရှိတယ်။

အဘိဓမ္မာသဘောကို နားလည်လို့ လေ့ကျင့်ခန်း လုပ်ထားတဲ့ ပုဂ္ဂိုလ်တွေက ဒီအကျိုးမျိုးတွေကို၊ ဒီလိုအကျိုးတရားတွေကို ခံစားနေ ကြပါပြီ၊ ခံစားလဲ ခံစားခဲ့ဖူးကြပါပြီ။

သဒ္ဓါရဲ့ သတ္တိသုံးပါးက ကိလေသာအကြမ်းစားတွေကို ထိုင်သွား စေတယ်၊ ပြီးတော့ စိတ်မှာလှုပ်နေတဲ့ အညစ်အကြေးတွေကို ဖယ်ရှား မယ်၊ ပူလောင်နေတဲ့ စိတ်နှလုံးဟာ အေးချမ်းသာတယ်။

## ဗုဒ္ဓဘာသာကြောင့် စစ်မက်ရေးရာ ဖြစ်ခဲ့ဘူးသလား

ဒီတော့ ကိုးကွယ်တဲ့ ဘာသာရေးတရားတွေထဲမှာ သဒ္ဓါပြဋ္ဌာန်းတဲ့ ကိုးကွယ်ခြင်းဟာ ဘယ်လောက်အေးချမ်းတယ်ဆိုတာ ဘုန်းကြီးတို့ ပရိ သတ် သဘောပေါက်ရမယ်။

ကမ္ဘာ့သမိုင်းတလျှောက်လုံးကို ပြန်ပြီးတော့ကြည့်။

ဗုဒ္ဓကို ကြည်ညိုသိမှတ် ဆည်းကပ်ကိုးကွယ်သူတို့ကြောင့် ကမ္ဘာစစ်၊ ဒေသစစ်၊ ပဒေသစစ် တခါမျှ မဖြစ်ဖူးပါဘူး။ ဗုဒ္ဓကို ကိုးကွယ်သိမှတ် ဆည်းကပ်တဲ့ ပုဂ္ဂိုလ်တွေက စတင်တဲ့ စစ်ပွဲရယ်လို့ ကမ္ဘာမှာ မရှိဘူး။ ဗုဒ္ဓကို ကြည်ညိုသိမှတ် ဆည်းကပ်တဲ့ ပုဂ္ဂိုလ်တွေ စတင်ကျူးကျော် တိုက်ခိုက်တဲ့ စစ်ပွဲမရှိပါဘူး၊ ဗုဒ္ဓဘာသာ သူ [illegible]ကြောင့် ကမ္ဘာ့သူ ကမ္ဘာ့သားတွေ သွေးတစက်ကျရတယ်ဆိုတာ မရှိပါဘူး။

ဘာ့ကြောင့်လဲ၊ သဒ္ဓါကောင် စွဲရဲ့ကော့ –

(၁) ကိလေသာအကြမ်းတွေဟာ ထိုင်သွားပြီ၊
(၂) စိတ်ရဲ့ အညစ်အကြေးတွေဟာ ရှင်းသွားပြီ၊
(၃) ပူနေတဲ့စိတ်နှလုံးဟာ စားစရာ မရှိချင်နေတော့၊ ဝက်စရာ မရှိချင်နေတော့ သဒ္ဓါဖြစ်နေတဲ့ ထိုသူက စိတ်ထဲမှာအေးနေတယ်။

ဒီတော့ သဒ္ဓါတလုံးကို စနစ်တကျ ရလိုက်တာနဲ့ "လက်တွေ့ ချမ်းသာ" တဲ့၊ ဘုန်းကြီးတို့ ပရိသတ် ခံစားနိုင်ကြပါတယ်၊ "သမ္ပသာ ဒန လက္ခဏာ သဒ္ဓါ" ဟိုလိုသာတယ်။

အဲဒီတော့ နောက်တပိုဒ်ဆက်ကြည့်ပါ။ ဒုတိယအပိုဒ်က ဘာပြော သလဲ–

(၂) "ပက္ခန္ဒနရသာ"တဲ့။

ဘုန်းကြီး အခုပြောနေတာဟာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဆိုသော ပရမတ္ထတရား လေးပါးထဲက စေတသိက်ပိုင်းက "သဒ္ဓါ" စေတသိက်တလုံးကို ထုတ်ပြီး ပြောပါတယ်။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ တရားလေးပါးထဲက ဘယ်အပိုင်းမှာလဲ၊ စေတသိက် ပိုင်း။ စေတသိက် ၅၂ ပါးထဲက ဘယ်စေတသိက်လဲ၊ သဒ္ဓါစေတသိက်။ သဒ္ဓါ စေတသိက်တလုံးကို တလပြောယင် ကောင်းမယ်။

ဒါပေမယ့် အဘိဓမ္မာသင်တန်း ဖွင့်လှစ်ပို့ချနေတဲ့ ဆရာ ဒေါက်တာ မင်းတင်မွန်က ကျေနပ်မှာ မဟုတ်ဘူး။ ကိုယ်တော် သဒ္ဓါတလုံးတည်းနဲ့ တလကြီး ဟောရမလား၊ ကျန်တဲ့ စေတသိက် ၅၁ လုံးကို ကိုယ်တော် ၅၁ လ ဟောဦးမလားဆိုယင်တော့ အခက်ပဲ၊ ဟုတ်လား။

## ၈စိတ်တခဏ မြင်ရုံနဲ့ သဘောပေါက်နိုင်တယ်

ဘုန်းကြီးတို့ရိုသက်များ ပင်လယ်ကို မြင်ဖူးကြတယ်မဟုတ်လား၊ ကျိုက္ခမီက သွားကြည့်ယင် ပင်လယ်ကြီးကို မြင်ရတယ်၊ မော်ဘင်စွန်းက သွားကြည့်ယင် ပင်လယ်ကို မြင်တယ်၊ ပုသိမ်က သွားကြည့်ယင် ပင်လယ်ကို မြင်တယ်၊ မောင်းမကန်ကသွားကြည့်လဲ ပင်လယ်ကို မြင်တယ်။ အဲဒီတော့

ပင်လယ်ကြီးကိုကြည့်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် တခါတည်း ပစိဖိတ်ရော၊ အတ္တလန်တိတ်ရော၊ ဘင်္ဂလားပင်လယ်အော်ရော အကုန်လုံးလျှောက်သွားနေဖို့ လိုသေးသလား၊ မလိုဘူး။

ကျိုက္ခမီကနေရပ်ကြည့်၊ ဪ ပင်လယ်ဆိုတာ ဒါပဲ၊ ပြီးတာပဲ၊ ပင်လယ်၏ တစိတ်တဒေသကို မြင်လိုက်ရုံနဲ့ ပင်လယ်ကြီး တစ်ခုလုံးရဲ့ သဘောကို အလိုလို ပေါက်ရမှာပဲ၊ ရှိရှိသမျှကမ္ဘာလုံးက ပင်လယ်တွေကို အကုန် လိုက်ကြည့်နေဖို့ မလိုဘူး၊ ဟုတ်လား။

အေး ဘုန်းကြီးတို့ ဗုဒ္ဓရဲ့ အဘိဓမ္မာသည် အဲဒီ ပင်လယ်ကြီး လို ကျယ်လဲကျယ်ပါတယ်၊ နက်လဲနက်ပါတယ်။ ကျယ်လဲကျယ် နက်လဲနက်တဲ့ အဘိဓမ္မာကို ကမ္ဘာရှိသမျှ ပင်လယ် အကုန်လုံး လျှောက်ပြီးတော့ ကြည့်နေမှ ပင်လယ်သဘောကို ငါနားလည်တော့မယ်ဟဲ့ ဆိုယင်တော့ ဘုန်းကြီးတို့ပရိသတ်များ ဒီဘဝမှာ ပင်လယ်အကြောင်း နားလည်စရာ သိနိုင်စရာအကြောင်း မရှိတော့ပါဘူး၊ ကမ္ဘာမှာ ရှိရှိသမျှ ပင်လယ်ကို ဘယ်သူသွားပြီးတော့ အကုန် လျှောက်ကြည့်နိုင်မှာလဲ၊

အဲဒါကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဆိုတဲ့ ပရမတ္ထတရား လေးပါးရှိရာတွင် ဘုန်းကြီးတို့ ပရိသတ် စိတ်အကြောင်း သဘော ပေါက်ယင် စေတသိက် အကြောင်းလဲပဲ အတော် လုံလောက်ပါတယ်၊ စေတသိက်အကြောင်း သဘောပေါက်ယင် စိတ်အကြောင်းလဲ အတော် အတန် လုံလောက်ပါတယ်။ ပင်လယ်ရဲ့ တစိတ်တဒေသကို မြင်လိုက်ခြင်း ဖြင့် ပင်လယ်တခုလုံးကို သဘောပေါက်သွားသလိုပါပဲ။

## ပြုပြင်ရတဲ့ သစ္စာပရမတ်

စိတ်စေတသိက်ရုပ်ဆိုတဲ့ သစ္စာပရမတ္ထ တရားသုံးပါး၊ သစ္စာ ဆိုတာ ပြုပြင်လေးတာ၊ စိတ်ဆိုတာ ပြင်ရတယ်၊ မပြင်ရဘူးလား။ စေတသိက်ကော မပြင်ရဘူးလား၊ ပြင်ရတယ်လေ၊ အခု သဒ္ဓါကို စနစ်တကျဖြစ်အောင် ဘုန်းကြီးတို့ ပြောတာ ပြင်ကြ၊ ဟုတ်လား။ သဒ္ဓါကို စနစ်တကျဖြစ်အောင် ဒီကနေ့ ဘာလုပ်ကြမလဲ၊ ပြင်ရမယ်၊ ဘာလိုင်း ဖေ့သ် Blind faith မျိုး မဖြစ်စေရဘူး။

စိတ်ကလေးကိုလဲပြင်ရမယ်၊ စေတသိက်ကိုလဲ ပြင်ရမယ်။ ရုပ်ကော ရုပ်ကိုပြင်တဲ့ အပိုင်းတော့ ဘုန်းကြီးတို့ မပြောပဲနဲ့ အကာ အလှမတွေ အကုန်လုံး ပြင်ပြီးသားပဲ တွေ့ပါတယ်၊ ဟုတ်လား။ ဥပ ဒေါ်ပြောပုံ

မလာခင်ကတည်းကိုက ပြင်ပြီးမှ လာကြတာ မဟုတ်လား၊ အေး ဒါ ရှင်းတယ်၊ အဲလိုပြောမှ ပိုရှင်းတယ်၊ ဟုတ်လား၊ အဲဒါက အိမ်တွင်း အဘိဓမ္မာ၊ ဒကာမကြီးတွေ ခေါင်းတလုံး ပြင်လိုက်ရတာ တခါတခါ တမနက်လောက် ကြာတယ်၊ နှစ်နာရီ သုံးနာရီလောက် ကြာတယ်၊ ဒကာကြီးက မော်တော်ကားပေါ် ရောက်နေပြီ၊ သွားမယ်ဟသွားမယ်ဟဆို ခေါ်နေ ဟိုမှာ ဆံပင်တချောင်း ကောက်လို့ မပြီးသေးဘူး၊ ရုပ်ပိုင်းကို ပြင်ကြတာနော်။

ရုပ်ပိုင်းကို ပြင်ကြတယ်၊ စိတ်ပိုင်းကို ပြင်ကြတယ်၊ စေတသိက် ပိုင်းကို ဘာလုပ်လဲ၊ ပြင်ကြတယ်။ ပြုရပြင်ရတဲ့ ပရမတ္ထတရားကို ဘာခေါ် တယ်၊ "သင်္ခတပရမတ်" ခေါ်ပါတယ်။

နိဗ္ဗာန်ကို ပြုစရာမလိုဘူး၊ ပြင်စရာမလိုဘူး လုပ်စရာမလိုဘူး။ နိဗ္ဗာန်ကို ပြုသူမရှိ လုပ်သူမရှိ ပြင်သူမရှိ ပကတိငြိမ်းပြီးသား၊ အဲဒါကြောင့် နိဗ္ဗာန်က ဘာခေါ်သတဲ့လဲ၊ "အသင်္ခတပရမတ်" ခေါ်တယ်။

ပရမတ်နှစ်ပိုင်း –

(၁) သင်္ခတပရမတ်၊

(၂) အသင်္ခတပရမတ်၊

ဘယ်နှစ်ပိုင်းလဲ၊ နှစ်ပိုင်း၊ ဟုတ်လား။

ပြုပြင်ရတဲ့ ပရမတ်တွေကို "သင်္ခတပရမတ်" လို့ ခေါ်မယ်၊

မပြုရ မပြင်ရတဲ့ ပရမတ်ကိုတော့ "အသင်္ခတပရမတ်" လို့ ခေါ်မယ်။

## ယုံကြည်မှုကိုလဲ ပြုပြင်ကြရမယ်

ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ် ပြုပြင်စေချင်တယ်၊ ဘာကိုလဲ ဆိုတော့ ယုံကြည်မှုကို ပြုပြင်စေချင်တယ်၊ ဟုတ်လား။ ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရားကို ပြုပြင်စေချင်တယ်၊ ဘယ်လိုပြုပြင်ရမလဲ၊ ယုံကြည်မှုဆိုတဲ့ သဒ္ဓါမှာ သတ္တိသုံးပါးရအောင် ပြုပြင်ပါ၊ အဲဒီသတ္တိသုံးပါးသည်ပင်လျှင် အကျိုးသုံးပါးလို့ ဆိုနိုင်တယ်။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်များ ယုံကြည်မှုတွေကို ပြုပြင်ပါ၊ အဲဒီအကျိုးမျိုး ရအောင် ယုံကြည်မှုတွေကို ပြုပြင်ယူရမယ်။ ယုံကြည်မှု ဆိုတဲ့ သဒ္ဓါမှာ ဒီအကျိုးသုံးပါးရယင် လုံလောက်တယ်၊ ပြီးပြည့်စုံတယ်၊ အဲဒီတော့ Belief တွေဘာတွေနဲ့ သိပ်ကွာပြီ မဟုတ်လား။ သဒ္ဓါဟာ Belief ထဲလဲ ဝင်လို့မရဘူး၊ Faith ထဲလဲ ဝင်လို့မရဘူး၊ ဒါပေမယ့် အနီးစပ်ဆုံးတော့ ဒီလိုပဲသုံးကြရပါတယ်။ Belief မှာ ဒီသတ္တိသုံးပါး မရှိဘူး၊ မဟုတ်လား။

"ပက္ခန္ဒနရသ" တဲ့။

ရသဆိုတာကတော့ အရသာလေး ပေါ်လာတယ်လို့ ဆိုနိုင်တယ်၊ တနည်းဆိုယင်တော့ ကိစ္စကို ဆောင်ရွက်သွားတယ်လို့ ပြောနိုင်တယ်။ သဒ္ဓါကောင်းစွာဖြစ်ယင် ရသ— အရသာလေး တမျိုးပေါ်လာတယ်၊ ဘယ်လိုအရသာပေါ်သလဲ။

ပက္ခန္ဒန တဲ့၊ ဘုန်းကြီးတို့ ပရိသတ်များ ဒီဘက်ကမ်းနဲ့ ဟိုဘက် ကမ်း ကူးသန်းချင်တဲ့လူတစ်ယောက်၊ အလယ်မှာမြစ်ကျယ်ကြီး ရှိတယ်၊ ဒီဘက်ကမ်းမှ ဟိုဘက်ကမ်း ကူးသွားချင်တယ်၊ အဲဒီတော့ ကမ်းနားမှာ ရပ်ပြီးတော့ ထိုလူက အခြေအနေကို အားလုံး သုံးသပ်တယ်။

ငါ့ရဲ့ ခြေလက်တွေ ဘယ်လောက် သန်သလဲ၊ ငါ ရေကူးတယ် လောက်ကျွမ်းကျင်သလဲ၊ ဒီရေထဲမှာ လှိုင်းတွေ ဘယ်လိုရှိသလဲ၊ ဒီအချိန် မုန်တိုင်း ကျနိုင်သလား၊ မကျနိုင်ဘူးလား၊ လှိုင်းတံပိုး ရှိသလား၊ မရှိ ဘူးလား၊ ငါးလိပ်မကန်း အခြေအနေက ဘယ်လိုလဲ၊ ကျောက်ဆောင် တွေ ဒိုက်တွေ သရေတွေ ရှိမရှိ၊ ငါဘယ်လောက် အမောခံနိုင်သလဲ၊ အဲဒါတွေကို သူစစ်ဆေးပြီးတော့မှ ဘာလုပ်လိုက်သလဲ၊ ငါကူးနိုင်ပြီလို့ ဆုံးဖြတ်ချက် ချလိုက်တယ်။

ဆုံးဖြတ်ချက်ချလိုက်တော့ သူ့စိတ်ထဲကို ဝင်စားကြည့်၊ သူဘာကို ယုံကြည်လို့ ဒီလို ဆုံးဖြတ်ချက် ချတာလဲ သူ့ရဲ့ စွမ်းရည် သတ္တိကို သူ ယုံကြည်သည်ဖြစ်၍ အားကိုးသည်ဖြစ်၍ ဒီမြစ်ကြီးကိုငါဖြတ်နိုင်တယ်ဟော့ ဆိုပြီးတော့ ဆုံးဖြတ်ချက် ချတာ၊ ဝုန်းခနဲ ခုန်ချပြီးတော့ ကူးသွား လိုက်တာ ဟိုဘက်ကမ်းကို ရောက်သွားတယ်။

## ကိုယ့်အားကိုယ်ကိုးပါ

အဲ တချို့လူကတော့ ဒီဘက်ကမ်းကနေပြီး ဖြစ်မှ ဖြစ်ပါ့မလား၊ လှိုင်းတွေက ထူတယ်၊ ရေကနက်တယ်၊ ငါး လိပ် မကန်းတွေကလဲ ပေါတယ်၊ ငါကလဲ အမောမခံနိုင်ဘူး၊ လက်တွေကလဲ ကောင်း ကောင်း မသန်မာဘူးဆိုယင်တော့ အဲဒီလူ ဟိုဘက်ကမ်း မရောက်ဘူး၊ ရေထဲခုန်ချလိုက်ရုံနဲ့ မြုပ်သေမှာပဲ။

Confidence ဆိုတာ ကိုယ့်အစွမ်းကို ကိုယ်ယုံကြည်တာ အဲဒါ "သဒ္ဓါ"ပဲ။ တကယ့် Super Natural Ruling power ဆိုတာ ဘုန်းကြီးတို့ ပရိသတ်မှာ ရှိပါတယ်၊ တကယ့် တန်ခိုး ဘယ်မှာရှိလဲ၊ ဘုန်းကြီးတို့ ပရိသတ်မှာ အပြည့်အစုံရှိတယ်။

ဒီအစွမ်းတွေကို အသုံးမချပဲနဲ့ ဒီဘက်ကမ်းမှာ လက်မှိုင်ချပြီးတော့ ဟိုဘက်ကမ်းကြီး ငါ့ခြေအောက် ရောက်လာ ပါစေသတည်း လို့ ထိုင်ဆုတောင်းနေယင် ဘယ်လာပါ့မလဲ။ ဟိုဘက် ကမ်းက ဟိုမှာပဲ နေတာပဲ၊ ဟုတ်လား။ ဒီလိုမှမဟုတ် ဒီဘက်ကမ်းကြီး ဟိုဘက်ကမ်း ဆက်ပါစေသတည်းဆိုယင်တော့ ဒီဘက်ကမ်းက ဟိုဘက်ကမ်း သွားဆက်ပါ့မလား၊ ဒီဘက်ကမ်း ဒီမှာပဲနေမှာပဲ။ ဒါဖြင့်ယင် အကျွန်ုပ်ကို တစုံတယောက်သော တန်ခိုးရှင်က ပွေ့ချီသွားပြီးတော့ ဟိုဘက်ကမ်းကို ပို့ပေးပါစေသတည်းဆိုတော့ကော ပို့ပေးမှာလား၊ ဘယ်သူက ပွေ့မလဲ။

ကိုယ့်မှာခြေရှိတယ်၊ လက်ရှိတယ်၊ ခွန်အားရှိတယ်၊ အသုံးချပါ။ လှိုင်းလေ ငြိမ်တဲ့အခါ၊ ငါး လိပ် မကန်းရှင်းတဲ့အခါ အခြေ အနေတွေ အားလုံးကို သုံးသပ်ဆင်ခြင်ပြီးတော့ လက်ပစ်သာ ကူးခဲ့ယင်....

"ဘုန်းကြီးတို့ပရိသတ် မရောက်ဘူးလား"
"ရောက်မှာပါ ဘုရား"
"ရောက်တယ်"

အဲဒီတော့ ကိုယ့်အား ကိုယ်ကိုး ဆိုတာ ဗုဒ္ဓတရား။ ဒီတော့ ဟိုအနောက်ဘက်က လူတွေက အဲဒါမကြိုက်ဘူး၊ "ခင်ဗျားတို့ ဗုဒ္ဓတရားက ကယ်မယ့်လူမှ မရှိတာ၊ ကျုပ်တို့ မကြိုက်နိုင်ဘူးတဲ့၊ တချို့ ဒီလိုပြောတယ်။ မကြိုက်ချင်လဲ မတတ်နိုင်ဘူးပေါ့၊ သဘာဝက ဒီအတိုင်းပဲ မဟုတ်လား။ ကိုယ့်ကိုယ်ကို အားကိုးရမှာ၊ ကယ်မယ့်လူမှ မရှိပဲ၊ ဒီလူတွေ အများကြီးပဲ နေဘ်။

ဒီတော့ ဘုန်းကြီးတို့ ဗုဒ္ဓက "သဒ္ဓါယ တရတိ ဩဃံ" တဲ့၊ ဗုဒ္ဓရဲ့ စကားရပ်တွေ ဘယ်လောက်ကောင်းလဲလို့။ သဒ္ဓါယ-သဒ္ဓါ ဖြစ်လို့ပဲ ဆို ကြပါစို့ဗျာ၊ ဘာသာပြန်ဖို့ရန် အခြားစကားလုံးဖလှယ်ဖို့မလိုလောက်ဘူး။

သဒ္ဓါယ၊ သဒ္ဓါဖြင့်။ ဩဃံ၊ ဩဃကို။ တရတိ၊ လွန်မြောက်နိုင် တယ်။

## ယုံကြည်ချက်ရှိသူတိုင်း အခက်အခဲကို ကျော်လွှားနိုင်တယ်

"သဒ္ဓါယ တရတိ ဩဃံ" တဲ့။

သဒ္ဓါဖြင့် ဩဃကို လွန်မြောက်နိုင်တယ်။

ဩဃဆိုတာ ဘာလဲမေးယင် ရေပင်လယ်ကြီးပေါ့။

သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ဩဃံ၊ ရေပင်လယ်ကြီးကို။ တရတိ၊ ကူးခတ်နိုင်တယ်။

အဲဒါ ကိုယ့်ကိုယ်ကို အားကိုးဖို့ရန်၊ အဲဒါ နဖူး စာထိုးထားယင် ကောင်းမလား မသိဘူး။ အိမ်ဦးမှာ အသေအချာ ရေးထားလိုက်။

"သဒ္ဓါယ တရတိ ဩဃံ" လို့။

ခေတ်မီမီ သာသာပြန်ယင်တော့—

"ယုံကြည်ချက် ရှိသူတိုင်းဟာ အခက်အခဲ အားလုံးကို ကျော်လွှားနိုင်တယ်" လို့။

ဒီလိုဆိုတယ်။ မြတ်ဗုဒ္ဓကတော့ သဒ္ဓါဖြင့် သံသရာ ပင်လယ်ကို ကျော်ဖြတ်နိုင်တယ်တဲ့၊ ဒါ ဒေသနာစကား။

"သဒ္ဓါယ တရတိ ဩဃံ"

သဒ္ဓါယ၊ သဒ္ဓါဖြင့်။ ဩဃံ၊ သံသရာပင်လယ်ကြီးကို။ တရတိ၊ ကူးခတ်နိုင်တယ်။

သဒ္ဓါယ၊ ယုံကြည်ချက်ဖြင့်။ ဩဃံ၊ ဩဃလေးဖြာ သံသရာ ပင်လယ်ကြီးကို။ တရတိ၊ လွန်မြောက်နိုင်တယ်။

ယုံကြည်ချက်ကောင်းတဲ့ ပုဂ္ဂိုလ်သည် ဘာယုံကြည်တာလဲ၊ ကိုယ့် အစွမ်းကို ကိုယ်ယုံကြည်တဲ့ပုဂ္ဂိုလ်တွေ သံသရာကြီးကို ကျော်ဖြတ်နိုင်တယ်၊ အခက်အခဲမှန်သမျှကို လွန်မြောက်နိုင်တယ်။ ဒီတော့ သဒ္ဓါဆိုတဲ့သဘော ဘုန်းကြီးတို့ပရိသတ် ဘယ်လောက်အားကောင်းလဲ၊ အဲဒါ ကြည့်ရမယ်။ အခက်အခဲတွေကို အကုန် ကျော်သွားမယ်။

## ယုံကြည်ချက်ရှိလျှင် ရင်ဆိုင်ရဲတယ်

ဒီတော့ လောကရေးရာမှာ ယုံကြည်ချက်သာ မရှိယင် ဘုန်းကြီးတို့ ပရိသတ် အခက်အခဲတွေ အမြဲရင်ဆိုင်နေရမှာ၊ ဒါတွေကို ဘယ်သူမှ မကျော်နိုင်ဘူး။ ယုံကြည်ချက် ပြင်းထန်တဲ့ ပုဂ္ဂိုလ်တွေက အခက်အခဲတွေကို အကုန်လုံး ကျော်သွားပါတယ်တဲ့၊ တိုင်းရေး ပြည်မှုမှာလဲ ဒီအတိုင်းပဲ၊ ရပ်ရေး ရွာရေး ဘာသာရေး သာသနာရေး၊ ဘယ်အရေး အရာဖြစ်ဖြစ် ယုံကြည်ချက်ဆိုတဲ့ ဒီသဒ္ဓါ အားကောင်းမှ၊ ဘာဖြစ်လဲ၊ အခက်အခဲတွေကို ကျော်ဖြတ်ပြီးတော့ ဆောင်ရွက်ကြတာ၊ ယုံကြည်ချက် နည်းတဲ့ ပုဂ္ဂိုလ်သည် အခက်အခဲလေး နည်းနည်းတွေ့ယင် နောက်ဆုတ်သွားတယ်။

ဘုန်းကြီးတို့ အသိမွှေနည်းကလေးတဲ့ သဒ္ဓါစေတသိက်ရဲ့ သဘောဟာ အဲဒီလောက် သတ္တိရှိတယ်။

“ခုနက ယုံကြည်မှုတွေ ဟိုကမ္ဘာဦးက စလာခဲ့တဲ့ ယုံကြည်မှုတွေက အခက်အခဲ ကျော်မလား”
“မကျော်ပါဘုရား”
“မကျော်နိုင်ဘူး”

မကျော်နိုင်လို့ကို ထိုင်ပြီး ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်း ရောက်ရပါလို၏လို့ ဆိုပြီးတော့ ဆုတောင်းနေတာပဲ၊ ဟုတ်လား။ ယုံကြည်ချက် ပြင်းထန်တဲ့သူကတော့ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်း ရောက်ရပါလို၏ မလုပ်ဘူး၊ လက်ရှောခြေရှော တခါတည်း အသုံးချကူးသွားမှာပေါ့၊အဲဒါ သဒ္ဓါက ဒီလိုလာတယ်၊ ကိုယ့်ကိုယ်ကို အားကိုးတာ သဒ္ဓါ ကဲ ဒါကြောင့် “ပက္ခန္ဒနရသ” တဲ့။ ဟိုဘက်ကမ်းကို တရှိန်ထိုးကြီး ဖြတ်သန်းသွားတဲ့ ကိစ္စကို ဘယ်သူလုပ်သလဲ၊ သဒ္ဓါကလုပ်တယ်၊ အဲဒါ “ပက္ခန္ဒန” ဆိုတာ ဒါပဲ။

ဟိုဘက်ကမ်းကို တရှိန်ထိုး တခါတည်းဖြတ်သန်းသွားတာ သဒ္ဓါက လုပ်တဲ့ကိစ္စ၊ သဒ္ဓါမကောင်းတဲ့ ပုဂ္ဂိုလ်က ဘာမှ မဖြတ်နိုင်ဘူး၊ ဒီဘက်ကမ်းက ထိုင်ရှိခိုးနေမှာပဲ၊ ဆုတောင်းနေမှာပဲ။ ဟိုဘက်ကမ်း ရောက်ရပါလို၏၊ ရောက်လဲမရောက်ဘူး။ ဒါဖြင့် ဒီဘက်ကမ်းက ဟိုဘက်ကမ်း သွားရပါလို၏၊ သွားလဲမသွားဘူး၊ နောက်ဆုံးကျတော့ ဒီဘက်ကမ်းမှာ ချေပြီးတော့ ဒီအတိုင်း အချိန်ကုန်ကြရမှာ။

"ပစ္စန္နရသ" တဲ့။ ဟိုဘက်ကမ်းကို ဖြတ်သန်းနိုင်တဲ့ ကိစ္စကို သဒ္ဓါက ဆောင်ရွက်တယ်၊ ဒီလိုသွားမယ်။

## စိတ်မညစ်ဘူး၊ ဆုံးဖြတ်ချက် ခိုင်မာတယ်

နောက်တချက်က ဘာလာတုံး ဆိုတော့–

(၃) "အကာလုဿိယ ပစ္စုပဋ္ဌာန"

"ပစ္စုပဋ္ဌာန" ဆိုတဲ့ ပုဒ်လေးကို ဘုန်းကြီးတို့ရှိသက် ရှင်းရှင်းလေး အမိပ္ပာယ်မှတ်ဖို့ "အကျိုး" ကို ပြောတယ်။

အကာလုဿိယ ပစ္စုပဋ္ဌာန – ဘယ်သောအခါမျှ မနောက်ကျုံသော အကျိုးတရား ထင်ရှားပါတယ်။

သဒ္ဓါကောင်းနေတဲ့ပုဂ္ဂိုလ်ဟာ စိတ်ညစ်တယ်ဆိုတာ ဘယ်တော့မှ မရှိဘူးတဲ့၊ "အကျိုး" က ဒီလိုပြောတယ်။ ဘုန်းကြီးတို့ပရိသတ် စိတ်ညစ်လား၊ အဖြေတော့ ဘော်ဇတော်ခက်တယ်နော်။ စိတ်ညစ်တယ်ဆိုယင် ဘာလိုနေလို့လဲ၊ ဒါသိဖို့ပဲ၊ သဒ္ဓါလိုနေတယ်၊ သဒ္ဓါစေတသိက်နှလုံးသား ထဲမှာ မကိန်းယင် ဒီနှလုံးအိမ်ဟာ အမြဲတမ်း ညစ်နေမှာပါ။ ရေကြာမင်းရဲ့ ပတ္တမြားရေအိုးထဲ မထည့်တော့ အနယ်လဲထတယ်၊ အပေါ်ယံက မှုံလဲ လွှမ်းတယ်။ ဒီအတိုင်းပဲ သဒ္ဓါမဖြစ်တော့ ကိလေသာတွေလဲ ထကြွနေ တယ်၊ စိတ်ပေါ်မှာ အညစ်အကြေးတွေလဲ လွှမ်းအုပ်နေတယ်။

အဲဒါကြောင့် သဒ္ဓါဖြစ်ယင် အကာလုဿိယ ပစ္စုပဋ္ဌာန –ဘယ် တော့မှ စိတ်မနောက်ဘူး၊ စိတ်မညစ်ဘူးဆိုတဲ့ အကျိုးကို ရပါလိမ့်မယ်။ ကမ္ဘာဦးက စလာတဲ့ ကိုးကွယ်ခြင်းဘဘာဝကိုးကွယ်ခြင်းတို့မှာ ပြောထားတဲ့ "ယုံကြည်မှု" ဆိုဘာမျိုးနဲ့ သိပ်ခြားနားသွားကြပါပြီ၊ ဟုတ်လား။ ဗုဒ္ဓ ဝါဒအရ ကိုးကွယ်ခြင်းက အဲဒီလို အဆင့်ဆင့် အဆင့်ဆင့် တိုးတက် တိုး တက်ပြီးတော့ လာပါတယ်။

"အကာလုဿိယ ပစ္စုပဋ္ဌာန" တဲ့၊

ဒီ အကာလုဿိယ ပစ္စုပဋ္ဌာနကို နောက်တနည်းပြောတော့–

"အဓိမုတ္တိ ပစ္စုပဋ္ဌာန"

အဓိမုတ္တိ တဲ့၊ အဓိမုတ္တိဆိုတာက ဘာလဲဆိုယင် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချမှတ်တာ အဓိမုတ္တိ။ ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်ပြီ၊ ငါ့လက် ငါ့ခြေနဲ့ ဟိုဘက်ကမ်းကူးမယ်ဟေ့ဆိုပြီးတော့ ဆုံးဖြတ်ချက် ခိုင် ခိုင်မာမာချတာ အဓိမုတ္တိ၊ ဟုတ်လား။ သဒ္ဓါကောင်းယင်–

(၁) စိတ်မညစ်ဘူး၊
(၂) ကိုယ့်အစွမ်းကို အားကိုးပြီးတော့ အခက်အခဲတွေကို ကျော်ဖြတ်မယ်ဆိုတဲ့ အဆုံးအဖြတ်ကို ချနိုင်ပါတယ်တဲ့။

အဲဒါ သဒ္ဓါရှိသဘောပါပဲ။ ဒါထက် ကျယ်ကျယ်ပြန့်ပြန့် ဘုန်းကြီးတို့ ပရိသတ် နားကြားချင်သေးတယ်ဆိုယင် ဆရာ ဒေါက်တာမင်းတင်မွန်ရဲ့ အဘိဓမ္မာသင်တန်းမှာတက်ပြီးတော့ နားထောင်ကြပါ။ ဘုန်းကြီးတို့ ဒါလောက်ပဲ ပြောပါရစေ။

## အားကိုးလောက်တဲ့ ဝတ္ထုများ
## (သဒ္ဓေယျ ဝတ္ထုသုံးပါး)

နောက်တပုဒ် ကျန်သေးတယ်၊ ပြောကြပါဦးစို့။

(၄) "သဒ္ဓေယျဝတ္ထုပဒဋ္ဌာန"

ပဒဋ္ဌာနဆိုတာ "အကြောင်း"ပါပဲ၊ နီးကပ်နေတဲ့ အကြောင်း။

ဒီသဒ္ဓါဟာ ဘာကြောင့်ဖြစ်လဲ၊ နီးကပ်တဲ့အကြောင်း၊ တခါတခါ အကြောင်းရှာမရယင် ဘုန်းကြီးတို့ပရိသတ်က ထင်မိတယ်၊ ဒီလိုစွမ်းရည်သတ္တိတွေကို ဟိုနေထဲကများ ရသလား၊ ဟို လထဲကများ ရသလား၊ နက္ခတ်ထဲက လာသလား၊ ကောင်းကင်က ဆင်းလာသလားလို့ ဒီလို ထင်မိတယ်။ နေ့၊လ၊နက္ခတ်၊တာရာ ကောင်းကင်ထဲကလာတာ မဟုတ်ပါဘူး၊ နှလုံးသားထဲက လာတာ။

အဲဒီ နှလုံးသားထဲမှာဖြစ်ပွားတဲ့ ဒီသဒ္ဓါဟာ ဘာကြောင့်ဖြစ်လဲလို့ နီးကပ်တဲ့အကြောင်း ပဒဋ္ဌာန်ကိုပြောပါ၊ တန်ခိုးရှင် တစုံတယောက် လုပ်ပေးလို့ ဖြစ်တာလား၊ မဟုတ်ဘူးတဲ့၊ သဒ္ဓေယျဝတ္ထုကြောင့် ဖြစ်တာ။

"ဘာကြောင့်ဖြစ်"

"သဒ္ဓေယျဝတ္ထုကြောင့်ပါဘုရား"

သဒ္ဓေယျဝတ္ထုဆိုတာ အားကိုးလောက်တဲ့ အခြေခံ ဝတ္ထုပါပဲ၊ ဟုတ်လား။ အားကိုးလောက်တဲ့ အခြေခံ ဝတ္ထုကြောင့် သဒ္ဓါ ဆိုတာ ဖြစ်ပါတယ်၊ အားကိုးလောက်တဲ့ အခြေခံဝတ္ထုရှိယင် ဘာဖြစ်လဲ၊ သဒ္ဓါ ဖြစ်တယ်။ သဒ္ဓေယျဝတ္ထု ယုံကြည်လောက်သော အားကိုးလောက်သော အခြေခံဝတ္ထုရှိယင် ဘာဖြစ်မှာလဲ၊ သဒ္ဓါဖြစ်မယ်။ အားလိုးလောက်တဲ့ အခြေခံဝတ္ထုတွေက ဘာတွေတုံးလို့ဆိုတော့—

(၁) အမှန်တရားကို အမြဲတမ်းပြောပြတဲ့ ငါတို့ရဲ့ ဆရာ ဗုဒ္ဓဆိုတာ ရှိတယ်၊

(၂) ဗုဒ္ဓပြောပြတဲ့ ဓမ္မဆိုတဲ့ သစ္စာတရားတွေ ရှိတယ်၊

(၃) သစ္စာတရားတွေကို ထိန်းသိမ်းတော်မူကြတဲ့ သံဃာတော်တွေ ရှိတယ်၊

အားကိုးလောက်တဲ့ ဝတ္ထုတွေဆိုတာ ဒါတွေပဲ။ အားကိုးလောက်တဲ့ အခြေခံဝတ္ထုတဲ့၊ အဲဒီ အားကိုးလောက်တဲ့ အခြေခံဝတ္ထုကြောင့် ဘာဖြစ်ရလဲ၊ သဒ္ဓါဖြစ်ရတယ်။

ဘုန်းကြီးတို့ စာသင်တိုက်တွေမှာ စာသင်သား ဘဝတုန်းက သဒ္ဓေယျဝတ္ထုဆိုတာက ရတနာသုံးပါးပဲ ဆိုတော့ သံဃာတော်များကို ဆရာတော်ဘုရားကြီးတွေ ပို့ချတဲ့ စာပေသင်တန်းမှာကတော့ သဒ္ဓေယျ ဝတ္ထု ယုံကြည်လောက်တဲ့ ဝတ္ထု အားကိုးလောက်တဲ့ ဝတ္ထုဆိုတာ ရတနာ သုံးပါးပေါ့ကွာ ဆိုယင် ပြီးတယ်။

ဒါပေမယ့် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ အတွက်ကျတော့ အဲဒီလောက်နဲ့ ပြီးပြည့်စုံလိမ့်မယ်မထင်လို့ ဘုန်းကြီးတို့ ဒီလိုပြောရပါတယ်၊ ဟုတ်လား။

## ပြည့်စုံတဲ့အားကိုးရာနှစ်မျိုး

အားကိုးလောက် ယုံကြည်လောက်သော အခြေခံဝတ္ထု ရှိယင် သဒ္ဓါဖြစ်တယ်၊ အားကိုးလောက်တဲ့ အခြေခံဝတ္ထုက—

(၁) ဒီလို အမှန်တရားတွေကို ပြောပြတဲ့ ဗုဒ္ဓ ရှိတယ်၊

(၂) ဗုဒ္ဓပြောပြတဲ့ ဓမ္မဆိုတဲ့ သစ္စာတရားတွေ ရှိတယ်၊

(၃) အဲဒီ သစ္စာတရားတွေကို ထိန်းသိမ်း စောင့်ရှောက် နေကြတဲ့ သံဃာတော်တွေ ရှိတယ်၊

ဒါတွေဟာဘာလဲ၊ အားကိုးလောက်တဲ့ ယုံကြည်လောက်တဲ့ အရာဝတ္ထုများပါပဲ။ အဲဒီလို မိမိရဲ့ အပြင်အပမှာ ဗုဒ္ဓ ဓမ္မ သံဃ ဆိုတဲ့ သဒ္ဓေယျ ဝတ္ထုရှိသလိုပဲ မိမိရဲ့ ရင်ထဲ နှလုံးထဲမှာလဲပဲ စိတ် ၈၉ မျိုး၊ ကောင်းတာရော မကောင်းတာရော အစုံပေါ့၊ ဟုတ်လား။ စေတသိက် ၅၂ မျိုး အကောင်းအဆိုး အကုန်ပေါ့။ ဒီတော့ မကောင်းတဲ့ စိတ် မကောင်းတဲ့ စေတသိက်တွေကို အကုန်ဖယ်ထား။

"စိတ်ကောင်းနဲ့ စေတသိက်ကောင်းတွေဟာ အားမကိုး လောက်ဘူးလား"

"အားကိုးလောက်ပါတယ်ဘုရား"

စိတ်ကောင်း စေတသိက်ကောင်းတွေဟာ အားကိုးလောက်တယ်လို့ ယုံကြည်တာဟာ သဒ္ဓါပါပဲ။ မိမိရဲ့ ရင်ထဲ နှလုံးထဲမှာ အားကိုးလောက်တဲ့ စိတ် အားကိုးလောက်တဲ့ စေတသိက် ရှိတယ်ဆိုတော့ အားကိုးရမယ့် စိတ်ကောင်း စေတသိက်ကောင်းတွေဟာ သဒ္ဓေယျဝတ္ထု ဖြစ်ပါတယ်။ ပြန်ပြောမယ်၊ မိမိ နှလုံးသားထဲမှာ ရှိနေသော စိတ်ကောင်း စေတသိက်ကောင်းတို့သည် အားကိုးလောက်သော သဒ္ဓေယျ ဝတ္ထုများ ဖြစ်ကြပါသည်။ ဟုတ်ပြီလား။ အေး အဲဒါကို ဘုန်းကြီးတို့ ပရိသတ် မှတ်သားမိပါစေ။

သဒ္ဓေယျဝတ္ထုက အပြင်ရော အတွင်းရော နှစ်မျိုး–

(၁) အပြင်ပိုင်းက ရတနာသုံးပါး၊

(၂) အတွင်းပိုင်းက မိမိအဇ္ဈတ္တကိုယ်ထဲမှာ စိတ်ကောင်းနဲ့ စေတသိက်ကောင်းများ၊

အဲဒါတွေဟာ အားကိုးလောက်တယ်ဆိုတာကိုဘုန်းကြီးတို့ပရိသတ် ယုံတယ်။ အဲဒီ အားကိုးလောက်တဲ့ အခြေခံ ဝတ္ထုတို့ကြောင့် သဒ္ဓါတရားဟာ ဖြစ်ပါတယ်၊ ဒီလိုလာတယ်။ ဟို Belief တွေ Faith တွေနဲ့ သိပ်ကွာသွားပြီ၊ တခြားစီဖြစ်သွားပြီ၊ ဟုတ်လား။

## ကွာချင်တိုင်း ကွာသွားပြီ

ကဲ ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းဆိုတာ တဖြည်း တဖြည်း ဒီလို ခွဲပြီးတော့ ထွက်မလာဘူးလား။ လူနှစ်ယောက် ကျောချင်းခိုင်းပြီးတော့ ပြေးဟေ့ဆိုယင် ပြေးလေပြေးလေ ဝေးလေဝေးလေ ဆိုတာလိုပါပဲ၊ ဗုဒ္ဓဝါဒ ကိုးကွယ်ခြင်းနဲ့ အခြားနည်းကိုးကွယ်ခြင်းတို့နဲ့ဆိုယင် ကျောချင်းခိုင်းပြီးတော့ အပြေးခိုင်းသလိုပါပဲ၊ အဲဒီလို ကွာခြားနေတယ်။

သဒ္ဓါစေတသိက်တလုံးရဲ့ အဓိပ္ပာယ် ဒါလောက်ဆို လုံလောက်ပါပြီ၊ ဒီတော့ ဆောင်ပုဒ်ကလေးက "သဒ္ဓါယတရတိ ဩဿ" ပါဠိ အတိုင်းတား။ အဲဒါကို သံပေါက်တွေ လက်ာတွေလုပ်ဆိုယင် ဒီပါဠိ လောက်ကို အလေးအနက်မဖြစ်ဘူး။

သဒ္ဓါယ၊ သဒ္ဓါဖြင့်။ ဩဃံ၊ သံသရာ ပင်လယ်ကြီးကို။ တရတိ၊ ကူးခတ်နိုင်တယ်။–တဲ့

သဒ္ဓါဖြင့် သံသရာပင်လယ်ကြီးကို ကူးခတ်နိုင်တယ်။

မြန်မာလိုပြောတော့ ယုံကြည်ချက် အားကောင်းတဲ့ ပုဂ္ဂိုလ်က အခက်အခဲမှန်သမျှကို ကျော်ဖြတ်နိုင်တယ်။

ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဗုဒ္ဓကို ဘယ်လို ယုံကြည်တယ်၊ ဓမ္မကို ဘယ်လိုယုံကြည်တယ်၊ သံဃာကို ဘယ်လိုယုံကြည် တယ်၊ သဘောရပြီ။

အရှင်ဝက္ကလိ မထေရ်ကြီးက ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ်ကို ကြည်ညိုပြီးတော့ နေလိုက်တာ၊ သူသည် ဘာတွေကို ကြည်ညိုသလဲလို့ ဆိုတော့ ဗုဒ္ဓ ကိုယ်တော်ရှဲခန္ဓာကိုယ်မှ ပတ်ဝန်းကျင် ဖြန့်ပြီးတော့ထွက်နေတဲ့ ရောင်ခြည် တော် ခြောက်သွယ် လှဘယ်တဲ့၊ အဲဒါ သိပ်ကြည်ညိုတယ်။ ဗုဒ္ဓရှင်တော်ရှဲ ရူပကာယမှာ ရှိနေတဲ့ ၃၂ ပါးသော ယောကျ်ားမြတ်တို့ရှဲ လက္ခဏာတော် တွေကို သိပ်ပြီးတော့ ကြည်ညိုတယ်၊ ဗုဒ္ဓရှင်တော်ရှဲ အင်္ဂါ (၈) ပါးနဲ့ ပြည့်စုံတဲ့ အသံတော်တွေကို အသံကောင်းလိုက်တာ ဆိုပြီးတော့ သိပ်ပြီး တော့ ကြည်ညိုတယ်။

အရှင်ဝက္ကလိ ကြည်ညိုတာက ဘုရားရှင်ရှဲဘာတွေလဲ၊ ရောင်ခြည် တော်တွေ၊ လက္ခဏာတော်တွေ၊ အသံတော်တွေ၊ ဒီလိုမဟုတ်လား။ အရှင်ဝက္ကလိရှဲ ကြည်ညိုပုံက အဆင်းတို့ အသံတို့ တန်ခိုးတို့ ဒီအပိုင်း ရောက်နေတယ်။ ဘုရားကို သိပ်ချစ်ပြီးတော့ သိပ်ကြည်ညိုနေတဲ့ အရှင် ဝက္ကလိ ဘုရားသွားတိုင်းသွားတိုင်း နောက်တော်ကနေ လိုက်ပြီးတော့၊ မြတ်စွာဘုရား တရားဟောတဲ့ ရှေ့တည့်တည့်က ထိုင်ပြီး တလျှောက်လုံး မျက်တောင်မခတ်ပဲနဲ့ ဘုရားမျက်နှာတော်ကို မော့ပြီးတော့ကြည့်နေတယ်။ အရှင်ဝက္ကလိ ဖြစ်နေပုံ။

### ဘုရားမြင်မှ တရားမြင်တယ်လို့ ဗုဒ္ဓမဟော

အဲဒီ ဝက္ကလိ မထေရ်သူမြတ်ကို ဗုဒ္ဓ ရှင်တော်က မိန့်လိုက်တယ်။

''ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ''

စာအပြည့်အစုံမှာ "ယော ခေါ ဝက္ကလိ" လို့ ဒီလို ရှိပါတယ်၊ ပရိသတ် အရာကျယ်ကျယ် သုံးနိုင်အောင်ဆိုပြီးတော့ "ခေါ"နဲ့ "ဝက္ကလိ" ကို ဘုန်းကြီးတို့ချန်ထားပြီးတော့ လိုရင်းကလေး ပေးပါတယ်။

"ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ"။

ဝက္ကလိ၊ အိုး-ချစ်သား ဝက္ကလိ။

ယော၊ အကြင်သူသည်။ ဓမ္မံ၊ ဓမ္မကို။ ပဿတိ၊ မြင်၏။

သော၊ ထိုဓမ္မကို မြင်တဲ့ ပုဂ္ဂိုလ်သည်။ မံ၊ ငါဘုရားကိုယ်တော်မြတ်ကို။ ပဿတိ၊ မြင်ပြီ။

ချစ်သား ဝက္ကလိ၊ ဓမ္မကိုမြင်မှ ဗုဒ္ဓကို မြင်တယ်။

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဒီလိုစကားမျိုးကို ရဲရဲတင်းတင်း ပြောတယ်၊ လူနတ်တို့ရဲ့ ကိုးကွယ်ရာ ဖြစ်သော ဗုဒ္ဓက ငါဘုရားကို မြင်တဲ့ ပုဂ္ဂိုလ်သည် တရားမြင်တယ်ဆိုတာကို ဦးစားပေးပြီးတော့မပြောလိုက်ဘူးနော်။ ဦးစားပေး ပြောလိုက်ပုံက ဓမ္မကိုမြင်မှ ဗုဒ္ဓကို မြင်တယ်။ တရားမြင်သူသည် ဘုရားကိုမြင်၏ ဆိုတော့ ဝက္ကလိရဲ့ မျက်နှာကို ဘယ်ဘက်လှည့်ပေးလိုက်သလဲ၊ တရားဘက်ကို လှည့်ပေးလိုက်တာ ဆန်းကြယ်တယ်နော်။

ဘာဆန်းကြယ်တာလဲ၊ ငါ့ကြည်ညိုယင်ပြီးစတမ်း၊ ငါ့ကိုးကွယ်ယင် ပြီးစတမ်း၊ ငါ့ရှိခိုးနေယင်ပြီးစတမ်းလို့၊ ငါ့ကို ကြည်ညိုဖို့ ရှိခိုးဖို့ ကိုးကွယ်ဖို့ဆိုပြီးတော့ ကြိုးစားနေကြတဲ့ ဟိုရှေးခေတ်က ကိုးကွယ်ခံတဲ့ ပုဂ္ဂိုလ်တွေ ခပ်များများ ရှိခဲ့ရာ ဘုန်းကြီးတို့ ဗုဒ္ဓက အဲဒီ ကိုးကွယ်ခံ ပုဂ္ဂိုလ်တွေထဲက ခွဲထွက်လာတာ ဆန်းကြယ်တယ်၊ တူကိုမတူဘူး၊ ငါဘုရားကို ကိုးကွယ်ယင် ယုံကြည်ယင်ပြီးရောဆိုတာမျိုးကို မပြောဘူးနော်။

ခြားနားချက်ကို ဘုန်းကြီးတို့ပရိသတ်ရလား၊ ငါဘုရားကိုရှိခိုးယင် သင်တို့ရဲ့ကိစ္စပြီးတယ်ဆိုတာမျိုးကို ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဘယ်တော့မှ မပြောပါဘူး။ ဓမ္မ-တရားကိုမြင်မှ ဘုရားကို မြင်ပါတယ်ဆိုတော့ ဘယ်ဘက်ကို ဦးလှည့်ပေးလိုက်သလဲ၊ "စရဏ"ဘက်ကို ဦးလှည့်ပေးလိုက်တယ်။

"ဘယ်ဘက်လဲ"

"စရဏဘက်ပါ ဘုရား"

ကိုယ့်လက်ကိုယ့်ခြေကို အားကိုးပါတော့တဲ့၊ ဒီလိုဟုတ်လား။ ကျင့်သုံးရမယ့်အပိုင်းကို ဦးလှည့်ပေးလိုက်တယ်။ ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းဆိုသည်ကား ဓမ္မကို မြင်အောင် ကျင့်သုံးခြင်း ဖြစ်ပါတယ်လို့ လိုရင်း မှတ်သားနိုင်ကြပါတယ်၊ ဟုတ်လား။ ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းသည် ဓမ္မကိုမြင်အောင် ကျင့်သုံးခြင်းပါပဲ၊ ဟုတ်လား။ ဓမ္မဆိုတဲ့ပုဒ်ကို နောက်နောင် အခန်းကဏ္ဍတွေမှာ ဘုန်းကြီးတို့ ဆက်လက်၍ ရှင်းလင်းတင်ပြပါမယ်။

## ထိုင်ပြီးဆုတောင်းနေရုံနဲ့ ဟိုဘက်ကမ်းမရောက်

ကိုင်း ခုနက မြစ်ကမ်းပါးမှာ ပြန်ပြီးတော့ အခြေခံယူထား ဟိုဘက်ကမ်းကို ကူးသနားခြင်တဲ့ လူတယောက်သည် ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းရောက်ရပါလို၏၊ မရောက်ဘူး။ ဟိုဘက်ကမ်း ငါ့ခြေထောက် အောက် လာပါစေသတည်း၊ လာမလား မလာဘူး။ ဒါဖြင့်ယင် အကျွန်ုပ်ကို ဟိုဘန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တစုံတယောက်က မ ချီပြီးတော့ ဟိုဘက်ကမ်း ပို့ပေးပါဆိုယင် ဘယ်သူက ပို့မလဲ၊ မပို့ဘူး။

အဲဒီတော့ ဘုန်းကြီး ပြောချင်တဲ့ အပိုင်းက ဒီနေရာ နည်းနည်းလေး တိုးချဲ့ရမယ်။ ဘုန်းကြီးတို့ ပရိသတ်များ လှေတစင်း ရှာမှ ဖြစ်မှာပေါ့။ လှေတစင်းတော့ ရအောင်ရှာ။

ဒါပေမယ့် အဲဒီ ဟိုဘက်ကမ်း ကူးချင်တဲ့ လူက မြစ်ကမ်းပါးမှာ ရပ်နေတဲ့အချိန်ဟာ မိုးမှောင်ကြီးကျနေတဲ့ လကွယ်နေ့ည သန်းခေါင်ယံကြီး ဆိုကြပါစို့ဗျာ၊ မိုးမှောင်ကြီး ကျနေတဲ့ လကွယ်နေ့ည သန်းခေါင်ယံကြီး ဆိုခဲ့ယင် မြစ်ကမ်းပါးမှာ လှေရှိသလား ဖောင်ရှိသလား၊ သစ်ရှိသလား။ ဝါးရှိသလားလို့ မြင်ပါ့မလား သိပါ့မလား၊ မမြင်ရဘူး မသိရဘူး။ အဲဒီလို အခါမျိုး ဒီကမ်းပါးမှာ ရပ်မိနေတာ ဘဝပေါင်း မရေနိုင်ကြဘူး။

အလွန်တရာ မိုးမှောင်ကြီးကျနေတဲ့ လကွယ်နေ့ည သန်းခေါင်ယံကာလ မြစ်ကမ်းပါးမှာ ရပ်နေတယ် ဆိုကြပါစို့ဗျာ။ နည်းနည်းတိုးချဲ့ဦးပေါ့၊ မုန်သူတွေတအုပ်ကြီး လိုက်လာတယ်၊ ဒီလူကို တွေ့တဲ့နေရာ သတ်မယ်ဟေ့ ဆိုပြီးတော့ ရန်သူတွေ တအုပ်ကြီး နောက်က လိုက်လာတယ်။ အဲဒီလူက ပြေးယင်း ပြေးယင်းနဲ့ ခုနကပြောတဲ့ မြစ်ကမ်းပါး ရောက်လာ

တယ်၊ ရေပြင်ကျယ်ကြီးကို ဘယ်လိုလုပ် ဖြတ်ရပါ့မလဲလို့ နည်းလမ်းကို ရှာနေတယ်။ မှောင်ကြီးကကျနေတော့ လှေလဲမတွေ့ရ ဖောင်လဲမတွေ့ရ သင်္ဘောလဲမတွေ့ရ သစ်ဝါးကြိမ်နွယ် ဘာမှ ရှာမရဘူး။

အဲဒီအချိန်မှာ ဟိုတနေ့က အကြောင်းအရာလေးနဲ့ ထပ်သလိုလို ထင်ရပေမယ့် လုံးလုံးမထပ်ဘူး။ ဝင်းကနဲ လျှပ်စီးတချက် လက်လိုက်ပါတယ်၊ လျှပ်စီးတချက် ဝင်းကနဲ လက်လိုက်တဲ့အခါမှာ ဘာတွေ့တွေ့တုံးဆိုတော့ သစ်တွေ ဝါးတွေ ကြိမ်တွေ ကြိုးတွေ တွေ့တယ်။ သစ်တွေ ဝါးတွေ ကြိမ်တွေ တွေ့လိုက်ပြီလဲဆိုရော၊ ဟယ် ငါ့ခြေဦးမှာ သစ်လဲရှိတယ် ဝါးလဲရှိတယ် ကြိမ်လဲရှိတယ်။ အဲဒါတွေ အကုန်စုပြီးတော့ သူသည် ဘာလုပ်သလဲ၊ ဖောင်တစင်းဖွဲ့ပါတယ်၊ ဟုတ်လား။

အဲဒီလိုမှ မဟုတ်ယင် နောက်တနည်း ပြောချင်ယင်၊ ဝင်းကနဲ လျှပ်စီးတချက်လက်လိုက်သည့်အခိုက် ကမ်းနားမှာ လှေတစင်း ကောင်းကောင်း တွေ့လိုက်ပါတယ်။ ဘာပြောပြော အဓိပ္ပာယ်အတူတူပဲ။

## ခြေလက်နဲ့ လှေပါ ကောင်းဖို့လိုတယ်

လှေတစင်း တွေ့တော့ အဲဒီလူက တန်ခိုးရှင် တစုံတယောက်က ငါ့ကို အလင်းရောင် ပေးနေတယ်ဆိုတဲ့ စဉ်းစားခန်းမျိုးကို လုံးလုံးကြီး သူမစဉ်းစားတော့ဘူး၊ သူက လှေပေါ်မြန်မြန်တက်မှ ဖောင်ခပ်မြန်မြန်ဖွဲ့မှ ဆိုတဲ့ စိတ်မျိုးကို မွေးတယ်။ လှေပေါ် ခပ်မြန်မြန်တက်မှုဆုံပြီး တက်လိုက်ပြီ၊ လှေဟာ လှေကွဲကြီး လှေပေါက်ကြီး ဖြစ်နေပြီတဲ့၊ ဘယ်နှယ်လုပ်ကြမလဲ။ အဲဒီအပေါက်ကြီးကို ဖာပေါ့၊ လှေကွဲလှေပေါက်ကြီးဆိုယင် မြန်မြန်ဖာ မဖာယင်တော့ ရေတွေဝင်ပြီး သေမှာပေါ့။

နာဝံဘိန္နံ မိဝေါဒကံ။ တဲ့

ကာမသုတ်ထဲမှာ ဘုန်းကြီးတို့ ဟောထားပါတယ်။

လှေကွဲ လှေပေါက်ကြီးပေါ်ကို တက်မိယင် အဲဒီ ပုဂ္ဂိုလ်သည် ဒီမြစ်ကြီးကို ဖြတ်သန်းပြီးတော့ ကူးမယ်လို့ ဆိုပင်ဆိုသော်လဲ ရေလယ်ကောင်မှာ လှေထဲကိုရေတွေဝင်ပြီးတော့ မြုပ်ချင်မြုပ်မယ်၊မျောချင်မျောမယ်။ ဒီတော့ အဲဒီ လှေပေါက်ကြီးဆိုယင် ခပ်မြန်မြန် ဖာပေါ့၊ ဟုတ်လား။

လှေပေါ်ကို တက်မယ် ကြံပြန်တော့လဲ ခြေထောက်နှစ်ချောင်း ပြတ်နေတယ်ဆိုယင် အဲဒီလူ လှေပေါ် တက်နိုင်ပါ့မလား၊ ခြေပြတ်တဲ့လူ လှေပေါ်တက်လို့မရဘူး၊ ခြေထောက်ကောင်းတဲ့ ပုဂ္ဂိုလ်မှသာ လှေပေါ် တက်နိုင်တယ်။ လှေပေါ် ရောက်တော့ လက်နှစ်ဘက် မပါပြန်ဘူးဆိုယင် တက်ကို ကိုင်လို့မရပြန်ဘူး၊ လက်နှစ်ဘက်လဲ ပါဦးမှ။ လက်နှစ်ဘက် မပါယင် တက်ကိုကိုင်လို့မရဘူး၊ ခြေနှစ်ဘက်ပြတ်နေယင် လှေပေါ် တက်ရပ်လို့ မရဘူး၊ လက်လဲ ကောင်းရမယ်၊ ခြေလဲကောင်းရမယ်၊ လှေလဲကောင်းရ မယ်။ ကောင်းဖို့တွေ ကောင်းဖို့တွေ၊ ဟုတ်လား။

ကောင်းဖို့ဆိုတာ သိလား၊ မန္တလေးတောင်ကနေ မြောက်ဘက် မတ္တရာသွားတဲ့လမ်းဘေးမှာ တွေ့လိမ့်မယ်။ ကောင်းဖို့ဆိုတဲ့ ရွာလေး တရွာ ရှိတယ်၊ အိမ်ခြေခြောက်ဆယ်လောက်ရှိတယ်၊တရွာလုံး အကုန်တဲချည်းပဲ။ ဆူးခက်တွေချည်း ကာထားတယ်။ ရွာနာမည်ကတော့ ''ကောင်းဖို့''တဲ့၊ ခု ကောင်းနေတယ်လို့တော့ မပြောဘူး၊ နောင် ကောင်းချင် ကောင်းဦး မှာ၊ ဟုတ်လား။

## တက်ရောပဲ့ပါ ကောင်းဖို့လိုသေးတယ်

ဘုန်းကြီးတို့ပရိသတ် အားကိုးစရာကို ဘုန်းကြီးတို့ နှစ်ပိုင်းပြော ထားတယ်နော်။

(၁) အပြင်ဘက်က ဗုဒ္ဓ ဓမ္မ သံဃ

(၂) အတွင်း အဇ္ဈတ္တမှာ စိတ်ကောင်း၊ စေတသိက် ကောင်း။

အားကိုးရမယ်။

ခြေကောင်းတဲ့လူ လှေပေါ်တက်ရပ်ပြီ၊ လက်ကောင်းတဲ့လူ လှော် တက်တခုကိုင်ပြီးတော့ လှော်တက်ကလေးနဲ့ ဖြည်းဖြည်းဖြည်းဖြည်းအသာ လေးလှော်သွားတယ်။ ရေစီးကသန်တော့ လှေကြီး ဘယ်လိုဖြစ်နေလဲ၊ ဟိုဘက်ကွေ့သွားလိုက်၊ ဒီဘက်ကွေ့သွားလိုက်၊ ရေစီးဖြတ်ဖို့ရန် ခက်နေ တယ်။ ဟိုဘက်ကမ်းကို တန်းတန်းမတ်မတ်မသွားဘူး၊ အဲဒီတော့ ဘာလုပ် မလဲ၊ လှေကို နောက်က ထိန်းပေးတဲ့ အထိန်း တက်မတခု လိုလာတယ်၊ လှော်တက်တခု လိုလာတယ်။ လှော်တက်ရယ်၊ ထိန်းတဲ့တက်ရယ်၊ ဒီလို မဟုတ်လား။

(၁) လှေကလဲ ကောင်းပါစေ၊
(၂) ထိန်းတဲ့ဘက်လဲ ပါပါစေ၊
(၃) လှော်ခတ်တဲ့တက်လဲ ပါပါစေ၊
(၄) အဲဒီ လှေပေါ် တက်တဲ့ယူက ခြေထောက်လဲ ကောင်း ပါစေ၊
(၅) လက်လဲ စုံပါစေ၊

သေချာပြီဆိုယင် ဟိုဘက်ကမ်း တန်းကနဲ သွားတယ်။ နောက်က အယိမ်းတက်ပါတော့ ဝဲရှောင်မယ်၊ ကျောက်ဆောင် ရှောင်မယ်၊ ဒိုက် ဗေဒါတွေ အကုန်လုံးရှောင်သွားမယ်။ လှော်တက်ပါတဲ့ အတွက်ကြောင့် လှေက အားရှိသလောက်သွားလိမ့်မယ်၊ တရွေ့ရွေ့နဲ့ ကမ်းကခွာလိမ့်မယ်၊ မကြာခင် ထိုသူဟာ ဟိုဘက်ကမ်းကိုဆိုက်သွားတယ်၊ ဟိုဘက်ကမ်း တက် မိပြီလဲဆိုရော ရှိသူတွေက ဘွားကနဲ ဒီဘက်ကမ်းလာပြီးတော့ ရပ်နေကြ တယ်၊ လွတ်ရုံကလေးပဲရှိတယ်။

ဟိုဘက်ကမ်းပေါ် တက်သွားပြီလဲဆိုရော ဒီလှေကြီး ရေထဲထား ပစ်ခဲ့လို့မရဘူး၊ အိမ်ကို ထမ်းပြီး ယူသွားမယ်ဆိုပြီး ဘယ်သူကမျှ ထမ်း သွားသေးလဲ၊ ရေထဲမှာပဲ တခါတည်းထားခဲ့တာပဲ။ ဟိုဘက်ကမ်းရောက် တော့ လှေမလိုဘူး၊ တက်လဲမလိုဘူး၊ ခွက်လဲမလိုဘူး၊ ဘာမှမလိုဘူး၊ အကုန်လုံး ရေထဲပစ်ထားခဲ့တယ်၊ ဒီလိုမဟုတ်လား။

ဒီကနေ ဘုန်းကြီးတို့ ပရိသတ်က ဘယ်နားမှာ ရှိနေလဲ၊ ဒီဘက် ကမ်းမှာ ဟုတ်လား၊ လှေပေါ်တောင် မရောက်သေးဘူးလား။

## ခြေထောက်, လက်, လှော်တက် ဆိုတာတွေက

လှေပေါ်တက်ဖို့ရန် ပရိသတ်အပေါင်း သူတော်ကောင်းတို့မှာ ခြေထောက်ပါရဲ့လား။ ခြေထောက်ဆိုတာ သီလ Morality ကိုယ်ကျင့် တရားမရှိယင် ခြေပြတ်နေတဲ့ သူလိုပဲ၊ ဘဝသံသရာကို ကူးဖြတ်မယ့် လှေ ပေါ်မှာ ရပ်တည်နိုင်ခွင့် မရှိဘူးတဲ့။ သီလဆိုတာ ခြေထောက်၊ ဟုတ် လား။ ဒါဆို ဉာဏ်ရှိတဲ့ပရိသတ် ချွေးသာစဉ်းစားပါ။ သီလကို အကျယ် မပြောပါရစေနဲ့၊ နောက် မဂ္ဂင်ရှစ်ပါးပိုင်းကျတော့ ဒါ အခြေခံသွားမယ်။

ဘုန်းကြီးပြောတဲ့စကား မမေ့နဲ့၊ သီလဆိုတာ ခြေထောက်။ သီလ မရှိတဲ့ပုဂ္ဂိုလ်သည် ခြေပြတ်နေတဲ့လူလိုပဲ၊ ဟိုဘက်ကမ်းကို ဖြတ်သန်းမယ့် လှေကြီးပေါ်မှာ ရပ်တည်ရာ မရဘူး။ ကိုယ်ကျင့်တရား ကင်းတဲ့သူသည် လောကကြီးမှာ ဘယ်မှာမှ ရပ်တည်ရာ မရဘူး၊ ဟုတ်လား၊ ဒီလောက်ဆို လုံလောက်ပြီ၊ လက်နှစ်ဘက်ဆိုတာက ခုနပြောခဲ့တဲ့ သဒ္ဓါ။

"လက်ဆိုတာက"

"သဒ္ဓါပါဘုရား"

လက်နှစ်ဘက်လဲ စုံပါစေ။ လက်မရှိယင် ဘာမှ မကိုင်နိုင်ဘူး။ သဒ္ဓါဆိုတဲ့လက်မရှိယင် ဘယ်ကောင်းမှုမှ မကိုင်နိုင်ဘူး၊ မပြုလုပ်နိုင်ဘူး။

"ဘုန်းကြီးတို့ ပရိသတ်ရဲ့ လက်သည် မစင် ကာင်ကြီး ကျင်ငယ် အညစ်အကြေးများ ကိုင်ချင်သလား"

"မကိုင်ချင်ပါ ဘုရား"

လက်ကလေးက ကိုင်တော့မယ်ဆိုယင် ပူမယ်ဟဲ့ မကိုင်နဲ့။ မစင်ဟဲ့ မကိုင်နဲ့။ ဘာပဲကိုင်ကိုင် ဒီလက်ဟာ ကောင်းတာလေးမှ ရွေးကိုင်တယ်။

သဒ္ဓါတရားသည် ဘယ်တော့မှ မကောင်းမှုတွေကို မကိုင်တွယ်ဘူး၊ သဒ္ဓါဆိုတဲ့လက်သည် မကောင်းမှုတို့ကို ဘယ်တော့မှ မကိုင်ဘူး၊ ကောင်းမှုကိုသာလျှင် ကိုင်တွယ်ပါတယ်၊ သဒ္ဓါဆိုတာ လက်နဲ့တူတယ်။

လက်သည် မကောင်းတာကို ဘယ်တော့မှ မကိုင်တွယ်ဘူးဆိုတာ လိုပဲ သဒ္ဓါအားကောင်းတဲ့ပုဂ္ဂိုလ်သည် မကောင်းမှုမှန်သမျှကို မပြုကျင့်ဘူးတဲ့၊ ဒီလိုဆိုပါတယ်။ အဲဒါကြောင့် လက်ကောင်းမှ ဘာဖြစ်လဲ၊ တက် ကိုကိုင်မိတယ်။ တက်ဆိုတာက လှေကို လှော်ဖို့ရန် ဝီရိယ။

## ဗုဒ္ဓပြောတဲ့ ဗိုလ်မှူးကြီး ၅ ယောက်

ဘုန်းကြီးတို့ အဘိဓမ္မာ ပို့ချတဲ့ နည်းမှာ သုတ္တန်နဲ့ အဲဒီလိုဖြည့် စွက်၍ ပို့ချယင် ရသပေါ်ပါတယ်။ ဝီရိယဆိုတာက လှော်တက်၊ နောက် ထိန်းတဲ့တက် မဟုတ်ဘူး လှော်တက်။ လှော်တက်က လှေကိုဘာလုပ်လဲ၊ ရွေ့လျားစေတယ်။ ဝီရိယ အားနည်းတဲ့သူက လှုပ်ကို မလှုပ်တော့ဘူး၊ ဟုတ်လား။ ဝီရိယ အားနည်းတဲ့သူက မိုးကလေးရွာတယ်ဆို အိမ်ထဲမှာ ခွေနေတယ်၊ မလှုပ်တော့ဘူး။ နေကလေးပူတယ်ဆိုယင် မလှုပ်တော့ဘူး။

ယုံကြည်ချက်ကလဲ နည်းတယ်၊ ဝီရိယကလဲ နည်းတယ်ဆိုယင် ခြေ ရာလက်ရာ မလှုပ်တော့ဘူး။ ခြေလှုပ်လှုပ် လက်လှုပ်လှုပ် တလှုပ်လှုပ် လုပ်နေတာဟာ သဒ္ဓါနဲ့ဝီရိယ။ အဲဒါကြောင့် သဒ္ဓါသည် ဝီရိယကို ကျေးဇူး ပြုပါတယ်၊ ဟုတ်လား။ လူသားတို့ရဲ့ ခွန်အားဆိုတာ အဲဒါနော်၊ စာတွေ ရွတ်နေယင် ဘုန်းကြီးတို့ရဲ့ ပရိသတ်က ဘယ်လိုများ ထင်မလဲ မသိဘူး။

သဒ္ဓါဗလံ၊ ဝီရိယဗလံ၊ သတိဗလံ၊ သမာဓိဗလံ၊ ပညာဗလံ။

အဘိဓမ္မာ သင်တန်းမှာတော့ ဒါတွေဟာ ကျေညက်နေမှာ ဖြစ် ပါတယ်။ စာအုပ်ကျေတာ ပြောတာ မဟုတ်ပါဘူးနော်။

သဒ္ဓါဗလံ၊ ဝီရိယဗလံ၊ သတိဗလံ၊ သမာဓိဗလံ၊ ပညာဗလံ။

"ဘယ်နှစ်လုံးပြောလိုက်လဲ"

"ငါးလုံးပါ ဘုရား"

(၁) သဒ္ဓါဆိုတာ ခွန်အား၊
(၂) ဝီရိယဆိုတာ ခွန်အား၊
(၃) သတိဆိုတာ ခွန်အား၊
(၄) သမာဓိဆိုတာ ခွန်အား၊
(၅) ပညာဆိုတာ ခွန်အားတဲ့။

"ဘုန်းကြီးတို့ပရိသတ် အား ဘယ်နှစ်မျိုးရှိလဲ"

"ငါးမျိုးရှိပါတယ် ဘုရား"

Super Natural Ruling Power ဆိုတာ အဲဒါပဲ၊ အဲဒီ ပါဝါ Power ဆိုတာ ကောင်းကင်က မလာဘူးနော်။

သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ၊ ဒါကို ဗိုလ်ငါးပါးလို့ ပေါင်း ခေါ်လိုက်ပါတယ်။ မြတ်ဗုဒ္ဓပြောတဲ့ ဗိုလ်မှူးကြီး ၅ ယောက်က သဒ္ဓါ ရယ် ဝီရိယရယ် သတိရယ် သမာဓိရယ် ပညာရယ်။

## သီလကို တရားကိုယ်ကောက်တော့ ဘာရ

ဘုန်းကြီး အခု သဒ္ဓါနဲ့ ဝီရိယ နှစ်ခုပဲဖြစ်နေတာ၊ သတိ သမာဓိ ပညာကို မပြောနိုင်သေးပါဘူး။ ဒီကနေ့ သဒ္ဓါဆိုတာ လက်နဲ့ တူတယ်၊ ဝီရိယဆိုတာ လှော်တက်နဲ့ တူတယ်၊ ဟုတ်လား။ ဝီရိယက လူ့ရဲ့ ခြေတွေ

လက်တွေကို တလှုပ်လှုပ်နဲ့ အလုပ် လုပ်စေတယ်။ သဒ္ဓါက ဘာတဲ့လဲ၊ ကောင်းဟာလေးကို ရွေးပြီးတော့ ကိုင်တွယ်တယ်၊ ဒီလိုမဟုတ်လား၊ အဲဒီတော့ လှူကလေး လှုပ်လှုပ် လှုပ်လှုပ်နဲ့ ကမ်းကခွာပြီတဲ့နော်။

သို့သော် နောက်ကထိန်းဖို့ရန် တက်မ မပါဘူးဆိုယင် အဲဒီလှေဟာ ဘယ်လိုလဲ၊ ကျောက်ဆောင် တိုက်ချင် တိုက်မယ်၊ ဝဲထဲဝင်ချင် ဝင်မယ်၊ မျောချင်မျောမယ်၊ ဒီလိုမဟုတ်လား။ အဲဒီလှေကို ထိန်းဖို့ရန် နောက်က ဘာတပ်ရမလဲ၊ တက်မလေးတခု တပ်ပေးပါ။

ဘုန်းကြီး တို့ပရိသတ်အပေါင်း သူတော်ကောင်း တို့ ဘဝကို ပညာနဲ့ ထိန်းရတယ်၊ ဘဝသံသရာ ပင်လယ်ကြီးကို ဖြတ်သန်းမယ့် ပုဂ္ဂိုလ်တွေရဲ့ အထိန်းဆိုတာ ပညာပဲ။ လက်ဆိုတာ သဒ္ဓါ။ ခြေထောက်ဆိုတာ သီလ။ သီလကို စေတသိက်ပိုင်းက ပြောယင် ဘယ်စေတသိက်ကို ကောက်ရမလဲ၊ သီလကို ရှစ်ပါးသီလ ငါးပါးသီလ ဆယ်ပါးသီလ ပြောမနေနဲ့ အဲဒါ သုတ္တန်နည်း။

အဘိဓမ္မာ နည်းမှာ သီလဟာ စေတသိက် ကောက်ယင် ဘာစေတသိက်ကောက်မလဲ''

"........................"

''ခက်ပြီ၊ ဒီနေ့တော့ ဆရာ မင်းတင်မွန်ကလဲ မလာဘူး၊ ကိုယ်တောင် မေ့သွားပြီ၊ ဆရာ့မေးရဦးမယ်၊ ဟောဒီပရိသတ်နဲ့ ပေါင်းယင် အားကြီးမေ့တယ်''

''သီလဆိုတာ ''ဝိရတီစေတသိက်''ဟုတ်လား။ ဘုန်းကြီးတို့ အဘိဓမ္မာပို့ချနေတာတော့ မဟုတ်ပါဘူး၊ သို့သော် အဘိဓမ္မာမပါယင် ဘာမှ ပြီးကုံမပြီးဘူး။ သီလဆိုတာ ဘာစေတသိက်လဲ၊ ဝိရတီစေတသိက်။ ဝိရတီ ဆိုတာ ရှောင်တာ၊ ဟုတ်လား။ အဲဒါကြောင့် သီလဆိုတဲ့ ခြေထောက်မှာ ဝိရတီ၊ သဒ္ဓါဆိုတဲ့လက်ထဲမှာ ဝီရိယဆိုတဲ့ လှော်တက်ရှိပါတယ်။

ပြီးတော့ အဲဒီလူက ဘယ်ပေါ်မှာ ရပ်နေသလဲ၊ လှေပေါ်မှာရပ် နေတယ်။ လှေပျောက်သွားယင်တော့ ဒုက္ခပဲ၊ လှေမပျောက်ပါစေနဲ့။ ဘုန်းကြီးတို့ပရိသတ်များ လှေအရေးကြီးဆုံးပဲ၊ လှေတစင်းဟာ အရေး ကြီးဆုံးပဲနော်။ ဒီတော့ ထိုသူသည် လှေပေါ်မှာရပ်နေတယ်။ အဲဒီလှေက လှေကွဲကြီးလား၊ လှေပေါက်ကြီးလား၊ လှေအကောင်းလား ဆိုယင် လှေအကောင်း၊ ဟုတ်လား။

လျှော့ကွဲကြီးပေါ် စီးပြီးကူးနေကြယင် ဘုန်းကြီးတို့ပရိသတ် ဘာလုပ်ကြမလဲ၊ ရှိလေးဘာလေး ပေးညက်လေး ဘာလေးနဲ့ မြန်မြန်ပိတ်ကြပါ။ ရေဝင်ပြီး မြုပ်သွားမှာ စိုးရိမ်ရပါသယ်၊ လှေဆိုဘာက စေတနာတဲ့။

## လှေကောင်းကောင်းစီးကြပါ

လှေကွဲကြီး မစီးပါနဲ့ဆိုတာ စေတနာဆိုးတွေကို မွေးမထားပါနဲ့လို့ ပြောလိုတာပါ၊ ဟုတ်လား။ စေတနာဆိုးတွေ အများကြီး သိုလှောင်ထားယင် လှေကွဲကြီးစီးသလိုပဲ၊ ရေပယ်ကောင်မှာမြုပ်မလား မျှောမလား တခုခုပဲ၊ ရေဝင်တာကတော့ သေချာတယ်၊ လှေကွဲ လှေပေါက်မှာ ရေဝင်တာ မသေချာဘူးလား။

စေတနာဆိုးကို မွေးထားယင် လောဘ ဒေါသ မောဟ အကုန်ဝင်တာပဲ၊ အဲဒါကြောင့် ရေဝင်တာ ဟုတ်လား၊ စေတနာကောင်းကို မွေးမယ်ယင် လှေကောင်းကို စီးမိသလိုပါ၊ ဟုတ်လား။ အဲဒါကြောင့် လှေဆိုဘာက စေတနာပါ။

စေတနာရဲ့ သဘောမဘူကို ဘုန်းကြီးတို့ အကျယ်ပြောဖို့ရန် မှတ်ချက်ကလေး လုပ်သာပါတယ်၊ ဒါပေမယ့် ဘုန်းကြီးတို့ သတ်မှတ်အချိန် အတော်လွန်သွားပြီ၊ စေတနာ အကြောင်းကို ဒီကနေ့ ချန်ထားခဲ့မယ်၊ စေတနာနဲ့ ပတ်သက်တဲ့ မှတ်သားဖွယ်လေးချက်ကို ဘုန်းကြီးတို့ ဒီကနေ့ ချန်ထားမယ်၊ မနက်ဖန်မှ ဆက်ပြောမယ်။

အခု ဟိုဘက်ကမ်း ရောက်အောင်တော့ နည်းနည်းလေး ကူးကြဦးစို့။

- လှေဆိုတာက စေတနာ
- လှော်တက်ဆိုတာက ဝီရိယ
- လက်ဆိုတာက သဒ္ဓါ
- ခြေထောက်ဆိုတာက သီလ

ဒီအချက်တွေကို ဘုန်းကြီးတို့ ပရိသတ် သဘာဝကျသည် မကျသည် ငြင်းကြည့်ပေါ့၊ သဘာဝမကျဘူးဆိုယင်လဲပဲ ငြင်းချက်ထုတ်ပေါ့၊ သဘာဝကျတယ်ဆိုယင်လဲပဲ ဘုန်းကြီးတွေ ကမ္မဝါဖတ်သလို ဧဝ မေတံ ဓာရယာမိ ဆိတ်ဆိတ်နေလိုက်ရုံပေါ့၊ ဟုတ်လား။

ဧတော့ယင် ပရိဘတ်အပေါင်း သူတော်ကောင်းတို့-လှေကွဲလှေ ပေါက်ကြီးကို စီးမိတဲ့ ပုဂ္ဂိုလ်သည် ရေလယ်ကောင်မှာ ရေတွေ တဟော ဟော ဝင်ပြီးတော့လာတဲ့ အတွက်ကြောင့် ဟိုဘက်ကမ်းကို ရောက်အောင် လှော်ခတ်နေတဲ့ အထဲမှာ ရေကိုပက်ထုတ်လိုက်နေတာရယ် လှေပေါက် ဖာ နေရတာရယ်၊ ဒါနဲ့ပဲ အချိန်ကုန်တယ်၊ ဟိုဘက်ကမ်းရောက်ဖို့ အဝေးကြီး၊ ဟုတ်လား။

စေတနာဆိုးတွေကို များများကြီး မွေးထားမယ်ဆိုင် ဘာဖြစ်လဲ၊ လောဘတွေ ဝင်လာတယ်၊ ဒေါသတွေ ဝင်လာတယ်၊ မောဟတွေ ဝင် လာတယ်၊ ဒုစရိုက်တွေ ဝင်လာတယ်။ ဒီတော့ သံသရာရဲ့ ဟိုဘက်ကမ်း ရောက်ဖို့ရန် ဝေးနေတယ်တဲ့။

## လူတိုင်း ကိုယ်စီရှိတဲ့ စေတနာ

အဲဒီ စေတနာလေးကိုပဲ ဘာခေါ်သလဲလို့ဆိုတော့ ''ကံ''လို့ ခေါ် တာ၊ စေတနာကို ကံလို့ ခေါ်ပါ။

(၁) စိတ်နဲ့ကြံတဲ့ စေတနာ၊ စိတ်နဲ့ ကြံတိုင်း ကြံတိုင်း ဖြစ်တဲ့ စေတနာက မနောကံ။
(၂) ပါးစပ်က ပြောတိုင်း ပြောတိုင်း ပါလာတဲ့ စေ တနာက ဝစီကံ။
(၃) ခြေလက်တွေက တလှုပ်လှုပ်နဲ့ လှုပ်တိုင်း ဖြစ်တဲ့ စေ တနာက ကာယကံ။

ကာယကံ ဝစီကံ မနောကံလို့ ကံသုံးပါး ရှိပါတယ်၊ ပရမတ္ထ ခေတ်သားမှာ တလုံးတည်းရယ်။ စေတသိက် ၅၂ မှာ စေတနာဆိုတဲ့ စေတသိက်ကို သူ့အရာဌာနလိုက်ပြီး ''ကံ''ဆိုပြီး အမျိုးမျိုးခွဲပြီးတော့ မြတ်ဗုဒ္ဓက ဟောပါတယ်။ စေတနာသည် အလုပ်လုပ်သည်၊ ဟုတ်လား။

(၁) စိတ်နဲ့ကြံတဲ့ အလုပ်
(၂) ပါးစပ်နဲ့ပြောတဲ့ အလုပ်
(၃) ခြေနဲ့လက်နဲ့ လှုပ်လှုပ် လှုပ်လှုပ်နဲ့ လုပ်တဲ့ အလုပ်

အဲဒီ အလုပ်တွေကို ဘယ်သူလုပ်သလဲ၊ စေတနာက လုပ်တယ်။

အဲဒီ စေတနာတွေ သဒ္ဓါတွေ ဝီရိယတွေ ပညာတွေဆိုတဲ့ ဥစ္စာ ဟာ အသက်ရှိတဲ့ သတ္တဝါတိုင်းမှာ၊ တိရစ္ဆာန်တွေကိုတော့ ယေဘုယျ သဘောအားဖြင့် ချန်ထားလိုက်

''အသက်ရှိတဲ့ လူသားတိုင်း နတ်ပြဟ္မာကိုင်းရဲ့ နှလုံးသား ဒီစေတနာဟာ မရှိဘူးလား''

''ရှိနေပါတယ် ဘုရား''

''ဝီရိယကော''

''ရှိနေပါတယ်ဘုရား''

သဒ္ဓါကျတော့ ကွာချင် ကွာလိမ့်မယ်နော်၊ ပညာလဲ ကွာမယ်။ ရှိတော့ရှိတယ်၊ တယောက်နဲ့တယောက် ပညာတော့ မတူဘူး။ စေတနာ ကျတော့ သတ္တဝါဖြစ်ဖြစ် အကုန်လုံးအချိုးညီစွာရှိနေကြတာ။ ဒါ့ကြောင့် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့- ဟိုတနေ့က ပြော ခဲ့တယ်၊ သစ္စာတရားဆိုတာ-

(၁) ကာလတိုင်း မှန်တယ်၊
(၂) ဒေသတိုင်းမှန်တယ်၊
(၃) ပုဂ္ဂိုလ်တိုင်းမှန်တယ်၊

## တကယ်ရှိပြီးတကယ်မှန်တဲ့တရား
## (ပရမတ္ထသစ္စာ)

ကာလဒေသ ပုဂ္ဂိုလ်မရွေး မှန်တာဘာလဲ၊ စေတသိက် ၅၂ လုံး ထဲမှာ စေတနာဆိုတဲ့ စေတသိက်တလုံးသည် မနောကံအလုပ် ဝစီကံ အလုပ် ကာယကံအလုပ် အလုပ်သုံးမျိုးကို လုပ်တယ်ဆိုတဲ့ ဥစ္စာဟာ ဗုဒ္ဓဘာသာ သူတော်စင်တို့ အတွက်သာ၊ အဘိဓမ္မာကို လက်ခံတဲ့ လူတို့ အတွက်သာလျှင် အလုပ်လုပ်ပြီးတော့ အဘိဓမ္မာကို လက်ခံတဲ့လူတွေ အတွက်ဘော့ ဒီစေတနာက အလုပ်မလုပ်ဘူးလို့ များ ပြောနိုင်သေး သလား၊ မပြောနိုင်ဘူးတဲ့၊ ဟုတ်လား။

ဘယ်တိုင်းပြည် ရောက်ရောက် စေတနာဟာ ဒီအတိုင်း အလုပ်လုပ် နေတာ၊ ဘယ်လူမျိုး သန္တာန်မှာပဲ ဖြစ်ဖြစ် စေတနာဟာ ဒီအတိုင်း ကာယကံ ဝစီကံ မနောကံ အလုပ်ကို လုပ်နေတယ်။ နတ်ပြဟ္မာတွေမှာပဲ

ဖြစ်ဖြစ် တောထဲတောင်ထဲနေတဲ့ ဘာသာမရှိတဲ့ လူရိုင်းတွေမှာပဲဖြစ်ဖြစ်၊ ဘာသာတရားလက်မခံတဲ့ ပုဂ္ဂိုလ်တို့မှာပဲဖြစ်ဖြစ် ဒီစေတနာလေး ကမြဲတမ်း အလုပ်လုပ်နေတယ်ဆိုတာ တညီတည်း တညီတည်း မှန်ပါတယ်တဲ့၊ ဟုတ်လား။

အဲဒါကြောင့် ဒါဘာခေါ်သလဲ၊ သစ္စာလို့ ခေါ်ပါတယ်။

"ဘယ့်နှယ် ခေါ်ရမလဲ"

"သစ္စာပါ ဘုရား"

Universal Real Truth လို့ ခေါ်ပါတယ်။

ပရမတ္ထသစ္စာနဲ့ အရိယသစ္စာလို့ သစ္စာနှစ်မျိုးရှိရာတွင် ဒါမျိုးကို "ပရမတ္ထသစ္စာ"လို့ ခေါ်ပါတယ်။

"ဘယ့်နှယ်ခေါ်မလဲ"

"ပရမတ္ထသစ္စာလို့ ခေါ်ပါတယ် ဘုရား"

တကယ်ရှိ၍ တကယ်မှန်သောတရား၊ ပရမတ္ထသစ္စာ Real Truth ဆိုတာ သူပါပဲ။

စေတနာတို့ သဒ္ဓါတို့ ဝီရိယတို့ ပညာတို့ဆိုတာ တကယ်ရှိလဲ ရှိတယ်၊ သူ့သတ္တိ အားလျော်စွာ တကယ်လဲ အလုပ်လုပ်နေကြတာ ဖြစ်ခြင်းကြောင့် ကာလ ဒေသ ပုဂ္ဂိုလ်မရွေး မှန်နေတာ။ လက်ခံသူအတွက်လဲ မှန်တယ်၊ လက်မခံတဲ့ ပုဂ္ဂိုလ်အတွက်လဲ မှန်နေတာပဲ၊ အဲဒါကို "ပရမတ္ထသစ္စာ" Real Truth လို့ ဒီလိုခေါ်ပါတယ်၊ တကယ်ရှိတဲ့ သစ္စာ။

### တကယ့် အားကိုးရာအစစ် တရားသုံးပါး

ဒီတော့—

(၁) စေတနာကို လှေလို့ သဘောထား၊

(၂) ဝီရိယကိုတော့ လှော်တက်နဲ့ တူတယ်လို့ သဘောထား၊

အဲဒီလှေကို ထိန်းတဲ့ နောက်က တက်မဆိုတာ ပါသေးတယ်။ အဲဒီတော့—

## (၃) ပညာကို တက်မလို့ သဘောထား၊

စေတနာ ဘယ်လောက်ကောင်းစေကာမူ အဲဒီစေတနာမှာ ဉာဏ် မပါယင် ဒီစေတနာသည် အထိန်းမရှိဘူး။ စေတနာကောင်းပါတယ်ဆိုပြီး တော့ ခေါင်းမြီးခြုံအိပ်နေယင် ပါးစပ်နားက ထမင်းပွဲတောင် ပါးစပ်ထဲ မရောက်ဘူး၊ ဟုတ်လား။ စေတနာ ဘယ်လောက်ကောင်းကောင်း ဝီရိယ မကောင်းယင် ထမင်းမစားရဘူး၊ ဒါမှရှင်းတယ်၊ ဟုတ်လား။

စေတနာ ဘယ်လောက်ကောင်းကောင်း အသိဉာဏ်မကောင်းယင် အထိန်းမရှိဘူး။ စေတနာ ဘယ်လောက်ကောင်းကောင်း ဝီရိယမကောင်း ယင် အလုပ်မဖြစ်လို့ ထမင်းမစားရသလိုပဲ စေတနာ ဘယ်လောက်ပဲ ကောင်းစေကာမူ ဝီရိယမကောင်းယင် သံသရာဟိုဘက်ကမ်းကို မရောက် ဘူး။ စေတနာ ဘယ်လောက်ကောင်းကောင်း ပညာမရှိယင်၊ အသိဉာဏ် မရှိဘူးဆိုယင် အထိန်းမရှိတဲ့လှေလို ဖြစ်နေမှာပဲ။

ပညာဆိုတာ စေတသိက်ပိုင်းက ပညိန္ဒြေစေတသိက်လို့ သုံးပါ တယ်။ ပညာ ပညိန္ဒြေစေတသိက်၊ အရပ်ပြောပြောတော့ ဘာလဲ၊ အသိ ဉာဏ် Wisdom အဲဒီ အသိဉာဏ်ကင်းတဲ့စေတနာမှာ အလုပ်လုပ်ပင်လုပ် သော်လဲပဲ အထိန်းမရှိ၊ ဝေဖန်စိစစ်ခြင်းမရှိတဲ့အတွက်ကြောင့် ခရီးမတွင် ဘူး၊ မအောင်မြင်ဘူး။

အသိဉာဏ်ပညာဆိုတာက တက်မ၊
ဝီရိယဆိုတာက လှေကိုရွေ့လျားစေတဲ့ လှော်တက်၊
စေတနာဆိုတာက ကံတရား လှေကြီးပါပဲ။

ဘုန်းကြီးတို့ပရိသတ်က ဘယ်ပေါ်ထိုင်ပြီးတော့ လိုက်သွားရမလဲ၊ လှေပေါ်ထိုင်ပြီးတော့ လိုက်ရမှာ။ ကိုယ့်စေတနာကို ကိုယ်စီးပြီးတော့ ဟိုဘက်ကမ်းကို သွားရမှာ၊ ဟုတ်လား။ အားကိုးစရာဟာ—

(၁) စေတနာ
(၂) ဉာဏ်
(၃) ဝီရိယ

ဒီသုံးခုပါ၊ ဟုတ်လား။

ကိုယ့်စေတနာ ကိုယ်အားကိုး၊
ကိုယ့်ဝီရိယ ကိုယ်အားကိုး၊

ကိုယ့်အသိဉာဏ်ကို ကိုယ်အားကိုး၊
အားကိုးစရာ တရားသုံးပါး၊ ဟုတ်လား။

## ဗုဒ္ဓဝါဒသည် အတ္တဝါဒလား

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ။

ဒီပါဠိတော်ကို မှီငြမ်းပြုပြီးတော့ ဘုန်းကြီးတို့ ပြောပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့၊

အတ္တဒီပါ၊ မိမိတို့ကိုယ်ကို မှီခိုကြကုန်သည်ဖြစ်၍။ အတ္တသရဏာ၊ မိမိတို့ကိုယ်ကို ကိုးကွယ်ကြကုန်သည်ဖြစ်၍။

ဘုန်းကြီးတို့ဘုရားက ဘယ်လောက် သတ္တိကောင်းသလဲဆိုတာ—

အတ္တသရဏာ၊ကိုယ့်ကိုယ်ကိုကိုးကွယ်ကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။

ဒီလိုမှာတာ။ အဲဒီလို စကားမျိုးကို ဘုန်းကြီးတို့ သဗ္ဗညုဗုဒ္ဓပဲ ပြောပါတယ်၊ ဒီအပြင်မှာ ပြောထားတာကိုတော့ ဘုန်းကြီးတို့မတွေ့ဘူး။ ကိုယ့်ကိုယ်ကို ကိုးကွယ်ရမယ်ဆိုတဲ့ စကားမျိုးကို ဗုဒ္ဓပဲ ပြောပါတယ်။

ဗုဒ္ဓဘာသာရဲ့ ကိုးကွယ်မှုသည် တခြား ကိုးကွယ်မှုတို့နဲ့ တဖြည်းဖြည်း ခွဲထွက်ကာ တဆင့်တဆင့် ဒီလိုတက်လာပါတယ်နော်။

အတ္တဒီပါ၊ မိမိတို့ကိုယ်ကို မှီခိုကြကုန်သည်ဖြစ်၍။

အတ္တသရဏာ၊ မိမိတို့ ကိုယ်ကို ကိုးကွယ်ကြကုန်သည် ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။

ကိုယ့်ကိုယ်ကိုမှီခို၍ ကိုယ့်ကိုယ်ကို ကိုးကွယ်၍နေကြ။ ဒီလို ပြောထားတယ်။

အဲဒါကို ဘာသာပြန်လွဲရှာသော၊ အဓိပ္ပာယ် အယူအဆ လွဲမိကြသော အနောက်တိုင်းပညာရှင်တချို့ပေါ့၊ အကုန်လုံးတော့ မဟုတ်ပါဘူး။ အတ္တသရဏာ၊ အတ္တကို ကိုးကွယ်ရမယ်လို့ ဗုဒ္ဓက ဟောတယ်တဲ့။ အဲဒါကြောင့် ဗုဒ္ဓဝါဒဟာ အတ္တဝါဒကြီးပဲလို့ဆိုတဲ့ပုဂ္ဂိုလ်တွေ အနောက်တိုင်းမှာ တချို့ရှိတယ်။ ကိုယ့်ကိုယ်ကို ကိုးကွယ်လို့ဆိုတာကို အတ္တအရ မိမိကိုယ်ကိုမိမိ ကိုးကွယ်လို့ပြောတာ၊ ဟို အတ္တလို့ခေါ်တဲ့ Soul ကို ကိုးကွယ်ဖို့ ပြောနေတာမဟုတ်ဘူး။ အဲဒါကို ခွဲခြားပြီးတော့ မှတ်ရမယ်။ ပိုပြီးတော့ ရှင်းသွားအောင် ရှေ့တချက်တိုးလိုက်ရအောင်၊

## အတ္တကို ဘယ်လိုကိုးကွယ်ရမလဲ

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနည-
သရဏာ။

တဆင့်တက်လိုက်တော့ -

ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ၊ ဓမ္မသရဏာ အနည-
သရဏာ။

အတ္တဒီပါ အတ္တသရဏာ၊

ဒါကို ယှဉ်ဖွင့်မယ်။

ဓမ္မဒီပါ ဓမ္မသရဏာ၊

ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဆောင်ထား
လိုက်ကြ။

အတ္တဒီပါ အတ္တသရဏာ၊

ဓမ္မဒီပါ ဓမ္မသရဏာ၊

ဘယ်လောက် ကောင်းသလဲဆိုတာ-

အတ္တဒီပါ=မိမိတို့ကိုယ်ကို မှီခိုကြပါ။

အတ္တသရဏာ=မိမိတို့ကိုယ်ကို ကိုးကွယ်ကြပါ။

ကိုယ့်ကိုယ်ကို ကိုးကွယ်ဆိုတာ ဘယ်လိုကိုးကွယ်တာလဲလို့ မေးယင်

ဓမ္မဒီပါ=ဓမ္မကို မှီခိုကြပါ။

ဓမ္မသရဏာ=ဓမ္မကို ကိုးကွယ်ကြပါ။

ကိုယ့်ကိုယ်ကို မှီခို ကိုယ့်ကိုယ်ကို ကိုးကွယ်ဆိုတာ ကိုယ့်နှလုံးသားမှာ တည်ရှိတဲ့ ပရမတ္ထ ဓမ္မကို မှီခိုရမယ်၊ ကိုးကွယ်ရမယ်လို့ ဆိုလိုပါတယ်။

ကိုယ့်နှလုံးသားမှာ ဘာရှိသလဲ၊ စေတနာရှိတယ် သဒ္ဓါရှိတယ် ဝီရိယရှိတယ် ပညာရှိတယ် သတိရှိတယ် သမာဓိရှိတယ်။ ကောင်းတဲ့ စိတ်စေတသိက်တွေ အများကြီး ရှိတယ်၊ ဒါတွေဟာ ကိုးကွယ်ဖို့ပဲ။ စိတ်ကောင်း စေတနာကောင်း စေတသိက်ကောင်းတွေ အကုန်လုံးဟာ ဓမ္မ၊ ဟုတ်လား။ အဲဒါတွေအကုန်လုံး အားကိုးဖို့ချည်း ဖြစ်ပါတယ် တဲ့၊ ဒါကို မှတ်ဖို့ပါ။

"အတ္တဒီပါ အတ္တသရဏာ"

"ဓမ္မဒီပါ ဓမ္မသရဏာ"

ဘုန်းကြီးတို့ ရေးမပြပဲနဲ့ ရလောက်ပါတယ်နော်။

မိမိတို့ကိုယ်ကို မှီခိုကြပါ။

မိမိတို့ကိုယ်ကို ကိုးကွယ်ကြပါ။

မိမိတို့ကိုယ်ကိုမှီခိုပါ ကိုးကွယ်ပါဆိုတာ ဘာပြောတာလဲဆိုယင်–

"ဓမ္မဒီပါ ဓမ္မသရဏာ"

ဓမ္မကို မှီခိုကြပါ၊ ဓမ္မကို ကိုးကွယ်ကြပါ။

ဓမ္မက ဘယ်နှစ်မျိုးလဲဆိုတော့ အဲဒါ နောက်တော့ အသေးစိတ်ပြောသွားကြရအောင်။ ဒီကနေ့ ပြောလိုက်တဲ့ ဓမ္မကတော့ "ပရမတ္ထဓမ္မ" ဘုန်းကြီးတို့ လေးလုံးပြောထားပါတယ်။

(၁) စေတနာ
(၂) သဒ္ဓါ
(၃) ဝီရိယ
(၄) ပညာ

ပဓာနအကျဆုံးကဘာလဲ

စေတနာက လှေနဲ့တူတယ်၊ ဟိုဘက်ကမ်းကို သူပို့ပေးမယ်နော်။ အဲဒီစေတနာကို ဝိုင်းပြီးတော့ ထိန်းသွားမှာက ဘာတွေလဲ၊ ပညာ ဝီရိယ သဒ္ဓါ၊ ဦးဆောင်တာ ဘယ်သူဆိုတာတွေပြီ၊ ဟုတ်လား။ အဲဒါကြောင့်–

ကံက စီမံတယ်လို့၊

ကံက အကျိုးပေးတယ်လို့၊

ကံက ဖန်ဆင်းတယ်လို့၊

ဆိုတာ ဒီလိုပြောနေတာ။ လှေတင်းကို ဖယ်လိုက်ယင် တက်ရော ခွက်ရောရှက်ရော ဘာမှသုံးလို့မရတော့ဘူး၊ ဟုတ်ကြလား။ လှေတင်းကို ဖယ်လိုက်ဘာနဲ့ တက်နဲ့လဲသွားလို့မရတော့ဘူး၊ ခွက်နဲ့လဲသွားလို့မရဘူး၊

ဒီနေရာမှာ ပဓာနပစ္စည်းဟာ ဘာလဲ၊ လှေပဲ။

သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ စေတနာဆိုကဲ့ အဲဒီ စေတသိက် ၅၂ ထဲမှာ စေတနာဆိုတဲ့ စေတသိက်သည် လှေကြီးနဲ့ တူကြောင်းပါ။ အဲဒါကြောင့် "ကံ" ဆိုပြီးတော့ သိပ်ပြီး ဦးစားပေးပြီး ဘုန်းကြီးတို့ **Buddhism** က ပြောနေတာ၊ ဟုတ်လား။ လှေနဲ့တူလို့နော်။

ကံ, ဉာဏ်, ဝီရိယဆိုတာ ပရိသတ်များ ရှင်းလင်းသွားပါပြီ၊ ဟုတ်လား။ ဉာဏ်သည် စေတနာကို ထိန်းတယ်၊ ဝီရိယသည် စေတနာကို တွန်းပို့တယ်၊ ဟုတ်လား။

ဉာဏ်က စေတနာကို ထိန်းထားတယ်၊
ဝီရိယက စေတနာကို တွန်းပို့တယ်၊
စေတနာက စေတနာရှင်ကို ဟိုဘက်ကမ်းအရောက် သယ်သွားပါလိမ့်မယ်။ - တဲ့

ဟုတ်ပြီလား။ အားကိုးရာ တရားသုံးပါး၊ ကံ ဉာဏ် ဝီရိယ တရားပြည့်စုံလာကပါပြီ။

"အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနည-သရဏာ"

ဘိက္ခဝေ၊ ရဟန်းတော်များ အို -ချစ်သားတို့။

တုမှေ၊ သင်ချစ်သားတို့သည်။ အတ္တဒီပါ၊ မိမိတို့ကိုယ်ကို မှီခိုကြကုန်သည်ဖြစ်၍။ အတ္တသရဏာ၊ မိမိတို့ကိုယ်ကို ကိုးကွယ်ကြကုန်သည် ဖြစ်၍ ဝိဟရထ၊ နေကြကုန်လော့။

အနညသရဏာ၊ မိမိတို့မှတပါး တခြား ကိုးကွယ်စရာ မရှိကြကုန်သည်ဖြစ်၍၊ ဝိဟရထ၊ နေကြကုန်လော့။ ဓမ္မဒီပါ၊ မိမိတို့ ကျင့်သုံးထားတဲ့ တရားသည်သာလျှင် မှီခိုရာ ရှိကြကုန်သည် ဖြစ်၍။ ဓမ္မသရဏာ၊ မိမိတို့ ကျင့်သုံးထားတဲ့ တရားသည်သာလျှင် ကိုးကွယ်ရာ ရှိကြကုန်သည် ဖြစ်၍။ အနညသရဏာ၊ ကိုယ်ကျင့်တရားမှတပါး တခြားကိုးကွယ်စရာ မရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေလိုက်ကြပေကုန် တော့လော့။

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာ ဖြစ်တော်မူသော ဘုရားသဗ္ဗညုသည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ ပါပေသတည်း။

"သာဓု သာဓု သာဓု ပါဘုရား"

ကိုင်း ဗုဒ္ဓပဏာမနဲ့ နိဂုံးချုပ်ကြမယ်။

(နမော ဝိဘဇ္ဇဝါဒိနော ဖြင့် အခမ်းအနား ရုပ်သိမ်းသည်။)

# (၄) အဘိဓမ္မာဟူသည်

## WHAT IS PSYCHO ETHIC PHILOSOPHY (ABHI-DHAMMA)?

၁၃၄၆–ခု၊ ဝါဆိုလဆန်း ၄ ရက် (စတုတ္ထနေ့)
(၁–၇–၈၄)

## မနေ့က ပြောခဲ့တာ

ဒီကနေ့ လေးရက်မြောက် စတုတ္ထနေ့၊ ဗုဒ္ဓဝါဒ အခြေခံသဘော တရားများ ဟောပြောပွဲကို ဗုဒ္ဓပဏ္ဏာမဖြင့် စတင်ဖွင့်လှစ်ကြရအောင်။

(နမော ဝိဘဇ္ဇဝါဒိနော ဖြင့် အခမ်းအနားဖွင့်သည်။)

စတုတ္ထနေ့ ဗုဒ္ဓဝါဒ အခြေခံသဘောတရားများ ဟောပြောပွဲမှာ ဘုန်းကြီးတို့ ပေးထားတဲ့ ခေါင်းစဉ် စာတန်းကလေးမှာ ''အဘိဓမ္မာ ဟူသည်''ဆိုတဲ့ အပိုင်းကို ဘုန်းကြီးတို့ရောက်လာပါပြီ။ တနည်းပြောရယင်တော့ ''အဘိဓမ္မာဟူသည်''ဆိုတဲ့ အပိုင်းဟာ တဝက်လောက်တောင် ပြီးသွားပြီလို့ ယူဆနိုင်ပါတယ်။ ဘုန်းကြီးတို့ပရိသတ် အဘိဓမ္မာသဘောကို သင်မှန်းမသိ သင်ပြီးသားဖြစ်နေကြပါပြီ။

ယမန်နေ့က ''သဒ္ဒါ''ရဲ့စွမ်းရည်ကို ဘုန်းကြီးတို့ အကျယ်တဝန့် ဖွင့်လှစ်တင်ပြခဲ့ပြီးပါပြီ။ သဒ္ဒါရဲ့စွမ်းရည်က ကံ,ဉာဏ်,ဝီရိယရဲ့ သဘော၊ ဒါတွေဟာ စေတသိက်ပိုင်းထဲက သဒ္ဒါစေတသိက်၊ ဝီရိယစေတသိက်၊ ကံဆိုတာ စေတနာစေတသိက်၊ ဉာဏ်ဆိုတာ ပညိန္ဒြေစေတသိက်၊ စေတသိက်လေးလုံးတို့ရဲ့ သဘောကို ဘုန်းကြီးတို့ မနေ့က အကျယ်ပြောခဲ့ပြီးပြီ။

အဲဒါတွေအကုန်လုံးဟာ ဘာတွေလဲ၊ အဘိဓမ္မာပဲ။ ထိုအဘိဓမ္မာဆိုတာ ဘုန်းကြီးတို့ပရိသက်အပေါင်း သူတော်ကောင်းတို့၊ တကယ်ရှိတဲ့ တကယ်မှန်တဲ့ တရားတွေ။

ဒီတော့ မနေ့ကပြောခဲ့တဲ့အထဲမှာ မြစ်ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်း ကူးသန်းလိုတဲ့ ပုဂ္ဂိုလ်တယောက်သည် ရန်သူတွေ ဝိုင်းပြီးတော့နေတဲ့ အချိန်၊ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကို ဘယ်လိုကူးရမလဲလို့ နည်းလမ်းကို ရှာဖွေနေဆဲ အချိန်က ဘယ်လိုအချိန်လို့ ပြောထားခဲ့သလဲ၊ ညသန်းခေါင်ယံ မိုးမှောင်ကြီးကျနေတဲ့အချိန်မျိုးလို့ ဘုန်းကြီးတို့ ပြောခဲ့တယ်။

အဲဒီလို မှောင်ကြီးကျနေတဲ့အချိန်မျိုးမှာ နည်းလမ်းကို ရှာပင်ရှာသော်လည်းပဲ နည်းမရ လမ်းမရ ဖြစ်နေတယ်။ ထိုအချိန် ဝင်းကနဲ လျှပ်စီး တချက်လက်လိုက်တာဟာ သူ့အတွက် လမ်းစပဲ၊ လျှပ်စီးတချက်လက်

လိုက်ခြင်းသည် ထိုသူ့အတွက် လမ်းစကလေး တွေ့သွားတာပဲ။ ဘာတွေ လိုက်သလဲဆိုတော့ ခြေဦးမှာရှိနေတဲ့ လေ့တစင်းကို သူသည် ကောင်း ကောင်း တွေ့လိုက်တယ်။

## နိယာမတွေကို ပြောင်းပြန်မလုပ်ခဲ့တဲ့ မြတ်ဗုဒ္ဓ

ဘုန်းကြီးတို့မြတ်ဗုဒ္ဓသည် ဗုဒ္ဓအဖြစ် ဘယ်နှစ်နှစ်လောက် နေသွားပါသလဲ၊ ၄၅ နှစ် နေသွားပါတယ်။ ဗုဒ္ဓဖြစ်ဖို့ဆိုပြီးတော့ အားယူခဲ့တာက လေးသင်္ချေနဲ့ ကမ္ဘာတသိန်း၊ ခြောက်နှစ်တောင် စွန်းပါသေးတယ်။ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ခြောက်နှစ်သည် ဗုဒ္ဓမဖြစ်မီ ရင်းနှီးခဲ့ရတဲ့ အနှင်းအနှီးတွေ၊ ဖြစ်ပြီးပြီဆိုတော့ ၄၅ နှစ်ထဲ နေလိုက်ရပါတယ်။ ဒီကနေ့ ဘုန်းကြီးတို့ မျက်မှောက်ခေတ်အထိများ ဗုဒ္ဓ နေမယ်ဆိုယင် ဘယ်လောက်ကောင်းမလဲလို့၊ ဒါပေမယ့် မနေသွားဘူး။

ထိုနှစ်ထိုအခါက လူတို့ရဲ့ သက်တမ်းဟာ နှစ်တရာဆိုတာ အသက်အရှည်ဆုံးခေတ်ပဲဆိုတော့ တရာကျော်ပြီးတော့ ဗုဒ္ဓသည် မနေခဲ့ဘူး။ ဆိုလိုတဲ့အဓိပ္ပာယ်က လောကနိယာမထက် ကျော်လွှားပြီးတော့ နိယာမတွေကို ပြောင်းပြန်ဖြစ်အောင် ဘုန်းကြီးတို့ဗုဒ္ဓက မလုပ်ခဲ့ပါဘူး။ ဒါ အံ့သြစရာအချက်တခုပဲ။ နှစ်တရာလောက် အသက်ရှည်တဲ့အထဲမှာ ငါက နှစ်တသိန်းတသန်း နေလိုက်မယ်ဆိုတဲ့ဟာမျိုးကို ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက မလုပ်ဘူး။ လုပ်နိုင်စွမ်းမရှိလို့လားဆိုတော့ မဟုတ်ဘူး၊ လုပ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်၊ မလုပ်ပါဘူး။

လောကနိယာမကြီးတွေကို ပြောင်းပြန်မပြုပါဘူး။ ၄၅ နှစ်မျှနေပြီးတော့ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓ ကွယ်သွားတယ်။ ကွယ်သွားပြီးတော့ ဒီကနေ့ ဗုဒ္ဓရဲ့ကိုယ်စား ကျန်ရစ်တဲ့ ပိဋကတ်သုံးပုံ–

(၁) သုတ္တန်၊
(၂) ဝိနည်း၊
(၃) အဘိဓမ္မာ၊

ဆိုတဲ့ ဗုဒ္ဓရဲ့ စကားရပ်တွေဟာ ဗုဒ္ဓကွယ်သွားပေမယ့် မကွယ်သေးဘူး၊ ကျန်ရစ်နေတယ်။ အဲဒီ ဗုဒ္ဓရဲ့ စကားရပ်များဆိုတဲ့ ပိဋကတ်သုံးပုံရဲ့ သက်တမ်းဟာ ယနေ့ဆိုလို့ရှိယင် ၂၅၂၈ နှစ်ခရီးသို့ ရောက်ပါပြီ။

ဘုန်းကြီးတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေနဲ့ဆိုယင် မူရင်း ကျကျ တည်ရှိနေပါသေးတယ်။ သီရိလင်္ကာတို့၊ ထိုင်းတို့ နိုင်ငံများမှာလဲ မူရင်းအတိုင်းပဲ တည်ရှိနေပါသေးတယ်။

အိန္ဒိယပြည်ကနေ မြောက်ဘက်ကို ထွက်သွားလိုက်တာ နီပေါ၊ တိဘက်၊ အရှေ့ဘက်နည်းနည်းသွားယင် တရုတ်ပြည်၊ ထိုကနေ အရှေ့ ဘက်သွားယင် ကိုရီးယားနဲ့ဗီယက်နမ်၊ ဒီအဲကနေ အရှေ့ဘက် သွားလိုက် တော့ ဂျပန်၊ ပစိဖိတ်သမုဒ္ဒရာကြီးရောက်တော့ ဆုံးသွားရော၊ ဟိုဘက် မကူးတော့ဘူး၊ ဗုဒ္ဓတရားတော်ဟာ အဲဒီအထိ ပြန့်သွားတယ်။

## ပြုပြင်လိုက်ကြတာ

ထိုမြောက်ဘက်ကို ပျံ့နှံ့ပြီးတော့ထွက်သွားတဲ့ ဗုဒ္ဓတရားတော်များ ကတော့ မူရင်းအတိုင်း ဘယ်တိုင်းပြည်မှာမှ မရှိတော့ပါဘူး။ ပြုပြင်လိုက် တာ၊ ပြုတာပြင်တာများယင် မူရင်း ပျောက်သွားတယ်။

အဝတ်ကလေးတထည် ဝတ်ယင်း ဝတ်ယင်းနဲ့ ဆွေးလာတယ်၊ အပေါက်ကလေးပေါက်တော့ အဲဒီအပေါက်ကလေးကို ဖာ၊ နောက် တနေရာက ဆက်ပေါက်၊ အဲဒီအပေါက်ဆက်ဖာ၊ ဟိုဘက်တနေရာက ဆက်ပေါက်၊ အဲဒါဆက်ဖာ၊ ဖာယင်းဖာယင်းနဲ့ နောက်ဆုံးကျတော့ အဲဒီ ဖာထေးတဲ့အစတွေချည်း ဆက်ကျန်ရစ်တယ်။ မူရင်းက မရှိတော့ဘူး။

မြောက်ပိုင်း ခုနက တရုတ်၊ ကိုရီးယား၊ ဂျပန်ဘက်ကိုသွားတဲ့ ဗုဒ္ဓရဲ့ ပိဋကတ်တော်များဟာ အဲဒီလိုဖြစ်သွားတယ်၊ ပြုပြင်ပါများယင် မူရင်းမကျန်ဘူး။

ဒုတိယကမ္ဘာစစ် အတွင်းက မြန်မာပြည်မှာ အသုံးပြုပြီးတော့ ကျန်ရစ်တဲ့ ဒီကနေ့မှောင်းနေတဲ့ ဂျစ်ကားတွေလိုပေါ့ဗျာ၊ အဲဒါမှ ပိုရှင်း တာ၊ အမေရိကန်ကလာတဲ့ပစ္စည်း တခုမှ မရှိတော့ဘူး၊ ဝပ်ရှော့က လုပ် ထည့်တာချည်းပဲ။ ဘုန်းကြီးတို့ မျက်မှောက်ခေတ်မှာ ဂျပန်ကလာတဲ့ သုံးဘီးကားတွေလဲ ဂျပန်ပစ္စည်း တခုမှ မရှိတော့ဘူး၊ ဝပ်ရှော့ဆရာ လုပ် ထည့်တဲ့ ပစ္စည်းချည်းပဲ၊ ပုံကလေးပဲ ကျန်တယ်။

ဒီတော့ ဗုဒ္ဓ သာသနာဆိုတဲ့ အမည်လောက်ပဲ ကျန်မယ်တဲ့၊ မြောက်ပိုင်းမှာ ပြုပြင်ထားတာတွေချည်းပါပဲ။ အဲဒီတော့ ပြုပြင်တာ များယင် ဘာဖြစ်တုံးဆိုတော့ ဘုန်းကြီးတို့ သံယုတ္တနိကာယ်သုတ္တန်တခုမှာ ဆိုတယ်။

ရှေ့မင်း အဆက်ဆက်တို့ ရွှေနန်းတော်မှာ အသုံးပြုလာသော သစ်သားနဲ့သားရေပေါင်းစပ်ရှိ ပြုလုပ်ထားတဲ့စည်တလုံးကို ရှေးဘိုးဘေး မင်းအဆက်ဆက်တို့ နန်းတော်မှာ အသုံးပြု တီးလာတာ တဒိန်းဒိန်းနဲ့ တမြို့လုံး တရွာလုံး ကြားရတယ်။

နောက်တက်လာတဲ့ မြေးမြစ် မင်းအဆက်ဆက်ရောက်တော့ အဘိုး လက်ထက်က စည်ကြီး ဟောင်းပြီ အိုပြီ၊ အဘွားလက်ထက်က စည်ကြီး ဟောင်းပြီ အိုပြီ၊ ဒါကြီး ပြင်ဦးမှဆိုပြီးတော့ ပြင်လိုက်တာ ရွှေထော့ ကွပ်တယ်၊ ငွေတွေကွပ်တယ်၊ ကျောက်တွေစီတယ်။ ရွှေကွပ် ငွေကွပ် ကျောက်စီပြီးတော့ ထုလဲထုလိုက်ရော အဲဒီစည်ကြီးက မမြည်တော့ဘူး၊ စည်ဆိုတာ သစ်သားနဲ့ သားရေ ဒါပဲမဟုတ်လား။

## ထေရဝါဒနဲ့ မဟာယာန ခြားနားမှု

ပြုပြင်ယင်ကောင်းတယ်ဆိုပေမယ့် နေရာတိုင်းပြုပြင်ယင် မကောင်း ကြောင်း သဘောပေါက်ဖို့ဟုတ်လား။ ပြုပြင်ရေးဆိုတာဟာ လိုတော့လို ပါတယ်၊ နေရာတကာမှာ ပြုပြင်ယင် ဘာဖြစ်လဲ၊ မူရင်းတွေ ပျောက်သွား လိမ့်မယ်။

နန်းတော်မှာ မင်းအဆက်ဆက်က ထုလာတဲ့ စည်ကြီး ဖိန့်ဖိန့် တုံအောင် မြည်တယ်၊ မြေးမြစ်တို့ လက်ထက်ကျတော့ ရွှေတွေ ငွေတွေ ကွပ်လိုက်တယ်။ အဲဒီစည်ကြီး ထုလို့ မြည်သေးသလား၊ မမြည်တော့ဘူး တဲ့။ ဘုန်းကြီးတို့ ပရိယတ် ပြုပြင်ရေးဆိုတာ သူ့နေရာနဲ့သူ ကြည့်ပြီးတော့ ပြုပြင်ရပါတယ်၊ ဟုတ်လား။

ဒါ့ကြောင့် ဘုန်းကြီးတို့ ထေရဝါဒ ဗုဒ္ဓသာသနာ ဆိုသည်ကား ဗုဒ္ဓကွယ်ပြီးတဲ့နောက် အရှင်မဟာကဿပ အရှင်အာနန္ဒာ အရှင်ဥပါလိ မထေရ်ကြီးတို့ ချမှတ်တော်မူခဲ့တဲ့ နည်းစနစ်အတိုင်း မူဝါဒအတိုင်း တသွေမတိမ်း မပြုမပြင်ပဲနဲ့ ထိန်းသိမ်းလာခဲ့တဲ့ ဗုဒ္ဓရဲ့ဝါဒကို ထေရဝါဒ" လို့ ခေါ်ပါတယ်။

သစ်သားနဲ့သားရေ သားရေနဲ့သစ်သား ဒီအတိုင်း ထား၊ ရွှေမကွပ် ချင်ပါနဲ့၊ ကြယင်မြည်မှာမဟုတ်တော့ဘူး၊ ဟုတ်လား။ ထေရဝါဒနဲ့မဟာ ယာနတို့ရဲ့ ခြားနားချက်ကို ဘုန်းကြီးတို့ ပရိယတ် လွယ်လွယ် ကူကူ သဘောပေါက်ဖို့ ဘုန်းကြီးတို့ ရှင်းရှင်း လင်းလင်း တင်ပြခြင်း ဖြစ်ပါ တယ်။ မဟာယာနကတော့ စည်ကြီးကို ရွှေကွပ်သလို ဖြစ်သွားတယ်၊

ဘုန်းကြီးတို့ ထေရဝါဒကတော့ စည်ကို သစ်သားနဲ့ သားရေ ဒီအတိုင်း ဆက်လက်၍ လုပ်ပြီးတော့ ထုသွားပါတယ်၊ ဒီကနေ့အထိ တဖိန့်ဖိန့်တုံ အောင် မြည်တုန်းပါပဲ၊ ဟုတ်လား။

ဘုန်းကြီးတို့ ပရိသတ် တော်တော် မြည်သေးတယ် မဟုတ်လား၊ ဒါပေမယ့် သားရေတော့ နည်းနည်း လျော့လာတယ် ထင်တယ်။ ဒိန်းဆို မြည်ရမယ့်စည်ဟာ ဒိန်းသံမပေါက်ဘူး၊ ဘယ်လိုအသံပေါက်လဲ့ ကိုယ့်ဟာ ကိုယ် နည်းနည်း ထုကြည့်၊ ဟုတ်လား။

ဒါကြောင့် ဒီကနေ့ ဘုန်းကြီးတို့က တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီး ရဲ့ တောင်းပန်ချက်အရ လျော့နေတဲ့စည်ကြီးမှာ သားရေလေး နည်းနည်း တင်းပေးတာပါနော်၊ ဘုန်းကြီးတို့စွမ်းနိုင်သလောက် သားရေ တင်းပေးတာ။ နောက်ပြန်ထုယင် ပိုပြီးတော့ မြည်လာလိမ့်မယ်လို့ ထင်ရ တယ်၊ ဟုတ်လား။

ဆရာ ဦးမင်းတင်မွန်—ဘုန်းကြီးတို့ သားရေတင်းပေးတာ၊ ဆရာ့ သစ်သားနဲ့သားရေစည်ကို ဒီအတိုင်းထား၊ ရွှေငွေမကွပ်လိုက်နဲ့ ဟုတ်လား၊ ဒါအကောင်းဆုံးပဲ ထေရဝါဒသာသနာက ဒီအတိုင်းလာပါတယ်။

## အသင်လူသား အိပ်မောကျနေသလား

ကောင်းပြီ၊ ဗုဒ္ဓရှင်တော် ၄၅ နှစ် သီတင်းသုံးနေတော့ ၄၅ နှစ် သစ္စာတရားတွေကိုပြောပြီးတော့ ကွယ်တော်မူသွားပြီ။ ယခု ၂၅၂၀နှစ် ခရီးသို့ ရောက်လာခဲ့ပြီ။

ဘုန်းကြီးတို့ ပရိသတ်များ တလမှာ ရက် ၃၀ ရှိပါတယ်၊ ထိုတလ မှာ "လပြည့်ရက်" ဆိုတာ တရက်တည်းရယ်၊ လမပြည့်မီ ရှေ့မှ ပြည့်ဖို့ အားယူလာခဲ့ရတာ ၁၄ ရက်ရှိပါတယ်။ ပြည့် ပြီးပြီလဲဆိုရော လပြည့်ကျော် ၁—ရက် ဆိုတာ ဘာဖြစ်သွားတာလဲ၊ ဆုတ်ယုတ်သွားတာ။ လဆုတ် ၁ ရက် လဆုတ် ၂-ရက် လဆုတ် ၃ ရက် တဖြည်းဖြည်း ဆုတ်ယုတ် ဆုတ်ယုတ်သွားတာ ကွယ်တဲ့အထိ ဆုတ်ပါတယ်။

"ဘယ်အထိဆုတ်တယ်"

"ကွယ်တဲ့အထိ ဆုတ်ပါတယ် ဘုရား"

နောက်ဆုံး လကွယ်နေ့ ဆိုယင်"လ"လုံးလုံး မမြင်ရတော့ဘူး။ တကယ် ပြည့်ပြည့် ဝန်းဝန်း ထွန်းလင်းတဲ့"လပြည့်ရက်"သည် တလမှာ တရက်တည်းရယ်၊ ဟုတ်လား။

ရန်သူတွေ ဝိုင်းအလိုက်ခံရတဲ့ လူတယောက်ဟာ မြစ်ကမ်းပါးမှာ ရောက်ပြီးတော့ ဟိုဘက်ကမ်းဖြတ်သန်းဖို့ နည်းလမ်းရှာနေတဲ့ အချိန်သည် မှောင်ကြီးကျနေတဲ့ လကွယ်နေ့ည သန်းခေါင်ယံ အချိန်ပါပဲ။ ဝင်းကနဲ လျှပ်စီးကလေး တချက် လက်လိုက်တော့ ဟိုဘက်ကမ်း ဖြတ်သန်းဖို့ နည်းလမ်းကို သူရသွားတယ်။

ဘုန်းကြီး'ဆိုလိုတဲ့ အဓိပ္ပာယ်က–

ဗုဒ္ဓရှင်တော် ပွင့်ထွန်း'ပေါ်လာတယ် ဆိုတဲ့ ခေတ်ဟာ လျှပ်စီးကလေးတချက်ဝင်းကနဲလက်သလေ ာက်ပဲ၊မကြာလိုက်ဘူး။

ဟုတ်လား၊ အဲဒီ ဝင်းကနဲ သက်လိုက်တဲ့ အချိန်မှာ လျှပ်စီးရောင် ကို ကောင်းကောင်း တွေ့လိုက်တဲ့ ပုဂ္ဂိုလ်တို့ကတော့ လမ်းစရလိမ့်မယ်၊ လျှပ်စီးရောင်လေး လက်ဘာ မသိလိုက်ဘူး အိပ်မောကျနေတဲ့ ပုဂ္ဂိုလ်များ ဆိုယင် လမ်းစမရဘူး။ ဘုန်းကြီးတို့ တက္ကသိုလ်က ကမ်းပါးမှာ ရပ်ပြီး တော့ ဘယ်လိုကူးရမလဲလို့ နည်းလမ်းရှာနေတဲ့ပုဂ္ဂိုလ်တွေလို ဘုန်းကြီးတို့ ထင်ပါတယ်၊ ကမ်းပါးမှာ အိပ်မောကျနေတဲ့လူတွေ ဒီအထဲမှာ မပါကြ ဘူးလို့ ဒီလိုလဲထင်ပါတယ်။

''ဘယ့်နှယ်တုံး''

.... ......................

''လေသံပျော့တယ် ဟန်မကျဘူး ဘယ်အုပ်စုထဲမှာတုံး– ရပ်နေတဲ့အုပ်စုလား အိပ်နေတဲ့အုပ်စုလား''

''ရပ်ခနေတဲ့အုပ်စုပါ ဘုရား''

''တော်ပါသေးရဲ့ အိပ်နေလိုက်လို့ရှိယင် ဝင်းကနဲ လျှပ်စီး လက်တာကို မမြင်လိုက်ရဘူး''

အဲဒီ အလင်းရောင်လေးကို မတွေ့လိုက်ရတဲ့ ပုဂ္ဂိုလ်သည် ဟိုဘက် ကမ်းကိုကူးဖို့ နည်းလမ်းကို မလိုက်ရဘူး။

ဘုရားသာသနာခေတ်ကို အကြာကြီးလို့ မထင်နဲ့ ခဏလေးရယ်၊ အဲဒီသာသနာတော်ခေတ်မှာ လူဖြစ်ပြန်တော့ သာသနာမှန်း သိတဲ့အချိန် ဟာ နည်းနည်းကလေးရှိတယ်၊ အများကြီး မရှိဘူး။

## စေတနာသာ ပဓာနပါ

ထိုကဲ့သို့ အလွန်တရာတိုတောင်းတဲ့ အလင်းရောင်ကို အလင်းရောင် မှန်းသိတဲ့ အချိန်ကလေးမှာ ဟိုဘက်ကမ်းကို ကူးသန်းဖို့ နည်းလမ်းတွေ ကြိုးစားရှာကြပါ။ ကိုယ့်ကိုယ်ကို အားကိုးပြီးတော့ သံသရာပင်လယ် ကြီးကို ဖြတ်သန်းကြပါလို့ ဘုန်းကြီး ဥယျောဇဉ်စကား ပြောကြားလို ပါတယ်။

ကိုင်း ဒီတော့ ဟိုဘက်ကမ်း ကူးဖို့ရန် လှေတစင်းရတယ်။ လှေ ပေါ်မှာ ဘာတွေဆင်ထားသလဲ၊ တက်တွေဆင်ထားတယ် ပဲ့တွေဆင်ထား တယ်၊ ဟုတ်လား။ အေး ထပ်ဆင်လိုက်ဦး ရွက်တွေ ဆင်ထားမယ်ပေါ့၊ လူထိုင်စရာထိုင်ခုံတွေ ဆင်ထားမယ်ပေါ့။ ဥာဏ်ရှိသလောက်သာ ဆင်ထား ဒီလှေပေါ်မှာပဲ တည်နေပါတယ်တဲ့၊ လှေတစ်စင်းကိုဖယ်လိုက်ယင် ကျန်တဲ့ ပစ္စည်းတွေ ဘယ်လိုမှ သုံးလို့မဖြစ်ကြတော့ဘူး၊ လှေခွက်ကြီးကို ဖယ်ထုတ် လိုက်ယင် တက်ရော ခွက်ရော ရွက်ရော အကုန်လုံး သုံးလို့မရတော့ဘူး။

စေတနာဆိုတဲ့ ကံတရားတခုကို ဖယ်ပစ်လိုက်တာနဲ့ပဲ ဉာဏ်တွေ ဝီရိယတွေ သဒ္ဓါတွေ အလုပ်မဖြစ်ကြတော့ဘူး၊ စေတနာတလုံးကို ဖယ် ထုတ်ပစ်လိုက်ယင် ကံမဖြစ်တော့ဘူး။ တနည်းဆိုယင်တော့ စေတနာဆိုတဲ့ ကံကို လက်မခံယင် ဉာဏ်တွေ ဝီရိယတွေ ဟိုဘက်က သဒ္ဓါတွေ ပညာတွေ အသုံးမဝင်ကြတော့ဘူး။

ဟိုဘက်ကမ်း ကူးဖို့ရန် လှေတစင်းသည် ပဓာနဖြစ်သလိုပဲ၊ ဘဝ သံသရာကို ကူးဖြတ်မယ့် ပုဂ္ဂိုလ်တို့မှာ စေတနာဆိုတဲ့ ကံတရားသည် လှေ တစင်းသဖွယ် အရာရာမှာ ပဓာနကျကြောင်း၊ စေတနာပေါ်မှာ ဉာဏ်တွေ ဝီရိယတွေ သဒ္ဓါတွေ သတိတွေ သမာဓိတွေ ပညာတွေ အကုန်လုံး စပ်ပြီး တော့ တည်နေတယ် မှီနေတယ် ဆိုတာကို ဘုန်းကြီးတို့ ရိပ်သိသဘော ပေါက်ထားကြပါ။ စေတနာသည်သာ ပဓာနပါ။

ဒါကြောင့် ဒီနေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်း တို့အား စေတနာအကြောင်းကို ဘုန်းကြီးတို့ အနည်းငယ်မျှ ပြောပါမယ်။ စေတနာနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ အဘိဓမ္မာက ပေးတဲ့ မှတ်ချက်လေး တွေကို ဘုန်းကြီး တို့မှတ်တမ်းပြုပြီးတော့ လာခဲ့ပါတယ်၊ ထိုမှတ်တမ်းလေး များကို ဘုန်းကြီးတို့ တင်ပြပါမယ်။

## စေတနာဆိုတာ ဘာလဲ

စေတနာ—

စေတယတီတိ စေတနာ။

ရှေး ဆရာတော်ကြီးများ ဘာသာပြန်တဲ့ ဝေါဟာရ အတိုင်း ဘုန်းကြီးတို့ ဘာသာပြန်မယ်၊ ထိုဘာသာပြန်ချက်ဟာ အလွန်ကောင်း ပါတယ်။

စေတယတီတိ၊ စေ့ဆော်တတ်သည် ဖြစ်ခြင်းကြောင့်။ **စေတနာ၊** စေတနာမည်၏။

စေတနာ၊ စေတနာလို့ ပြောတယ်၊ အဲဒီ စေတနာဟာ ဘာလုပ် တတ်သလဲ၊ စေ့ဆော်တတ်တယ်။ ဘယ်လောက် ကျင်ကျင်လျင်လျင်စ်နိုင် သလဲဆိုတာ ရှေးဆရာတော်ကြီးများရဲ့ ဝေါဟာရ တယ်ကောင်းပါတယ်။ "စေ့ဆော်" ဆိုတဲ့နေရာမှာ စေ့စေ့စပ်စပ် ဖြစ်အောင် နှိုးဆော်တယ်လို့ အဓိပ္ပာယ်ရတယ်။ စေ့ဆော် ဆိုရာ၌ စေ့စေ့ စပ်စပ်ကလေး ဖြစ်လာ အောင် နှိုးဆော်တယ်။

တိုင်းပြည်မှာ အုပ်ချုပ်တာ ရှင်ဘုရင်ပဲ၊ သို့သော် ထိုရှင်ဘုရင်လက် အောက်မှာ အိမ်ရှေ့မင်းဆိုတာရှိတယ်။ ဒီကနေ့ခေတ်လို ပြောရင်တော့ လက်ထောက်ရှင်ဘုရင်လို့ ဆိုချင်ဆို၊ ဒုတိယရှင်ဘုရင်လို့ ဆိုချင်ဆိုပေါ့။ ပတိုင်းလုံးပ ပြည်လုံးရဲ့ ထိပ်ဆုံးမှာ ရှင်ဘုရင်ကြီးရှိပါတယ်၊ တပြည်လုံးရဲ့ အရေးကိစ္စတွေကို ထိုရှင်ဘုရင်က အကုန်သိတယ်၊ အကြွင်းမရှိ အကုန်သိ တယ်။ ဒါပေမယ့် ဘယ်လောက်သိသိ အဲဒီ ရှင်ဘုရင်ကြီး သူသိဘာတွေ အကုန် သူ ဘာမှမလုပ်နိုင်ဘူး၊ ဘယ်သူလုပ်မလဲ သူ့လက်ထောက် ရှင် ဘုရင်လို့ခေါ်တဲ့ ဥပရာဇာ အိမ်ရှေ့မင်းက ဆောင်ရွက်တယ်။

တိုင်းပြည်ရဲ့အရေးအရာတို့နဲ့ တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီး ကြားမှာ အကုန်လုံး စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်ပေးနေတာ ဘယ် သူပါလဲ၊ အိမ်ရှေ့မင်း ဟုတ်လား။ တိုင်းရေးပြည်မှုတွေကို ဆယ်ဆောင် လာတယ်၊ ရှင်ဘုရင်ကြီးအားတင်ပြတယ်။ ရှင်ဘုရင်ရဲ့ အမိန့်တွေကို သယ် ဆောင်သွားတယ်၊ တိုင်းပြည်ကို ပြန်ပြီးတော့ ချမှတ်ပေးတယ်။ ဒါ လောက်ပြောရင် ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ပါတယ်။

ကြားထဲက အိမ်ရှေ့မင်းသည် တိုင်းရေးပြည်ရာတွေကို အကုန်လုံး သယ်ဆောင်လာပြီးတော့ ရှင်ဘုရင်ထံ ပို့တယ်၊ ရှင်ဘုရင်ရဲ့ အမိန့်ကော ကို သယ်ဆောင်လာပြီးတော့ အိမ်ရှေ့မင်းက ဘယ်ပြန်ချပေးလိုက်သလဲ၊ တိုင်း ပြည်ကို ပြန်ချပေးလိုက်တယ်။

(၁) တိုင်းပြည်ရဲ့ အရေးအရာ

(၂) ရှင်ဘုရင်ရဲ့ အမိန့်နဲ့ဆုံးဖြတ်ချက်

ထိုနှစ်ခုကို အလယ်ကနေ စေ့စပ်ပေးနေကာ စေ့စေ့စပ်စပ် ဖြစ် အောင် နှိုးဆော်ပေးနေတာ အိမ်ရှေ့မင်း၊ စေတနာသည် အိမ်ရှေ့မင်းနဲ့ တူပါတယ်။ စိတ်ဆိုတာက ရှင်ဘုရင်နဲ့တူတယ်၊ ဟုတ်လား။

စေတနာက အိမ်ရှေ့မင်း၊

စိတ်ဆိုတာက ရှင်ဘုရင်၊

## စေတသိက်ဆိုတာက ဘာလဲ

ဘုန်းကြီးတို့ရိုသတ် အဘိဓမ္မာဆိုတော့ စေတသိက် ဘယ်လောက် ရှိပါသလဲ၊ ၅၂ ခု ရှိပါတယ်။ စေတသိက် ၅၂ ခုထဲမှာ စေတနာသည် စေတသိက်တလုံးဖြစ်ပါတယ်၊ စေတသိက်ဆိုတာ ဘာလဲပေါ့လို့ မေးယင် ပရိသတ်ကို အလွယ်ဆုံးပြောပါ့မယ်။

"စိတ်နဲ့တွဲပြီးတော့ အလုပ်လုပ်တာကို စေတသိက် ခေါ် တယ်"

စိတ်နဲ့ ယှဉ်တွဲပြီးတော့ အလုပ်လုပ်ကြတဲ့ သဘောတွေဟာ စေ တသိက်ပါ။ ခေတ်လိုပြောရယင်တော့—

"စိတ်နဲ့ လက်တွဲပြီးတော့ အလုပ်လုပ်ကြတဲ့ သဘောတရား များသည် စေတသိက်ပါ"

"စေတပ္ပာဒ စေတသိကာ" ဆိုပြီးတော့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ လာတယ်၊ အဲဒါ ဖတ်ကြည့်ကြပါ။

စိတ်နဲ့ လက်တွဲပြီး အလုပ်လုပ်ကြတဲ့ သဘောတရားများသည် စေတသိက်ပါ။

စေတသိက် ၅၂ မျိုး ရှိတဲ့အထဲမှာ ခုနက စေတသိက်မှတ်မှုကို ရအောင် ယူထားလိုက်ကြပါ။

- စိတ်သည် ရှင်ဘုရင်လို အကုန်လုံးကို လွှမ်းမိုးအုပ်ချုပ်တာ၊
- စေတသိက်တွေက အဲဒီ ရှင်ဘုရင်လို့ခေါ်တဲ့ စိတ်နဲ့ လက်တွဲပြီးတော့ အလုပ်လုပ်ကြရတာ၊
- ထိုကဲ့သို့ အလုပ်လုပ်ရတဲ့ စေတသိက်အားလုံးကို ဦးဆောင်ပြီးတော့ အလုပ်လုပ်သွားမှာက စေတနာ၊

ဒါဖြင့် စေတသိက်ပေါင်း ဘယ်လောက်ကို ဦးဆောင်သလဲဆိုယင် စေတသိက် ၅၂ မျိုးရှိတဲ့အထဲမှာ စေတနာပါနေတော့ ၅၁ မျိုးကို သူက ဦးဆောင်ပါတယ်တဲ့၊ ဟုတ်လား။

ဒီတော့ စေတနာမှတပါး ကျန်တဲ့စေတသိက် ၅၁ မျိုးတို့ရဲ့ အလုပ်ကိစ္စများကို အရာရာသိတတ်တဲ့ စိတ်နဲ့ တွဲစပ်ပေးနေတာဟာ အလယ်က စေတနာ။ ပြန်ပြောမယ်၊ စေတနာမှတပါး ၅၁ လုံးသော စေတသိက်တို့ရဲ့ အလုပ်ကိစ္စများကို အရာရာသိတတ်သောစိတ်နဲ့ တွဲစပ်ပေးနေတယ်၊ စေ့စပ်ပေးနေတယ်ဆိုတာဟာ အလယ်က စေတနာ။

ဥပမာလေးနဲ့ တွဲမှတ်တော့ လွယ်တယ်-

- စိတ်ကို ရှင်ဘုရင်နေရာထား၊
- ကျန်တဲ့ စေတသိက် ၅၁ လုံးတို့ရဲ့ အလုပ်ကိစ္စတွေကို တိုင်းသူပြည်သားတွေရဲ့ အလုပ်ကိစ္စလို့ သဘောထား၊
- အလယ်က စေတနာကို အိမ်ရှေ့မင်းသဖွယ် ဆောင်ရွက်တယ်လို့ သဘောထား၊

အိမ်ရှေ့မင်းကို ဖယ်ထုတ်လိုက်ပြီဆိုယင် ရှင်ဘုရင်နဲ့ တိုင်းသူပြည်သား၊ တိုင်းသူပြည်သားနဲ့ ရှင်ဘုရင် ရင်ကြားမစေ့တော့ဘူးနော်။ သဘောပေါက်အောင် စဉ်းစားကြပါ၊ ဒါ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ စဉ်းစားလို့ရတယ်။

## (၁) စေ့ဆော်ခြင်းသဘော

ထိပ်ဆုံးက ရှင်ဘုရင်ကြီးနဲ့ ဟိုကျေးလက်တောရွာက လယ်သမားကလေး ကိုဘာဘာ လိုလုပ် ဆက်စပ်လို့ရမလဲ။ ထိပ်ဆုံးက ရှင်ဘုရင်နဲ့ ဘမ်းခေါ်မှ၊ တံမြက်လှည်းတဲ့ စည်ပင်သာယာအလုပ်သမားဟာ ဘယ်လို လုပ် ဆက်စပ်လို့ရမလဲ။ ကြားထဲမှာ ဆက်စပ်ပေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်

ရှိမှပဲ ရှင်ဘုရင်ရဲ့ အလိုဆန္ဒ၊ လယ်သမားရဲ့သဘာဝ။ လယ်သမားရဲ့ အလိုဆန္ဒ၊ ရှင်ဘုရင်ရဲ့သဘာဝ ဒါကြားက ဆက်စပ်ပေးတဲ့လူ ရှိမှသိမယ်။ အဲဒီလိုမဟုတ်ပဲ ကြားပြတ်နေမယ်ဆိုယင် လုပ်ငန်းကိုင်ခန်းအောင်အောင် မြင်မြင် တွင်တွင်ကျယ်ကျယ် မဖြစ်ကြဘူး၊ စေတနာသည် အဲဒီလိုပါပဲတဲ့။

စေတယိတလက္ခဏာ စေတနာ-လို့

ဘုန်းကြီးတို့ ရေးပေးထားတာက ဘယ်လိုလဲ—

စေတယတီတိ စေတနာ၊

အဲဒါကို ပြင်ပြီးတော့–

စေတယိတလက္ခဏာ စေတနာ- လို့

မှတ်လိုက်ပါ၊ သဘောအတူတူပါပဲ။

စေတယတီတိ၊ စေ့ဆော်တတ်သည် ဖြစ်ခြင်းကြောင့်။

စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်တတ်သည် ဖြစ်ခြင်းကြောင့်။

အဓိပ္ပာယ်က ဒီလိုသွားတယ်၊ စေ့စေ့စပ်စပ်ဖြင့်ဖို့ နှိုးဆော်ပေးတယ်။ သဒ္ဓါက ဘုန်းကြီးတို့ ပရိသတ်စိတ်မှာ ကြည်လင်တယ်၊ စိတ်က သိတယ်။ သဒ္ဓါနဲ့စိတ် စိတ်နဲ့သဒ္ဓါ ကြားထဲမှာ စေ့စပ်ပေးထားတာဟာ စေတနာ။ ဝီရိယက အလုပ်လုပ်မယ်၊ စိတ်က သိတယ်။ အဲဒီ ဝီရိယနဲ့ စိတ် စိတ်နဲ့ဝီရိယကြားထဲမှာ စေ့စပ်ပေးနေတာဟာ စေတနာပါ။ နေရာတိုင်းမှာ စေတနာပါကြောင်း သဘောပေါက်ဖို့၊ ဟုတ်လား။ ပညာဆိုတာက ဝေဖန်စိစစ်မယ်၊ စိတ်က ဝေဖန်စိစစ်တာကို သိမယ်။ အဲဒီ ကြားထဲမှာ စေ့စပ်ပေးလိုက်တာက ဆက်စပ်ပေးလိုက်တာက စေတနာ။

စေတနာ နေရာတိုင်းမှာ ပါတယ်။ ခေတ်လိုပြောယင်တော့ ဆားလိုပါပဲ၊ ဟင်းခွက်တိုင်းမှာ ဆားမပါယင် ဘာမှအရသာမရှိဘူး။ သွေးတိုးသမားလဲ စားတော့စားချင်မှာပါပဲ သေမှာကြောက်လို့ မစားရတာ။ အဲဒီတော့ စေတနာဟာ ဘာနဲ့တူသလဲဆိုတော့ မီးဖိုချောင်စကားပြောယင်တော့ ဆားလိုပဲ၊ ဟုတ်လား။ အရာရာစေတနာအရေးကြီးကြောင်းကို ပရိသတ်အပေါင်းသူတော်ကောင်းတို့ သဘောပေါက်ဖို့ ဟုတ်လား။

စေတယတီတိ စေတနာ စေ့စေ့စပ်စပ် ဖြစ်အောင် နှိုးဆော်တတ်သောကြောင့် စေတနာခေါ်ပါတယ်။

အဲဒါကို လက္ခဏာထုတ်တော့—

(၁) စေတယိတလက္ခဏာ စေတနာ၊

စေ့ဆော်ခြင်းလက္ခဏာရှိတာကို စေတနာလို့ မှတ်ဖို့၊ စေ့ဆော် ခြင်း လက္ခဏာရှိတာကို စေတနာ၊ ဟုတ်လား။

(၂) အားစိုက်ခြင်းသဘော

(၂) အာယူဟနရသာ၊

အာယူဟနဆိုတာ အားထုတ်တာ။

ရှင်ဘုရင်ကိစ္စရော တိုင်းပြည်ကိစ္စရော အဲဒီနှစ်ကိစ္စလုံးကို ကြားကဲ နေ အပြင်းအထန် အားထုတ်နေတာ ဘယ်သူပါလဲ၊ အိမ်ရှေ့မင်း၊ ဟုတ်လား။

စိတ်ရဲ့သိမှုကိစ္စ၊ သဒ္ဓါဝီရိယ စသည်တို့ရဲ့ ကြည်လင်ခြင်း အားထုတ် ခြင်း အစရှိတဲ့ ကိစ္စတွေ ကြားထဲကနေပြီးတော့ အောင်မြင်ပါစေဆိုပြီး တော့ အားထုတ်နေတာဟာ စေတနာ။ စေတနာဟာ ဘာကိစ္စကို ဆောင်ရွက်သလဲဆိုယင် ကြားထဲကနေ အားထုတ်တဲ့ကိစ္စကို သူဆောင် ရွက်တယ်။

ရှင်ဘုရင်ကိစ္စနဲ့ တိုင်းပြည်ကိစ္စ ဒီနှစ်ခုကြားကနေ အိမ်ရှေ့မင်းက အပြင်းအထန် ဆောင်ရွက်သလိုပါပဲ၊ စိတ်ရဲ့သိမှုကိစ္စ သဒ္ဓါဝီရိယ စသည် တို့ရဲ့ ကြည်လင်ခြင်း အားထုတ်ခြင်း အစရှိတဲ့ ထိုထိုကိစ္စတွေကို အောင် အောင်မြင်မြင်ကြီးဖြစ်ဖို့ ကြားကနေ အပြင်းအထန် အားထုတ်ပေးနေ တာဟာ စေတနာ၊ ဟုတ်လား။

အာယူဟနရသာ - အားထုတ်ခြင်းဆိုတဲ့ အလုပ်ကိစ္စကို စေတနာက ဆောင်ရွက်ပါတယ်။

ရှင်ဘုရင်ကိုလဲပဲ နှိုးဆော်၊ တိုင်းသူပြည်သားတွေကိုလဲ နှိုးဆော်။ ရှင်ဘုရင်ကို နှိုးဆော်ခြင်းက အမိန့်ချပေးပါ၊ ဆုံးဖြတ်ပေးပါ။ တိုင်းသူ ပြည်သားတွေကို နှိုးဆော်ခြင်းက အလုပ်လုပ်ကြပါ၊ ကြိုးစားကြပါ။ အိမ်ရှေ့မင်း ထိုကဲ့သို့ နှိုးဆော်ခြင်းကိစ္စ ဆောင်ရွက်သလိုပဲ၊ စေတနာ သည် စိတ်ကသိဖို့ သဒ္ဓါဝီရိယ စသည်တို့က ကြည်ဖို့ အားထုတ်ဖို့ ကြားထဲ ကနေပြီးတော့ မပြတ်လှုံ့ဆော်နေရတာ အားစိုက်နေရတာ၊ အဲဒါ စေ တနာက လုပ်နေတာ၊ စေတနာ တလုံးထုတ်ယင် နှစ်ဘက်စလုံး ဘာမှ အလုပ်မဖြစ်တော့ဘူး။

အဲဒါဟာ ပရိသတ်များ သိဖို့လွယ်သေးလား၊ ဒါမျိုးကို သိဖို့လွယ်မလား၊ မလွယ်ဘူး။

အလွန်ခက်ခဲတဲ့သဘော၊ အလွန်နူးညံ့တဲ့သဘော၊ အလွန်သိမ်မွေ့တဲ့သဘော။ ရှိလဲရှိနေတယ်၊ မှန်လဲ မှန်နေတယ်။ တကယ်ရှိ တကယ်မှန်ပေမယ့် သိဖို့ချန်ကျတော့ ဘာဖြစ်လဲ၊ ခက်ခဲနေတယ်။ Subtle truth ဆိုတာ အဲဒါပဲ၊ တကယ်နူးညံ့တဲ့ သစ္စာတရား၊ ဟုတ်လား။ တကယ်ရှိ တကယ်မှန်ပေမယ့် သိဖို့ရန် သိပ်ခက်ခဲလွန်းလို့ အလွန်နုတဲ့ သဘောတရား Subtle truth အဘိဓမ္မာဆိုတာ Subtle truth အလွန်နူးညံ့သိမ်မွေ့တဲ့သစ္စာတရားကို အဘိဓမ္မာလို့ ခေါ်ပါတယ်။

## (၃) စိမ်ခန့်ခွဲခြင်း သဘော

နောက်တချက်က—

(၃) သံဝိဒဟန ပစ္စုပဋ္ဌာနာ၊

ပါဠိကို ဘုန်းကြီးတို့ပရိသတ်ဟာ စာအုပ်နဲ့ လက်နဲ့ မနီးစပ်ကြပေမယ်လဲ အသံနဲ့နား၊ နားနဲ့အသံမှာတော့ အမြဲတမ်း နီးစပ်နေကြပါတယ်။ ဘာကြောင့်လဲ၊ ဆရာတော် သံဃာတော်တို့ တရားဟောတဲ့အခါ ပါဠိမပါပဲနဲ့ ဘယ်ဆရာတော် သံဃာတော်မှ မဟောကြပါဘူး။ ဒီတော့ နားထဲမှာ ယဉ်နေတဲ့ပါဠိကို ယခုအခါ ရင်ထဲ နှလုံးထဲ အသည်းထဲရောက်အောင် ထည့်ဖို့ပဲ၊ ဘုန်းကြီးတို့က အဘိဓမ္မာ စကားလုံးလေးများကို အနည်းငယ်မျှ ထုတ်နုတ်၍ ပြောပါတယ်။

သံဝိဒဟန ပစ္စုပဋ္ဌာနာ။ တဲ့

ပစ္စုပဋ္ဌာနာဆိုတာ "အကျိုး"၊ ဘာအကျိုးပေါ်လာသလဲဆိုတော့ "သံဝိဒဟန"တဲ့။ စေတနာက စေ့ဆော်လိုက်တာ၊ စေတနာက အားစိုက်လိုက်တာဟာ ဘာအကျိုးပေါ်လာသလဲ၊ "သံဝိဒဟန" ဆိုတဲ့ အကျိုးတွေ ပေါ်လာတယ်။ "သံဝိဒဟန"ဆိုတာ "စီမံခန့်ခွဲတာ"၊ ဟုတ်လား။ စီမံခန့်ခွဲခြင်း ကိစ္စတွေပြီးသွားပြီဟဲ့၊ စီမံခြင်းခန့်ခွဲခြင်းကိစ္စ ပြီးပြည့်စုံပြီဆိုတဲ့ "အကျိုး"တွေ ပေါ်လာတယ်။

အိမ်ရှေ့မင်းသားက ရှင်ဘုရင်ကြီးကို နှိုးဆော်၊ တိုင်းသူပြည်သားတွေကို တိုက်တွန်း၊ နောက်ဆုံးကျတော့ ဘာအကျိုးပေါ်လာသလဲ၊ လုပ်ငန်းတွေ စီမံတာပြီး စီးသွားပြီဆိုတဲ့ အကျိုးတွေ ပေါ်လာတယ်။ "ကံ" ဖြစ်သွားတယ်၊ ဟုတ်လား။

စိတ်နဲ့ အခြား စေတသိက်တို့၏ကြား စေတနာက နေပြီးတော့ ကြားက စေ့စေ့စပ်စပ် လုပ်ပေးလိုက်တာဟာ နောက်ဆုံး ဘာဖြစ်သွားပါ သလဲဆိုတော့ သတိပဋ္ဌာန် စီမံခန့်ခွဲမှုတွေ ပြည့်စုံသွားတယ်။

ဒီတော့ ဘုန်းကြီး လိုချင်တာ ပြေးရှင်းသွားအောင် ဒီလိုဆို ကြစို့၊ စေတနာဟာ–

(၁) စေ့ဆော်ခြင်း သဘော ရှိတယ်၊

(၂) အားစိုက်ခြင်း သဘော ရှိတယ်၊

(၃) စီမံခန့်ခွဲခြင်း သဘော ရှိတယ်၊

ဒီလိုဆိုတော့ သိပ်မှတ်လို့ ကောင်းသွားတယ်။ ဘုန်းကြီးတို့ ကျမ်းဂန်အတိုင်း ပြောနေတော့ နည်းနည်း လည်တယ်တယ် ဖြစ်ချင် ဖြစ်မယ်။

## ပြင်ပအကူအညီ တောင်းနေဖို့မလို

စေတနာဆိုတာ စေ့ဆော်ခြင်းသဘော ရှိတယ်။

စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်တယ်၊ အားစိုက်၍ နှိုးဆော် တယ်၊ စီမံခန့်ခွဲတယ်တဲ့၊ အဲဒါ ဘယ်သူလုပ်နေတာလဲ၊ စေတနာက လုပ် နေတာ။

ဘုန်းကြီးတို့ ပရိသတ်၊ စေတနာဟာ ဘယ်မှာ ကိန်းဝပ်သလဲ၊ အဘိဓမ္မာနည်းအတိုင်းပဲ ပြောပါ့မယ်၊ ဘုန်းကြီးတို့ ဦးနှောက်ကို ဘာမှ မသုံးသပ်ပါရစေနဲ့၊ အဘိဓမ္မာနည်းအတိုင်းပဲ ပြောပါ့မယ်။ နှလုံးသား မှာ ကိန်းဝပ်ပါတယ် ဦးနှောက်မှာ ကိန်းချင်ကိန်းပေါ့လေ။ စေတနာက တော့ ရှိနေတာ သေချာတယ် မဟုတ်လား။ ဦးနှောက်မှာပဲ ကိန်းကိန်း၊ နှလုံးသားဆိုတဲ့ ဟဒယဝတ္ထုမှာပဲကိန်းကိန်း၊ ကိန်းချင်တဲ့ နေရာမှာပဲကိန်း၊ စေတနာကတော့ သေချာတယ်၊ ဟုတ်လား။

အဲဒီတော့ အရာရာမှာ တိုက်တွန်း နှိုးဆော်ပေးပြီးတော့ အားစိုက် ပေးတယ်၊ ပြီးတော့ လုပ်ငန်းတွေကို စီမံခန့်ခွဲပေးတယ် ဆိုတဲ့ စေတနာရဲ့ သတ္တိအထူးကို နားလည်ကြလို့ရှိယင် လက်ခံကြလို့ရှိယင်၊ ဒီပြင်အပ တန် ခိုးတစ်မျိုးမျိုးကို အကူအညီခေါ်ပြီးတော့ မည်သည့်အရာဝတ္ထုကို ပြုလုပ် ပေးဖို့ ဖန်ဆင်းပေးဖို့ တောင်းဆိုနေဖို့ရာ လိုဦးမလား၊ မလိုပါဘူး။

ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းရဲ့တဆင့်ထက် တဆင့် မြင့်မားလာပုံကို ဘုန်းကြီးတို့ ပရိသတ် သဘော ပေါက်နိုင်ကြပါတယ်။ ဒီပြင်အပက အကူအညီ တခုခုကို ဘုန်းကြီးတို့ ပရိသတ် ယူဖွယ်ရာ လိုသေးသလား၊ မလို ပါဘူး။

ဒါ့ကြောင့် ဘုန်းကြီးတို့ မြတ်ဗုဒ္ဓသည် ဗောဓိဉာဏ်ကို ရတော်မူတဲ့ အခါမှာ Unaided, Unguided လို့ဘုန်းကြီးတို့ဒီလိုလေးထည့်ပြီး ကော့ ရေးထားတယ်၊ အပြင်ဘက်က အကူအညီတခုခု၊ အပြင်ဘက်က လမ်းညွှန်တခုခု ဘယ်သူ့ထံကမှ မယူပါဘူးတဲ့၊ ဟုတ်ရဲ့လား။ မိမိရင်ထဲ နှလုံးထဲမှာ ခေတ်လိုပြောကြတော့ ဦးနှောက်ထဲမှာ ကိန်းနေတဲ့ စေတနာ တွေ၊ သဒ္ဓါတွေ၊ ပညာတွေ၊ ဝီရိယတွေကို ဒီစွမ်းရည်သတ္တိတွေကိုစုပေါင်း ပြီးတော့ အသုံးချလိုက်တာ နောက်ဆုံး ဗောဓိဉာဏ်တို့ ရောက်သွားပါ တယ်။

စေတနာရှိသတော့ ရကြပြီလား။

စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်ပေးတဲ့သဘောရှိတယ်။

ဘယ်လို စေ့စပ်ပေးသလဲ ဆိုယင်၊ မှတ်မိအောင် ရှင်ဘုရင်နဲ့ တိုင်းပြည်ကြားမှာ အိမ်ရှေ့မင်းလိုပဲလို့ မှတ်ထားလိုက်။

စေတနာကိုပယ်လိုက်ယင် ဘယ်လိုဖြစ်လာမလဲ

ဥပမာယ မိစေဝဏ္ဏ ဝိညူပုရိသာ သာသိတာသ၊ အတ္ထ ဇာနန္တိ ပဏ္ဍိတာ။

ဥပမာလေးနဲ့ ပြောယင် ပသက်လုံ မမေ့တော့ဘူး မှတ်လို့လွယ် တယ်။

ဘာတိစမ္မာသဘော ဒီအတိုင်းပြောသွားယင် တခါတခါ မှတ်ရ အလွန်ခက်ပါတယ်။

စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်တယ်၊ စိတ်သည် ရှင်ဘုရင်လို အရာရာမှာ လွှမ်းမိုးတယ်၊ စေတသိက်တွေက ရှင်ဘုရင်ရဲ့ လက်ထောက် ဝန်ကြီးများသဖွယ် ဖြစ်ကြတယ်၊ အဲဒီအထဲမှာ ဝန်ကြီး အားလုံးကို ဦးဆောင်နေတဲ့ အခတ်ကြီး အားလုံးကို ဦးဆောင်နေတဲ့ အိမ်ရှေ့မင်းသား သဖွယ်ဖြစ်တာကတော့ စေတနာတဲ့၊ ဟုတ်လား။

အဲဒါကြောင့် စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်ခြင်း တိုက်တွန်းခြင်းသဘော လက္ခဏာရှိတာ စေတနာ၊ လုပ်ငန်းမှန်သမျှကို အားစိုက်၍ အားထုတ်၍ အလုပ်လုပ်တာ စေတနာ၊ လုပ်ငန်းမှန်သမျှကို စီမံခန့်ခွဲနေတဲ့ သံဝိဓာနသဘောရှိတာ စေတနာ။ စေတနာက ဒါတွေကို လုပ်ပြီးတဲ့၊ စီမံတယ် ခန့်ခွဲတယ် အားစိုက်ပေးတယ်၊ စေ့စေ့စပ်စပ် ဖြစ်အောင် နှိုးဆော်ပေးပါတယ်။

အဲဒီ စေတနာတလုံးကို ထုတ်ပစ်လိုက်ယင်၊ တနည်း စေတနာ ဆိုတာမရှိခဲ့ယင် ဟို-သင်္ဘောကြီးတစင်းမှာ ပန်ကာ ဘယ်လောက်ကောင်းကောင်း တက်မက ဘယ်လောက်ကောင်းကောင်း စတီယာတိုင် ဘယ်လောက်ကောင်းကောင်း အင်ဂျင်ကြီးက ဘယ်လောက်ကောင်းကောင်း၊ အဲဒါတွေ မည်မျှကောင်းစေကာမူ ကိုယ်ထည်ကြီးတခုကို ဖယ်ပစ်လိုက်ယင် ကျန်တဲ့ပစ္စည်းတွေနဲ့ ဘယ်လိုမှ ပင်လယ်ကို ဖြတ်လို့မရဘူး၊ ဟုတ်လား။

သင်္ဘောကိုယ်ထည်ကြီးကို ဖယ်ပစ်လိုက်ယင် ဘယ်လောက်ကောင်းတဲ့ အင်ဂျင်ကြီးပဲဖြစ်ဖြစ် ပင်လယ်ပြင်ကြီးထဲမှာ မောင်းလို့ ဖြစ်ဦးမလား၊ မဖြစ်ဘူး။ သင်္ဘောကိုယ်ထည်ကြီးကို ပယ်လိုက်ယင် တက်တွေရော တက်မတွေရော ပန်ကာတွေရော အကုန်လုံး အကုန်လုံး ဘာနဲ့မှ ပင်လယ်မှာ ကူးဖြတ်လို့ မရကြဘူး။ စေတနာသည် သင်္ဘောကိုယ်ထည်ကြီးနဲ့ တူပါတယ်၊ ဟုတ်လား။

သင်္ဘောကိုယ်ထည်ကြီး မပေါက်သေးသမျှ သင်္ဘောထဲကို ရေမဝင်ဘူးပေါ့။ ရေမဝင်ယင် အင်ဂျင်ကြီးလဲ ကောင်းကောင်း မောင်းတယ်၊ နောက်ပိုင်းက တက်မကြီးတွေကလဲပဲ သူ့အလုပ်သူလုပ်ကြမယ်၊ ရှေ့ပိုင်းက စတီယာတိုင်ကလဲ သူ့အလုပ် သူလုပ်မယ်။ ကျန်တဲ့ ဆလိုက်တွေ ဘာတွေ သင်္ဘောတစင်းလုံး အကုန်လုံးပဲ အလုပ်လုပ်နေကြမှာပါပဲ။

### စေတနာသင်္ဘောကြီး ဝမ်းဗိုက်မပေါက်စေနှင့်

အဲဒီအခါ သင်္ဘောစီးသူ တွေ ခရီးသည်တွေလဲပဲ ဘာဖြစ်မလဲ၊ အားလုံး ချမ်းချမ်းသာသာ အန္တရာယ်ကင်းစွာ ဟိုဘက်ကမ်းကို ရောက်ကြမှာပါ။ သင်္ဘောကိုယ်ထည်ကြီး ပေါက်ပြီဟေ့ ဆိုယင်တော့ ကျန်တာတွေ ဘာမှ အသုံးမဝင်တော့ဘူး၊ အကုန်လုံး ရေဝင်ပြီးတော့ မြုပ်ကြဖို့ ဒီလို မဟုတ်လား။

ဘုန်းကြီးတို့ ပရိသတ်များ စေတနာဆိုတဲ့ သင်္ဘော ကိုယ်ထည်ကြီးထဲကို စေတနာဆိုတဲ့ လှေဝမ်းကြီးထဲကို ကိလေသာဆိုတဲ့ ရေတွေမဝင်ဖို့ အရေးကြီးပါတယ်။ ကိလေသာဆိုတဲ့ ရေတွေ စီးပြီးတော့ မဝင်ပါစေနဲ့၊ သင်္ဘောပေါက်ကြီး လှေကွဲကြီးကိုလဲ မစီးမိကြပါစေနဲ့၊ ဆိုလိုတာက စေတနာမဆိုးနဲ့တဲ့ ဟုတ်လား။

စေတနာဆိုးယင် ကံဆိုးတာပါပဲ၊ စေတနာကောင်းယင် ကံကောင်းတာပါပဲ။ ကံကောင်းဖို့ ဘာမှ အခက်အခဲမရှိဘူး၊ ငါ့ကံကောင်းသလား မကောင်းသလား ဆိုတာကို ဗေဒင်မတွက်နဲ့ သိတယ်၊ လက္ခဏာမမေးပဲနဲ့ သိတယ်။ ကံကောင်းသလား မကောင်းသလားဆိုတာကို ကိုယ့်စေတနာကို ကိုယ့်ဉာဏ်နဲ့ ကိုယ်ဟာကို တွက်ကြည့်ယင် မသိဘူးလား၊ စေတနာဆိုးကြယင် ကံဆိုးကြတာပါပဲ၊ စေတနာကောင်းယင် ကံကောင်းကြတာပါပဲ၊ စေတနာကိုပဲ "ကံ" လို့ ခေါ်ကြတာ၊ ဟုတ်ဘူးလား။

ကိုယ့်စေတနာ ကိုယ်တွက်မှ သိတာ၊ သူများတွက်လို့။ ကိုယ့်စေတနာကို သိပါ့မလား၊ မသိဘူး။ အေးဗျာ အဲဒါ ကိုယ့်စေတနာ ကိုယ်ဟာကိုယ်တွက်ယင် သိနိုင်လျက်နဲ့ ဟိုလူ့သွားမေးရ ဒီလူ့သွားမေးရနဲ့ ဘယ့်နှယ်ကြောင့် သူများ သွားသွားပြီး ကိုယ့်စေတနာကို မေးနေရတာလဲ၊ ကံကောင်း ကံဆိုး သူများမမေးနဲ့ ကိုယ့်ကိုယ်ကိုမေး။ ဘုန်းကြီးတို့ ပရိသတ်များ ကိုးကွယ်မှု အဆင့်အတန်းမြင့်ဖို့၊ ဟုတ်လား။ အပြင်ဘက်မှာ အကူအညီ မရှာရဘူး၊ မိမိမှာ အကူအညီတွေ အပြည့်အစုံရှိပါတယ်။

စေတနာသတ္တိကဘာလဲ၊ စေ့စေ့စပ်စပ် ဖြစ်အောင် နှိုးဆော်လိမ့်မယ်။ ဒီတော့ လုပ်ငန်းမှန်သမျှ သူ့အားစိုက်ပြီးတော့ လုပ်လိမ့်မယ်၊ အမှုကိစ္စတွေအားလုံးကို သူသည် စီမံလိမ့်မယ်။ အဲဒါစေတနာ ညံ့ပြီဆိုယင် ဘယ်အလုပ်ကိစ္စမှလဲ မနှိုးဆော်တော့ဘူး၊ ဘယ်အလုပ်ကိစ္စမှလဲ အားမစိုက်တော့ဘူး၊ ဘယ်အလုပ်ကိစ္စမှလဲ မစီမံတော့ဘူး။ စေတနာညံ့ယင် အားစိုက်ခြင်း၊ စီမံခန့်ခွဲခြင်း စေ့စေ့စပ်စပ်ဖြစ်အောင် နှိုးဆော်ခြင်းတွေဘာမှ မဖြစ်တော့ပါဘူး။

အဲဒီ စေတနာထဲ လောဘဝင်ယင်တော့ ငါ့ရဖို့ချည်း အားစိုက်တော့မှာပဲ၊ ဒီစေတနာထဲ ဒေါသဝင်ယင် သူညှဉ်းဆဲဖို့ချည်း အားစိုက်တော့မှာပဲ စီမံတော့မှာပဲ စေတနာထဲ မောဟဝင်ယင်တော့ မိုက်မိုက်မဲမဲ အားစိုက်ခြင်း စီမံခြင်း စေ့ဆော်ခြင်း ဆိုဟာတွေကို လုပ်တော့မှာပဲ။ အဲဒါ ဘာဖြစ်တာလဲ၊ သင်္ဘောလှေဝမ်းကြီး ပေါက်သွားတာ။

"ဘာဖြစ်တာလဲ"

"သဘော်ဝမ်းကြီး ပေါက်သွားတာပါဘုရား"

အဲဒီလိုဆိုယင်တော့ ရေလယ်ခေါင် နစ်ကြတော့မှာပဲ၊ အဲဒီလို မဟုတ်လား။

## ကံဆိုး ကံကောင်း သိဖို့အတွက်

ဘုန်းကြီးတို့ ပရိသတ် ဗေဒင် တွက်တတ်သလား၊ တွက်ပေါ့။ ဒီကနေ့ကစပြီး တွက်ကြဖို့ ကိုယ့်ဟာကိုယ်တွက်ကြ၊ ငါ့စေတနာ ဘယ်လောက်ကောင်းသလဲ၊ ငါသည် လောကကြီးကို စီးလာမိပြီလား၊ တွက်ကြ၊ ရပြီနော်။ ဘုန်းကြီးတို့ဗုဒ္ဓဗေဒင်က ဒီလိုတွက်တာ၊ ဟုတ်လား။ ကိုယ့်ကိုယ်ကို အားကိုးတဲ့ အပိုင်းမှာ အဓိကပဲ မဟုတ်လား။ အေး ဟိုတနေ့က ပြောပြီးပြီ။

အတ္တဒီပါ အတ္တသရဏာ အနညသရဏာ၊

ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ၊

မိမိတို့ကိုယ်ကို မှီခိုကြပါ၊ မိမိတို့ကိုယ်ကို ကိုးကွယ်ကြပါ။

ဓမ္မဆိုတဲ့ ဒီ စိတ်စေတသိက်တွေရဲ့ သဘောတရားတွေကို မှီခိုကြပါ၊ ကိုးကွယ်ကြပါ။ အားကိုးကြပါ။

မြတ်ဗုဒ္ဓက ဒီလိုပြောထားတယ်။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ဒီကနေ့ ဗေဒင်တွက်နည်းတခုတော့ ရသွားပြီ။ စေတနာကို တွက်ကြည့်လိုက်၊ စေတနာထဲမှာ လောဘ ဒေါသ မောဟ ဆိုတဲ့ ကိလေသာတွေ ပူးပေါင်းတဲ့အခါ သဘော်ဝမ်းပေါက်ကြီး ကို စီးမိထားလို့ပဲ၊ အင်ဂျင်ကြီးလဲ ကောင်းလို့မှ မဟုတ်တော့ဘူး၊ နောက်က တက်မကြီး ဘယ်လိုပဲ ထိန်းထိန်း စတီယ တိုင်ကိုင်တဲ့လူ ဘယ်လောက်ကောင်းကောင်း မြုပ်မှာပဲ၊ သဘော်ဝမ်းကြီး မပေါက်ပါစေနဲ့။

သဘော်ကိုယ်ထည် လှေကိုယ်ထည်ဆိုကာ စေတနာကို ဆိုလိုပါ တယ်တဲ့၊ စေတနာရဲ့ သဘောဟာ သဘော် ကိုယ်ထည်ကြီးနဲ့ တူကြောင်း ဘုန်းကြီးတို့ ပရိသတ် မှတ်လိုက်ပါတော့၊ အဲဒီ စေတနာသည်ပင်လျှင် အမည်ပြောင်းလဲတဲ့အခါကျတော့ "ကံ" ဖြစ်သွားပါတယ်။

"စေတနာက ဟိုမိုကောင်းကင် နေထဲ လထဲ နက္ခတ်ထဲ ရှိတာ လား၊ ကိုယ့်နှလုံးသားထဲ ရှိတာလား"

"ကိုယ့်နှလုံးသားထဲမှာ ရှိတာပါဘုရား"

ဒီတော့ ကောင်းကင်ပေါ် သွားပြီး မတွေ့ကန်နဲ့တော့၊ နေလ နက္ခတ်တာရာ သွားပြီးတော့ ရှာမနိုးနဲ့တော့၊ မလိုတော့ဘူး မလိုဘူး၊ ငါ့စေတနာ ငါ့နှလုံးသားထဲရှိတယ်ဆိုတာကို လက်ခံထားတဲ့ အချိန်က ပြီးတော့ စေတနာကို စောင့်ကြည့်ကြပါ။ ဘာနဲ့ စောင့်ကြည့်ရမလဲ၊ သတိနဲ့ စောင့်ကြည့်ကြပါ၊ အဘိဓမ္မာထဲက စေတသိက် တလုံးလာတယ်။

သတိနဲ့စောင့်ကြည့်၊
ပညာနဲ့ စိစစ်

ဟုတ်လား၊ သတိက စောင့်ကြည့်တယ်၊ ပညာက စိစစ်တယ်၊ သတိ ပညာနဲ့ စေတနာကို စောင့်ကြည့်လို့ရှိယင် ငါသည် ကံဆိုးတယ် ကံကောင်းတယ် ဆိုတာကို ကိုယ့်ဟာကို ကြည့်လို့ တွေ့လို့ ရပါတယ်။

### ပြုလုပ်သူနှင့် ခံစားသူ

ဒါကြောင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့-တချက်ဝ ည်း သာမှတ်လိုက်တော့၊ "ကတ္တာ" သို့မဟုတ် "ကာရက" အဲဒါကို မြန်မာလို ပြန်တော့ "ပြုလုပ်သူ" ဟုတ်လား။ အင်္ဂလိပ်လိုကတော့ Creator ကတ္တာ ကာရက ပြုလုပ်သူဆိုတာ ခြားမဟုတ်ဘူး၊ စေတနာ။ ကောင်းတဲ့အမှု မကောင်းတဲ့အမှု မှန်သမျှကို ဘယ်သူပြုသလဲမေးယင် စေတနာက ပြုပါတယ်။ ကောင်းမှု မကောင်းမှု ဒီနှစ်ခုကို ကြားကနေ သူ(စေတနာ) ပြုနေတာ။

အိမ်ရှေ့မင်းက တိုင်းပြည်အရေးနဲ့ ရှင်ဘုရင်အမိန့် ဒီနှစ်ခု ဆက်ပေပြီးတော့ ဆောင်ရွက်သလို စေတနာက ကောင်းမှု မကောင်းမှု ဒီနှစ်ခုကို အားစိုက်ပြီးတော့ စီမံ ခန့်ခွဲ ပါတယ်။ ကောင်းမှု မကောင်းမှု ပြုသူ "ကတ္တာ" သို့မဟုတ် "ကာရက"ဆိုတာ "စေတနာ"၊ ရကြပြီလား။

"ကောင်းမှု မကောင်းမှု ဒီနှစ်ခုကို ပြုသူ ကတ္တာ သို့မဟုတ် ကာရက ဆိုတာ စေတနာ"

ဘုန်းကြီးတို့ ပရိသတ် မှတ်လို့ရအောင် ဖြည်းဖြည်းလဲ ပြောပါတယ်၊ ဘုန်းကြီးတို့နှစ်ခေါက်လဲ ပြောပါတယ်။ ကောင်းမှု မကောင်းမှု ဒီနှစ်ခုကို ပြုသူ ကတ္တာ သို့မဟုတ် ကာရက သို့ ဆိုတာက "စေတနာ"

ဒါဖြင့် အဲဒီ စေတနာက ပြုပေးသမျှကို ထိုင်ပြီးတော့ ခံစားမှာက ဟိုဘက်မှာ "ဝေဒနာ"ဆိုတာ ရှိတယ်။ စေတသိက်လေးတွေ တလုံးစီ တလုံးစီ ထွက်လာတယ်။

ပြုသူ စေတနာ

ခံသူ ဝေဒနာ

"ဘုန်းကြီးတို့ပရိသတ် ကောင်းမှု မကောင်းမှု ဒီနှစ်ခုကို ဘယ်သူပြုလဲ"

"စေတနာပြုပါတယ် ဘုရား"

ကောင်းကျိုး မကောင်းကျိုး ဒီနှစ်မျိုးကို ဝေဒနာက ခံစားတယ်၊ ဟုတ်လား။ ပြုသူ စေတနာ၊ ခံသူ ဝေဒနာ။ ခံ ဆိုတဲ့ နေရာမှာ "စား" ထည့်တော့ "ခံစားသူ" ဝေဒနာ။ ပုဂ္ဂိုလ် သတ္တဝါတွေ မရှိဘူးတဲ့၊ ခံစားတာက ဝေဒနာ ပြုလုပ်သူက စေတနာ။

ဒီတော့ တန်ခိုးရှိသော မမြင်ရတဲ့ ပုဂ္ဂိုလ် တစုံတယောက် တနေရာကနေ ပြုလုပ်ပေးနေတာ မဟုတ်ဘူး၊ လူတွေ နတ်တွေ ဗြဟ္မာတွေက ထိုင်ပြီးတော့ ခံစားနေကြတာ မဟုတ်ဘူးတဲ့။ ကိုယ့်နှလုံးသားထဲက ကိန်းဝပ်နေတဲ့ စေတနာက ပြုသမျှကို အဲဒီစေတနာ နားမှာကပ်ပြီးတော့ ကိန်းဝပ်နေတဲ့ ဝေဒနာက ထိုင်ပြီးတော့ ခံစားနေတယ်။

ဒီနှလုံးသားထဲမှာ ကိန်းနေတဲ့ စေတနာက ပြုပေးသမျှကို အဲဒီ စေတနာ နားမှာကပ်ပြီးတော့ ကိန်းနေတဲ့ ဝေဒနာက ခံစားတယ်၊ ဘုန်းကြီးတို့ပရိသတ်သိဖို့ရန် လွယ်သလား။ အလွန် နူးညံ့တဲ့ သဘောတရား၊ ရှိလဲ ရှိတယ် မှန်လဲ မှန်တယ် Subtle Truth ဆိုတာ သူပဲ။ တကယ်ရှိ တကယ်မှန်ပြီးတော့ အလွန်နူးညံ့တဲ့ သစ္စာတရားကို Subtle Truth လို့ ဒီလိုခေါ်ပါတယ်၊ ဟုတ်လား။

## မြွေကို ခေါက်ခွဲကြည့်တော့

မြေကြီးထဲက ထွက်သမျှ ကျောက်ခဲတွေ မြေကြီးတွေ အကုန်လုံး တူးယူပြီးတော့ ခေါက်သတ္တုတွေကို ခေါက်ခွဲခန်းမှာ ခွဲထုတ်လိုက်တဲ့အခါ ဒီဥစ္စာက ကြေး ဒါက သံ ဒါက ခဲ ဒါက သွပ် ဒါက ငွေ၊ ခွဲလိုက်တာ ခွဲလိုက်တာ နောက်ဆုံး ဘုန်းကြီးတို့ ပရိသတ် ရွှေခေါက်သို့ ရောက်ပြီလဲ ဆိုမှ နောက်ထပ် တဖန် ခေါက်ခွဲလို့ ဘာမှ မထွက်တော့ဘူး။ ရွှေခေါက် သည်ဘာလဲ၊ နောက်ဆုံး ခေါက်ပဲ။

မြေကြီးထဲက တူးတဲ့ ဓာတ်သတ္တုတွေထဲမှာ နောက်ဆုံး ဓာတ်ခွဲယင် ရွှေဟာ နောက်ဆုံး ရောက်သွားတယ်၊ ရွှေကို နောက်ထပ် ဓာတ်ခွဲ ဘာမျှ မလာတော့ဘူး၊ ကုန်ရော။ အမြင့်ဆုံးလဲ ဖြစ်တယ်၊ နောက်ဆုံးလဲ ဖြစ်တယ်၊ အဖိုးတန်ဆုံးလဲ ဖြစ်တယ်။

ရွှေဓာတ် ဒီကနေ့ ၅၀၀၀ တောင် ကျော်နေပြီ၊ အဖိုးတန်တဲ့ အကြောင်းပေါ့၊ ဟုတ်လား။ ကမ္ဘာသာဝန်းလုံးရဲ့ နိုင်ငံအားလုံးက ငွေကြေးဟာ ရွှေနဲ့ ချိန်ဆက်ဘာ၊ ဘယ်တိုင်းပြည်က ငွေ ဘာပစ္စည်း ဖြစ်ဖြစ် ရွှေနဲ့ သွားပြီးတော့ ချိန်ဆက်ပြီးတော့ တန်ဖိုးဖြတ်တာ။ အကောင်းဆုံး တန်ဖိုးအရှိဆုံး နောက်ဆုံးဖြစ်နေတဲ့ ဓာတ်သည် ရွှေဓာတ်။

ထိုနည်းတူစွာ ဟိုဥပမာအတိုင်းပဲ လူလောက၊ နတ်လောက၊ ဗြဟ္မာလောက ပြောချင်တိုင်းပြော။ အာရှ၊ အာဖရိက၊ ဥရောပ၊ စကြဝဠာအနန္တ၊ နေလနက္ခတာရာ ဆိုချင်သလိုဆို။ အဲဒီလို အမည်နာမတွေ လျှောက်ပြောယင် အများကြီး မရေနိုင်အောင် သွားတယ်။ အဲဒါတွေ အကုန်လုံး ဓာတ်ခွဲယင် သင်္ခါရနယ်မှာ သုံးခုပဲ ရတယ်။

(၁) စိတ်

(၂) စေတသိက်

(၃) ရုပ်

အဲဒါ သင်္ခတဓာတ်သား သုံးခု။

ဒီအကြောင်းကို ဟိုကနေ့က ပြောပြီးပြီ၊ ပြုထားတဲ့ ပြင်ထားတဲ့ သင်္ခတ။ စိတ်ဆိုတာ ပြုရတယ်၊ စေတသိက် ဆိုတာ ပြင်ရတယ်၊ ရုပ်ဆိုတာ ပြင်ရတယ်။ ပြုပြင်ရတဲ့ ဓာတ်သားတွေကို သင်္ခတဓာတ် ခေါ်တယ်။

နိဗ္ဗာန်ဆိုတာ ဘယ်သူမှ လုပ်စရာ မလိုဘူး၊ ဘယ်တော့မှ ပြင်စရာ မလိုဘူး၊ ပြုပြင်သူ မရှိ၊ ပကတိ အေးချမ်းနေတဲ့ ဓာတ်က အသင်္ခတ ဓာတ်၊ ဟုတ်လား။ ဘယ်သူမှ ပြုလုပ်ထားလို့ နိဗ္ဗာန်သည် ပေါ်လာတာ မဟုတ်ဘူး၊ ပြုသူမရှိ ပြင်သူမရှိ ပကတိ ငြိမ်းအေးနေတဲ့ ဓာတ်သည် အသင်္ခတဓာတ်။ အဲဒီတော့ ပြုပြင်နေရတဲ့ဓာတ်က သင်္ခတဓာတ်

## အဘိဓမ္မာ ဆိုတာ

သင်္ခတခေတ် အသင်္ခတခေတ်ဆိုတဲ့ ခေတ်နှစ်မျိုးကို ထပ်ခွဲယင်–

(၁) စိတ်
(၂) စေတသိက်
(၃) ရုပ်
(၄) နိဗ္ဗာန်

ဒီလိုလာတယ်။ အဲဒီနောက် ဘာမှိုသေးလဲလို့ မေးယင် ဘာမှမရှိတော့ဘူး၊ ကုန်ပြီ၊ သူသည် နောက်ဆုံး ခေတ်ပဲ၊ ရွှေခေတ်နဲ့ အတူတူပဲ။ စိတ်တကယ်ရှိတယ်၊ တကယ်မှန်တယ်။ နိဗ္ဗာန်တကယ်ရှိတယ်၊ တကယ်မှန်တယ်။ တကယ်ရှိ တကယ်မှန်သောတရား၊ ရွှေခေတ်ကဲ့သို့ နောက်ဆုံးသို့ ရောက်သွားတာ။ ဒါကို ထပ်မ ခေတ်ခွဲ၊ ဘာမှ မလာတော့ဘူး၊ အဲဒီနောက် ဘာမှ မရှိတော့ဘူး။

လူဆိုတာကိုထပ်ခွဲယင် အင်္ဂလိပ်လူမျိုး၊ အမေရိကန်လူမျိုး၊ မြန်မာလူမျိုး၊ လူအမျိုးမျိုးလာတယ်။ မြန်မာလူမျိုးလဲ ထပ်ပြီးတော့ ခေတ်ခွဲယင် ပျူလူမျိုးတို့၊ ကမ်းယံတို့၊ သက်တို့၊ ဘာတို့ ညာတို့၊ မွန်တို့၊ ကရင်တို့ အများကြီးလာတယ်၊ ဟုတ်လား။ နောက်ဆုံး စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန်ထဲလဲရောက်ရော ထပ်ပြီးတော့ ခွဲစရာရှိသေးလား၊ မရှိတော့ဘူး။

ဩကာသလောကကြီး ပြောတော့လဲပဲ ဒါက နေ၊ ဒါက လ ဒါက မြေကြီး၊ ဒါက ရေ၊ အို–လျှောက်ပြောမဆုံးတော့ဘူး၊ အဲဒီ ဩကာသလောကကြီးကို စုလိုက်တော့ တလုံးတည်းရယ်၊ "ရုပ်တရား"။

"ဘာ တရားပါလဲ"
"ရုပ်တရားပါ ဘုရား"

ကုန်ပါပြီတဲ့၊ ဒီအထဲ အကုန်ဝင်သွားတယ်။

အဲဒါကြောင့်မို့လို့ဘာခေါ်လဲ၊ Ultimate truth ဟုတ်လား။ နောက်ဆုံး ရွှေခေတ်ကဲ့သို့ အနှစ်ထိုင်နေတဲ့ သဘောတရားဖြစ်ခြင်းကြောင့် အဲဒါကို Ultimate truth လို့ ခေါ်ပါတယ်။

(၁) တကယ်ရှိ တကယ်မှန်သောတရား၊ အဲဒါကို Rlae **truth.**

(၂) သိဖို့ရာ အလွန်ခက်ခဲ နူးညံ့သိမ်မွေ့တဲ့ သဘောတရား၊ အဲဒါကို Subtle truth

(၃) ရွှေခေတ်လို နောက်ဆုံး အနှစ်ထိုင်နေတဲ့ တရားဖြစ်ခြင်းကြောင့်လဲ၊အဲဒါကို Ultimate truth

ဒီလိုခေါ်ပါတယ်။ အဲဒါကို"အဘိဓမ္မာ"။

— Abhidhamma is the subtle truth.
— Abhidhamma is the real truth.
— Abhidhamma is the ultimate truth.

— အဘိဓမ္မာဟူသည်ကား အလွန်နူးညံ့သော သစ္စာတရား။
— အဘိဓမ္မာ ဆိုသည်ကား တကယ်ရှိသော သစ္စာတရား။
— အဘိဓမ္မာ ဆိုသည်ကား ရွှေခေတ်ကဲ့သို့ အနှစ်ထိုင်နေတဲ့ နောက်ဆုံးအဆင့် ရောက်နေတဲ့ သစ္စာတရား။

ဟုတ်လား။ ကိုင်း—ဘုန်းကြီးတို့ ပရိသတ်များ ခုနက နှစ်လုံးကို ပြန်ကိုင်ကြပါ။

ပြုလုပ်ပေးမည့် တန်ခိုးရှင် ရှာလို့မရ

(၁) အရေရှာ ပြုလုပ်စီမံနေတာ စေတနာ၊
(၂) စေတနာက ပြုပေးသမျှကို ဟိုဘက်က စေတနာနား မှာ ကပ်ပြီးတော့ ခံစားနေတာ ဝေဒနာ။

စေတနာက ပြုသမျှကို ဝေဒနာက ခံစားနေတယ်၊ ဟုတ်လား။ စေတနာက ပြုတဲ့ကာရက သို့မဟုတ် ကတ္တား။ ခံစားနေတဲ့ ဝေဒနာကိုတော့ ဝေဒကလို့ မှတ်လိုက်ကြ ။ ကာရကနဲ့ ဝေဒက တွဲမှတ်ယင် ပိုကောင်းတယ်။ ကာရက ဝေဒက ဘယ်လိုမှတ်ကြမလဲ။

— ကာရက အရက စေတနာ၊
— ဝေဒက အရက ဝေဒနာ၊

ဘုန်းကြီးတို့ ရိုးရိုး ကောင်း ... ။ အဘိဓမ္မာကို နက်နက်နဲနဲ လေ့လာ ... တဲ့ ပုဂ္ဂိုလ်များ ... ဖို့ ဘုန်းကြီးပြောတာ အခက်

အခဲ မရှိပေမယ့် မလေ့လာဘူးတဲ့ ပုဂ္ဂိုလ်တို့အဖို့ အခက်အခဲ ရှိကောင်း ရှိမယ်။ တချို့က ဘယ်နှယ်ပြောသလဲ၊ "ဟာ-မြင့်တယ်ဟေ့"၊ ဒီလိုပြော တယ်ဟုတ်လား။

"မြင့်တာနဲ့ နိမ့်တာ ဘယ်ဟာကောင်းသလဲ"
"မြင့်တာ ကောင်းပါတယ် ဘုရား"

မြင့်တာကောင်းယင် ပြီးရော၊ မြင့်တာပဲ ပြောမယ်၊ ဟုတ်လား။ ဘုန်းကြီးတို့ နိမ့်တာ မပြောဘူး၊ ဟုတ်လား။ မြင့်တာကော ဘုန်းကြီး တို့က ထန်းပင်ထိပ်ဖျား တက်ပြောတာ မဟုတ်ဘူး၊ ဒီမှာ စတိတ်ခုံပေါ်က ပြောနေတာပါ။ ဘုန်းကြီးတို့ ပရိသတ်က အဆင့်အတန်း မြင့်မြင့် ကြိုက်တယ် မဟုတ်လား။ အဆင့်အတန်း နိမ့်ယင် တယ်မကြိုက်ဘူး။

ဒီတော့ ဘုန်းကြီးတို့ နည်းနည်းကြိုးစားပြီးတော့ ပြောပါတယ်။

ပြုသူ စေတနာကို "ကာရက" ခေါ်တယ်၊
ခံစားသူဝေဒနာ အဲဒါကို "ဝေဒက" ခေါ်တယ်။
ကာရကဆိုတာ စေတနာ၊
ဝေဒကဆိုတာ ဝေဒနာ၊

အဲဒီထဲမှာ ဘုန်းကြီးတို့ ပရိသတ်များ ပြုလုပ်ပေးမည့် တန်ခိုးရှင် ရှာလို့မရဘူး၊ တန်ခိုးရှင်က ပြုပေးသမျှကိုခံနေတဲ့ သတ္တဝါတစုံတယောက် မရှိဘူး၊ ဝေဒနာ ဓာတ်သိက်ကို သဘောပေါက် မှတ်ပါ၊ ဟုတ်လား ဝေဒနာထဲမှာ သတ္တဝါ တစုံတယောက် မရှိဘူး၊ အဲဒီ သတ္တဝါသည် ဝေဒနာ မဟုတ်ဘူး။ ခံစားနေတာဟာ ဝေဒနာရဲ့ သဘောပါပဲ။

ခွတ်ခွဲရမယ်၊ ခွတ်တွေ လျှောက်ပြီးခွဲတော့ မှန်ပြောင်းတွေ ဘာတွေနဲ့ ဖန်ပြွန်တွေနဲ့ အမျိုးမျိုး ခွဲရတယ်။ ဘုန်းကြီးတို့ ခွတ်ခွဲရတာ ကတော့ သဘောပညာနဲ့ အသေးစိတ် မျက်ဝိမိုက်ပြီးတော့ ခွဲရမယ်နော်။

## သမ္မ ဒဿနဆိုတာ ဘာလဲ

"ဓာတုမနသိကာရ" ဆိုတာ မြတ်ဗုဒ္ဓ ဟောထားတဲ့ ကမ္မဋ္ဌာန်း နည်းတမျိုး ရှိတယ်။ ကမ္မဋ္ဌာန်းဆိုပြီး ကြွေးကြော်ပြေးမှာ စိုးရတယ်၊ ကမ္မဋ္ဌာန်းစကား မပြောရဲဘူး။ တို့ကမ္မဋ္ဌာန်း ထိုင်ခိုင်းတော့မလား ဆိုပြီး ကြောက်ပြေးမှာ စိုးရတယ်၊ နောက်မပြောတော့ပါဘူး။

မှတ်ခဲ့တယ်လို့ပဲ ဆိုကြပါစို့၊ "ခေတ္တမနသိကာရ"လို့ ဘုန်းကြီးတို့ ဒေသနာတော်မှာ သုံးပါတယ်။ ကိုယ့်ကိုကိုယ် ခေတ်ခဲ့ပြုတဲ့ အပိုင်းမှာ ဒေသနာတော်မှာ သုံးပါတယ်။ ကိုယ့်ကိုကိုယ် ခေတ်ခဲ့ပြုတဲ့ အပိုင်းမှာ စေတနာရတယ်၊ ခံတဲ့အပိုင်းမှာ ဝေဒနာရတယ်။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့–

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿာစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။ ။

ကမ္မဿ၊ ကံကို။ ကာရကော။ ပြုသူသည်။ နတ္ထိ၊ မရှိဘူး။

ကံတွေကို ထိုင်ပြုပေးနေတဲ့ တန်ခိုးရှင် တယောက် ဘယ်မှာမှမရှိဘူး။ စေတနာပဲ ရှိတယ်။

ဝိပါကဿာစ၊ စေတနာက ပြုလုပ်ပေးတဲ့ အကျိုးတရားတွေကို။ ဝေဒကော၊ ထိုင်၍စားနေတဲ့ ပုဂ္ဂိုလ်သတ္တဝါ တစုံတယောက်သည်။ နတ္ထိ၊ မရှိပါဘူး။

စေတနာက ပြုပေးတယ်၊ ဝေဒနာက ခံစားတယ်။

သုဒ္ဓဓမ္မာ၊ ထိုကဲ့သို့ စေတနာ ဝေဒနာအစရှိတဲ့ ပရမတ္ထသဘော တရား သက်သက်တို့ သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ပေါ်၍ နေကြလေကုန်၏။

ဧဝံဒဿနံ၊ ဤကဲ့သို့သော ဉာဏ်မျိုးကို။

ဤကဲ့သို့သော အမြင်မျိုးကို "ဒဿန"လို့ သုံးထားတယ်။

ဧဝံဒဿနံ၊ ဤကဲ့သို့သော ဉာဏ်အမြင်မျိုးကို။

ဒီလိုမြင်ယင်–

ပြုသူ စေတနာ၊
ခံသူ ဝေဒနာ၊

အဲဒါကိုမြင်ယင်–

သမ္မာဒဿနန္တိ၊ သမ္မာဒဿနဟူ၍။

သမ္မာဒဿန၊ ဝိပဿနာ ယောဂီတို့ စခန်းမှာဆိုယင် "သမ္မာဒိဋ္ဌိ" လို့ဆိုပါကယ်။ ဘုန်းကြီးတို့ ထုတ်နုတ်ထားတဲ့ quotation မှ "သမ္မာ–ဒဿန"လို့ ဘုန်းကြီးတို့က ရွေးယူထားပါတယ်။ ဘုန်းကြီးတို့ တက္ကသိုလ်ကျောင်းသူ ကျောင်းသား ဆရာဆရာမများနဲ့ နီးစပ်တဲ့ စကားပြောချင်လို့ ဒါကို ဘုန်းကြီးတို့ ရွေးလာတာပါ၊ ဘာတဲ့လဲ၊ "သမ္မာဒဿန"။

နီးစပ်သွားပြီပေါ့၊ ဟိုမှာ''ဒဿနိက''တိုဘာတို့ရှိတာကို။ သမ္မာဒဿနန္တိ၊ ဒါကိုခြင်ယင် သမ္မာဒဿနပေါ့တယ်။

ပြုလုပ်ပေးနေတာ စေတနာ၊

စေတနာကောင်းယင် ကောင်းကောင်းပြုလိမ့်မယ်၊ စေတနာဆိုးယင် မကောင်းတာတွေ ပြုလိမ့်မယ်။ ဟုတ်လား။

## ဓမ္မနိယာမ သဘော

စေတနာဆိုးက ပြုပေးသမျှကို ဟိုဘက်မှာ ဒုက္ခဝေဒနာအနေနဲ့ ခံရလိမ့်မယ်။

စေတနာကောင်းနဲ့ ပြုသမျှကို သုခဝေဒနာအနေနဲ့ ခံရလိမ့်မယ်။

အဘိဓမ္မတ္ထသင်္ဂြိုဟ်မှာ · သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဘာညာခွဲတယ် မဟုတ်လား၊ အဲဒါကတော့ ဆရာ ဒေါက်တာမင်းတင်မွန်တို့က ပို့ပြီးကြေပါတယ်နော်၊ ကျောင်းသူ ကျောင်းသားတွေလဲ ကြေညက်ပြီလို့ သဘောရပါတယ်။

စေတနာ ကိလေသာနဲ့ တွဲပြီးတော့ မကောင်းတာ ပြုလိုက်ယင် ဟိုဘက်က ဘာခံရမလဲ၊ ဒုက္ခဝေဒနာခံရမယ်။ စေတနာမှာ ကိလေသာကင်းပြီးတော့ သတိပညာနဲ့ တွဲပြီးတော့ ပြုသွားယင် ဟိုဘက်မှာ သုခဝေဒနာကို ခံရမယ်တဲ့။ ဝေဒနာတောင် နှလုံးဖြစ်လာပြန်ပြီ၊ မျှားသွားပြီထင်တယ်၊ နည်းနည်း ပြန်လျှော့ကြဦးစို့။

''ခံ''ဆိုတဲ့ အပိုင်းမှာ နှစ်မျိုးခံရတာကို ဘုန်းကြီးတို့ ပြောတယ်နော်။

မကောင်းတာတွေကို ခံစားနေကြရတယ် ဒုက္ခဝေဒနာ၊
အကောင်းတွေကို ခံစားနေကြရတယ် သုခဝေဒနာ၊

ဘာကြောင့် မကောင်းတာတွေ ခံစားနေရတာလဲ၊ စေတနာဆိုးနဲ့လုပ်မိလို့။

ကောင်းတာတွေ ဘယ်နှယ်ကြောင့် ခံစားနေရတာလဲ၊ စေတနာကောင်းနဲ့လုပ်မိလို့။

ဘုန်းကြီးတို့ ပရိသတ်များ ဘုန်းကြီးတို့ အဘိဓမ္မာစကား ထည့်ထည့်ပြောတော့၊ ''ကုသိုလ်စေတနာသည် သုခဝေဒနာကို ဖြစ်စေတယ်'' အဲဒီလိုဆိုတော့ ကျွန်းဂန်စာပေ ဆန်သွားတာပေါ့နော်။ ကောင်းကောင်း

ခံစားချင်ယင် ဘယ်လိုလုပ်မလဲ၊ စေတနာကောင်းနဲ့လုပ်။ စေတနာဆိုးနဲ့ လုပ်သမျှ ဘာခံရမယ်၊ ဒုက္ခဝေဒနာခံရမယ်။ အဲဒီနိယာမကို ဘယ်သူမှ ပြောင်းပြန် မပြန်နိုင်ဘူး၊ အဲဒါ "ဓမ္မနိယာမ" ခေါ်ပါတယ်။

"ဘယ်နှယ်ခေါ်"

"ဓမ္မနိယာမပါ ဘုရား"

ဤဓမ္မတို့ရဲ့ ဒီဖြစ်မြဲသဘောကြီးကို ဘယ်လူ ဘယ်နတ် ဘယ်သတ္တဝါ ဘယ်တန်ခိုးရှင်မှ ပြောင်းပြန် ပြန်လို့ မရဘူး။ အဲဒါမျိုးကို ဘာခေါ်သလဲ၊ သစ္စာတရားလို့ ခေါ်တယ်။

Real Truth.
Subtle Truth.
Ultimate Truth.

ဆိုတာ အဲဒါ အဘိဓမ္မာရဲ့ သဘောပါပဲနော်။

နတ်တွေလဲ ဒါမျိုး ပြောင်းပြန် ပြန်လို့မရဘူး၊ တန်ခိုးရှင် ဗြဟ္မာကြီးတွေကော၊ ဟို ဝိဇ္ဇာဓိုရ် ဘိုးတော်ကြီးတွေကော ဒါပြောင်းပြန် ပြန်လို့ဖြစ်မလား၊ မဖြစ်ဘူး။

## အမြဲတမ်းမှန်ကန်နေတယ်
## (ယူနီဗာဆယ် ထရုသ်)

ပြောင်းပြန် ပြန်မဖြစ်ယင်လဲ အရှိအတိုင်းပဲ လက်ခံပေါ့၊ အဲဒါ မဟုတ်ဘူး၊ တခါတခါ ပြောင်းပြန် ပြန်ဖို့ကြိုးစားတယ်။ ကိုယ့်စေတနာ ကိုယ်စောင့်မကြည့်ဘူး၊ ကိုယ့်ဝေဒနာ ကိုယ်စောင့်မကြည့်ဘူး၊ ငါဘာ များ ဖြစ်ပါလိမ့် ဆိုပြီးတော့ ဟိုချဉ်းကပ်ရ ဒီချဉ်းကပ်ရ ဘုန်းကြီးတို့ ပရိသတ် ဒီလိုမဟုတ်လား၊ ဟို နည်းနည်း ပါးပါး ပြောပါတယ်၊ ဒီပရိသတ်ကိုမဆိုဘူး၊ တခြားက မန္တလေးတို့ ဘယ်တို့၊ ဖြစ်ပုံဖြစ်ပုံ ကိုးကွယ် ရာရှာကြတာနော်။

ဒီတော့ ပြုသူက စေတနာ၊ ခံသူက ဝေဒနာ။ စေတနာကောင်းနဲ့ ပြုယင် သုခ ဝေဒနာ၊ စေတနာဆိုးနဲ့ပြုယင် ဒုက္ခဝေဒနာ။ ပရိသတ်များ ဒါပြင်းလို့မရဘူး၊ ပြင်လို့မရဘူး။ ဒါ နိယာမသဘော။

ဟို အတိတ် ဝေးစွာ ကမ္ဘာ့ ကမ္ဘာ ကလဲ ဒီသဘောဟာ အမြဲ တမ်းလဲ မှန်ခဲ့ပါတယ်၊ ဒီနေ့ ကမ္ဘာမှာလဲ ဒီအတိုင်း ဒီသဘောဟာ မှန်နေ ဆဲပါ၊ နောက် အနာဂတ် မရေတွက် နိုင်တဲ့ ကမ္ဘာ့ ကမ္ဘာ မှာလဲပဲ ဒီ သဘောဟာ မှန်နေဦးမှာပါပဲ။

ကမ္ဘာကြီးက လက်ခံတာ လက်မခံတာတော့ထား၊ သူ့ဟာသူ မှန်တာတော့ မှန်တာနေမှာပဲ၊ Universal Truth ဟုတ်လား။ ဟို တနေ့က ဘယ့်နှယ်ပြောခဲ့သလဲ၊ ကာလတိုင်းမှန်တယ် ဒေသတိုင်းမှန်တယ် ပုဂ္ဂိုလ်တိုင်း မှန်တယ် အဘိမ္မောဆိုတာ အဲဒီလိုပဲတဲ့၊ ဟုတ်လား။

ဒီတော့ ဘုန်းကြီးတို့ပရိသတ် အရေးကြီးတဲ့အပိုင်း၊ ကိုယ့်စေတ နာကို ကိုယ်သိရမယ်၊ ကိုယ့်ဝေဒနာကို ကိုယ်သိရမယ်။ ဘုန်းကြီးတို့ သတိပဋ္ဌာန် အားထုတ်တဲ့ နည်းကို ခုပြောနေတာ မဟုတ်ဘူးနော်။ သတိ ပဋ္ဌာန်နည်းထဲ သူ့ဟာသူ ရောက်သွားယင်တော့ မတတ်နိုင်ဘူး၊ တရား ထိုင်ခိုင်းလိမ့်မယ်လို့ မအောက်မေ့ပါနဲ့။ကိုယ့်စေတနာကို ကိုယ်သိရမယ်၊ ကိုယ့်ဝေဒနာကို ကိုယ်သိရမယ်။ ဒါအခက်အခဲ ဘာမှမရှိဘူး။

အဲဒါ ကမ္ဘာကြီးက သိပ်ခက်နေတယ်၊ ကိုယ့်စေတနာ ကိုယ်မသိ ချင်ဘူး၊ သိအောင်လဲ မလုပ်ချင်ဘူး။ ကိုယ့်ဝေဒနာ ကိုယ်သိအောင် မလုပ်ချင်ကြဘူးဆိုယင် အဲဒီပုဂ္ဂိုလ်မှာ ဘဝလမ်းညွှန် မရှိဘူး၊ဟုတ်လား။ ဘုန်းကြီးတို့ ပရိသတ်ရဲ့ ဘဝလမ်းညွှန် ဆိုတာ နေထဲ လထဲ နက္ခတ်ထဲမှာ လိုက်မရှာနဲ့၊ မိမိတို့ နှလုံးသားထဲမှာ တကာက်ရှိကယ်နော်။

## စောင့်ကြည့်ဖို့ လိုတယ်

ကိုယ့်စေတနာ ကိုယ်သိတဲ့ ပုဂ္ဂိုလ်ဟာ ဘဝ လမ်းညွှန် ကောင်း ကောင်းရတယ်၊ ကိုယ့်ဝေဒနာ ကိုယ်သိတဲ့ ပုဂ္ဂိုလ်ဟာ ဘဝ လမ်းညွှန် ကောင်းကောင်းရတယ်၊ အရပ်ပြောလို ပြောယင်တော့ –

ငါဘာလုပ်နေတယ် ဆိုတာကို သိရမယ်၊
ငါဘာပြောနေတယ် ဆိုတာကို သိရမယ်၊
ငါဘာကြံနေတယ် ဆိုတာကို သိရမယ်၊

ဟ်သုံးပါးပဲ မဟုတ်လား။ ငါဘာလုပ် နေလဲ ငါဘာပြောနေလဲ ငါဘာကြံနေလဲ သိရမယ်။ ဟိုဘက်ကိုသွားလိုက် ငါဘာခံနေရသလဲ သိ ရမယ်။ နည်းနည်း တလုံးတည်း တိုးလိုက် မများဘူး၊ ငါဘယ်လိုခံစား နေရသလဲ သိရမ ်။ ဝေဒနာကို ပြောနေတာ၊ ဟုတ်လား။ ငါဘာလုပ်

သလဲ ဘာပြောသလဲ ဘာကြံသလဲ၊ စေတနာကို သိရမယ်။ ငါဘယ်နှယ် ခံစားနေရသလဲလို့ ဝေဒနာကို သိနေရမယ်။ ကိုယ်လုပ်တာနဲ့ ကိုယ်ခံစားရတာကို ကိုယ့်ဟာကိုယ် စောင့်ကြည့်၊ အဲဒါ သတိပဋ္ဌာန်၊ ဟုတ်လား။

What is Buddhism?

လို့ဆိုယင်....

Buddhism is a right way of life

လို့ ဘုန်းကြီးတို့ ဒီလို ပြောပါတယ်။

ဗုဒ္ဓဝါဒဟာ ဘယ်လိုဝါဒမျိုးလဲဆိုယင်....

A right way of life.

ဘဝကို ကောင်းကောင်းကြီး လမ်းညွှန်သွားတဲ့ တရား။

Religion ဆိုတဲ့ အမျိုးအစားထဲကို မပါဝင်ကြောင်းဘုန်းကြီးတို့ပရိသတ် ရှင်းပါတယ်နော်။ ကိုယ့်စေတနာကိုယ်ကြည့်၊ ကိုယ့်ဝေဒနာကိုယ်ကြည့် ဆိုတော့ ဘယ်လောက် ကောင်းသလဲ၊ ဘဝလမ်းညွှန် ပေးထားတာ၊ ဟုတ်လား။

ကျောင်းသူ ကျောင်းသားတွေ အနေနဲ့လဲ ဒါအသုံးပြုလို့ရတာပဲ၊ ကလေးတွေလဲပဲ ဒါကျင့်သုံးလို့ ဖြစ်တာပဲ၊ ဈေးသူ ဈေးသားတွေလဲပဲ ဈေးရောင်းယင်း ဒါကျင့်သုံးလို့ ဖြစ်တာပဲ၊ ရုံးတက်ကြတဲ့ ရုံးသူ ရုံးသားတွေလဲပဲ ဒီသဘော ကျင့်သုံးဖို့ မကောင်းဘူးလား၊ ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် လူသားတိုင်းလူသားတိုင်းအတွက် တကယ့်အသုံးဝင်တဲ့ အသုံးချလို့ရတဲ့ လမ်းညွှန်ချက် တရပ်ပါ။

မများဘူး ဘုန်းကြီးတို့ ပရိသတ်....

စေတနာကို သတိပညာနဲ့ စောင့်ကြည့်၊

ဝေဒနာကို သတိပညာနဲ့ စောင့်ကြည့်၊

ဟုတ်လား။

နောက်တမျိုးပြောတော့၊ ငါဘာကြံသလဲ၊ ဘာပြောသလဲ၊ ဘာလုပ်သလဲ၊ သတိနဲ့စောင့်ကြည့်ပါ။ ဟိုတဘက်က ငါဘယ့်နှယ် ခံစားရသလဲ ငါဘယ်လို ခံလိုက်ရသလဲ၊ သတိနဲ့စောင့်ကြည့်ပါ။ မကောင်းတာတွေခံနေရတယ်ဆိုယင် ပြောင်း စေတနာကြောင့်ပဲ ဆိုတဲ့အကြောင်းကို နားလည်ပါစေ၊ ဟုတ်လား။ မကောင်းတာတွေ ခံနေရတယ်ဆိုယင် ဘာဖြစ်လို့လဲ၊ စေတနာဆိုးလို့။ ဒီလိုဆို အကြောင်းအကျိုး မှန်သွားတယ်၊ ဟုတ်လား။

ကောင်းတာလေးများ ခံစားနေရယင် စေတနာကောင်းလို့ပဲ။ အကြောင်းနဲ့အကျိုး -

— စေတနာသည် အကြောင်း၊

— ဝေဒနာသည် အကျိုး၊

ဒီလိုဖြစ်လာတာယ်။

## ဘယ်လိုလမ်းညွှန်တာလဲ

အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် ဗုဒ္ဓဘာသာသည် ဘယ်လို တရားမျိုးလဲ၊ Right way of life ဘဝကို ကောင်းကောင်းကြီး လမ်းညွှန်သွားပါလိမ့်မယ်တဲ့နော်။ အဘိဓမ္မာဆိုတာ ဘယ်လို တရားလဲ ဆိုယင် ဟိုနောက်ဆုံးအပိုဒ်မှာ ဘုန်းကြီးတို့ ရေးပြထားတယ်။

Abhidhamma is the guide of human beings.

အဘိဓမ္မာဆိုတာ လူသားတို့ရဲ့ ဘဝလမ်းညွှန် ဖြစ်ပါတယ်။

အဘိဓမ္မာဆိုတာ လူသားတို့၏ ဘဝလမ်းညွှန်။

ဒီတော့ အခုပြောနေတဲ့ စိတ်အကြောင်း စေတသိက်အကြောင်း၊ နောက်ဘာမျိုး စေတနာအကြောင်း ဝေဒနာအကြောင်း၊ ဒါမျိုးကို မသိလိုက်မိယင် ဘုန်းကြီးတို့ ပရိသတ်များ ဘဝလမ်းညွှန် မရနိုင်ဘူးတဲ့၊ ဟုတ်လား။ ကိုယ့် စေတနာမှ ကိုယ်မသိတဲ့လူကို လမ်းညွှန်မရှိဘူး ဆိုတာ ရှင်းတယ်မဟုတ်လား။ ကိုယ့်ဝေဒနာကို ကိုယ်နားမလည်ယင် ထိုသူသည် ငါ ဘယ်လို ခံနေရတာယ်ဆိုတာလောက်မှ မစဉ်းစားမိယင် ထိုသူမှာ လမ်းညွှန် မရှိဘူးတဲ့။ ဒါကြောင့် -

အဘိဓမ္မာဆိုတာ ဘဝလမ်းညွှန်။

လူသားတို့၏ ဘဝလမ်းညွှန်။

Abhidhamma is the guidance of human beings.

အဘိဓမ္မာရဲ့သဘောကို ဘုန်းကြီးတို့ ပရိသတ်ရပြီ၊ နှစ်ခု ဘုန်းကြီးတို့ ပြောလိုက်တယ်။

(၁) Buddhism ဆိုတာ ဘာလဲ၊

(၂) အဘိဓမ္မာဆိုတာဘာလဲ၊

နှစ်ခုရသွားပြီ။ Buddhism ဆိုတာကတော့ "ကျွဲကူး ရေပါ" ဆိုတာလိုပဲ၊ အဘိဓမ္မာပြောယင်းနဲ့ Buddhism က သူ့ဟာသူဝင်သွားတာပဲ၊ ဟုတ်လား။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ အလုပ်မများဘူး။ စေတနာကို စောင့်ကြည့်ဖို့ရယ်၊ ဝေဒနာကို စောင့်ကြည့်ဖို့ရယ်၊ ဒါပဲ မဟုတ်လား။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်မှာ အင်အားတွေ ဘယ်မှာရှိလဲ၊ စွမ်းအားတွေ ဘယ်မှာရှိလဲ၊ ကိုယ်မှာ တကယ်ရှိတယ်နော်။ စေတနာကို စောင့်ကြည့်တဲ့ စွမ်းအား၊ ဝေဒနာကို စောင့်ကြည့်တဲ့ စွမ်းအားက သတိနဲ့ပညာ၊ ဟုတ်လား။ စာလေး နည်းနည်းရွတ်ရအောင်။

သဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ။

အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းမှာ လာတယ်။ သဒ္ဓါဆိုတာ ခွန်အား၊ ဝီရိယဆိုတာ ခွန်အား၊ သတိဆိုတာ ခွန်အား။ သမာဓိဆိုတာ ခွန်အား၊ ပညာဆိုတာ ခွန်အား၊ ဒီလိုလာတယ် မဟုတ်လား။ ဒီတော့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ အဲဒီ အား ငါးမျိုးထဲက ခု ဘုန်းကြီးတို့ ပရိသတ် နှစ်ခုလောက်အသုံးချကြည့်၊ သတိနဲ့ပညာ။

"ဘာနဲ့ဘာ"

"သတိနဲ့ပညာပါ ဘုရား"

သတိနဲ့ပညာကို အသုံးချယင်တဲ့ ငါ့စေတနာဟာ ဘာကို ကြံမိတယ်၊ ဘာကို ပြောမိတယ်၊ ဘာကိုလုပ်မိတယ်၊ သိတယ်။ အဲဒါ လမ်းညွှန်။ သတိပညာဆိုတဲ့ ခွန်အားကိုအသုံးချတော့ ဘာဖြစ်လဲ။ ငါ့ဝေဒနာသည် ဘယ်လို ခံရတယ်ဆိုတာကို သိတယ်၊ အဲဒီအသိလေးဟာ လမ်းညွှန်ဖြစ်သွားတာနော်။ စေတနာကို သိတယ် ဝေဒနာကိုသိတယ်၊ ထိုသူမှာ ဘာရပြီလဲ၊ ဘဝလမ်းညွှန်ရပြီတဲ့။ အဲဒါကြောင့် အဘိဓမ္မာဆိုတာ ဘဝလမ်းညွှန်ဖြစ်ပါတယ်၊ ဟုတ်လား။

Abhidhamma is the guide of human beings.

### လဆုတ် ၃ ရက်ထဲရောက်နေတဲ့ သာသနာ

အဘိဓမ္မာဆိုတာ ဘာများပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ပရိသတ် ခက်ခက်ခဲခဲ တွေတွေဝေဝေ စဉ်းစားနေဖွယ် မလိုတော့ဘူး။ ခု ဘုန်းကြီးတို့ အဘိဓမ္မာဆိုတဲ့သဘာဝကို လေးမျိုးပြောထားတယ်။ အဲဒီလေးမျိုးကို

ခြုံပြီးတော့မှ Buddhism ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲဆိုတာကို ပြောလိုက်ပါတယ်။

Buddhism is the right way of life.

ထိုင်ရှိခိုးရမယ့်တရားမျိုး ထိုင်ဆုတောင်းရမယ့်တရားမျိုး မဟုတ်၊ ကျင့်သုံးယူရမည့် တရားမျိုး၊ စရဏပြဋ္ဌာန်းပါတယ်လို့ မှတ်ကြဖို့ပါ၊ ဟုတ်လား။

ပိဋကတ်သုံးပုံဆိုတဲ့အကြောင်း မြတ်ဗုဒ္ဓကွယ်ပြီးနောက် သာသနာလဆုတ်ပိုင်းပေါ့၊ ခုနက တင်ပြထားတဲ့ စကားရပ်ကို ပြန်ဆက်လိုက်၊ ဟုတ်လား။

သာသနာ လပြည့်ရက် ဆိုတာ ၄၅ နှစ်၊ သာသနာလပြည့်ရက် ဆိုတာ ဗုဒ္ဓသက်တော် ထင်ရှားရှိသည့် ၄၅ နှစ်။

မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်က အစ ဒီဘက်ပိုင်းဟာ သာသနာလဆုတ်ပိုင်း။ နှစ်တထောင်ကို လဆုတ် ၁ ရက်လို့ သတ်မှတ်ပါ၊ နှစ်နှစ်ထောင်ဆိုတော့ လဆုတ် ၂ ရက်။ အခု သုံးထောင်ဘက်ကို သွားပြီ ၂၅၂၈ ဆိုတော့ ဒီကနေ့ သာသနာလပြည့်ကျော် ၃ ရက်ထဲမှာ ရှိပါတယ်။ သာသနာလပြည့်ကျော် ၃ ရက် ဆိုယင်တော့ ကောင်းကင်လကိုကြည့် လပြည့်ကျော် သုံးရက်ဆိုယင် လကလေးထောင့်နည်းနည်း ပဲ့ပြီးတော့ မည်းနေတယ်နော်၊ တဖြည်းဖြည်း ဘယ်ဘက်ကို သွားနေသလဲ၊ ကွယ်တဲ့ဘက်ကို သွားနေတယ်။

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ သာသနာဟာလဲ ဒီနိယာမကို မလွန်ဆန်နိုင်ပါဘူး၊ ကွယ်မယ့်ဘက်ကို တဖြည်းဖြည်းသွားမှာပဲ။ မကွယ်သေးခင် မကွယ်သေးခင် အလင်းရောင်လေးရှိတဲ့အချိန်မှာ ဟိုဘက်ကမ်း မြန်မြန်ကူးဖို့ ဘုန်းကြီးတို့ ရိသတ်ကို တိုက်တွန်းပါတယ်။ မကွယ်သေးတော့ ကိုယ့်လက်ထဲ ဘာအလင်းရောင်ရှိသလဲဆိုတော့ သုတ္တန် ဝိနည်း အဘိဓမ္မာ၊ ဒါ ဘုန်းကြီးတို့လက်ထဲမှာ ဒီကနေ့ရှိပါတယ်။

– သုတ္တန်ဆိုတာ ဘာလဲလို့မေးယင် ကျင့်စဉ်တွေကို ဖော်ပြတာ သုတ္တန်၊ Ethical system.
– ဝိနည်းဆိုတာ ဘာပါလိမ့် ဆိုခဲ့ယင် စည်းကမ်းဥပဒေတွေကို ဖော်ပြတာ၊ Discipline.
– အဘိဓမ္မာဆိုတာ ဘာလဲလို့ မေးယင် အတွေးအခေါ်ပိုင်းသဘောတရားကို ဖော်ပြတယ်လို့ ဆိုကြပါစို့။

အဘိဓမ္မာဆိုတာ သဘောတရားတွေ၊ ခုနက လမ်းညွှန်သဘောတရားတွေဟာ ဘာလဲ၊ အဘိဓမ္မာ။

## ဗုဒ္ဓပေးခဲ့တဲ့ ကျင့်စဉ်(၃)ရပ်

အဲဒါကြောင့် အဘိဓမ္မာကိုတော့ ကမ္ဘာက သုံးတဲ့အတိုင်း ဘုန်းကြီးတို့ ထုတ်ပြထားပါတယ်၊ အဘိဓမ္မာရဲ့သဘော အသေးစိတ်ကို (၄) မျိုး တင်ပြပြီးပါပြီ။ ကမ္ဘာက သုံးတဲ့အတိုင်း အဘိဓမ္မာကို တင်ပြရယင် အဘိဓမ္မာဟာ Philosophy သဘောရှိပါတယ်။ လမ်းညွှန်သဘောချည်းပြောတာအဘိဓမ္မာ။ Philosophy နဲ့သွားပြီးတော့ ခပ်ဆင်ဆင်တူပါတယ်။

အဲဒီ လမ်းညွှန်သဘောတရားတွေကို ပြောပြတဲ့ အဘိဓမ္မာထဲမှာ "ကျင့်စဉ်"သည် အပြည့်အစုံ မပါဘူး၊ အမြွက်မျှလောက်ပဲ ပါတယ်။ "ကျင့်စဉ်"တွေ အပြည့်အစုံက ဘယ်မှာရှိလဲဆိုယင် သုတ္တန်မှာရှိတယ်။

- သတိပဋ္ဌာန် အားထုတ်နည်း၊
- မဂ္ဂင်(၈)ပါး ကျင့်စဉ်တရား၊
- သစ္စာ(၄)ပါး တရား၊

ဆိုတာ အားလုံး သုတ္တန်မှာ အကျယ်ပြောတာနော်။

ဇနီးခင်ပွန်း နှစ်ယောက် အိမ်ထောင်မှာ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ ကျင့်စဉ်တွေ၊ သားသမီးနဲ့မိဘ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ ကျင့်စဉ်တွေ၊ ပြည်သူပြည်သားနဲ့ ရှင်ဘုရင်များ ဘယ်လိုဆက်ဆံရမယ်ဆိုတဲ့ ကျင့်စဉ်တွေကနေပြီးတော့ သစ္စာကိုသိတဲ့ ကျင့်စဉ်တရားတို့အထိ ကျင့်စဉ် မျိုးစုံကို ဖော်ပြတာ သုတ္တန်။ အဲဒါကြောင့် သုတ္တန်ဆိုသည်ကား—

— Ethical system.

ကျင့်စဉ်ကို ဖော်ပြတဲ့ စနစ်ပါ။

အဲဒီ ကျင့်စဉ်တွေကို ကျင့်သုံးတဲ့ အခါမှာ ဘာကို အခြေခံကျင့်ရမလဲဆိုတော့ လမ်းညွှန်သဘောတရားကို အခြေခံ၍ ကျင့်ရမယ်။ လမ်းညွှန်သဘောတရားဟူသည် အဘိဓမ္မာ၊ ဟုတ်လား။ လမ်းညွှန်သဘောတရားက အဘိဓမ္မာ၊ အဘိဓမ္မာက ညွှန်ပြတဲ့အတိုင်း သုတ္တန်နည်းအရ ကျင့်ရတယ်။ အဲဒီကျင့်စဉ်တွေကို ကျင့်တဲ့အခါမှာ စည်းကမ်းတကျကျင့်ဖို့ရန် ဟိုဘက်က ဝိနည်းရှိတယ်။

ပိဋကတ်သုံးပုံဆိုတာ ဘာလဲမေးယင် ဒါပါပဲလို့ ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ဖို့ ဟုတ်လား။

- ကျင့်စဉ်
- စည်းကမ်း
- သဘောတရား

ဒီသုံးမျိုးဟာ ပိဋကတ်သုံးပုံပါပဲ၊ ဘုန်းကြီးတို့လက်ထဲဗုဒ္ဓပေးထားခဲ့တဲ့ အမွေဟာ ဒီသုံးခုပဲဘဲ့၊ ဘုန်းကြီးတို့မှာ လက်ဆုပ်လက်ကိုင် ဒီကနေ့ ဒါရှိထားတယ်။

အဲဒီလမ်းညွှန်သဘောတွေ မကွယ်မပရအောင်၊ ကျင့်စဉ်သဘောတရားတွေ ကျင့်စဉ်တွေ မပျောက်မပျက်ရအောင်၊ စည်းကမ်းတွေ မပျက်ပြားရအောင် ထိန်းသိမ်းကြဖို့ စောင့်ရှောက်ကြဖို့ကတော့ ဘုန်းကြီးတို့ ပရိသတ်နဲ့ ဘုန်းကြီးတို့အပေါ်မှာ ဒီကနေ့ ခေါင်းပေါ်မှာ ဒီတာဝန်ကြီး ပုံပြီးတော့ ရှိနေပါတယ်၊ ဒီတာဝန်ကို ထမ်းတဲ့ အနေနဲ့ ဒီလို ဟောပြောပွဲတွေကို ဘုန်းကြီးတို့ ကြိုးစားပြီးတော့ ဟောပါတယ်။

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာ အသင်းကြီးကလဲ ဒီသဘောကို ဦးတည်ပြီးတော့ ဆောင်ရွက်တယ်လို့ပဲ ဘုန်းကြီးတို့ ယုံကြည်ပါတယ်။ ဆက်ထမ်းပိုးတိုးပြီးတော့ဆောင်ရွက်နိုင်ကြပါစေလို့ ပတ္ထနာပြုပြီးတော့ ဒီကနေ့ ဟောပြောပွဲကို ဘုန်းကြီးတို့ နိဂုံးချုပ်ပါတယ်။

(နမော ဝိဘဇ္ဇဝါဒိနော ဖြင့် အခမ်းအနား ရုပ်သိမ်းသည်။)

# (၅) သစ္စာတရားတော်

## NOBLE TRUTH

၁၃၄၆–ခု၊ ဝါဆိုလဆန်း ၅ ရက် (ပဥ္စမနေ့)

(၂–၇–၈၄)

## တွန့်တိုမှုသဘော ထင်ရှားတယ်

ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓဘာသာအခြေခံသဘောတရားများ ဟောပြောပွဲ ပဥ္စမနေ့အစီအစဉ် သစ္စာတရားတော် ဖြစ်ပါတယ်။

ဗုဒ္ဓပဏ္ဏာမ အခမ်းအနားကို စတင်ဖွင့်လှစ်ကြရအောင်။

(နမော ဝိဘဇ္ဇဝါဒိနော၊ဖြင့် အခမ်းအနားဖွင့်)

ဘုန်းကြီးတို့ခေတ်တော်အား တက္ကသိုလ်ဓမ္မာရုံကြီး အဝင်ဝ ဆိုက် ရောက်လျှင် ဆိုက်ရောက်ချင်းပဲ ဆရာကြီး ဒေါက်တာ မင်းတင်မွန်က ဘုန်းကြီးတို့ ပရိသတ်အား နှုတ်ဆက်နေတဲ့ စကားရပ်တွေထဲက တချို့ တပိုဒ်တလေ ဘုန်းကြီးတို့ ကားပေါ်က လှမ်းပြီးတော့ကြားလိုက်ရတယ်။ တက္ကသိုလ် ဓမ္မာရုံကြီးအတွက် အလှူခံနေတဲ့နေရာ ဘုန်းကြီးတို့ ပရိသတ် ထဲက နည်းနည်း တွန့်နေတယ်ဆိုတဲ့စကားလေး ဘုန်းကြီး ကြားလိုက်ပါ တယ်၊ ဘာဖြစ်နေတယ်၊ တွန့်နေတယ် Shrinking ဟုတ်လား။

"သင်္ကောစန ပစ္စုပဋ္ဌာန်"

ဒီစာတလုံး ဘုန်းကြီးတို့ အဘိဓမ္မာမှာ ရှိတယ်။ ပစ္စုပဋ္ဌာန်ဆိုတာ ပစ္စုပဋ္ဌာန်-ပစ္စုပဋ္ဌာန်ဆိုတဲ့ စကားသည် ထင်ရှားတယ်၊ ပေါ်ပေါက်လာ တယ်။ ထင်ရှား ပေါ်ပေါက်လာတဲ့ အကျိုးကို ပစ္စုပဋ္ဌာန်လို့ ပြောတယ်။ ဘယ့်နှယ် ထင်ရှားလာသလဲ ဆိုတော့ သင်္ကောစနဆိုတာ တွန့်တာ။ တီကောင်လေးတွေကို ဆားနဲ့တို့လိုက်ယင်၊ တီကောင်လေးတွေကို ထုံးနဲ့တို့ လိုက်ယင် တွန့်လိမ်သွားဟာကို ဘုန်းကြီးတို့ပရိသတ် တွေ့ဖူးယင် တွေ့ဖူး လိမ့်မယ်၊ မတွေ့ဖူးယင်လဲပဲ မနက်ဖြန် စမ်းကြည့်လိုက်ပါ။

seeing is believing

လက်တွေ့မှ ယုံချင်ကြတာ။

တကယ်မြင်ရမှ ယုံချင်ကြတာ။ တီကောင်ကို ဆားနဲ့တို့ယင် တွန့် သကဲ့သို့ တီကောင်ကို ထုံးနဲ့တို့ယင် တွန့်သလို မစ္ဆရိယကို ဒါနနဲ့တို့ယင် တွန့်တယ်တဲ့၊ ဟုတ်လား။

အဲဒါကို ဒေါက်တာ မင်းတင်မွန် ဟောပြောနေတာ ဖြစ်ပါလိမ့်မယ်။ ဘုန်းကြီးက တစ္စန်းတမေ့မှီလိုက်တော့ သင်္ကော့စနတော်တော်တော့ ကောင်းပြီ၊ ငါဒီကနေ့ သစ္စာတရား ဟောမှာကို ဆရာက နိဒါန်းပျိုးပေးထားတယ်။

သင်္ကော့စန ပစ္စုပ္ပန္နာနံ-တွန့်တိုတဲ့ ဘာသာတွေ ထင်ရှားလာတယ်၊ ဘာကို ဘာနဲ့ တိုသလဲဆိုတော့ မဇ္ဈိမပဋိပဒါသိက်ကို ဒါနနဲ့ တိုတာ၊ ဟုတ်လား။ ငရိုသတ်ကြီး မဇ္ဈိမပဋိပဒါသိက်ကို ဒါနနဲ့ တိုယင် တွန့်ပါတယ်။ မဇ္ဈိမဆိုတာ ဘာများပါလဲဆိုခဲ့ယင်-

## မဇ္ဈိမရဲ့ သိဝှက်တဲ့ သဘောလက္ခဏာ

အတ္တသမ္ပတ္တိံ နိဂူဟနလက္ခဏာ။

ဒေါက်တာ မင်းတင်မွန် ပြောနေတဲ့ စကားကို ဘုန်းကြီးက ကြိုက်လွန်းလို့ ဒီကနေ့တော့ သစ္စာတရားတော့ သစ္စာတရားပဲ၊ ဒါပေမယ့် ဒီသစ္စာတရားက ဓမ္မာရုံအတွက် သစ္စာတရား ဖြစ်သွားမလား မသိဘူး။

အတ္တသမ္ပတ္တိံ နိဂူဟနလက္ခဏာ။

အတ္တသမ္ပတ္တိံ၊ မိမိမှာရှိနေတဲ့ ပြည့်စုံမှုတွေကို။ နိဂူဟနလက္ခဏာ၊ သိဝှက်သော သဘောလက္ခဏာရှိတာကို။ မဇ္ဈိမ၊ မဇ္ဈိမ တရားဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်ကြပါ။

ကိုယ့်ရှိတာလေးတွေကို ဝှက်ထားတဲ့သဘောကို မဇ္ဈိမ။

ဟောဒီ ဓမ္မာရုံအပေါ်က် ဝင်ရောက်တဲ့ အချိန်ကစပြီးတော့ ပိုက်ဆံအိတ်အကုန်ဖွင့်ပြီးတော့ ဝင်ဖို့ကောင်းတယ်။ ခု ဘယ်လိုလုပ်ဝင်လာကြလဲ၊ ပိတ်ပြီးတော့ ဝင်လာတယ်။ ပိတ်ထားတဲ့ပိုက်ဆံအိတ် ဟောဒီမှာ ပိုက်ဆံအိတ်ကြီးဗျို့ လို့ဆိုပြီးတော့ ထောင်ပြပြီးတော့ ဝင်လာသလား။ ဟောဗျာ ဘယ်လို လုပ်လာကြပါလိမ့်။ ပိုက်ဆံအိတ်ကို ဝှက်ထားပြီးမှ ဝင်လာကြတယ်။

ဘာဖြစ်လို့ ပိုက်ဆံအိတ်ကြီးတွေ ဝှက်လာလဲ။ ခါးပိုက်နှိုက်မှာကြောက်လို့၊ ခါးပိုက်နှိုက် ကြောက်လို့ မဟုတ်ဘူး၊ ဒါနကို ကြောက်လို့ ဖြစ်များ ဖြစ်နေရော့သလားလို့ ဘုန်းကြီးတို့ တွေးကြည့်ပါတယ်၊ စွပ်စွဲတာတော့ မဟုတ်ပါဘူး၊ စွပ်စွဲတယ်လို့ အစိပ္ပာယ် ရောက်ယင်တော့ တောင်းပန်ပါတယ်။

အတ္တသမ္ပတ္တိ၊ မိမိမှာ အပြည့်အစုံ ပါလာတာလေး တွေကို။ နိဂ္ဂဟာနုလက္ခဏာ၊ ဝှက်ထားကြပါတယ်။

ဆိုတဲ့ သဘောလက္ခဏာကို ဘာပါလဲ။

မဇ္ဈိရိယံ၊ မစ္ဆရိယတရားဟူ၍။ ဒင္ဂဗ္ဗံ၊ မှတ်ပါ။

မစ္ဆရိယက ဒါမျိုးပဲ၊ ဝှက်မထားကြနဲ့ အကုန်လုံးထုတ်လိုက်ပါ။ ဓမ္မာရုံကြီးမှာ အိုက်လွန်းလို့တဲ့ ပန်ကာတလုံးမှ မရှိဘူး။ အသံချဲ့စက် မကောင်းဘူးတဲ့ ဘုန်းကြီးက ကိုယ့်စက်နဲ့ကိုယ် လာဟောပါတယ်။ မီးပျက်ယင် အဆင်သင့် ဖြစ်ဖို့ရန် ကိုယ့်ဓာတ်မီးစက်နဲ့ကိုယ် လာခဲ့ရပါတယ်။ ကားကြို့မယ့်လူမရှိလို့ ကိုယ့်ကားနဲ့ကိုယ် လာခဲ့ပါတယ်။ ဓမ္မာရုံကြီးမှာ လိုနေလိုက်တာတွေ၊ ဟုတ်လား။ အဲဒါကြောင့် လိုနေတာတွေကို သိယင် ရှိတာတွေ ဝှက်မထားနဲ့။ ရှိတာလေးတွေကို ဝှက်ထားတာ ဘာပါလိမ့်၊ မစ္ဆရိယ။

## ကိုယ်ကျင့်တရားသည် အထွတ်အထိပ် မဟုတ်

ယဿ ဘာယတိမစ္ဆရိ၊ တဒေဒ၀ါ တဒတော ဘယံ။-တဲ့

ဒါက သုတ္တန်ပိုင်း၊ ခု ဘုန်းကြီးတို့ ကျောက်သင်ပုန်းမှာ ရေးပေး ထားတာက အဘိဓမ္မာကျမ်းက။ အဘိဓမ္မာကျမ်းက ဘာပြေလဲ၊ စိတ်စေ တသိက် တလုံးစီ တလုံးစီရဲ့ ပင်ကိုယ်သဘောလေးများကို ဖော်ပြတယ်။ စိတ်စေတသိက် တလုံးစီ တလုံးစီရဲ့ ပင်ကိုယ်သဘောလေးများကို ဖော်ပြ တယ်၊ ဒါက အဘိဓမ္မာရဲ့သဘော။ သုတ္တန်ကတော့ ထိုသဘောတရားကို အခြေခံပြီးတော့ ကျင့်ရမယ့် ကျင့်စဉ်တွေကို ဖော်ပြတယ်။

လူမှုရေးထဲကို များများကြီး အဓိပ္ပာယ် ရောက်စေချင်လို့ ဘုန်းကြီး က သုတ္တန်ကို မနေ့က Ethical System လို့ ပြောပြထားခဲ့တယ်။ တကယ်တော့ Ethical ဆိုတဲ့ ဥစ္စာဟာ လူမှုရေး ကျင့်ဝတ်ထဲကို များ များကြီးဝင်သွားတဲ့ စကားပါ။ Morality ဆိုမှ ပိုကောင်းပါတယ်။

သို့သော် ဗုဒ္ဓဘာသာ တရားတော်မှာ Morality လို့ ခေါ်တဲ့ ကိုယ်ကျင့်တရား သီလတရားဟာ အထွတ်အထိပ်မဟုတ်သေးဘူးဆိုတာကို မှတ်ထားပါ။

Morality is the beginning of Buddhism.

ကိုယ်ကျင့်တရားဆိုတာ ဗုဒ္ဓဘာသာ တရားတော်ရဲ့ အစလေးပဲ ရှိတယ်။

ခြားနားချက်ကို ဘုန်းကြီးတို့ ပရိသတ် ဟိုတဖက် ပြောင်းပြန် စဉ်းစားယင် သဘောပေါက်ကြ။ Morality လို့ ခေါ်တဲ့ ကိုယ်ကျင့် တရားကို အထွတ်အထိပ်ထားတဲ့ ဘာသာဘာရားတွေ များစွာရှိတယ်။ ဗုဒ္ဓဘာသာ တရားတော်က Morality လို့ခေါ်တဲ့ ကိုယ်ကျင့်တရား သည် အထွတ်အထိပ် မဟုတ်သေးပါဘူး။ Morality က ဗုဒ္ဓဘာသာ တရားတော်ရဲ့ အစပဲရှိပါသေးတယ်။ အဲဒါကြောင့်–

Morality is the beginning Buddhism.

ကိုယ်တော်က ဘယ့်နှယ် လက်တန်းတွေလျှောက်ရွတ်နေသလားလို့ ဆိုလို့ရှိယင် ဘုန်းကြီးတို့ ဒေသနာတော်အရှိကို ဘုန်းကြီး ပြပါဦးမယ်။

သာသနဿ သီလံ အာဒိ–

## ကောင်းခြင်းသုံးဖြာ ပြည့်စုံတဲ့ ဒေသနာ

အဲဒီစာပေသည် ဘုန်းကြီးတို့ နိကာယ်ငါးရပ် ပိဋကပ်သုံးပုံရော ခပ်များများမှာရှိပါတယ်။ အထူးသဖြင့် ပါဠိဗဟုသုတ ရှိကြတဲ့ ပုဂ္ဂိုလ် တို့အတွက် ဘုန်းကြီးတို့ ဖောက်သည်ချရမယ်ဆိုယင် -

အာဒိကလျာဏံမဇ္ဈေကလျာဏံ ပရိယောသာန ကလျာဏံ၊

မြတ်စွာဘုရား တရားဟောတဲ့အခါ–

အာဒိကလျာဏံ၊ အစ၌ကောင်းသော။

မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းသော။

ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းသော၊

အစအလယ်အဆုံး သုံးချက်လုံးကောင်းသော

သတ္ထံ၊ အနက်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်လည်း ပြည့်စုံ သော။ ကေဝလ ပရိပုဏ္ဏံ၊ အလုံးစုံပြည့်စုံ၍နေသော။

ပြည့်စုံပုံကို မနေ့က ပြောခဲ့ပြီးပြီ။ ပြည့်စုံပုံ....

(၁) သဘောတရားလဲ ပြည့်စုံတယ်။

(၂) ကျင့်စဉ်လဲ ပြည့်စုံတယ်။

(၃) စည်းကမ်းလဲ ပြည့်စုံတယ်။

(က) သဘောတရားဟူသည် အဘိဓမ္မာ။

(ခ) ကျင့်စဉ်ဟူသည် သုတ္တန်။

(ဂ) စည်းကမ်းဟူသည် ဝိနည်း။

သည်လောက်စုံတဲ့ သာသနာမျိုးသည် ဗုဒ္ဓသာသနာ တခုပဲ ရှိတယ်လို့ ဘုန်းကြီးတို့ ဆိုရပါတယ်။ အဲဒါကြောင့် –

ကေဝလပရိ ပုဏ္ဏံ၊ အလုံးစုံ ပြည့်စုံ၍ နေပေထသော။

ကျင့်စဉ်နဲ့ စည်းကမ်းတွေ ရှိကောင်းရှိလိမ့်မယ်၊ သို့သော် သဘောတရားမရှိတဲ့ နည်းစနစ်တွေဟာ အလွန်များပါတယ်။ ဗုဒ္ဓသာသနာတော်မှာကတော့ အဘိဓမ္မာ တရားတော်ဟာ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါမှ လိုက်လို့မမီတဲ့ သဘောတရားတို့ ဖြစ်ပါတယ်။ ကေဝလပရိပုဏ္ဏ၊ အလုံးစုံ ပြည့်စုံတယ်။ ဒီတော့ ဆိုလိုတာက ဘုန်းကြီးတို့ မြတ်ဗုဒ္ဓဟောတဲ့ တရားသည် အစကောင်း အလယ်ကောင်း အဆုံးကောင်းတယ်။ အစ အလယ် အဆုံး သုံးချက်လုံး ကောင်းတဲ့တရားကို ဟောတယ်။

## သာသနာတော်ရဲ့ အစသည် ဘာလဲ

အစဆိုတာဘာလဲ၊ အလယ်ဆိုတာဘာလဲ၊ အဆုံးဆိုတာဘာလဲ။ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာန ကလျာဏံ ဆိုတဲ့ ပါဠိတော်များကို အကျယ်ဖွင့်ပြတဲ့ အဋ္ဌကထာကျမ်းများ ဋီကာကျမ်းများကို မွှေနှောက်ခြောက်ခြားကြည့်ယင် ဒီပုဒ်တွေနဲ့ ဆက်နွယ်တဲ့ နေရာတိုင်းမှာ–

သာသနာတော်ရဲ့ အစသည် သီလ။
အလယ်က သမာဓိ၊
ပညာသည် အဆုံး၊ လို့–

ဒီလိုဖော်ပြထားတာကို တွေ့ရမယ်၊ ဗုဒ္ဓသာသနာတော်ရဲ့ အစက သီလ၊ အလယ်က သမာဓိ၊ အဆုံး ဆိုတော့ ပညာ။ ဒါကြောင့် ဘုန်းကြီးက ဘာပြောလိုက်လဲ –

သာသနဿ သီလံ အာဒိ၊
ဒါအဋ္ဌကထာ စကား

သာသနဿ၊ သာသနာတော်ရဲ့။ အာဒိ၊ အစသည်ကား။ သီလံ၊ သီလပါပေတည်း။

"သာသနာတော်ရဲ့ အစ ဘာတဲ့လဲ"
"သီလပါ ဘုရား"

အဲဒါကြောင့်....

Morality is the Beginning of Buddhism.

သီလသည် ဗုဒ္ဓသာသနာတော်၏ အစ။ လို့
ဒီလိုပြောပါတယ်။

ဗုဒ္ဓဘာသာ တရားတော်မှာ သီလသည် ထိပ်ဆုံးက မဟုတ်သေးဘူး၊ အစပဲရှိသေးတယ်။ Morality သီလလို့ ခေါ်တဲ့ ကိုယ်ကျင့်တရားကို ထိပ်ဆုံးက ထားကြတဲ့ တခြားတခြားသော ဝါဒတွေ မြောက်မြားစွာ ရှိကြတယ်နော်၊ ဗုဒ္ဓဝါဒမှာ Morality သီလသည် စရုံလေး စရသေးတယ်၊ ကိုယ်ကျင့်ကောင်းတယ် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဗုဒ္ဓ တရားတော်မှာ စရုံလေးပဲ ရှိသေးတယ်လို့ သဘောကျလိုက်။ သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် ဗုဒ္ဓတရားတော်မှာ စရုံကလေး ရှိပါသေးတယ်၊ ဟုတ်လား။

အေး ဒီတော့ သုတ္တန်ပိဋကတ်က ကျင့်စဉ်တွေ မျိုးစုံလွန်းလို့တဲ့ လူမှုရေး ကျင့်ဝတ်တွေပါ ပါသွားစေချင်တဲ့ အတွက်ကြောင့် သုတ္တန်ကို ဘုန်းကြီးက Ethic ဆိုပြီးတော့ ဒီလိုပြောပြထားပါတယ်။ တကယ်တော့ အဲဒီအထဲမှာ Moralityက ပိုနေပါတယ်။ Ethic နဲ့ Morality က ကွာသေးတယ်။ ဇနီးကျင့်ဝတ် သမီးကျင့်ဝတ် သားကျင့်ဝတ် ဆိုတာမျိုးတွေဟာ Ethical System ပါပဲ။

ပါဏာတိပါတာ ဝေရမဏီ စသည်တို့ကျတော့ သားဟုတ်ဟုတ် သမီးဟုတ်ဟုတ်၊ ဇနီးဟုတ်ဟုတ်၊ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ လူသားတိုင်းအတွက် ကျင့်ရမယ့် ကျင့်ဝတ်က Morality သူ တစိတ်တဒေသလောက်သာ ကွက်ပြီးတော့ သားသမီးနဲ့ မိဘ၊ ဆရာနဲ့တပည့်၊ အဲဒီလို ကျင့်ရမယ့် ကျင့်ဝတ်မျိုးကျတော့ Ethical System ဘုန်းကြီးတို့ဒီလို သဘောကျပါတယ်။ ကိုင်း ဒီတော့ ရှိပါစေ။

## ကုန်မှာကြောက်တဲ့ မစ္ဆရိယသမား

ခု ဘုန်းကြီးတို့ ပြောပြထားတဲ့ သဘောတရား စေတသိက် ၅၂ ထဲက အဘိဓမ္မာ နည်းအရ မစ္ဆရိယ စေတသိက် တလုံးရဲ့ သဘောကို ရပလား။

အတ္တသမ္ပတ္တိံ၊ မိမိမှာရှိနေတဲ့ ပြည့်စုံမှုကလေးတွေကို
နိဂူဟန လက္ခဏံ။

ဘာလုပ်တာလဲ၊ ဝှက်လားတယ်၊ ဝှက်လားတယ်။ အိပ်ထဲမှာ တရာတန်ပါတယ်။ လူမသိစေနဲ့၊ တဆယ်တန်လောက် ထုတ်တယ်။ တဆယ်တန် ပါလာတယ်။ ဟောလူတွေ တဆယ်တန် မြင်ကြစေနဲ့။ ဒေါက်ကာ

မင်းတင်မွန် မမြင်စေနဲ့၊ တကျပ်တန်ကို သုံးမယ်။ အဲဒါဘာလဲ နိဂုဟာန လက္ခဏာပဲ။ ရှိတာကို ဝှက်နေကြတာ ဘာများပါလိမ့်။ မစ္ဆရိယ။ ဒုက္ခ ပေးလိမ့်မယ်။ အဲဒါ....

အဲဒီ မစ္ဆရိယသည် Cause of Suffering ပဲ၊ ဒုက္ခရဲ့အကြောင်း ဟာ သူပဲ။ ကိုယ်ရှိတာလေးတွေ ကုန်သွားမှာ ကြောက်လို့ မပေးဘူးဆို တော့—မပေးလိုခြင်းကြောင့်လဲ မရှိဘူးဆိုတာဟာ ဖြစ်တတ်တယ်။ ဒါကို သုတ္တန်ပိုင်းက ဘာပြောလဲ ယဿ ဘာယတိ မစ္ဆရီ-မစ္ဆရိယသမားသည် ကုန်မှာကို ကြောက်တယ်။

"မစ္ဆရိယသမား ဘာကြောက်လဲ"

"ကုန်မှာကြောက်ပါတယ် ဘုရား"

တဒေဝ တဒေဿ ဘယံ-ကုန်မှာ ကြောက်တယ်၊ မရှိမှာကြောက် တယ်ဆိုတဲ့ မစ္ဆရိယသမား၊ အဲဒီ မစ္ဆရိယကြောင့် ဘဝအဆက်ဆက်—

(၁) ရှိတာတွေလဲ ကုန်သွားတတ်တယ်။

(၂) မရသေးတဲ့ ဥစ္စာတွေလဲ ရမယောတော့ဘူးတဲ့။

အဲဒီ မကောင်းကျိုး နှစ်မျိုး ဖြစ်တတ်ပါတယ်။ မစ္ဆရိယသမား သည် ကုန်မှာကြောက်တဲ့ အပ္ပက်ကြောင့် မပေးတော့ နောင်အခါ ရှိတာ လေးတွေလဲ ကုန်သွားနိုင်တယ်။ ကုန်သွားပြီးနောက်ပြန်ရမယ့် ဥစ္စာတွေလဲ မရတော့ဘူးတဲ့။ သူကြောက်တဲ့ဘေး သူရင်ဆိုင်ရမယ်လို့ ဆိုလိုပါတယ်၊ ဟုတ်လား။ မစ္ဆရိယသမား ကြောက်တာက ကုန်မှာရယ်၊ မရှိမှာရယ်။ ဒီလို မဟုတ်လား။ ကုန်မည့်ဘေး မရှိမည့်ဘေးကြီးကို ကြောက်နေတဲ့ မစ္ဆရိယ သမားသည် အဲဒီဘေးကို ကေန်ရင်ဆိုင်ရပြီဟူ၍သာ မှတ်ပါ။

## သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ

ဘုန်းကြီးတို့ ပရိသတ် ကြောက်စရာကောင်းတဲ့ ဘေးတမျိုးသည် ကုန်ခြင်း၊ မရှိခြင်း၊ မရခြင်း၊ ဟုတ်လား။ ဒီတော့ ကုန်အောင်၊ မရှိ အောင်၊ မရအောင် ဘယ်သူနှိပ်စက်နေသလဲဆိုယင် မစ္ဆရိယက နှိပ်စက်နေ တာ။ ဒီတော့ ကုန်ခြင်း၊ မရခြင်း၊ မရှိခြင်းသည် ဘာသစ္စာဖြစ်မလဲ၊ ဒုက္ခ သစ္စာ၊ ကုန်သွားတာတွေ၊ မရတာတွေ၊ မရှိတာတွေက ဒုက္ခသစ္စာ။ ကုန် အောင်၊ မရှိအောင်၊ မရအောင်လုပ်နေတဲ့ မစ္ဆရိယတရားက သမုဒယ သစ္စာ၊ အဲဒါ သစ္စာတရား။

စေတသိက် တလုံးချင်း တလုံးချင်းကို သစ္စာဖွဲ့ယင် ဘုန်းကြီးတို့ ပရိသတ် သစ္စာတရားဟောပြောလို့ ကုန်မယ် မဟုတ်တော့ပါဘူး။ ယခု မစ္ဆရိယစေတသိက် တလုံးကို သမုဒယသစ္စာ, ဒုက္ခသစ္စာလို့ ဝဋ္ဋသစ္စာကို ဘုန်းကြီးတို့ ဖော်ပြတယ်။ ဝဋ္ဋသစ္စာ သံသရာဝဋ္ဋ၌ ဖြစ်သော သစ္စာ၊ ဟုတ်လား။ ပရိသတ်ကြီး ရကြပြီလား။ ကုန်မှာ၊ မရှိမှာ၊မရမှာ ကြောက် တယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် မစ္ဆရိယ နှိပ်စက်ပြီးတော့ မပေးပဲသာ နေမိယင် ကုန်ခြင်း၊ မရခြင်း၊ မရှိခြင်းဆိုတဲ့ ဘေးဒုက္ခကို ရင်ဆိုင်ရမယ်။

အဲဒီ ကုန်သွားမှာ ကြောက်တယ်၊ မရမှာ ကြောက်တယ်၊ မရှိမှာ ကြောက်တယ်ဆိုတဲ့ မစ္ဆရိယသည်ပင်လျှင် သမုဒယသစ္စာ၊ သူက အကြောင်း။ ကုန်ခြင်းဆိုတဲ့ဒုက္ခ၊ ရှိတာလေးတွေ ကုန်ရတာလဲဒုက္ခ၊ လိုချင် တာမရတဲ့ ဒုက္ခ၊ ဟုတ်လား။ ရှိပြီးသားတွေ ကုန်သွားတဲ့ ဒုက္ခ၊ လိုချင်တာ မရတဲ့ဒုက္ခ။ အဲဒီဒုက္ခက ဘယ်သူ့ကြောင့်ဖြစ်၊ မစ္ဆရိယကြောင့်ဖြစ်။ မစ္ဆရိယသည် ဘာသစ္စာလဲ၊ သမုဒယသစ္စာ။ ရှိတာလေးတွေ ကုန်တာရယ်၊ ကုန်ပြီးယင် ပြန်မရတာရယ်၊ အဲဒါက ဒုက္ခသစ္စာ။

"ယံ ပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ"

ဒါဆိုယင်တော့ အားလုံးသိပါတယ်၊ ဟုတ်လား။

ကိုင်း - ဘုန်းကြီးတို့ပရိသတ်၊ ခု ဘာသစ္စာထဲကို ဘုန်းကြီးတို့ ပရိ သတ် ရောက်နေလဲ။ ပိုက်ဆံအိတ် ဝှက်ထားတဲ့လူတွေ ဘယ်သစ္စာထဲမှာ နေ နေလဲ၊ သမုဒယသစ္စာထဲမှာ ယခု ရောက်နေတယ်။

"အဲဒီ သမုဒယသစ္စာကို သိုလှောင်ထားယင် နောင် ဘာ သစ္စာ ဖြစ်လာမလဲ"

"ဒုက္ခသစ္စာ ဖြစ်လာပါမယ် ဘုရား"

## ဣဿာနဲ့ မစ္ဆရိယကို ပယ်ကြပါစို့

ဒုက္ခသစ္စာကို ဘုန်းကြီး တို့ပရိသတ် ရှောင်လွဲဖို့ရန် သမုဒယသစ္စာကို ပယ်ရှားကြ ါစို့၊ ဟုတ်လား။ ဒုက္ခသစ္စာကို ရှောင်လွဲဖို့ သမုဒယသစ္စာကို ပယ်ရှားစို့။ ဘာပယ်ရမလဲ၊ မစ္ဆရိယကို ပယ်ရမယ်။ အဲဒီ မစ္ဆရိယကို ဘာနဲ့ပယ်မလဲဆိုတော့ ဒါနနဲ့ပယ်တယ်၊ ဟုတ်လား။

နောက်နှစ်ကျတော့ ဟောဒီမှာ ပန်ကာတပ်ရအောင်၊ အသံချဲ့စက်ဆင်ရအောင်၊ ဓမ္မာရုံကြီးမှာ ထည်ထည်ဝါဝါ ဖြစ်သွားအောင် ဘုန်းကြီးတို့ ပရိသတ် လုပ်ကြရလိမ့်မယ်။ တက္ကသိုလ်ဓမ္မာရုံကြီး ရွှေရတုသဘင်ဆင်နွှဲပွဲ နှစ်ငါးဆယ်ပွဲကြီးတော့ ပြီးသွားပြီ၊ ဓမ္မာရုံမှာ အခု ရွှေလိုဝင်းပြီးတော့ မနေသေးဘူးဆိုတော့ ဘာဖြစ်နေပါလိမ့်၊ ဂုဏ်ထားလို့၊ သမုဒယသစ္စာထဲမှာ၊ ဟုတ်လား။

ဒါကြောင့် ဒီကနေ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် ဘုန်းကြီးတို့ပရိသတ်ကို ပြောစမ်းပါရစေဦး။

ဣမေ ပစ္စာ န ဝတ္တန္တိ၊ ဣဿာ မစ္ဆေရ ပီဠိတာ။

တသ္မာ ဝုဍ္ဍိကာမာ တေ၊ ဟာနေယျုံ သကစေဝရိနော။

ဣဿာ မစ္ဆေရ ပီဠိတာ၊ ဣဿာ မစ္ဆရိယ တရားနှစ်ပါး နှိပ်စက်ခံကြရကုန်သော။ ယေနရာ၊ အကြင် လူရောနတ်ပါ သတ္တဝါတို့သည်။ ဣမေဝါ၊ ဤဘဝမှာပဲဖြစ်ဖြစ်။ ပစ္စဝါ၊ နောက်ဘဝမှာပဲဖြစ်ဖြစ်။ နဝတ္တန္တိ၊ ကြီးပွားနိုင်ခြင်း မရှိကြလေကုန်။

ဣဿာ မစ္ဆရိယ နှိပ်စက်ခံရယင် ယခု လောလောဆယ် ဖြစ်ဖြစ်၊ နောင်အခါမှာပဲဖြစ်ဖြစ် မကြီးပွားနိုင်ဘူး၊ မတိုးတက်နိုင်ဘူးတဲ့။ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ ကြီးပွားတိုးတက်မှုကို အမြဲတမ်း မျှော်လင့်နေကြတဲ့ ပုဂ္ဂိုလ်ချည်းပဲ။ သို့သော်လဲပဲ ဣဿာ မစ္ဆရိယနှိပ်စက်ယင် မကြီးပွားဘူးတဲ့၊ အဘိဓမ္မာက ဒီလိုပြောတယ်။

ဣမေ ပစ္စာ န ဝတ္တန္တိ၊ ဣဿာမစ္ဆေရ ပီဠိတာ။

ဣဿာ မစ္ဆေရပီဠိတာ၊ ဣဿာ မစ္ဆရိယ တရားနှစ်ပါး နှိပ်စက်ခံရကုန်သော။ ယေနရာ၊ အကြင်လူတို့သည်။ ဣမေ၊ ဤဘဝမှာ ဖြစ်ဖြစ်။ ပစ္စာ၊ နောက်ဘဝ နောက်လောကမှာဖြစ်ဖြစ်။ နဝတ္တန္တိ၊ ဘယ်လိုနည်းနှင့်မှ မကြီးပွားနိုင်ကြကုန်။

တသ္မာ၊ ထို့ကြောင့်။ ဝုဍ္ဍိကာမာ၊ ကြီးပွားတိုးတက်မှုကို လိုလားကြကုန်သော။ တေနရာ၊ ထိုလူရောနတ်ပါ သတ္တဝါတို့သည်။ သကစေဝရိ–နော၊ မိမိတို့ရဲ့ ကိုယ်တွင်းရန်သူကြီးတွေ ဖြစ်ရှိနေကြကုန်သော။ တေ၊ ထိုဣဿာ မစ္ဆာရိယတရား နှစ်ပါးတို့ကို။ ဟာနေယျုံ၊ မိမိတို့ရဲ့ သန္တာန်မှာ တစက်မှမကျန်ရအောင် ပယ်ရှင်းတော်မူကြပါပေကုန်ရာသတည်း။

"သာဓု သာဓု သာဓုပါဘုရား"

## ဒီစာအုပ်က အကျိုးအမြတ်ကို ဓမ္မာရုံမှာ လှူမယ်

မဇ္ဈိမရဲ့ သဘောလက္ခဏာက "အတ္တဲသမ္ဘတ္တိ နိဂ္ဂဟနလက္ခဏာ"

မိမိ၏ ပိုင်ဆိုင်မှုတွေ ပြည့်စုံမှုတွေကို သိုဝှက်သော သဘောသည် မဇ္ဈိမ။

အဲဒါကြောင့် ဝှက်ထားခြင်းဟာ မဇ္ဈိမပါပဲ။ ဘာကြောင့် ဝှက်ထားသလဲ၊ ကုန်မှာကြောက်လို့။ ကုန်မှာကြောက်လို့ ဝှက်ထားတဲ့ ပုဂ္ဂိုလ်သည် ဘဝအဆက်ဆက် ကုန်တဲ့ဘေးနဲ့ပဲ ရင်ဆိုင်ရတတ်ပါတယ်တဲ့။ သုတ္တန်အဘိဓမ္မာနှစ်ရပ် ပေါင်းစပ်ယင် ဒီနည်းရတယ်။ ဒီနိယာမ ထွက်လာတယ်။ အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်များသည် ရှိတာလေးတွေလဲ မကုန်လေအောင်၊ ကုန်သွားသော်လဲ ပြန်၍ အပြည့်အပြည့် ရလာရအောင် မဇ္ဈိမကို ဒါနနဲ့ နှိမ်နင်းကြပါလို့ ဘုန်းကြီးတို့က အထူးတိုက်တွန်းပါတယ်။

ဘုန်းကြီးတို့ ဤတက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီးက ဆင်ယင် ကျင်းပတဲ့ ၇-ရက် ဟောပြောပွဲမှာ ဟောပြောချက်တို့သည် အသံဖမ်းတိတ်ခွေထဲမှာ ဆိုလို့ရှိယင် ရှစ်ခွေကိုးခွေခန့် ရှိမှာပါ။ ရှစ်ခွေကိုးခွေခန့် ရှိတဲ့ ထိုတိတ်ခွေကို ဘုန်းကြီးတို့ စာအုပ်ပြုစုပြီးတော့ ထုတ်ဝေလိုက်မယ် ဆိုလို့ရှိယင် တက္ကသိုလ်များ ဓမ္မာရုံကြီးအတွက် များစွာ အကျိုးကျေးဇူး ဖြစ်ပါလိမ့်မယ်။ ဘုန်းကြီးတို့ ရည်ရွယ်ထားပါတယ်။ ထိုရည်ရွယ်ချက်ကို ယခု ဘုန်းကြီးတို့ ကြေငြာပါတယ်။

ဘုန်းကြီးတို့ ခုနစ်ရက်တာ ကာလပတ်လုံး ဟောပြောထားတဲ့ ဟောပြောချက်အကုန်လုံးကို ဘုန်းကြီးရဲ့ သူငယ်ချင်း သီတင်းသုံးဖော် အရှင်သစ္စာဝံသ ဆရာတော်က အသံဖမ်းတိတ်ခွေကနေ လက်ရေးစာမူ ဖြစ်အောင် ပြုစုပါလိမ့်မယ်။ လက်ရေးစာမူ ဖြစ်လာတဲ့အခါ ဘုန်းကြီးက ထိုစာမူကို အချောကိုင် ပြင်ဆင်တည်းဖြတ်ပါမယ်။

ပြင်ဆင်တည်းဖြတ်ပြီးတော့ တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီးနဲ့တကွ ဤဓမ္မသဘင်သို့ ဟောပြောပွဲသို့ တက်ရောက်လာကြတဲ့ သူတော်စင်အပေါင်းတို့ထဲက တဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက် ဖြစ်စေ၊ နှစ်ဦးသုံးဦးစုပေါင်း၍ဖြစ်စေ၊ စာအုပ်ပြုစုပြီးတော့ထုတ်ဝေလိုက်မယ်ဆိုလို့ရှိယင် ဘုန်းကြီးတို့ မျှော်မှန်းတယ်ပေါ့၊ ထိုစာအုပ်က ဖြစ်ပေါ်လာတဲ့ အကျိုးအမြတ်ဟာ ဤတက္ကသိုလ် ဓမ္မာရုံကြီး အတွက် နှစ်သောင်း

နှစ်သောင်းခွဲအောက် မနည်းဘူးလို့ ဘုန်းကြီးတို့ မျှော်လင့်ပါတယ်။ မှတ်တိုင်တခုဖြစ်အောင် ဘုန်းကြီးတို့ပရိသတ် ဆောင်ရွက်ကြပါ။ မှတ်တိုင်တခုဖြစ်အောင် ဆောင်ရွက်ကြပါ ဟုတ်လား။

ဆရာ ဒေါက်တာမင်းတင်မွန်နဲ့ ဗုဒ္ဓဘာသာအသင်းကြီး ဆက်လက်ပြီးတော့ ဆောင်ရွက်ပါလို့ ဘုန်းကြီးတို့ တိုက်တွန်းပါတယ်။ ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ရဲ့ ကပ္ပိယကာရက အဖွဲ့ကလဲပဲ ဤဟောပြောချက်ကို စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်။ ထိုစာအုပ်သည် ဤတက္ကသိုလ်ဓမ္မာရုံကြီးအတွက် ဖြစ်ပါစေ၊ ဖြစ်ပါလိမ့်မယ်။ ဘုန်းကြီးတို့ ဒီပရိသတ်အား ဒီကနေ့ ကြေငြာပါတယ်။

## မစ္ဆရိယရဲ့ သဘောလက္ခဏာ

အဲဒီတော့ ဘုန်းကြီးတို့ မစ္ဆရိယ စေတသိက်တလုံးကို ပြောပြနေတာ၊ အတ္တသမ္ပတ္တိ နိဂူဟနလက္ခဏာရှိတာလေး ဝှက်ထားတာ မစ္ဆရိယသဘောကျပြီလား။ တလုံးတိုးရအောင်

အတ္တသမ္ပတ္တိနံ ပရေဟိသာဓာရဏဘာဝဿ အသဟနရသံ။

ဒီလောက် ရှည်လျားတဲ့ ပါဠိ မရဘူးဆိုတာ ဘုန်းကြီးလဲ သိပါတယ်။

အတ္တသမ္ပတ္တိနံ၊ မိမိရဲ့စည်းစိမ်ဥစ္စာတို့ကို။ ပရေဟိ၊သူတပါးတို့နှင့်။ သာဓာရဏဘာဝဿ၊ ဆက်ဆံသည်၏အဖြစ်ကို။ အသဟနရသံ၊ သည်းမခံဘူး။

ဆိုတဲ့ ကိစ္စကို သူကလုပ်တယ်။ မစ္ဆရိယရဲ့သက္ခဏာက ကိုယ့်ရှိတာလေးကို ဝှက်ထားတယ်။ အဲဒီမစ္ဆရိယလုပ်သော ကိစ္စက ကိုယ့်ရှိတဲ့ပစ္စည်းသူများနှင့် ဆက်သွယ်ယင် သည်းမခံဘူးဟော့ဆိုတဲ့ ကိစ္စမျိုးကို သူက အမြဲတမ်းလုပ်တယ်တဲ့၊ ရသဆိုတဲ့ပုဒ်အရ ဒီနေရာမှာ ကိစ္စကို ယူရပါမယ်။

အတ္တသမ္ပတ္တိနံ၊ မိမိ ပိုင်တာတွေကို။ ပရေဟိ၊ သူတပါးတို့နှင့်။ သာဓာရဏ ဘာဝဿ၊ ဆက်ဆံသည်၏ အဖြစ်ကို။ အသဟန ရသံ၊ သည်းမခံနိုင်ဘူးဆိုတဲ့ ကိစ္စ ရှိနေတာကို။ မစ္ဆရိယံ၊ မစ္ဆရိယဟူ၍။ ဒဠ္ဌဗ္ဗံ၊ မှတ်ပါ။

(၁) မစ္ဆရိယဆိုတာ မိမိပိုင်သည်ကို သိုဝှက်ခြင်းသဘော ရှိ၏။

(၂) မစ္ဆရိယ ဆိုတာ မိမိပိုင်သည်ကို သူတပါးနှင့် ဆက်သွယ်တဲ့နေရာသည် သည်းမခံဘူးဆိုတဲ့ ကိစ္စကို လုပ်၏။

အဲဒီမစ္ဆရိယဖြစ်တော့ ထိုမစ္ဆရိယသမားမှာ ဘယ်လိုထင်ရှားသလဲ၊ ထိုမစ္ဆရိယရှိတဲ့လူကို ထင်ရှားအောင် ဘယ်လိုကြည့်ရမလဲဆိုတော့—

(၃) သဂေါ်စန ပစ္စုပဋ္ဌာန်။

ကြည့်လိုက်ပါတဲ့။ တံကောင်ကို ဆားနဲ့တို့သလို ဟိုသူဖြစ်နေတယ်။ အလှူခံဗျို့ ဆိုလို့ရှိယင် နှုတ်ခမ်းကလေးက တွန့်သွားတယ်။ နှာခေါင်းလေးက တွန့်သွားတယ်။ မျက်လုံးလေးက အသာကလေးတွန့်သွားတယ်။ ပါးလေးက ရှုံ့သွားတယ်။ အလှူခံဗျို့ဆိုတာနဲ့ကို တွန့်လိမ်ပြီးတော့ ထွက်သွားတာပဲ၊ တံကောင် ဆားနဲ့တို့သလိုပါပဲတဲ့။

## မစ္ဆရိယသည် ဒေါသနဲ့ယှဉ်နေတယ်

အဲဒါ စိတ်စေတသိက်တွေ တွန့်သွားတဲ့ အတွက်ကြောင့် ရုပ်ကြီးပါ တွန့်သွားတာ၊ ဟုတ်လား။ စိတ်တွေ စေတသိက်တွေ တွန့်ဆုတ်သွားတဲ့အတွက်ကြောင့် ရုပ်လဲပဲ တွန့်ဆုတ်ပါတယ်။ တကယ်ပြောတာကတော့ စိတ်စေတသိက်တို့၏ တွန့်ဆုတ်ခြင်းကို ပြောတာပါ။ ဒါပေမယ့် အလှူခံဗျို့ဆိုယင် ပါးစပ်ရှုံ့သွားတာတွေ ရှိတယ်နော်။ အဲဒါကြောင့် သင်္ကောစန ပစ္စုပဋ္ဌာန်၊ မစ္ဆရိယသမားမှာ ဘယ်သဘော ထင်ရှားနေသလဲ၊ တံကောင်ကို ဆားနဲ့တို့သလို တွန့်လိမ်နေတဲ့သဘော ထင်ရှားပါတယ်။ အေး မစ္ဆရိယဆိုတာ ဒီလိုလာတယ်။

ဆရာ ဒေါက်တာ မင်းတင်မွန်က ပြောနေတယ်၊ တွန့်နေတယ်ဆိုတော့ ဩော် ဆရာက ဒါဟောနေတာ ဖြစ်မှာပဲဆိုပြီးတော့ ဘုန်းကြီးကလဲ ဆရာ့စကားကို ယောက်ပြီးတော့ ဒါအကျယ်ချဲ့ ပြောပြတာပါ။ အဲဒီ မစ္ဆရိယသည် ဘာသတ္တ၊ သမ္ပဒယသတ္တ။ ရှိတာလေးတွေ ကုန်သွားချေရဲ့၊ ကုန်ပြီးယင် ပြန်မရတာမှာ အဲဒါက ဒုက္ခသတ္တ။ ဟုတ်လား။

ပရမတ္ထ ဓာတ်သား ရောက်အောင် ကောက်ကြည့် ရအောင်၊ ကောက်ယူရအောင်။ မစ္ဆရိယ တရားသည် သမ္ပဒယသတ္တ။ ရှိတာတွေ ကုန်သွားတော့ စိတ်ထဲမှာ တမြည့်မြည့်နဲ့ ခံစားရတဲ့ ဒေါမနဿဝေဒနာ၊ လိုချင်တာတွေ မရတဲ့အတွက်ကြောင့် စိတ်ထဲမှာ တမြည့်မြည့်နဲ့ ခံစားရတဲ့

ဒေါမနဿ ဝေဒနာသည် ဒုက္ခသစ္စာလို့။ အဲဒါ ပရမတ္ထ ဓာတ်သား ရောက်သွားပါတယ်။

ကုန်သွားတာ ဒုက္ခသစ္စာဆိုတော့ သိပ်မရှင်းချင်ဘူး။ ကုန်သွားယင် ဒေါမနဿ ဝေဒနာဖြစ်တယ်၊ အဲဒီဝေဒနာသည် ဘာလဲ၊ ဒုက္ခသစ္စာ။ ဒီဝေဒနာ ဘာကြောင့်ဖြစ်သလဲ၊ မစ္ဆရိယကြောင့်ဖြစ်ရတာ ဟုတ်လား။ မစ္ဆရိယဆိုတာ စေတသိက်၊ ထိုမစ္ဆရိယ စေတသိက်သည် ဘယ်စိတ်နဲ့ ယှဉ်တုံးလို့ မေးယင် ဒေါသနဲ့ယှဉ်တယ်။

"ဘာနဲ့ယှဉ်"

"ဒေါသနဲ့ယှဉ်ပါဘုရား"

ကိုယ်ပိုင်တာ သူများနဲ့ သွားရောယှက်မှာကို မကျေနပ်ဘူး ဆိုကတည်းကိုက သည်းမခံဘူး ဆိုကတည်းကိုက ဒေါသတရား။ ပိုက်ဆံ အိတ်ဝှက်ပြီးတော့ ဝင်လာတာ၊ ဖွင့်ဟော့ဖွင့်ဟော့ဆို ဘယ်ကျေနပ်ပါ့မလဲ၊ ဟုတ်လား။ ပိုက်ဆံအိတ်ပိတ်ပြီးတော့ဝင်လာတာ၊ဖွင့်ဟော့ဖွင့်ဟော့ဆိုယင် ပရိသတ်ကြီးက ကျေနပ်နိုင်သလား။ ကိုယ့်ရှိတာ သူများနဲ့ နည်းနည်း ရောယှက်မိယင် ဆက်ဆံမိယင် မကျေနပ်ဘူး ဆိုသည်က မစ္ဆရိယ။ ဒါကြောင့် မစ္ဆရိယသည် ဘာနဲ့တွဲ၊ ဒေါသနဲ့တွဲတယ်တဲ့၊ ဟုတ်လား။

နည်းနည်းတိုးချဲ့၊ မစ္ဆရိယရယ်၊ ဒေါသရယ်။ မစ္ဆရိယက စေတသိက်၊ ဒေါသကစိတ်။ ဒေါသစိတ်နဲ့ မစ္ဆရိယ စေတသိက်တို့သည် သမုဒယသစ္စာ။ စိတ်ထဲမှာ တမြည့်မြည့်နဲ့ ကုန်လေခြင်းဟဲ့၊ မရလေခြင်းဟဲ့ ဆိုပြီးတော့ ခံစားနေရတဲ့ ဒေါမနဿဝေဒနာက ဒုက္ခသစ္စာ၊ ဟုတ်လား။ တကယ်အရှိကို ဘုန်းကြီးတို့ ပြောနေတာဟုတ်လား။ စိတ်သည် တကယ် ရှိတယ်။ စေတသိက်သည် တကယ်ရှိတယ်။

"မစ္ဆရိယ စေတသိက်သည် တကယ်မရှိဘူးလား"

"ရှိပါဘုရား"

တကယ်ရှိ တကယ်မှန်တဲ့ ပရမတ္ထသစ္စာ

ခံစားတဲ့ ဝေဒနာ စေတသိက်ဟော တကယ်မရှိဘူးလား။ အဲဒီ မစ္ဆရိယနဲ့ ဒေါသကြားမှာ ဟိုဘက် ဒီဘက်က သူများနဲ့ ဆက်သွယ်မခံ ဘူး ဆိုပြီးတော့ ဖြစ်နေကြတဲ့ ဒေါသဟော၊ အဲဒီ တကယ်အရှိ ဖြစ်တဲ့ စိတ်၊ စေတသိက်တို့ရဲ့ တည်ရှိမှီခို နေရာဖြစ်သော ရုပ်၊ ဟုတ်လား။ အဲဒါ တွေ အားလုံးပဲ မှတ်လိုက်ပ ။ ပရမတ္ထသစ္စာ။

"တကယ်ရှိ တကယ်မှန်သောတရားက ဘာသစ္စာ"
"ပရမတ္ထသစ္စာပါ ဘုရား"

ဒြော်...မြန်မာတို့ရဲ့ မစ္ဆရိယသာလျှင် မပေးချင်တာလား အောက်မေ့တယ်။ အင်္ဂလိပ်, အမေရိကန်တွေရဲ့ မစ္ဆရိယလဲ ဒီအတိုင်းပဲ။ မပေးချင်ဘူး။ ကုလား ကုလားတွေရဲ့ မစ္ဆရိယလဲ ဒီလိုပဲ။ နတ်ဗြဟ္မာတွေရဲ့ မစ္ဆရိယလဲ ဒီသဘောပဲ မစ္ဆရိယသာရှိယင် ဘယ်သူ့မှာပဲရှိရှိ မပေးဘူးဆိုတာ တညီတည်း မနေဘူး လား၊ သတ္တဝါတိုင်းအတွက် တညီတညွတ်တည်း မှန်နေတယ်၊ ပရမတ္ထသစ္စာနော်။

အဲဒီ မစ္ဆရိယသည် အင်္ဂလန်မှာဖြစ်ဖြစ်၊ အမေရိကန်မှာ ဖြစ်ဖြစ်၊ မြန်မာပြည်မှာဖြစ်ဖြစ်၊ နတ်ပြည်မှာဖြစ်ဖြစ်၊ ငရဲပြည်မှာဖြစ်ဖြစ်၊ ဗြဟ္မာ့ပြည်မှာဖြစ်ဖြစ်၊ ဖြစ်ချင်တဲ့ဘဝ ဖြစ်ချင်တဲ့ကမ္ဘာမှာ ဘယ်မှာ ဖြစ်လိုက်ဖြစ်လိုက်၊ ဒီသဘောချည်း တညီတည်းသွားနေတယ်။ ဒါ ပရမတ္ထသစ္စာ။ ဟိုအတိတ်ဝေးစွာ ရှေးကမ္ဘာ့ကမ္ဘာ ကမ္ဘာဦးတုန်းက မစ္ဆရိယနဲ့ ဒီကနေ့ ကမ္ဘာအလယ်ခေတ်လောက်ရောက်တဲ့ မစ္ဆရိယ၊ ဟိုကမ္ဘာကုန်ခါနီးဖြစ်တဲ့ မစ္ဆရိယ။

"ပြောင်းလဲခြင်း ရှိသလား"
"မရှိပါ ဘုရား"

## မသိတာရယ် မသိချင်တာရယ်က အခက်

ခေတ်တွေ ပြောင်းချင်တိုင်းပြောင်း၊ မစ္ဆရိယက မပေးဘူးဆိုတဲ့ ဘက်က အမြဲဘမ်းနေတယ်၊ ဘယ်တော့မှ မပြောင်းဘူး။ ကာလတိုင်း မှန်ရှိနေသောကြောင့် ပရမတ္ထသစ္စာ၊ ဒေသတိုင်း မှန်ရှိနေသောကြောင့် ပရမတ္ထသစ္စာ၊ ပုဂ္ဂိုလ်တိုင်းမှာ တသဘောတည်း မှန်ရှိနေသောကြောင့် ပရမတ္ထသစ္စာ။

ဘုန်းကြီးတို့ ရိုသေ်များ သစ္စာတရားဟာ ခက်သလား၊ မခက်ဘူး။ ခက်အောင်ပြောယင်လဲ ခက်မယ်ထင်တယ်။ သစ္စာတရားက တကယ်မခက်ဘာ၊ မသိချင်တာနဲ့ မသိတာ၊ အဲဒါကလေးက ခက်နေတာ။ မသိချင်တာရယ် မသိတာရယ်၊ အဲဒါကအခက်။ ဒီသစ္စာက သူ့ဟာသူ မှန်နေတာ။ ဘုန်းကြီးတို့ရိုသတ် မသိချင်လို့မသိတာ။ အဲဒါ မသိတဲ့လူက တခြား၊ အမှန်တရားကတခြား၊ သူ့ဟာသူ နေနေတယ်၊ သိလိုက်ပြီလဲ ဆိုရော ဘိသူနဲ့သစ္စာ ပေါင်းသွားတယ်။

အမြဲတမ်းရှိပြီးတော့ မှန်နေတဲ့ ဒီသစ္စာကို သတ္တဝါတွေ မသိကြသမျှ ကာလပတ်လုံး ဒီသတ္တဝါတွေနဲ့ သစ္စာတရားနဲ့ ကာဖြစ်နေမလဲ၊ အေးတခြားစီ ဖြစ်နေကြတယ်။ အမြဲတမ်းရှိနေတဲ့သစ္စာ သိလိုက်တဲ့ အချိန်မှာ သိသူနဲ့ သစ္စာတရားသည် ပေါင်းစပ်သွားပါတယ်။ အဲဒီ သစ္စာလို့ခေါ်တဲ့ အမှန်တရားကို သိလိုက်တဲ့ပုဂ္ဂိုလ်သည် ဒုက္ခပေါင်းစုံက လွတ်မြောက်ပြီ၊ လွတ်မြောက်ခြင်း မရှိသေးတောင်မှ လမ်းစတော့ ရလိုက်ပြီလို့ မှတ်လိုက်ကြ၊ ဟုတ်လား။

ဗုဒ္ဓဝါဒသည် ဘယ်လိုဝါဒမျိုးလဲဆိုတာ ဘုန်းကြီးတို့ပရိသတ်သဘောပိုင်ပိုင် ရကြပြီပေါ့။ စိတ်စေတသိက်ရုပ်၊ ဒီသုံးခုက ဟိုတနေ့က ပြောခဲ့တဲ့ သင်္ခတပရမတ်၊ နိဗ္ဗာန်ဆိုတာ အသင်္ခတပရမတ်။ သင်္ခတ အသင်္ခတ နှစ်ခုကို ပေါင်းလိုက်တော့ စိတ် စေတသိက်၊ ရုပ်၊ နိဗ္ဗာန်။

"ဘယ်နှစ်မျိုး ရလဲ"

"လေးမျိုးရပါ ဘုရား"

အဲဒီလေးမျိုးကို ဘုန်းကြီးတို့ တကယ်ရှိ၍ တကယ်မှန်တယ်။ ကာလတိုင်း၊ ဒေသတိုင်း၊ ပုဂ္ဂိုလ်တိုင်းမှာ မှန်တယ်။ သို့ဖြစ်၍ သူ့ကို ပရမတ္ထသစ္စာဟူ၍ ခေါ်ပါသည်တဲ့။

"ဘာသစ္စာများလဲ"

"ပရမတ္ထသစ္စာပါ ဘုရား"

မဇ္ဈိမစေတသိက်တလုံးရဲ့ သစ္စာဖြစ်ပုံကို ဘုန်းကြီးတို့ ပရိသတ်သုံးချက် မှတ်မိပြီနော်။

ကိုယ့်ရှိတာငှက်မယ်၊ ငှက်ထားတာလေး သူများနဲ့ ရောယှက်ယင် သည်းမခံဘူး၊ ကိုယ်ပိုင်တာလေး သူများက လာတောင်းယင် တီကောင် ဆားနဲ့တို့သလို တွန့်သွားတဲ့ မစ္ဆရိယဟာ အခု ဘယ်နှစ်ချက် မှတ်ရပြီလဲ။

(၁) ငှက်ထားမယ်။

(၂) ကိုယ်ပိုင်တာ သူများနဲ့ ဆက်ဆံယင် သည်းမခံဘူး။ ပြီးတော့–

(၃) ပေးပါပေးပါဆိုယင် တွန့်နေတာ။

"သဘော ဘယ်နှစ်မျိုးရပြီလဲ"

"သုံးမျိုးရပါ ဘုရား"

အဲဒါ မစ္ဆရိယရဲ့ သဘောသုံးမျိုး၊ ဟုတ်လား။

## ဣဿာနဲ့ မစ္ဆရိယ ဖြစ်ပေါ်လာမှု

ဒီ မစ္ဆရိယ ဘာ့ကြောင့်ဖြစ်သလဲ၊ နီးကပ်တဲ့ အကြောင်းကိုရှာ။ နီးကပ်သောအကြောင်းကိုရှာတော့ "အတ္တသမ္ပတ္တိကြောင့်ဖြစ်၏"လို့ မှတ်လိုက်ကြ။ ဘာ့ကြောင့်၊ အတ္တသမ္ပတ္တိ - မိမိပိုင်ဆိုင်မှုတွေကြောင့် ဖြစ်တာ။ ကိုယ်ပိုင်တာလေးကြောင့် မစ္ဆရိယဖြစ်တယ်၊ ဟုတ်လား။ ဘာကိုမှ ပိုင်မထားဘူး၊ တနည်း ဘယ်အရာဝတ္ထုကိုမှ သိမ်းပိုက်မထားဘူးဆိုတဲ့ ပုဂ္ဂိုလ်မှာ မစ္ဆရိယမရှိဘူး၊ ဟုတ်လား။ အဲဒါကြောင့်—

အတ္တ သမ္ပတ္တိ ပဒဋ္ဌာနံ မစ္ဆရိယံ။

မစ္ဆရိယ၊ မစ္ဆရိယ ဆိုသည်ကား။ အတ္တသမ္ပတ္တိ ပဒဋ္ဌာနံ၊ ကိုယ်ပိုင်တဲ့ စည်းစိမ်ဥစ္စာလျှင် နီးကပ်တဲ့အကြောင်း ရှိပါပေသည်လို့။ ဒဋ္ဌဗ္ဗံ၊ မှတ်ထိုက်ပါပေ၏။

မစ္ဆရိယ ဘာကြောင့် ဖြစ်သလဲ၊ များများပိုင်လို့ ဖြစ်တယ်၊ ပိုင်ဆိုင်မှုကြောင့် ဖြစ်ရတာ။ ဒီတော့ များများကြီး ပိုင်ထားတဲ့ အပိုင်းက မပေးဘူး မပေးဘူးလို့ ဒီလို ဖြစ်လာတယ်။ ဘာမှမရှိတဲ့ အုပ်စုကတော့ အဲဒီ မပေးတဲ့လူတွေကို များများကြီးရှိတဲ့ လူတွေကို မကျေနပ်ဘူး မကျေနပ်ဘူးလို့ ဒီလိုဖြစ်လာတယ်။

ဘယ်လိုဖြစ်တာလဲ၊ များများကြီး ပိုင်တဲ့လူတွေကလဲ မပေးဘူး၊ မပေးဘူး ဒီလိုလာတယ်။ မပိုင်တဲ့ မရှိတဲ့ အပိုင်းကဘယ်လိုလဲ၊ အဲဒီပိုင်တဲ့လူတွေ ရှိတဲ့လူတွေ မပေးတဲ့လူတွေကိုလေ မကျေနပ်ဘူး မကျေနပ်ဘူး ဒီလိုဖြစ်နေတယ် မဟုတ်လား။

မကျေနပ်တာက ဣဿာ၊ သူများ ပိုင်နေတာတွေကို သူများမှာ ရှိနေတာကို မကျေနပ်တာက ဣဿာ၊ ဣဿာဆိုတာ သူတပါး၏ ပိုင်ဆိုင်မှုတွေ၊ ပြည့်စုံမှုတွေကို မကျေနပ်တာ ဣဿာ၊ မနာလိုဘူးဆိုတဲ့ စကားကို ဒီအတိုင်းပြောယင် ရှင်းချင်မှ ရှင်းမယ်။

"သူတပါးတို့ ပိုင်ဆိုင်မှုတွေကို မကျေနပ် နေတာ၊ ဝမ်းမမြောက်တာ ဘာများပါလိမ့်"

"ဣဿာပါ ဘုရား"

"ကိုယ်ပိုင်တာ သူများ ခွဲမပေးချင်တာ ဘာများပါလိမ့်"

"မစ္ဆရိယာပါ ဘုရား"

အဲဒါကြောင့် ဘုန်းကြီးတို့ တိုက်တွန်းပါရစေ၊ များများကြီးရှိတဲ့ လူတွေက မရှိတဲ့လူတွေကို ဝေပေးကြပါ၊ မေတ္တာတရား။ မရှိတဲ့လူတွေ၊ မရတဲ့လူတွေကလဲ များများကြီးရှိ များများကြီးရထားတဲ့ လူတွေကို မကျေမနပ် မဖြစ်ကြပါနဲ့၊ ကျေနပ်အောင် နှလုံးသွင်းလိုက်ကြပါ။ အဲဒါ မုဒိတာ၊ ဟုတ်လား။

သူတပါး သိပ်ပြီး ပြည့်စုံနေတာကို ကြည့်ပြီးတော့ ကျေနပ်နေဝမ်းသာနေယင် ထိုသူဟာ ချမ်းသာတော့တာပဲ၊ အဲဒါ မုဒိတာ။ သူတပါးရှိတာ မကျေမနပ် ဖြစ်နေယင် ဘာလဲ၊ ဣဿာ။ အဲ ထိုလူဒုက္ခပဲ။

သစ္စာနယ်က မလွတ်ပါ

ဒီတော့ သူတပါးရဲ့ ပြည့်စုံမှု ပိုင်ဆိုင်မှုကို ကြည့်ပြီးတော့ မကျေမနပ်ဖြစ်တဲ့ ဣဿာသည် သမုဒယသစ္စာ ဟုတ်လား။ အေး သူတပါးရဲ့ ပြည့်စုံမှု ကြီးပွားမှု တိုးတက်မှုတွေ၊ လစာတွေတိုး၊ ရာထူးတွေတိုး၊ ရောင်း ပယ်လို့ ကောင်း၊ အဲဒါတွေ ကြည့်ပြီးတော့ မကျေနပ်နေတာ ဣဿာ၊ သစ္စာအနေက သမုဒယသစ္စာ။ မကျေမနပ် ဖြစ်နေတဲ့ လူတွေမှာ ခံစားရတဲ့ ဝေဒနာပိုင်းကို ကြည့်လိုက်ယင် ဒေါမနဿ ဝေဒနာ။

"ပရိသတ်ကြီး ဘာဝေဒနာလဲ"
"ဒေါမနဿ ဝေဒနာပါ ဘုရား"

ဒေါမနဿ ဝေဒနာက ဒုက္ခသစ္စာ။ သူတပါးပိုင်တာတွေ၊ ပြည့်စုံတာတွေ ကြီးပွားတာတွေ၊ တိုးတက်တာတွေကို မကျေမနပ် ဖြစ်ကြတဲ့ ဣဿာက သမုဒယသစ္စာ။ တရားလုံးတိုင်းမှာ သစ္စာရှိတယ်တဲ့ ဟုတ်လား။ တရားလုံးတိုင်းမှာ ဘာပါတဲ့လဲ၊ သစ္စာရှိတယ်။ သဘောတရားတိုင်း သဘောတရားတိုင်းမှာ ဘာရှိလဲ၊ သစ္စာရှိတယ်။ လောကရဲ့ နေရာတိုင်းမှာ ဒေါင့်တိုင်းမှာ ဘာဖြစ်လဲ သစ္စာရှိတယ်။ ဘယ်မှမလွတ်ဘူး။ ဒီသစ္စာ ယခု ဘုန်းကြီး နှစ်လုံး ပြောထားတယ်၊ ဟုတ်လား။

နောက်တလုံးကို ပြန်မှတ်နော်။ သူတပါးရဲ့ ပြည့်စုံတာတွေ၊ ကြီးပွားတာတွေ တိုးတက်တာတွေ၊ အောင်မြင်တာတွေ များများကြီး ပိုင်ထားတာတွေကို ကြည့်၍ ကြည့်၍၊ ကြား၍ ကြား၍၊ မကျေနပ်ကြတဲ့ ဣဿာသည် **သမုဒယသစ္စာ။ အဲဒီ မကျေမနပ်ဖြစ်**တဲ့ ပုဂ္ဂိုလ်ရဲ့**နှလုံးသား**

မှာ ခံစားရတဲ့ ဒေါမနဿ ဝေဒနာက ဒုက္ခသစ္စာ။ ဟော ပရိသတ် ပေါင်း သူတော်ကောင်းတို့ မဇ္ဈိမ ရှိယမှာလဲ သစ္စာဖွဲ့လို့ရတယ်၊ ဥဿာ မှာလဲပဲ သစ္စာဖွဲ့လို့ရတယ်။

"သစ္စာကင်းသောနေရာ ရှိသေးသလား"

"မရှိပါ ဘုရား"

စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။

စတုသစ္စ ဝိနိမုတ္တော၊ သစ္စာလေးပါးမှလွတ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိပါဘူးတဲ့။

ပရိသတ်ကြီး သစ္စာမှ လွတ်သော တရားမည်သည် မရှိဘူးတဲ့၊ ဟုတ်ပြီလား။ သစ္စာမှလွတ်သော တရားမည်သည် မရှိပါဘူး၊ ဟုတ်လား။ သစ္စာမှ ကင်းလွတ်သော သဘောတရားရယ်လို့ မရှိပါဘူး။ ဘုန်းကြီးတို့ ပရိသတ်၊ ဘာပဲပြောပြော ပြောချင်တာပြော၊ သစ္စာက လွတ်မလား၊ မလွတ်ဘူးတဲ့။ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဘာပြောသလဲ၊ အဲဒီသစ္စာတွေကို ပြောပြထားခဲ့တာနော်။ သစ္စာကိုသိယင် ဘာဖြစ်တုံးဆိုတော့ စိတ်ထဲမှာ သန့်ရှင်းတယ် သစ္စာကိုသိယင် စိတ်ထဲမှာ သန့်ရှင်းတယ်။

## သစ္စာနယ်ထဲ ဝင်ရောက်ပုံ

ခု ဘုန်းကြီး ပြောတဲ့ ဥဿာ နှင့် မစ္ဆရိယမှာ သစ္စာ ဝင်ပုံကို ရအောင် ယူလိုက်ကြ။ မိမိပိုင်တာကို သူတပါး ဝေမပေးချင်ဟဲ့ မစ္ဆရိယ သည် သမုဒယသစ္စာ။ မဘတ်သာလို့ ဝေပေးလိုက်ရတော့ ကုန်သွား တော့ စိတ်ထဲမှာ မကျေမနပ် ခံစားရတဲ့ ဒေါမနဿ ဝေဒနာက ဒုက္ခ သစ္စာ။ မစ္ဆရိယက သမုဒယသစ္စာ၊ စိတ်ထဲခံစားရတဲ့ ဒေါမနဿ ဝေ ဒနာက ဒုက္ခသစ္စာ။

အဲဒီသစ္စာကိုချုပ်ငြိမ်းစေဖို့ ဘာလုပ်ရမလဲ။ အဲဒီဒုက္ခကို ချုပ်ငြိမ်း စေတဲ့ နည်းကတော့ မရှိတဲ့ လူတွေကို မေတ္တာ ထားပြီးတော့ ဪ... သူတို့တတွေ ရှိစေချင်တယ်၊ ရစေချင်တယ်ဆိုတဲ့ မေတ္တာ ပြဋ္ဌာန်းပြီးတော့ ဝေပေးလိုက်မယ်ဆိုယင် ခုနက မစ္ဆရိယဟာ ရပ်သွားတယ်။

မေတ္တာတရားက မဂ္ဂသစ္စာဖြစ်လာလိမ့်မယ်။ မစ္ဆရိယနှင့်ဒေါမနဿ ချုပ်ငြိမ်းသွားတာက နိရောဓသစ္စာ ဖြစ်လာလိမ့်မယ် ဟုတ်လား။ သူတပါးအား ဝေပေးမယ်တဲ့။ ကုန်ယင်လဲ့ ကုန်ပါစေတော့ ငါမဝတ်ရ နေပေစေတော့၊ ငါမစားရ နေပေစေတော့ဆိုပြီး သူတပါးအား ဝေပေးချင်တဲ့ မေတ္တာတရားက မဂ္ဂသစ္စာ ဖြစ်မယ်။

"ကျပ်ကျပ်ကြီး ဝေပေးနေတဲ့ ပုဂ္ဂိုလ်မှာ မစ္ဆရိယ ရှိသေးသလား"

"မရှိတော့ပါ ဘုရား"

"ဒေါမနဿ ဝေဒနာကော"

"မရှိတော့ပါ ဘုရား"

အဲဒီနှစ်ခု ချုပ်ငြိမ်းသွားတာက နိရောဓသစ္စာ။

စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

သစ္စာမှလွတ်သော တရားမရှိဘူး။ သစ္စာလေးပါး စုံသွားပြီလား။ မစ္ဆရိယဆိုတာ တကယ်ရှိတယ် တကယ်မှန်တယ်။ မစ္ဆရိယရဲ့ အကျိုးဖြစ်တဲ့ ဒေါမနဿဝေဒနာလဲပဲ တကယ်ရှိတယ် တကယ်မှန်တယ်။ ကာလတိုင်းမှန်တယ်၊ ဒေသတိုင်းမှန်တယ်၊ ပုဂ္ဂိုလ်တိုင်းမှန်တယ်၊ တကယ်ရှိ တကယ်မှန်သော တရား၊ ပရမတ္ထသစ္စာ။

"ဘာသစ္စာလဲ"

"ပရမတ္ထသစ္စာပါ ဘုရား"

ဟိုတနေ့က ပြောခဲ့တယ် Real Truth ဆိုတာ သူပဲနော်။ အဲဒီ ပရမတ္ထသစ္စာကို အရိယာသစ္စာအဆင့် ရောက်အောင် အခု ပြောပြလိုက်ပါပြီ။ မစ္ဆရိယဆိုတာ ဒုက္ခကို ဖြစ်စေတယ်တဲ့။

"မစ္ဆရိယသည် ဘာကိုဖြစ်စေလဲ"

"ဒုက္ခကိုဖြစ်စေပါတယ် ဘုရား"

အခု ကြည့်လေ။ မပေးချင်တဲ့ အရာဝတ္ထု၊ မပေးချင်တဲ့ နေရာ၊ မပေးချင်တဲ့ပစ္စည်း၊ ကိုယ်ဝေမပေးချင်တဲ့ နေရာကလေး၊ ဖဲ့မပေးချင်တဲ့ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်ပရိသတ်လဲ သူများပရိသတ်ဖြစ်တာ မကြိုက်ဘူးဗျ၊ ကိုယ့်နောက်လိုက်တွေ သူများနောက်လိုက် ဖြစ်သွားမှာ မကြိုက်ဘူး။ ဒါ လောဘရဲ့သဘော။ ဒါကို ကုလမစ္ဆရိယ ခေါ်တယ်။ ကိုယ်ကျော်ကြားတဲ့ ဂုဏ်[illegible] သူများရသွားယင် မကြိုက်ဘူးဗျ၊ ဒါကို ဝဏ္ဏမစ္ဆရိယခေါ်[illegible]

ကိုယ်သိတဲ့ အသိဉာဏ် ဗဟုသုတတွေ သူတပါး သိသွားမှာကို ကိုယ်ကမပေးချင်ဘူး မဖြန့်ချင်ဘူး၊ ဒါကို ဓမ္မမစ္ဆရိယလို့ ခေါ်တယ်။ မစ္ဆရိယနယ်က အကျယ်ကြီး ဟုတ်လား။

## သစ္စာလေးပါး ဖြစ်လာတယ်

အဲဒါကြောင့် ကိုယ်ပိုင်တာလေးကို ကိုယ်ဝေမပေးချင်တဲ့ မစ္ဆရိယ၊ အဲဒီ မစ္ဆရိယနဲ့ တွဲပြီးတော့ ခံစားရတဲ့ ဒေါမနဿ၊ တကယ်ရှိပြီး တကယ်မှန်တဲ့ မစ္ဆရိယတရား၊ ဒေါမနဿတရား။ အဲဒါက ဘာပါလဲ ပရမတ္ထသစ္စာ။ အဲဒီ မစ္ဆရိယသည် ဘာကိုဖြစ်စေသလဲ ဆိုတော့ ဒေါမနဿဝေဒနာကို ဖြစ်စေတယ်။

"ဘာကိုဖြစ်စေတယ်"

"ဒေါမနဿဝေဒနာကို ဖြစ်စေပါတယ်ဘုရား"

(၁) အကြောင်းက မစ္ဆရိယ။

(၂) အကျိုးက ဒေါမနဿ။

အကြောင်း မစ္ဆရိယသည် သမုဒယသစ္စာ။

အကျိုးဒေါမနဿဝေဒနာက ဒုက္ခသစ္စာ။

ပရမတ္ထသစ္စာပေါ်မှာ အရိယာသစ္စာကို ထပ်ဆင့်တဲ့အခါ ထပ်ဖွင့်တဲ့အခါ မစ္ဆရိယကိုအကြောင်း၊ စိတ်ထဲကမြည့်မြည့်နဲ့ တီကောင်ဆားနဲ့ တို့လိုက်သလို တွန့်လိမ်ပြီးတော့ ခံစားနေရတဲ့ ဒေါမနဿဝေဒနာ သူက အကျိုး။ အကြောင်း အကျိုး ပေါင်းလိုက်တော့ အကြောင်း မစ္ဆရိယသည် သမုဒယသစ္စာ၊ အကျိုးဒေါမနဿ ဝေဒနာက ဒုက္ခသစ္စာ။

ဒါ သံသရာဝဋ်မှာဖြစ်တဲ့ သစ္စာနှစ်ပါးတတွဲသွား။ ဟိုတဘက် တခါကြည့်လိုက်တော့ စားစရာမရှိတဲ့ လူကို စားစရာပေးမယ်၊ အဝတ်မရှိတဲ့လူကို အဝတ်ပေးမယ်။ နေစရာမရှိတဲ့ လူကို ကိုယ့်နေရာလေးကို ပေးပြီးတော့ နေခွင့်ပေးမယ်၊ နောက်လိုက်မရှိတဲ့ပုဂ္ဂိုလ်ကို ကိုယ့်ပရိသတ်ကိုခွဲပြီးတော့ ပေးမယ်၊ ဂုဏ်သတင်းမရှိတဲ့သူကို ဂုဏ်သတင်း ရအောင် ကိုယ်က ကြံဆောင်ပေးမယ်၊ အသိဉာဏ် ခေါင်းပါးနေတဲ့ လူထုကြီးကို အသိဉာဏ် တိုးတက်အောင် ကိုယ်က ကြိုးစားပေးမယ်၊ မေတ္တာတရား ပြဋ္ဌာန်းလာတယ်။

"ဘာပြဋ္ဌာန်းလာတယ်"

"မေတ္တာတရားပါ ဘုရား"

အဲဒီ မေတ္တာတရားသည် ပွားများအပ်သည် ဖြစ်ခြင်းကြောင့် မဂ္ဂသစ္စာ၊ မေတ္တာပွားတော့ ဟိုတဘက်က ကျဉ်းမြောင်းတဲ့ စိတ်ထား မစ္ဆရိယ ခေါင်းပါးသွားတာက နိရောဓသစ္စာ၊ ဟုတ်လား။

"ပွားများအပ်တဲ့ မေတ္တာသည် ဘာသစ္စာ"

"မဂ္ဂသစ္စာပါ ဘုရား"

မေတ္တာပွားတော့ ကျဉ်းမြောင်းသော စိတ်ထားလို့ ဆိုတဲ့ မစ္ဆရိယ ခေါင်းပါးသွားတာက နိရောဓသစ္စာ။ သစ္စာလေးပါး ဖြစ်မလာဘူးလား။

(၁) ဒုက္ခသစ္စာ၊

(၂) သမုဒယသစ္စာ

(၃) နိရောဓသစ္စာ

(၄) မဂ္ဂသစ္စာ

ဟုတ်လား-

## ပရမတ္ထသစ္စာနဲ့ အရိယသစ္စာ

မမွစကြာ ပရိသတ်ကြီးက ကျေညက်ပြီးသားမို့လို့ ဘုန်းကြီးတို့ ကမ်မွစကြာရွတ်မပြတော့ဘူး။ တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းအမျိုးကောင်း သမီးတွေက ဘုန်းကြီးတို့က မမွစကြာကို "ဣဒံခေါ ပန ဘိက္ခဝေ" စရုံရှိသေးတယ် ဒုက္ခ အရိယသစ္စ ဖြစ်နေကြမှာပါ။ ကြေပြီးသား ကြေ ပြီးသား။ အဲဒါကြောင့် မမွစကြာကို ဘုန်းကြီးတို့ မရွတ်ပါဘူး။ အမျိုး ကောင်း သမီးလေးတွေ သိပ်တော်ကာပဲ၊ ဘုန်းကြီးတို့မရတဲ့ မမွစကြာကို သူတို့ ရတယ်။

ခုတော့ ဘုန်းကြီးက ဆရာ ဒေါက်တာ မင်းတင်မွန် ပြောနေတဲ့ တွန့်ဆိုတဲ့ စကားလုံးလေး ကြိုက်တာနဲ့ပဲ မစ္ဆရိယနဲ့ ဣဿာကို ကောက်ပြီး တော့ သစ္စာလေးပါးကို ဖော်ထုတ် ပြောပြ ပါတယ်ဗျာ။ ဒီယနေ့တော့ မမှာရုံဘုရား ဖြစ်ပါကယ်နော်၊ မမှာရုံကြီးရဲ့ လှပတင့်တယ် ရှုချင်စဖွယ် ဖြစ်ဖို့အရေးကို ဒီကနေ့ သစ္စာလေးပါးတရား တနည်း သစ္စာနှစ်မျိုး။

"ဘယ်နှစ်မျိုးလဲ"
"နှစ်မျိုးပါ ဘုရား"
(၁) ပရမတ္ထသစ္စာ၊
(၂) အရိယသစ္စာ၊
"ပရိသတ်ကြီး ဘာသစ္စာ နဲ့ ဘာသစ္စာ"
"ပရမတ္ထသစ္စာနဲ့ အရိယသစ္စာပါ ဘုရား"

ပရမတ္ထသစ္စာနဲ့ အရိယသစ္စာ ဟုတ်လား။ ပရမတ္ထသစ္စာ တကယ်ရှိ၍ တကယ်မှန်သောတရား၊ ဒါကို Real truth လို့ခေါ်တယ်။ အရိယသစ္စာဆိုတာက မြင့်မြတ်သူတို့ သိမြင်သောတရား၊ မြင့်မြတ်သူတို့ သိတဲ့မြင်တဲ့ သစ္စာတရား။ အရိယသစ္စာ ဆိုတာဟာ အထက်တန်းရောက်လာမှ အဲဒီသစ္စာကိုမြင်တယ်။ အဲဒီသစ္စာကို မြင်လိုက်ယင်လဲပဲ ထိုသူဟာအထက်တန်းရောက်သွားပြီ။ ဒါကြောင့် သူ့ကိုအရိယသစ္စာ The noble truth လို့ခေါ်ပါတယ်။ သစ္စာ ဘယ်နှစ်မျိုးပါလဲ—

(၁) ပရမတ္ထသစ္စာ = The real truth.
(၂) အရိယသစ္စာ = The noble truth-

ဟုတ်လား။ ပရမတ္ထသစ္စာ၊ အရိယသစ္စာ ဟူ၍ သစ္စာနှစ်မျိုးပါ။ သမုတိသစ္စာကို ဘုန်းကြီးတို့ အသာလေး ချန်ထားပါတယ်။ ပြောစရာတွေ သိပ်များနေလို့ လိုအပ်တဲ့သစ္စာနှစ်ခုကို လိုအပ်သလို ဘုန်းကြီးတို့ ပြောပါတယ်။ ပရမတ္ထသစ္စာ၊ အရိယသစ္စာ၊ ဟုတ်လား။

စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

သစ္စာလေးပါးမှ လွတ်သော တရားနယ်လို့ မရှိပါဘူး—တဲ့

သစ္စာက အကျယ်ကြီး သုံးဆယ့်တဘုံ အရပ်ဆယ်မျက်နှာ၊ အနန္တစကြဝဠာ၊ သတ္တဝါတိုင်းရဲ့ သန္တာန်မှာ သစ္စာရှိပါတယ်။ ဟုတ်လား။ သုံးဆယ့်တဘုံ အရပ်ဆယ်မျက်နှာ အနန္တ စကြဝဠာ သတ္တဝါ တိုင်း သတ္တဝါတိုင်းရဲ့ သန္တာန်မှာ သစ္စာ ရှိပါသည်။ ကိုယ့်နှလုံးသားထဲမှာ ဝဿအရှိ၊ မဇ္ဈိမအရှိ၊ ဟုတ်ကဲ့လား။

"ရှိတယ် မဟုတ်လား"
"ရှိပါတယ် ဘုရား"
"ပရိတ်ကြီး ရှိလား"
"ရှိပါတယ် ဘုရား"

ဟောဗျာ၊ ဒါလောက်ဟောနေတာ ဣဿာနဲ့ မစ္ဆရိယ မရှိတော့ဘူးလို့ထင်နေတာ သူတို့ကရှိတယ်တဲ့။ ခက်တော့ခက်ပြီ၊ ဟောဒီပရိသတ်။

## မုဒိတာနှင့် မေတ္တာ မပွားနိုင်ယင်

ဣဿာကို ဘာနဲ့ပယ်မလဲ၊ မုဒိတာနဲ့ ပယ်။ မစ္ဆရိယကို ဘာနဲ့ပယ်မယ်၊ မေတ္တာနဲ့ပယ်၊ ဟုတ်လား။ မေတ္တာပွားတော့ ဟိုဘက်က ဒါနဖြစ်ပါတယ်နော်။ ပရမတ္ထ ခေတ်သားကိုပဲ ပြောကြ ရအောင် နော်။ ဒါနနဲ့ ပယ်ဆိုတာ မှန်ပါတယ်၊ သို့သော် ပရမတ္ထတရားတစ်ခုကို ပရမတ္ထ တရားတစ်ခုနဲ့ ပယ်တာက သဘာဝသိပ်ကျတယ်၊ ဟုတ်လား။

မစ္ဆရိယဆိုတာ ပရမတ္ထသစ္စာတစ်လုံး၊ သူ့ကို ပယ်မယ်ဆိုတဲ့မေတ္တာသည် ပရမတ္ထ သစ္စာတစ်လုံး၊ ဟုတ်လား။ မစ္ဆရိယဆိုတဲ့ ပရမတ္ထသစ္စာကို မေတ္တာဆိုတဲ့ ပရမတ္ထ သစ္စာနဲ့ အစားထိုးပြီးတော့ ထုတ်ပစ်ရမယ်။ ထုတ်ပစ်လိုက်တာ Eradicate ဟုတ်လား။ မစ္ဆရိယကို ထုတ်ပစ်ဖို့ရန် အတွက် ဘာအစားသွင်းမလဲ၊ မေတ္တာအစားသွင်း။ ဣဿာကို ထုတ်ပစ်ဖို့ရန် ဘာ အစားသွင်းမလဲ မုဒိတာနဲ့အစားသွင်း။ သူတစ်ပါး ရှိနေတာလေးတွေ ပြည့်စုံနေတာလေးတွေ ကြီးပွား တိုးတက်နေတာလေးတွေကို ကြည့်ပြီး တော့ ဝမ်းမြောက်အောင် နေတတ်ကြယင် ဘယ်လောက် ကောင်းမလဲ၊ ကောင်းမလဲ၊ လောကကြီးဟာ သိပ်ပြီး ပျော်စရာကောင်းမှာ။ မုဒိတာ၊ ဟုတ်လား။

မုဒိတာ မပွားနိုင်တော့ ဘာဖြစ်လဲ၊ ဣဿာဝင်တယ်။ မေတ္တာ မပွားနိုင်တော့ မစ္ဆရိယ ဝင်လာတယ်၊ဒီလိုမဟုတ်လား။ အဲဒါကြောင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့ ပရမတ္ထသစ္စာပိုင်းမှာ ဣဿာ၊ မစ္ဆရိယ သူတို့နဲ့တွဲပြီးတော့ ခံစားရတဲ့ ဒေါမနဿဝေဒနာ။ ပရမတ္ထ သစ္စာကို ကောက်ပြောယင် ဣဿာနဲ့ မစ္ဆရိယ ဒေါမနဿဝေဒနာ ပြီးတော့မေတ္တာ မုဒိတာ အဲဒါတွေ အကုန်လုံးသည် ပရိသတ်ကြီး ဘာ သစ္စာလဲ၊ ပရမတ္ထ သစ္စာ။

ဣဿာ ဆိုတာ တကယ်ရှိတယ်။ တကယ်မှန်တယ်၊ မစ္ဆရိယတွေ ဒေါမနဿဝေဒနာတွေ၊ မေတ္တာတွေ၊ မုဒိတာတွေ အကုန်လုံး ကာလ တိုင်း၊ ဒေသတိုင်း၊ ပုဂ္ဂိုလ်တိုင်းမှာ ရှိ၍ မှန်နေသောကြောင့် ဘာပါလဲ၊

ပရမတ္ထသစ္စာ၊ ဟုတ်လား။ စိတ်ရှိသမျှ အကုန်လုံး၊ စေတသိက် ရှိသမျှ အကုန်လုံး၊ ရုပ်ရှိသမျှ အကုန်လုံး၊ နိဗ္ဗာန် အကုန်လုံးကို ဘာခေါ်ကြမယ်၊ ပရမတ္ထသစ္စာ ခေါ်မယ်။

အဲဒီတော့မှ ထိုပရမတ္ထ သစ္စာပေါ်မှာ ထပ်ဆင့်ပြီးတော့မှ ဘာလုပ်ယူရမလဲဆိုတော့ အရိယသစ္စာကို ဖော်ထုတ် ယူရပါတယ်။ ပရမတ္ထသစ္စာထဲမှာ အရိယာသစ္စာကို ဖော်ထုတ်ယူရပါတယ်။

## လူထဲကလူဖြစ်တဲ့ လူနည်းစုများ

ခု ဘုန်းကြီးတို့ပရိသတ် ဖော်ပြတာ မှတ်မိလောက် ပါတယ်။ ဣလ္လာကို ပြန်ကြည့်၊ သူဟာပါးပြည့်စုံကြီးပွား တိုးတက်နေတာကို ကြည့်၍ ကြာ၍ မကျေနပ်တာ ဣလ္လာ၊ သမုဒယသစ္စာ။ အဲဒီ မကျေနပ်တဲ့ လူရဲ့ နှလုံးသားမှာ ဘယ်လိုခံစားရတယ်၊ ပင်ပန်းပြီး မကျေနပ်ဘူး၊ မကျေနပ်ဘူးဆိုပြီးတော့ ပင်ပန်းမနေဘူးလား။

"ဘာဝေဒနာ"

"ဒေါမနဿဝေဒနာပါ ဘုရား"

သူသည် ဒုက္ခသစ္စာ။ အဲဒီဒေါမနဿဟာ ဘာကြောင့်ဖြစ်၊ ဣလ္လာကြောင့်ဖြစ်တာ၊ ဣလ္လာက ဘာသစ္စာလဲ၊ သမုဒယသစ္စာ၊ စိတ်ထဲ တမြည့်မြည့် ခံစားရတဲ့ ဒေါမနဿက ဒုက္ခသစ္စာ၊ အဲဒီ သမုဒယနဲ့ ဒုက္ခသစ္စာကို သဘောပေါက်လိုက်လို့ ရှိယင် မဇ္ဈရိယသည် ဒီနေရာ ဘာဖြစ်မလဲ၊ သမုဒယ သစ္စာ။ သူသည် Cause of a suffering ဟုတ်လား။ ဟို ဒေါမနဿ ဝေဒနာက သူက suffering ဖြစ်နေတယ်။

အဲဒီ ဒေါမနဿနဲ့ ဒုက္ခကို ပယ်ဖို့ရန် နည်းလမ်း ဘုန်းကြီးတို့ ပရိသတ် ရှာကြည့်။ နည်းလမ်း ရှာကြည့်တော့ ဘာသွားရလဲ၊ မဂ္ဂဒီတာ ဘာဝနာ သွားရတယ်။ မုဒိတာဘာဝနာ ပွားများဖို့ နည်းစနစ်ကို သုတ္တန်ပိဋကတ်မှာ အပြည့်အစုံ ပြောပြထားတယ်။ ဟုတ်လား။ ဣလ္လာ မစ္ဆရိယတို့ရဲ့ သဘောအကျယ်ကို အဘိဓမ္မာ ပိဋကတ်မှာ ပြောပြထား တယ်။ မုဒိတာပွားရမယ့် နည်းစနစ်တွေကို ဘယ်မှာ ပြောထားလဲ၊ သုတ္တန်မှာ ပြောပြထားတယ်၊

(၁) နည်းစနစ်ပိုင်းက သုတ္တန်၊
(၂) သဘောတရားပိုင်းက အဘိဓမ္မာ။
(၃) အဲဒါတွေကို စည်းကမ်းသတ် ပေးလိုက်တာက ဝိနည်း။

ဒီလောက်ပြည့်စုံတဲ့ ဗုဒ္ဓဘာသာ သာသနာတော်ကို ကြည်ညိုမှီခိုနေရတာ ဘုန်းကြီးတို့ ပရိတ်သတ် လူထဲကလူပဲ၊ ဟုတ်လား။ လူထဲကလူပဲ၊ ဒီလောက် ပြည့်စုံနေတဲ့ သာသနာမျိုးကို ကြည်ညိုခွင့်ရတယ်၊ ကျင့်ခွင့်ရတယ်ဆိုတဲ့လူဟာ ကမ္ဘာမှာ နည်းနည်းလေးပဲ ရှိတော့တယ်။ နောက်ဒါထက် နည်သွားဦးမယ်ဆိုတာ စိတ်ချပါ။

ဒီကနေ့ ကမ္ဘာ့လူဦးရေအားလုံးရဲ့ ငါးပုံတစ်ပုံပဲ၊ ဗုဒ္ဓဘာသာရှိပါတယ်။ အဲဒီ တစ်ပုံကလေးပဲ နောက် ဘယ်လောက်ခံမယ်ဆိုတာ စောင့်ကြည့်ရအောင်၊ ဒါကြောင့် ဒီလို သစ္စာတရားတွေကို မကွယ်မပျောက်အောင် ထိန်းသိမ်းတော် မူကြတဲ့ သံဃာတော် အရှင်မြတ်တို့ဟာ ဘယ်လောက် ကျေးဇူးတင်ဖို့ ကောင်းတယ် ဆိုတာကိုလဲပဲ သံသံ သရဏံ ဂစ္ဆာမိပိုင်းမှာ သဘောပေါက်ဖို့ လိုပေလိမ့်မယ်၊ ဟုတ်လား။

## ပရမတ္ထသစ္စာနဲ့ အရိယသစ္စာဆိုတာ

ကိုင်း ဒီတော့ ပရိသတ်ပေါင်း သူတော်ကောင်းတို့ သစ္စာရလာပြီ။ မဒိတာတရားသည် ဘာပါတဲ့လဲ၊ မဂ္ဂသစ္စာ၊ ဟုတ်လား။ သူတပါးရဲ့ ပြည့်စုံကြီးပွား တိုးတက်အောင်မြင်တာတွေကို ဝမ်းသာပါတယ်လို့ ကျေကျေနပ်နပ်ကြီး ဝမ်းမြောက်နေတဲ့ သူ့ရဲ့ ရင်ထဲနှလုံးထဲမှာ ကမင်းမစားရနေပါစေ အလိုလိုပြည့်နေတယ် ဟုတ်လား။

အဲဒီတော့ ပရိတ်သတ်ပေါင်း သူတော်ကောင်းတို့ သန္တာန်မှာ ဒေါမနဿဝေဒနာ မချုပ်ငြိမ်းဘူးလား။ ဒေါမနဿဝေဒနာ ချုပ်ငြိမ်းတယ်၊ သူ့ရဲ့ အကြောင်းရင်းဖြစ်တဲ့ ဣဿာတရားလဲ ချုပ်ငြိမ်းသွားတယ်။ ဒေါမနဿနဲ့ ဣဿာတရား ချုပ်ငြိမ်းသွားတာ ဏနည်း သမုဒယနဲ့ ဒုက္ခ ချုပ်ငြိမ်းသွားတာ၊ ဒါကို ဘာသစ္စာခေါ်ပါသလဲ၊ နိရောဓသစ္စာ၊ ကိုယ်ပွားများနေတဲ့ မုဒိတာက မဂ္ဂသစ္စာ၊ သစ္စာလေးပါး ဘယ်မှ မလွတ်ဘူးနော်။ ခုနက စာပိုဒ်ရလိုက်ကဲ့လား၊ ဘယ်လိုဆိုမလဲ ဆိုကြည့်ပါ။

စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။

စေတသိက် ဝိနိမုတ္တော၊ သစ္စာလေးပါးမှ ကင်းလွတ်သော။ မမ္မောနာမ၊ ဓမ္မမည်သည်။ နတ္ထိ၊ မရှိဘူး။-တဲ့

သစ္စာလေးပါးမှ ကင်းလွတ်သောဓမ္မဆိုတာမရှိပေဘူး၊ ဟုတ်လား။

ပရမတ္ထသစ္စာက စိတ်.၈၉၊ စေတသိတ် ၅၂၊ ရုပ်.၂၈၊ နိဗ္ဗာန် ၁၊ အဲဒါတွေအားလုံးသည် ပရမတ္ထသစ္စာ။

အရိယသစ္စာ ဆိုသည်ကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဒါပဲ အရိယသစ္စာက ဒီလေးခုပဲရှိတယ်။

ပရမတ္ထသစ္စာကတော့ စိတ်ရှိသမျှအားလုံး၊ စေတသိက် ရှိရှိသမျှအကုန်လုံး၊ ရုပ်ရှိရှိသမျှ အကုန်လုံး၊ နိဗ္ဗာန်တရား၊အဲဒါတွေသည် ပရမတ္ထသစ္စာ။

သစ္စာ အမျိုးအစားက နှစ်ပါး၊ ပရမတ္ထသစ္စာနဲ့ အရိယသစ္စာ၊ ဟုတ်ပြီလား၊ ပရမတ္ထသစ္စာကို သိလို့ရှိယင် ဒိဋ္ဌိစင်တယ်၊ အရိယသစ္စာကို သိလို့ရှိယင် တဏှာစင်တယ်တဲ့၊ ဟုတ်လား။ ပရမတ္ထသစ္စာကို သိလျှင်ဘာဖြစ်တယ်၊ စိတ်စေတသိက် ရုပ်နိဗ္ဗာန်ကို နားလည်ယင် ဒိဋ္ဌိစင်တယ်ပေါ့၊ ဟုတ်လား။ ကိုယ့်စိတ် ကိုယ်မသိယင် ဒိဋ္ဌိပဲ။ ကိုယ့်စေတနာ ကိုယ့်ဝေဒနာ ကိုယ်မသိယင် ဒိဋ္ဌိပဲ၊ ဟုတ်လား။ ကိုယ့်ရုပ်အကြောင်း ကိုယ်မသိယင်လဲ ဒိဋ္ဌိပါပဲ၊ နိဗ္ဗာန်ရှိလျက်နဲ့ လက်မခံနိုင်ယင် ဒိဋ္ဌိပါပဲ၊ ဟုတ်လား။

အဲဒါကြောင့် စိတ်မသိ၊ စေတသိက်မသိ၊ ရုပ်မသိ၊ နိဗ္ဗာန်မသိဆိုယင် အဲဒါ ဒိဋ္ဌိ။ ပရမတ္ထသစ္စာ နားမလည်ယင် ဒိဋ္ဌိမစင်ဘူးလို့ မှတ်ကြ။ ဒီတော့ ဒိဋ္ဌိ သန့်စင်စေရေးအတွက် ပရမတ္ထသစ္စာကိုသိအောင် အားထုတ်ကြပါ။ တဏှာ ခေါင်းပါးရေးအတွက် အရိယသစ္စာကို နားလည်အောင် အားထုတ်ကြပါ။

"ဒိဋ္ဌိ၊ တဏှာ ဒီနှစ်ဖြာ သံသရာဒုက္ခပေးနေတာ" ဟုတ်လား။

ဒိဋ္ဌိနဲ့တဏှာ ဒီနှစ်ပါးသည် သံသရာမှာ ဒုက္ခပေးတယ်တဲ့၊ ပရိသတ်ကြီး မှတ်မိပြီလား။

## ကမ္ဘာမှာ အုပ်စုကြီး နှစ်စုရှိတယ်

ကြည့်လိုက်၊ ရှိတဲ့လူတွေရဲ့အုပ်စုက မပေးဘူးဆိုယင် မရှိတဲ့အုပ်စုက ဘာဖြစ်လာလဲ၊ ဘာ့ကြောင့် သူမပေးချင်ပါတာလဲ ဆိုပြီးတော့ မကျေနပ်ဘူး။ ရှိတဲ့လူတွေက မပေးဘူး၊ ဝေမပေးဘူးဆိုယင် ဟိုမရှိတဲ့ စားစရာ

မရှိတဲ့၊ ဝတ်စရာ မရှိတဲ့လူတွေကဲ ဘာဖြစ်လာမလဲ၊ မကျေနပ်ဘူး။ ဂ္ဂလာ အုပ်စုနဲ့ မစ္ဆရိယအုပ်စု၊ ကမ္ဘာ့အုပ်စုကြီးနှစ်ခု တွေ့လား၊ ဘာအုပ်စုနှင့် ဘာအုပ်စုလဲ။

ဂ္ဂလာအုပ်စုနဲ့ မစ္ဆရိယအုပ်စု၊ မျှားများကြီးရှိတဲ့အပိုင်းမှာ မစ္ဆရိယလွှမ်းတယ်၊ မရှိတဲ့ မရတဲ့အပိုင်းက ဂ္ဂလာလွှမ်းတယ်။ ကမ္ဘာကြီးရဲ့ အုပ်စုနှစ်စုကို ဘုန်းကြီးတို့ ပရမတ္ထသစ္စာနည်းအရ အဲဒါ ခွဲလိုက်တာ။ ကမ္ဘာ့အုပ်စုကြီးနှစ်ခု တွေ့လား၊ မျှားများကြီးရှိတဲ့အပိုင်းမှာ မစ္ဆရိယ၊ ဟို မရှိဆင်းရဲနေတဲ့အပိုင်းက ဂ္ဂလာ။ ကမ္ဘာ့အုပ်စုကြီးနှစ်ခု၊ ဟုတ်လား။ အဘိဓမ္မာနည်းအရ ပရမတ္ထသစ္စာနည်းအရ ကမ္ဘာကို အုပ်စုခွဲယင် ဒီနှစ်စုဟာ ယေဘုယျအားဖြင့် ရပါတယ်။

အဲဒီ နှစ်အုပ်စု ကြားမှာ ပရိသတ်များ ထောက်လာတဲ့မီးက ဒေါသမီး၊ ဟုတ်လား။ ရှိတဲ့လူတွေကလဲ ကိုယ်ပိုင်တာ သူများနဲ့ဝေလိုက်ရယင် မကြိုက်နိုင်ဘူး၊ သည်းမခံနိုင်ဘူး။ မရှိတဲ့လူတွေကလဲ ဒီကောင် ဘာဖြစ်လို့ ဒီလောက် ချမ်းသာရသလဲဆိုပြီး မကျေနပ်ချင်ကြဘူး။ နှစ်အုပ်စုကြား ဘာမီးလောင်လဲ၊ ဒေါသမီး တောက်လာတယ်။ စေတသိက် တစ်လုံး၊ စိတ်တစ်လုံး ရပြန်တယ်၊ဟုတ်လား။

အဲဒါကြောင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ကမ္ဘာကြီး ရဲ့ အုပ်စုနှစ်စုတိုက်ပွဲကြားမှာ လောင်တဲ့မီးသည် ဘာမီးလောင်နေလဲ၊ ဒေါသမီးလောင်နေတယ်။ အဲဒါကြောင့် ကမ္ဘာကြီး ဘယ့်နှယ်လုပ်ချမ်းသာနိုင်ပါမလဲ၊ ဟုတ်လား။ အဲဒီသစ္စာတရားတွေကို မမြင်ကြသမျှ ကာလပတလုံး ဒုက္ခမှ မလွတ်ဘူးလို့ မြတ်ဗုဒ္ဓက ဒါကို မိန့်တယ်။

စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ
သံသရိတံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဥ္စေဝ
တုမှာကဉ္စ။

ရဟန်းတို့....

ငါဘုရားသည်လည်းကောင်း၊ သင်ရဟန်းပရိသည်လည်းကောင်း၊ သူတော်မြတ်တွေ သိအပ်တဲ့ သစ္စာတရားကို မသိကြတဲ့ အတွက်ကြောင့် ဒုက္ခသံသရာထဲမှာ ရှည်လျားစွာ ကျင်လည်ခဲ့ရပြီ၊ ဒီလို ပြောတယ်။ ဒီသစ္စာတရားတွေကို မသိကြလို့ ငါဘုရားသည်လည်းကောင်း၊ သင်ရဟန်းတို့သည်လည်းကောင်း ဘယ်ထဲမှာလည်ခဲ့ရ၊ ဒုက္ခသံသရာထဲမှာ လည်ခဲ့ရပြီတဲ့၊ ဟုတ်လား။

## တစ်ခုတည်းသော လမ်းစဉ်

ဒီတော့ ဗုဒ္ဓတရားတော်က ဘာအတွက် ကျင့်သုံးတဲ့ တရားလဲ ဆိုယင်–

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။

အဲဒါ ဗုဒ္ဓရဲ့ လမ်းစဉ်ပါပဲ၊ ဟုတ်လား။ ဘယ်လောက်ကောင်းလဲ၊ သောက ပရိဒေဝ ါနံ သမတိက္ကမာယ–မဆက်ကြပါနဲ့၊ ဒါလောက်ပဲ ထားပါ။

ဘိက္ခဝေ၊ ရဟန်းတို့။

အယံမဂ္ဂေါ၊ ဤလမ်းစဉ်သည်၊ ဤကျင့်စဉ်သည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ သန့်ရှင်းဖို့ရန်အလို့ငှာ။ ဧကာယနော၊ တစ်ခုတည်းသောလမ်းစဉ်, တစ်ခုတည်းသော ကျင့်စဉ်သာ ဖြစ်ပါပေ၏။

ဤကျင့်စဉ်သည် သတ္တဝါတို့၏ စိတ်ဓာတ် သန့်ရှင်းရေးအတွက် တစ်ခုတည်းသောကျင့်စဉ် ဖြစ်ပါတယ်။

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။

ဒါကြောင့် ဘုန်းကြီးတို့က ဆိုထားပါတယ်။

Buddhism is not a Religion.

Religion မဟုတ်ဘူး။

Buddhism is neither sceptical nor dogmatic.

Sceptical သဘောမျိုး၊ dogmatic သဘောမျိုးလဲ မဟုတ်ဘူး။

Buddhism is neither pessimism nor optimism;

Pessimistic point of view, nor optimistic point of view.

အကောင်းတစ်ဘက်သတ်ကြီး၊ အဆိုးတစ်ဘက်သတ်ကြီး၊ ဒါမျိုးလဲ မဟုတ်ပါဘူး။

**Buddhism is neither obsolutely this world nor other world.**

ဒီ မျက်မှောက် ဘဝကိုသာလျှင် တစ်ဘက်သတ်ကြည့် ဝါဒမျိုးလဲ မဟုတ်ဘူး။ တမလွန် လောကကိုချည်း တစ်ဘက်သတ်ကြည့်နေတဲ့ ဝါဒမျိုးလဲ မဟုတ်ဘူး။

Buddhism is a unique path of enlightenment.

ဒီ unique ဆိုတာ ကေဝလနော တစ်ခုတည်းသောလမ်း၊ ဘာအတွက်လဲ၊ Path of enlightenment. Enlightenment လို့ခေါ်တဲ့ အသိဉာဏ်တွေ အတွက်၊ ဘုန်းကြီးတို့ စာအတိုင်း ပြောရအောင်၊ ဗောဓိဉာဏ်အတွက်တဲ့၊ ဟုတ်လား။

"ဘာဉာဏ်အတွက်"

"ဗောဓိဉာဏ်အတွက်ပါ ဘုရား"

"နောက် တစ်မျိုး ပြောရအောင်၊ သစ္စ ဉာဏ်အတွက်၊

"ဘာဉာဏ်"

"သစ္စဉာဏ်ပါ ဘုရား"

ဗောဓိဉာဏ်ကိုရဖို့ရန်၊သစ္စဉာဏ်ကိုရရှိရန်တစ်ခုတည်းသောလမ်းစဉ်၊ တစ်ခုတည်းသောကျင့်စဉ်၊ တစ်ခုတည်းသော နည်းလမ်းပါပဲတဲ့။ သစ္စဉာဏ်ကိုရဖို့ရန် တစ်ခုတည်းသော နည်းလမ်းဟာ ဒီဗုဒ္ဓဝါဒပဲ ရှိတယ်၊ တခြားမရှိဘူး။ ဒီလို ပြောထားတယ်။ အဲဒါကြောင့် ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းတို့၊ ဗုဒ္ဓဘာသာ တရားတော်အရ၊ ဘာပြဿနာ်းသလဲဆိုယင် unique ကို ကေဝလနလို့ ခေါ်တဲ့ ဒီတစ်ခုတည်းသောလမ်းစဉ်ကို ဘာလုပ်ဖို့လဲ၊ လိုက်ဖို့၊ ကျင့်ဖို့၊ ဒါက ပဓာန။

ဓိတ်ရဲ့ အညစ်အကြေးတွေ ပြုစင်သန့်ရှင်းသွားဖို့

မဒိဘာဆိုတဲ့ ကျင့်စဉ်ကို ကျင့်ပေ င် ဣသာကို ပယ်ပြီးသား ဖြစ်နေတယ်။ မေတ္တာလမ်းစဉ်ကို လိုက်ခဲ့ ဘာဖြစ်လဲ၊ မစ္ဆရိယကို ပယ်ပြီးသား ဖြစ်နေတယ်။ အဲဒါ လူမြတ်တို့ရဲ့ ကျင့်စဉ်လို့လဲ ဆိုနိုင် ပါတယ်။ **The way to nobility** ပေါ့၊ ဟုတ်လား။ အဲဒီတော့ ပရိသတ် အပေါင်း သူတော်ကောင်းတို့ ဒီကျင့်စဉ်တွေ၊ ဒီလမ်းစဉ်တွေ အကုန်လုံးက ဘယ်ထဲသွားသလဲ၊ မဂ္ဂသစ္စာထဲကိုသွားတယ်၊ ဟုတ်လား။

ဧကာယနဆိုတဲ့ ပါဠိတော်ဟာ မဟာ သတိပဋ္ဌာန် သုတ်မှာပဲ တွေ့တယ်။ ဒိပြင်နေရာမှာ မြတ်စွာဘုရား တယ်မဟောဘူး။ ဧကာယနော - တစ်ကြောင်းတည်းသော လမ်းစဉ်။ အဲဒီ တစ်ကြောင်းတည်းသော လမ်းစဉ်က ဘာများလဲဆိုတော့ -

အယံ မဂ္ဂေါ၊ ဤသတိပဋ္ဌာန် ကျင့်စဉ်တာ ဘာအတွက်လဲ။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတွေ စိတ် သန့် ရှင်း ဖို့ အတွက်။

သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေ သန့်ရှင်းဖို့အတွက်၊ စိတ်မှာ ညစ်နေလို့လားလို့ ဆိုတော့ ညစ်နေတယ်။ ဘာတွေဝင်လို့ ညစ်နေတာလဲ၊ လောဘဝင်တော့ စိတ်ညစ်တယ်၊ မစ္ဆရိယဝင်တော့ စိတ်ညစ်တယ်၊ မပေးချင်တာ အတင်း တောင်းတော့ စိတ်ညစ်တာပေါ့ဗျ။ အဲဒီတော့ ဆရာဒေါက်တာမင်းတင်မွန် သိပ်မကောင်းပါနဲ့၊ ဘုန်းကြီးတို့ပရိသတ် စိတ်ညစ်သွားမှာ စိုးရပါတယ်။

"ပရိသတ်ကြီး စိတ်ညစ်သလား"

"မညစ်ပါ ဘုရား"

"မညစ်ယင် မျှားမျှားထည့်"

မပေးချင်ပဲနဲ့ အတင်းပေးရတော့ စိတ်ညစ်တယ်၊ မစ္ဆရိယကြောင့်ဟုတ်လား။ သူတစ်ပါးတို့ သိပ်ပြီးတော့ ကြီးပွားနေတာ တိုးတက်နေတာကြည့်ပြီးတော့ မကျေနပ်ကြတဲ့ လူအပေါင်းမှာ လောဘဝင်တော့ ဘာဖြစ်ပါသလဲ၊ စိတ်ညစ်တယ်၊ ညစ်မနေကြဘူးလား။ အဲဒီ ညစ်နေတဲ့စိတ်တွေကို ဖြူစင်ဖို့ရန် သန့်ရှင်းဖို့ရန် ဤ စိတ်ဓာတ်တွေကို ဖြူစင်ဖို့ရန် သန့်ရှင်းဖို့ရန် ဟောဒီ Purification of the mind စိတ်ဓာတ် တွေ ဖြူစင်ဖို့ သန့်ရှင်းဖို့ရန် ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဧကာယနော -

The unique path of enlightenment.

ဧကာယနော၊ တခုတည်းသော လမ်းစဉ် ရှိနေပါတယ်။

ရှိမနေဘူးလား၊ ဟောဒီမှာ မဂ္ဂသစ္စာ ဆိုတဲ့ လမ်းစဉ် ရှိမနေဘူးလား၊ မုဒိတာဘာဝနာ၊ မေတ္တာဘာဝနာ၊ အဲဒါတွေအကုန်လုံး မဂ္ဂသစ္စာမှာ ကျုံးပြီးတော့ ဝင်သွားတယ်၊ ဟုတ်လား။

## တစ်ဖက်စွန်းမရောက်တဲ့ ဗုဒ္ဓဝါဒ

အဲဒီတော့ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ မေတ္တာတရား ကြုပ်ကြုပ်ပွား၊ မဇ္ဈိမတရား ခေါင်းပေါ်းတယ်။ မုဒိတာတရား ကြုပ်ကြုပ်ပွားတော့ ဘာဖြစ်လဲ၊ ဉာဏ်တရား ခေါင်းပေါ်းတယ်။ မေတ္တာနဲ့မုဒိတာ သည် ကျင့်စဉ်တစ်ရပ်ပါပဲ၊ သူသည် ကောယန ဆိုတဲ့ အထဲမှာ ပါတယ်၊ ဟုတ်လား။ ဘာအတွက်လဲ။

သတ္တာနံ ဝိသုဒ္ဓိယာ၊

သတ္တာနံ၊ သတ္တဝါတို့ရဲ့၊ ဝိသုဒ္ဓိယာ၊ စိတ်ထဲမှာ ညစ်ထေးနေတဲ့ ဉာဏ မဇ္ဈိမပါဆိုတဲ့ အညစ်အကြေးတွေ သန့်ရှင်းဖို့ရန်။ ကောယနော၊ တစ်ခုတည်းသောလမ်းစဉ် ဖြစ်ပါပေ၏။ တဲ့–

တစ်ကြောင်းတည်းသောလမ်းစဉ်။ ဒီပြင်လမ်းစဉ်ရှိယင် ရှာကြည့်။ ဒီကျင့်စဉ်မှတစ်ပါး အခြားကျင့်စဉ်များ ရှိဦးမလားဆိုတာ ရှာကြည့်ပါ။ ဒီ ဉာဏနဲ့ မဇ္ဈိမကို ခေါင်းပါးဖို့ရန်အတွက် ဘုန်းကြီးတို့ပရိသတ်များ၊ ဟိုကမ္ဘာဦးက စတင်လာခဲ့တဲ့ ကိုးကွယ်နည်းမျိုးနဲ့. ရမလား၊ မရဘူး။ သစ်ပင်, တောတောင်, ရေ, မြေ, နေ, လ, နက္ခတ် တာရာကို ရှိခိုး ဆုတောင်းလို့ ဉာဏက မရှင်းဘူး၊ မဇ္ဈိမလဲ မရှင်းဘူး။ ဒါကြောင့် ကောယန ဒီနည်းဟာ တစ်ခုတည်းသောနည်းပဲ၊ အခြားနည်း မရှိဘူးတဲ့။ ဒီလို ပြောထားတယ်၊ ဟုတ်လား၊ ဒီနည်းမှတစ်ပါး အခြားနည်း မရှိဘူးတဲ့။

ဒီတော့ ဗုဒ္ဓဝါဒသည် ဒီဘဝအတွက် တစ်ဖက်သတ် ကျင့်သုံးရမယ့် ဝါဒမျိုးလဲ မဟုတ်ဘူး။ နောင်တမလွန် လောကအတွက် တစ်ဖက်သတ် ကြည့်ရတဲ့ ဝါဒမျိုးလဲ မဟုတ်ပါဘူး၊ ဒီဘဝ နောင်ဘဝ နှစ်မျိုးလုံး အတွက် အသုံးဝင်တဲ့ တရားမျိုး ဖြစ်ပါတယ်။ ဒိမ်ခံဖို့ အကောင်းဘက်ကို ချည်း စိုက်ကြည့်တဲ့ ဝါဒမျိုးလဲ မဟုတ်ပါဘူး၊ မကောင်းတဲ့ ဘက်က လောကကြီးအဖြစ်ချည်း ရှာနေတဲ့ ဝါဒမျိုးလဲ မဟုတ်ပါဘူး။ အကောင်း အဆိုး ဤနှစ်မျိုးကို လွတ်အောင် ကြားထဲက ရှောင်သွားကယ်။ မမှစကြာ ကား ပြောရယင်တော့–

(၁) ကာမသုခလ္လိကာနုယောဂ အစွန်း၊
(၂) အတ္တကိလမထာနုယောဂ အစွန်း၊

ဇိမ်သမားတွေက ကာမသုခလ္လိကာနုယောဂ လိုက် သွား တယ်၊ ဇိမ်သမားတွေ ဟုတ်လား။ ဇိမ်မရှိတဲ့ လူတွေက နောက်ဆုံး စားစရာမရှိ၊ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မယ် ဆိုပြီးတော့ ဘယ်သွားလဲ၊ အတ္တကိလမထာနုယောဂလိုင်းကို နွယ်သွားတယ်။ မြတ်ဗုဒ္ဓက ဇိမ်ခံတဲ့ အပိုင်းလဲ မလိုက်ပါနဲ့၊ ဇိမ်မရှိဘူးဆိုပြီးတော့ သတ်လဲမသေလိုက်ကြပါနဲ့တဲ့၊ ဟုတ်လား။

ယောဒီမှာ အလယ်လမ်းဆိုဟာ ရှိတယ်တဲ့။ တစ်ခုတည်းသောလမ်း လိုက်ကြ။ စည်းစိမ်လဲ ခံမနေနဲ့၊ ပင်ပန်းဆင်းရဲ ပြီးတော့ ဒီအတိုင်းလဲ ကျိုယ်မှိတ်ပြီးတော့ မနေလိုက်ကြနဲ့။ အလယ်လမ်း တစ်ခုတည်းသော လမ်း ရှိတယ်လို့ ပြောမသွားဘူးလား။

အေး-ဒီကနေ့ သစ္စာနှစ်မျိုး ဘုန်းကြီးတို့ ပြောခဲ့တယ်။

အရိယ သစ္စာ ဆိုတာ ဘာလဲ

(၁) ပရမတ္ထသစ္စာ၊

(၂) အရိယသစ္စာ၊

ပရမတ္ထသစ္စာဟူသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်။ စိတ် ၈၉ စေတသိက် ၅၂၊ ရုပ် ၂၈ ဒီရုပ်တရားတွေ အကုန်လုံး ဘာသစ္စာ၊ ပရမတ္ထသစ္စာ။ နိဗ္ဗာန်လဲပဲ ပရမတ္ထသစ္စာ၊ ဟုတ်လား။ အဲဒီ စိတ်စေတသိက် ရုပ် နိဗ္ဗာန်အကုန်လုံးသည် ပရမတ္ထသစ္စာ။ စိတ်ပေါ်မှာ စေတသိက် ပေါ်မှာ ရုပ်ပေါ်မှာ နိဗ္ဗာန် ပေါ်မှာ မှီပြီးတော့ ဘာသစ္စာကို ဖော်ထုတ် ရမလဲ၊ အရိယသစ္စာကို ဖော်ထုတ်ရတယ်။

အရိယ သစ္စာ ဆိုတာ ဘာဟဲ့လဲ၊ လူမြတ်တို့ သိအပ်သော သစ္စာ တရား၊ အဲဒီ သစ္စာကို သိယင် လူမြတ်၊ လူတော်, လူမြတ် ဆိုတဲ့ အရိယာ အဆင့်သို့ ရောက်သည်တဲ့၊ ဟုတ်လား။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဆိုတဲ့ ဒီသစ္စာ လေးခုသိယင် အရိယာ ဆိုတဲ့ သူတော်, သူမြတ် အဖြစ်သို့ ရောက်သည်။

ဒါကြောင့် စုချုပ်လိုက်တော့ ကိလေသာတရား မှန်သမျှ အကုန် လုံး သမုဒယသစ္စာထဲ၊ ထည့်လိုက်တော့၊ ဟုတ်လား။ လောဘတစ်လုံးတည်း

မပြောနဲ့နော်၊ ကျန်တဲ့ ကိလေသာတွေလဲ ဒုက္ခပေးပါတယ်။ ကိလေသာ မှန်သမျှ ဒုက္ခကိုဖြစ်စေတယ်။ သူကဘာတဲ့လဲ သမုဒယသစ္စာ Cause of a suffering ဟုတ်လား။ အေး-ကိလေသာကြောင့် ဖြစ်လာတဲ့ အကျိုးတွေ အကျိုးတွေ အကုန်လုံးကတော့ ဒုက္ခသစ္စာ။

အဲဒီ ကိလေသာတွေကို ချုပ်အောင် ငြိမ်းအောင်ကျင့်ရမယ်၊ ကျင့်စဉ် ကျင့်ရပ်တွေ အကုန်လုံး ကတော့ မဂ္ဂသစ္စာ၊ ကိလေသာ တရားတွေ အကုန်လုံး ချုပ်ငြိမ်းပြီ၊ ချုပ်ပြီဆိုယင် ဒုက္ခဇာတ်ကြီးလဲ ချုပ်ရပ်ပြီ ဖြစ်ခြင်းကြောင့် ကိလေသာနဲ့ ဒုက္ခ။ ဒီနှစ်ခုငြိမ်းချုပ်တာက နိရောဓသစ္စာလို့ အရိယသစ္စာလေးပါး ပရမတ္ထသစ္စာလေးပါးရပြီလား။ စိတ်။ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ လေးပါးသည် ပရမတ္ထသစ္စာ။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ခေါ်တဲ့ လေးပါးကလည်း အရိယသစ္စာ၊ ဟုတ်လား။ အဲဒါကြောင့် ဘုန်းကြီးတို့ ပေးနေကျ ဆောင်ပုဒ်ကလေးကို ဆောင်ထားပါ။ ဆိုလိုက်ရမယ်။

"တရားသဘောအမှန် ပရမတ္ထသစ္စာ"

ဆိုကြည့်။ တရားသဘောအတိုင်းမှန်နေတာ ပရမတ္ထသစ္စာ၊ မြတ်ဗုဒ္ဓ ဟောပြမှ ပေါ်လာတဲ့ အမှန်တရားက အရိယသစ္စာ၊ ဟုတ်လား။ ဆိုလိုက်-

"ဘုရားဟောအမှန် အရိယသစ္စာ"

"တရား သဘောအတိုင်း ထင်ရှားရှိ၊ တကယ်မှန် နေတာ၊ ဘာသစ္စာ"

"ပရမတ္ထသစ္စာပါ ဘုရား"

ဒိဋ္ဌိစင်ဖို့ ပရမတ္ထသစ္စာ သိအောင် ကြိုးစားကြပါ။

"မြတ်ဗုဒ္ဓဟောမှပေါ်လာတဲ့ အမှန်တရားက ဘာသစ္စာ"

"အရိယသစ္စာပါ ဘုရား"

တနည်း၊ သူတော်သူမြတ်တွေ သိအပ်တဲ့ သစ္စာက အရိယသစ္စာ၊ အကျွတ်တင်ဖို့ အရိယသစ္စာကို သိအောင် ကြိုးစားကြပါ။

သစ္စာနှစ်မျိုး Real truth နဲ့ Noble truth ခေါ်တဲ့ သစ္စာနှစ်မျိုး၊ အသေးစိပ်တော့ မဟုတ်ဘူး။ ဘုန်းကြီးတို့ ပရိသတ် သိသာရုံမျှပဲ ဘုန်းကြီး ဟို့ ပြောရပါတယ်။ ဒါတောင် သတ်မှတ်ထားတဲ့ အချိန်ကို နာရီဝက် လွန်သွားပါတယ်။ ကိုင်း– ဒီကနေ့ အခမ်းအနား သိမ်းကြရအောင်....

(နမော ဝိဘင်္ဂဝါဒီနေ့ဖြင့် အခမ်း အနား ရုပ်သိမ်း)

❀

# (၆) ဗုဒ္ဓလမ်းစဉ်

## THE PATH OF BUDDHA

၁၉၄၆–ခု၊ ဝါဆိုလဆန်း ၆ရက် (ဆဋ္ဌမနေ့)

(၃–၇–၀၄)

တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီးက ကြီးမှူးပြီး ကျင်းပတဲ့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသော ဗုဒ္ဓဝါဒ အခြေခံသဘောတရားများ ဟောပြောပွဲ ဆဋ္ဌမနေ့အစီအစဉ်ကို စတင်ကြရအောင်။

(နမော ဝိဘဇ္ဇဝါဒိနော ဖြင့် အခမ်းအနားဖွင့်)

ဒီကနေ့ ဟောပြောမယ့် ခေါင်းစဉ်ကို ဘုန်းကြီးတို့ ဗုဒ္ဓလမ်းစဉ်လို့ အမည်ပေးထားပါတယ်။

## ဗုဒ္ဓလမ်းစဉ် ဆိုတာ ဘာလဲ

ဗုဒ္ဓလမ်းစဉ်ဆိုတာ ဘာလုပ်တဲ့ လမ်းစဉ်လဲဆိုယင် သစ္စာတရားကို ဖွေရှာသော လမ်းစဉ် ဖြစ်ပါတယ်လို့ မှတ်နိုင်ပါတယ်။ ဗုဒ္ဓလမ်းစဉ်ဆိုတာ ဘာလုပ်တဲ့လမ်းစဉ်လဲဆိုယင် ဘယ့်နှယ်ပြောကြမယ်။

search after truth

သစ္စာတရားကို ဖွေရှာသော လမ်းစဉ်၊

ဗုဒ္ဓလမ်းစဉ်၊ ဗုဒ္ဓကျင့်စဉ် ဘယ်လိုပဲဆိုဆို အတူတူပါပဲ။ ဒီကျင့်စဉ်ရဲ့ ပန်းတိုင်ဟာ ဘာလဲဆိုယင် သစ္စာတရားဖြစ်ပါတယ်။

ဗုဒ္ဓကျင့်စဉ် ဗုဒ္ဓလမ်းစဉ်ကို လိုက်နာကျင့်သုံးကြခြင်းဖြင့် ကျင့်သုံးကြသူတို့ ဘာအကျိုး ရမလဲဆိုယင် သစ္စာတရားကို သိခွင့်ရပါတယ်။ ဗုဒ္ဓတရားတော်အရ ကိုးကွယ်ဆည်းကပ်ခြင်းရဲ့ ပန်းတိုင်ဟာ အဲဒါပါပဲ။ အဲဒီသစ္စာတရားကိုဖွေရှာတဲ့ကျင့်စဉ်ကို ကျင့်သုံးကြမယ် ဆိုလို့ရှိယင် ဘာတွေကို ကျင့်သုံးရမှာလဲ ဆိုတော့ ခု ဘုန်းကြီးတို့ ပရိသတ်ကို သင်ပုန်းပေါ်မှာ ရေးပြလိုက်ပါပြီ။

သစ္စာတရားကို ဖွေရှာသော ကျင့်စဉ်သည် ထိုသင်ပုန်းပေါ်မှာ ရေးပြလိုက်တဲ့ ကျင့်စဉ်ပါပဲ။

Buddha's way is the noble Eight fold parth.

ဗုဒ္ဓကျင့်စဉ်ဆိုတာ ဗုဒ္ဓလမ်းစဉ် ဆိုတာ အရိယမဂ္ဂလမ်းစဉ် ဖြစ်ပါတယ်။ ရှစ်ပါးသော အရိယမဂ္ဂလမ်းစဉ် ဖြစ်ပါတယ်။ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဘုန်းကြီးတို့ ဇကာ ဟောပြောတဲ့

နေ့တုန်းက ဘာသာတရားသည် ဘယ်လို စခဲ့တယ်ဆိုတဲ့ အကြောင်းအရာကို ဘုန်းကြီးတို့ ပရိသတ် စဉ်းစားခွင့် ရအောင် ဥပမာ ကလေးများဖြင့် ဘုန်းကြီးတို့ တင်ပြခဲ့တယ်။

ကမ္ဘာကြီးကို တည်ထောင် ဖန်ဆင်းသူကို သူတို့ ဖွေရှာတယ်။ ကမ္ဘာကြီး စောင့်ရှောက် ထိန်းသိမ်းတဲ့ တန်ခိုးရှင်ကို ရှာကြပါတယ်။ ကမ္ဘာကို တည်ထောင် ဖန်ဆင်းတဲ့ တန်ခိုးရှင်ရယ်၊ စောင့်ရှောက်မယ့် တန်ခိုးရှင်ရယ် ရှာကြတယ်။ ကြောက်စရာ အလွန်ကောင်းလောက်အောင် ကမ္ဘာကြီးကို ဖျက်ဆီးပစ်မယ့် တန်ခိုးရှင်ကိုလဲပဲ ရှာတာ မရှာတာတော့ ထား၊ ကြောက်စရာကြီး အနေနဲ့တော့ သူတို့ တွေ့ထားကြတယ်။

အဲဒါကြောင့် ကြောက်စရာ ကောင်းတဲ့ ကမ္ဘာကြီး ဖျက်မယ့် တန်ခိုးရှင်ကြီးလဲပဲ၊ ပဖျက်ပါစေနဲ့ ဆိုပြီးတော့ တောင်းပန်တဲ့ အနေနဲ့ သူ့လဲပဲကိုးကွယ်လိုက်ကြရတယ်။ ဗြဟ္မာ၊ဗိဿနိုး၊ရှိဝ၊ဆိုပြီးတော့ ဒီကနေ့ ထင်ရှားတဲ့ ကမ္ဘာ့ ဘာသာကြီး၊ လေးခုထဲမှာ အစောဆုံး ပေါ်နေတဲ့ ဘာသာကြီးရဲ့ အကြောင်းအရာ အခြေခံကို ဘုန်းကြီးတို့ တင်ပြထားခဲ့တယ်။

## သစ်ပင် ဘယ်ကပေါက်

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်များ သစ်ပင်တစ်ပင် ဘယ်ကပေါက် သလဲလို့ ဆိုယင် ကိုင်း ဘုန်းကြီးတို့ ဘယ်လိုပြောမလဲ၊ ပရိသတ်က ဘယ်လိုပြောမလဲ၊ သစ်စေ့က ပေါက်တယ်၊ တချို့ကတော့ မြေကြီးက ပေါက်တယ်၊ တချို့ကလဲ ရေထဲက ပေါက်တယ်လို့ အဖြေ အမျိုးမျိုး ထွက်ကြလိမ့်မယ်။ သစ်ပင်တစ်ပင်ဘယ်ကပေါက်သလဲဆိုယင် ပဓာနအကျဆုံးဖြစ်တဲ့ အကြောင်းကိုပဲ ကိုင်ပြောရမှာ၊ မျိုးစေ့က ပေါက်တယ်။ သစ်ပင်တစ်ပင် ဘယ်ကပေါက်သလဲ၊ မျိုးစေ့ကပေါက်တယ်။

မျိုးစေ့သည် မျိုးစေ့ကြီး သတ်သတ်ထား အပင် ပေါက်မလား ဆိုတော့ မပေါက်ဘူး၊ မြေဓာတ်ကိုရဦးမှ၊ အဲဒီမြေဓာတ်ကလဲ ခြောက်သွေ့နေတဲ့အခြောက်တိုက် မြေကြီးဆိုယင် မပေါက်ပါဘူး။ အစိုဓာတ်အစေးဓာတ်ရှိဦးမှ အကြောင်းသုံးပါး၊

(၁) မျိုး
(၂) မြေ
(၃) ရေ

ပဓာနကျတဲ့ အကြောင်း သုံးပါး ဖြစ်ပါတယ်။ သစ်ပင်တစ်ပင် ပေါက်ခြင်းရဲ့ အကြောင်းသုံးပါးမှာ မျိုးရယ်၊ မြေရယ်၊ ရေရယ်လို့ ပဓာန ကျတဲ့ အကြောင်းသုံးပါး။ အဲဒီ အကြောင်း သုံးပါးထဲမှာ တစ်ခုခု နှုတ် လိုက်လို့ ရှိယင် အပင်မဖြစ်လာတော့ဘူး။ မျိုးစေ့ကိုဖယ်ထား။ မြေနဲ့ရေနဲ့ သာဆို အပင် မဖြစ်ဘူး။ မြေကြီးကို နှုတ်ပြီးတော့ မျိုးကို ရေထဲချည်း စိမ်ထားလဲ အပင် မဖြစ်ဘူး။ ခြောက်သွေ့တဲ့ မြေကြီးပေါ် မျိုးစေ့ချ၊ ရေဓာတ် လုံးလုံး မရှိလဲ အပင် မဖြစ်ဘူးလို့ ယေဘုယျ သဘော၊ အပင် ပေါက်ခြင်းရဲ့ အကြောင်း စသည် မျိုး၊ မြေ၊ ရေလို့ အကြောင်း သုံးပါးပါ ဟုတ်လား။

မှန်ကန်တဲ့ အကြောင်းကို အမှန် အတိုင်း ဘုန်းကြီးတို့ ပရိသတ် နားလည်ဖို့ အထူး လိုအပ်တယ်။ နားလည်သည် အားလျော်စွာ လက်ခံ ဖို့လဲ လိုအပ်တယ်။ သမ္မာဒိဋ္ဌိသဘောကို။ အပင်တယ်ကပေါက် မျိုး၊ မြေ၊ ရေ အကြောင်း သုံးပါးဆုံ၍ ပေါက်ပါတယ်။ ကိုင်း-အဲဒီ မျိုးစေ့လေးကို မြေကြီးပေါ်မှာချ၊ ရေဓာတ်ကလေး မျှတစွာပေး။ လျော့လဲ မလျော့ စေနဲ့၊ လွန်လဲ မလွန်စေနဲ့၊ ရေနဲ့ မြေကို သမ မျှတအောင် ပေးယင် ထို မျိုးစေ့သည်-

(၁) အထက်၌ အညှောင့်ကလေး တက်လာတယ်။
(၂) အဲဒီ မြေထဲမှာပဲ အမြစ်ကလေး ထိုးပြီးတော့ တွယ် သွားတယ်။

## သစ်ပင်ကို ဘယ်သူ ပန်ဆင်း လိုက်သလဲ

မြေပေါ်မှာ အညှောင့်ကလေး ထွက်လာမယ်။ မြေကြီးထဲမှာ အမြစ်ကလေး ထိုးဝင်သွားမယ်။ မြေဓာတ်, ရေဓာတ် မပြတ်စေနဲ့၊ မပြတ် စေနဲ့၊ မြေဓာတ်နဲ့ ရေဓာတ်ကို ဆက်တိုက်ချည်း ပေးသွား။ အမြစ်ကလဲ သန်လာတယ်။ အပေါ်တက်လာတဲ့ အညှောင့်ကလေးဟာ တဖြည်းဖြည်း ပင်စည် သဏ္ဌာန် ပေါ်လာတယ်။ မြေဓာတ်, ရေဓာတ်ကို ဆက်တိုက်ပေး၍ သွား၊ အမြစ်တွေ တဖွားဖွားနဲ့ မြေကြီးထဲမှာ များစွာ တွယ်လာမယ်။ အပေါ်က ပင်စည်ကလေးက အကိုင်းအခက်လေးတွေ ထွက်လာမယ်။

မြေဓာတ်, ရေဓာတ်ကို ဆက်တိုက် ပေး၍သွား၊ အခက် အကိုင်း ကနေ တော်ကော်ကြာ အရွက်မတွေထွက်ပြီးတော့ နောင်မှာအဖူးတွေ တစ်ခါ

သီးပြီးတော့ လာမယ်။ မြေခါတ် ရေဓါတ် ဒီလိုပဲ မပြတ်ပေး၍သွား၊ အသီးတွေ မှည့်လာပြီဆိုယင် အသီးထဲက မျိုးစေ့ တစ်ခါပြန်၍ ရလာမယ်။ အဲဒီမျိုးစေ့ကို မြေပေါ်မှာပြန်ချ ရေပေးယင် ဒီလိုပဲအပင်တစ်ခုပြန်ပေါက်လာပြန်တာပဲ။

မျိုးစေ့ကနေပြီးတော့ အပင်၊ အပင်ကနေပြီးတော့ အသီး၊ အသီးကနေပြီးတော့မျိုးစေ့၊ မျိုးစေ့ကနေအပင်၊ အပင်ကနေ အသီး၊ အသီးကနေမျိုးစေ့၊ မျိုးစေ့ကနေ အပင် ပရိသတ်ကြီး လည်သွားပြီ၊ ဟုတ်လား။

သံသရာစက်လည်ပုံကို အပင်တစ်ပင်တည်း ကြည့်ရုံနဲ့ သိနိုင်လောက်တယ်။ ဒီတော့ ဒီအပင်ကို ဘယ်သူ ဖန်ဆင်းသလဲ ရှာမနေနဲ့။ မျိုး၊ မြေ၊ ရေ အကြောင်း သုံးပါး။

"အကြောင်း ဘယ်နှစ်ပါး"

"သုံးပါးပါ ဘုရား"

ပဓာနကျတဲ့အကြောင်းကိုပြောပါတယ်၊ အခြား အခြံ အရံကျတဲ့ အကြောင်းက အပူငွေ့ကလေးများ၊ လေများ၊ ဟုတ်လား။ လေတိုးမိလို့ ဆိုပြီးတော့ အခြား အခြံအရံ အကြောင်းတွေလဲ များစွာ ရှိပါသေးတယ်နော်။ အဓိကကျတဲ့ အကြောင်းကတော့ မျိုးဓါတ်၊ ရေဓါတ်၊ မြေဓါတ် ဒီသုံးခုပါပဲ။ အပူငွေ့လေးလဲ ရှိဦးမှ၊ အပူချိန်လေးလဲ ရှိဦးမှ၊ နေရောင်ခြည်လေးလဲ ရှိဦးမှ၊ လေကိုလဲ ရှူရှိုက်ရဦးမှ၊ ဒီပြင်အကြောင်းတွေ များစွာ ရှိပါတယ်။

## အကြောင်းမှန် နားလည်၍ အကျိုး လက်ခံယင်

အဲဒီလို အကြောင်း တရားပေါင်း များစွာတို့ ပေါင်းစု၍ ပြုပြင်မှု ဖြစ်လာသည်ကို မြတ်ဗုဒ္ဓက သင်္ခတဟူ၍ဟောတော်မူပါတယ်။ အကြောင်းတရားပေါင်း များစွာတို့ ပေါင်းစု၍ ဖြစ်ပေါ်လာသည့် အကျိုးကို သင်္ခတဟူ၍ ခေါ်ပါသည်။

ဘုန်းကြီးတို့ပရိသတ် မှတ်မိစေချင်ပါတယ် အဲဒီ အကြောင်းမှန်ကို နားမလည်မိယင် အကျိုးလက်ခံပုံလွဲသွားမယ်၊ ဟုတ်လား။ ထိုအကြောင်းမှန်ကို နားမလည်မိယင် ဟိုဘက် ပေါ်လာတဲ့ အပင် အသီး၊ အကျိုးလက်ခံပုံ လွဲသွားလိမ့်မယ်။ အကြောင်းမှန်ကို နားမလည်သည် ဖြစ်၍ ဒီအပင်၊ ဒီအသီး ဘယ်က ပေါ်တာလဲ ဆိုပြီးတော့ အကျိုးကို လက်ခံပုံလွဲခဲ့ယင် အဲဒါကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။

အကြောင်းမှန်ကို နားလည်တဲ့ ပုဂ္ဂိုလ်သည် အကျိုး လက်ခံပုံလဲ မှန်တယ်။ အကြောင်းမှန်ကို နားလည်သဖြင့် အကျိုး လက်ခံပုံ မှန်တော့ အဲဒါကို အမြင် ရှင်းသွားပြီတဲ့။ Clear vision လို့လဲ ဆိုနိုင် ပါတယ်။ ဘုန်းကြီးတို့ ရေးပြထားတာကတော့ Right understanding လို့ ရေးပြပါတယ်၊ သမ္မာဒိဋ္ဌိ။ ဘယ်လိုတဲ့၊ သမ္မာဒိဋ္ဌိ–အမြင် ရှင်းသွားတယ်။ အယူအဆ ရှင်းသွားတယ်။

ဘုန်းကြီးတို့ ပရိသတ်ကို မေးဦးမယ်။ ခု ဘုန်းကြီးပြောတဲ့ မှတ်ချက်ကလေးတွေ ရလောက်ပါပြီ။ ဘုန်းကြီးတို့ ပရိသတ်ကို မေးဦးမယ်။ မျိုးစေ့ကို ရေမှာချလို့ ရေလောင်း၊ အစို့ အညှောင့် ကလေး တက်လာတယ်၊ အစို့အညှောင့်ကလေးတက်လာတဲ့ အချိန်မှာ အောက်မှာ မျိုးစေ့ ရှိနေသေးတယ်။ ထိုအစို့ အညှောင့်ကို မပျက်စီးစေနဲ့။ မြေဓာတ် ရေဓာတ် ဆက်တိုက်ပေး၍သွား။ အစို့အညှောင့် ကလေးက တော်ကြာကျ တော့ ပင်စည်ကလေး ထင်ထင်ရှားရှား ဖြစ်လာတယ်။

"ပင်စည်ကလေး အထင် အရှား ဖြစ်လာတဲ့ အချိန်လဲကျ ရော ခုနက မျိုးစေ့က ရှိသေးလား"

"မရှိတော့ပါဘုရား"

"မျိုးစေ့ ဘယ်ရောက် သွားလဲ၊ဟိုအပင်ထဲ ဝင်ပြီး လိုက် သွားတာလား၊မျိုးစေ့သည် အပင်ထဲ ဝင်ပြီးတော့ လိုက် မသွားဘူး၊ အမြစ်ထဲမှာအောင်းပြီး ကျန်ရစ်သလား"

"မကျန်ရစ်ပါဘုရား"

## ရှာကြည့်ကြစမ်းပါ

အမြစ်ထဲမှာလဲ အောင်း၍မကျန်ရစ်ဘူး၊ အပင်ထဲ၌လဲ ဝင်ပြီးတော့ လိုက်မသွားဘူး။ အပင် ဖြစ်ပြီးတဲ့အချိန်မှာ ဒီမျိုးစေ့ကလေးသည် ပျက်စီး သွားတာပဲ၊ ဟုတ်လား။ အပင်ဖြစ်ပြီးတဲ့ အချိန်မှာ မျိုးစေ့ ကလေးသည် ပျက်စီးသွားတာပဲ။

ကိုင်း-တစ်ခါမေးဦးမယ်။အပင်သည်မျိုးစေ့ကပေါက်တာသေချာ တယ်နော်၊ အဲဒီမျိုးစေ့၊ဆိုကြပါစို့၊စပါးစေ့လေးတစ်စေ့ကို ဘက်ခြမ်း ခွဲပြီးတော့ ရှာကြည့်ရအောင်။

"အထဲမှာ အပင်ကလေး တွေ့မလား"

"မတွေ့ပါဘုရား"

ဟောဗျာ အပင် ပေါက်နိုင်တယ် ဆိုတဲ့ သတ္တိရှိတာတွေ သေချာတယ်၊ စပါးစေ့ကို ခွဲရှာလို့ အပင်လဲ ရှာလို့မရဘူး။

"အခုံ ခွာရှာတော့လဲ အပင် တွေ့မလား"

"မတွေ့ပါဘူး ဘုရား"

"ကြိတ်ချေပြီးတော့ ရှာယင်ကော အပင်ကို ရမလား"

"မရပါဘူး"

မရဘူး၊ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်း တို့ – ဟို ရှေးခေတ် မြန်မာ လူမျိုးတွေ သုံးစွဲတဲ့ ကျောက်ခဲကို သံတုံးလေးနဲ့ ခတ်တဲ့မီးခြစ် ရှိဖူး တယ်နော်။ ဒီကနေ့ ခေတ်တော့ ခတ်မီးခြစ်ပေါ့၊ ဒီလိုခေါ်တယ်၊ ကျောက်ခဲနဲ့ သံတုံး ပွတ်တယ်။ ကျောက်ခဲနဲ့ သံတုံးပွတ်တယ်။ ကျောက်ခဲနဲ့ သံတုံး နှစ်ခု ပွတ်လိုက်ယင် မီးပွင့် လာတာတော့ သေချာတယ်။

"ကျောက်တုံးလေးထဲ ထုရှာလို့၊ ခြေ၍ ရှာလို့တော့ မီးဟာရှာလို့ ရဦးမလား"

"မရပါဘူး"

ကျောက်ခဲထဲမှာ မီးရှာ၍ မရဘူး၊ ဘိန်းကလေးထဲမှာ မီးရှာလို့လဲ မရဘူး၊ အဲဒီနှစ်ခု ပွတ်တိုက်လိုက်တဲ့အတွက်ကြောင့် ပေါ်လာတဲ့ အကျိုး သည်မီးပဲ၊ ဟုတ်လား။ ရွှေနားမှာ ဝါဂွမ်းသာ ရှိနေယင်တော့ အဲဒါ လောင်တော့တာပဲ၊ လောင်စာရှိယင် လောင်တာပေါ့ဗျာ။ အဲဒီမီး ဘယ် ကဖြစ်တာလဲ၊ ကျောက်ခဲက ဖြစ်တယ်လို့ တစ်ဖက်သတ် ပြောလဲမရဘူး။ သံဘီးကဖြစ်တယ်လို့ တစ်ဖက်သတ် ပြောလဲ မရဘူး၊ သံဘီးက ဖြစ်တယ် ဆိုယင် သံအရည် ကျိုပြီးတော့ မီးရှာကြည့်မယ် တွေ့မလား၊ မတွေ့ဘူး။ ကျောက်ခဲထုခြေပြီးတော့ ရှာကြည့်မယ်၊ ရမလား၊ မရဘူး။

အဲဒီနှစ်ခု သူ့ဟာနဲ့သူ သမအောင် ပွတ်မိတဲ့ အခါကျတော့ အကျိုး ပေါ်လာတာက မီး၊ ဝါဂွမ်းက ရွှေနားမှာ လောင်စာ အဖြစ်နဲ့ စောင့်နေ တယ်တဲ့၊ ဟုတ်လား။

## ပန်ဆင်းရှင်ကို ဘယ်မှာ ရှာရမလဲ

ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းတို့ – အဝိဇ္ဇာ ဘယ်ကလာကာဆိုတဲ့ အကြောင်း သုံးပါးကို သဘောပေါက်ဖို့ လိုအပ်ပါတယ်။

''အဝိဇ္ဇာ တဏှာ ကံ-ဘယ်နှစ်မျိုးလဲ''
''သုံးမျိုးပါ ဘုရား''
''ဘာတွေတဲ့ ...''
''အဝိဇ္ဇာ တဏှာ ကံပါ ဘုရား''

ကံအကြောင်း ဟိုတစ်နေ့က ပြောပြီးပြီ၊ စေတနာကံ ဆိုတဲ့ ပုဒ်မှာ စေတနာကို မူရင်း ကောက်ရကြောင်း၊ မာတ်သား ရအောင် ကောက်ရကြောင်း မမေ့ စေချင်ပါဘူး။ အဝိဇ္ဇာရယ် တဏှာရယ် စေတနာရယ်၊ သုံးခု။

(၁) စေတနာသည် မျိုးစေ့ လိုပါပဲ။

(၂) တဏှာသည် မြေကြီးလိုပါပဲ။

(၃) အဝိဇ္ဇာသည် ရေလောင်းသလိုပါပဲ။

စေတနာ ဆိုတဲ့ ကံတရား မျိုးစေ့နှင့် တူသည် ဟူ၍ မှတ်ကြပါ။ တဏှာဆိုတဲ့ လောဘတရားကို မြေကြီးလိုပဲလို့ မှတ်ကြပါ။ အဝိဇ္ဇာဆိုတာကိုတော့ ရေနဲ့ တူတယ်လို့ မှတ်လိုက်ပါ။ မျိုး၊ မြေ၊ ရေ အကြောင်း သုံးပါး ပေါင်းယင် အပင် ဖြစ်သလို အဝိဇ္ဇာ၊ တဏှာ၊ ကံအကြောင်း သုံးပါးပေါင်းယင် ဘဝတစ်ခုမှာ ခန္ဓာတစ်ခု ရကြပါတယ်တဲ့၊ ဟုတ်လား။

အဝိဇ္ဇာ၊ တဏှာ၊ ကံ အကြောင်း သုံးပါး ပေါင်းယင် ဘဝ တစ်ခု ဖြစ်တယ်။

ဖြဟ္မာ ဗိဿနိုး စတဲ့ ဖန်ဆင်းရှင်(**Creator**) ကို မရှာနဲ့၊ ကောင်းကင်မှာမရှိဘူး၊ ကိုယ်ထဲမှာရှိတယ်။ အဝိဇ္ဇာဆိုတဲ့ မောဟတရား ဘယ်မှာ ကိန်းသလဲ၊ နှလုံးသားမှာ။ တဏှာဆိုတဲ့ လောဘတရား ဘယ်မှာ ကိန်းသလဲ၊ နှလုံးသားမှာ။ စေတနာ ဆိုတဲ့ ကံတရားကလဲ ကိုယ့်စေတနာ ကိုယ့်နှလုံးသားထဲ ရှိတာပေါ့၊ ဟုတ်လား။

အဲဒါကြောင့် ကမ္ဘာကို တည်ဆောက်တဲ့ ပုဂ္ဂိုလ်၊ သစ်တစ်ပင် စိုက်ပျိုးတဲ့ တန်ခိုးရှင်ကို အပြင်အပမှာ ရှာဖို့ မလိုဘူး ကိုယ့်ကိုယ်ထဲမှာ ရှာ။ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့အကြောင်း သုံးပါးသည် သတ္တဝါ တစ်ယောက် ဖြစ်ခြင်းရဲ့အကြောင်း၊ ဟုတ်လား။ စေတနာဆိုတဲ့ မျိုးစေ့ကို တဏှာဆိုတဲ့ မြေကြီးပေါ်မှာကြဲတာ။ အဝိဇ္ဇာက ဘာလုပ်သလဲ၊ ရေလောင်းပေးတာ၊ **ဒီလိုဖြစ်ကြတယ်။**

## လှုပ်ရှားမှုရဲ့အခြေခံက ဘာလဲ

အဲဒီ အကြောင်း မှန်ကို နားလည်မှ သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်။ အကြောင်းမှန်ကို နားလည်မှ သမ္မာဒိဋ္ဌိ၊ မဂ္ဂင် ရှစ်ပါး The noble Eight fold path မှာ ရှေ့ဦးစွာ ပြထားတာက သမ္မာဒိဋ္ဌိ၊ Right understanding. ဘုန်းကြီးတို့ ပရိသတ် သမ္မာဒိဋ္ဌိကို ဒီလိုအကြောင်း မှန်နဲ့ အကြောင်းကြောင့် ပေါ်လာတဲ့ အကျိုးမှန်ကို မျှတညီညွတ်စွာ လက်ခံမိဖို့ လက်ခံထားဖို့ လိုအပ်ပါတယ်။

သမ္မာဒိဋ္ဌိ အပိုင်းမှာနောက်တစ်မျိုးပြောရယင် မိမိကိုယ်မှာ တကယ် ရှိနေလဲ စိတ်စေတသိက်တို့ရဲ့ ဘာလုပ် ရာပ်ပုံကို ယုံကြည် လက်ခံခြင်းသည် သမ္မာဒိဋ္ဌိပါ။

"ပရိသတ်ကြီး စေတနာ မရှိဘူးလား"
"ရှိပါတယ် ဘုရား"

စိတ်နှင့်ကြံတိုင်း စေတနာပါတယ်။ ပါးစပ်ကပြောတိုင်း စေတနာ ပါတယ်။ ခြေတွေ လက်တွေ လှုပ်ရှားမှုတွေဟာ အများ အားဖြင့်တော့ တဏှာကို အခြေခံပြီးတော့ လှုပ်ရှား နေကြတာပါ။

သူငယ်တန်းကပြီးတော့ ဉာဏ်တက္ကသိုလ်ရောက်တဲ့အထိ ကျောင်းသူ ကျောင်းသား လေးတွေ ကျောင်းတက်ကြတာ ဘာလိုချင်လို့ ၁၄ နှစ် ၁၅ နှစ်လောက်က တကုတ်ကုတ် နဲ့ တလှုပ်လှုပ် ဘာလုပ် နေကြတာလဲ မေးယင် ဘွဲ့တစ်ခုလိုချင်လို့ပဲ။ အဖြေက ဒီလို မဟုတ်လား။ လိုချင်တာ လေးရှိတော့ ၁၅ နှစ်လောက် ရုန်းကန်ကြရတာ နည်းမှမနည်းပဲ၊ ဒီဂရီ တစ်ခုဆိုတာ ၁၅ နှစ်လောက်တော့ လုပ်ကြရတာပဲ။ ရမယ့် အကျိုးက ဘီအေ၊ ဘီအက်(စ်)စီ အစရှိတဲ့ ဒီဂရီတစ်ခုပဲ၊ ရုန်းကန် လှုပ်ရှားနေလိုက် ရတာက ၁၅ နှစ်လောက်တော့ သေချာပေါက် ကြာတယ်။ အဲဒီ အောက် တော့ လျော့မယ် မဟုတ်ပါဘူး။

ကကြီး၊ ခခွေး၊ ဧအေ၊ ဘီ၊ စီ၊ ဒီနေ စလိုက်ရတာ ဘီအေ၊ ဘီအက်စ်စီ ဆိုတော့ ပေါင်း ကြည့် ယင် ၁၅ နှစ် လောက် တော့ ရှိ တယ်။ တစ်နှစ်မှ စာမေးပွဲ မကျတမ်း တက်သွားမယ် ဆိုယင် ၁၄ နှစ်က သေချာနေတယ်၊ ဟုတ်လား။ ၁၄ နှစ် ၁၅ နှစ် ကာလပတ်လုံး နေ့မအား ညမအား

လုံးပန်းနေတဲ့အလုပ်ကြီးတစ်ခုကို ဒုက္ခရယ်လို့ မရှုမမြင်နိုင်မိကြဘူး။ ဒီပြင် လုပ်ငန်းတွေ အများကြီးရှိပါသေးတယ်၊ ကျောင်းသူကျောင်းသားတွေနဲ့ ဆက်နွယ်တာကိုသာ ဘုန်းကြီးတို့ပြောပါတယ်။ ဒီလောက် လှုပ်ရှား ရုန်းကန်နေရတာကို ဒုက္ခရယ်လို့ မမြင်မိကြဘူး၊ ပျော်လိုက်ကြတာ။ ဘယ့်နှယ်လဲ၊ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ ကျောင်းနေရတာ မပျော်ဘူးလား။

## လူသားတို့ရဲ့ မိုဒိုတွယ်တာရာ

ဒုက္ခေ အညာဏံ အဝိဇ္ဇာ။

ပါဠိမှာ ဒုက္ခကို မသိခြင်းသည် အဝိဇ္ဇာ။

**Ignorance** ဆိုတာသူပဲ။ ဒုက္ခကို မသိဘူး၊ ဟုတ်လား။အဲဒီဒုက္ခ ဘာကြောင့်ဖြစ်သလဲဆိုတာကို မသိဘူး။ ဘယ်နှစ်မျိုးပြောလိုက်လဲ။

(၁) ဒုက္ခကို မသိဘူး။

(၂) ဒုက္ခ ဘာကြောင့်ဖြစ်သည်ကို မသိဘူး။

ခု ဒီဂရီလိုချင်လို့ ၁၅နှစ် ဒုက္ခခံရတာယ်။ မသိဘူး၊ အဲဒီ မသိမှုလေးတွေကို ဘာခေါ်တယ်၊ အဝိဇ္ဇာတရား။ ဒီဒုက္ခကြောင့် ဖြစ်တာလဲ လိုချင်မှုကြောင့်၊ လိုချင်တာက ဘယ်သူက လိုချင်တာလဲ။

"ကျောင်းသူ ကျောင်းသားတွေက လိုချင်တာလား၊ လောဘက လိုချင်တာလား"

"လောဘကပါ ဘုရား"

"လောဘက မိုးပေါ်မှာလား၊ ကိုယ့်နှလုံးသားထဲမှာ လား"

"နှလုံးသားထဲမှာပါ ဘုရား"

"လောဘက နက္ခတ်ထဲမှာလား၊ ကောင်းကင်ထဲမှာလား၊ နှလုံးသားထဲမှာလား"

"နှလုံးသားထဲမှာပါ ဘုရား"

ဘုန်းကြီးတို့ ဗုဒ္ဓဒေသနာတော်က ကိုယ့်ခန္ဓာတွင်းကိုစိုက်၍ကြည့်ရတဲ့ သဘောရှိပါတယ်။ ဒီတော့ ဒီလောဘလေးကို မမြင်နိုင်တာ အဝိဇ္ဇာ ခေါ်တယ်၊ နှစ်ခုပေါင်းနေပြီ။

မနက်မိုးလင်းကနေ ညနေမိုးချုပ်အထိ ပါးစပ်လှုပ်လှုပ်၊ ခြေလှုပ်လှုပ်၊လက်လှုပ်လှုပ်နဲ့၊အဲဒီလှုပ်ရှားနေတဲ့ကမ္ဘာလို့ခေါ်တဲ့ ဒီအမှုတွေကို

စေတနာက ပြုနေတာ၊ ဟုတ်လား။ လက်လှုပ်လှုပ်၊ ခြေလှုပ်လှုပ်နဲ့တစ်ခါ တည်း လှုပ်ရှားနေတဲ့ ကမ္မလို့ခေါ်တဲ့ ဒီအမှုကိစ္စတွေကို စေတနာကပြုနေ ပါတယ်။ အဲဒီပြုလုပ်နေတာလေးကိုပဲ ပျော်နေတာ၊ ကျေနပ်နေတာက တဏှာဖြစ်ပါတယ်နော်။ တဏှာသည် မြေကြီး။

"ဘုန်းကြီးတို့ပရိသတ်၊ တဏှာသည် ဘာလဲ"

"မြေကြီးပါ ဘုရား"

ဒီလူသားတွေဟာ ကမ္ဘာ့မြေကြီးမရှိယင် ရပ်တည်ဖွယ်ရာ မရှိ တော့ဘူး၊ ဟုတ်လား။တဏှာဆိုတဲ့ မြေကြီးမရှိယင် စေတနာဟာ ဘာမှ မလုပ်တော့ဘူး ဟုတ်လား။ တဏှာဆိုတာသာကုန်သွားခဲ့ယင် စေတနာက မလုပ်တော့ဘူးတဲ့၊ သခ်ါရဒုက္ခဇာတ်ကြီးဟာ အဲဒီမှာ ရပ်တာပါ။ ကမ္ဘာ မြေကြီးမရှိယင် သတ္တဝါတွေ တည်လို့မှီလို့မရသလိုဘဲ တဏှာ ကုန်ခမ်း နေကြတဲ့ သူတော်သူမြတ်တွေက လောကကြီးအတွက်ဘာမှ အားမထုတ် တော့ဘူးတဲ့၊ ငြိမ်းသွားကြပြီ၊ ဟုတ်လား။ တဏှာသည် ဘာပါတဲ့လဲ၊ လူသားတို့ရဲ့ တွယ်တာရာ မှီခိုရာ မြေကြီးနဲ့ တူပါတယ်။

## ခန္ဓာသစ်ပင်ကြီးမှ အကိုင်းကြီးခြောက်ကိုင်း

တို့မွှာရုံကြီး လှလှပပဖြစ်အောင် လှူလိုက်ဦးမယ်။ နောင်ဘဝ ဆက်ဆက် တို့တွေတော့ အံမယ်လေး ဓမ္မာရုံကြီးထက်ပိုလှတဲ့နတ်ဗိမာန် ကြီး ရတော့ဦးမယ်၊ ပျော်လင့်ချက်ကလေးက ဓမ္မာရုံကို ဆယ်ပြား လောက် ထည့်ပြီးတော့ သိကြားမင်းရဲ့ ဝေဇယန္တာကို မျှော်လိုက်တာ။

ဓမ္မာရုံကို နှစ်ကျပ်လောက်ထည့်ပြီးတော့ သိကြားမင်းရဲ့ ဝေဇ ယန္တာကို မျှော်လိုက်တာ၊ အဲဒီ မျှော်လင့်ချက်ဆိုတာ ဘာတဲ့တုန်းဆိုတော့ တဏှာ၊ ဟုတ်လား။ တဏှာဆိုတဲ့ မြေကြီးပေါ်မှာတည်ပြီးတော့ဘာလုပ် သလဲ၊ စေတနာဆိုတဲ့ မျိုးစေ့ကို ကြဲပါတယ်။ ပရိသတ်ကြီး–

"တဏှာဆိုတဲ့ မြေကြီးပေါ်မှာ ဘာမျိုးစေ့ကိုကြဲတယ်"

"စေတနာဆိုတဲ့မျိုးစေ့ကို ကြဲတာပါဘုရား"

မျှော်လင့်ချက်ကလေးနဲ့ အလုပ်လုပ်တယ်လို့ ခေတ်က ဒီလို ပြော တယ်နော်။ ဗုဒ္ဓဒေသနာတော်ကတော့ တဏှာဆိုတဲ့မြေကြီးပေါ်မှာ စေ တနာဆိုတဲ့ ဘာကိုကြဲလဲ၊ မျိုးစေ့ကိုကြဲတယ်။ အပင်ပေါက်ယင် အသီး တွေ သီးလိမ့်ဦးမယ်။

"အပင်ပေါက်ယင် ဘာဖြစ်လဲ"
"အသီးသီးမှာပါ ဘုရား"

အသီးသီးတဲ့ သစ်ပင်ကို လူတကာခဲနဲ့ပစ်တယ်။ အဲလိုမှာမှ ပိုရှင်း တယ်၊ ဟုတ်လား။ သရက်ပင်လေးများသီး၊ ဟိုလူက ခဲနဲ့ပစ်၊ ဒီလူက ခဲနဲ့ပစ်၊ တစ်လုံးမှမသီးတဲ့သစ်ပင် ဘယ်သူမှလှည့်မကြည့်ဘူး။ အဲဒါကြောင့် အသီးတွေ တဝေဝေသီးတဲ့ သရက်ပင်ကြီးမှာ လူတကာ ခဲနဲ့ပစ်ခံရသလို ပါပဲ၊ အသီးတွေ တဝေဝေသီးတဲ့ သစ်ပင်ကြီးပမာ ဘဝဆိုတဲ့ အပင် တစ်ပင်ပေါက်ပြီးတော့ ခန္ဓာဆိုတဲ့အပင်တစ်ပင်ပေါက်ပြီးတော့ အာယတန ဆိုတဲ့ အကိုင်းအခက်တွေ ထွက်လာသည့်အခါ—

(က) ခန္ဓာကအပင်၊
(ခ) အာယတနက အကိုင်းအခက်၊
(ဂ) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနဆိုတဲ့ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်၊ အဲဒါက ခက်မ ကြီးခြောက်ဖြာ။

## အဝိဇ္ဇာ တဏှာ စေတနာ

မျက်စိရှိယင် ရူပါရုံ အသီးစားမယ်ပေါ့၊ နားရှိတဲ့ သူတွေက သဒ္ဒါရုံ အသီးစားမယ်။ ဟုတ်လား။ နှာခေါင်းရှိတော့ ဂန္ဓာရုံဆိုတဲ့ အနံ့ကို စားမယ်။ ခံစားမယ်လို့ ပြောယင် ပိုရှင်းပေါ့ ဟုတ်လား။ လျှာ ဆိုတဲ့ ပါးစပ်ပါတော့ ဘာဖြစ်လဲ၊ ရသာရုံ အရသာဆိုတဲ့ အသီးတွေကို စားမယ်။ ကာယဆိုတဲ့အကိုင်းကထွက်လာတော့ ဖောဋ္ဌဗ္ဗဆိုတဲ့ အသီးတွေ ကိုစားမယ်။ ပရိသတ်ကြီး စားလိုက်ရတာ အသီးတွေ နည်းသေးသလား။ အသီးသီးတဲ့ သစ်ပင်သည် ဒုက္ခဖြစ်သလိုတဲ့ အာရုံခြောက်ပါးဆိုတဲ့ အသီး တွေကိုစားနေတဲ့ သတ္တဝါတွေက ဒုက္ခဖြစ်ပေမယ့် ဖြစ်မှန်းမသိတာက—

ဒုက္ခေ အညာဏံ အဝိဇ္ဇာ။

"ဒုက္ခေ အညာဏံ ဒုက္ခ မသိတာ ဘာတဲ့လဲ"
"အဝိဇ္ဇာပါ ဘုရား"

အဝိဇ္ဇာက မသိတော့ အသီးသီးတာကိုပဲ အံမယ်လေး ဒီအပင်ကြီး သီးလိုက်တာ လှတယ်ဟေ့ ဆိုတာလိုပဲ၊ အဆင်းက လှတယ်၊ အနံ့ကောင်း တယ်၊ အနံ့လေးတမွှေးမွှေးတယ်၊ အာရုံဆိုနေယင် အဲဒါ ဘာပါတုံးလဲ၊

တဏှာ၊ ဒီအသီးတွေကို ကြိုက်တဲ့ပုဂ္ဂိုလ်တွေက နောက်တစ်ဖန် ကောင်းကောင်းကြီး သီးအောင် ဟိုးတော့ စိုက်လိုက်ဦးမယ်တဲ့၊ စေတနာတွေ ထပ်ခါထပ်ခါ သင်္ခါရတွေ ယှပ်ခါထက်ခါ၊ ဟုတ်လား။ ဒီတော့ ပရိသတ်ကြီး နားလည်ပြီ။

(၁) စေတနာ မျိုးစေ့၊
(၂) တဏှာ မြေကြီး၊
(၃) အဝိဇ္ဇာ ရေလောင်းတာ။

စေတနာမျိုးစေ့ကို တဏှာမြေကြီးပေါ်မှာ ကြဲပြီးတော့ အဝိဇ္ဇာဆိုတဲ့ ရေတွေ လောင်းလိုက်တဲ့အခါကျတော့–

(၁) အစို့အညှောင့်ကလေး အပေါ်မှာတက်တယ်။
(၂) မြေအောက်ထဲမှာ အမြစ်တွယ်တယ်။

ဘဝတစ်ခုမှာ ခန္ဓာအသစ်ဖြစ် ဆိုတာနဲ့ တစ်ပြိုင်နက်တည်း၊ ဘဝအသစ်မှာ ခန္ဓာအသစ်ဖြစ်တာနဲ့တစ်ပြိုင်နက်တည်း၊ အဲဒ်ဖြစ်တဲ့ ဘဝလေးကို ဖမ်းပြီးတော့ တွယ်ထားတယ်။ မလွှတ်တော့ဘူး၊ အမြစ်တွယ်သွားတာ၊ ဟုတ်လား၊ ရောက်တဲ့ဘဝလေး ဖမ်းပြီးတော့ တွယ်ထားလိုက်တယ်။ ရောက်ရာဘဝကို လွှတ်လို့ မလွှတ်နိုင်အောင်ဖြစ်နေတာ၊ ဘာတဲ့လဲ အမြစ်တွယ်သွားတာ။ အမြစ်ကသန်တော့ အပေါ်ယံ ဘာဖြစ်သလဲ၊ အစို့အညှောင့်လဲ သန်လာတယ်။

ခုနကမျိုးမေးခွန်း မမေ့လိုက်နဲ့။ မျိုးစေ့ထဲမှာ အပင်မရှိဘူး၊ အပင်ထဲမှာ မျိုးစေ့မရှိဘူး၊ မျိုးစေ့က အပင်ဖြစ်လာတာတော့ မှန်ပါတယ်၊ သို့သော် အဲဒီအပင်ထဲကို ဟိုမျိုးစေ့ဘောင်းက ဝင်ပြီးတော့ လိုက်သွားသလား၊ လိုက်မသွားဘူး၊ ဒါဖြင့် ဒီမျိုးစေ့ကလေး မပျက်ပဲနဲ့ အမြစ်ထဲမှာ အောင်းပြီးတော့ ကျန်ရစ်သေးသလား။

မကျန်ရစ်ဖူး။ အပင်ဖြစ်တာလဲ သေချာတယ်၊ မျိုးစေ့ ပျက်စီးသွားတာလဲ သေချာတယ်။

ခန္ဓာပျက်သွားယင် နောက်ခန္ဓာ ဘယ်လိုပြန်ဖြစ်ပါသလဲ တဲ့

အဲဒါပဲ ဟိုဘက် တိုင်းပြည်က လူတွေက ကိုယ်တော်တို့ ဗုဒ္ဓက ဟောတယ်၊ ရုပ်အရာကို အနိစ္စ၊ ဝေဒနာအနိစ္စ၊ သညာအနိစ္စ၊ သင်္ခါရ အနိစ္စ၊ ဝိညာဏ်အနိစ္စ။ ခန္ဓာငါးပါးသည် အနိစ္စ ပျက်စီးတယ်လို့ ဗုဒ္ဓ

ဟောတယ် မဟုတ်လား။ ဟုတ်ပါတယ်၊ ဗုဒ္ဓက ခန္ဓာငါးပါး ပျက်သွားတယ်လို့ ဟောပါတယ်။ ပျက်သွားတဲ့ခန္ဓာနောက်တစ်ခါ ဘယ်လိုလုပ်ဖြစ်မလဲတဲ့၊ ပျက်ပြီးပြီဆိုယင် နောက် ဘဝကပြန်ဖြစ်သလဲတဲ့။ သူတို့က အဲဒီလို ပြောတယ်။

မျိုးစေ့လေးပျက်သွားတာ သေချာတယ်မဟုတ်လား၊ ဟိုအပင် ဘယ်လိုလုပ် ဖြစ်လာလဲ။ မျိုးစေ့လေး ပျက်စီးသွားတာတော့ သေချာတယ်၊ မျိုးစေ့မပျက်ပဲနဲ့ ဟိုအပင်ထဲကိုဝင်ပြီး လိုက်မသွားဘူးနော်။ မျိုးစေ့က မြေထဲမှာပဲ ပျက်သွားတယ်၊ အပင်ကတော့ ဖြစ်လာတယ်။

ဘုန်းကြီးတို့၏ သင်္ခါရက္ခန္ဓာ၌ ပါဝင်၍နေသော အဝိဇ္ဇာ တဏှာ စေတနာဆိုတဲ့ ဒီတရား သုံးပါးသည် အနိစ္စရောက်တာတော့ မှန်၏။ အဝိဇ္ဇာသည် သင်္ခါရက္ခန္ဓာမှာပါတယ်။ တဏှာလဲ သင်္ခါရက္ခန္ဓာမှာ ပါတယ်။ ပြီးတော့ စေတနာလဲ သင်္ခါရက္ခန္ဓာမှာ ပါတယ်။ လောဘစေတသိက် မောဟစေတသိက် စေတနာဆိုတဲ့ စေတသိက်သည် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်လို့ ခန္ဓာငါးပါး အနိစ္စရောက်တော့ သူတို့လဲပဲ အနိစ္စရောက်ပါ၏၊ သို့သော် မျိုးစေ့သည် မြေနဲ့ရေနဲ့ပေါင်းပြီးတော့ အပင်ဖြစ်၊ အပင်ဖြစ်ပြီးတော့ မျိုးစေ့ကလေး ပျက်သလိုပါပဲ၊ ဒီအဝိဇ္ဇာတဏှာ ကံကလဲပဲ ခန္ဓာအသစ်ကို ဖြစ်လဲ ဖြစ်စေပါတယ်၊ သူတို့လဲ အနိစ္စရောက် ပါတယ်။

မျိုးစေ့သည် အပင်ထဲဝင်ပြီးတော့ လိုက်မသွားသလို ဟောဒီခန္ဓာကြီးပစ်ပြီးတဲ့အခါ ခန္ဓာထဲကတစ်စုံတစ်ခုသော အရာဝတ္ထု အမာခံတရားလေးဟာမပျက်ပဲနဲ့ ကိုယ်ထဲက တစ်နေရာရာက ဖောက်ထွက်သွားပြီးတော့ ဟိုဘက်ခန္ဓာတစ်ခုထဲကို ပြေးဝင်သွားတယ်ဆိုတာမျိုးသည် ဗုဒ္ဓတရားတော်အရ မရှိပါဘူး။ သဘောပေါက်လား။

အဆင့်မြင့်တယ်ဆိုယင် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့လဲပဲ မြင့်တက်သွားပြီလို့သာ မှတ်ပါ။ အနတ္တတရားကို သဘောပေါက်စေချင်ပါတယ်။ သဗ္ဗေ ဓမ္မာ အနတ္တာလို့ ဘုန်းကြီးတို့ ဒီနေရာမှာ ဟောသွားပြီးပါပြီ။ နိယာမငါးပါးစာအုပ်မှာ ဖတ်ကြည့်ယင် တွေ့မယ်။

## စေတနာသည် အဝိဇ္ဇာနဲ့ ပေါင်းမိတဲ့အခါ

ဒီကိုယ်ကြီးပျက်သွားပြီးယင် ဒီကိုယ်ထဲက မပျက်ပဲ အတ္တ သို့မဟုတ် ဝိညာဉ် သို့မဟုတ် **Soul** သို့မဟုတ် **Atta** သို့မဟုတ် **Ruling** ခေါ်

ချင်တာခေါ်၊ အဲဒီအရာဝတ္ထု အမာခံလေးတစ်ခုခုက ဘယ်တော့မှမပျက်ပဲနဲ့ ဒီကိုယ်ကြီးပျက်တဲ့အခါမှာ ကိုယ်ထဲက ထွက်ပြီးတော့ နောက်တစ်ကိုယ်ထဲကို ပြောင်းဝင်တယ်။ နောက်တစ်ကိုယ်ပျက်ယင် အဲဒီထဲက ထွက်ပြီးတော့ နောက်တစ်ကိုယ်ထဲ ပြေးဝင်တယ်၊ ဒါမျိုး ဘုန်းကြီးတို့ ပရိသတ် လက်ခံမိယင် အဲဒါဘာလဲ၊ အတ္တဝါဒလို့ ခေါ်ပါတယ်။ အဲဒီအတ္တဒိဋ္ဌိပေါ်မှာ နောက်နားက သဿတတွေ ဥစ္ဆေဒတွေ အများကြီး ပါသွားလိမ့်မယ်။

ဗုဒ္ဓဝံသနာတော်က မျိုးစေ့သည် အပင်ထဲဝင်ရောက်မသွားသလိုပဲ ဒီစေတနာသည် ဘာဖြစ်လဲ၊ ဟိုဘဝကိုမပျက်ပဲနဲ့ ဒီအတိုင်းကူးပြီး ဝင်သွားတာ၊ မဟုတ်ဘူးတဲ့။ စေတနာလေးအနိစ္စတော့ရောက်တယ်၊ သို့သော် ခန္ဓာဆိုတဲ့ အပင်ကိုတော့ ပေါက်စေပါသေးတယ်။ မျိုးစေ့သည် ပျက်ပါတယ်၊ သို့သော် အပင်တော့ ပေါက်စေပါသေးတယ်။ ဒီသဘောမျိုးပါ၊ ဟုတ်လား။

မျိုးစေ့ထဲမှာ ခွဲရှာ အပင်မရသလို၊ စေတနာထဲမှာ ထုချေရှာ၊ ဘဝသစ်အတွက် စုဆောင်းပြီးတဲ့ ခန္ဓာသစ် အဆင်သင့် အနေအထားရှိမနေသေးပါဘူး။ မျိုးနဲ့ မြေနဲ့ ရေနဲ့ ပေါင်းပြီးတော့မှ အညွှန့်လေးထွက်သလိုပဲ စေတနာသည် အဝိဇ္ဇာ တဏှာနဲ့ ပေါင်းမိတဲ့အခါ ကျတော့မှသာ ခန္ဓာကို ဖြစ်စေပါတယ်တဲ့၊ ဟုတ်လား။

"ဘုန်းကြီးတို့ပရိသတ်–ဒါက သမ္မာဒိဋ္ဌိ၊ ဘာပြောနေတာလဲ"
"သမ္မာဒိဋ္ဌိပါ ဘုရား"

သမ္မာဒိဋ္ဌိ–မှန်တဲ့ အမြင်။ အဝိဇ္ဇာ တဏှာ ကံသည် အကြောင်း၊ မျိုးစေ့ရယ်၊ မြေရယ်၊ ရေရယ် ဒီသုံးခုကအကြောင်း။ အပင်က အကျိုး။ ထိုနည်းတူစွာ ထိုဥပမာ အတိုင်းပဲ အဝိဇ္ဇာ တဏှာ ကံက အကြောင်း။ ခန္ဓာကအကျိုး။ အဲဒီခန္ဓာမှာ နောက်တခါ အဝိဇ္ဇာ တဏှာ ကံတွေ ထပ်မံစုဆောင်းတော့ ထိုအဝိဇ္ဇာ တဏှာ ကံက အကြောင်းအသစ်ဖြစ်ပြီးတော့ နောက်တစ်ခါ ခန္ဓာအသစ်သည် အကျိုးလို့ ဒီလိုလည်ပြီးတော့ သွားတာ။

မျိုးကနေ အပင်၊ အပင်ကနေ အသီး၊ အသီးကနေ မျိုးဆိုတာလိုပဲ အဝိဇ္ဇာ တဏှာကံကနေ ခန္ဓာ။ ခန္ဓာကနေ အဝိဇ္ဇာတဏှာကံ။ အဝိဇ္ဇာတဏှာကံကနေ ခန္ဓာ။ ခန္ဓာကနေ အဝိဇ္ဇာတဏှာကံလို့ ဒီလိုလည်ပြီးတော့ သွားတာကို သံသရာစက် လည်သည်လို့ ဒီလို ခေါ်ပါတယ်၊ ဟုတ်လား။

## ဘဝသစ် ကူးသွားတယ်-တဲ့

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်များ — မျိုးစေ့ထဲမှာ အပင်မရှိသလိုပဲ စေတနာထဲမှာ ဘဝသစ် အတွက် ခန္ဓာသစ်ကို စုပြီး ဆောင်းပြီး သား ရှိမနေဘူးလို့ မှတ်လိုက်ပါ။ မျိုးစေ့လေးဟာ အပင်ထဲကို ဝင်ပြီး တော့လိုက်မသွားသလိုပဲ၊ ဒီဘဝကစေတနာသည်ဟိုဘက်ဘဝကို ဒီအတိုင်း ကူးပြီးတော့ ပြောင်းသွားတာ မဟုတ်ဘူး ဆိုတာကိုလဲပဲ သဘောပေါက် ထားပါ။

ဒီက အဝိဇ္ဇာ တဏှာ ကံသည် အကြောင်း အနေနဲ့ ဖြစ်ပြီးတော့ ဟိုမှာဖြစ်တဲ့ ခန္ဓာသည် အကျိုးပါ။ မျိုး၊ မြေ၊ ရေ တို့က အကြောင်း ဖြစ်ပြီးတော့ အညှောင့် ဏလေးက အကျိုး ဖြစ်ရသလို ပါပဲ၊ အဲဒီလို သဘောတရားမျိုးကို ပရိသတ် ပိုင်မယ် လက်ခံနိုင်မယ် ဆိုလို့ရှိယင် ဒီခန္ဓာ ထဲမှာ မပျက်သောဝိညာဉ်ကလေး အတ္တကလေးဟာ ဟိုဘဝသစ် ခန္ဓာသစ် ထဲကို ပြေးဝင် သွားတယ် ဆိုတဲ့ အယူအဆမျိုးကို ဘုန်းကြီးတို့ ပရိသတ် က ပယ်ပြီးသား ဖြစ်ပါလိမ့်မယ်။

အမြစ်ထဲမှာ မျိုးစေ့ကလေး အောင်ပြီးတော့ မကျန်ရစ်ဘူး ဆိုတဲ့ အယူအဆကို သဘောကျသလိုပဲ၊ ဒီခန္ဓာထဲမှာ မပျက်သော အရာဝတ္ထု တစ်စုံတစ်ခုကျန်နေခဲ့တယ်ဆိုတာကို မရှိဘူး၊ ဆိုတာကို လက်ခံနိုင်ယင် ပရိသတ်မှာ သဿတဒိဋ္ဌိ ကင်းပါတယ်၊ ဟုတ်လား။ ဒီခန္ဓာထဲက ဝိညာဉ် ကလေးသည် ဟိုဘက်ခန္ဓာထဲကို ဒီအတိုင်းကြီး ကူးဝင်သွားတယ် ဆိုတာကို လက်မခံယင် လဲပဲ သဿတ ဒိဋ္ဌိ ကင်းပါတယ်။ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းတို့ — သမ္မာဒိဋ္ဌိ ပိုင်းမှာ အခြေခံက ဒီအချက် ဖြစ်ပါတယ်။

ဒီတော့ ဘဝသစ်ဘယ်သူသွားသလဲ၊ ဒီကိုယ်ထဲက အကုန်လုံး ခန္ဓာ တွေ ပျက်ပါလျက်နဲ့ ဘဝသစ် ဘယ်သူ သွားသလဲ ဆိုယင် ဘဝသစ်ကို သွားတဲ့ သတ္တဝါတစ်ယောက်ဟာရှိကိုမရှိဘူး။ မျိုး၊ မြေ၊ ရေ အကြောင်း တွေဟာ မပြတ်တရစပ်ကြီးတစ်ခါဟည်း ရေလဲပဲ အဆက်မပြတ်၊ မြေဆိုတဲ့ ဩဇာဓာတ်တွေကလဲ မပြတ်တရစပ် ဖြစ်နေသလိုပဲ၊ အဲဒီ ထဲမှာ မျိုး ဓာတ်ကလဲ မပျက် မစီးပဲနဲ့ မှီ၍ တည်၍ နေသလိုပါပဲ။ အဝိဇ္ဇာတွေ တဏှာတွေက မရပ်မနားကြီး ဖြစ်နေတော့ စေတနာဆိုတဲ့ ဗီဇဓာတ်တွေ

ကာလပဲ ဆက်တိုက်ကြီးတဲ့၊ ရေစီး နေသလို ဘုန်းကြီးတို့ ပရိသတ်ရဲ့ သန္တာန်မှာ မရပ်မနားကြီးဖြစ်နေကြပါတယ်။

## အဝိဇ္ဇာ တဏှာ စေတနာတို့ရဲ့ အရှိန်အဟုန်ကို မြင်တတ်အောင်ကြည့်

မြစ်ကြီးတစ်စုကိုကြည့်လိုက်ပါ၊ ကြည့်လိုက်ယင်တော့ ရေတွေဟာ ထုနဲ့ထည်နဲ့လို့ တင်လိမ့်မယ်။ သေချာစဉ်းစားယင် ကောင်းကင်က မိုးဟာ တစ်ပေါက်ချင်း တစ်ပေါက်ချင်း အမှုန်ကလေးတွေ ရွာချတာ၊ တစ်မှုန်စီ ရွာချတဲ့ မိုးရေ ကလေးဟာ အမှုန်လေးတွေ စုဆောင်းတော့ ရေစီးကြောင်းလေး သေးသေးလေး ရလာတယ်။ ရေစီးကြောင်း သေးသေးလေးတွေကို ဆက်တိုက် ပေါင်းပြီး စီးသွားတော့ ချောင်းကလေး သေးသေးတစ်ခုဖြစ်လာတယ်။ ချောင်းကလေး သေးသေး တစ်ခုကနေ ချောင်းကြီးကြီးတစ်ခု ဖြစ်လာတယ်။

အဲဒီ ချောင်းတွေ ချောင်းတွေ ဆက်တိုက်ဆက်တိုက် ပေါင်းတော့ ဘာဖြစ်လဲ၊ မြစ်ကြီး ဖြစ်သွားတာ။ လှမ်းကြည့်တော့ဟာ မြစ်ကြီးစီးနေတယ်ဆိုပြီး ဒါတင်ရပ်နေတယ်။ မိုးရေပေါက်တွေကို လှမ်းပြီးတော့ မမြင်တော့ဘူး။ ဟိုမှာ ဘာလဲ ဧရာဝတီမြစ်ကြီးပါ၊ ဒီလောက်နဲ့ ရပ်သွားတယ်၊ ဧရာဝတီမြစ် ဘယ်လိုဖြစ်လာတာလဲ။ ကောင်းကင်က မိုးရေပေါက်လေး တစ်ပေါက်ချင်းတစ်ပေါက်ချင်းကိုမြင်အောင်ကြည့်ဖို့လိုပါတယ်၊ ကောင်းကင်ကကျလာတဲ့မိုးရေပေါက်လေးတွေကို တစ်ပေါက်ချင်းတစ်ပေါက်ချင်း တခြားစီကျလာတာကို မြင်အောင်ကြည့်ဖို့လိုပါတယ်၊ ဟုတ်လား။

အဲဒီတော့ စေတနာကတစ်လုံးတည်း မဟုတ်ပဲ ရှေးက စေတနာနဲ့ နောက်က စေတနာ၊ အဲဒီစေတနာနောက်က နောက်စေတနာ။ နောက်က နောက်က စေတနာတွေ ဆက်တိုက်ဆက်တိုက် မြစ်ထဲမှာ ရေတွေလို ရှေ့ကရေကို နောက်ကတွန်း၊ အဲဒီရေကို နောက်က ဆက်တွန်း၊ အဲဒီလို ဆက်တွန်းဆက်တွန်းနဲ့ရေတွေဟာအဆင့်ဆင့်တွန်းပြီးတော့သွားနေသလိုပဲ အဝိဇ္ဇာအရှိန်အဟုန်တွေ တဏှာအရှိန်အဟုန်တွေ စေတနာ အရှိန်အဟုန်တွေဟာ တစ်ခုနဲ့တစ်ခုတစ်ခါတည်းအားတွေဖြည့်ဖြည့်ပြီးတော့တွန်းတွန်းပြီးတော့ မရပ်မနားသွားနေတယ်ဆိုတဲ့ စကားကြီးကို ဘုန်းကြီးတို့ပရိသတ် မြင်အောင်ကြည့်တတ်ကြဖို့လိုပါတယ်။

တစ်လုံးတည်းသာကြည့်နေမယ်ဆိုယင်တော့ အခုနကအတ္တဒိဋ္ဌိထဲကို ရောက်သွားစရာအကြောင်းရှိတယ်၊ ဟုတ်လား။

## မြင်တွေ့နိုင်တဲ့ လမ်းစဉ်

ရောဝတီမြစ်ကြီးကို စိုက်ကြည့်နေမယ်ဆိုယင် ရေအလုံးလိုက်ကြီး မြင်ရသလိုပါပဲ။ စေတနာကို တစ်လုံးတည်း ကွက်ကြည့်နေယင်လဲ အဲဒါ ဒိဋ္ဌိဖြစ်မှာပဲ၊ သူပဲ လျှောက်ပြောင်းနေတယ်လို့ ထင်သွားမှာကိုး၊ ဟုတ်လား။ အဲဒီလို မဟုတ်ရပါဘူး။ ရောဝတီမြစ်ကြီးဘယ်ကလာ၊ ချောင်းပေါင်း များစွာက လာတယ်။ ချောင်းတွေချောင်းတွေ ဘယ်ကလာ၊ မြောင်းတွေများစွာက လာတယ်။ မြောင်းလေးတွေ မြောင်းလေးတွေ ဘယ်ကလာ၊ ရေစီးကြောင်းတွေက လာတယ်။ ရေစီးကြောင်းလေးတွေ ဘယ်ကလာ၊ မိုးရေပေါက်ကလေးတွေ တစ်ပေါက်စီ တစ်ပေါက်စီ ပေါင်းထားတာ။

စေတနာတွေဟာ အများကြီး နေ့စဉ်ညစဉ်မနား ဆက်တိုက်ကြီး မိုးရွာသလို တစ်ဖွားဖွား ဘုန်းကြီးတို့ပရိသတ်ရဲ့ သန္တာန်မှာ မိုးရွာနေတယ် ဆိုတာကို ကြည့်နိုင်တဲ့ဉာဏ်မျိုး မြင်နိုင်တဲ့ဉာဏ်မျိုးကိုရယင် ဘုန်းကြီးတို့ ပရိသတ်မှာ clear vision အမြင်ရှင်းသွားတယ်။ အဲဒါ သမ္မာဒိဋ္ဌိတဲ့၊ ဟုတ်လား။

သိဖို့ရန် လွယ်တော့ မလွယ်ဘူး၊ အလွန်နူးညံ့သိမ်မွေ့ အလွန်ခက်ခဲနက်နဲ နူးညံ့သိမ်မွေ့လှတဲ့ သစ္စာတရားလို့ ဘုန်းကြီးတို့ ပြောထားတယ်။ Subtle truth ဟုတ်လား၊ သစ္စာတရား။ ဒီသဘာဝတွေကိုမြင်အောင် အဲဒါကြည့်နေတဲ့ လမ်းစဉ်ဟာ ဘုန်းကြီးတို့ သဗ္ဗညုတ ဗုဒ္ဓရဲ့ လမ်းစဉ်ပါပဲတဲ့နော်။ ခုပြောတဲ့သဘောတွေကို မြင်အောင်ကြည့်တာ ဘယ်လမ်းစဉ်နဲ့ ကြည့်မလဲ၊ ဗုဒ္ဓလမ်းစဉ်မှတစ်ပါး အခြားလမ်းစဉ် မရှိပါဘူး။

## တည်ဆောက်တာနဲ့ ထိန်းသိမ်းတာ

ကိုင်း–ဒီတော့ သတ္တလောကကြီးကို ဘယ်သူ တည်ဆောက်ပေးသလဲ ဆိုယင် အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ် တည်ဆောက်ပေးတယ်။ အဲဒီ သတ္တလောကကြီးကို ဘယ်သူ ထိန်းသိမ်းသူ Maintainer ကို ရှာကြည့်။

"ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် ဘယ်နှစ်မျိုးရှိ"

"လေးမျိုး ရှိပါတယ် ဘုရား"

တည်ဆောက်ထားတာက အဝိဇ္ဇာ၊ တဏှာ၊ ကံ။ ထိန်းသိမ်းစောင့်ရှောက်တာကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ။ ထိုကိုးကွယ်မှုတွေ ပေါ်ပေါက်လာပုံ ပြောခဲ့တဲ့ အချက်များနဲ့ ယှဉ်လိုက်၍ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြပါ။ အဝိဇ္ဇာ၊ တဏှာ၊ ကံနဲ့ တည်ဆောက်ထားတဲ့ လောကကို ထိန်းသိမ်းဖို့ လိုလိမ့်ဦးမယ်၊ ထိန်းသိမ်းဖို့ တန်းခိုးရှင်အပြင်မှာ ဘုန်းကြီးတို့ကတော့ မရှာပါဘူး၊ အဝိဇ္ဇာ တဏှာ ကံနဲ့ တည်ဆောက်တဲ့ လောကကို ကံနဲ့ ထိန်းသိမ်း စိတ်ခေတ်တွေနဲ့ထိန်းသိမ်း ဥတုနဲ့ ထိန်းသိမ်း၊ အာဟာရနဲ့ ထိန်းသိမ်း။

ဟောဒီ ကိုယ့်လောကလေးတစ်ခုကို လောကဆိုတာ ဆံဖျားကနေ ခြေဖျား ခြေဖျားကနေ ဆံပင်ဖျား၊ အဲဒီဘစ်လံလောက်ရှိတဲ့ ဒီကိုယ်ကို ဘုန်းကြီးတို့ ပရိသတ် လောကလို့ မှတ်လိုက်ပါ။ ဆံပင်ဖျားကနေပြီးတော့ ခြေဖျား၊ ခြေဖျားကနေ ဆံပင်ဖျား၊ ကိုယ့်အရပ်နဲ့ ကိုယ့် အလံနဲ့ တိုင်းယင်တော့ လူတိုင်းလူတိုင်းဟာ တစ်လံရှိဘာပဲ။ ခြောက်ပေကျော်သမားက သုံးပေကျော်သမားသွားပြီး အလံမတိုင်းနဲ့၊ အဲဒါတော့ မကိုက်ဘူး၊ ဟုတ်လား။ ကိုယ့်အရပ်နဲ့ ကိုယ့်အလံတိုင်းကြည့် ဒါအတူတူ ကိုက်တယ်။

ဒီတော့ယင် တစ်လံလောက်မျှသာရှိသော ဒီကိုယ်ကို ဘာခေါ်ရမယ်၊ လောက။ တစ်လံလောက်ရှိတဲ့ ဒီကိုယ်ကို ဘာခေါ်တယ် လောက။ အဲဒီလောကကို ဘယ်သူ တည်ဆောက်သလဲ၊ အဝိဇ္ဇာ၊ တဏှာ၊ ကံ။ ဒီလောကကို ဘယ်သူစောင့်ရှောက်သလဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရ။ ဆံပင်ဖျားကနေ ခြေဖျားတိုင်အောင်၊ ခြေဖျားကနေ ဆံပင်ဖျားတိုင်အောင် တစ်လံလောက်ရှိတဲ့ ဒီလောကကလေးကို ကိုယ့်စေတနာနဲ့ ကိုယ့်ဟာကိုယ် စောင့်ရှောက်ရဘာယ်။ ကိုယ်စိတ်ခေတ်နဲ့ ကိုယ့်ဟာကိုယ်စောင့်ရှောက်ရဘာယ်၊ ဟုတ်လား။

## ထိန်းသိမ်းစောင့်ရှောက်တဲ့ တန်ခိုးရှင် ဘယ်မှာရှာမလဲ

ဥတုဆိုတဲ့အပိုင်းကျတော့ အပြင်ဘက်ကဥတု၊ ဟောဒီကိုယ်ထဲက ဥတု ဥတုနှစ်မျိုးလုံး မျှအောင်ကြည့်ပြီးတော့နေ၊ အဲဒါ စောင့်ရှောက်တာပဲ၊ ဟုတ်လား။ ကိုယ်ခန္ဓာတည်ဆောက်တဲ့ အပိုင်းက အအေးဓာတ်တွေ များနေတယ်ဆိုယင် ကိုယ်ကနွေးနွေးလေးနေပေးမှ၊ ကိုယ့်ကိုယ်ထဲမှာ

အပူတွေ များနေတယ်ဆိုယင် ကိုယ်က အေးအေးလေး နေပေးမှ၊ ဒီလို မဟုတ်လား။ ကိုယ့်ကိုယ်က ယိုစီးမှုတွေ အားကြီးနေတယ်ဆိုယင် ကိုယ်က တောင့်တင်းခိုင်မာတဲ့ အစားအစာလေး စားပေးမှ၊ ဒီလိုလာတယ်မဟုတ် လား။ အေး ဗုဒ္ဓရဲ့အဘိဓမ္မာက ဘယ်ဇနရာမှ မလွယ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ကိုယ့်ဟာကိုယ် ထိန်းသိမ်းရကာပဲ။

ကံဆိုတာကို စေတနာလို့ပြောရအောင်၊ ဒီကိုယ်ကို ဒီလောကလေး ကို ဘာနဲ့ထိန်း၊ စေတနာနဲ့ထိန်း၊ စိတ်နဲ့ထိန်း၊ အချမ်းအပူ အစရှိတဲ့ ဥတုနဲ့ထိန်း၊ အချိုအချဉ်အစရှိတဲ့ အာဟာရနဲ့ထိန်း။ ဒီခန္ဓာ ဒီလောကကို ထိန်းသိမ်းတဲ့ တန်ခိုးရှင်သည် ဘုန်းကြီးတို့ ဗုဒ္ဓဒေသနာတော် နည်းအရ အပြင်မှာ မရှိတော့ဘူး။

ကံ စိတ် ဥတု အာဟာရ၊ သူသည် ထိန်းသိမ်း စောင့်ရှောက်တဲ့ အပိုင်းမှာ ပဓာန ကျပါတယ်။ စေတနာတွေ သိပ်ညံ့ဖျင်း လာတဲ့ အခါ စိတ်ဓာတ်တွေ သိပ်ယုတ်ညံ့လာတဲ့ အခါ လောကကြီး အထိန်းမရှိဘူး၊ ဘုန်းကြီးတို့ ပရိသတ် ဟုတ်လား၊ စေတနာတွေညံ့တဲ့အခါ စိတ်ဓာတ်တွေ ယုတ်လာတဲ့အခါ ဒီလောကကြီးမှာ အထိန်းအသိမ်း မရှိတော့ဘူး၊ အဲဒါ ပျက်ဖို့ဖြစ်လာတာ။ အပူတွေလွန်ကဲအအေးတွေလွန်ကဲ အစားကို ကစ်ခါထဲ စည်းမဲ့ကမ်းမဲ့စားပြီဆိုယင် ဒါ အထိန်းအသိမ်း မရှိတော့ဘူး၊ ပျက်စီးဖို့ ဖြစ်လာမယ်။ ဒီလိုမဟုတ်လား။ ဒါလောက်ပြောယင် နားလည်ပြီပေါ့ဗျာ။

ကံ စိတ် ဥတု အာဟာရသည် လောကကြီးကို ထိန်းသိမ်း စောင့် ရှောက်ပါလိမ့်မယ်။ ထိန်းသိမ်း စောင့်ရှောက်တဲ့ အပိုင်းရပြီ။ ဒီတော့ အကျွန်ုပ် ကိုယ်ခန္ဓာကြီး မပျက်ရအောင် ဒီလောကကြီး မပျောက်ပျက် ရအောင် ဘယ် တန်ခိုးရှင်က ထိန်းပေးပါ ဆိုတာမျိုးကို ထိုင်ပြီးတော့ တောင်းပန်နေစရာ ဘုန်းကြီးတို့ ဗုဒ္ဓဒေသနာတော်နည်းအရ မရှိပါဘူး၊ မရှိပါဘူးနော်။

## လောကကို ဘယ်သူ ဖျက်ဆီးနေတယ်

ကိုင်း ပျက်စီးတဲ့အပိုင်း။ လောကကြီးကို ဘယ်သူ ဖျက်ပစ်တာလဲ ဆိုယင် ပြောစရာ အကြောင်း များစွာ ရှိရာတွင် ဘုန်းကြီးတို့ သုံးလုံးပဲ ပြောပါရစေ။

(၁) လောဘ
(၂) ဒေါသ
(၃) မောဟ

အကုန် ခြုံပြောယင်တော့ ကိလေသာ တရားတွေဟာ လောကကြီး ကို ဖျက်ဆီး နေ တာပါ။ Destroyer ဖျက်ဆီးသူက ကိလေသာ

(၁) တည်ဆောက်တဲ့ အပိုင်းမှာက အဝိဇ္ဇာ တဏှာ ကံ။
(၂) ထိန်းသိမ်း စောင့်ရှောက်တဲ့ အပိုင်းမှာက ကံ စိတ် ဥတု အာဟာရ။
(၃) ဒီလောကကို ဖျက်ဆီးတဲ့ အပိုင်းကျတော့ လောဘ ဒေါသ မောဟ။

စေတနာထဲမှာ လောဘဝင်တယ်၊ ဒေါသဝင်တယ်၊ မောဟဝင် တယ်။ စိတ်ထဲမှာ လောဘဝင်တယ်၊ ဒေါသဝင်တယ်၊ မောဟဝင်တယ်။ အဲဒီအချိန် စိတ်စေတနာ၌ လောဘ ဒေါသ မောဟ လွှမ်းယင် ထိုသူသည် ပျက်စီးဖို့ ဖြစ်လာလိမ့်မယ်လို့ ဒီလိုသဘောကျပါ၊ ဟုတ်လား။

အဲဒီလို လောဘ ဒေါသ မောဟတွေ စိတ်စေတနာ လွှမ်းမိုး နေတဲ့ အခါကျတော့ ထိုသူဟာ အချမ်း နားမလည် အပူ နားမလည် ဥတုနား မလည် အာဟာရနားမလည်ဖြစ်တော့ ဥတုအာဟာရကလဲ သူ့ဘယ်လိုလုပ် ထိန်းတော့မလဲ၊ ပျက်ပြီတဲ့။ ပျက်စီးတဲ့ အချိန်ဟာ ဒီတရား သုံးပါး လွှမ်းမိုးတဲ့အချိန်ဟာ ကမ္ဘာကြီးပျက်တဲ့ အချိန် ပါပဲနော်။ ဘုန်းကြီးတို့ ဒီအပိုင်းတွေဟာ အကျယ် အပြန့် အလွန်ပြောစရာ ကောင်းတဲ့ အပိုင်းတွေ ပါ။ သို့သော်လဲပဲ ဉာဏ်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တို့အတွက် နည်းနည်းလေး ပြောယင် သူတို့ဉာဏ်က ချဲ့ပြီးတော့ နားလည်သွားလိမ့်မယ်လို့ ဘုန်းကြီးတို့ ယုံထားတယ်၊ ဒါလောက်ပဲ ထားပါတော့။

တည်ဆောက်တာ အဝိဇ္ဇာ တဏှာ ကံ။
စောင့်ရှောက်တာ ကံ စိတ် ဥတု အာဟာရ။
ပျက်စီးတာ ဖျက်ဆီးတာက လောဘ၊ ဒေါသ၊ မောဟ။ တစ်မျိုး ပြောယင် ဖျက်ဆီးတာက ကိလေသာ။

ပန်ဆင်းရှင်ရှားဖို့ မလိုတော့ဘူး၊ စောင့်ရှောက်ဖို့ အပြင် အပမှာ အားကိုးစရာ ရှာမနေကြနဲ့ ဘယ်သူကမျှ ဖျက်ဆီးပေးလိမ့်မလဲ ဆိုပြီး

တော့ အပြင်အပမှာ ဖျက်ဆီးမည့် ပုဂ္ဂိုလ်ကို ရှာမနေကြနဲ့။ အေး ဖျက်ဆီးမယ့် ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ ဆိုယင်တော့ ကိုယ့်လောဘ၊ ကိုယ့်ဒေါသ၊ ကိုယ့်မောဟပဲ မဟုတ်ဘူးလား။

### အယူ အဆနဲ့ အကြံ အစည် မှန်ကန်နေယင်

ဘုန်းကြီးတို့ ပရိသတ်ပေါင်း သူတော်ကောင်းတို့ တည်ထောင်သူ စောင့်ရှောက်သူ၊ ဖျက်ဆီးသူ၊ သုံးမျိုးရပြီနော်။ အဲဒါကို လက်ခံလိုက်ယင် ဉာဏ်အမြင်မှာတခါတည်း ရှင်းသွားတယ်။ ဒါ Clear vision right understanding သမ္မာဒိဋ္ဌိ၊ တနည်း သမ္မာဒဿန၊ ဒီလို ခေါ်ပါတယ်။

အဲဒီလို အမြင်ရှင်း အယူအဆရှင်းတော့မှ ဘာဖြစ်လဲ အတွေးအကြံတွေ ရှင်းလာတယ်။ Right Thinking သမ္မာ သင်္ကပ္ပ။ အယူ အဆလဲ ရှင်းပြီ၊ အတွေးအကြံတွေလဲ ရှင်းပြီဆိုတဲ့ ထိုသူသည် အပြောတွေကောင်းလာတယ်။ အလုပ်တွေ ကောင်းလာတယ်၊ အပြော အလုပ် သိပ်ကောင်းလာတော့ ထိုသူ့ရဲ့ အသက် မွေးမှု ကလဲ သန့်ရှင်းလို့ သိပ်ကောင်းနေတယ်။ အပြောကောင်းလာပြီ၊ ဘာကြောင့် ကောင်းတာလဲ၊ အယူအဆနဲ့ အကြံအစည်တွေမှန်ကန်လာလို့။

အလုပ်တွေကောင်းလာပြီ အယူအဆနဲ့အကြံအစည် မှန်ကန်နေလို့။ အသက်မွေးမှု လုပ်ငန်းလဲ ကောင်းနေပါပြီ၊ ဘာဖြစ်လို့လဲ၊ အယူအဆနဲ့ အကြံအစည် မှန်ကန်နေလို့၊ မဟုတ်လား။ အပြောကောင်းတော့ သမ္မာဝါစာ Right speech. အလုပ် ကောင်းတဲ့ အခါကျတော့ သမ္မာကမ္မန္တ Right action.

အသက်မွေးမှုလုပ်ငန်းတွေ မှန်ပြီတဲ့၊ ငါ လောဘနဲ့ အသက်မမွေးတော့ဘူး။ အဲဒီလို မှန်လာတာ။ ဒေါသနဲ့ ငါ အသက်မွေးမှု လုပ်ငန်းကို မလုပ်တော့ဘူး။ မောဟ ဖိစီးပြီးတော့ အသက်မွေးမှု လုပ်ငန်းတွေကို ငါ မလုပ်တော့ဘူး။ အေး အဆိပ် ရောင်းပြီးတော့ ငါ စီးပွား မရှာဘူး။ လက်နက်ရောင်းပြီးတော့ စီးပွားမရှာဘူး။

ပညတ် စကားနဲ့ ပြောရယင် ဒီလို ပြောရမယ်၊ အဆိပ်တွေနဲ့ ငါ စီးပွားမရှာဘူး၊ လက်နက်တွေနဲ့ ငါ စီးပွားမရှာဘူး၊ ခိုး၍တိုက်၍ စီးပွား မရှာဘူး။ လိမ်၍ညာ၍ စီးပွား မရှာဘူး။ အေး ဝိုင်းပြည့်ရဲ့ ပစ္စည်းတွေကို မတရားယူပြီးတော့ ငါ စီးပွား မရှာဘူး။ ၂၀-၃-၇၈ ရုံးကက်မယ်

၁၀-နာရီ ကျမှ ရုံးတက်ရင် တစ်နာရီ ခိုးတယ်၊ Right liveli hocd အပိုင်းကို သဘော ပေါက်ပါ၊ ဟုတ်လား။ ၉-နာရီ ရုံးတက်ပါ ဆိုပေမယ့် ၁၀-နာရီကျမှ တက်လာတော့ တစ်နာရီ လုပ်ခကို သူ ခိုးသွားတာ၊ Right liveli hood အပိုင်းမှာ သဘော ပေါက်ပြီးလား။

## ဆင်းရဲ ဒုက္ခကို ပယ်ရှားနိုင်တဲ့ ဗုဒ္ဓသာသနာ

အဲဒီလိုပြောယင် ဗုဒ္ဓဒေသနာတော်က ရုံးထဲရော ကျောင်းထဲရော ဈေးထဲရော အကုန်လုံးသွားတယ်၊ ဟုတ်လား။ ဒါကြောင့် ဟိုတနေ့က ဘာပြောခဲ့လဲ—

Buddhism is right way of life.

ဒီလို ပြောခဲ့တယ်နော်။

ဗုဒ္ဓတရားတော်သည် ဘဝ လမ်းညွှန် ကောင်းကောင်း ပေးသော တရားတဲ့။

ဒီလိုပြောပါတယ်။ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းတို့အတွက် ဘုန်းကြီးတို့ပြုစုလာတဲ့ မှတ်ချက်လေးတွေ ဘော်တော်များလို့ ဒီကနေ့ ကုန်အောင်မှ ဖြန့်ချိနိုင်ပါ့မလားလို့ စိတ်ထဲမှာ ပူနေမိပါတယ်။

Buddhism is a system to get rid of the miseries of life.

ဗုဒ္ဓရဲ့ တရားတော်သည် ဘဝရဲ့ဆင်းရဲဒုက္ခတွေ အကုန်လုံးကို ပယ်ရှားပစ်တဲ့ တရားမျိုး ဖြစ်ပါတယ်။

ဗုဒ္ဓရဲ့ တရားတော်သည် ဘဝရဲ့ ဆင်းရဲဒုက္ခတွေ အကုန်လုံး ပယ်နှုတ်ပစ်နိုင်တဲ့ တရားမျိုးပါ။ စဉ်းစားကြည့်လေ Right liveli hood အပိုင်းမှာ ဟုတ်လား။ အချောင်ခိုတဲ့ စိတ်ကလေး နည်းနည်း မွေးမိဘာနဲ့ ၁၀-နာရီမှ ရုံးရောက်တော့ တစ်နာရီ နောက်ကျတယ်၊ လုပ်ငန်း စစ်က ၈-နာရီလောက်က စောင့်နေတယ်၊ ပြီးရော အဲဒီလူ အလုပ်ပြုတ်ပြီ။

အဲဒီတော့ တစ်နေ့တစ်နာရီတစ်နာရီ ခိုးခိုးသွားယင်တစ်လမှာ နာရီ ၃၀၊ တစ်နှစ်ဆို ဘယ်လောက် ခိုးမလဲ၊ တိုင်းပြည်ရဲ့ ဘဏ္ဍာဟာ ဘယ်လောက် ပါသွားလဲ၊ အဲဒီလူ့ လက်ထဲမှာ အလုပ်မလုပ်ပဲနဲ့ ယူသွားတာ။ ကပြည်လုံးနဲ့ လူတိုင်းလူတိုင်းရဲ့ အလုပ်လုပ်ပုံတွေနဲ့ အကုန်လုံး ပေါင်းပြီး

တော့ တွက်ကြည့်လိုက်လို့ရှိယင် ဘုန်းကြီးတို့ပရိသတ်၊ အေး–နည်းနည်း နေ့၁နေ၁ နှစ်နှ၁ချက်တွေမဟုတ်ဘူးနော်။ အဲဒါကို ဘုန်းကြီးတို့ပရိသတ် တွက်ကြည့်တော့ Right liveli hood အသက်မွေးမှန်ကြပေစ။

အသက်မွေးက ဘယ်တော့မှ မှန်မလဲဆိုတော့ သမာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပဖြစ်မှ မှန်တယ်။ အယူအဆလဲ မှန်တယ်၊ ပြီးတော့ အတွေးအခေါ် လဲ့ မှန်တယ်၊ ဒီနှစ်ခုမှန်တော့မှ အပြောမှန် Right speech၊ အလုပ်မှန် Right action. အသက်မွေးမှန် Right liveli hood ဒီလိုသွား တယ်။

## သတိဆိုတဲ့ အထိန်းလိုတယ်

အဲဒီမှန်ကန်မှုတွေရအောင် ပရိသတ်ကြီး ဘာနဲ့ထိန်းမလဲ၊ ဘာနဲ့ ထိန်းကြမလဲ အောက်နားဆက်လိုက်။

သမ္မာဝါယာမ၊

သမ္မာသတိ၊

သမ္မာသမာဓိ၊

ဒီသုံးခုရှိတယ်၊ ဟုတ်လား။ အပြောမှန်တဲ့ ပုဂ္ဂိုလ်၊ အလုပ်မှန် ကန်တဲ့ ပုဂ္ဂိုလ်၊ ပြီးတော့ အသက်မွေး မှန်ကန်တဲ့ပုဂ္ဂိုလ်။ အပြောက မှန် တယ်တဲ့ အမှားဘာမျှမပြောဘူး။ အလုပ်က မှန်တယ် မဟုတ်တဲ့ အလုပ် ဘာမျှ မလုပ်ဘူး။ အသက်မွေးလုပ်ငန်းက မှန်တယ်။ မကောင်းတဲ့ အသက် မွေးမှု ဘာမှမရှိဘူး။ ကိုယ့်ကိုယ်ကိုယ်ဘုန်းကြီးတို့ ပရိသတ် စိတ်မချဘူး လား။

မမှန်တာ မဟုတ်တာ ပြောကိုမပြောဘူး၊ မမှန်တဲ့အလုပ် လုပ်ကို မလုပ်ဘူး၊ အသက်မွေးအမှားအယွင်း ဘာမှမရှိဘူး၊ ဒီလိုဆို ကိုယ့်ကိုယ် ကိုယ် ဘယ်လောက် စိတ်ချသလဲ၊ Self confidence ကိုယ့်ကိုယ်ကိုယ် စိတ်ချနေတဲ့ပုဂ္ဂိုလ်ဟာ စိတ်ကိုငြိမ်နေတာပဲ ဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေတဲ့ စိတ်ဟာ သိပ်ငြိမ်တယ်နော်။ ငြိမ်လာတယ်၊ အဲဒါ ဘာလဲ Concentration ငြိမ်လာတယ်၊ အဲဒီလိုငြိမ်လာတဲ့ ပုဂ္ဂိုလ်က သတိ ကောင်းတယ်၊ သတိကောင်းလို့လဲ ငြိမ်တယ်။ သတိ၊ သမာဓိတွေ၊ ဟိုဘက်ဒီဘက် အပြန်အလှန်ကျေးဇူး ပြုကြတယ်။

ဒီတော့ နှုတ်ကို ဘာနဲ့ထိန်း၊ သတိနဲ့ထိန်းခဲ့တာ၊အလုပ်ဘာနဲ့ထိန်း သတိနဲ့ ထိန်းခဲ့တာ။ အသက်မွေး လုပ်ငန်း မမှားအောင် ဘာနဲ့ထိန်း၊ သတိနဲ့ထိန်းခဲ့တာ၊ အထိန်းဆိုတာ ဒီနေရာမှာ သတိပဲ။ အပြောနဲ့ထိန်း၊ သတိနဲ့၊ အလုပ်ဘာနဲ့ သတိနဲ့၊ ၉–နာရီတက်ဆိုလို့ရှိယင် မနက်၈–နာရီ လောက်ကတည်းက တစ်နာရီကို မပြတ် မပြတ် ကြည့်ပါ။ ၈–နာရီထိုးပြီ ငါ အိမ်ကနေ ရုံးကို သွားယင် လမ်းမှာ ကားနစ်နာရီစီးရတယ်။ အဲဒါတွက်ပြီးတော့ နောက်မကျစတမ်း တစ်ခါတည်း သတိရှိရှိနာရီကြည့် ပြီးတော့ ရုံးမှန်အောင်တက်၊သတိက သိပ်ထိန်းတယ်နော်။

ဘာတွေကို ထိန်းသလဲ၊ အလုပ်နဲ့ အပြောတွေကို ထိန်းတယ်။ အလုပ်နဲ့အပြောကိုထိန်းမိတဲ့ ပုဂ္ဂိုလ် ဘာဖြစ်လဲ၊ အသက်မွေးလုပ်ငန်း ကိုလဲ ထိန်းမိတယ်၊ ဟုတ်လား။ သတိသည် အထိန်း၊ အထိန်းကောင်း တဲ့ ပုဂ္ဂိုလ်က အလုပ်အပြောတွေ မှန်တော့ အသက်မွေးတာတွေမှန်တယ်၊ အမှား မရှိတဲ့ ထိုသူက ဘာဖြစ်လဲ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်တဲ့၊ Self confidence ကိုရတယ်။

## သမာဓိဖြစ်ဖို့ရန် ပထမအဆင့်

ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဓာတ်က ဘာဖြစ်လဲ၊ ငြိမ်သက်လာဘယ်၊ ငြိမ်းချမ်းလာတယ်၊ အဲဒါက Concentration သမာဓိ။ သမာဓိဆိုတာ–

Samadi is the one pointedness of mind.

စိတ်ရဲ့ တစ်ခုတည်းသော အာရုံမှာ စိုက်ပြီးတော့ ကြံနေတာက သမာဓိ။

ဒီတော့ ကိုယ့်ကိုယ်ကိုယ်စိတ်သိပ်ချတဲ့ပုဂ္ဂိုလ်ကတစ်နေရာတည်းမှာ စိတ်စိုက်လို့ရတယ်။ ဟာ ငါ မှားမျှားမှားနေလား။ ဟာ ဘယ်လိုလဲ ငါ ဘာတော့ဖြင့် လုပ်ထားမိပြီ။ ဘယ်တော့မျှား နောက်ကနေပြီး လိုက်ချောင်းမလဲ ဆိုပြီးတော့ စိတ်မချတချ ဖြစ်နေတဲ့လူက စိတ်ရဲ့ One Pointedness ဆိုတာ မရဘူး။ တစ်ခုတည်းသောနေရာမှာ စူးစိုက်မှုကို မရနိုင်ဘူး။ အဲဒါကြောင့် ပြောတယ်။ ဝိပဿနာနယ်က သီလမရှိယင် သမာဓိမဖြစ်ဘူးလို့ ဒီလိုပြောခဲ့ပါတယ်၊ ဟုတ်လား။ သီလမရှိယင် ဘာတဲ့ လဲ၊ သမာဓိမဖြစ်ဘူး။

ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဟောဒီမှာ မဂ္ဂင်ရှစ်ပါးမှာ ကြည့်လိုက်ပါ။ သီလမဂ္ဂင် ၃ ပါး

(၁) သမ္မာဝါစာ

(၂) သမ္မာကမ္မန္တ

(၃) သမ္မာအာဇီဝ

အပြောမှန်ဖို့၊ အလုပ်မှန်ဖို့၊ အသက်မွေးမှန်ဖို့၊ အဲဒီ သုံးခုသည် သီလမဂ္ဂင်တဲ့၊ ဟုတ်လား။ အဲဒါကြောင့် ဒီသုံးခုကို Morality လို့ ဘုန်းကြီးတို့ ဒီလိုလေးပေးထားပါတယ်။

သို့သော် ဗုဒ္ဓဘာသာ တရားတော်မှာ အဲဒီသီလသည် အထွတ်အထိပ် မဟုတ်သေးပါဘူး၊ ဗုဒ္ဓရဲ့ တရားတော်အရ ဒီ သီလမဂ္ဂင်သည် အထွတ်အထိပ် မဟုတ်သေးပါဘူး။ ဗုဒ္ဓတရားတော်အရ သီလမဂ္ဂင်သည် ဘုန်းကြီးတို့ ပရိသတ်များ ပထမအဆင့်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ဘုန်းကြီးတို့က မှတ်ချက်လေးပြုထားပါတယ်။

Morality is only the Preliminary Stage on the path of purity.

သီလဆိုတာဟာ Path of purity ဒီ path of purity ဆိုတဲ့ စာလုံးဟာ ဝိသုဒ္ဓိမဂ်လမ်းစဉ် ဟုတ်လား။ အဲဒီ သန့်ရှင်းစင်ကြယ်တဲ့ လမ်းစဉ်။ အဲဒီ သန့်ရှင်းစင်ကြယ်တဲ့ လမ်းစဉ်ကြီးရဲ့ ပထမအဆင့် First Stage သို့မဟုတ် Preliminary stage အခြေခံအဆင့်ဟာ Morality၊ ဒါပဲရှိသေးတယ်၊ ဗုဒ္ဓ တရားတော်ဟာ ဘယ်ကျမှ အထွတ်အထိပ် ရောက်တယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် အဲဒီမှာ တွေ့မှာပါ။

## ဒုတိယအဆင့် အလယ်ကျင့်စဉ်

ကမ္ဘာမှာ ဘုန်းကြီးတို့ ပရိသတ်ပေါင်း သူတော် ကောင်းတို့ ကျင့်သုံးစရာတွေ ကိုးကွယ်စရာတွေ များစွာရှိပါတယ်။ ကိုယ်ကျင့်တရားလို့ ခေါ်တဲ့ Morality ကို ထိပ်ဆုံးထားတဲ့ ကျင့်စရာတွေ ကိုးကွယ်စရာတွေက များပါတယ်။ ဗုဒ္ဓ တရားတော်ကတော့ ကိုယ်ကျင့်တရားဟာ Preliminary Stage ပဲ ရှိသေးတယ်။ အခြေခံအဆင့်မှာပဲ ရှိတယ်၊ သူက အထွတ်အထိပ် မဟုတ်သေးဘူး။ အဲဒီ အခြေခံအဆင့်ကို ကျော်ပြီးတော့ နောက်တစ်ဆင့် တက်လိုက်တဲ့အခါကျတော့ ဒုတိယ အဆင့်က Middle Stage ဘာတုံးဆိုယင် Concentration.

Concentration is the middle Stage on the path of purity.

Concentration လို့ ခေါ်တဲ့ စိတ်တည်ငြိမ်မှုဟာတဲ့ ဒီ Path of purity လို့ ခေါ်တဲ့ သန့်ရှင်းစင်ကြယ်ရေး လမ်းစဉ်ကြီးရဲ့ သူက အလယ်အဆင့် ဖြစ်ပါတယ်။

ကိလေသာ အညစ်အကြေး သန့်ရှင်းစင်ကြယ်ရေး လမ်းစဉ်ကြီးမှာ အလယ်ဆင့်က Concentration။ အဲဒီ Concentration လို့ ခေါ်တဲ့ သမာဓိကို တည်ဆောက်တဲ့အခါ သူ့ကို ကူညီရမှာက ဝီရိယနဲ့ သတိ။

"ဘာနဲ့ပါလဲ"

"ဝီရိယနဲ့ သမာဓိပါ ဘုရား"

"အဲဒါကြောင့် သမာဓိမဂ္ဂင်မှာ Concentration လို့ ခေါ်တဲ့ သမာဓိမဂ္ဂင်မှာ–

(၁) သမ္မာဝါယာမ Right effort.
(၂) သမ္မာသတိ Right mindfulness.
(၃) သမ္မာသမာဓိ Right concentration.

အဲဒီ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိလို့ခေါ်တဲ့ မဂ္ဂင်သုံးပါးမှာ ဝီရိယနဲ့သတိသည် အခြံအရံ၊ သမာဓိက ပဓာနဖြစ်ပါတယ်။ သမာဓိဖြစ်ဖို့ရန် သူ့အကူအညီ ဘာလုပ်ပေးရမလဲ၊ ဝီရိယနဲ့ သတိ ကူညီပေးရပါတယ်။ အဲဒီသုံးခု ပေါင်းပြီးတော့ ဒါကို ဘယ်နဲ့ခေါ်လိုက်သလဲ သမာဓိမဂ္ဂင်တဲ့ ဟုတ်လား။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

(၁) Right effort.
(၂) Right mindfulness.
(၃) Right concentration.

အဲဒီသုံးခုသည် သမာဓိမဂ္ဂင်။ ထိုသမာဓိမဂ္ဂင်သည် The path of purity လို့ ခေါ်ဆိုရတဲ့ သန့်ရှင်းစင်ကြယ်ခြင်း ကျင့်စဉ်ကြီးမှာဖြင့်ယင် သူက Middle Stage အလယ်ဆင့် ဖြစ်နေပါတယ်။ ဒါကြောင့် Concentration is the middle Stage on the pathof Purity လို့ ဆိုပါတယ်။ သမာဓိရအောင် သူက အလယ်ကျင့်စဉ် အလယ်ဆင့် ရှိသေးတယ်။

ကိုင်း ဗုဒ္ဓတရားတော်မှတစ်ပါး အခြား ကျင့်သုံးစရာကမ္ဘာမှာရှိတဲ့ ကျင့်စဉ်ပေါင်းများစွာ၊ ကိုးကွယ်စရာပေါင်း များစွာတွေထဲမှာ အဲဒီ အလယ်ဆင့်သို့ ရောက်တဲ့ ကျင့်စရာ ကိုးကွယ်စရာရှာကြည့်ပါ။ ဒီအလယ် ဆင့်ရောက်တဲ့ ကျင့်စရာ ကိုးကွယ်စရာ ရှာကြည့်ပါ၊ မရှိပါဘူး။

## ကောင်းကင်မှာ ခြေရာမထင်သလို

ကောင်းကင်မှာ ငှက်တွေ ပျံသွားကြတယ် ခြေရာကလေးများ ကျန်ရစ်သလား။ နတ်တွေ ဗြဟ္မာတွေ သွားကြတယ်၊ ခြေရာလေးများ ကျန်ရစ်သလား။ ဘုရား ပစ္စေကဗုဒ္ဓါ အဘိညာဉ်ရတဲ့ ရဟန္တာကြီးတွေ ကောင်းကင်မှာပျံကြတယ် ခြေရာများ ကျန်ဖူးသလား။ နတ်တွေ ဗြဟ္မာတွေ ဘုရားပစ္စေကဗုဒ္ဓါတွေ ငှက်တိရစ္ဆာန်တွေရဲ့ ခြေရာတွေ ကောင်းကင်မှာ မရှိသလိုပါပဲ၊ ယခုလို ပြောပြထားခဲ့တဲ့ The path of purity လို့ ခေါ်တဲ့ သန့်ရှင်းစင်ကြယ်ရေး လမ်းစဉ်ကြီးဟာ ဗုဒ္ဓ တရားတော်ရဲ့ အပြင်ဘက်မှာ မရှိဘူးတဲ့၊ ဘုန်းကြီးတို့ ပရိသတ်ရေ၊ ဟုတ်လား။ မြတ်ဗုဒ္ဓ ဘုရားမိန့်သည့်အတိုင်း ဘုန်းကြီးတို့ ပြောပါတယ်။

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ လို့

မြတ်ဗုဒ္ဓက ကုသိနာရုံမှာ ပရိနိဗ္ဗာန် စံလုလုအချိန် ညောင်စောင်းပေါ်မှာ လျောင်းပြီးတော့ သုဘဒ္ဒပရိဗိုဇ်ကြီးအား ဒီစကား ပြောသွားဖူးပါတယ်။ ဒါကြောင့် ဘုန်းကြီးလို့ ဒီလိုဆိုရဲတာပါ။

သုဘဒ္ဒပရိဗိုဇ်က အို အရှင်ဗုဒ္ဓ ဗုဒ္ဓသာသနာတော်ရဲ့ အပြင်ဘက်မှာ သမဏ၊ သမဏစရိယဆိုတာ ရှိသလားတဲ့။ ငြိမ်းချမ်းသူနဲ့ ငြိမ်းချမ်းတဲ့ အကျင့်ဆိုတာ ရှိသလားလို့ မေးတယ်။ မြတ်ဗုဒ္ဓက ခုနက စကားဖြင့် ဖြေရှင်းပါတယ်။ ကောင်းကင်မှာ ဘာခြေရာမှမရှိသလို ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာရဲ့ ခြေရာမှ မရှိသလို၊ ငါ့ဗုဒ္ဓ သာသနာပြင်ဘက်မှာ သမဏ စရိယလဲ မရှိဘူးတဲ့၊ သမဏတို့ရဲ့ စရိယမှ မရှိယင် သမဏဆိုတာလဲ မရှိဘူး ပေါ့။ အကျင့်မှမရှိယင် ကျင့်သူလဲပဲ မရှိဘူးပေါ့။ ကျင့်တဲ့သူမှ မရှိယင် ငြိမ်းချမ်းသူလဲ မရှိဘူးပေါ့။

ဒီတော့ Path of purity ဆိုတာဟာ ဗုဒ္ဓဘာသာ သာသနာ တော်ထဲမှာ သီးသန့်ရှိတဲ့ လမ်းစဉ်ကြီးတစ်မျိုးပါ၊ ဟုတ်လား။ ဗုဒ္ဓဘာသာ ဖြစ်ရတာ ဘယ်လောက် အဖိုးတန်တယ်၊ ကံကောင်းတယ်ဆိုတာကို သိဖို့ ပါ။

## သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပအစ

မဂ္ဂင် ရှစ်ပါးမှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ စတာ ဘယ်က စထားသလဲ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပက စထားတယ်။ သမ္မာဒိဋ္ဌိ သည် ဗုဒ္ဓဘာသာသနာတော်အရ The path of purity ရဲ့ အစလဲ ဟုတ်ပါတယ်၊ အဆုံးလဲဟုတ်ပါတယ်။ သမ္မာဒိဋ္ဌိ အဆင့်ဆင့် မြင့်သွားပုံ တွေကို ဘုန်းကြီးတို့ ပြောပုံရန် အခွင့်အရေး မရပါဘူး။ အဆင့်ဆင့် အကုန်လုံး သမ္မာဒိဋ္ဌိ တစ်ဆင့်ထက်တစ်ဆင့်မြင့်သွားတာတွေကိုဘုန်းကြီးတို့ ပရိသတ် ဆက်လက်၍ လေ့လာကြပါလို့ ဘုန်းကြီးတို့က တိုက်တွန်းပါ တယ်။ ခုတော့ အခြေခံအကျဆုံး ဖြစ်တဲ့ သမ္မာဒိဋ္ဌိကိုသာ ဘုန်းကြီးတို့ ပြောနေတာ။

ဒီ ကမ္ဘာကြီး၊ လည်ပတ်ကောင်း ဖန်ဆင်းသူ ကိုယ်ကိုယ်ထဲမှာရှာ၊ အဝိဇ္ဇာနဲ့တဏှာက၊ ကမ္ဘာကြီး ထိန်းသိမ်းစောင့်ရှောက်မယ့် ဥစ္စာဟာ ကံ စိတ် ဥတု အာဟာရ၊ ဒါပဲလို့ သဘောပေါက်။ ဒီကမ္ဘာလောကကို ဖျက်ပစ်မှာက ကိလေသာတရားပဲလို့ သဘောကျ၊ အဲဒါဆိုယင် သမ္မာဒိဋ္ဌိ အစပဲ၊ သမ္မာသင်္ကပ္ပ အစပဲ။

ဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ဒီလောက် စလိုက်လို့ရှိယင် နောက်ဆုံး တစ်ခါမှ တစ်သံသရာလုံးက မမြင်ဖူးခဲ့တဲ့ နိဗ္ဗာန်ကို လှမ်းမြင်လိုက်တော့ ဖလသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိအထိ မင်္ဂလာဖိုလ်နဲ့ယှဉ်တဲ့ သမ္မာဒိဋ္ဌိအထိ ဘုန်းကြီး တို့ ပရိသတ် အဆင့်ဆင့် တက်သွားနိုင်ကြမှာ ဖြစ်ပါတယ်။ သမ္မာဒိဋ္ဌိက ဘယ်ကျမှဆုံးလဲ၊ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိကျမှ ဆုံးပါတယ်တဲ့။ ဟုတ်လား။ ခု ဘုန်းကြီးပြောတာကတော့ အခြေခံကျတဲ့ သမ္မာဒိဋ္ဌိကို ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် ဒါ တင်ပြခြင်း ပါ။

The path of purity ဝိသုဒ္ဓိမဂ်လို့ ခေါ်တဲ့ဒီသန့်ရှင်းစင်ကြယ် ရေး လမ်းစဉ်ကြီးမှာ သမ္မာဒိဋ္ဌိသည် အစလဲဖြစ်နေတယ်၊ အဆုံးလဲဖြစ်နေ တယ်။ သူတစ်လုံး အရေးကြီးဆုံးပါပဲ။ ဒါကြောင့် အဲဒီ သမ္မာဒိဋ္ဌိဟာ တနည်းဆိုလို့ယင် ဒီဃီလသမာဓိ ပြီးတော့ ဘာလဲ၊ ပညာ၊ အဲဒီ ပညာကို တော့ Wisdom လို့ လဲပဲ ကမ္ဘာကတော့ သုံးပါတယ်။ ဘယ်လိုပဲသုံးသုံး ဗုဒ္ဓ ဒေသနာတော်နည်းရဲ့ ပညာကို ကိုမိအောင် ဘာသာပြန်ဖို့ကတော့

ဘယ်စာလုံးနဲ့ပဲပြောပြော ထိထိမိမိတော့ သိပ်မရှိလှဘူး။ သုံးဖြစ်ရှိတော့ ရှိတယ် ပေါ့လေ။ ဒီတော့ ဘုန်းကြီးတို့ကတော့ ဒီလို သုံးပါတယ်။ Insight Knowledge. ဟုတ်လား။

Insight Knowledge is the hightest Stage on the Path of puritly.

Insight Knowledge.

အဝိဇ္ဇာ တဏှာ ကံ တို့ကို ကြည့်တဲ့ အသိဉာဏ်၊ ကံ စိတ် ဥတု အာဟာရ ဒီသဘာဝ တရားတွေကို စိုက်ကြည့်တဲ့ အသိဉာဏ်၊ လောဘ ဒေါသ မောဟ တရားတွေကို စိုက်ကြည့်တဲ့ အသိဉာဏ် ဒါကို Insight Knowledge။ အဲဒီ အသိဉာဏ်မျိုးသည် hightest Stage တဲ့၊ သူက မြင့်သွားတယ်။ on the path of purity ဝိသုဒ္ဓိ မဂ်လို့ ခေါ်တဲ့ သန့်ရှင်း စင်ကြယ်ရေး လမ်းစဉ်ကြီးမှာ သူသည် အဆင့်မြင့်တဲ့ လမ်းစဉ်ပဲ။

အဆင့်မြင့် လမ်းစဉ်ကြီး (၃) ရပ်

လမ်းစဉ်သုံးခု ဟုတ်လား။

(၁) သီလကျင့်စဉ်၊
(၂) သမာဓိကျင့်စဉ်၊
(၃) ပညာကျင့်စဉ်၊

"ကျင့်စဉ်ကြီး ဘယ်နှစ်ရပ်လဲ"
"သုံးရပ်ပါ ဘုရား"

သီလကျင့်စဉ်သည် အစ၊ သမာဓိ ကျင့်စဉ်သည် အလယ်၊ ပညာ ကျင့်စဉ်သည် အဆုံး။ အဲဒီ သီလ သမာဓိ ပညာကို အကျယ် ပွားတော့ သီလထဲမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သုံးခု ဝင်တယ်။ သမာဓိထဲမှာ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သုံးခုဝင်တယ်။ ပညာဆိုတဲ့ ထဲမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဝင်ပါတယ်။ သီလ သမာဓိ ပညာဆိုတဲ့ ကျင့်စဉ်ကြီး သုံးရပ်ကို ပွားလိုက်တာ မဂ္ဂင် ၈-ပါး ဖြစ်ပါ တယ်။ အဲဒီ မဂ္ဂင် ရှစ်ပါးကို အကျယ် ပွားလိုက်လို့ ရှိယင် ဗောဓိပက္ခိယ ၃၇-ပါးဖြစ်ပါတယ်။ ဒါ တပ်မံ၍ အကျယ်ပွားယင်တော့ ပိဋကတ် သုံးပုံ အထိ သွားကြမှာပါပဲ။

ဗုဒ္ဓ တရားတော်တွေ အကုန်လုံးကို အဆီ ညှစ်ထုတ်ယင် သီလ သမာဓိ ပညာ ရောက်သွားတယ် တဲ့၊ ဟုတ်လား။ ဗုဒ္ဓ တရားတော် အရ ကျင့်စဉ်တွေကို သုတ် ဝိနည်း အဘိဓမ္မာ ပိဋကတ်သုံးပုံတွေကို အကုန်လုံး အဆီ ညှစ်ထုတ်ယင် သီလ၊ သမာဓိ၊ ပညာ ဒါရပါတယ်။ အဆင့်ကလဲ သုံးဆင့်ပါ။

(၁) သီလသည် အခြေခံအဆင့်၊
(၂) သမာဓိသည် အလယ်အဆင့်၊
(၃) ပညာသည် အဆင့်မြင့်တယ် တဲ့။

(1) Morality is only the preliminary stage on the path of purity.

(2) Concentration is the middle stage on the ? of purity.

(3) Insight knowledge is the hightest stage on the path of purity.

ဗုဒ္ဓဘာသာသည် ဖီလော်ဆိုဖီ (Philosophy) လား

အဆင့်သုံးဆင့်။ ဒီတော့ ခုနက ဆရာ့ကို ဘုန်းကြီး ရေးခိုင်းတော့ ဒေါက်တာ မင်းတင်မွန် ဟိုမှာ ရေးပြထားတယ်။

Buddhism is not a Philosophy. တဲ့၊

ဒီလို ရေးထားတယ်၊ ဗုဒ္ဓဘာသာသည် Philosophy လားလို့ မေးခဲ့ယင် ဘုန်းကြီး ဟိုက မဟုတ်ဘူးလို့ ဒီလိုဖြေတယ်။ Philosophy မှာ ဘာရှိလဲ၊ ခုပြောတဲ့ အဆင့်သုံးဆင့် အကုန်ပါရဲ့လား၊ ဒါကြည့်ရမယ်၊ သီလ သမာဓိ ပညာဆိုတဲ့ ဒီအဆင့်သုံးဆင့် Philosophy မှာ ပါရဲ့လား။ မပါဘူး၊ ဒါကြောင့်-

Philosophy deals mainly with the knowledge.

တကယ်ဆိုယင် Philosophy ကဘာတဲ့လဲ၊ အသိဉာဏ် တိုးပွား ရေး တစ်ခုကိုသာလျှင် ကြိုးစားတာ ဖြစ်ပါတယ်၊ သီလ ကျင့်စဉ် သမာဓိ ကျင့်စဉ် သူ့ ယဲလုံးလုံးကြီး ကင်းနေတယ်၊ မပါဘူး။ နောက်ဘုန်းကြီးတို့ ရေးပြတဲ့ စာတစ်ပိုဒ်မှာ--

It is not concerned with practice. တဲ့။

အဲဒီ Philosophy ထဲမှာ ကျင့်စရာ မပါဘူးတဲ့၊ ကျင့်စဉ်နှင့် Philosophy က ဆက်သွယ်လို့ မရဘူး၊ အတွေးသက်သက် လောက်ပဲ သူက ရှိတယ်။ Philosophy ဘယ်လောက်သင်သင် ကျင့်စရာ အဲဒီမှာ မပါဘူး၊ ဟုတ်လား။ ဘုန်းကြီးတို့ ဒေသနာတော်ကတော့ သိပြီ ကျင့်လို့ရတယ်၊ သမာဓိကျင့်စဉ်တွေ ပညာကျင့်စဉ်အကုန်လုံး ကျင့်စဉ်နဲ့ချည်း သွားပါတယ်။ Practice နဲ့ သွားပါတယ်။ ဒီတော့ ဗုဒ္ဓတရားတော်က ဘယ်လိုဖြစ်လဲ—

Buddhism lays special emphasis on practice and realization.

ဗုဒ္ဓတရားတော်က Practice နဲ့ Realization အပေါ်မှာ သေသေ ချာချာ မှတ်ထားတယ်၊ အကျင့်နဲ့ အသိဉာဏ်ပေါ်မှာ သေသေ ချာချာကြီး ချမှတ်ထားတာက ဗုဒ္ဓရဲ့တရားတော်ဖြစ်ပါတယ်။ အကျင့်ဆို သည့်သွားစရဏ၊ Realization ဆိုတာကတော့ ဝိဇ္ဇာလို့ ဆိုကြရအောင်။ practice သူက စရဏ၊ Realization ဆိုတော့ဝိဇ္ဇာ၊ ဝိဇ္ဇာစရဏ ဗုဒ္ဓရဲ့ ဂုဏ်တစ်မျိုးကို ဘုန်းကြီးတို့ ပရိသတ်အားလုံး ရကြပါတယ်၊ ဝိဇ္ဇာ စရဏ အကျင့်နဲ့ အသိဟုတ်လား။ Philosophy ဖိလော်ဆိုဖီ ထဲမှာ အဲဒါမျိုး ပါလား၊ မပါဘူး။

အဲဒီလို ဝိဇ္ဇာရော စရဏရော နှစ်မျိုးစုံ ပါတဲ့ ဒေသနာ တော်မျိုး တရားမျိုးကို ဗုဒ္ဓတရားတော်ရဲ့ အပြင်ဘက်မှာရှာတဲ့၊ ဘုန်းကြီးတို့ ပရိသတ် ကောင်းကင်မှာ ခြေရာရှာလို့ ရချင်ရမယ်။ ကောင်းကင်မှာ ငှက်တွေပျံတာ ခြေရာလေး လိုက်ဖမ်းယင် တွေ့ယင် တွေ့မယ်ပေါ့။ အဲဒီ ဝိဇ္ဇာနဲ့ စရဏ Practice နဲ့ Realization ပါတဲ့ ဒေသနာတော်မျိုးကို ဗုဒ္ဓ ဒေသနာ တော် အပြင်ဘက်မှာ ဘယ်မှာမှ ရှာလို့ မရနိုင်ကြပါဘူး၊ ဒါကြောင့် ဗုဒ္ဓ ဘာသာ တရားတော်သည် အလွန်ထူးခြားတဲ့ တရားတစ်မျိုး ဖြစ်ပါတယ်၊ ဟုတ်လား။

## ဓမ္မဆိုတာ ဘာလဲ

နောက်တစ်မျိုး ဘုန်းကြီးက ပြောတယ်။

Buddhism is Dhamma.

ဗုဒ္ဓဘာသာဟာ ဘယ်လိုတရားမျိုးလဲဆိုယင် ဓမ္မလို့ ဒီလိုလဲ ပြော နိုင်တယ်၊ ဓမ္မက ဘာများလဲလို့ မေးခဲ့မယ်—

It is the doctrine of reality.

ဒီ Realityဆိုတာကိုဟိုတစ်နေ့ကပြောပြီးပြီ၊ တကယ့်အရှိသဘောတွေ၊ ဓမ္မဆိုတာဘာလဲ၊ တကယ့်အရှိသဘောတွေကို Doctrine ဟောထားတဲ့အဟောအပြော။ Doctrine ကို နောက်တစ်မျိုး Teaching လို့လဲ ဆိုနိုင်တယ်။ ဒါကြောင့်-

Dhamma is the teaching of reality.

ဓမ္မဆိုတာဘာလဲ၊ တကယ့်အရှိတရားတွေကို သင်ပြထားတာဟာ ဓမ္မပါ။

တခြားတခြားသော ဓမ္မတွေနဲ့ မတူပုံကို ဘုန်းကြီးတို့ ပရိသတ်များ ဒီအချက်ဖြင့် ဗဟုသုတများကြတဲ့ ပုဂ္ဂိုလ်အပေါင်း အားလုံး သိလောက်ပါတယ်။

တကယ့် အရှိတရားတွေကို သင်ပြထားတာက ဓမ္မ။ မရှိတာကို ရှိတယ်လို့ထင်ပြီးတော့ ရှိခိုးဆုတောင်းဖို့ ကိုးကွယ်ဖို့ဆိုပြီးတော့ သင်ပြနေတာက တစ်မျိုးဖြစ်ပါလိမ့်မယ်။ ဓမ္မကတော့ အရှိတရားတွေကိုပဲ သင်ပြပါတယ်။ စိတ်အရှိပဲ၊ စေတသိက်အရှိပဲ ရုပ်အရှိပဲ၊ အဝိဇ္ဇာအရှိ၊ တဏှာအရှိ၊ ကံအရှိ၊ ဟုတ်လား။ ကံရှိတယ်၊ စိတ်ရှိတယ်၊ ဥတုရှိတယ်၊ အာဟာရရှိတယ်၊ ဒီလိုမဟုတ်လား။ အဲဒီအရှိတွေကို သင်ပြပေးထားတာဟာ ဓမ္မပါပဲတဲ့။ ဒါကြောင့်–

Dhamma is the doctrine of reality.

နောက် အဲဒါကတော့ ပရိသတ် သိပြီးပြီ။

Buddhism is a system togetrid of the life.

ဗုဒ္ဓတရားတော်က ဘာလုပ်သလဲ၊ အဲဒီ အရှိဖြစ်တဲ့တရားတွေကို ကျင့်သုံးယင် ဘာဖြစ်သလဲဆို--

ဘဝရဲ့ ဆင်းရဲဒုက္ခတွေကို ဖယ်ရှားနိုင်တယ်၊ ဟုတ်လား။ ဒီ ဗုဒ္ဓရဲ့ ဓမ္မတွေကို ကျင့်သုံးယင် ဘာအကျိုးရသလဲ၊ ဘဝရဲ့ ဆင်းရဲဒုက္ခ မှန်သမျှ အားလုံး ဖယ်ရှားပေးနိုင်ပါတယ်။ ဒီတော့ ကိုယ်ကျင့်တဲ့စရဏက ကိုယ့်ဒုက္ခကို ဖယ်ရှားပေးလိမ့်မယ်လို့ ဘုန်းကြီး ဟိုယခင်နေ့တစ်နေ့က ပြောထားခဲ့ပါတယ်။

မြတ်ဗုဒ္ဓ၏ ဓမ္မတို့သည် ဘဝရဲ့ လမ်းညွှန်

ဒါကြောင့်–

Buddhism is a right way of life.

ဘဝလမ်းညွှန် ကောင်းကောင်းပေးတဲ့ တရားတဲ့၊

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်ဟာ။

ဗုဒ္ဓလမ်းစဉ်ကို ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် နားလည်သွားကြပါပြီ။ ဘုန်းကြီး ပြုစုလာတဲ့ မှတ်စုလေးများ မှတ်တမ်းကလေးများ notes နုတ်ကလေး ကလေးများတော့ မကုန်သေးပါဘူး။ သို့သော် ဘုန်းကြီးတို့ တစ်ခုပြော ပါရစေ။

မနေ့က ဘာပြောသွားလဲ၊ သစ္စာတရားနော်။ သစ္စာတရားကိုပြော တော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လေးမျိုးထဲမှာ စိတ်နဲ့ စေတသိက် တို့ကို ဘုန်းကြီးတို့က သဘာဝတရားလေးတွေကို ဖော်ပြပြီးတော့ သစ္စာ ဖွဲ့ပြခဲ့ပါတယ်။ ဂူဃာနဲ့ မဇ္ဈိမနစ်လုံးရဲ့ သမုဒယသစ္စာ၊ ဒုက္ခသစ္စာဖြစ် ပုံကို ဘုန်းကြီးတို့ ပရိသတ်အား တင်ပြခဲ့ပါတယ်။ အဲဒါ တကယ့် အရှိ တွေကို သင်ထားတာပဲ မဟုတ်လား။ အဲဒါကြောင့်–

Dhamma is the teaching of reality.

အဲဒါတွေကို ဘုန်းကြီးတို့ပရိသတ် ဖယ်ပစ်ဖို့ ဒီဂူဃာနဲ့ မဇ္ဈိမကို ဖယ်ပစ်ဖို့၊ ဟုတ်လား။ ဂူဃာကို ဖယ်နိုင်ယင် တိုးတက်တဲ့လူကို မကျေနပ် စိတ် မရှိတော့ဘူး၊ မဇ္ဈိမကို ဖယ်နိုင်ယင် ဟို မရှိတဲ့လူတွေကို ဝေပေး မယ် ဆိုတဲ့စိတ်တော့ လွန်းကားလာမယ်၊ ဒီလိုမဟုတ်လား။ အဲဒီအခါမှာ လောက ကမ္ဘာကြီးရဲ့ ဒုက္ခတွေဟာ တတ်နိုင်သမျှ, နည်းနိုင်သမျှ နည်း သွားကြမှာပါ။ အဲဒါကြောင့် ဗုဒ္ဓတရားတော်သည်–

Buddhism is a system to getrid of the miseries of life,

ဗုဒ္ဓဟရားတော်သည် ဘဝဒုက္ခတွေကို ဖယ်ရှားပစ်တဲ့ တရားမျိုးလို့ ဘုန်းကြီးတို့ ဒီလိုပြောခဲ့ပါတယ်။

ဒါကြောင့် ဒီကနေ့တော့ ဗုဒ္ဓလမ်းစဉ်အရ၊ ဗုဒ္ဓကျင့်စဉ်အရ၊ သစ္စာတရားနဲ့ဆက်စပ်ပြီးတော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား လက်ဆောင်စကားတစ်ရပ်ကို နိဂုံးချုပ်အနေနဲ့ ပါးပါရစေ။ ဘုန်းကြီးတို့ ယရားပွဲခပ်များများမှာ ပြောဖူးတဲ့ ပုံပြင်ကလေးပေါ့၊ ဟာ–ဘယ့်နှယ် ကိုယ်တော်က တက္ကသိုလ်လာ ပုံပြောနေလားလို့ ဖြစ်လိမ့်ဦးမယ်။

## ပုံပြင်ကလေးတစ်ခုပြောမယ်

အလှူနိခန့်ညားတဲ့ အခမ်းအနားကြီးတစ်ခုမှာ ဂုဏ်သရေရှိတဲ့ ပရိသတ်ကြီးကို အလှူတရား စေတနာသဒ္ဓါကောင်းတဲ့ အိမ်ရှင် တစ်စုံတစ်ယောက်က အလှူမွန်မြတ်တဲ့ မြိန်ယှက်ဖွယ်ကောင်းတဲ့ စားဖွယ်ခဲဖွယ်တွေနဲ့ တည်ခင်းပြီး ကျွေးမွေးလိုက်တော့ ဧည့်ပရိသတ်တွေ စားလိုက်ကြတာ၊ ကောင်းလိုက်တဲ့ အစားအစာတွေ၊ နတ်သုဒ္ဓါလောက် ကောင်းတာတွေ စားပြီးတော့ အကုန်လုံးအီပြီးတော့ တစ်ခါတည်း မျက်ကြောစင်းကုန်ကြတယ်။ ဧည့်ခံပွဲကြီးတစ်ခုမှာ။

အဲဒီအခါ ဘာလုပ်ပေးမလဲ ဆိုတော့ မရမ်းသီး သနပ်ကလေး၊ သရက်သီးသနပ်ကလေး လိုက်ပါဦးဆိုတော့မှ ဟိုလူတွေက မျက်လုံးလေး ဘာလေးကျယ်လာပြီးတော့ နောက်တစ်ခွက်ထပ်ပြီးတော့ စားနိုင်အောင် သရက်သီးသနပ်ကလေးလို့ ဆိုချင်လဲ ဆိုပေါ့လေ၊ သစ္စာစကားကို ဘုန်းကြီးတို့ ပြောပါမယ်။

မုဆိုးတစ်ယောက် မျောက်သွားထောင်တယ်၊ ဘာနဲ့ ထောင်သလဲ ဆိုတော့ ငှက်ပျောသီးကလေးနှစ်လုံးနဲ့ မျောက်ထောင်တယ်၊ အုန်းသီးတစ်လုံး အညာဘက်ကနေ ဓားနဲ့လှီး အပေါက်ကလေးဖောက် နောက်တစ်လုံး အညာရင်းက ဓားနဲ့လှီး အပေါက်ကလေး ဖောက်သွားတယ်။ အုန်းသီးနှုရ ဓားနဲ့လှီးလိုက်ပြီး အုန်းရည်တွေသွန်ထုတ်၊ အဲဒီအပေါက်ထဲ ဘာထည့်လဲ စားစရာမုန့်တွေထည့်၊ အုန်းသီးပေါက်ကလေး ခပ်ကျဉ်းကျဉ်း အညာဘက်က ဖောက်ထားတာ ပရိသတ်ကြီးမြင်ပြီနော်။

မုန့်တွေထည့် အုန်းသီးပေါက်နှစ်လုံး မုန့်ထည့်လဲပြီးရော မျောက်ပေါတဲ့ သစ်ပင်အောက်သွားချ။ သစ်ပင်ပေါ်က မျောက်တွေ တရုံးရုံးနဲ့ အုန်းသီးစားချင်လှပြီ။ မုဆိုးက အုန်းသီးအနေအထား တည့်အောင်

ချတုန်းရှိသေးတယ်၊ အပင်ပေါ်က သွားရေတမြားမြားနဲ့ လှုပ်လှုပ်လှုပ်လှုပ် ဖြစ်ကုန်ကြပြီ။ ကိလေသာ တရားများ ကြောက်စရာ ကောင်းလိုက်တာ နော်....။

အုန်းသီးလေး အနေ အထား ပည့်အောင် ချပြီးပြီ ဆိုတော့မှ၊ အပေါက်လေးတွေ အပေါ်တားချပြီ ဆိုတော့မှ မုဆိုးက ခေးတစ်ချောင်း ကိုင်ပြီးတော့ အသာ ချုံထဲ သွားပုန်း ပြီးတော့ စောင့်၊ သစ်ပင်ပေါ်က မျောက်တွေဟာ တစ်ရှုံးရှုံးနဲ့ တစ်အုံးအုံးနဲ့ပြေးပြီးတော့ဆင်းလာကြတယ်၊ အုန်းသီးကနှစ်သီး မျောက်ကတစ်အုပ်ကြီး အတင်းလုကြတာပေါ့။

"အုန်းသီးက နှစ်လုံး မျောက်က တစ်အုပ်ကြီး မလုကြဘူးလား"

"လုပါတယ် ဘုရား"

### မစားရသူတွေကမကျေနပ်

ဒီကနေ့ ကမ္ဘာကြီးက အဲဒီ လိုပဲ၊ စားစရာ သောက်စရာ လေးက နည်းနည်းလေးကို။ တစ်ကမ္ဘာလုံးကဝိုင်းလုနေကြတာ။ ဟိုဘက်နား မှာ မုဆိုး ချောင်းနေတယ်တဲ့—

"ပရိသတ်ကြီး ဟိုဘက်နားမှာ ဘာရှိလဲ"

"မုဆိုးရှိပါ ဘုရား"

ဘယ်နားမှာလဲ၊မြင်အောင်ကြည့်၊ သူ့ နေရာနဲ့သူရှိတယ်၊နေရာတိုင်း မှာ မုဆိုးရှိတယ် ခေးတစ်ချောင်းနဲ့။ အုန်းသီးလေး နှစ်လုံးကို အတင်းလု မနေကြနဲ့။

အုန်းသီးအပေါက်က ကျဉ်းကျဉ်း ကလေးရယ်၊ မျောက်တွေက တစ်အုပ်ကြီး ဝိုင်းလုတော့ မျောက်အုပ်မှာ ဗိုလ်လုပ်တဲ့ အကောင်ကလဲ မျောက်အုပ်တိုင်း ရှိသကိုး။ ဗိုလ်လုပ်တဲ့ အကြောင်းက ဟိုကောင်ကိုက် ထုတ် ဒီအကောင်ကိုက်ထုတ် အုန်းသီးနှစ်လုံး သူတစ်ယောက်ထဲ ပိုက်ထား တယ်၊ ကျန်တဲ့မျောက်တွေ အကုန် ကိုက်ပစ်ပြီးတော့ နှစ်လုံး စလုံး ဘယ်လက်ထဲမှာ—

"ဘယ်သူ့ လက်ထဲမလဲ"

"မျောက်ဗိုလ်လက်ထဲမှာပါ ဘုရား"

အုန်းသီးက မျောက်ဗိုလ်ရဲ့ လက်ထဲမှာနေ၁်၊ နှစ်လုံးစလုံးပိုက်ထား တယ်၊ ဒီအကောင်က။ ဒီတော့ ကျန်တဲ့ အကောင်တွေက စားချင်လျက်နဲ့ ဘေးကနေ ထိုင်စောင့်ပြီးတော့ ငေးနေကြတယ်။ ဒီအကောင် တို့အုပ်စုမှာ ဗိုလ်လုပ်တဲ့ ဒီအကောင် နှစ်လုံးစလုံး သူချည်း စားမလို့ တို့များကော့ ဝေမလာဘူးဟဲ့၊ အံ့မယ်လေး ဣဿာနဲ့ မစ္ဆရိယ ဟုတ်လား။ စားရတဲ့ အကောင်က မစ္ဆရိယ၊ ဟိုမစားရတဲ့ အကောင်တွေကို ဣဿာ၊ ဒီလိုမဟုတ် လား....။

သော လော့ကသ မမှတာ၊ အဲဒါ လောကကြီးရဲ့ မမှတာ။

"မစားရတဲ့ အကောင်တွေ ဆောင့်ကြောင့် ထိုင်ပြီးတော့ ကျေနပ်ကဲ့လား"

"မကျေနပ်ပါ ဘုရား"

စားရတဲ့အကောင်ကို မစားရတဲ့ တစ်အုပ်ကြီးက မကျေနပ်တာ ဣဿာ။ စားရတဲ့အကောင်ကသူနှစ်လုံးရထားတာပဲ။ တစ်လုံးကိုတစ်အုပ် ဝေပေးလိုက်၊ သူတစ်လုံးစား တော်ရောပေါ့။

"နှစ်လုံးစလုံး ဘယ်သူ့မှ ဝေမပေးဘူးဆိုတာဘာလဲ"

"မစ္ဆရိယပါ ဘုရား"

အဲဒီမစ္ဆရိယ၊ သူသတ်လိမ့်မယ်။ အုန်းသီး နှစ်လုံးပိုက် ဗိုလ်လုပ်တဲ့ မျောက်က ဗယ်ဘက်က အုန်းသီး နိုက်ရ ကောင်းမလား၊ ယာဘက်က အုန်းသီး နိုက်ရ ကောင်းမလား ကြည့်လိုက်တာ၊ နောက်ဆုံး ကျတော့ အုန်းသီးတစ်လုံးကအပေါက်ကနေ နှာခေါင်းနဲ့ ရှူကြည့်တယ်။ နှာခေါင်းနဲ့ ရှူကြည့်တော့ ဘာအနံ့ရလဲ၊ မုန့်ဘော့အနံ့ရတယ်၊ ဘာမုန့်တွေများပါလဲ တောင်ကြီးကိတ်များလား၊ မွှေးလိုက်တဲ့ ဖြစ်ခြင်း၊ တက္ကသိုလ်က လုပ်တဲ့ မုန့်တွေများလားမသိပါဘူး။ အနံ့ကလေးရလာပြီနေ၁်။

## ရစရာရှိတော့ဖြန့်တယ် ရတော့ ဆုပ်ထားတယ်

ဘုန်းကြီးတို့ ပရိသတ်ရေ ဘုန်းကြီးတို့ ဟောပြောပွဲကြီး ပြီးယင် ဒီစမ္မာရုံကြီးမှာ ဆက်လက်ပြီးတော့ ဘာ အစမ်းအနား ရှိပါသေးလဲ။ ပဋ္ဌာန်းရွတ်ပွဲ အာသံမှုဝဲ ဟုတ်လား။

ဂန္ဓာရမ္မဏံ ဃာနဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဂန္ဓာရမ္မဏံ၊ အနံ့သည်။ ဃာနဝိညာဏ ဓာတုယာ၊ မျောက်ရဲ့ နှာခေါင်းမှာ ကိန်းဝပ်တဲ့ ဃာနဝိညာဉ်စိတ်အား။ အာရမ္မဏ ပစ္စယေန၊ အာရမ္မဏပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုနေတယ်။

အုန်းသီးထဲက ဂန္ဓာရုံ၊ မျောက်နှာခေါင်းက ဃာနဝိညာဉ်၊ အဲဒါ အာရမ္မဏ ပစ္စည်းတဲ့၊ ကျေးဇူးပြုနေသတဲ့၊ အဲဒါ ပဋ္ဌာန်းရွတ်ပွဲ ကျမှ ဆက်နာကြဗျာ။ ဂန္ဓာရမ္မဏံဃာနဝိညာဏ ဓာတုယာ ပဋ္ဌာန်းတရားဟော ယင်လဲ တော်တော်တော့ ဒီနေရာ စိတ်ဝင်စားဖို့ကောင်းတယ်။ စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ၊ မလွတ်ပါဘူး၊ ဟောလို့ရတယ်၊ ကိုင်း ရှိစေ။

နှာခေါင်းအနံ့လေး ကောင်းစွာရ၊ ဟာမွှေးတယ်ဟေ့ဆို အုန်း သီးပေါက်လေးကျဉ်းကို သူ့လက်ကလေး မဆန့်မပြဲနဲ့ အတင်းနှိုက် တယ်၊ အပေါက်လေးက ကျဉ်းကျဉ်းလေးရယ် ပရိသတ် သူ့လက်ဆံ့ လား၊ မဆံ့ဘူး၊ မဆံ့တော့ ဟိုကဖဲ့ ဒီကဖဲ့ နည်းနည်းဖွဲ့ ပြီးတော့ သူနှိုက်ကြည့်တယ်၊ နှိုက်လို့မှ မဆံ့။ နောက်ဆုံးကျတော့ အုန်းသီး ပေါက်ကို ဘယ်လိုလုပ်နှိုက်လဲ ဆိုတော့ လက်သီး ဆုပ်နှိုက်လို့တော့ ဒီလက် ဟာ အုန်းသီးပေါက်ထဲ မဝင်ဘူး။ ဘယ်လိုလုပ်နှိုက်မလဲ။ လက်ကလေး ကို ဆန့်ပြီးတော့ အသာလေးတည့်ရတယ်။

> "လက်ကလေးကို ဆန့်၍ ဖြန့်၍ ထည့်လိုက်တော့ လျော ကနဲဆို အုန်းသီးပေါက်ထဲကို ဝင်မသွားဘူးလား"
>
> "ဝင်သွားပါဘုရား"

ဘာဖြစ်လို့ ဒီလက်ဖြန့်နှိုက်တာလဲ၊ ဘုန်းကြီးတို့ပရိသတ် သစ္စာ တရား သဘောပေါက်လား၊ နည်းနည်းကလေး ရစရာရှိတယ်ဆိုယင် ဖြန့် ရတယ်။ ဖြန့်ရတယ်၊ ဟုတ်လား။ ရစရာရှိယင် ဖြန့်ရတယ်၊ ဟိုမှာက စား စရာကြီးက တစ်ဆုပ်ကြီးတွေ့ထားတော့ အံမယ် နည်းနည်းပါးပါးတော့ ဖြန့်ထားရတယ်။

လျှော့ကနဲဆို လက်ကလေး ဝင်လဲသွားရော မုန့်နဲ့ လက်နဲ့ တွေ့တော့ ဒီလက်ဖြန့်ဦးမလား။ မဖြန့်တော့ဘူး။ အဲဒီကျတော့ ဆုပ်ထားပြီ။ စောစောကဖြန့်တဲ့လူတွေ စောစောကဖြန့်တဲ့ မျောက်တွေပေါ့ဗျာ၊ လူမပြောပါဘူး။ အုန်းသီးခေါက်ထဲနှိုက်ပြီးတော့ မုန့်နဲ့လက်နဲ့ တွေ့ရော သူ့လက် ဘယ်လိုဖြစ်လဲ၊ ဆုပ်ထားတယ်။ ဆုပ်ပြီးတော့ပြန်ထုတ်။

"ဘုန်းကြီးတို့ ပရိသတ် လက်သီးဆုပ်ကြီးနဲ့ ပြန်ထုတ်ရသေးလား"

"မရပါဘုရား"

အဲဒီလက်ကလေး ပြန်ထွက်ချင်ယင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းလမ်းကို ဘုန်းကြီးတို့ ပရိသတ် နားလည်ရဲ့လား။ အုန်းသီးပေါက်ထဲက လက်ပြန်ထုတ်ချင်ယင် ဒီလက်ကို ဘယ်လိုလုပ်ရမလဲ နားလည်ရဲ့လား။ ဘယ်လို လုပ်ရမလဲ၊ ဆန့်ရမယ်၊ အဲဒီနည်းလမ်းကို နားလည်လျှင် Right understanding ဒီလိုနည်းလမ်းကိုမှနားမလည်ဘူးဆိုယင်တော့ Wrong understanding သေဖို့သာပြင်ထား။ အုန်းသီးပေါက်ထဲမှာ ဆုပ်ထားတာ သဘောပေါက်ပြီလား။

## နေရာတကာ ကြိုက်တာ တဏှာ

ရောက်ရာရောက်ရာဘဝမှာ ဆုပ်ထားတာ တွယ်ထားတာကို ဟိုမြေကြီး အမြစ်တွယ်သလိုပေါ့ပဲ။ မျိုးစေ့က ပေါက်လာတဲ့ အမြစ်သည် မြေကြီးမှာတွယ်သလို ဟုတ်လား၊ အုန်းသီးပေါက်ကလေးက ကျဉ်းကျဉ်းကလေး၊ အတင်းတိုးဝင်ပြီးတော့ ဆုပ်ထားတာ။ ဆုပ်ထားတယ် ဆိုကတည်းကိုက သဘောပေါက်ပြီး Craving တဏှာ၊ အရသာကို ကြိုက်သော တဏှာ။ အနံ့ကိုကြိုက်သောတဏှာ။

တိုးဦးပေါ့ဗျာ၊ အသံကိုကြိုက်တဲ့ တဏှာ၊ အတွေ့အထိကိုကြိုက်တဲ့ တဏှာ၊ ပရိသတ်ကြီး တဏှာတွေ တဏှာတွေ ဒီလိုမလာဘူးလား။ လာတယ်နော်။ အရသာကိုလဲ ကြိုက်တယ်၊ အနံ့ကိုလဲ ကြိုက်တယ်၊ အတွေ့အထိကိုလဲ ကြိုက်တယ်၊ အမွှေးကိုလဲ ကြိုက်တယ်၊ အသံကိုလဲကြိုက်တယ်၊ ဟိုဟာလဲ ကြိုက်တယ်၊ ဒီဟာလဲ ကြိုက်တယ်။ တတြ တတြာဘိနန္ဒိနီနော်။

တတြ တတြာဘိနန္ဒိနီ၊ ဟိုဟာကြိုက်တယ် ဒီဟာ ကြိုက်တယ်။

အဲဒါပေါ့ဗျာ၊ ဓမ္မာစကြာရွတ်တဲ့ အမျိုးကောင်းသမီးတွေ နားလည်ပြီနော်။ တတြဲ တတြာဘိနန္ဒိနီ ဟိုဟာလဲ နှစ်သက်တယ်၊ ဒီဟာလဲ နှစ်သက်တယ်။ ဟိုနေရာကြိုက်တယ်၊ ဒီနေရာကြိုက်တယ်။ ဟိုအရသာကြိုက်တယ်၊ ဒီအနံ့ကြိုက်တယ်လို့ တွေ့တွေ့သမျှ ရရသမျှကို ကြိုက်နေတဲ့ တတြ တတြာဘိနန္ဒိနီ။ ဟုတ်လား။

ယာယံတဏှာ၊ အဲဒီတဏှာသည်။ ပေါနောဗ္ဘဝိကာ ဒုက္ခတွေကို ထပ်ခါထပ်ခါဖြစ်စေလိမ့်မယ်။

ဟုတ်လား ဒီတဏှာမျိုးပဲတဲ့။ ဒုက္ခပေးတာ။ တတြ တတြာဘိနန္ဒိနီ ယာယံတဏှာ ပေါနောဗ္ဘဝိကာ ပြီးတော့ ဘာတဲ့လဲ၊နန္ဒီရာဂသဟဂတာ၊ နန္ဒီ နှစ်သက်တယ်။ ရာဂ –စွဲတယ်။နှစ်သက်ခြင်းစွဲမက်ခြင်းနဲ့ တကွဖြစ်နေပါတယ်။ နှစ်သက်လို့ စွဲနေလို့ ဆုပ်ထားတဲ့လက်ကြီးဖြန့်တောင်မဖြန့်နိုင်ဘူး၊ ဒီလိုမဟုတ်လား။ အေးဗျာ အဲဒါတဏှာနော်။

## သိပ်မနိုက်ကြနဲ့ မုဆိုးချောင်းနေတယ်

ကိုင်း နည်းလမ်းကို မသိရှာတဲ့ ဒီမျောက် ထွက်လမ်းကလေးကို ရှာမရတာ အဝိဇ္ဇာ၊ ဆုပ်ထားတာ တဏှာလို့ သဘောပေါက်။ ကိုင်း ဗယ်ဘက်က တစ်လုံးကျန်သေးတယ်။ ညာဘက်က လက်ထုတ်မရတော့ ဒီအတိုင်းထား။ ဗယ်ဘက်က အုန်းသီး လှမ်းနမ်းကြည့်တော့မွှေးတယ်ဟေ့ ဆို တစ်ခါနိုက်ပြန်ရောနော်။ နိုက်ယင် ဘယ်လိုလုပ်နိုက်လဲ ဆန့်၍ဖြန့်၍နိုက်ပါတယ်၊ အထဲရောက်တဲ့ လက်နဲ့မုန့်နဲ့တွေ့တော့ ဘာလုပ်လဲ၊ ဆုပ်ထားပါတယ်။

"ဗယ်လက်ကို ဆုပ်လျက်သား ပြန်ထုတ်တော့ ဒီလက်ကလေး ထွက်သေးသလား"

"မထွက်ပါဘုရား"

"ညာလက်ကော ထွက်သေးလား"

"မထွက်ပါ ဘုရား"

ဗယ်လက်လဲထုတ်မရ၊ ညာလက်လဲ ထုတ်မရ၊ ဘေးနားက မစားရလို့ မကျေမနပ်နဲ့ ထိုင်ကြည့်တဲ့ မျောက်တစ်အုပ်ကထတောင်ကချင်စိတ်ပေါက်နေပြီ။ တိုဝေမပေးဘူး။ နှစ်လုံးစလုံး သူချည်းစားတဲ့အကောင်သေတာပဲ ကောင်းတယ်ပေါ့။ ဘေးကနေဖြစ်ကြမယ်။ ဣဿာတရားက

အဲဒီလို ဒေါသအထိ အဆင့်တက်လာတယ်။ သူ့ဝမ်းစပ်ပါးကို ဒုက္ခဖြစ်ယင် ကျေနပ်တာကိုဗျ။ လောကကြီး သူ့ဒုက္ခပေးနေတာ။ ဗုဒ္ဓတရားသည် အဲဒီလို ယုတ်မာတဲ့သဘောတွေကို Get rid of အကုန်ဖယ်ပစ်တယ် နော်။

ကိုင်း ဗယ်ဘက်လက်ကော ယုတ်ရလား။ ညာလက်ကော၊ မရဘူး။ အဲဒီတော့ ဒီမျောက် အုန်းသီးထဲကမုန့်ကိုလဲ မစားရ၊ လက်နှစ်ဘက်လဲ ထုတ်မရ၊ ဘယ်လိုလုပ်မလဲ။ အဲဒီအချိန်မှာ ဟိုချုံထဲက ခေါးကိုင်စောင့်နေတဲ့ မုဆိုးက နားလည်တယ်။ သေချာပြီ၊ ဒီအကောင် ဒီအချိန်ဖမ်းရမယ်၊ စောင့်နေတာ သူပဲ၊ ပရိသတ်ကြီး မုဆိုးစောင့်နေတာ သိလား။ ကြည့်လုပ်–သိပ်မနိုက်ကြနဲ့ ဟုတ်လား။ မုဆိုးက တစ်နေရာက စောင့်နေတယ်။

ဒီအကောင်တော့ ခုတ်ပေါ့မှပဲ လိုက်ဟော့ဆိုပြီးတော့ ခေါးကိုင်ပြီး တောထဲက ထွက်ပြေးလဲလာရော ဟိုဘေးနားက မစားရလို့ ငေးနေတဲ့၊ အုန်းသီးကို မရရှာတဲ့ မျောက်တစ်အုပ်ကတော့ လွတ်လွတ်လပ်လပ် သစ်ပင်ပေါ် ပြေးတက်သွားကြတာ ဟိုသစ်ပင်ဖျားကနေ ကြည့်နေတယ်၊ ကြည့်နေတယ်။ လွတ်ကုန်ပြီတဲ့၊ အုန်းသီးမနိုက်မိတဲ့မျောက်တွေ ဘာဖြစ်လဲ။ လွတ်ကုန်ပြီ။

"နိုက်မိတဲ့ မျောက်ကြီး ပြေးလို့ရသေးလား"
"မရပါဘုရား"

မျောက်ပြေးပုံ မေ့သွားကြည့်

ပရိသတ်အပေါင်း သူတော်ကောင်းတို့က ဒီကနေ့ ဘယ်အခြေအနေမှာ ရှိသလဲ၊ ဒေါ့ ကိုယ့်ဟာကိုယ် ကြည့်ပေါ့။ ကိုယ့်အုန်းသီး ကိုယ်သဘောပေါက် ဟုတ်လား။ တစ်လုံးဆို တော်ပြီနော်။ နှစ်လုံးသုံးလုံး ဟိုအုန်းသီးလဲ နိုက်ချင် ဒီအုန်းသီးလဲနိုက်ချင် ဒီလိုတော့ မလုပ်ကြနဲ့။

အုန်းသီးတစ်လုံးမှမရတဲ့မျောက်တစ်အုပ်က လွတ်မြောက်သွားပြီတဲ့၊ ဟုတ်လား။ မုဆိုးလဲ ခေါးကိုင်ပြီးတော့ ခုတ်မယ်ဟော့ ဆိုပြီးတော့ ပြေးလာတဲ့ အချိန်မှာ ဟိုအုန်းသီးထဲက လက်ထုတ်မရတဲ့ အကောင်က ဘယ်လိုလုပ် ရြေးမလဲ၊ မျောက်ပြေးပုံကို ဘုန်းကြီးတို့ပရိသတ် စိတ်ကူးနဲ့ ပြေးကြည့်ပေါ့။ မျောက်ကလက်နှစ်ဘက်က အုန်းသီးကြီးထောက်ပြီးတော့ ဘယ်နှယ်လှုပ်ပြေး။

ဟာ အုန်းသီး နှစ်လုံးနဲ့ ထောက်ပြေးလို့ မရတော့ လေးဘက်ထောက်ပြေးနေကျ အကောင်ဟာ အုန်းသီးနှစ်လုံးပိုက်ပြီးတော့ မတ်တပ်ရပ်ပြီးတော့ နှစ်ဘက်ထောက်ပြေးတယ်။ နှစ်ဘက်ထောက်ပြေးမှုပိုဆိုးတာ၊ မပြေးနိုင်တော့ဘူး။ အဲဒီတော့ ပြေးယင်းပြေးယင်းနဲ့ နောက်ကလဲ မုဆိုးက မိလဲလာရော ဒီမနေရာပြေးစရာ အများကြီး၊ အုန်းသီးကြီး ပိုက်ပြီးတော့ ပြေးတဲ့အကောင်ဟာ လွတ်လွတ်လပ်လပ်မပြေးနိုင်ဘူး။ လွတ်မြောက်အောင် မပြေးနိုင်ဘူး။

အထုပ်ကြီးပိုက်ပြီး ပြေးမယ်ဆိုယင် ပရိသတ်ရေ ပြေးလမ်းမရှိဘူးဆိုတာကို သဘောကျ။ အထုပ်ပေါ့တဲ့ လူက သက်သာတယ်။ လုံးလုံးအထုပ်မရှိဘူး။ အထုပ်ချ ပြေးမယ် ဆိုယင် ဒီလူလွတ်တယ်။ ခန္ဓာ ငါးပါးဆိုတာ ဝန်ထုပ်ဝန်ပိုးကြီးတွေ ဖြစ်ပါတယ်နော်။ ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ တော်ဗ ါလေ။ ဘာရသုတ္တန်တွေ ဘာတွေ အသားထားပါ၊ ဟုတ်လား။

ဒီတော့ မုဆိုးက တအား နောက်က ခါးနဲ့ လိုက်တော့ အုန်းသီးနှစ်လုံးပိုက်ပြီးရော့ ပြေးရှာတဲ့မျောက်သည် ပြေးလို့ကမရ၊ လေးဘက်ထောက်လဲ မပြေးနိုင်၊ နှစ်ဘက်ထောက်လဲ မပြေးနိုင်၊ အုန်းသီးပိုက်ပြီးတော့ ပြေးယင်းပြေးယင်းနဲ့ မုဆိုးက မိလာတော့ အနီးရှိ သစ်ပင်ကိုဖက်ပြီးတော့ တက်ကြည့်တယ်။ အုန်းသီးကြီး နှစ်လုံးနဲ့ ဗယ်ညာ သစ်ပင်ကိုပိုက်ပြီးတော့ ဖက်တော့ ဒီကောင်ဖက်လို့ ရမလား၊ မရဘူး။ အုန်းသီးနှစ်လုံးနဲ့ သစ်ပင်ကြီးဖက်ပြီး ခုန်လဲတက်ရော လျှောကနဲဆို သစ်ပင်ရင်းဖင်ထိုင်ပြီးတော့ ကျတယ် ဟုတ်လား။

ဘုန်းကြီးတို့ ပရိသတ် အထုပ်ကြီးတဲ့လူဟာ ဒါဒီလိုပဲနော်။ အဲဒါကြောင့် သိပ်မနိုက်ကြနဲ့။ နည်းနည်းပါးပါးဝေပေး၊ သူများလဲ စားပါစေ။ ဟိုမှာ မစားရတဲ့ကောင်တွေက မကျေနပ်ဘူး၊ ခုမှ သူတို့ကျေနပ်သွားတယ်၊ ဟုတ်လား။

တို့ အုန်းသီးမနိုက်မိတာ သက်သာမလေခြင်းဟဲ့ ဆိုပြီး ဟိုမျောက်တစ်အုပ် အခုမှ ကျေနပ်သွားတယ်။ ပရိသတ်ကြီး အုန်းသီးမရတာ ချမ်းသာကြောင်း နောက်မှသိမယ်။ ခုတော့ မရတာ မကျေနပ်ဘူး ဒီလိုဖြစ်နေကြတယ်။

ဒီတော့ အုန်းသီးလေးပိုက် သစ်ပင် ပြေးတက်တဲ့ မျောက် ဘာဖြစ် လျှောကနဲ သစ်ပင်ပေါ်က ဖင်ထိုင်ကျတော့ ဘာဖြစ်လဲ၊ မုဆိုးခေါ်နဲ့ ခုတ်လို့ သစ်ပင်ရင်းမှာသေရှာပါတယ်တဲ့။ အုန်းသီးပေါက်ထဲက လက်ကို မဆန့်နိုင်တဲ့မျောက်သည် သစ်ပင်ရင်းမှာသေရပါတယ် ဟုတ်လား။ အုန်းသီး ထဲကမုန့်ကို ဆုပ်ပြီးတော့ မဆန့်နိုင်တဲ့ မျောက်သည် ဘာဖြစ်လဲ၊ သစ်ပင် ရင်းမှာ သေရတယ်။

နောက်နားက ချောင်းနေတဲ့ မုဆိုးဆိုတာက အို-နာ-သေ ဟုတ် လား။ အို နာ သေ၊ ဇရာ ဗျာ ဓိ မရဏာနော်။

အို နာ သေတဲ့၊ အဲဒါ မုဆိုး။ ပရိသတ် စောင့်နေပြီ၊ ဟုတ်လား။ တချို့ မုဆိုးခေါ် တော်တော်တောင် ခုတ်ထားပြီးတင်တယ်။ ဇရာဆိုတဲ့ မုဆိုးခုတ်ထားတာ။ တချို့ဆံပင်က ပြောင်မွေးလို ဖြစ်သွားပြီ။ သွား သုံးဆယ့်နှစ်ချောင်းကလဲပဲ နှစ်ချောင်း သုံးချောင်း ကျန်လို့ အစားထည့် ထားရတယ်။ ပါးကလေးတွေကလဲ အိမ်မောင်းနေတဲ့ဥစ္စာလဲ ခရမ်းသီး နေလှန်းထားသလို ဖြစ်သွားတယ်။ ဇရာမုဆိုး ခုတ်ထားတာ ဟုတ်လား။

ဗျာဓိမုဆိုး ခုတ်ထားလို့ ဆေးရုံမှာ လူတွေ မရေနိုင်ဘူး။ မရဏ မုဆိုးခုတ်ထားလို့ ကြံတောမှာ လူပေါင်းမရေနိုင်ဘူး။ မုဆိုးဆိုတာ ဇရာ၊ ဗျာဓိ၊ မရဏ၊ နောက်နားမှာ ကပ်နေတယ်။ အဲဒီလို နောက်နားမှာ မုဆိုး က သတ်မလို့ ကပ်နေပါလျက်နဲ့ အုန်းသီးပေါက်ထဲက မုန့်ကို အတင်းသာ ဆုပ်ထားယင် အဲဒီလူဟာ ဒုက္ခပဲ။

## သမုဒယနဲ့ ဒုက္ခ သစ္စာကို မြင်ယင်

အဲဒါကြောင့် ဆန့်ကြပါ၊ ဖြန့်ကြပါ။ ပရိသတ်ကြီး ဘာတဲ့လဲ၊ ဆန့်ကြပါ၊ ဖြန့်ကြပါ။ အဲဒီတရားကို ဘုန်းကြီးတို့ ဆရာကြီး ဒေါက်တာ မင်းတင်မွန် အကြိုက်ဆုံး နေမှာပဲ၊ ဆန့်ကြပါ၊ ဖြန့်ကြပါ၊ ဟုတ်လား။ ဓမ္မာရုံကြီး လှလှပပ ဖြစ်အောင် ဆန့်ကြပါ၊ ဖြန့်ကြပါ။ ဆုပ်ထားတဲ့ လူတွေ ဘာဖြစ်လဲ၊ ဒုက္ခ ဟုတ်လား။

ဒီတော့ ဆုပ်ထားမယ်ဆိုတာ သဘောပေါက်ပြီလား။ အုန်းသီး ကို ပိုက်ထားသလို ရောက်ရာဘဝမှာ အလေးတွယ်ထားတာ ဘဝတဏှာ။ အုန်းသီးထဲကမုန့်ကို ဆုပ်ထားသလို ရတဲ့ စည်းစိမ် ဥစ္စာကလေး အတင်း

ဆုပ်ထားတာ ကာမတဏှာ၊ အဲဒီတဏှာသည် သမုဒယသစ္စာ။ ဘဝဟူသည် ထွက်ပေါက် အလွန်ကျဉ်းပါတယ်။ အုန်းသီးပေါက်လိုပဲ၊ ဟုတ်လား။ ဘဝသံသရာဆိုတာ ထွက်ပေါက် အလွန်ကျဉ်းပါတယ်။ အုန်းသီးပေါက်လိုပဲ။

သို့သော် လူသားတွေ ထွက်ပေါက်အလွန်ကျဉ်းတဲ့ အဲဒီ ဘဝထဲမှာ အတင်းတိုးပြီးတော့ ဝင်နေကြတယ်။ လျှောက်သွားတော့ ဘာလုပ်သလဲ၊ ရတာလေးတွေကို အတင်း ဆုပ်ထားမိကြတယ်။ ဆုပ်ထားတော့ ဘာဖြစ်သလဲ၊ မုဆိုးလက်ချက်နဲ့ မျောက်ကလေး သေရှာတယ်။

ဒီအတိုင်းပဲတဲ့၊ ဘဝနဲ့ကာမ၊ ကာမနဲ့ဘဝ ဒီနှစ်ခု အတင်းတွယ်ထားတဲ့တဏှာသည် သမုဒယသစ္စာပေါ့ကွား။ ဘဝသံသရာက ထွက်ပေါက်မရပဲ ထပ်ခါထပ်ခါ အို၊ နာ၊ သေ၊ ဖြစ်နေရတာဟာ ဒုက္ခသစ္စာပေါ့ကွား၊ ဟုတ်လား။ အဲဒီ သစ္စာ နှစ်ခု အကြောင်း အကျိုး ဆက်စပ် နေပုံကို ရှုတဲ့ မြင်တဲ့ဉာဏ်သည် သမ္မာဒိဋ္ဌိပေါ့ကွား။

ဒီအကြောင်း အကျိုးကို မှန်ကန်စွာ စဉ်းစားတာက သမ္မာသင်္ကပ္ပဖြစ်ပါတယ်။ မဂ္ဂင်လမ်းကြောင်းကြီးကို ဘုန်းကြီးတို့ပရိသတ် ဝင်သွားနိုင်အောင် ကြိုးစားကြပါလို့ ဘုန်းကြီးတို့ ပရိသတ်အား တိုက်တွန်း ပါတယ်၊ ဟုတ်လား။

ကိုင်း– ဘုန်းကြီးတို့ပရိသင်ျများ၊ ဗုဒ္ဓလမ်းစဉ်နှင့် သစ္စာတရားကို ပြန်လည်ဆက်စပ်၍ ပြောပြလို့ ဒီကနေ့ ပြီးပြည့်စုံပါပြီ။ နိဂုံးချုပ်အားဖြင့်တော့ အုန်းသီးပေါက်နှိုက်ထားတဲ့ မျောက်လက်လို ဖြစ်နေတဲ့ တဏှာတဲ့။ ကာမတဏှာ၊ ဘဝတဏှာကိုဒီကနေ့ ဆန့်ကြပါ၊ ဖြန့်ကြပါ။ ရှိတာလေးတွေ ထုတ်ကြပါ၊ ဓမ္မာရုံကြီးကို အလှုပြင်ကြပါ။ ပြီးပါပြီ။ ကိုင်း– နိဂုံးချုပ်ကြရအောင်။

(နမော ဝိဘဇ္ဇဝါဒိနော ဖြင့် အခမ်းအနား ရုပ်သိမ်းမည်။)

# (၇) ချမ်းသာအစစ်

## REAL PEACE

၁၃၄၆–ခု၊ ဝါဆိုလဆန်း ၇ ရက် (သတ္တမနေ့)
(၄–၇–၈၄)

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၏ ဗုဒ္ဓဘာသာ အခြေခံ သဘောတရားများ ဟောပြောပွဲအစီအစဉ်ကို အချိန်ရောက်ပြီဖြစ်၍ ဗုဒ္ဓ ပဏာမနှင့် စတင်ဖွင့်လှစ်ကြပါစို့။

(နမော ဝိဘဇ္ဇဝါဒိနောဖြင့် အခမ်းအနားဖွင့်သည်)

## ဗုဒ္ဓဝါဒအရ ကိုးကွယ်မှု

ယမန်နေ့ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့အား ဘုန်းကြီးတို့ ဘာတရား၊ ဘယ်ဟောပြောချက်၊ ဘယ်ခေါင်းစဉ်ကိုဟောခဲ့ ပါသလဲ။

ဗုဒ္ဓလမ်းစဉ် – Buddha's way in the eight fold noble path.

ဗုဒ္ဓလမ်းစဉ်ဆိုတာ မဂ္ဂင် ရှစ်ပါး။ ထို မဂ္ဂင်ရှစ်ပါး၌ အရေးကြီး ဆုံးက သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါတယ်။ သမ္မာဒိဋ္ဌိ–အမြင်မှန်ဖို့၊ အသိမှန်ဖို့ အယူအဆမှန်ဖို့ ဆိုတာတွေကို ဘုန်းကြီးတို့ ပြထားခဲ့တယ်။ အသိအမြင် အယူအဆ မှားပြီဆိုတာနဲ့တပြိုင်နက်တည်း ဗုဒ္ဓဝါဒအရ ကိုးကွယ်မှုဟာ ပျက်စီးနိုင်ပါတယ်၊ သို့မဟုတ် ညှိုးနွမ်းနိုင်ပါတယ်၊ အသိအမြင် အယူ အဆ မှားလို့ရှိရင် ဗုဒ္ဓဝါဒအရ ကိုးကွယ်ခြင်းသည် ပျက်စီးနိုင်ပါတယ်၊ မပျက်စီးတောင်မှ ညှိုးနွမ်းသွားနိုင်ပါတယ်။

အဲဒါကြောင့် ဗုဒ္ဓဝါဒအရ ဗုဒ္ဓကိုးကွယ်မှု၊ ဓမ္မကိုးကွယ်မှု၊ သံဃာ ကိုးကွယ်မှုဆိုတဲ့ ထိုကိုးကွယ်ခြင်း။ ဒါကို ဘုန်းကြီးတို့ ပါဠိစာလုံးကတော့ "သရဏဂမန" ဒီလို သုံးထားတယ်။ သရဏဂမန-အဲဒါကို တခြားနည်း မြန်မာလို ဘာသာပြန်ဖို့ရန် ဝေါဟာရ အခက်အခဲရှိတော့ သရဏဂုံလို့ ဒီလိုပဲခေါ်တယ်။ သရဏ သ-ရ-ဏ၊ ပြီ တော့ ဂမန။ သရဏဂုံ၊ဗုဒ္ဓ ဓမ္မ သံဃာအားကိုးကွယ်ခြင်းကို ဘုန်းကြီးတို့ ပါဠိတော်ဝေါဟာရနဲ့ သရဏဂုံ ဒီလိုခေါ်တယ်။

သရဏဆိုတဲ့ပုဒ်က ကိုးကွယ်ရာသုံးပါး ဒီဒဲ့ဓိပ္ပာယ်ရတယ်။နောက် ...ဂမနဆိုတဲ့ပုဒ်က ကိုးကွယ်ရာ သုံးပါးကို ကိုးကွယ်ခြင်း ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ နှစ်ခုပေါင်းလိုက်တော့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာဆိုတဲ့ ရတနာ

သုံးပါးအား ကိုးကွယ်ခြင်း၊ အဲဒါကို သရဏဂုံလို့ ဒီလို ခေါ်တယ်။ ထိုသရဏဂုံ၌ ဘာပြဋ္ဌာန်းထားသလဲလို့ဆိုရင် အဲဒီစာလုံးကိုတော့ ဘုန်းကြီးတို့ ရေးပြဖို့ လိုပါလိမ့်မယ်။

သရဏ ပုဒ်က ကိုးကွယ်ရာသုံးပါး။

ဘုရား၊ တရား၊ သံဃာ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ။

ဂမနပုဒ်က ကိုးကွယ်ဆည်းကပ်ခြင်း။

သရဏဂမန သရဏဂုံ၊ ဗုဒ္ဓ ဓမ္မ သံဃာအား ကိုးကွယ်ဆည်းကပ်ခြင်း၊ ဒီအဓိပ္ပာယ်ရတယ်။ ဟိုဘက်က Religion နဲ့ မတူပါဘူး၊ အဲဒီ ကိုးကွယ်ဆည်းကပ်ခြင်းမှာ ဘယ်စေတသိက်များ ပြဋ္ဌာန်းသလဲဆိုတော့

သဒ္ဓါမူလိကာ သမ္မာဒိဋ္ဌိ။

သဒ္ဓါမူလိကာ၊ သဒ္ဓါလျှင် အကြောင်းရင်း ရှိသော၊ (ဝါ) သဒ္ဓါကို အရင်းခံပြုထားသော၊ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိပါပဲ။

## သရဏဂုံ ပျက်စီးခြင်း အကြောင်းရင်း

သရဏဂမနမှာ ဘာပြဋ္ဌာန်းတုံးဆိုတော့ ကြောက်စိတ် မပြဋ္ဌာန်းဘူး၊ ဟိုစတဲ့နေ့ကပြောခဲ့တယ်၊ ဘယဘတ္တိတာ၊ ပရိသတ် မမေ့သေးဘူး လို့ထင်ပါတယ်။ ဘယဘတ္တိတာ Awe လို့ခေါ်ဆိုရတဲ့ ကြောက်စိတ်မျိုး မပြဋ္ဌာန်းဘူး။ ဘာပြဋ္ဌာန်းလဲဆိုတော့ သဒ္ဓါမူလိကာ-သဒ္ဓါ အရင်းခံ ရှိသော သမ္မာဒိဋ္ဌိ၊ သဒ္ဓါကို အခြေခံထားတဲ့ သမ္မာဒိဋ္ဌိပါတဲ့၊ သရဏဂမန မှာ ဘယ်စေတသိက် ပြဋ္ဌာန်းတုံး၊ သဒ္ဓါနဲ့ သမ္မာဒိဋ္ဌိ ဟုတ်လား။

သဒ္ဓါအကြောင်းကို ဘုန်းကြီးတို့ ထပ်မံ ရှင်းပြဖွယ် မလိုအောင် ပြီးပြည့်စုံခဲ့ပြီ။ သမ္မာဒိဋ္ဌိ အကြောင်းကို ထပ်မံ ရှင်းပြဖွယ် မလိုအောင် ပြီးပြည့်စုံစွာ ပြောပြထားခဲ့ပြီးပြီ။

ဒီတော့ ဗုဒ္ဓ ဓမ္မ သံဃာအား ကိုးကွယ်ခြင်းဆိုတဲ့ သရဏဂုံသည် ဘယ်အခါပျက်စီးသလဲဆိုရင် အဲဒီ စေတသိက်နှစ်လုံး အားနည်းတဲ့အခါ ပျက်စီးတာပါ။ သဒ္ဓါ သမ္မာဒိဋ္ဌိ အဲဒီ စေတသိက်နှစ်လုံး ပျက်စီးလို့ရှိရင် ညှိုးနွမ်းလို့ရှိယင် သရဏဂုံ ညှိုးနွမ်းတယ်လို့ ခေါ်ပါတယ်။ အရင်းခံက ဘယ်သူလဲ၊ သဒ္ဓါ။ သဒ္ဓါကို အရင်းခံပြီးမှ ဘာဖြစ်ရမလဲ၊ သမ္မာဒိဋ္ဌိ ဖြစ်ရတယ်။

သဒ္ဒါမူလိကာ၊ မူလိကာ—မူလ၊ မူလဆိုတာ အမြစ်ပဲ။ သဒ္ဒါကို အမြစ်သဖွယ် အခြေတည်ပြီးမှ သမ္မာဒိဋ္ဌိက ဖြစ်ရတာ။ အဲဒီတော့ သဒ္ဒါ ပျက်တာနဲ့ သို့မဟုတ် သဒ္ဒါ ညှိုးနွမ်းတာနဲ့ ဘာဖြစ်လာလဲ။ သမ္မာဒိဋ္ဌိဟာ ပျက်တယ်။ ဒီတော့ သဒ္ဒါ ဘယ်အခါ ညှိုးနွမ်းနိုင် ပျက်နိုင်တုံး။ သရဏဂုံ ဘယ်အခါ ညှိုးနွမ်းနိုင် ပျက်နိုင်တုံးဆိုရင်—

သရဏဂမန၊ သရဏဂုံသည်။ အညာဏ သံသယ မိစ္ဆာညာဏာဒီဟိ၊ အညာဏကြောင့် သံသယကြောင့် မိစ္ဆာဉာဏ် စသည် တို့ကြောင့်။ သံကိလိဿတိ၊ ညှိုးနွမ်းနိုင်တယ်။

ဗုဒ္ဓ ဓမ္မ သံဃာအား ကိုးကွယ်တဲ့ သရဏဂုံ ဘယ်အခါ ပျက်စီးနိုင်တုံးဆိုတော့ အညာဏဖြစ်ရင် သံသယဖြစ်ရင် မိစ္ဆာဉာဏ်တွေ ဝင်ရောက်လာရင် သရဏဂုံ ပျက်စီးနိုင်တယ်။

ဒီကနေ့ခေတ် အမျိုးကောင်းသားလေးတွေ အမျိုးကောင်းသမီးလေးတွေ ဗုဒ္ဓ၊ ဓမ္မ သံဃာအား ကြည်ညို သိမှတ် ဆည်းကပ်တဲ့ သရဏဂုံ ပျက်စီးဖို့ရန် အနှောင့်အယှက်တွေ၊ အနှောင့်အယှက်တွေဟာ ဘာတွေလဲ၊ အညာဏ-မသိမှု။ ဘာမသိလဲ၊ ကိုယ့် ဘုရားအကြောင်း ကိုယ်မသိဘူး။ ကိုယ့်ဓမ္မအကြောင်း ကိုယ်မသိဘူး၊ ကိုယ့်သံဃာအကြောင်း ကိုယ်မသိဘူး။ အဲဒီလို အညာဏ-မသိမှု အားကြီးရင် ဒီဗုဒ္ဓဝါဒအရ ကိုးကွယ်မှုဟာ ပျက်စီးသွားနိုင်ပါတယ်။

## နပိုလီယံတို့ အကြောင်းတော့ သိထားကြတယ်

ဗုဒ္ဓ ဘယ်နေရာ ဖွားသလဲ၊ မန္တလေးမှာ ဖွားတယ် တဲ့၊ သွားပြီ၊ အဲဒါဆိုရင်တော့ ဗုဒ္ဓဟာ ဘာလူမျိုးလဲ၊ မြန်မာလူမျိုးပါ။ ပြီးရော၊ အဲဒီကစ မသိရင် ဒုက္ခများကြပြီ။

မင်း နပိုလီယံ သိသလား၊ ဟာ—သိတာပေါ့။ နပိုလီယံ ဆိုတာ ဘာလူမျိုး၊ ဥရောပမှာ ဘယ်လောက်တောင် စစ်ဘုရင်ကြီး အဖြစ်နဲ့ ကျော်ကြားတယ်။ အမေဘယ်သူ အပေဘယ်သူ ဘယ်သက္ကရာဇ်မှာ ဖွားတယ်၊ ဘယ်သက္ကရာဇ်မှာ သေတယ်။ နပိုလီယံက ရည်းစားတောင် ဘယ်နှစ်ယောက် ရှိတယ်တော့၊ သိလိုက်တာ ကြေကြေ ညက်ညက်။

ဗုဒ္ဓအကြောင်း သိလား၊ သိပါတယ်၊ ဗုဒ္ဓ ဘယ်မှာ ဖွားသလဲဆိုတော့ မန္တလေးမှာ ဖွားတယ်ဆိုကော့ ပြီးရော၊ ဟုတ်လား။ မင်းကော

ကွန်မြူနစ် ဝါဒကြီးကို စတင် ဖော်ထုတ်ခဲ့တဲ့ ကားလ်မတ်စ်ကို သိလား၊ ဟာ သိတာပေါ့ကွ၊ ဂျာမနီသား ဂျာမနီ လူမျိုး၊ ဘာညာ တိုင်းပြည် ဖွားတယ်။ သည်ကွန်မြူနစ်ဇင် The communism ကိုသူဘယ်တုန်းက ဖော်ထုတ်ခဲ့တယ်၊ သိလိုက်တာ ကြေကြေညက်ညက်ကို သိတယ်။

ဗုဒ္ဓ ဘယ်နေရာ ငရိန်ဗွာန် စံသပေဲ ဆိုတော့ ဟို ပုဂံ လျှောင်လှုပ် တုန်းက ပျက်သွားတယ်၊ ပြီးရော။ ပုဂံလျှောင်လှုပ်လို့ ဘုရားတွေ ပြိုသွား တယ်လို့ပဲ ထင်ထားတာကို။ ဒီကနေ့ လူငယ်ကလေးတွေမှာ အဲဒီလိုဖြစ်နေ ကြပါတယ်။ ခပ်များများပေါ့၊ အကုန်လုံးတော့လဲ မဆိုလိုပါဘူး။

ဒါကြောင့် အိတ်ထဲမှာ စာအုပ် သေးသေးကလေး ဆောင်ထားပြီး တော့ ကိုယ့်ဘုရားအကြောင်း သိစေချင်လို့ သေးသေးလေး ပြုစုပြီးတော့ လက်ဆောင်ပါးလိုက်ပါတယ်။ အညာဏ အဲဒီလိုသာ မသိပဲဖြစ်နေကြယင် ဓမ္မတရားဆိုတာကို ဘယ်လိုဟာလဲ၊ သံသ—သံသာဆိုတာ ဘယ်လိုဟာလဲ။ ဒီအကြောင်းအရာတွေကို ကောင်းမွာ မသိတဲ့ အညာဏတွေ အားကြီးနေ ယင်တဲ့ ဘာဖြစ်မလဲ၊ ဗုဒ္ဓဝါဒအရ ဗုဒ္ဓကို ကိုးကွယ်မှုတွေ အားနည်းနိုင် တယ်၊ ဟုတ်လား။

သံသယတဲ့၊ သံသယ - ယုံမှားမှုတွေ၊ ဗုဒ္ဓ ဆိုတာ သစ္စာကို သိတဲ့ ပုဂ္ဂိုလ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား။ အံမယ် — ဒီလို တွေးလာတယ်။ ဗုဒ္ဓဆို တာ Philosopher တစ်ယောက် ပါပဲကွာ၊ ဟောပြီးရော၊ အဆင့်ကိုနိမ့် သွားတယ်။ အဲဒီလို ကိုယ့်ဘုရားပေါ်မှာ သံသယလေးတွေ သံသယလေး တွေ ဖြစ်ဖြစ် လာကြတယ်။ ကိုယ်ကျင့် တရား ပေါ်မှာ သံသယ လေးတွေ ဖြစ်ဖြစ်လာကြယင် အဲဒီ သံသယသည် ဘာဖြစ်လဲ သဒ္ဓါကို အားနည်းစေ တယ်၊ အညာဏ—မသိမှုသည် ခုနက ပြောတားတဲ့ သဒ္ဓါကို အားနည်းစေ တယ်၊ သံသယသည် သဒ္ဓါကို အားနည်းစေတယ်၊ ဟုတ်လား။

အညာဏ — မသိမှု၊ သံသယ — ယုံမှားမှု၊ ဗုဒ္ဓရဲ့ တရားတော်သည် ဘယ်လိုတရားမျိုးပါလဲ၊ အို — ဗုဒ္ဓ တရားဆိုတာကွာ Philosophy ပါပဲ၊ ပြီးရော၊ အဲလို လိုယင် သွားကြရော။ ဒါကြောင့် ဘုန်းကြီးတို့ ငရိသတ်ကို ဂိလိဆိုဂိုထေ ဟိုးမှန်နေတဲ့အချက်တွေရှိကြောင်းကို မနေ့က လိုရင်းကလေး ဟောပြီးသားပြီ ပြီ။

## ဗုဒ္ဓသည် ဖီလိုဆိုဖီ သမားလား

Philosophy ဖီလိုဆိုဖီဆိုတာထဲမှာ practice ဆိုတာမျိုး မပါဘူး။ Knowledge ကို သူတို့ ဦးစားပေးတယ်။ အဲဒီ philosophy က ရတဲ့ အသိဉာဏ်ဟာ ကျင့်သုံးလို့ရတဲ့ အသိဉာဏ်မျိုးလား၊ တွေးတောကြံဆလို့ရတဲ့ အသိဉာဏ်မျိုးလားဆိုယင်၊ တွေးတော ကြံဆလို့ရတဲ့ အသိဉာဏ်မျိုး ဖြစ်တယ်။ Philosophy နဲ့ Buddhism နဲ့ သိပ်ကွာတယ်။ ဒါကြောင့် ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဒီဓမ္မတွေကို၊ သစ္စာ တရားတွေကို—

အတက္ကာဝစရ ပဏ္ဍိတ ဝေဒနီယာ—လို့

မြတ်စွာဘုရားက ဒီလို မိန့်ထားတယ်။

ငါတို့ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သစ္စာ တရားတွေဟာ ဘယ်လို တရားတွေလဲလို့ ဆိုတော့ အတက္ကာ ဝစရတဲ့၊ အကြံကြီးသူတို့ရဲ့ အရာဌာန မျိုး မဟုတ်ဘူး။ အကြံကြီးတဲ့ တွေးခေါ် မြော်မြင်ရေး ပညာရှင်တို့ရဲ့ အရာမျိုး မဟုတ်ဘူး။ ပဏ္ဍိတဝေဒနီယာ ဉာဏ်ရှိသူတို့ရဲ့အရာ-

အတက္ကာဝစရ ပဏ္ဍိတ ဝေဒနီယာ။

(ဝိနယ မဟာဝဂ္ဂပါဠိတော်)။

ဒီစကားရပ်ကို ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ ရောက်ပြီး ခါစ လေးဆယ့် ကိုးရက်အတွင်း ဗောဓိပင် တစ်ပတ်လည်မှာ ဘယ်သူ့မှ တရားမဟောသေးဘဲနဲ့ တစ်ပါးတည်း ချမ်းသာစွာ နေစဉ်မှာ ဒီအကြံ အစည် မျိုးတွေ ဗုဒ္ဓရဲ့ စိတ်ထဲမှာ ပေါ်ခဲ့ဖူးပါတယ်။ အတက္ကာဝစရ ပဏ္ဍိတဝေဒနီယာ။ အတက္ကာဝစရ-တက္က ပုဂ္ဂိုလ်ရဲ့ အရာ မဟုတ်ဘူး။ ပဏ္ဍိပုဂ္ဂိုလ်တို့ရဲ့ အရာမဟုတ်ဘူး၊ တက္ကဗေဒရဲ့ အရာ မဟုတ်ဘူး။ "အတက္ကာဝစရ" ဒီစာလုံးကို မှတ်သားထားပါ။

အတက္ကာဝစရ၊ ဒါဖြင့် တက္ကအကြံသမားတွေရဲ့ အရာ မဟုတ်ဘူး၊ တွေးတောပြီးမှရတဲ့ တရားမျိုး မဟုတ်ဘူး။ ဘယ်လို တရားမျိုးလဲ၊ ပဏ္ဍိတ ဝေဒနီယာ ဉာဏ်ရှိသူတို့ရဲ့ အရာ။ အဲဒီ ဉာဏ်က ဘယ်ကနေ ရမလဲဆိုတော့ ကျင့်သုံးမှုကရပါတယ်။ မနေ့က အဲဒီအကြောင်းကို ဘုန်းကြီးတို့ ပရိသတ် အပေါင်းကို အားး ပြောပြခဲ့တယ်။

**Buddhism lays Special emphasis on practice and realization**

အကျင့်ပေါ်မှာ အသိဉာဏ်ပေါ်မှာ မှီပြီးတော့ ဗုဒ္ဓဝါဒကို ကျင့်သုံးရပါတယ်။ အကျင့်မပါ အသိဉာဏ်မပါပဲနဲ့၊ ကြံစည်တွေးတော ချက် သက်သက်နဲ့ ဒီလို ပရမတ္ထတရားမျိုးကို မသိနိုင် ဝရနိုင်ကြပါဘူး ။ အဲဒါကို ဘာပြောလဲ အဘက္ကာဝစရ၊ ရလောက်ပါပြီနော်။ အဘက္ကာ ဝစရ ဘာဖြစ်လဲ ကြံလို့မရဘူး။ ပစ္စတ္တံဝေဒိတဗ္ဗော ဉာဏ်ရှိသူတို့ရဲ့ သိအပ်သော တရား။ အဲဒီဉာဏ် ဘယ်ကရလဲ၊ အကျင့်ရကာကို မှီ၍ ရတယ်၊ တွေးခေါ်မြော်မြင်လို့မရဘူး ။

အဲဒါကြောင့် ဗုဒ္ဓသည် philosopher တစ်ယောက်ပါပဲ ဆိုယင် ဒီစကားရပ်တွေနဲ့ သိပ်ပြီးဘာခြားစီ ဖြစ်သွားပြီ။ philosopher က တွေး ရုံပဲ တွေးတောတာ မကျင့်ဘူး။ အဲဒါကြောင့် ဗုဒ္ဓဆိုဘာ philosopher တွေးခေါ်မြော်မြင်ရေး တစ်ယောက်၊ Buddhism က philosophy ပါဆိုယင် ဒီဗုဒ္ဓနဲ့ ဗုဒ္ဓဝါဒအပေါ်မှာ ဘာဖြစ်လဲ၊ မသိမှု သံသယဖြစ်မှုတွေ ပရိသတ်ကြီး မဝင်နိုင်ဘူးလား။

## ဗုဒ္ဓသည် အတွေး အခေါ် သမားလား

နောက်တစ်ဆင့် ဘာလာမလဲ၊ မိစ္ဆာဉာဏ်။ တတိယ စာလုံးက မိစ္ဆာဉာဏ်၊ အညာဏ သိမှားမှုရယ်၊ သံသယ ယုံမှားမှုရယ်၊ မိစ္ဆာညာဏ မိစ္ဆာဉာဏ် အသိ မှားမှုရယ်။ အသိမှား တာရယ်၊ လုံးလုံးကို မသိဘာရယ်။ သံသယဖြစ်တာရယ်၊ အသိမှားတာရယ်၊ အဲဒါ တွေဟာ ဘာဖြစ်ခြင်း အကြောင်းလဲ၊ သရဏဂုံ ညစ်နွမ်းခြင်း၊ ပျက်စီးခြင်းရဲ့ အကြောင်း ဘုန်းကြီးတို့ ပြောပါတယ်။

ဒီကနေ့ ဘုန်းကြီးတို့ ကြိုးစား ပြီးတော့ ပြောပြ နေတာဟာ အညာဏ ဖြစ်မှာစိုးလို့၊ သံသယဖြစ်မှာစိုးလို့၊ မိစ္ဆာဉာဏ်တွေ သက်ရောက် လာမှာစိုးလို့ ဘုန်းကြီးတို့ ကြိုးစား၍ ပြောပြနေပါတယ်။ ဘုန်းကြီးတို့ရဲ့ ပြောပြချက်များကို နားကြားရတဲ့ အတွက်ကြောင့် အညာဏတွေ သံသယ တွေ မိစ္ဆာဉာဏ်တွေ ခေါင်းပါး သွားမယ်ဆိုယင် ဘုန်းကြီးတို့ ဟောရ ပြောရကျိုးနပ်ပါပြီ။ ဗုဒ္ဓဝါဒအရ ကိုးကွယ်မှုပျက်စီးခြင်းရဲ့အကြောင်း၊ ညစ်နွမ်းခြင်းရဲ့ အကြောင်းကို ပရိသတ် အပေါင်း သူတော်ကောင်းတို့ ဒီလိုမှတ်ပါ။

ဒီတော့ ဗုဒ္ဓသည် တွေးခေါ် မြော်မြင်ရေးသမား တစ်ယောက် မဟုတ်ဘူး၊ လက်တွေ့တကယ် ကျင့်သုံးတဲ့ အကျင့်သမား ဖြစ်ပါတယ်။ တွေးတောကြံဆရုံ ကြံဆပြီးတော့ ကျင့်သုံးမှုမပါတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ပါဘူး။ တကယ်ကျင့်သုံးတဲ့ ပုဂ္ဂိုလ်မြတ်တစ်ဆူ ဖြစ်ပါတယ်။ ကျင့်ပြီးတော့ ဘာမှမသိတဲ့ ပုဂ္ဂိုလ်မျိုးလဲ မဟုတ်ပါဘူး၊ အသိဉာဏ်မှာ အထွတ်အထိပ် **Englishtenment** လို့ခေါ်တဲ့ ဗောဓိဉာဏ်ကို ဆိုက်ရောက်နေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဝါဒမှာ။ ဝိဇ္ဇာနဲ့ စရဏ အကျင့် အသိသည် ပဓာန ဖြစ်ကြောင်း ဟုတ်လား။ ဒီတော့ ဗုဒ္ဓဒေသနာတော်အရ အကျင့်နဲ့ အသိသည် ပဓာနဖြစ်တယ်ဆိုတော့ ဗုဒ္ဓရဲ့ တရားတော်တွေဟာ philosophy ထက် လွန်သွားပြီ၊ အဲဒါကြောင့် ဗုဒ္ဓဝါဒကို philosophy လို့ ဆိုမယ် ဆိုယင်တော့ ဘယ်လိုဆိုဖို့ကောင်းသလဲ—

Buddhism is the philosophy of philosophies လို့

ယုံကြည်ချက် အားနည်းလာယင်

ဒီလိုဆိုနိုင်ပါတယ်။ ဖီလော်ဆိုဖီပေါင်းများစွာတို့၏ ဖီလော်ဆိုဖီလို့ ပြောနိုင်ပါတယ်။ ကိုးကွယ်မှု ညစ်နွမ်းခြင်းရဲ့အကြောင်း ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ မှတ်သားမိပါစေ၊ ဟုတ်လား။ ကောင်းပြီ။ နောက်တစ်ဖန် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော် ကောင်းတို့ ဆောင်ရမယ့် စာတစ်ခု ဘုန်းကြီးတို့ပေးပါမယ်။ ပါးစပ်နဲ့ လိုက်ဆိုလို့လဲ ဖြစ်နိုင်တယ်။ ကဗျာလင်္ကာ သံပေါက်တွေ ရေးပေးလို့ ရှိယင် ဘုန်းကြီးတို့ပရိသတ်များ လွယ်လွယ်ကူကူနဲ့ ဆောင်နိုင်တယ်။ ဗုဒ္ဓရဲ့စကားကို ကဗျာအဖြစ် မပြောင်းဘဲ မူရင်းအတိုင်းပဲ ပေးပါမယ်။

ဘယ်နှယ်ဖတ်ကြမယ်။

သဒ္ဓါယတရတိဩဃံ။

ဗုဒ္ဓရဲ့ စကားအစစ်ပါ။ ဩဃတရနသုတ္တန်က စကားပါ၊

သဒ္ဓါယတရတိဩဃံ၊ ဩဃကို ပင်လယ်ကြီးလို့ပဲ မှတ်လိုက်ပါ။ တရတိ က ကူးသွားတာ၊ သဒ္ဓါယ၊ ဒါကို ဘုန်းကြီးတို့ ထပ်ရှင်းစရာမလို ပါဘူး၊ သဒ္ဓါ မြင့် သံသရာင်လေကို ဖြတ်ကူ နိုင်တယ်။ သဒ္ဓါသာ

မရှိယင်တော့ ဘုန်းကြီးတို့ပရိသတ် အဲဒီပင်လယ်ထဲ မျောမလား၊ မြုပ်မလား တစ်ခုခုပဲ၊ ဖြတ်ဖို့မလွယ်ဘူး။ ခေတ်စကားပြောယင် "ယုံကြည်ချက်ကောင်းတဲ့ ပုဂ္ဂိုလ်သည် အခက်အခဲမှန်သမျှ ကျော်ဖြတ်နိုင်တယ်" ယုံကြည်ချက် အားကောင်းတဲ့ ပုဂ္ဂိုလ်သည် အခက်အခဲမှန်သမျှ ကျော်ဖြတ်နိုင်တယ်၊ ယုံကြည်ချက်အားကောင်းတဲ့ ပုဂ္ဂိုလ်သည် အခက်အခဲတွေကို ကျော်လွှားသွားလိမ့်မယ်။ ယုံကြည်ချက်မရှိဘဲနဲ့ အလုပ်လုပ်နေတာဟာ အခက်အခဲလေးတွေ့ယင် အဲဒီလူ နောက်ပြန်ဆုတ်သွားမှာပဲ။

တိုင်းရေးပြည်ရေး ရပ်ရေးရွာရေး လူမှုရေး အရေးအရာတွေမှာ ယုံကြည်မှုမရှိဘဲနဲ့ အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ နည်းနည်းလေး ခက်ခဲလာပြီ၊ ငြင်ပန်းလာပြီ၊ အကျပ်အတည်းတွေ့လာပြီဆိုယင် မရှိတော့ဘူး၊ မရှိတော့ဘူး။ အဲဒီနေရာမှာ ရင်မဆိုင်တော့ဘူး။ ယုံကြည်ချက်မှန်တဲ့ ပုဂ္ဂိုလ်ကတော့ အသက်စွန့်ပြီး ဒါတွေ အခက်အခဲတွေ အကုန်လုံးကို ကျော်ဖြတ်ဖို့ သွားကြတယ်တဲ့ ဟုတ်လား။

သဒ္ဓါယတရတိဩဃံ–ယုံကြည်ချက် အားသန်တော့ ဘာဖြစ်လဲ အခက်အခဲတွေကို ကျော်လွှားနိုင်တယ်။ ပါဠိတော်စကားကတော့စကား အရဆိုယင်တော့–

သဒ္ဓါယ သဒ္ဓါတရားဖြင့်၊ ဩဃံ သံသရာ ပင်လယ်ကြီးကို၊ တရတိ၊ ကူးခတ်နိုင်တယ်။

သဒ္ဓါတရားဖြင့် ဘာတဲ့လဲ သံသရာပင်လယ်ကို ကူးခတ်နိုင်တယ်။

သဒ္ဓါပဲ၊ သမ္မာဒိဋ္ဌိပဲ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ စသည် အဲဒီ ဝေါဟာရတွေကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ ဒီဝေါဟာရ စကားလုံးတွေရချင်လဲရ မရချင်ကြလဲနေ၊ မိမိနှလုံးသားထဲမှာသဒ္ဓါတရား အောင်းနေပြီ ကိန်းနေပြီဆိုယင် လုံလောက်ပါပြီ။

## အခက်အခဲကို ကျော်လွှားနိုင်ရန် အရေးကြီးတဲ့ အချက်

ဗုဒ္ဓသည် သစ္စာကိုလဲ သိတယ်၊ မသိတဲ့ သတ္တလောကကြီးကိုလဲ ပြောပြတယ်။ ဒါကြောင့် အားကိုးရတယ်။ ဗုဒ္ဓရဲ့ဓမ္မသည် ဘာလဲ၊ သစ္စာတရား။ ပရမတ္ထသစ္စာ၊ အရိယသစ္စာ၊ နှစ်မျိုး ပြောထားတယ်။ သံဃာသည် ဘာလုပ်သလဲ၊ အဲဒီသစ္စာကို စောင့်ရှောက်တော်မူနေတယ်၊

အမှန်တရားကို မပျောက်မကွယ်အောင် စောင့်ရှောက်တော် မူနေကြတယ်။ အဲဒါကို ယုံကြည်ယင် ဒီယုံကြည်ခြင်းဟာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဘဝကန္တာရကိုလဲ ကျော်ဖြတ်နိုင်တယ်၊ ဘဝသံသရာ ပင်လယ်ကြီးကိုလဲ ကျော်ဖြတ်နိုင်တယ်။

အဲဒီယုံကြည်ချက်ကလေး မပါယင် ဘဝသံသရာကို မကူးခတ်နိုင်ဘူးတဲ့၊ ဘဝကန္တာရကြီးကို မကျော်ဖြတ်နိုင်ပါဘူး၊ သဒ္ဓါတရားသည် အရင်းခံဖြစ်ကြောင်းပါ။ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ တစ်ခါတစ်ခါ ဒီသဘောတရားတွေကို ဝေါဟာရအတိုင်း နားလည်ချင် နားလည်ကြလိမ့်မယ်၊ ဝေါဟာရအတိုင်း နားမလည်သော်လဲပဲ သဘောတရားတော့ ဘုန်းကြီးတို့ပရိသတ် လက်ခံသဘောပေါက်ပြီးတော့ သိနေကြတာ တွေ့ရှိကြပါလိမ့်မယ်။ အဓိက ဘာလဲ့ နှလုံးသားတဲမှာ ကြည်စေတဲ့ သဒ္ဓါတရားကောင်းရှာ ရောက်ဖို့ပါပဲ ဟုတ်လား။

သဒ္ဓါယ သဒ္ဓါတရားဖြင့်၊ ဩဃံ၊ သံသရာပင်လယ်ကြီးကို၊ တရတိ၊ ကူးခတ်နိုင်တယ်။

သဒ္ဓါတရားဖြင့်ဘာဖြစ်တဲ့လဲ သံသရာပင်လယ်ကို ကူးခတ်နိုင်တယ်။ သဒ္ဓါတရားဖြင့် အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်တယ်။ ယုံကြည်ချက် အားကောင်းတဲ့ ပုဂ္ဂိုလ်သည် အကြပ်အတည်း အခက်အခဲတွေကို ရင်ဆိုင်သွားလိမ့်မယ်၊ ကျော်ဖြတ်သွားလိမ့်မယ်။ အလွန်အသုံးဝင်တဲ့ စကားပဲ။

သဒ္ဓါတရားကောင်းစွာဖြစ်လာပြီဆိုတဲ့ အခါကျတော့ အညာဏ= မသိဘဲဖြစ်နေယင် သူသိအောင် ကြိုးစားတယ်။ သံသယတွေ ဘာဖြစ်လဲ၊ မသိဘာ သိအောင်ကြိုးစား။ အညာဏ ကင်းတော့ ဟိုတစ်ဘက်က သံသယ ရှင်းသွားတယ်၊ သံသယရှင်းတော့ ဟိုတစ်ဆင့် မိစ္ဆာဉာဏ်တွေလဲ ပျောက်သွားတယ်။ အဲဒီအခါ သမ္မာဒိဋ္ဌိလမ်းကြောင်းပေါ်ကို ကောင်းကောင်းကြီး ရောက်ကြမှာပါပဲ၊ အဆင့်ဆင့်ဒီလိုသွားကြမှာပါ။

ဒါကြောင့် ဗုဒ္ဓဝါဒအရ ကိုးကွယ်မှုတွေ ဘယ်အခါပျက်သလဲ၊ အညာဏဖြစ်ယင်ပျက်တယ်၊ သံသယဖြစ်ယင်ပျက်တယ်။ မိစ္ဆာဉာဏ်ဖြစ်ယင် ပျက်တယ်၊ မပျက်ယင်တောင် ဘာဖြစ်လဲ၊ ညစ်နွမ်းသွားပါတယ်။ အဲဒီ အညာဏ သံသယ မိစ္ဆာဉာဏ်တို့ကို ဘာနဲ့ ပယ်ဖျောက်မလဲဆိုယင် သဒ္ဓါနဲ့ ပယ်ဖျောက်ရပါတယ်။ သဒ္ဓါတရား ကောင်းစွာရ သံသရာက အခက်အခဲ ကျော်လွှားလိမ့်မယ်လို့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဒီလိုမှတ်သားလိုက်ကြပါ။

## ဗုဒ္ဓ ၀ါဒသည် လက်မြောက်အရှုံးပေးသူတို့ ကျင့်သုံးတဲ့ ၀ါဒလား

ကောင်းပြီ၊ ဒီတော့ ဒီကနေ့ ဘုန်းကြီးတို့ ပရိယတ်အပေါင်း သူတော်ကောင်းတို့အတွက် ရေးပေးထားတဲ့ စာပုဒ်ကလေးတွေရှိပါတယ်၊ တချို့ အမိပ္ပာယ်တွေကို ဘုန်းကြီးတို့ အားလုံး ရှင်းလင်းတင်ပြပြီးသား ဖြစ်နေပါပြီ။ အဲဒီအထဲမှာ -

Buddhism is not a Religion.

ဒါပြောဖို့မလိုတော့ဘူး။

Buddhism is neither sceptical nor dogmatic.

ဒီနေရာမှာ Sceptical ဆိုတဲ့ဥစ္စာဟာ လမ်းဆုံ၊ လမ်းမ လမ်းလေးခွမှာ ရပ်နေတဲ့လူတစ်ယောက်ဟာအရှေ့လမ်းလိုက်ရမလား၊ အနောက်လမ်းလိုက်ရမလား၊ တောင်လမ်း လိုက်ရမလား၊ မြောက်လမ်းလိုက်ရမလား၊ လမ်းမကြီးတွေကလည်း အရှည်ကြီးတွေ၊ ဘယ်လမ်းလိုက်ရမှန်း မသိလို့ အဲဒီလမ်းဆုံကြီးမှာ ထိုင်မှိုင်ပြီးတော့ ငေးမော ညည်းတွားပြီးတော့ လက်မြှောက် အရှုံးပေးနေတဲ့သဘောဟာ Sceptical ပါပဲ။

ဗုဒ္ဓတရားကို ကျင့်သုံးတဲ့ပုဂ္ဂိုလ်ဟာ ဘ၀ကို လက်မြှောက် အရှုံးပေးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လား၊ ငေးငိုင်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်လား။ တရားထိုင်တာကို သက်သက် အပျင်းထူတဲ့လူတွေ သွားပြီးတော့ တွေးတော ငေးမောနေတယ်လို့ ဒီလိုကြံတဲ့ အကြံမျိုးကလဲ ကမ္ဘာမှာနည်းနည်း ပါးပါးရှိတယ်၊ အများကြီးတော့လဲ မရှိတတ်ပါဘူး။

ကမ္ဘာ့နာမည်ကျော် အဖေတားပါကွာ၊ ပျင်းတဲ့သူတွေသွားပြီးတော့ တံခါးပိတ် တိတ်တိတ်ငေးမောတွေးတောနေကြတာပါ၊ ဒီလိုလာတယ်။ အဲဒီလို ဘာမှန်းမသိလို့ တွေးတောငေးမောပြီးတော့ မှိုင်တွေပြီးတော့ လက်မြှောက် အရှုံးပေးနေတဲ့ ၀ါဒမျိုး မဟုတ်ဘူးတဲ့။ Neither Sceptical nor dogmatic.

ဒီတော့ အဲဒီလမ်းဆုံ လမ်းလေးခွ ရောက်နေတော့ ဘယ်လမ်းလိုက်ရမှန်းမသိတဲ့ လူတစ်ယောက်ဟာ အရှေ့လား၊ တောင်လား၊ မြောက်လား ဘယ်သွားရမှန်းမသိတဲ့လူတစ်ယောက်က အဲဒီလမ်းကို သိအောင်ကြိုးစား

ပါပဲ၊ အရှေ့လမ်းသည် အန္တရာယ် ကင်းတဲ့လမ်း၊ အနောက်လမ်းက အန္တရာယ်များတဲ့လမ်း၊ တောင်လမ်းက ရန်သူရှိနေတယ်၊ မြောက်လမ်းကို သွားယင် ပန်းတိုင်မရောက်ဘူးဆိုပြီတော့ အဲဒီလို လမ်းက အမျိုးမျိုးဖြစ်နေတော့ လမ်းမှန်ကို ကိုယ်တိုင်သိအောင် မကြိုးစားချင်တဲ့ အားမထုတ်ချင်တဲ့ပုဂ္ဂိုလ်က ကြားထဲမှာ သူက ကိုယ်စားလှယ်တစ်ခုခုရှာတယ်။ ကိုယ်စားလှယ်တစ်ယောက်ယောက်ရှာတယ်။

## သံဃာများက ဆက်သွယ်ရေး ကိုယ်စားလှယ်တွေလား

ကျုပ်ဗျာ ဟောဒီလမ်းကြီး လေးသွယ်မှာ ဘယ်သွား ရမှန်းမသိဘူး ဖြစ်နေတယ်၊ အဲဒါကြောင့် ကျုပ်ကို သယ်ဆောင်ပြီးတော့ ကျုပ်သွားချင်တဲ့ ခရီး ပို့ပေးပါလို့ ကြားထဲက ကိုယ်စားလှယ် တစ်ယောက် ကယ်တင်မယ့်လူတစ်ယောက်ကိုမျှော်ပြီးတော့ အကူအညီ တောင်းတာမျိုး၊ အဲဒါဟာ ဘာခေါ်သလဲ၊ Dogmatic။ Dogmatic ဆိုတာ ဒီလိုပဲ၊ ကိုယ်သွားလိုတဲ့ ပန်းတိုင်ကို ကိုယ့်အစွမ်းအစနဲ့ ကိုယ်မသွားပဲနဲ့ ဟိုခရီးဆုံးက အရာဝတ္ထု တစ်ခုနဲ့ ခရီးလမ်းဆုံမှာ ရပ်နေတဲ့မိမိ၊ အဲဒီကြားထဲမှာ ဆက်သွယ်ဖို့ Agency တစ်ခုခုကိုရှာတာဟာ Dogmatic ဝါဒ။

ပိုပြီးတော့ ထင်ရှားအောင် ပြောရလို့ရှိယင် နိဗ္ဗာန်နဲ့ လူသား၊ လူသားနဲ့ နိဗ္ဗာန် ကြားထဲမှာ ဆက်သွယ်ပေးဖို့ရန် တစ်စုံတစ်ယောက်ကို ရှာတာဟာ ဒါ Dogmatic။ ကယ်တင်ရှင်နဲ့ ကယ်တင်ခံမယ့် လူသား၊ လူသားနဲ့ ကယ်တင်ရှင်၊ အဲဒီနှစ်ခုကြားထဲမှ ဆက်သွယ်ပေးဖို့ရန် Priest စသည် တစ်စုံတစ်ခုကို အားကိုးတဲ့ ဝါဒသည် Dogmatic ဝါဒ။ တစ်စုံတစ်ယောက်ကို အားကိုးနေစရာ မလိုဘူး။ ကြားထဲမှာ ဆက်သွယ်ရေးတွေ ဘာတွေ သီးသန့် ထားနေစရာ မလိုဘူး။ ကိုယ်တိုင် ကျင့်လိုက်ယင် ကိုယ်တိုင် ရောက်သွားတယ်။ Dogmatic ကို ဘုန်းကြီးတို့ ဗုဒ္ဓဘာသာက ရှောင်ထွက်သွားတယ်။ ကိုယ်စားလှယ် မရှိဘူး။

ဘုန်းကြီးတို့ ဗုဒ္ဓရဲ့ဝါဒက ဒီလိုမဟုတ်ဘူး။ နိဗ္ဗာန်နဲ့လူသား၊ လူသားနဲ့နိဗ္ဗာန်၊ ဟောဒီ သံဃာတော်တွေ ကြားထဲက ဆက်သွယ်ပေးနေတဲ့ Agency တွေ မဟုတ်ဘူး။ လူသားနဲ့ ဗုဒ္ဓ၊ ဗုဒ္ဓနဲ့ လူသား ဒီကြားထဲမှာ သံဃာတော်များက ဆက်သွယ်ပေးနေတဲ့ ကိုယ်စားလှယ်မျိုး မဟုတ်ပါဘူး။

သံဃာကလဲ မိမိအကျင့် မိမိကျင့်ပြီးတော့ နိဗ္ဗာန်ကို သွားနေတာ၊ လူသားလဲပဲ ကိုယ်စွမ်းသလောက် ကိုယ့်အကျင့်ကို ကျင့်ပြီးတော့ ကိုယ့်ဟာကိုယ် သွားကြဖို့ပဲ။ ကြားထဲမှာ ဘာကိုယ်စားလှယ်လဲ မလိုပါဘူး။ အလွန်လွတ်လပ်တဲ့ဝါဒဖြစ်ပါတယ်။

## ဗုဒ္ဓဝါဒသည် ဇိမ်ခံတဲ့ ဝါဒလား၊ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲတဲ့ ဝါဒလား

အဲဒါ လူသားတွေရဲ့အစွမ်းအစကို ဘာမျှ မရှိတော့ဘူး၊ ဒီလိုပြောပါတယ်။ ကျန်တာတွေ ကတော့ ဟိုယခင် တစ်နေ့က ဘုန်းကြီးတို့ ပရိသတ် အပြည့်အစုံ ပြောပြထားပြီး ဖြစ်ပါတယ်။

ဗုဒ္ဓဝါဒသည် အဆိုးသက်သက်ကို ကြည့်တဲ့ ဝါဒလဲ မဟုတ်ဘူး၊ အကောင်းသက်သက် ကြည့်ပြီးတော့ ဇိမ်ခံဖို့ ကြိုးစားတဲ့ ဝါဒလဲ မဟုတ်ဘူး။ ဘယ်ကသွားလဲ၊ အလယ်လမ်းကသွားတဲ့ ဝါဒ။ ဗုဒ္ဓဝါဒသည် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲတဲ့ဝါဒမျိုးလဲ မဟုတ်ဘူး။ကာမဂုဏ်ခံစားဖို့ ဖိပြီးတော့ အားထုတ်နေတဲ့ ဝါဒမျိုးလဲ မဟုတ်ဘူး။ မဇ္ဈိမပဋိပဒါ မဂ္ဂင် ရှစ်ပါး ကျင့်သုံးတဲ့ ဝါဒ။

Buddhism is neither self mortification nor self gratification.

ဗုဒ္ဓဝါဒသည် တစ်ဖက်သတ် ဦးစားပေးပြီးတော့ ကျင့်သုံးသွားတဲ့ ဝါဒမျိုးလဲ မဟုတ်ဘူး။ စိတ်ဓာတ်တွေကို တစ်ခါတည်း တစ်ဖက်သတ် အမွန်းတင်ပြီးတော့ ယာဇ်ပူဇော်မှုကို ဦးစား ပေးသွားတဲ့ ဝါဒမျိုးလဲ မဟုတ်ပါဘူး။ ရုပ်တစ်ဖက်သတ်၊ နာမ်တစ်ဖက်သတ် ဝါဒမျိုးလဲ မဟုတ်ပါဘူး။

ဥပမာလေး ဘုန်းကြီးပြောပါရစေ။ ဘုန်းကြီးတို့ စာပေမှာတော့ လှေစီးတဲ့ လူ တစ်ယောက်ကို ဥပမာ ပေးပါတယ်။ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းတို့ကိုတော့ ဘုန်းကြီးက ယောဒီ ရန်ကုန်မြို့သူ မြို့သားတွေနဲ့ နီးစပ်တာလေး ဘုန်းကြီးတို့ ဥပမာ တင်ပြလိုပါတယ်။ သို့သော်လဲပဲ ဘုန်းကြီးတို့စာပေက ပြောပြထားခဲ့တဲ့ စကားရပ်ကိုတော့ နည်းနည်းလေး ဘုန်းကြီး ဆိုပြ ချင်တယ်။

## ဥပမာလေးတွေနဲ့ စဉ်းစာကြည့်ရအောင်

ယထာပိ နာဝံနိဿာယ မနုဿာ ယန္တိအဏ္ဏဝေ ဧဝ
မေဝံ ရူပံနိဿာယ နာမကာယော ပဝတ္တတိ။
ယထာပိမနုဿေ နိဿာယ နာဝါဂစ္ဆတိအဏ္ဏဝေ ဧဝ
မေဝံ နာမံနိဿာယ ရူပကာယော ပ ဝတ္တတိ။
ဥဘောနိဿာယ ဂစ္ဆန္တိ မနုဿာ နာဝါစ အဏ္ဏဝေ ဧဝံ
နာမဉ္စ ရူပဉ္စ ဥဘော အညောညနိဿိတာ။

အဓိပ္ပာယ်ပြောရအောင်။

မြစ်ကြီးကိုဖြတ်ပြီးတော့ လူတစ်ယောက်သည် လှေစီးသွားတယ်။

"ပရိသတ်များ ဘာသွားနေလဲ"

"လှေသွားနေပါ ဘုရား"

"မှန်တာကိုပြော"

ကိုင်း-လူတစ်ယောက် မြစ်ထဲမှာ လှေစီးပြီးတော့ သွားနေတယ်။ လူသွားတာလား၊ လှေသွားတာလား၊ ဘယ်သူသွားသလဲ၊ လှေသွားတယ်ဟုတ်လား၊ အဲဒီလူ ကမ်းပေါ်ပြန်တင်၊ လှေဒီအတိုင်းထား၊ ဘယ်သူသွားလဲ၊ ဘုန်းကြီးတို့ လောကကြီးက အမှန်စကားကို မပြောတတ်ကြဘူး။

ဘုန်းကြီးတို့ ဒါ ခဏခဏ ပြောနေကျပါ၊ ပြောဦးမယ်၊ လမ်းပေါ်မှာ လူတစ်ယောက် မော်တော်ဆိုင်ကယ်စီးပြီးတော့ ဘုန်းဘုန်းဘုန်းဘုန်းနဲ့ သွားနေတယ်၊ ဆိုင်ကယ်ပေါ်မှာလူရှိတယ်၊ လူအောက်မှာ ဆိုင်ကယ် ရှိတယ်။ ဘယ်သူသွားနေလဲ၊ ဆိုင်ကယ်ရော လူရော သွားတယ်တဲ့၊ ဟုတ်လား။

ကဲ-ကျေးတောသား စကား ပြောရအောင်၊ နွားနှစ်ကောင်နဲ့ လမ်းပေါ်မှာ ဂျုံးဂျုံးဂျုံးဂျုံးနဲ့ သွားနေတယ်၊ ဘာသွားလဲ၊ အဲဒီကျမှ ပိုခက်တာ၊ ရန်ကုန်သူ, ရန်ကုန်သားတွေ ကျေးတောသား စကားပြောတော့ မသိဘူး၊ လမ်းပေါ်မှာ နွားတစ်ကောင်နဲ့ ဂျုံးဂျုံးဂျုံးဂျုံးနဲ့ သွားနေတယ်။ ဘာသွားလဲ၊ လှည်းသွားလား၊ နွားသွားသလား၊ မှန်တာကိုပြော။ တက္ကသိုလ်မှာ အဲဒီပညာရပ်မျိုး တစ်ခါမှ မသင်ဖူးဘူး ထင်ပါတယ်။

အတက္ကာဝစရ-အကြံသမားတွေရဲ့အရာ မဟုတ်ဘူးတဲ့၊ ဒီပညာရပ်တွေဟာ ဉာဏ်သမားတွေရဲ့ အရာ။ အဲဒီဉာဏ် ဘယ်ကရ၊ အကျင့်သို့မဟုတ် စရဏ၊ ဒီမှာရတာ၊ စာအုပ်ဖတ်ရုံနဲ့မရဘူး။ လမ်းပေါ်မှာလှည်းတစ်စင်းသွားနေသည်ဆိုရင် လေတန်း ကျောင်းသားတွေလဲ ဖတ်တယ်၊ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားကြီးတွေလဲ ဖတ်တယ်။ လမ်းပေါ်ဘာသွားလဲ၊ လှည်းသွားတယ်။ ပရိသတ်ကြီး သေချာကြည့်၊ လှည်းသွားကာလား ဘာသွားတာလဲ၊ ယူနိဗာစီတီရောက်ပြီ၊ ဒါလောက်တော့ နားလည်ဖို့ ကောင်းတယ်။

## အမှန်တရားကို မပြောနိုင်ကြဘူး

လှည်းသွားသလား၊ နွားသွားသလား။ တကယ်သွားတာကနွား။ လှည်းဘယ်တော့မှ သွားတဲ့သတ္တိမရှိဘူး။ နွားက တကယ်သွားနေတာ၊ လှည်းသွားတယ်ဆိုယင် လှည်းနဲ့နွား ခွဲထုတ်လိုက်၊ လှည်းနဲ့နွားတခြားစီဖြုတ်လိုက်။ လှည်းနဲ့နွား ဖြုတ်လဲ ချလိုက်ရော–

"နွားနှစ်ကောင် ဆံပင်ချည်ထား၊ လှည်းကြီးသွားဟော့ဆိုပြီး ကြိမ်လုံးနဲ့ရိုက်တော့ သွားမလား"
"မသွားပါ ဘုရား"
"ဟောဗျာ၊ ဘယ်သူသွားတာလဲ"
"နွားပါ ဘုရား"

ဘုန်းကြီးလေးတကြိုးက မှန်သောစကားကို မပြောတတ်ပါဘူး၊ သစ္စာစကားကို မပြောပါဘူး၊ ကမ္ဘာကြီးက အဲဒီလိုဖြစ်နေတယ်။

လှည်းသွားတယ်လို့ ဆိုခြင်းသည်တစ်ကမ္ဘာလုံးပြောနေတဲ့စကား။ သို့သော် တကယ်မှန်သလား၊ မမှန်ဘူး၊ သွားတာက နွားပဲသွားတယ်။ လှည်းမှာ သွားတတ်သောသတ္တိ လုံးဝမရှိပါဘူး၊ နွားမှာ သွားတတ်သောသတ္တိ တကယ်ရှိပါတယ်၊ ဟုတ်လား။ လမ်းပေါ်မှာ မော်တော်ဆိုင်ကယ်တစ်စင်းသွားနေတယ်လို့ ပြောလိမ့်မယ်၊ ဆိုင်ကယ်ကြီးသည် တကယ်သွားတတ်တဲ့ သတ္တိမရှိပါဘူး၊ စီးတဲ့သူက မောင်းလို့သာ သွားတာ၊ သူ့ဟာသူဒီအတိုင်းလား၊ ဒီဆိုင်ကယ် ဘယ်မှမရွေ့ဘူး၊ အေး-- ခိုးတဲ့လူနဲ့တွေ့ယင်တော့ ထမ်းသွားမှာပေါ့။

မြစ်ထဲမှာ လှေတစ်စင်းသွားနေတယ်လို့ ပြောတယ်။ တကယ်တော့ လှေပေါ်က လူ မလှော်လို့သာ သွားတာပါ။ လှေဒီအတိုင်းထား၊ ဘယ်မှ မသွားပါဘူး၊ ဟုတ်လား။

ပရိသတ်အပေါင်း သူတော်ကောင်းတို့ လှေသွားတော့ ဘာဖြစ်လဲ၊ လှေပေါ်က လူလဲပဲသွားတယ်၊ လူက လှော်တော့ ဘာဖြစ်လဲ လှေကြီးလဲ သွားတယ်၊ အဲဒီလူက စက်ကို မောင်းတော့ ဆိုင်ကယ်ကြီးလဲသွားပါတယ်။ နွားနှစ်ကောင်ရုန်းတော့မှ လှည်းကသွားပါတယ်ဟုတ်လား။ လှည်းသမားက ကြိမ်နဲ့တို့တော့မှ နွားနှစ်ကောင်သွားပါတယ်၊ ဒီလိုမဟုတ်လား။ သစ္စာစကားတဲ့ ပရိသတ် အပေါင်း သူတော်ကောင်းတို့ အမှန်ကို ပြောတတ်ဖို့ အမှန်သိတတ်ဖို့ သိပ်လိုတယ်။

## ရုပ်နဲ့နာမ် ဘယ်က ဦးဆောင်သလဲ

ရုပ်နဲ့ နာမ်၊ နာမ်နဲ့ရုပ် ဘယ်သူက ရှေ့တန်းကလဲ၊ ဘယ်သူက ခေါင်းဆောင်သလဲလို့ဆိုခဲ့ယင် ဘယ်သူကမှ ခေါင်းမဆောင်ဘူး အားလုံး တန်းတူရည်တူပဲ၊ ဘုန်းကြီးတို့ ဒီလို ပြောချင်ပါတယ်။ ရုပ်ကခေါင်းဆောင်တယ်လို့လဲပဲ ဗုဒ္ဓက မဆိုပါဘူး။ နာမ်က ခေါင်းဆောင်တယ်လို့လဲ မဆိုပါဘူး။ ရုပ်နဲ့ နာမ် အတူတူပဲ၊ တစ်ခု တစ်ခု မှီပြီးတော့ လောကကြီး တစ်ခုလုံး လှုပ်ရှားနေတာပါ။

လှေမရှိယင် လူသည် ဘယ်လိုမှ မသွားနိုင်ဘူး၊ လူက မလှော်ယင် ဒီလှေသည် ဘယ်လိုမှ မ ရွေ့ပါဘူး၊ လှေကိုမှီ၍ လူလည်း သွားရတယ်၊ လူကိုမှီ၍လဲပဲ လှေကြီး သွားပါတယ်၊ ဟုတ်လား၊ ဆိုင်ကယ်ကြီး စီးတဲ့ လူလဲပဲ ဆိုင်ကယ်က ပြေးလို့သာ လူသွားတာ၊ လူက မောင်းလို့သာ ဆိုင်ကယ်ကြီး သွားရတာ၊ ဒီလို မဟုတ်လား။

ဒီ့အတိုင်းပဲ ဘုန်းကြီး ပရိသတ်ရေ ရုပ်ပေါ်မှာ နာမ်တရားကို အမှီရလို့သာလျှင် ရုပ်တရားလဲပဲ လှုပ်ရှားခွင့်ရတာ။ နာမ်တရားကို အမှီရလို့သာလျှင် ရုပ်တရားလဲပဲ လှုပ်ရှား နေတာပါ။ ရုပ်သည် လှေနဲ့ တူတယ်၊ နာမ်သည် လှေသမား လှေစီးတဲ့ လူနဲ့ တူတယ်၊ ဟုတ်လား။ ရုပ်တရားက လှေတဲ့ နာမ်တရားက လှေစီးသူ၊ အချင်းချင်း မှီနေပြီးတော့ ဒီလိုသွားနေကြတာ။

အဲဒီသဘာဝကို မျှတစွာ မြင်တတ်ဖို့ ပရိသတ်များ အရေးကြီးပါတယ်၊ ဘယ်သူ ဦးဆောင်တယ်လို့ ဘုန်းကြီးတို့ မပြောင်းခဲ့ပါဘူး။ အဲဒါကို ဥဘောအညောညနိဿိတာလို့ ဘုန်းကြီး ခုက ရွတ်ပြတဲ့ ပါဠိတော်များမှာ ဆိုပါတယ်။ ရုပ် နာမ် ၂-ပါး တို့သည် အချင်းချင်း မှီပြီးတော့ နေကြပါတယ်၊ ရုပ်ဦးဆောင်တဲ့အပိုင်းရှိသလို နာမ်ဦးဆောင်တဲ့ အပိုင်းလဲ ရှိပါမယ်၊ သူ့အပိုင်းနဲ့သူ သွားပါတယ်။ လှေမရှိ ဒီလှေစီးတဲ့ လူဟာ ဘယ်လိုမှ ဟိုဘက်ကမ်းမသွားဘူး၊ လူကလှေပေါ်မတက်သမျှ ဒီလှေကြီးဟာ မရွေ့ရှားဘူး။

အဲဒါကြောင့် ရုပ်ကိုအမှီမရယင် နာမ်တရားလဲ မလှုပ်ရှားနိုင်ဘူး။ ရုပ်ခန္ဓာ ပျက်တဲ့နေ့မှာ နာမ်တရားတွေ အကုန်လုံး ခွဲခွာ ကြရတယ်၊ နာမ်တရားတွေ အကုန်လုံး ရုပ်ဆိုင်းတဲ့နေ့မှာ ရုပ်ခန္ဓာကြီးဟာ သစ်တုံးလို ဖြစ်တာပဲ၊ ဟုတ်လား။ စိတ်စေတသိက်တွေ ပျက်စီးတဲ့နေ့မှာ ရုပ်ခန္ဓာကြီးသည် သစ်တုံးလိုပါပဲ၊ ရုပ်ခန္ဓာကြီး ပုပ်ပြီး ဆွေ ပြီ ဟာ—ဓား လှီ ထိုးခံရလို့ ရောဂါစွဲလို့ တစ်စုံတစ်ခုကြောင့် ရုပ်ခန္ဓာကြီး ပျက်ပြီဆိုယင် စိတ်စေတသိက်တွေ မှီလို့တည်လို့ မရပါဘူး။

## အကျင့် (စရဏ) နဲ့ အသိဉာဏ် (ဝိဇ္ဇာ) အပေါ်မှာ ယုံကြည်မှု (သဒ္ဓါ) ကို အခြေခံပါ

လှေကြီး ကွဲသွားတဲ့ အခါ လှေပေါ်က လူ ရေနစ် သလိုပဲ၊ ဟုတ်လား။ လှေပေါ်ကလူ ရေထဲ လိမ့်ကျ သွားတဲ့ အခါမှာ လှေကြီး ဘာမျှ မတတ်နိုင်သလိုပါပဲ။ ရုပ်တရား နာမ်တရား နှစ်ပါးသည် ဘယ်သူကမှ ဦးဆောင်တယ်လို့ မပြောနဲ့ အချင်းချင်း မှီနို၍ နေကြတယ်၊ သူ့နေရာနဲ့သူ ဦးဆောင် နေကြပါတယ်တဲ့၊ ဟုတ်လား။

အဲဒါကြောင့်....

Buddhism is neither a metaphysical path nor a ritualistic path.

မြေ၊ ရေ၊ လေ၊ မီး၊ နေ၊ လ၊ နက္ခတ်၊ မိုးရွာခြင်း၊ လေတိုက်ခြင်း နေပူခြင်း စသည့် ရုပ်သဘာဝတို့၏ နိယာမ ဓမ္မတာပေါ်၌ ယစ်ပူဇော်သတ် မှီခိုနေသော ဂါဒမျိုးလဲ မဟုတ်။

တန်ခိုးရှင်၊ ဖန်ဆင်းရှင်၊ နတ်၊ ဗြဟ္မာ စသည်တို့ကို တစ်ဖက်သတ် ကြောက်ရွံ့ထိတ်လန့်အားကိုးပြီး မိမိကိုယ်ကိုပုံအပ်၍ ပူဇော် ပသ နေရသော ထုံးတမ်းစဉ်လာ ဝါဒမျိုးလဲ မဟုတ်။

Buddhism is a unique path of Enlightenment.

ဗုဒ္ဓဘာသာတရားတော်သည် Enlightenment လို့ ခေါ်တဲ့ ဗောဓိဉာဏ်ကို ရဖို့ရန် ဗောဓိဉာဏ်ဆိုသည်ကား သစ္စာဉာဏ်ကို ဆိုလိုပါသည်၊ သစ္စာဉာဏ်ကို ရဖို့ရန်အတွက် a unique path တစ်ခုတည်းသော လမ်းပဲတဲ့၊ တခြားလမ်းမရှိဘူး၊ ဟုတ်လား။ ဗုဒ္ဓဝါဒကို ပီပီ ပြင်ပြင် ဒီလိုနားလည်ကြဖို့ ဖြစ်ပါတယ်။

ဒီတော့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိတဲ့ ဝေါဟာရတွေကိုနှုတ်တိုက် ရွရွရသည်ပဲ ဖြစ်စေ၊ စကားလုံးတွေ ပီပီပြင်ပြင်ရချင်ရမရချင်နေ ဒီသဘောလေးကိုပိုင်ယင် ဘုန်းကြီးတို့ပရိသတ်အတွက် လုံလောက်ပါတယ်၊ ဟုတ်လား။ ဟာ–တို့စာတွေအများကြီးဖတ်ရဦးမှာပါလားဆိုပြီးတော့ တွေးပြီးတော့ စိတ်လေးမနေကြပါနဲ့၊ ပိဋကတ်သုံးပုံစာအုပ်တွေကြည့်ပြီးတော့လဲ သိပ်ကြောက်မနေကြပါနဲ့၊ တို့ စာအုပ်တွေအများကြီးသင်ရဦးမှာပါလား ဆိုပြီးတော့ သိပ်ကြောက်မနေကြပါနဲ့။ ခုပြောတဲ့ သဘော တရားမှာ စရဏ–အကျင့်နဲ့ ဝိဇ္ဇာ–အသိဉာဏ် အဲဒီနှစ်ခုဟာ သဒ္ဓါပေါ်မှာ အခြေခံ လိုက်ယင် ပရိသတ်ကြီး အတွက် လုံလောက် သွားပါပြီ။ သဒ္ဓါယ တရတိ ဩဃံ။

## ဘာဏ္ဍာဝါခရီး သဘောစီးသွားတယ်

ဘုန်းကြီးတို့ပရိသတ်က ပုံပြင်လေးများ ပြောယင် တယ်ကြိုက် တယ်၊ နည်းနည်းပြောဦးမယ်။

ကမ်းမမြင်ကျယ် ပင်လယ်ကြီးထဲမှာ သဘောကြီးတစ်စင်း ခုတ် မောင်းနေတယ်၊ ထိုသဘောပေါ်မှာ ... ဒိဂရီတွေ အများကြီးရထားတဲ့ ပရော်ဖက်ဆာကြီး ... သဘောစီးသွားတယ်၊ ထက္ကသိုလ် ဆရာကြီးများထိုဘာသာမှ မရည်ရွယ်ပါဘူး၊ ပရော်ဖက်ဆာကြီးတစ်ယောက်ထ

သင်္ဘောစီးသွားတယ်။ အဲဒီသင်္ဘောမှာ စတီယာတိုင် ကိုင်ပြီးတော့ သင်္ဘောကစ်စင်းလုံးကို ထိန်းမောင်းသွားတဲ့ ပုဂ္ဂိုလ်၊ ကပ္ပတိန်က ဘာ ဘွဲ့မှ မရဘူး၊ ဘာ ဒီဂရီမှ မရဘူး။

ပင်လယ်ထဲသွားတဲ့ ပုဂ္ဂိုလ်သည် ကောင်းကင်နက္ခတ်တော့ နား လည်ရမယ်တဲ့ ဆိုရိုးစကားရှိတယ်။ ကမ်းတွေ လမ်းတွေ မမြင်ဘူးဆို ကောင်းကင်က ကြယ်တွေလတွေကို ကြည့်ပြီးတော့ ဘယ်ကြယ်လေးများ ထွက်လာယင် ဘယ်အချိန်ရောက်ပြီ၊ ဘယ်ကြယ်သည် ဘယ်မှာရှိတယ် စသည် ဟုတ်လား။ အဲဒီနက္ခတ်တွေကို ကြည့်ပြီးတော့ သူတို့မောင်းလာကြ တာကို Compass ခေါ်တဲ့ ဒီလိုလမ်းညွှန်များ မရှိသေးတဲ့ ခေတ်လို့ ဆိုကြပါစို့ဗျာ။ အဲဒီတော့ နက္ခတ်ဗေဒကို တတ်ရမယ်ပေါ့။ သင်တန်း ကျောင်းမှာဆိုယင် ဒီလိုသင်လိမ့်မယ်။ Astrology တွေ ဘာတွေ သင် မှာပေါ့။

ဟာ-နက္ခတ္တဗေဒတစ်ခုတည်းနဲ့တော့ မဖြစ်သေးဘူး၊ ရာသီဥတု အတတ်ပညာကိုလဲတတ်ရမယ်၊ ကောင်းကင်တိမ်ဖြူလာယင် ဘယ်လို၊တိမ် တွေ မည်းလာယင် ဘယ်နှယ်၊ လေပူတိုက်ယင် ဘယ်လို၊ လေအေး တိုက် ယင် ဘယ်နှယ်၊ တိမ်ညို၊ တိမ်ဖြူ၊ တိမ်နီ တိမ်ဂေါ် ဟိုရှင်ဥတ္တမကျော် တောလားလို-

''တိမ်ညိုမိုးလွှာ၊တိမ်ဖြူကာနှင့်၊ တိမ်ပြာရောယှက်၊ မကန်းဖက်၍၊ တိမ်ဘက်တန့်ရောင်၊ အဝါဆောင်ဝယ်၊ မှောင်ခဲ့ဘာစ်ခါ၊ပြာခဲ့တစ်လီ၊ရီခဲ့ တစ်ဖုံ၊ မှုန်ခဲ့တက်ချက်၊ယုဂန်ထက်က၊လေးဘက်လုံးခြုံ၊တိမ်ဂဠုန်လည်း၊ နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့ပြိုင်လှယ် ဂုဏ်ချင်းဆိုင်ငယ့်''

မြန်မာစာ သင်တာ မဟုတ်ပါဘူး၊ ရှင်ဥတ္တမကျော် တောလား ထဲမှာ ဆိုထားတာနော်၊ မြန်မာစာ ဂုဏ်ထူး ရချင်တဲ့ ကျောင်းသူ ကျောင်းသားတွေက ဘုန်းကြီးထက်ပိုပြီးရမှာပါ။ ဘုန်းကြီးတို့ရိုသတ် အဲဒီလို ရာသီဥတုအတတ်ပညာဆိုတာ ရှင်ဥတ္တမကျော် ဆရာတော်ကြီးက ရေးသားထားတဲ့ဥစ္စာ ဘယ်လောက်ကောင်းလဲ၊ တိမ်ညိုတွေ တိမ်ဖြူတွေ တိမ်နီတွေဟာ မရမ်းရောင်တွေ တိမ်စုတာတွေ ဆုံပြီးတော့ ပြောသွား တယ်။

## အဏ္ဏဝါဗေဒ မတတ်တဲ့ သင်္ဘော ကပ္ပတိန်

အဲဒီတော့ နက္ခတ်ဗေဒ ပညာလဲ တတ်ရမယ်၊ ရာသီဥတုအတတ် ပညာကို ဆရာ ဆရာမတို့ ကျောင်းသူ ကျောင်းသားတို့ တက္ကသိုလ်က သယ်လိုခေါ်လဲ၊ ဟောဗျာ ဘယ်လိုမှ မခေါ်ဘူးလား၊ ဘုန်းကြီးမသိလို့ မေးတာပါ။ ဘာခေါ်လဲ Astroloyg ဆိုလား၊ Meteorology ဆို လား၊ ဘာဆိုလားပဲ။ ထားပါတော့လေ ဘာမှ မပြောလဲ ဒီအတိုင်းပဲ ထား၊ ရာသီဥတု အတတ်ပညာ၊ ဒါဗေဒတစ်မျိုးတတ်ရမယ်။

ဒါနဲ့ပြီးပြီလားဆိုတော့ မပြီးသေးဘူး၊ ရေအတိမ်အနက်၊ လှိုင်း တံပိုးတို့ရဲ့ သဘာဝ၊ ကျောက်ဆောင်ရှိတတ်တဲ့နေရာ၊ မရှိတတ်တဲ့ နေရာ၊ ဝဲရှိတတ်တဲ့ သဘော၊ မရှိတတ်တဲ့ သဘော၊အဏ္ဏဝါဗေဒလဲတတ်ရဦးမယ်၊ သူက ဒီလိုလာတယ်။ အဲဒီတော့ဒီပင်လယ်ကြီးထဲမှာသင်္ဘောကြီးကိုမောင်း သွားနေတဲ့ သင်္ဘောထိန်းတဲ့ ဒီ စတီယာတိုင်ကိုင်တဲ့ ကပ္ပတိန်ကြီးက နက္ခတ်ဗေဒလဲ နားမလည်ဘူး၊ မိုးလေဝသအတတ်ပညာလဲ မတတ်ဘူး၊ အဏ္ဏဝါဗေဒလဲ နားမလည်ဘူး။

ဒါပေမယ့် သူသည် တိမ်ဖြူဖြူလာယင် မိုးရွာမယ်၊ မရွာဘူး၊ တိမ်ညိုလေးလာယင် ဘာဖြစ်မယ်ဆိုတာ သူသွားနေကျ အတွေ့အကြုံအရ သူ့အကုန်သိပြီးသား။ ပင်လယ်ထဲ ဘယ်နေရာဟာ ရေနက်တယ်၊ ရေတိမ် တယ်၊ ငါးလိပ်မကန်း ဘယ်လိုရှိတယ်၊ လှိုင်းတံပိုး ဘယ်လို ထုတတ်တယ်၊ ဘယ်နေရာမှာဝဲရှိတယ်ဆိုတာကိုသူ့ဟာသူ့အကုန်သိပြီးသားသူ့ရဲ့Experi-once အရ သိပြီးသား။ သူက ပင်လယ်ထဲ မွေးလာတဲ့လူ ဟုတ်လား။အဲဒီ သင်္ဘောကြီး စီးလာတဲ့ ညွှန်သည်ကြီးခရီးသည်ကြီးက ပင်လယ်ထဲမွေးတာ မဟုတ်ဘူး။ ပရော်ဖက်ဆာဆိုတော့ ဘယ်မှာမွေးမယ်ထင်လဲ၊ ယူနီဗာစီတီ မှာ မွေးမယ်လား မသိဘူး။

အဲ-အဲ့ဒါသွားကြရောဗျာ၊ သွားကြရော။ ဟာ-တော်တော်ဝေး ကြာရော ဘာတွေဖြစ်လာလဲဆိုတော့ ညသန်းခေါင်ကျော် အလွန်ဘာရာ ကျယ်ပြောတဲ့ ပင်လယ်ကြီးရဲ့ အလယ်ခေါင်မှာ အရှေ့အနောက် တောင် မြောက် ဘယ်မှန်းမသိတဲ့ နေရာတစ်ခုကို သူတို့သင်္ဘောကြီး ဆိုက်ရောက် သွားတယ်။

## စာတွေ့သမား လက်တွေ့သမား

ဒါပေမယ့် ဗိုရေကြောင်းမှာပဲ အမြဲတမ်းသွား ရေထဲမှာ မွေးဖွားတဲ့ သင်္ဘောကပ္ပတိန်ကြီးက သူသိတယ်၊ အရှေ့အနောက် တောင်မြောက် သိချင်သိမသိချင်နေ ကောင်းကင်က ကြယ်လေးတွေ သူ့ဟာသူ မှတ်သားပြီးတော့ ငါသင်္ဘော ဘယ်ဘက်ကိုဦးတည် Direction ပေးလိုက်ရမယ်၊ ဘယ်လိုဦးတည်ပေး Direct လုပ်ပေးလိုက်ရမယ်ဆိုတာ သူ့ဟာသူသိပြီးသားဖြစ်တော့ မောင်းနေတာ။ အဲဒါ ထိတ်ထိတ်ပျာပျာ ဖြစ်ပြီးတော့ သင်္ဘောစီးလာတဲ့ ပရော်ဖက်ဆာကြီးက လာမေးတယ်။ ဟော့ကောင် ဟော့ကောင် မင်းဥစ္စာကွာ သန်းခေါင်ယံကြီးမှာ ကမ်းမမြင် လမ်းမမြင်နဲ့ ပင်လယ်ကြီးထဲ ရောက်နေပြီ၊ မင်းရမ်းပြီးတော့မောင်းနေတာ ထင်တယ်။

Do you know Astrology?

ဟိုက မေးတယ်။

မင်း နက္ခတ္တဗေဒကို နားလည်ရဲ့လားတဲ့၊

နက္ခတ်တော့ နားမလည်ဘူးဗျာ၊ ဒါပေမယ့် ဒီပင်လယ်ကို ကျုပ်ဖြတ်ရပါတယ်တဲ့၊ သူက ဒီပင်လယ်ကို ကျုပ်ဖြတ်ရပါတယ်၊ နက္ခတ်ဘာညာတော့ ကျုပ်မတတ်ဘူးဟဲ့။ ဟာ နက္ခတ်ပညာမတတ်ဘဲနဲ့မင်းဒီပင်လယ်ထဲမှာ၊ သင်္ဘောမောင်းနေတာ နှစ်ဘယ်လောက်ကြာပြီလဲ၊ ကျုပ်အသက်နဲ့အမျှပဲ ကျုပ် ပင်လယ်ထဲ မွေးတဲ့လူတဲ့။ ဆရာကြီးက ဘယ်မွေးတာလဲဆိုတော့ ဆိုကြပါစို့ဗျာ၊ ကျုပ်က အမေရိကားမှာမွေးတာ၊ ဟုတ်လား။

ဒီတော့ ပြောတယ်၊ နက္ခတ်ပညာကို မတတ်ဘဲနဲ့ မင်းပင်လယ်ထဲမှာ သင်္ဘောသွားနေတာဟာ မင်းအသက်ရဲ့ လေးပုံတစ်ပုံဆုံးရှုံးသွားပြီတဲ့၊ မင်းသေလိမ့်မယ်ပေါ့၊ လေးပုံတစ်ပုံ ကုန်ပြီဆိုတော့ အသက် လေးပုံသုံးပုံပဲ ကျန်တော့တယ်၊ နက္ခတ်ပညာမတတ်လို့ လေးပုံတစ်ပုံသေနေပြီ။ ပရော်ဖက်ဆာကြီးက ပြောတယ်၊ ကိစ္စမရှိပါဘူးဗျာ ခင်ဗျားမပူပါနဲ့။ ဆက်ပြီးတော့ မောင်းသွား ပရော်ဖက်ဆာကြီးကလဲ တက်အိပ်၊ သူ့အခန်း သူတက် ပြီးတော့အိပ်။

တော်တော်ကြာတော့ ဘုန်းကြီးတို့ရှိသတ်များ လေဟော့ တိုက်လာတယ်။ မိုးတွေရွာလာတယ်၊ သင်္ဘောကြီးကဝုန်းဝမ်း ဝုန်းဝမ်းနဲ့ခုန်နေတော့ ပရော်ဖက်ဆာကြီးက ပြေးဆင်းလာပြန်တယ်။ ဟော့ကောင်

လေတွေမိုးတွေကျနေပြီကွ၊ မင်း ရာသီဥတု အတတ်ပညာ မိုးလေဝသတွေ ဇလဗေဒတွေ မင်းနားလည်ရဲ့လားဆိုတော့-

"I dno't know ဇလဗေဒ"

ဒီလိုဆို မကောင်းဘူးလား ခင်ဗျား တို့က ပြောမှ မပြောပဲ၊ ဟုတ်လား။ မိုးလေဝသ အတတ်ပညာ ဘယ်လိုခေါ်လဲ ဆိုတော့ ယူနီဗာစီတီက မပြောတော့ ဒီလို ပေါင်းချလိုက်တာ ကောင်းတယ်။

## အန္တရာယ်ပြွမ်းတဲ့ ခရီးကြမ်းအဆုံးမှာ

ဇလဗေဒလဲ ကျုပ် နားမလည်ဘူးတဲ့။ ဟာ ဇလဗေဒနားမလည်ပဲနဲ့ မင်း ဒီလိုမောင်းနေယင် ရာသီ ဥတု နားမလည်ပဲနဲ့ မင်းမောင်းနေလို့ ရှိယင် ဘာဖြစ်လဲ၊ မင်းအသက်ဟာ ပင်လယ်ထဲမှာ လေးပုံနှစ်ပုံ သေနေပြီတဲ့ မင်းအသက် တစ်ဝက်ပဲကျန်တော့တယ်၊ ကိစ္စမရှိပါဘူး မစိုးရိမ်ပါနဲ့။ မောင်းသွားပြီ။

တော်တော်ကြာကျတော့ ဘုန်းကြီးတို့ ရိသတ်များ လှိုင်းကြီးတွေကလဲထူ ဝဲကလဲလှည့်နေတဲ့နေရာ သင်္ဘော ကြီး ဝင်သွားရော၊ သင်္ဘောကြီးလဲ ဝင်သွားရော ဟိုလူကြီးက ဆင်းလာပြန်တယ်။ ပရော်ဖက်ဆာကြီးက ဆင်းလာ ပြန်တယ်။ ဟေ့ကောင် ဟေ့ကောင် မင်း အဏ္ဏဝါဗေဒ တတ်ကဲ့လား။ အဏ္ဏဝါဗေဒတွေ ဘာတွေ ကျုပ် နားမလည်ဘူး။ ကျုပ် ပင်လယ်ထဲမွေးတဲ့ကောင်။ ခင်ဗျားလာပြီး ဘာမှ ဆရာ လုပ်မနေနဲ့။

ဟာ အဏ္ဏဝါဗေဒမတတ်ပဲနဲ့ မင်း ပင်လယ်ထဲမှာ သင်္ဘောမောင်းနေယင်တော့ မင်း အသက် လေးပုံသုံးပုံ သေပြီတဲ့။ တစ်ပုံပဲ ကျန်တော့တယ်။ တည်းတည်းလေး ကျန်တော့တယ် ရိသတ်များ။ အဲဒီတော့ ဟိုလူက ဘာပြောလဲ ဘယ်နှစ်ပုံပဲ ကျန်ကျန် ကျုပ်ကတော့ ဒီသင်္ဘောကို ရဲရဲ တင်းတင်းပဲ မောင်းမှာပဲ။ ဝဲသော ဘာသော အရေး မကြီးဘူး။ ခင်ဗျား ဘာမှပူမနေနဲ့။ နက္ခတ်တတ်ချင်တတ်၊ မတတ်ချင်နေ၊ ရာသီဥတု ပညာ တတ်ချင်တတ်၊ မတတ်ချင်နေ။ ပင်လယ် ရေကြောင်း အတတ် ဇ [illegible]တ်၊ မတတ်ချင်နေ ကျုပ်ကတော့ မောင်းမှာပဲဆိုပြီး မောင်း

ဟာ ဘာ ပြော ကောင်း မ လဲ တော် တော် လေး လဲ ကြာ ရော လေမုန်တိုင်းလဲ ပြင်းထန်စွာ တိုက်ခတ်ပါတယ်၊ မိုးသည်းထန်စွာ ရွာသွန်းပါတယ်၊ လှိုင်းလေလဲ ထူထပ်ပါတယ်။ ပင်လယ်ကြီးထဲက ဝဲထဲလဲ ရောက်နေပါတယ်။ ကျောက်ဆောင်ကြီးကိုလဲ ဒိုင်းကနဲ တိုက်လိုက် ပါတယ်။ ဘာမှ မတတ်နိုင်တော့ဘူး။

ဘုန်းကြီးတို့ ပရိသတ်များ ပင်လယ်ကြီးထဲမှာ အဲဒီ သင်္ဘောကြီး ဟာ နစ်ဖို့ရန် စုန်းစုန်း မြုပ်ဖို့ရန် သေချာတဲ့ အခြေအနေကို ရောက်သွားပြီနော် သေချာတဲ့ အခြေအနေရောက်တော့ သင်္ဘောကြီးထဲကို ရေတွေ တဟဲဟဲနဲ့ဝင်နေပါပြီ။ အဲဒီအချိန်ကျတော့ ပရော်ဖက်ဆာကြီးကတုန်ပြီးတော့ ကြက်သီးထပြီးတော့ ကြောက်နေတယ်။ ခုနက လော်ဂျီအမျိုးမျိုးကို တတ်သာတဲ့ ပရော်ဖက်ဆာကြီး ဟုတ်လား။ Astrology တို့ ဘာတို့ တတ်သာတဲ့ ပရော် ဖက်ဆာကြီးက သင်္ဘော ကပ္ပတိန်ကြီးကို မသာတော့ဘူး။

## ရေကူး ပညာ မတတ်တဲ့ ပရော်ဖက်ဆာကြီး

ဟာ ဘယ်လို လုပ်ရပါ့မလဲ၊ ထိပ်ထိပ် ပျာပျာနဲ့ သင်္ဘောကြီးနစ်ဖို့ သေချာပြီလဲဆိုရော သင်္ဘောကပ္ပတိန်က အပြေးတက် သွားတယ်။ အခန်းတံခါးခေါက်ပြီးတော့ ဆရာကြီးဗျို့ ပရော်ဖက်ဆာကြီး။ ဟာဘာဖြစ်လဲ။ ကျုပ်သင်္ဘောကြီး နစ်ဖို့ရန် သေချာနေပြီ၊ သေချာနေပြီ နစ်တော့မယ်၊ သင်္ဘောကြီးနစ်တော့မယ်။ သင်္ဘောနစ်ယင် ဘယ့်နှယ်လုပ်မလဲတဲ့ ပရော်ဖက်ဆာကြီးက ပြန်မေးတယ်။ အဲဒီ သင်္ဘောကပ္ပတိန်က ပရော်ဖက်ဆာကြီးကို မေးလိုက်တယ်။

Do you know Swimmology.

ဘာတဲ့လဲ။ အရေးအကြီးဆုံးက ဒါပဲ မဟုတ်လား။

I've never heard about Swimmology.

ဆရာကြီး ရေကူးအတတ် ခင်ဗျား တတ်သလားတဲ့၊ ဟုတ်လား။ ရေကူးအတတ် ပညာကို Swimmology လို့ ခေါ်တာ။ တကယ်သိလ်က တစ်ခါမှ မသင်ဘူး ထင်ပါတယ်နော်။ ဒီတော့ပရော်ဖက်ဆာကြီးက ဟာ— ငါ ယူနီဗာစီတီမှာ ဆရာလုပ် ကျောင်းသားလုပ်သာ နှစ်ပေါင်းများစွာ

ကြားခဲ့ပြီ၊ တစ်ခါမှ Swimmology ဆိုတာဖတ်လို့မဖတ်ဖူးဘူး၊ မှတ်လဲ မမှတ်ဖူးဘူး၊ ကြားလဲမကြားဖူးဘူး။ ဘယ်ဆရာမှလဲ မသင်ဖူးဘူး၊ မင်း ရူးနေသလားတဲ့။ Swimmology ဆိုတာ ဘယ်မှာမှ မရှိဘူးကွတဲ့။

ခင်ဗျား Swimmology တတ်ချင်တတ် မတတ်ချင်နေ ရှိတယ်ပဲ ပြောပြော မရှိဘူးပြောပြော၊ ခင်ဗျား နက္ခတ္တ ဗေဒတွေ ဘာတွေ အဏ္ဏဝါ ဗေဒတွေအသာထား ဒီအချိန်အရေးအကြီးဆုံးကဘာလဲ၊အရေးအကြီးဆုံး အခြေအနေမှာ အဖိုးတန်ဆုံး အတတ် ပညာက ဘာလဲ Swimmology ခင်ဗျား ရေကူးတတ်တဲ့ အတတ်ပညာ တတ်သလားလို့ ဆိုတော့ ယူနီဗာ စီတီ တက်ခဲ့လို့ လော်ဂျစ်တွေ အမျိုးမျိုး သင်ပြီးတော့ ဒီဂရီတွေတော့ အများကြီး ရခဲ့ပါတယ်ဗျာ၊ ဒါပေမယ့် Swimmology ကိုတော့ ငါ မတတ်ခဲ့ဘူးဟေ့။

အေး-ကျုပ်က ခုနက နက္ခတ္တ ဗေဒ ရာသီ ဥတု ဗေဒ အဏ္ဏဝါဗေဒ တွေကို မတတ်လို့ ကျုပ်အသက်ကို လေးပုံသုံးပုံ သေပြီလို့ ခင်ဗျားပြော တယ်။ Swimmology မတတ်တဲ့ ပရော်ဖက်ဆာ အသက် လုံးလုံးကြီး သေပြီတဲ့ မှတ်ပေတော့၊ ဟုတ်လား။ ပရိသတ်ကြီး၊ သင်္ဘောကြီး ဖြည်း ဖြည်း မြုပ်သွားပါပြီတဲ့။ ဘာဗေဒကိုမှ မတတ်ခဲ့ပဲနဲ့ ပင်လယ်ထဲမှာ မွေးလာတဲ့ သင်္ဘော ကပ္ပတိန်က အေးအေး ဆေးဆေး ကူးပြီးတော့ ကမ်းတက်သွားတယ်။ ပရော်ဖက်ဆာကြီးက သင်္ဘောနဲ့အတူတူ မြုပ်သွား ပါပြီ။

အရေးကြီးဆုံးက ဘာလဲ

ဘာအရေးအကြီးဆုံးလဲ၊ပင်လယ်ထဲမှာမွေးတဲ့ပုဂ္ဂိုလ်သည်ပင်လယ် အတတ်ကို တတ်ပြီးသားဖြစ်တယ်။ ပင်လယ်ထဲမှာ မမွေးပဲနဲ့ ဘယ်မှာမွေး တဲ့လူက ဘာတတ်ထားလဲ၊ ပင်လယ်ထဲမှာ မွေးတဲ့လူက ရေကူးအတတ်ကို သူ့ဟာသူ တတ်ပြီးသား၊ ဟုတ်လား။ ကောင်းကင်က မိုးတိမ်ကို သူက မွေးထဲကကြည့်လာတဲ့သူ၊ ဘယ်မိုးတိမ်တက်လာယင် ဘယ်လေတိုက်တယ် ဆိုတာ သူ့ဟာသူ သိပြီးသား၊ ရေအရောင်ကို ကြည့်လိုက်ရုံနဲ့ နက်တယ် တိမ်တယ်ဆိုတာ သူ့ဟာသူ သိပြီးသား။

အဲဒါကြောင့် သူက သူ့ကိုယ်သူယုံတယ်။ ဘာဒီဂရီမှ ရချင်ရ၊ မရ ချင်နေ self confidence မိမိ ကိုယ်ကိုမိမိ ယုံကြည်ချက် ရှိတယ် သူ ယုံတယ်၊ အဲဒီ ယုံကြည်ချက်နဲ့ သူသည် သင်္ဘောကြီး မြုပ်သွား ပေမယ့်

ဟိုဘက်ကမ်းရောက်အောင် ကူးခတ်နိုင်ပါတယ်။ မိမိကိုယ်ကို ယုံကြည်ချက်မရှိဘူး၊ ဟိုဆရာကြီးက Swimmology မှ မတတ်ပဲ၊ ဟုတ်လား။ အရေးကြီးဆုံးက ရေကူးတဲ့အတတ်က အရေးအကြီးဆုံးပဲ၊ ဒါပဲ။ အဲဒါမတတ်ပဲနဲ့ သဘော်စီးလာတော့ သူသေတာပေါ့။ ဒါကြောင့်—

သဒ္ဓါယ တရတိ ဩဃံ၊ တဲ့

အဲဒါကို ပြောတာ။

ဩဃံ၊ ဩဃလေးဖြာ သံသရာပင်လယ်ကြီးကို။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ တရတိ၊ ကူးတော်နိုင်တယ်။

ယုံကြည်ချက်ရှိတယ်၊ ပင်လယ်ထဲမှာမွေးလာတဲ့ ပုဂ္ဂိုလ်က ပင်လယ်အတတ်ကို ကောင်းကောင်းကြီး တတ်ပြီးသားဖြစ်ပါတယ်။

ဗုဒ္ဓဘာသာ နယ်မြေမှာ မွေးဖွား လာကြတဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ အကုန်လုံး အကုန်လုံး၊ ပင်လယ်ထဲမှာ မွေးလာတဲ့ သဘော် ကပ္ပတိန် လိုပါပဲ၊ ဟုတ်လား။ ရေကူးအတတ်ကို သူ့သည် အလိုလို တတ်ပြီး ဖြစ်နေတဲ့ အတွက်ကြောင့် သဘော်ကြီးနစ်ပေမယ့် သူက မကြောက်ဘူးတဲ့၊ ရဲရဲတင်းတင်း ဟိုဘက်ကမ်းကိုကူးခတ်သွားခဲ့ပါပြီ။ ပင်လယ်ထဲမှာ မွေးချင်လဲမွေးမယ်၊ မမွေးချင်လဲနေ ရေကူးအတတ်သာ မတတ်ဘူး ဆိုယင်တော့ ဘုန်းကြီးတို့ ပရိသတ်ရေ၊ အဲဒါ မြုပ်ဖို့သာ ပြင်ထား။

ဒီတော့ အရေးကြီးဆုံးသော အတတ်ပညာကို ဘုန်းကြီးတို့ ပရိသတ် တတ်စေ ချင်ပါတယ်။ အရေးကြီးတဲ့ အတတ် ပညာက သဒ္ဓါရဲ့သဘောကို ကောင်းကောင်းကြီး တတ်မြောက် ကြရမယ်၊ ဟုတ်လား။ သဒ္ဓါရဲ့ သဘောကို ကောင်းကောင်း တတ်မြောက်ကြရမယ်။ သဒ္ဓါကို အကြောင်းအရင်းခံယင် ဟိုဘက်မှာ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။ ဆိုလိုသည်ကား ကိုယ့်အစွမ်းသတ္တိကို ကိုယ်ယုံကြည်တဲ့ ပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိ။

ကိုယ့်မှာ ဘာရှိလဲ၊ သဒ္ဓါရှိတယ်၊ ဝီရိယရှိတယ်၊ သတိရှိတယ်၊ သမာဓိရှိတယ်၊ ပညာရှိတယ်၊ ဟုတ်လား။ အဲဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတာတွေဟာ ဘုန်းကြီးတို့ ပရိသတ်ရဲ့ ရင်ထဲ နှလုံးထဲမှာ ဘယ်ဘုရားမှ ထည့်မပေးပဲနဲ့ အလိုလို ရှိပြီးသား။ ဘယ် နတ်၊ ဗြဟ္မာကမှ ထည့်ပေးလိုက်တာမဟုတ်ပဲနဲ့ အလိုလိုရှိပြီးသား။ အဲဒီစွမ်းရည်သတ္တိတွေကို ယုံကြည်တဲ့ပုဂ္ဂိုလ်သည် သံသရာ ပင်လယ်ကြီးကို ကူးခတ်သွားမှာ ဖြစ်ပါတယ်။

## အားကိုးရာ အပြည့်အစုံ အလုံအလောက်ရဖို့ ဘာလိုလဲ

ကိုယ့်သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာကို မယုံကြည်ဘူး၊ ဒီ စိတ်စေတသိက်တို့ရဲ့ သဘောကို မယုံကြည်ဘူးဆိုယင် ထိုပုဂ္ဂိုလ်သည် သံသရာပင်လယ်မှာ ထိုပရော်ဖက်ဆာကြီး မြုပ်သွားသလို မြုပ်သွားမယ်လို့သာ မှတ်ပါ။ အရေးအကြီးဆုံးသော အတတ်ပညာသည် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ အရေးကြီးတဲ့ အပိုင်းကို ဘုန်းကြီးတို့ ပရိသတ်အား တင်ပြထားပါတယ်။ ဒါကြောင့်=

Buddhism is not a Religion- လို့။

ဟိုမှာ ခေါင်းစဉ်ပေးထားတယ်၊

ကောင်းပြီ၊ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ သဒ္ဓါတရား ရင်ထဲဝင်လာတယ်။ ဝီရိယတရား ရင်ထဲရောက်လာတယ်၊ သတိရင်ထဲဝင်လာတယ်၊ သမာဓိ ရင်ထဲ နှလုံးထဲဝင်လာတယ်၊ ပညာ ရင်ထဲ နှလုံးထဲဝင်လာတယ်။ အဲဒီ စေတသိက်တွေ ဒီလို ကောင်းမြတ်တဲ့ စိတ်တွေ စေတသိက်တွေပေါ့။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ မဂ္ဂင်ထိုက်တဲ့ စိတ်စေတသိက်တွေပေါ့၊ ဟုတ်သား။

မဂ္ဂင်ထိုက်တဲ့ စိတ်တွေ စေတသိက်တွေ နှလုံးသားထဲကို ရောက်နေတဲ့ ပုဂ္ဂိုလ်က လေမုန်တိုင်းကြီး ပဲကျကျ၊ လှိုင်းတံပိုးပဲရိုက်ရိုက်၊ ဝဲနဲ့ပဲ တွေ့တွေ့၊ ကျောက်ဆောင်နဲ့ပဲတိုက်တိုက်။ ကမ်းမမြင်ကျယ် ပင်လယ်ကြီး ထဲမှာ သင်္ဘောကပ္ပတိန်ကြီးက ဘာမှ မကြောက်ဘူး၊ ငါရေကူးတတ်တယ် ဆိုပြီးတော့ သတ္တိကောင်းသလိုပဲ၊ အဲဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အားကောင်းတဲ့ သူတော်စင်တွေဟာ ဘဝသံသရာမှာ ဘာမှ ကြောက်စရာမလိုဘူး၊ အားကိုးရာ အပြည့်အစုံ အလုံအလောက်ရတယ်။

အဲဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေ ရင်ထဲဝင်အောင်း နေတဲ့ပုဂ္ဂိုလ်ကဘာဖြစ်လဲ။ Mental Peaceစိတ်ထဲမှာငြိမ်လို့ငြိမ်လို့၊ သူတို့ အချမ်းသာဆုံးပဲ။ ရေကူးအတတ် မတတ်တဲ့ ပရော်ဖက်ဆာကြီး ဘွဲ့တွေ အများကြီးရထားတယ်၊ သင်္ဘောကပ္ပတိန်က ဆရာကြီး သင်္ဘောနစ်တော့ မယ်လဲ ဆိုရော သူ့ရဲ့ဒီဂရီတွေကို သူကြည့်ပြီးတော့၊ အေး နောက်ဆုံး ကျတော့ ရေမကူးတတ်တဲ့ အတွက်ကြောင့် ငါ သေတော့မှာပဲဆိုတော့ ဟုလူကြီး ဘယ်လောက်တုန်လှုပ်နေမလဲ ဆိုပါသနည်း။ စိတ်ငြိမ်းချမ်းမှု ဆိုအည်တာ၊ အဲဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ပဲဖြစ်ပါတယ်။

## ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုက ချမ်းသာတယ်

သူ့ရဲ့ ဆန္ဒကျင်ဘက်တွေကတော့ ကိလေသာတရားတွေ ပါပဲ၊ ဟုတ်လား၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ အဝိဇ္ဇာတွေ၊ ဣဿာတွေ၊ မစ္ဆရိယတွေ၊ အဲဒီ စေတသိက် ယုတ်ညံ့မှုတွေ နှလုံးသားမှာ လွှမ်းအုပ်နေပြီဆိုယင် ရွှေတောင်ကြီးပေါ်မှာနေရပေမယ့်လဲ ထိုပုဂ္ဂိုလ် ချမ်းသာလိမ့်မယ်မဟုတ်ပါဘူး၊ နတ်သမီးလေးတွေ တစ်ဘက် လေးငါးယောက်ဆိုတဲ့ ကိုခင်မောင်ရင်ကြီး ဆိုသလို ဝိုင်းနေပေမယ့်လဲဒီပုဂ္ဂိုလ် ချမ်းသာလိမ့်မယ် မဟုတ်ပါဘူး။

ခင်မောင်ရင်ကြီး သီချင်းတွေရတယ်မဟုတ်လား၊ နတ်သမီးတွေ တစ်ဘက်လေးငါးရာဆိုပြီးရွေးခေတ်သီချင်းကြီးတစ်ခုရှိဖူးတယ်၊ဇိမ်သမား တွေ အဲဒီလို ခံစားပြီးတော့ နေကြပေမယ့် ကာမစည်းစိမ်တွေ ပြည့်နှက် ပြီးတော့ နေကြပေမယ့်လဲပဲ စိတ်ထဲမှာတော့ လောဘက လွှမ်းနေသမျှ ငြိမ်းချမ်းမှုတွေ မရဘူး၊ ရောင့်ရဲတင်းတိမ်မှု မဖြစ်သမျှ ငြိမ်းချမ်းမှုကို မရပါဘူး။ ကိုယ်မရလို့ သူများရတာတွေကို မကျေမနပ် ဖြစ်နေသမျှ စိတ်ရဲ့ငြိမ်းချမ်းမှုကို ရကြမယ် မဟုတ်ပါဘူး။

တကယ့် ချမ်းသာ ဆိုတာကတော့ နှလုံးသားထဲကို သဒ္ဓါထည့် လိုက်ပါ။ ဝီရိယထည့်လိုက်ပါ၊ သတိထည့်လိုက်ပါ၊ သမာဓိထည့်လိုက် ပါ။ ပညာထည့်လိုက်ပါ။ မများဘူး ဒီငါးလုံးပါ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အဲဒီစေတသိက် ငါးလုံးလောက်ကို နှလုံးသားထဲ မှာ အပြည့်ထည့်ထားပြီဆိုယင် လောဘလဲ ဝင်ရောက်ခွင့် မရ၊ ဒေါသလဲ ဝင်ရောက်ခွင့်မရ၊ မောဟလဲ ဝင်ရောက်ခွင့်မရ၊ ကိလေသာတရားတို့ ဝင်ရောက်ခွင့် မရသည် ဖြစ်ခြင်းကြောင့် ထိုပုဂ္ဂိုလ် ချမ်းသာပါသည်လို့ မှတ်လိုက်ပါ။

တကယ့်ချမ်းသာ ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုတွေ ရဲ့ ပြည့်စုံမှုကို ဆိုလိုသည် မဟုတ်ပါဘူး။ စိတ်ရဲ့ အင်္ဂါရပ်တွေ ပြည့်စုံမှုကို ဆိုလိုပါတယ်။ Mental facuflity စိတ်ရဲ့ အင်္ဂါရပ်တွေ ပြည့်စုံရမယ်။ စိတ်ရဲ့ အင်္ဂါရပ်တွေကို ဘုန်းကြီးတို့ များများကြီး မပြောဘူး၊ အခု ငါးမျိုးပဲ ပြောထားတယ်။

ဘာ ပြည့်စုံရမလဲ-

(၁) သဒ္ဓါ
(၂) ဝီရိယ
(၃) သတိ
(၄) သမာဓိ
(၅) ပညာ

ဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စိတ်ရဲ့ ဒီအင်္ဂါငါးပါး။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ စသည် ဒီလို ပြောတယ်။ အဘိဓမ္မာကျမ်းတွေမှာ သဒ္ဓါဗလ၊ ဝီရိယဗလ၊ သတိဗလ၊ သမာဓိဗလ၊ ပညာဗလလို့ ဒီလိုလဲပြောတယ်။ ဝေါဟာရက နားကြားတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဆန္ဒကို လိုက်ပြီးတော့ ဗုဒ္ဓသည် ဝေါဟာရ ပြောင်းပြောင်း ဟောတယ်၊ တရားကတော့ ဒါပါပဲ။

ဣန္ဒြေလို့ ပြောမှ နားလည်မယ့် ပုဂ္ဂိုလ်မျိုးကို ဣန္ဒြေလို့ ပြောင်းဟောတယ်၊ အင်္ဂါလို့ပြောမှ နားလည်တဲ့ ပုဂ္ဂိုလ်ကို အင်္ဂါလို့ ပြောင်းဟောတယ်။ ဗိုလ်လိုပြောမှ နားလည်တဲ့ ပုဂ္ဂိုလ်မျိုးကို ဗိုလ်လို့ပြောင်းဟောတယ်။ အကြောင်းအားလျော်စွာ ဝေါဟာရကို ပြောင်း၍ပြောင်း၍ ဗုဒ္ဓသည် ဟောပါတယ်။ တရားသားကတော့ ဒါပါပဲ။

သဒ္ဓါရယ်၊ ဝီရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။ စိတ်ရဲ့ အင်္ဂါငါးပါး၊ စိတ်၏ စွမ်းရည်ငါးပါး၊ ဟုတ်လား။ အဲဒီ စိတ်ရဲ့ အင်္ဂါ သို့မဟုတ် စိတ်ရဲ့စွမ်းရည်သတ္တိ ငါးမျိုး၊ ဒီအခြံအရံ ငါးမျိုးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် လောကီရုပ်ဝတ္ထုတွေ မပြည့်စုံချင် နေပါစေ၊ ထို သူသည် ဘာဖြစ်လဲ၊ လက်တွေ့အားဖြင့် ချမ်းသာနေပါပြီ၊ ဟုတ်လား။

## ဗုဒ္ဓနဲ့ စတင်တွေ့ဆုံရတဲ့ အနာထပိဏ်

ဘုန်းကြီးတို့သပ္ပုရိသဗုဒ္ဓ၊ တစ်ခါပုန်းက ရာဇဂြိုဟ်ရောက်၊ ရာဇဂြိုဟ်မြို့ရဲ့ အပြင်ဘက်နားက သုသာန်တစ်ခုရှိပါတယ်။ သုသာန်နားက ယင်းတိုက်တောကလေးတစ်ခုရှိပါတယ်။ အဲဒီယင်းတိုက်တောကလေးထဲမှာ ဘုရားရှင် ကိုယ်တော်မြတ် ဆောင်းတွင်းကြီး သီတင်းသုံးနေတယ်။ ကျောင်းမရှိဘူး၊ နှင်းတွေက တဖွဲဖွဲကျနေတယ်၊ ဘုရားရှင်ကိုယ်တော်မြတ် တစ်ညလုံးသီကင်းသုံး၊ အောက်က အခင်းက ဘာလဲဆိုတော့ မြက်ခြောက်ကလေးတွေ ခင်းထားတယ်။ အပေါ်မှာ ကိုယ်ရုံသင်္ကန်းတစ်ခုရယ် နှစ်ထပ်သင်္ကန်းတစ်ခုရယ်၊ အဲဒါပဲခြုံထားတယ်၊

လုံးလုံးကြီး အကာမရှိဘူး၊ အမိုးမရှိဘူး အခင်းမရှိဘူး၊သစ်ပင်ရိပ်မှာ ယင်းတိုက်ပင်ရိပ်မှာ မြက်ခြောက်ကလေးခင်းပြီးတော့ နှင်းတွေတဖွဲဖွဲ၊ လေတွေကဟူးဟူးနဲ့ဗုဒ္ဓရှင်တော်ဟာ တစ်ညလုံးသီတင်းသုံးနေတယ်။ အဲဒီ ဗုဒ္ဓရှင်တော်သည် ဒီယင်းတိုက်တော ရောက်နေတဲ့အခိုက်မှာ အနာထပိဏ်သူဌေးကလဲ ရာဇဂြိုဟ်ကို အရောင်းအဝယ်နဲ့ ရောက်လာတယ်။ ဗုဒ္ဓနဲ့ အနာထပိဏ် တစ်ကြိမ်မျှ မတွေ့ဖူးသေးဘူးဖြစ်ပါတယ်။ လိုရင်းကလေး ဘုန်းကြီးတို့ ပြောကြရအောင်။

မနက်အစောကြီး အာရုံကျင်း လင်းရုံပဲ ရှိသေးတယ်။ အနာထပိဏ် ရာဇဂြိုဟ်ကို ညဦးယံသဲက ရောက်နေတယ်၊ တစ်ညလုံး ဘုရားဖူးချင်တဲ့စိတ်နဲ့ သူအိပ်နေဘာ အိပ်လို့မပျော်ဘူး၊ မိုးလင်းပြီ ထင်ပြီးတော့ ထတယ်၊ မလင်းသေးဘူး၊ နောက်ဆုံး အရုဏ်လဲတက်ရော မနေတော့ဘူး ဆိုပြီးတော့ တစ်ယောက်ထဲထသွားတယ်။ ဟိုတိုပြောကြပါစို့၊ မြို့တံခါးပေါက်ကနေ တောက်လျှောက်ထွက် လမ်းမှာ ဘာဖြတ်သန်းရသလဲ၊ သုသာန်ကြီးဖြတ်ရတယ်၊ သုသာန်ကြီးကို ဖြတ်သန်းပြီးတော့ ယင်းတိုက်တောကို ဝင်သွားတယ်။ သူဌေးကြီးတစ်ယောက်တည်း။

မြတ်စွာဘုရား ကိုယ်တော်မြတ်က ယင်းတိုက်ပင်အောက်က မြက်ခြောက်ကလေး ခင်းထားတဲ့ နေရာမှာ တပ်ပါးတည်း၊ နှင်းတွေကတဖွဲဖွဲ လေတွေက တဟူးဟူးနဲ့ဆောင်းရာသီကြီးသီတင်းသုံးနေတယ်။ အနာထပိဏ်သည် ဗုဒ္ဓရှင်တော်နဲ့ တွေ့လိုက်လျှင် တွေ့လိုက်ချင်းပဲတဲ့ တွေ့လျှင်တွေ့ချင်းပဲ လှမ်းပြီးတော့ မေးတယ်။

အပိနု ဘန္တေ သုခံ သယိတ္ထ။

အို ရှင်ဗုဒ္ဓ–ဒီလောက် လေအေးတိုက်၊ နှင်းတွေကျနေတဲ့ ဆောင်းရာသီ ဤတောအုပ်ထဲ မြက်ခြောက်ခင်းထားတဲ့ သစ်ပင်ရိပ်မှာ ချမ်းချမ်းသာသာ အိပ်စက်ရပါ၏လော တဲ့၊ သိပ်ပင်ပန်း ဆင်းရဲ နေလိမ့်မယ်လို့ အနာထပိဏ် ထင်ပြီးတော့ မေးတာပါ။

ချမ်းသာစွာအိပ်စက်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ

ဘုန်းကြီးတို့ ပရိသတ် အဲဒီလိုဆိုယင်တော့ ဒုက္ခပဲ ဟုတ်လား။ ဘုရားလို ဒီလိုသာ နေလိုက်ရယင်တော့ ဒုက္ခပဲ၊ အိမ်တံခါးတွေ အလုံပိတ်ကာ၊ အခင်းကလဲ ခုတင်ပေါ်မှာ ခင်းထားလိုက်တာ ခြောက်လက်မလောက် ထူမယ်၊ ကစ်ကိုယ်လုံး မြုပ်သွားလောက်တဲ့ အခင်းကြီး။ အပေါ်

ကလဲ ခြုံထားလိုက်ရတာ၊ အဲဒါမှ မနွေးသေးဘူးဆိုယင်အနွေးဓာတ်တွေ ဘာတွေ လွှတ်လိုက်ရသေးတယ်။ အနွေးဓာတ်တွေ ဘာတွေ ပေးလိုက်ရသေးတယ်။ အဲဒီလူတွေ နွေးနွေးထွေးထွေးအိပ်ရရဲ့လား။

တန်ခူးလ ကဆုန်လ ပူပြင်းတဲ့ ရာသီကျတော့ တံခါးတွေဖွင့် ပန်ကာတွေဖွင့် အဲယားကွန်ဒေးရှင်းတွေတပ်၊ အအေးတွေ သောက်ပြီး တော့အိပ်၊အဲဒီလူဟာ တကယ်အေးရဲ့လား၊ချမ်းချမ်းသာသာအိပ်ရရဲ့လား၊ ဒါလေးကို စဉ်းစားကြည့်ရမယ်။

မြတ်ဗုဒ္ဓကို မေးတယ်။

အပိနှ ဘန္တေ သုခံ သယိတ္ထ၊

အို အရှင်ဗုဒ္ဓ–ချမ်းသာစွာ အိပ်ရပါ၏လော၊

ဒီတော့ ဘုန်းကြီးတို့ဗုဒ္ဓက ဘာမိန့်သလဲ –

သဗ္ဗဒါ ဝေ သုခံ သေတိ ဗြာဟ္မဏော ပရိနိဗ္ဗုတော၊ ယော နလိမ္ပတိ ကာမေသု သီတိဘူတော နိရူပဓိ လို့ – ဖြေလိုက်တယ်။

အို အနာထပိဏ်-သဗ္ဗဒါဝေ သုခံ သေတိဗြဟ္မာဏော ပရိနိဗ္ဗုတော ကိလေသာ ငြိမ်းပြီးတဲ့ ပုဂ္ဂိုလ်သည် အခါခပ်သိမ်း ချမ်းသာစွာ အိပ်စက်ရပါတယ်။ ကိလေသာ ငြိမ်းပြီးတဲ့ ပုဂ္ဂိုလ်သည် အမြဲတမ်း ချမ်းသာစွာ အိပ်ရ နေရတယ်၊ ယော နလိမ္ပတိ ကာမေသု ကာမဘာရာတို့၌ မငြိဘူး ဆိုတဲ့ ပုဂ္ဂိုလ်သည်၊ သီတိဘူတော- တကယ်ကို အေးချမ်းပါတယ်။ကာမ တရားတို့နဲ့ မငြိဘူးဆိုတဲ့ ပုဂ္ဂိုလ်သည် တကယ်ပဲ အေးချမ်း ပါတယ်။ ကိလေသာတွေ အကုန်လုံး ကုန်ပြီးတဲ့ ပုဂ္ဂိုလ်သည် တကယ်ပဲ ငြိမ်းချမ်း ပါတယ်။ ဗုဒ္ဓရဲ့အဖြေကို လိုရင်း ဒီလောက်ပဲမှတ်ပါ။ အနာထပိဏ်က –

အဘိက္ကန္တံ ဘန္တေ သိပ်အံ့ဩဖွယ် ကောင်းတယ်လို့ လျှောက် ပါတယ်။

အနာထပိဏ်ကို ဘယ်ကနေ ဘယ်အိပ်ရာမျိုးကနေ ထလာတယ် ဆိုတာ သဘောပေါက်ပြီလား၊ အနာထပိဏ်ထလာတဲ့အိပ်ရာကို မြင်လိမ့် မယ်၊ မြတ်ဗုဒ္ဓကျိန်းစက်တဲ့ အိပ်ရာနေရာကိုလဲ မြင်ပါပြီနော်။ ဘယ်သူက ချမ်းသာတယ်လို့ ပြောနေလဲ၊ မြတ်ဗုဒ္ဓက ချမ်းသာစွာ အိပ်ရတယ်လို့ ပြောနေတယ်၊ အနာထပိဏ်က ချမ်းသာစွာ တပည့်တော်လဲ အိပ်ရပါတယ် ဘုရားလို့ ဆိုတာကို ရှက်လို့ မလျှောက်ရဲဘူး၊ ဟုတ်လား။ ဘုန်းကြီးတို့ ပရိသတ်ကော လျှောက်ရဲလား၊ မလျှောက်ရဲဘူး၊ ဟုတ်လား။

## ပိုးကြိုးပစ်တာ မကြားလိုက်ဘူး

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓ နောက်တစ်ခုရှိသေးတယ်။ အာတုမ ဆိုတဲ့ ရွာကလေး သီတင်းသုံးနေတဲ့အခါ ရွာကလေးက သေးသေးလေး၊ လယ်သမားတွေချည်း နေကြတယ်။ ရွာပြင်ဘက်က လယ်သမားတွေ နေသော လှယ်လုပ်တဲမှာ လယ်လုပ်တဲဆိုယင် မြင်ပြီပေါ့။ ဟိုပဲခူးလောက် ထွက်သွားယင် လှည်းကူးဟိုဘက်လောက် ရောက်ယင် လယ်သမားတွေ နေတဲ့ တဲလေးတွေ တွေ့မယ်နော်။ အဲဒီ တဲလေးထဲမှာတဲ့ ကောက်ရိုးတွေ ခင်းပြီးတော့ မိုးတွေ သည်းထန်စွာ ရွာနေတဲ့အချိန်ကြီး ဘုရားက သီတင်းသုံးနေတယ်။

လေရော မိုးရော ပြင်းထန်စွာ တိုက်ခတ် ရွာသွန်း ပြီးတော့ မိုးကြိုးတွေ ပစ်ချလိုက်တာ တဲ့ရဲ့ အပြင်ဘက်နားမှာ လယ်ထွန်နေတဲ့ လယ်ထွန် ယောက်ျား နှစ်ယောက်နဲ့ နွားလေးကောင် မိုးကြိုးပစ်လို့ သေသွားတယ်။ တစ်ရွာလုံးပြေးထွက်လာပြီးတော့ လူတွေလဲ မိုးကြိုးပစ် နွားတွေလဲ မိုးကြိုးထိ သေကုန်ကြပြီဆိုပြီးထွက်လာ၊ နွားဆွဲတဲ့ လူကဲဆွဲ လူသေကောင်မတဲ့လူကမ၊ တစ်ရွာလုံး ရုတ်ရုတ်ရုတ်ရုတ်နဲ့ အလုပ်ရှုပ်၊မိုးက စဲသွားတယ်။

ဘုရားရှင်တဲထဲက ထွက်လာပြီးတော့ တဲရှေ့မှာ လူးလာတုံ့ခေါက် စင်္ကြံလျှောက်ပြီးတော့ နေပါတယ်။ လူတစ်ယောက်က ဘုရား အနား ချဉ်းကပ်ပြီးတော့ မေးတယ်။ အို အရှင် ဗုဒ္ဓ- မိုးကြိုး ပစ်လို့ နွား လေးကောင်နဲ့ လူနှစ်ယောက်သေနေပြီ။ အရှင်ဘုရား မိုးကြိုးပစ်သံမကြား လိုက်ဘူးလားတဲ့။ မြတ်စွာဘုရားက မကြားလိုက်ဘူးတဲ့။ ဟဲ ဒါလောက် တောင် ပြင်းထန်စွာ မိုးကြိုးပစ်တာကို ကိုယ်တော်မကြားလိုက်ဘူးဆိုယင် ကိုယ်တော် အိပ်ပျော်နေသလားတဲ့၊ လယ်သမားက သူ့အတွေးနဲ့သူ မေးတာ။

ငြိမ်ငြိမ်လေးနေတယ်ဆိုယင် တချို့လူတွေက အိပ်နေတယ်ချည်း ထင်တာ၊ ဒီလိုထင်တဲ့လူတွေ အများကြီးပဲ။ ကျောင်းပေါ်မှာ ဘုန်းကြီး တိတ်တိတ်ကလေးနေယင် ဘုန်းကြီးကျိန်းနေသလား၊ ဘုန်းကြီးကျိန်းနေ ပါရဲ့ ဆိုတဲ့လူက အမြဲတမ်းပြောကြတယ်။ ငြိမ်ငြိမ်လေး နေယင် ဘုန်းကြီးအိပ်တယ်ချည်းထင်တာ ဒါအတော်ခက်တယ်။

## လောကထဲက လောကနဲ့ တခြားဖြစ်နေတဲ့ပုဂ္ဂိုလ်

ခု မြတ်ဗုဒ္ဓကတဲထဲမှာငြိမ်ငြိမ်လေးနေတယ်၊မငြိမ်တာတစ်ရွာလုံး။ ဘာဖြစ်လဲ၊ မိုးကြိုးပစ်ခံရတော့ အိုအရှင်ဗုဒ္ဓ ဘယ့်နှယ်တုံး မိုးကြိုးပစ်သံ မကြားဘူးလား၊ မကြားဘူး။ ဒါဖြင့် ကိုယ်တော် တောထဲမှာ အိပ်နေသလားတဲ့၊ ဘုရားက ငါမအိပ်ဘူးတဲ့။ ဟာ-မအိပ်ဘူး ဆိုယင်တော့အရှင်ဘုရား ဘယ်လိုလဲ မေ့မြောနေသလားတဲ့။ ဘုရားကို လျှောက်လျှောက်ပြီးတော့ မေးတာ၊ ဟုတ်လား။ ကိုယ်တော် မေ့မြောနေသလား၊မေ့မြောနေတာလဲမဟုတ်ဘူး။ မေ့မြောနေတာလဲမဟုတ်၊ အိပ်ပျော် နေတာလဲမဟုတ်ဘဲနဲ့ အရှင်ဘုရား မိုးကြိုးပစ်တာ မသိဘူးဆိုတော့ အရှင်ဘုရားမှာ စိတ်မှ ရှိသေးရဲ့လား။

ဒီတော့ ဘုရားက ငါဘုရားမှာ စိတ်ရှိနေတယ်တဲ့။ အဲ စိတ်လဲ ရှိသေးရဲ့ အိပ်ပျော်တာလဲမဟုတ်၊ မေ့မြောနေတာလဲမဟုတ်၊ သေတာလဲ မဟုတ်၊ အဲဒါတောင် ဒီလောက်ပစ်တဲ့။ မိုးကြိုးတွေ မသိလိုက် မကြားလိုက်ဘူး ဆိုတော့ အံ့သြပါရဲ့ ကိုယ်တော်တဲ့ လယ်သမားက ပြေ သွားတယ်။ တစ်ရွာလုံး မိုးကြိုးတွေ အုံးအုံး ဒိုင်း ဒိုင်းနဲ့ လူတွေသေ နွားတွေ သေနေတဲ့ အချိန်မှာ အေးချမ်းစွာ တဲကုတ်မှာ သီတင်းသုံးတာက မြတ်စွာဘုရား။

ကိလေသာတို့ရဲ့ ငြိမ်းချမ်းမှုကို ကောင်းစွာပြီးဆိုတဲ့ ပုဂ္ဂိုလ်သည် တစ်လောကလုံး ဘာပဲဖြစ်နေနေ၊ ဟုတ်လား။ လောကကြီးထဲမှာတော့ နေပါတယ်။ ဒါပေမယ့် အဲဒီ ပုဂ္ဂိုလ်ဟာ ဒီလောကကြီးနဲ့ တခြားစီဖြစ်နေတယ်။ နေတာကတော့ လောကကြီးထဲမှာပဲ၊ သို့သော် တိုသူ့ရဲ့ စိတ်သည် ကိလေသာ လုံးလုံးမရှိတဲ့အတွက်ကြောင့် ဘာဖြစ်လဲ၊ လောကကြီးနဲ့ တခြားစီ ဖြစ်သွားတယ်။

တစ်ရွာလုံးကနွားတွေဆဲ့သွားကြ၊လူတွေသေသွားကြ၊အုံးအုံးဒိုင်းဒိုင်းနဲ့ ပစ်တော့ ခတ်တော့ ဒုက္ခတွေဖြစ်လိုက်ကြတာ ငြိမ်းချမ်းတဲ့ပုဂ္ဂိုလ် တစ်ယောက် အဖို့ရာတော့ ဒီပစ်ခတ်ခံရတဲ့ လူတုကြီးကို မသနားလို့မဟုတ်ဘူး၊ သနားတော်မူပါတယ်။ မေတ္တာမထားဘူး မဟုတ်ဘူး၊ မေတ္တာထားပါတယ်။ ဒါဖြင့် မိမိရဲ့စိတ်ထဲမှာ ငြိမ်းနေတဲ့သဘောကို ဟိုက်ပြန့်ဝေလို့ မရတာ အဲဒါပဲ့ ဖက်တယ်နော်။

အဲဒါကြောင့် ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ Mental peace စိတ်ရဲ့ ငြိမ်းချမ်းမှုကို ကိုယ်တိုင်ရအောင်လုပ်ယူရမယ်။ လောကကြီးတစ်ခုလုံးက ဒီကနေ့အခြေအနေဟာ ဟို ဘုရားသီတင်းသုံးတဲ့ တဲကုပ်ကလေးဘေးက အာတုမ ရွာကလေးနဲ့ မတူဘူးလား။ ဒီကနေ့ ကမ္ဘာလောကကြီးတစ်ခုလုံးရဲ့အခြေအနေဟာ ဒီတိုင်းဖြစ်နေတယ်။ အဲဒီထဲမှာ ငြိမ်းချမ်းနေနိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် နည်းနည်းကလေးပဲ ရှိပါတယ်၊ စိတ်ရဲ့ငြိမ်းချမ်းမှုက ဒီလို ဟုတ်လား။

နောက်တစ်ခု ပြောဦးမယ်။

## လှည်းငါးရာဖြတ်သွားတာမသိတဲ့ ဗုဒ္ဓ

မြတ်စွာဘုရားကိုယ်တော်မြတ် ဒီလိုပဲ ခရီးဒေသ လှည့်လည်သွားတဲ့ အခါ၊ လမ်းဘေးသစ်ပင်ရိပ်တစ်ခုမှာ ခဏလေး နားလိုက်တယ်။ နားနေလိုက်တဲ့ အချိန်ကလေးမှာဘုရားရှင်ကိုယ်တော်မြတ်က သစ်ပင်ရင်း ထိုင်ပြီးတော့ တစ်ပါးထည်းတည်း သီတင်းသုံးတော်မူတယ်။ ဘေးမှာ မနီးမဝေးသံဃာတော် အရှင်မြတ်များစွာတို့လဲ အလုပ်ကိစ္စဖြင့် ရှိနေကြတယ်။

အဲဒီ အချိန်တဲ့၊ ဘုရားသီတင်းသုံးတဲ့ သစ်ပင်ရင်းနားက ဖြတ်သန်းပြီးတော့ လှည်း အစီးပေါင်းငါးရာ ဖြတ်ဖြတ်ပြီးတော့ မောင်းသွားတယ်၊ ဖုန်တွေက တထောင်းထောင်းထသွားတယ်။ ခြူသံ လှည်းသံတွေက တခြွင်ခြွင်မြည်သွားတယ်၊ လှည်းအုပ်ကြီး ကျော်ပြီးသွားတော့ ဖုန်တွေက တထောင်းထောင်း ကျန်ရစ်ခဲ့တယ်၊ လှည်းအုပ်ရဲ့ နောက်ကနေ ပုက္ကုသလို့ခေါ်တဲ့ မလ္လမင်းသားကြီးတစ်ယောက် နောက်ကပါလာတယ်။

လှည်းအုပ်ကြီး ဖြတ်သွားပြီးပြီလဲ ဆိုရော မလ္လမင်းသားကြီး ပုက္ကုသက အဲဒီဖုန်တန်းကြီးနောက်ဆွယ်နားက ဝင်းကနဲ ပေါ်လာတဲ့ သစ်ပင်ရင်းက ဘုရားရှင်ကို ဖူးလိုက်ရတယ်။ အဲဒီအချိန် ဘုရားနား ချည်းကပ်ပြီးတော့ ပုက္ကုသ မလ္လမင်းသားကြီးကမေးတယ်၊ အိုအရှင် ဗုဒ္ဓ ဒီနားမှာ လှည်းငါးရာ ဖြတ်မောင်းသွားတာ ဘယ်လောက် ကြာပြီလဲတဲ့။ လှည်းနောက်က သူလိုက်လာတာ သူက နောက်ကျ ကျန်ရစ်ခဲ့တာ။ လှည်းငါးရာ ဖြတ်မောင်းသွားတာ ဘယ်လောက်ကြာပြီလဲ ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်က ငါမသိဘူးတဲ့။

## မြတ်ဗုဒ္ဓ သိနေတာက ဘာလဲ

လှည်းငါးရာ ကိုယ်တော့်အနားကပ်မောင်းသွားတာ ကိုယ်တော် မမြင်လိုက်ဘူးလား၊ မမြင်လိုက်ဘူး၊ ဒါဖြင့် ကိုယ်တော် အိပ်နေသလား၊ မအိပ်ဘူး။ ဒါဖြင့် ကိုယ်တော် သေနေသလား၊ သေတာလဲ မဟုတ်ဘူး။ မေ့နေသလား၊ မေ့နေတာလဲမဟုတ်ဘူး။ ကိုယ်တော် စိတ်မှရှိသေးရဲ့လားတဲ့၊ ရှိတယ်တဲ့။ ဟာ ဒါနဲ့တောင် လှည်းတွေ သွားတာ ကိုယ်တော် မသိဘူးလား၊ မသိလိုက်ဘူး၊ အသိစိတ်ရှိလျက်နဲ့ လှည်းအုပ်ကြီးကို ဘုရားသည် မသိလိုက်ဘူး။

ဒါဖြင့်ဘုရား ဘာသိနေသလဲ၊ မိုးကြိုးတွေ တစ်အုံးအုံးချနေတယ်၊ တစ်ဖြုန်းဖြုန်းပစ်နေတယ်၊ အသိစိတ် ရှိတယ်လို့ ပြောနေတယ်၊ ဗုဒ္ဓ ဘာသိလဲ ဟုတ်လား။ ဒါ အရေးကြီးတဲ့ အပိုင်းပဲ၊ အသိစိတ် ရှိလျက်နဲ့ တရှန်းရှန်းနဲ့ အလုပ် ရှုပ်ခနေတဲ့ လှည်းတန်းကိုလဲ မသိလိုက် မမြင်လိုက်၊ မကြားလိုက်ဘူး။ အသိစိတ်ရှိပါလျက်ကနဲ့ ဘာလဲ မိုးကြိုးတွေ တစ်အုံးအုံးပစ်ခတ်လို့ တစ်ရွာလုံး လူတွေသေ၊ နွားတွေ သေနေတာကိုလဲ မသိလိုက် မကြားလိုက်ပါဘူး၊ ဗုဒ္ဓမှာ အသိစိတ်တော့ရှိတယ်။ ဒါဖြင့် ဗုဒ္ဓက ဘာကို သိနေသလဲဆိုယင် တစ်လုံးတည်း ပြောလိုက်မယ်၊ နိဗ္ဗာနဓာတ်ကို သိနေတယ်။

"ဘာကိုသိ"

"နိဗ္ဗာနဓာတ်ကိုပါ ဘုရား"

"အဲဒါကို သန္တိဓာတ်လို့လဲ ခေါ်ပါတယ်"

နိဗ္ဗာန် ဆိုတဲ့ စာလုံးကို ဘယ်လိုမှ ဘာသာမပြန်နဲ့၊ ဒီအတိုင်းထား၊ ဘာသာပြန်ယင် ပျက်ကရော။ ဟုတ်လား၊ ပြန်လို့မရဘူး။ ကြိုးစားပြန်ကြည့်ပေါ့၊ ဒီပြင်နည်းပြန်လို့ကိုမရဘူး။ နိဗ္ဗာနကို နိဗ္ဗာန အတိုင်းပဲထား၊ ဟုတ်လား။ တစ်ခါတစ်ခါပြုယင်းပြင်ယင်းနဲ့ ဒုက္ခဖြစ်သွားတာတွေရှိတယ်။ ဟိုလိုပြန်ကောင်းနိုးနိုး၊ ဟိုစာလုံး ဟိုလိုပြင် ဒီစာလုံးကို ဒီလိုပြင်၊ ပြင်ယင်းပြင်ယင်းနဲ့ ဒုက္ခဖြစ်ကုန်ကြရော၊ မူရင်း အဓိပ္ပာယ် ပျောက်ကုန်ရော၊ မပြောင်းနဲ့၊ ဒီအတိုင်းထား။

ပုံပြင်ကြိုက်တဲ့သူတွေပုံတစ်ခုပြောဦးမယ်၊ ပြုပြင်ရေးကြိုက်တဲ့ပုဂ္ဂိုလ်တို့ အတွက်။

## အနာမန်းပျောက်တဲ့ ဆရာကြီး

အနာမန်းတဲ့ လူတစ်ယောက်၊ သွေးစုနာတွေ ဘာကြီးတွေပေါက်ယင် အနာမန်းတယ်၊ အဲဒီ အနာပေါက်ကို ဘာနဲ့ မန်းတုံး ဆိုတော့ ဘုန်းကြီးတို့ ဆွမ်းစားတဲ့အခါကြက်သွန်လေးတွေ၊ ငရုတ်သီးလေးတွေမှာ အပင် ပေါက်စေတတ်တဲ့ သတ္တိက ရှိနေတယ်။ အဲဒီ သတ္တိကို ပယ်ရှားတဲ့ အနေနဲ့—

ကပ္ပိယံ ကရောဟိ – ဒီအပင်ပေါက်တတ်တဲ့ သတ္တိရှိတဲ့အပင်လေးကို အပင်ပေါက်တတ်တဲ့ သတ္တိမရှိအောင် လုပ်လိုက်ပါလို့ ဆိုလိုတာ။

ကပ္ပိယံ ကရောဟိ ဆိုတော့ တပည့်ကိုရင်က ကျောင်းသားက၊ ဒကာ၊ ဒကာမက—

ကပ္ပိယံ ဘန္တေ အပ်အပ်စပ်စပ် ဖြစ်အောင် စားကောင်း သောက်ကောင်းဖြစ်အောင် လုပ်လိုက်ပါပြီဘုရား။

ဆိုပြီးတော့ ဓားလေးနဲ့ လှီးလိုက်တယ်။ လက်သည်းလေးနဲ့ ဖွဲ့လိုက်တယ်၊ ဗီဇဓာတ် ကုန်သွားပြီ ပေါ့လေ။ အဲဒါကို ယူပြီးတော့ အနာပေါက်မန်းတဲ့ဆရာကြီးက ဥုံကပ္ပိယံကရောဟိလို့ ဘုန်းကြီးသံ ပီပီ ဆိုရမှာကို မဆိုတတ်ဘူး။ ဘုန်းကြီးသံ ပီပီ ဆိုရမှာကို မဆိုတတ်တော့ သူက ဘယ့်နှယ်ဆိုလဲ၊ ဥုံကပ္ပိယံ ကလောဟိတဲ့၊ တရုတ်သံပါတယ်။ ကရောဟိကို ကလောဟိ၊ သူကဒီလိုလုပ်ပြီး အနာပေါက်လျှောက်မန်းတာ ပျောက်လိုက်တဲ့ ဖြစ်ချင်း၊ ဘယ်အနာမန်းမန်း အကုန် ပျောက်တာပဲ။

ဟို ကြက်သွန်ကို ကပ္ပိယံကရောဟိ ဆိုပြီးယော့ ဆိတ်လိုက်ယင် ဒီကြက်သွန်ဟာ မပေါက်တော့ဘူး။ ငရုတ်သီး ဆိတ်လိုက်ယင် ငရုတ်စေ့ ဘယ်တော့မှ မပေါက်တော့ဘူး။ ဒါ ဘုန်းကြီး အယူအဆပေါ့။ ဒီမှာလဲပဲ အနာပေါက်မန်း ဥုံကပ္ပိယံကရောဟိလို့ ဘုန်းကြီးသံပါပါ စာသံပေသံနဲ့ ပီပီသသဆိုပါ၊ မဟုတ်ဘူး။ ဘယ့်နှယ်ဆို၊ ဥုံ ကပ္ပိယံ ကလောဟိ၊ အနာပေါက်ဆရာက အဲဒါလျှောက်မန်းလာတာ တစ်သက်လုံး စားလို့သောက်လို့ကို မကုန်နိုင်ဘူး။ သူက ရောဂါပျောက် နာမည်ကြီးလို့ အနာပေါက်မန်း ကောင်းတယ်။

## ပြင်ပေ ၁ ပျက်ကရော

ဘုန်းကြီးတစ်ပါး အနာဂတ်ပေါက်တော့ သူ့သွားမန်းတယ်၊ မန်းတော့ "ဥုံ ကပ္ပိယံ ကလေးဟိ" လို့ မန်းတာ ဘုန်းကြီးက သိနေတာကိုး ဗျ၊ သိနေတော့ ပြင်ပေးလိုက်တယ်၊ ပေါ့–ဒကာ၊ မင်းဥစ္စာ မှားနေပြီ၊ ဘယ်နှယ်မှားလဲ၊ ကပ္ပိယံကရောဟိ ဆိုပါကွ၊ ကလေဟိဆိုတော့ တရုတ်သံပေါက်နေတယ်၊ ပြင်လိုက် ပြင်လိုက်၊ တပည့်တော်က တစ်သက်လုံး ဒါနဲ့မန်းလာတာ၊ အနာတွေလဲ ပျောက်တာ မရေနိုင်ဘူး။ ပြင်လိုက်ဆိုတော့ ဘုန်းကြီးပြောတာနဲ့ ပြင်လိုက်ရော။

ဘုန်းကြီးပြောတာနဲ့ ပြင်လိုက်တော့ ကလေဟိကို ဘယ်နှယ်ပြင်မလဲ၊ ကပ္ပိယံကရောဟိ။ ဘုန်းကြီးက မှန်ပြင်ဆရာလုပ်လိုက်တာ၊ အနာပေါက် ဆရာကလဲ ဟုတ်ပါတယ်၊ ဘုန်းကြီး ပြင်ပေး မှန်တယ်ဆိုပြီးတော့ ကလေဟိကို ကရောဟိဆိုပြီးတော့ ပြည့်ပြည့်မန်းတာ၊ ကလေဟိ ကလေဟိ မန်းလာခဲ့တဲ့အနာတွေ မရေတွက်နိုင်အောင် ပျောက်ခဲ့ပြီ။ ဘုန်းကြီးပြင်ပေးလို့ "ဥုံ ကပ္ပိယံ ကရောဟိ" ဆိုပြီးတော့ မန်းတော့ ဘယ်အနာမှ မပျောက်တော့ဘူး။

အဲဒီတော့ ဘုန်းကြီးဆီ နောက်တစ်ခေါက် ပြန်လာတယ်။ ဆရာတော် တပည့်တော်ဂါထာ မစွမ်းတော့ဘူးတဲ့။ ဟာ ဘယ်နှယ်ကြောင့် မစွမ်းတာလဲ၊ တပည့်တော် တစ်သက်လုံး ဥုံ ကပ္ပိယံ ကလေဟိနဲ့ ဆိုလာတာ၊ ဆရာတော်က ကရောဟိပြင်ပေးမှ ဂါထာပျက်သွားတယ်။ အေး–ဒါဖြစ်ယင်လဲကွာ၊ မင်း မူရင်းအတိုင်း ကလေဟိနဲ့ပဲ စားတော့တဲ့၊ ဟုတ်လား။

ပရိသတ်များ နေရာကကာ မှာ သိပ်ပြင်ယင် မဟန်ကြဘူး ဟုတ်လား။ နေရာကကာ သိပ်ပြင်ယင် အဲဒါ ဂါထာမစွမ်းပဲ ဖြစ်တတ်တယ် နော်၊ သိပ်သိပ်ပြင်ကြနဲ့၊ ကလေဟိကို ကလေဟိအတိုင်းထား၊ ကရောဟိသွားလုပ်မှ အနာပေါက်ဆရာ ထမင်းငတ်တယ်တဲ့၊ ကြည့်လုပ်၊ ဟုတ်လား။

ကိုင်း ခု ဘာပြောထားတုံး။ နိဗ္ဗာန်ဆုတဲ့ပုဒ်ကို မပြင်နဲ့ မပြောင်းနဲ့ ဝီအတိုင်းသာထား၊ အထွတ်အထိပ် စကားလုံးတစ်ပုံးကို ပြင်လို့ရှိယင် အဓိပ္ပာယ် ဆကုန်ပျက်ရော။

## နိဗ္ဗာန်ကို ဘာကြောင့် မမြင်ရတာလဲ

အဲဒီတော့ ဗုဒ္ဓရဲ့စိတ်သည် ဘယ်ပေါ်က ကျရောက်။ စိတ်စေတသိက် ရုပ် နိဗ္ဗာန်။

"သင်္ခတပရမတ်၊ အသင်္ခတပရမတ်လို့ ပရမတ္ထတရား ဘယ်နှစ်မျိုးပြော"

"နှစ်မျိုးပြောပါတယ် ဘုရား"

စိတ်စေတသိက်ရုပ်သည် သင်္ခတပရမတ်။ နိဗ္ဗာန်ဆိုတဲ့ သန္တိဓာတ် အငြိမ်းဓာတ်သည် အသင်္ခတပရမတ်။ ဘယ်သူမှ တည်ဆောက်ထားတဲ့ နိဗ္ဗာန်မဟုတ်ဘူး၊ ဘယ်သူပြုလုပ်သွားတာမှ မဟုတ်ဘူး။ ဘယ်သူဖန်ဆင်းထားတာမှ မဟုတ်ဘူး။ ပင်ကိုယ်ပကတိ ငြိမ်းနေတဲ့ အငြိမ်းဓာတ်၊ သန္တိဓာတ်ဆိုတဲ့ နိဗ္ဗာန်။ ဗုဒ္ဓက စိတ်၈၉မျိုးမှာ အမြင့်ဆုံးစိတ်နဲ့ ကြည့်နေတယ်။ ဘာစိတ်နဲ့ ကြည့်နေလဲ၊ လောကုတ္တရာစိတ်လို့၊ ပြောတယ်ဆိုတဲ့ အကြောင်းကို အဘိဓမ္မာ သင်တန်းသားတွေအားလုံး သိမှာပဲ၊ အမြင့်ဆုံး စိတ်နဲ့ ကြည့်နေတယ်။

ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ အမြင့်ဆုံး စိတ်ကို မရသေးသမျှ နိဗ္ဗာန်ကို မမြင်ဘူးဟု၍သာ မှတ်ပါ။ နိဗ္ဗာန်ရှိလျက် သားနဲ့ ဘာကြောင့် မမြင်တာလဲ၊ အဆင့်မြင့်သော၊ အဆင့်အမြင့်ဆုံးဖြစ်သော၊ အထက်တန်းကျသော စိတ်ဓာတ်မျိုးကို မရသေးလို့ အထက်တန်း အကျဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မမြင်ကြသေးဘူးဟူ၍ မှတ်ပါ။

ကိုယ်ထဲမှာ ပိုးလေးတွေရှိတာ သေချာတယ်။ တစ်ကိုယ်လုံးမှာ ဟုတ်လား။ မျက်လုံးရော၊ ပါးစပ်ရော၊ နှာခေါင်းရော၊ နားရော၊ သွေးထဲမှာရော၊ တံထွေးထဲမှာရော၊ တစ်ကိုယ်လုံးပိုးတွေ အကောင်ပေါင်း မရေနိုင်ဘူး၊ အကောင်ပေါင်း ကုဋေကုဋာရှိတယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် ဘယ်သူမှ ငြင်းဘူး၊ လက်ခံတယ်မဟုတ်လား။ ဟောဒီမျက်လုံးနဲ့ ပြူးကြည့်တော့ အဲဒီပိုးကောင်တွေ ဘယ်နှစ်ခါမြင်လဲ၊ မိုက်ကရိုစကုပ်နဲ့ ကြည့်တော့မှ ရတယ်။

အဲဒါကြောင့် မိုက်ကရိုစကုပ်မရှိတဲ့ သူက ဘာပြော၊ ပိုးကောင်တွေ ရှိတယ်ဆိုတာ ငါမယုံဘူးဆိုယင် ဒီလူအရူးဖြစ်သွားမှာပေါ့။ အမြင့်ဆုံး စိတ်ကို မရသေးဘဲနဲ့ နိဗ္ဗာန်ကို မမြင်ဘူးဆိုတာကို မှတ်ထားပါ။ အမြင့်

ဆုံးစိတ်ကို မရသေးတဲ့ ပုဂ္ဂိုလ်တွေက သူတို့မမြင်ရတဲ့ နိဗ္ဗာန်ကို မရှိဘူး ဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ ကိုယ်ထဲမှာပိုးရှိတယ်ဆိုတာကို မိုက်ကရိုစကုပ်နဲ့ ကြည့်လို့ မမြင်တဲ့အတွက်ကြောင့် မရှိဘူးဆိုတာလို ဖြစ်ပါလိမ့်မယ်။

နိဗ္ဗာန်သည် ပကတိငြိမ်းအေးနေသော အငြိမ်းဓာတ်။ဘယ်စိတ်နဲ့ ကြည့်ကြမလဲ။ အမြင့်ဆုံးစိတ်နဲ့၊ စာလိုပြော လောကုတ္တရာစိတ်။

"ဘာစိတ်"

"လောကုတ္တရာ စိတ်ပါဘုရား"

အဲဒီ လောကုတ္တရာစိတ်နဲ့ ဗုဒ္ဓရှင်တော်သည် ဘာကို ကြည့်နေပါ သလဲ။ ငြိမ်းနေတဲ့ အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို ထိုင်ပြီးတော့ ကြည့် နေတာ ဟုတ်လား။

## ငြိမ်းချမ်းမှု အပြည့်အဝရှိတဲ့ ဗုဒ္ဓလမ်းစဉ်

အငြိမ်းကြီး ငြိမ်းတော်မူတဲ့ ဗုဒ္ဓရှင်တော်သည် ပကတိ ငြိမ်းနေတဲ့ အငြိမ်းဓာတ်ခေါ်တဲ့ နိဗ္ဗာန်ကို ကြည့်နေတဲ့အချိန်မှာ တစ်လောကလုံးမှာ ဒိုင်းဗုန်းဒိုင်းနဲ့ သတ်ကြဖြတ်ကြတာ တစ်လောကလုံးမှာ လှည်းတွေကျဲတွေ နွားတွေ ရထားတွေ လေယာဉ်ပျံတွေ သင်္ဘောတွေ တရုန်းရုန်းအလုပ် ရှုပ်နေကြတာမျိုးကို ပရိသတ်ရေ ပူလွန်းလို့ ဆူလွန်းလို့ ဆိုပြီးပေါ့မျက်နှာ လွှဲပြီးတော့ ဟိုဘက်က အငြိမ်းဓာတ်ကို ကြည့်နေတဲ့အချိန်မှာ ဒီဘက်က ပူတာတွေ ဆူတာတွေ ရုတ်ရုတ်သဲသဲတွေ ဝုန်းဒိုင်းဝုန်းဒိုင်းတွေဟာ ဘယ်မြင်တော့မလဲ၊ ဘယ်ကြားတော့မလဲ၊ ဟုတ်လား။

လောကကြီးထဲမှာနေပေမယ့် ငြိမ်းချမ်းသူတို့သည် လောကကြီးနဲ့ မဆက်စပ်တော့ဘူး ဟုတ်လား။ အဲဒီလို ငြိမ်းချမ်းမှုမျိုးကို ဘုန်းကြီးတို့ ပရိသတ် မရသေးသမျှ ကာလပတ်လုံး ဘဝဒုက္ခဇာတ်ကြီးသည် ပရုပ်ဘူး တဲ့၊ ဟုတ်လား။

မိမိရဲ့ နှလုံးသားထဲမှာ ကိလေသာတွေရဲ့ ချုပ်ငြိမ်းမှု၊ အဲဒါကို ပရိနိဗ္ဗာန်လို့ ခေါ်ပါတယ်။

ကိလေသာတွေ လုံးလုံးချုပ်ငြိမ်းပေါ့ ဘာစိတ်ရ၊ အဆင့် အပြန်းအမြင့်ဆုံးဖြစ်တဲ့စိတ်ကို ရတယ်။ အဆင့်အမြင့်ဆုံးဖြစ်တဲ့စိတ်ကို ရလိုက်တဲ့အချိန်မှာ တစ် [illegible] လုံးတစ်ခါမျှမမြင်ဘူးတဲ့ အသင်္ခတနိဗ္ဗာန်ကို မြင်လိုက်ရတယ်။ [illegible] တကယ့် ငြိမ်းချမ်းမှုပဲတဲ့၊ [illegible] လား။ Real peace ဆိုတာ [illegible] ဟုတ်လား။ ဘုန်းကြီးတို့ ပရိသတ် [illegible] မပေါင်း

သူတော်ကောင်းတို့ အဲဒီငြိမ်းချမ်းမှုကို ရအောင် ဘာနဲ့ ကြိုးစားမလဲ၊ပေး ထားပြီးပြီ၊ ဗုဒ္ဓလမ်းစဉ် မဂ္ဂင်ရှစ်ပါး အကျင့်တရားဟာ အဲဒီငြိမ်းချမ်းမှု ကို ဦးတည်သွားတဲ့ လမ်းစဉ်ပါပဲ၊ ဟုတ်သား။ ကဲ ငြိမ်းချမ်းမှုဆိုတာ-

(၁) ကိလေသာတို့ ချုပ်ငြိမ်းတဲ့ အဘွက်ကြောင့် စိတ်ရဲ့ ငြိမ်းချမ်းသွားရတာ။ စိတ်ငြိမ်းချမ်းသွားတော့—

(၂) အမြင့်ဆုံးစိတ်နဲ့ လောကုတ္တရာစိတ်ကို ရပါတယ်။

လောကုတ္တရာစိတ်ရတော့ အမြဲတမ်း ငြိမ်းနေတဲ့ အသင်္ခတ နိဗ္ဗာန် ကို မြင်ရပါတယ်။ အသင်္ခတနိဗ္ဗာန်ကို ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်သည် လောက ကြီး တစ်ခုလုံးခုနကလှည်းတန်းကြီးမောင်းသွား၊ဘုရားနဲ့တခြားစီ၊တစ်ရွာ လုံး မိုးကြိုးပစ်ခံရ၊ဘုရားနဲ့တခြားစီ။ နှင်းတွေ မုန်တိုင်းတွေဘယ်လောက်ပဲ ကျနေနေ တိုက်နေနေ၊ ဘုရား ကိုယ် တော် မြတ် မှာ ပင်ပန်းတယ်ဆိုတာ မရှိဘူးတဲ့၊ ဟုတ်လား။

စိတ်ငြိမ်းချမ်းမှုရတဲ့ပုဂ္ဂိုလ်ဟာ အဲဒီ ဒဏ်တွေအကုန်လုံးကို ခံနိုင် ရည် ရှိသွားပါတယ်၊ တကယ့်ငြိမ်းချမ်းမှုဆိုတာ အဲဒါ။ ဒီလိုမဟုတ်ဘူး လား။ အဲဒီငြိမ်းချမ်းမှုကို တကယ့်ချမ်းသာ၊ တကယ့်ချမ်းသာ တကယ့် ငြိမ်းချမ်းမှု တကယ့်အေးချမ်းမှုလို့ မသိရှာကြတဲ့ ပုဂ္ဂိုလ်က ရေတ်သီး အပြည့်ထည့်ထားတဲ့ တောင်းတစ်လုံးမှာ အချို တောင့်ကလေးများ ရမလားလို့ ရှာတဲ့ ပုဂ္ဂိုလ်နဲ့ တယ်တူကယ်။

အချိုတောင့်လေး တစ်တောင့်ဘလေ ရမလားလို့

ပြောဦးမယ်၊ ပုံလေးတစ်ခု၊မူဆာဆိုတဲ့ကုလားကြီးတစ်ယောက်ဟာ ထင်းစားတယ်၊ ဘေးနားမှာတောင်းကြီးတစ်တောင်းနဲ့ရေတ်သီးအပြည့် ထည့်ထားတယ်။ သူ့တခင်းပန်းကန်ထဲ ထမင်းကို ရေနဲ့ဆားနဲ့ဖျော်ထား တယ်၊ သူဘာစားလဲ၊ ရေတ်သီးတစ်တောင့်ပြီးတစ်တောင့်ကိုက်၍ ဆားနဲ့ ရေနဲ့ ဖျော်ထားတဲ့ ထမင်းကို သူစားတယ်။

ရေတ်သီးတစ်တောင့်ပြီးတစ်တောင့်၊ ရေတ်သီးက တောင်းကြီးနဲ့ တစ်တောင်း၊ အဲဒါ စားရင်းစားရင်းနဲ့ တောင်းတစ်ဝက်လောက်ကျ သွားတယ်။ ဘာဖြစ်လဲ၊ မျက်လုံးတွေနီလာတယ်။ နှာခေါင်းတွေ နီလာတယ်၊ ပါးစပ်တွေရဲလာတယ်၊ နားတွေအူပြီးတော့ လေထွက်လာ တယ်၊ ချွေးတွေ ဒီးဒီးကျလာတယ်၊ နှပ်တွေကျလာတယ်၊ မျက်ရည်တွေ ယိုစီးလာတယ်။

လောကကြီး အဲဒီအတိုင်းဖြစ်နေပါတယ်။ တစ်လောကလုံး ရေတ်သီး စားထားတဲ့ ခုနက မူဆာဆိုတဲ့ ကုလားကြီးလို အဲဒီအတိုင်းဖြစ်နေကြတယ်။ မျက်ရည်တွေလဲ ကျကုန်ပြီ၊ နှာရည်တွေလဲ ယိုကုန်ပြီ၊ ချွေးတွေလဲ ယိုစီးကြ၊ ပင်ပန်းလှပြီ၊

အဲဒါတောင် သူ့လက်က ဘယ်ထဲနှိုက်ထား၊ ရေတ်သီးတောင်းထဲ နှိုက်တုန်းပဲ၊ နှိုက်တော့မှ အဲဒါဘားနား လူတစ်အုပ်ကြီး ရောက်လာ။ ရောက်လာတဲ့လူအုပ်ကြီးက ဟဲ့ မူဆာ၊ မင်းသေတော့မယ်၊ ရေတ်သီး တစ်တောင်းစားတာ ခုတစ်ဝက်ကျနေပြီ၊ တစ်ကိုယ်လုံးလဲ မီးတွေတောက်နေပြီ၊ သေတော့မှာပဲ၊ မင်းဟာ ချွေးတွေကျ၊ နှပ်တွေကျ၊ မျက်ရည်တွေကျ၊ နားတွေကလေထွက်၊ တစ်ကိုယ်လုံး ရှိရှိသမျှ ဒါလောက်တောင် ဒုက္ခဖြစ်နေတာ မင်းရေတ်သီးတောင်း နှိုက်တုန်းပဲလားဆိုတော့ မူဆာက ဘာပြောတယ် အောက်မေ့လဲ၊ အချိုတောင့်ကလေး တစ်တောင့်တလေ ရမလားလို့ ရှာနေတာတဲ့။ သူဘာရှာနေ၊ ရေတ်သီးတောင်းထဲမှာ အချိုတောင့် ရှာတာတဲ့၊ ဟုတ်လား။

## အဝိဇ္ဇာနဲ့ တဏှာ အကြောင်းရင်းကြောင့်

ဒီကနေ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့က လူ့ပြည်ဆိုတဲ့ ရေတ်သီးတောင်းကြီးထဲမှာ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆိုတဲ့ ရေတ်သီးတောင်း ထဲမှာ၊ အင်္ဂလန်–အမေရိကန်ဆိုတဲ့ ရေတ်သီးတောင်းထဲမှာ၊ ပိတ်ချင်း တောင်းထဲမှာ၊ ခြင်းတောင်းထဲမှာ၊ ရေတ်ကောင်းတောင်းထဲမှာ အဲဒီ တိုင်းပြည်တွေက ပိုပူတယ်။

မြန်မာပြည်က ရေတ်သီးလောက်ပူတာ ဟိုမှာတော့ ပိတ်ချင်းရော ဘာရော၊ လေးညှင်းရော၊ ရေတ်ကောင်းရော အကုန်မွှေထားတာ၊ ဟို တိုင်းပြည်တွေမှာ။ အဲဒါ အချိုတောင့်လေး တစ်တောင့်တလေရမလား ဆိုပြီးတော့ မြန်မာပြည်က လူတွေကလဲ အင်္ဂလန်က ရေတ်သီးတောင့်လဲ သွားနှိုက်တာပဲ၊ အမေရိကန်ပြည်လဲ သွားနှိုက်တာပဲ၊ ဂျပန်ပြည်လဲသွား နှိုက်တာပဲ၊ မူဆာဆိုတဲ့ ကုလားကြီးထက်ဆိုးနေတယ်၊ ဘုန်းကြီးတို့ ပရိ သတ်များ အချိုတောင့်လေး တစ်တောင့်တလေရမလား၊ ဘယ်မှာရမလဲ၊ အချိုတောင့်က အဲဒီ ရေတ်သီးတောင့်ထဲမှာ မရှိဘူး၊ ဟုတ်လား။

သုံးဆယ့်တစ်ဘုံကို လှည့်လည်ရှာ၊ သုံးဆယ့်တစ်ဘုံ အကုန်လုံးဟာ ရေတ်သီးတောင်းကြီးနဲ့ တူသည်ဟူ၍မှတ်ပါ။ အဲဒီ ရေတ်သီးတောင်းကို

မက်မက်မောမော ဝါးစားနေတဲ့ ခုနက မူဆာ ဆိုတဲ့ ကုလားကြီးလိုပဲ သုံးဆယ့်တစ်ဘုံသားတွေက ဘာဖြစ်နေကြတုံး၊ ဒါလောက်ပူစပ်နေတဲ့ အရသာကြီးကို သိပ်ကြိုက်နေတဲ့ဥစ္စာဟာ တဏှာ သမုဒယသစ္စာ၊ အဲဒါ Craving၊ သူဒုက္ခပေးမယ်နော်။ ဒီလောက်ပူနေတာကို ပူမှန်းမသိသည် ကား gnorace၊ သူသည် အဝိဇ္ဇာတရား။

အဝိဇ္ဇာ တဏှာ ဒီနှစ်ပါးသည် သမုဒယသစ္စာ၊ အပူအစပ်တွေကို အချိုတောင့်ကလေးများ ရလာမလားဆိုပြီးတော့ ငရုတ်သီး အပြည့် ထည့်ထားတဲ့ တောင်းကြီးကို အချိုတောင့်ကလေးများ ရှိလိုရှိငြားဆိုပြီး နှိုက်၍နှိုက်၍စားနေတာက ဒုက္ခ။

"စားနေတာ ဘာလဲ"

"ဒုက္ခပါ ဘုရား"

စားရတာ ဒုက္ခဆိုတော့ ပရိသတ် ကြိုက်ချင်မှကြိုက်မယ်။ ရှေ့က တစ်လုံးတိုး၊ ခံစားနေတာ။ ဘာလုပ်လဲ၊ ခံစားနေတာ။

ခံစား, စံစား စကားနှစ်ထွေ တရားနေမှာ
ဝေဒနာဓာတ် ခန္ဓာမှတ်လော။

အဲဒီ ခံစားမှုလေးတွေအကုန်လုံး ဒုက္ခသစ္စာထဲ ထည့်လိုက်ပါတဲ့၊ ဟုတ်လား။

ဒီတော့ ငရုတ်သီးတောင်းကြီးကို တကယ်ပူစပ်တဲ့အသီးတွေ ပြည့် နှက်နေတယ်လို့ သိလိုက်တဲ့အချိန်။

"ထိုပုဂ္ဂိုလ်သည် ဒီတောင်းကြီးကို ဆက်လက် နှိုက်ဦး မလား"

"မနှိုက်တော့ပါဘုရား"

အဲဒီအချိန် သိလိုက်တဲ့အချိန်မှာ ရေအိုး ပြေးဖက်လိမ့်မယ်၊ ဟုတ် လား။ ဒီမှာ ရေအိုး ဘုန်းကြီးတို့ တည်ပေးထားပါတယ်။

"ဘုန်းကြီးတို့ပရိသတ် ရေအိုးဖက်မလား၊ တောင်းကြီးပဲ ဆက်နှိုက်မလား"

"..................."

## ဗုဒ္ဓရဲ့ သီတာရေစင်

ကျောင်းသူ, ကျောင်းသား တွေရော၊ ဆရာ, ဆရာမ တွေရော ဘွဲ့ကလေးများ ရလာကြပြီ ဆိုယင် သူတို့ ရှာကြတယ်၊ အချိုတောင့် ကလေးတွေ လိုက်ရှာတယ်။ မြန်မာပြည်မှာ ရှာလို့ မရဘူး ထင်တော့ အချို့က အမေရိကန် သွားရှာတယ်၊ တချို့က အင်္ဂလန် သွားရှာတယ်၊ ဘယ်မှာမှ အချိုတောင့် မရဘူးတဲ့၊ အစပ်အပူတောင့်ချည်း ရမယ်ဆိုတာ သဘောကျ၊ ဟုတ်လား။ ဟိုမှာ ရေအိုးကိုမရှိဘူး၊ ဒီမှာ ရေအိုးတည်ပေး ထားတယ်။

အဲဒီ အပူအစပ်ကို ပြေပျောက်ဖို့ရန် ဘုန်းကြီးတို့ ရေအိုးကောင်း ကောင်း တည်ပေးထားပါပြီနော်။ မဂ္ဂင်ရှစ်ပါး အကျင့်တရား ဆိုသည် ကား အပူအစပ်တွေ ပြေစေဖို့ ရေအိုးတစ်လုံးဟူ၍မှတ်ကြပါ။ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ရေကို ကောင်းစွာ သောက်သုံးမိတဲ့ ပုဂ္ဂိုလ်တို့မှာ ကိလေသာ အပူ အစပ်တွေ အကုန်လုံး ပြေပြီးတော့ တကယ် အေးငြိမ်းတဲ့ သန္တိသုခဆိုတဲ့ နိဗ္ဗာန်ကို ရကြမှာပါဆိုတာကို စိတ်ချပါ။

ဒါကြောင့် တကယ် ငြိမ်းချမ်းမှု၊ တကယ် ချမ်းသာမှု၊ ချမ်းသာ အစစ် Real happiness ကို ရဖို့ရန်အတွက် ဘယ်တောင်းကိုမှ မနိုက် ကြပါနဲ့၊ နိုက်ထားတဲ့ လက်ကလေးတွေကို ဒီကနေ့ ပြန်ထုတ်ပြီးတော့ မဂ္ဂင်ရှစ်ပါး ရေအိုးကရေကို ခပ်ပြီးတော့ သောက်ကြသုံးကြပါ၊ ဟုတ် လား။ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် တို့အတွက် ငြိမ်းချမ်းတဲ့ သောက် ရေအိုး တစ်ခွက်ပဲ၊ အေးချမ်းတဲ့ သောက်ရေအိုး တစ်အိုးပဲလို့ ဆိုတာကို ယုံကြည်ရမယ်၊ အဲဒီယုံကြည်ချက် မရှိယင်တော့ ခုနက ငရုတ်သီးတောင်း နိုက်နေသလိုပဲ နိုက်နေကြဦးမှာပါပဲ။

အေး — တစ်နည်း ပြောယင်တော့ ခုနက သင်္ဘောကြီး စီ သွားတဲ့ ပရော်ဖက်ဆာကြီးလိုပဲ ဟုတ်လား။ Swimmology ကိုမတတ်တဲ့အတွက် ကြောင့် ရေနစ်သလို၊ ဟုတ်လား။ သံသရာ ဝဲလယ်ကြီး ဖြတ်ကူးဖို့ရန် Swimmology ဆိုသည်ကား မဂ္ဂင် ရှစ်ပါးလို့လဲပဲ ပြောချင်ပါသေး တယ်နော်။

သောယနံ ဝါတိကူယံ တဒသိ၊ မဂ္ဂံ ပဇာနာတိ ပဟ်ာတာနုကမ်ပ်၊
ယေစ တရိံသု ပုဗ္ဗေ၊ တရိဿန္တိ ယေစ တရန္တိ ဩဃံ၊
ထောယနံ့ ဓာတိကူမှာ တဒသိ။

ဇာတိက္ခယံ တဒသိ၊ ဒုက္ခဇာတ်ကြီး၏ အဆုံးကို မြင်တော်မူသော။ ဟိတာနုကမ္ပီ၊ သတ္တလောကကြီး၏ အကျိုးကို အစဉ်စောင့်ရှောက်တော်မူလေ့ရှိပေသော။ ဗုဒ္ဓေါ၊ သဗ္ဗညုဗုဒ္ဓသည်။ ဧကာယနံ၊ ဧကာယနလို့ဆိုရတဲ့ တစ်ခုတည်းသော လမ်းစဉ်ကြီးကို။ ဧကာယနံ၊ ဧကာယနလို့ဆိုရတဲ့ တစ်ခု တည်းသော လမ်းစဉ်ကြီးကို။ ပဿတိ၊ မြင်တော်မူတယ်။ ဒသေတိ၊ ပြတော်မူခဲ့တယ်။

ဒုက္ခဇာတ်ကြီးရဲ့ အဆုံးကိုမြင်တော်မူသော၊ လောကရဲ့ အကျိုးကို အမြဲမပြတ် ရှုတော်မူသော သဗ္ဗညုဗုဒ္ဓသည် တစ်ခုတည်းသော လမ်းစဉ်ကို မြင်လဲမြင်တော်မူပါတယ်။ သူမြင်တဲ့လမ်းကို ဗုဒ္ဓရှင်တော် ကိုယ်တိုင် မြင်ထားတဲ့လမ်းကို ပြလဲပြထားပါတယ်။

တရိံသုပုဗ္ဗေ၊ ရှေ့ရှေ့က အဲဒီလမ်းကို မြင်တော်မူကြတဲ့ ပုဂ္ဂိုလ်သူမြတ်တို့ဟာ ကူးခတ်တော်မူကြကုန်ပြီ။ တရိဿန္တိအနာဂတေ၊ နောင်အခါကာလမှာ ဒီလမ်းကိုမြင်တော်မူတဲ့ ပုဂ္ဂိုလ်တွေ ကူးကြပေကုန် လိမ့်မယ်။ ဣဒါနိစ တရန္တိ၊ ယခုအခါမှာလဲပဲ ဒီလမ်းသိတဲ့ ပုဂ္ဂိုလ်တွေ ကူးခတ်နေကြဘဲပါ။

ဘာကိုလဲ ဩဃံ၊ ဩဃ လေးဖြာဆိုတဲ့ သံသရာ ပင်လယ်ကြီးကို။ တရိံသု၊ ကူးကြကုန်ပြီး။ တရိဿန္တိ၊ ကူးကြပေကုန်လတံ့။ တရန္တိ၊ ကူးခတ်နေကြဆဲ။

ဘာနဲ့လဲဆိုတော့ -

ဧတေန ဧကာယနေန မဂ္ဂေန၊ ထို ဧကာယန လို့ ဆိုရတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့်။ တရိံသု၊ ကူးကြကုန်ပြီ။ တရန္တိ၊ ကူးကြဆဲ။ တရိဿန္တိ၊ ကူးကြပေကုန်လိမ့်မည်။

ဒုက္ခဇာတ်ကြီး၏အဆုံးကိုမြင်တော်မူသော၊ ဒုက္ခဇာတ်မဆုံးသေးတဲ့ သတ္တဝါတွေရဲ့အကျိုးကို အစဉ်မပြတ်လင့်စောင့်ရှောက်တော်မူလေ့ရှိသော ဗုဒ္ဓရှင်တော်သည် သံသရာ ပင်လယ်ကြီးကို ကူးဖို့ရန်တဲ့ "ဧကာယန"၊ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်း တို့အား ဒီစကားလုံးကို အပြည့်အစုံ ပြောထားပြီးပါပြီ။ The unique path ဧကာယန တစ်ခုတည်းသောလမ်းစဉ်၊ တခြားလမ်း မရှိဘူး။

ဧကာယနလို့ ဆိုရတဲ့ ဒီလမ်းစဉ်ကို ဗုဒ္ဓကကိုယ်တိုင်လဲ လျှောက်ခဲ့ပြီးပြီ၊ နောင်လာသူတွေ လျှောက်ဖို့ရန်လဲ ပြထားပြီးပါပြီ။ ဒီလမ်းမြင်ပြီးတဲ့ ရှေးရှေးက သူတော်စင်တွေ ဒီလမ်းနဲ့ ဩဃကြီးကို ဖြတ်သန်းတော်

မူကြပြီ။ ယခုလဲပဲ ဒီလမ်းသိတဲ့ ပုဂ္ဂိုလ်တွေက သံသရာပင်လယ်ကြီးကို ဖြတ်ကူးနေဆဲပါ။ ဒီလမ်းသိတဲ့ နောင်အနာဂတ် သတ္တဝါတွေဟာ ဒီလမ်းကို၊ ဒီသံသရာ ပင်လယ်ကြီးကို ဒီနည်းနဲ့ ဖြတ်သန်းကြပါလိမ့်ဦးမယ်လို့ သံယုတ္တနိကာယ် ဖြဟ္မသံယုတ်၌ ထုတ်ပြန်ကာ ဟောထားတာရှိပါတယ်၊ ဟုတ်လား။

## ကူးမြောက်နိုင်ကြပါစေလို့

ဒါ့ကြောင့် ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ သံသရာပင်လယ်ကြီးကိုဖြတ်သန်းဖို့ရန် တစ်နည်း အချိတောင့်ကလေး တစ်တောင့်လောက် ရရှိဖို့ရန်၊ ဟုတ်လား။ ပင်လယ်ထဲမှာ လေမုန်တိုင်းနဲ့တွေ့၊ ရေလှိုင်းနဲ့တွေ့၊ ဝဲထဲရောက်၊ ကျောက်ဆောင်နဲ့ တိုက်နေတဲ့ သင်္ဘောကြီး မြုပ်လုလု ဖြစ်နေတဲ့ အချိန်မှာ ရေကူးကောင်းစွာ တတ်တဲ့ သင်္ဘောကပ္ပတိန်သည် ကိုယ့်လက် ကိုယ့်ခြေကို အားကိုးပြီးတော့ ဟိုဘက်ကမ်းကို ဖြတ်သန်းပြီးတော့ သွားသလို။

ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဗုဒ္ဓရဲ့ လမ်းစဉ်လို့ ဆိုရတဲ့ The path of purity လို့ ဆိုရတဲ့ စိတ်ဓာတ် သန့်ရှင်းစင်ကြယ်ရေး လမ်းစဉ်လို့ဆိုရတဲ့ ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် ဩဃလေးဖြာ အလွန်တရာ နက်ရှိုင်းကျယ်ပြောစွာသော သံသရာပင်လယ်ကြီးကို ဖြတ်သန်းနိုင်ကြပါစေ။ ဖြတ်သန်းဖို့ရန် ဒီနည်းလမ်းကို ကျင့်သုံးနိုင်ကြပါစေလို့ ဘုန်းကြီးတို့ ပတ္ထနာပြုပြီးတော့ ဒီကနေ့ဟောပြောပွဲကို နိဂုံးကမ္ပတ်အဆုံးသတ်ရပါတယ်။

လက်တွေ့ချမ်းသာစိတ်ရဲ့ ငြိမ်းချမ်းမှုကိုရတဲ့ သန္တိဓာတ် ပရိနိဗ္ဗာနဓာတ်တို့ကို မဂ္ဂင်ရှစ်ပါး အကျင့် တရားကို ကျင့်သုံး ပြီးတော့ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိ ရရှိနိုင်ကြ ပါစေလို့ ဘုန်းကြီးတို့ ပတ္ထနာ ပြုလိုက်ပါတယ်။

လော်ဂျီလို့ခေါ်တဲ့ ပညာတွေ ဘယ်လိုပဲတတ်တတ် အရေးကြီးဆုံးအတတ်ပညာကဘာလဲ၊ Swimmology ဒါတော့မမေ့ကြနဲ့၊ ဟုတ်လား။

သဒ္ဓါတိ တရဩဃံ–

သဒ္ဓါတိ၊ ယုံကြည်ခြင်းဖြင့် (ဝါ) သဒ္ဓါတရားဖြင့်။ ဩဃံ၊ ဩဃလေးဖြာ သံသရာ ပင်လယ်ကြီးကို။ တရတိ၊ ကောင်းစွာမသေ့ ကူးမြောက်တော်မူကြလေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သာဓဝေါ၊ နှလုံးပျော့

ပျောင်း သင် သူတော်ကောင်း တို့ သည်လည်း၊ ဩဃံ၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃလို့ ဆိုရတဲ့ ဩဃလေးဖြာ သံသရာ ပင်လင်ကြီးကို သဒ္ဓါယာ၊ ဗုဒ္ဓ ဓမ္မ သံဃာ ယုံကြည်သော သဒ္ဓါတရားဖြင့် တရထ၊ ကောင်းစွာမသေ့ ကူးမြောက် နိုင်ကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

## ကြိုးစားကြပါ

နှစ်ရက်တာ ကာလပတ်လုံး ဘုန်းကြီးတို့ ဟောပြောလာခဲ့တဲ့ ဗုဒ္ဓဘာသာတရားတော်ကြီး၏ အခြေခံသဘောတရားများဟောပြောပွဲကြီး ဒီကနေ့ အပြီးသတ် အဆုံးသပ် ဖြစ်ပါတယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ခုနက တင်ပြထားတဲ့ အတိုင်း စာအုပ်များစွာကိုဖတ်၊ သင်တန်းများစွာ တက်ပြီးတော့ နပိုလီယံအကြောင်း သိသလားဆိုယင် သိတယ်တဲ့၊ ဂျူးလီး ယက်ဆီဇာ ကြီးကို သိလားဆိုယင် သေသေ ချာချာ သိတယ်။ ချာချီ အကြောင်း သိသလား ဆိုယင် သိတယ်။ ရောမ အကြောင်း သိသလား ဆိုယင် သိပါတယ်။ သို့သော် ကိုယ့် ဗုဒ္ဓ အကြောင်း သိသလား ဆိုယင် မသိသူတွေများပါတယ်။ ကိုယ့် ဓမ္မ အကြောင်း သိသလား ဆိုယင် မသိ သူတွေများပါတယ်။ ကိုယ့် သံဃာ အကြောင်း သိသလား ဆိုယင် မသိတဲ့ ပုဂ္ဂိုလ်တွေများပါတယ်။

အဲဒီလို မသိတဲ့ ပုဂ္ဂိုလ်သည် Swimmology လို့ ခေါ်တဲ့ရေကူး အတတ်ကို ဖတ်တဲ့ အတွက်ကြောင့် ပရော်ဖက်ဆာကြီး ပင်လယ်မှာ နစ်ရသလို မိမိတို့လက်ထဲ ရောက်နေတဲ့ ဗုဒ္ဓအကြောင်း၊ ဓမ္မအကြောင်း၊ သံဃာ့အကြောင်း ကောင်းကောင်း မသိလို့ ရှိယင် လောကရေးရာတွေကို ဘယ်လောက်ပဲ သိကြစေကာမူ လောကရဲ့ သဘာဝ၊ လောကီပညာရပ်တွေ ကို မည်မျှ တတ်ကြစေကာမူ၊ ဟုတ်လား။ လောကီပညာရပ်တွေကို မည်မျှ တတ်ကြစေကာမူ၊ ဗုဒ္ဓ ဓမ္မ သံဃာ့အကြောင်း။

တစ်နည်း - ပုဂ္ဂိုလ်ရှစ်ပါး အကျင့်တွေများကို ကောင်းစွာ နားမလည် ကြယင် ရေကူး မတတ်တဲ့ ဆရာကြီး ရေနစ်သလို သံသရာမှာ နစ်နိုင်ပါ တယ်။ လောကမှာလဲ နစ်မွန်း နိုင်ပါတယ်။ ဒါကြောင့် ပရိသတ် အပေါင်း

သူတော်ကောင်းတို့သည် မဂ္ဂင်ရှစ်ပါး အကျင့်တရား ရတနာသုံးပါး အကြောင်း ကောင်းကောင်းသိအောင် ကြိုးစားကြပါဆိုတဲ့ ဥယျောဇဉ် စကားကို နိဂုံးချုပ်အားဖြင့် ဘုန်းကြီးတို့ပြောကြားပါတယ်။

## ပြုပြင် မွမ်းမံကြပါ

ယခုစခဲ့တဲ့နေ့က ဘုန်းကြီးတို့ မီးတစ်ခါပျက်တယ်၊ ခု ဆုံးတဲ့နေ့မှာ မီးတစ်ခါပျက်တယ် ဟုတ်လား။ ဘုန်းကြီးတို့ပရိသတ်အပေါင်း သူတော်ကောင်းတို့ - လောကဆိုတာ အပျက်သဘောဆိုတာလေးကို မှတ်လိုက်ပါ။ ဒီတော့ လောကဆိုတာ အပျက်သဘောဆိုသည်အားလျော်စွာ နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့တဲ့ ဓမ္မာရုံကြီးလဲပဲ လောကသဘောကိုမလွန်ဆန်နိုင်တော့ တံခါးပျက်တယ်၊ မီးပျက်တယ်၊ အမိုးပျက်တယ်၊ အကာပျက်တယ်။ အိမ်သာပျက်တယ်၊ ဘာပျက်တယ်၊ အပျက်တွေ အများကြီးရှိလိမ့်မယ်။

ဒီကနေ့ဟောပြောပွဲကို အားခဲလာကြတဲ့ တရားချစ်ခင် သူတော်စင် အားလုံးတို့သည်၊ သဒ္ဓါထက်သန်တဲ့ သူတော်စင် အပေါင်းတို့သည် ဤကဲ့သို့ အဘက်ဘက်ကနေ အားနည်းယိုယွင်းပြီးတော့နေတဲ့ ဓမ္မာရုံကြီး နောင်နှစ်ခါ ဆိုလို့ရှိယင် ပန်ကာတွေ တဟူးဟူးနဲ့ အေးအေးချမ်းချမ်း ဟောကြ နာကြရအောင်။

မီးတွေ လျှပ်စစ်မီးတွေ ယခုလောက် မကဘဲနဲ့ ထောင့်တိုင်းထောင့်တိုင်းက အမျိုးသား အမျိုးသမီးတွေ စာရေးတဲ့အခါမှာ တစ်ခါတည်း အလင်းရောင် အပြည့်အဝရပြီးတော့ လျှပ်စစ်မီး ထိန်ထိန်ညီးပြီးတော့ သွားကြရအောင်။

ဆေးရောင်တွေ တစ်ခါတည်း တောက်ပြီးတော့ သိကြားမင်းရဲ့ ဝေဇယန္တာဗိမာန်ကြီးလိုပေါ့၊ အဘက်ဘက်ကနေ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်အောင် ဤဓမ္မာရုံတော်ကြီး အရှည်တည်တံ့အောင် ကြိုးစား ဆောင်ရွက်ကြပါ၊ ဘုန်းကြီးတို့လဲပဲ စွမ်းနိုင်သမျှ အားပေးပါမယ် ဆိုတဲ့အကြောင်းကို နိဂုံးချုပ်အားဖြင့် ပြောကြားပါရစေ။

ဒီတော့ ဘုန်းကြီးတို့ရဲ့ ပဏာမနဲ့ နိဂုံးချုပ်ပါမယ်။ ပြီးနောက် ဆရာမင်းတင်မွန်က ပြောဖို့လိုအပ်တဲ့ စကားရပ်များ ပြောပြပါမယ်။ ပြီးတော့ ရေစက်သွန်းချ အမျှဝေ၊ အစီအစဉ် နောက်ဆုံးနိဂုံးရှိပါတယ်။ ကဲ — ဗုဒ္ဓရဲ့ ပဏာမဖြင့် ဘုရားရှင်ကိုယ်တော်မြတ်အား ကျေးဇူးဆပ်ကြ ပါစို့။

## နမော ဝိဘင်္ဂဝါဒိနော အနန္တဇိနဿ။

ဝိဘင်္ဂဝါဒိနော၊ အကြောင်းအကျိုး အကောင်းအဆိုး မှန်သမျှကို ခွဲခြမ်းဝေဖန်ဟောတော်မူတတ်သည့် ဝိဘင်္ဂဝါဒီ ဖြစ်တော်မူသော။ အနန္တဇိနဿ၊ အတိုင်းမသိ အကြွင်းမရှိ ယုတ်မာဖြစ်သောတရားတို့ကို အောင်မြင်တော်မူသော သဗ္ဗညုရှင်တော်မြတ်ဘုရားအား၊ မေအမှာကာ၊ တရားဟော ပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ထိုကြကုန်သော ထိုထိုများစွာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့၏။ နမော=နမက္ကာရော၊ ကာယ ဝစီ မနော ချီလျက် အဉ္စလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်၊ အတ္တ-ဘဝတုကောင်းစွာမသေ့ ဖြစ်ပါစေသတည်း။

''သာဓု=သာဓု-သာဓုပါဘုရား''

စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူကျောင်း

# သဲကုန်းဆရာတော် အရှင်ဥာဏိဿရ

၏

## သီတဂူ တရားစမ္မ စာအုပ်များ

| သီတဂူစာအုပ် အမှတ်စဉ် | တရားတော် စာအုပ်အမည် | | တန်ဖိုး |
|---|---|---|---|
| ၁။ | ဒါရုက္ခန္ဓောပမာသုတ္တန်တရားတော် | .... | ၁၀ ကျပ် |
| ၂။ | အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်တရားတော် | .... | ၁၂ ကျပ် |
| ၃။ | အာနာပါန သတိပဋ္ဌာန်တရားတော် (အုပ်ကြီး) | .... | ၁၂ ကျပ် |
| ၄။ | ဝေဒနာနုပဿနာသတိပဋ္ဌာန်တရားတော် | .... | ၁၂ ကျပ် |
| ၅။ | သက္ကပဉှသုတ္တန်တရားတော် | .... | ၂၀ ကျပ် |
| ၆။ | ဝိဇယသုတ္တန်တရားတော် | .... | ၂၅ ကျပ် |
| ၇။ | ဖေဏပိဏ္ဍူပမသုတ္တန်တရားတော် | .... | ၃၀ ကျပ် |
| ၈။ | စူဠဝေဒလ္လသုတ္တန်တရားတော် | .... | ၂၅ ကျပ် |
| ၉။ | မေတ္တာသုတ္တန်တရားတော် | .... | ၈ ကျပ် |
| ၁၀။ | ဗောဇ္ဈင်္ဂသုတ္တန်တရားတော် | .... | ၅ ကျပ် |
| ၁၁။ | နိယာမငါးပါးနှင့် အနတ္တတရားတော် | .... | ၁၀ ကျပ် |
| ၁၂။ | သင်္ဂါလသုတ္တန်တရားတော် | .... | ၂၀ ကျပ် |
| ၁၃။ | ဘဝဟာန်ဖိုးတရားတော် | .... | ၃ ကျပ် |
| ၁၄။ | တိရိယပဗ္ဗတထေရအပဒါန် တရားတော် | .... | ၆ ကျပ် |
| ၁၅။ | သာသနာ့ကမ္ဘယ်ကြောင်းတရားအပေါင်း | .... | ၃ ကျပ် |
| ၁၆။ | မာတုဝိဘာဇနသုတ္တန်တရားတော် | .... | ၈ ကျပ် |
| ၁၇။ | ပရာဘဝသုတ္တန်တရားတော် | .... | ၁၆ ကျပ် |
| ၁၈။ | သခ်ေ အသ[illegible]သုတ္တန်တရားတော် | .... | ၅ ကျပ် |
| ၁၉။ | အနှင်ကိုးပါး [illegible] | .... | ၁၀ ကျပ် |
| ၂၀။ | ဆွမ်းမာဒေဝတရား [illegible] | .... | ၄ ကျပ် |

၂၁။ ဗုဒ္ဓဘိသေကမင်္ဂလာတရားတော် .... ၅ ကျပ်
၂၂။ သစ္စာတရား .... ၄ ကျပ်
၂၃။ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ တရားတော် .... ၅ ကျပ်
၂၄။ နိဗ္ဗာန်ကောင်းမှုတရားတော် .... ၆ ကျပ်
၂၅။ သာသနာပြုတရားတော် .... ၃ ကျပ်
၂၆။ သံဝေဇနီယသုတ္တန်တရားတော် .... ၁၀ ကျပ်
၂၇။ သရဏဂုံတရားတော် .... ၇ ကျပ်
၂၈။ ဗဟုပုတ္တိကာသေဘာထေရီ
အပဒါန်တရားတော် .... ၆ ကျပ်
၂၉။ ညီတော်အာနန္ဒာ .... ၆ ကျပ်
၃၀။ ဗုဒ္ဓဝါဒအခြေခံသဘောတရားများ .... ၅၀ ကျပ်

☆

သိတဂ္ဂုတရားဓမ္မစာအုပ် ဖြန့်ချိရေးဌာန

[၁] ဦးညွန့်တင်၊ ရွှေလဝင်း ပရိက္ခရာဆိုင်၊ သကျသီဟဘုရား
အနောက်ဘက်၊ မန္တလေးမြို့။
[၂] ဓမ္မတေးဝိဇ္ဇာမိသားစု၊ အမှတ် ၁၈၂၊ မောင်ထော်လေးလမ်း
ရန်ကုန်မြို့။

# သီတဂူစာအုပ်များ ထုတ်ဝေရေး
# ဓမ္မဒါန ငွေပင်အလှူရှင်များ

၁။ ဦးခင်မောင်–ဒေါ်တုပ်တုပ်(အထက်မြန်မာပြည်ရုပ်ရှင်ဖြန့်ချိရေး) အောင်တော်မူ၊ မန္တလေးမြို့။

၂။ ဦးတင်ဦး–ဒေါ်ညွန့်ညွန့် (သီတဂူ ကပ္ပိယကာရကအဖွဲ့)၊ စိတ္တသုခချောင်၊ စစ်ကိုင်းတောင်။

၃။ ဦးအောင်မြင့်–ဒေါ်အမာနီ (ဖြူသီ)၊ (လူပျံတော်ပတ္တမြား)။

၄။ ဦးကြူ–ဒေါ်ခင်မြင့်၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့။

၅။ ဦးကျော်ကျော်ဝင်း (ဗဟိုတရားရုံး ရှေ့နေကြီး)–ဒေါ်ခင်ချို၊ မဟာဇေယျာဘုံ၊ မန္တလေးမြို့။

၆။ သီတဂူဆရာတော်နှင့် တပည့်များ (ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း)။

# အမြတ်ဆုံးဒါန

ဤ စာအုပ်ကို သီတဂူစာအုပ်အလှူရှင်များက
မ,တည်ထားသော
သီတဂူစာအုပ်ထုတ်ဝေရေးရန်ပုံငွေဖြင့်
ရိုက်နှိပ်၍
ရရှိသောအကျိုးအမြတ်များကို
အာယုဒါနဆေးရုံတော်
ထာဝရငွေပင်၌
စိုက်ပျိုးလှူဒါန်းမည်ဖြစ်ပါသည် ။